http://www.dhammadownload.com

သာမဏေကျော်

မရောက်ပေမယ့်ရပါစေ

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကြီးနှင့်အတူ
အမေရိကန်နိုင်ငံသို့ ၂၀၀၅ ခုနှစ် မမှဒူတခရီး
ကြွရောက်ခဲ့စဉ်ကစာရေးသူတွေ့ကြုံခဲ့ရသော
သာသနာရေးနှင့်ဒေသန္တရ၊ဘာသန္တရ
ဆိုင်ရာ သိမှတ်ဖွယ်ရာများ

DESIGN
553920

သာမဏေကျော်
မရောက်ပေမယ့်ရပါစေ

သာမဏေကျော်

မရောက်ပေမယ့်ရပါစေ

http://www.dhammadownload.com

သာမဏေကျော်

မရောက်ပေမယ့်ရပါစေ

ပါရမီ
စာပေ

http://www.dhammadownload.com

မရောက်ပေမယ့်ရပါစေ
ပထမအကြိမ်၊ ၂၀၀၇ ခုနှစ် ဩဂုတ်လ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ သန်းမြင့်အောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၇၃၉၀၆၁၁ နှင့် စာမူခွင့်ပြုချက်အမှတ် ၃၂၀၇၅၃၀၆၁၀ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

တန်ဖိုး ၁၇၀၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းကန်း၊ ရန်ကုန်
၂၉၅၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

http://www.dhammadownload.com

မာတိကာ

အပိုင်း ၁
အမေရိကန်သို့ တတိယအခေါက်

၁။	အင်္ဂလိပ်စာ	၁၀
၂။	အချိန်	၁၃
၃။	အစားအစာ	၁၅
၄။	သူတို့လေးတွေ	၁၆

အပိုင်း ၂
တထာဂတရိပ်သာ

၁။	အမေရိက ပထမဆုံးဆွမ်းပွဲ	၁၉
၂။	ပထမ တရားပွဲ	၂၀
၃။	အန္တရာယ်	၂၂
၄။	ဘဝမှာ ဘာဝနာ	၂၃
၅။	တိတ်ဆိတ်မှု	၂၅
၆။	အာဇာနည်	၂၇
၇။	တိုက်ဆိုင်မှု	၂၉
၈။	ရှားပါးတဲ့ အလှ	၃၂
၉။	ဆွမ်းခံသွားရင်	၃၄
၁၀။	ဝမ်းသာရပါတယ်	၃၆
၁၁။	ဖုန်း	၃၈
၁၂။	အသက်	၄၀
၁၃။	ငြိမ်းချမ်းရေးနဲ့ သတိပဋ္ဌာန်	၄၂

http://www.dhammadownload.com

၁၄။ ချဉ်ဖြူးဖြူးနဲ့ ၄၄
၁၅။ သူတောင်းစား ၄၆

အပိုင်း ၃
သူတို့အကြိုက်သူတို့စရိုက်

၁။ မကြီးစားကြရင် ၄၈
၂။ မလည်မဝယ် ၅၀
၃။ အသံဝဝလေးတော့ ၅၁
၄။ သတ္တဝါတိုင်း ကြိုက်ပါတယ် ၁၃
၅။ ပြုပြင်ပေးရပါတယ် ၅၅
၆။ ဝေလာဝေး ၅၇
၇။ အကောင်းပေါ် အကောင်း ၅၉
၈။ နတ်တစ်ပိုင်း ပြိတ္တာတစ်ပိုင်း ၆၁
၉။ ကိလေသာနယ်ချဲ့ ၆၃
၁၀။ ကောင်းသားပဲ ၆၅
၁၁။ အပိန် အဝ ၆၇

အပိုင်း ၄
နေရေး ထိုင်ရေး ကျန်းမာရေး

၁။ ဘယ်တော့မှ ဝေးမသွားပါ ၆၉
၂။ နေမယ်၊ သေမယ် ၇၁
၃။ အထီးကျန် ၇၃
၄။ ဇာဝ ၇၅
၅။ လိုချင်ကြမှာပဲပေါ့ ၇၆
၆။ တစ်ကျောင်း တစ်ဂါထာ ၇၈
၇။ ဆန္ဒမရှိပေမယ့် ၈၀
၈။ အင်တာနက် ၈၂

http://www.dhammadownload.com

၉။	အဖော်	၈၄
၁၀။	ကပ္ပိယ် ဘန္တေ	၈၆
၁၁။	အနောက်တိုင်းဓလေ့	၈၈
၁၂။	အာမခံ	၉၀
၁၃။	Green Card	၉၀
၁၄။	လက်ဘလေးတွေ	၉၃
၁၅။	မြန်မာနဲ့ မြန်မာစကား	၉၅
၁၆။	၅ မိနစ်	၉၇
၁၇။	နွားနို	၉၈

အပိုင်း ၅
ဘော်စတွန်ကတောစခန်း

၁။	လေယာဉ်ပေါ်မှ အောက်မြင်ကွင်း	၁၀၁
၂။	သောကသည် လူငယ်တစ်ဦး	၁၀၃
၃။	အန်ခ္ခရတယ်	၁၀၄
၄။	ငါးပိရည်	၁၀၆
၅။	အရေးအကြီးဆုံး	၁၀၈
၆။	ဖြေဆေး	၁၀၉
၇။	အတိုင် အဖောက်	၁၁၁
၈။	ငယ်သေးတယ် တဲ့	၁၁၃
၉။	အတုယူစရာ	၁၁၅
၁၀။	ဘေးမဲ့တောနဲ့ မေတ္တာ	၁၁၆
၁၁။	သန့်သက်ရေ	၁၁၈
၁၂။	ကိုယ့်လို သူ့လိုပါပဲ	၁၂၀
၁၃။	ဖွင့်ပွဲ	၁၂၂
၁၄။	လမ်းပေါ်က မိန်းကလေး	၁၂၄

http://www.dhammadownload.com

၁၅။	ခွဲခြားမှု	၁၂၅
၁၆။	ကျန်ရစ်	၁၂၇
၁၇။	ခွင့်လွှတ်ရမယ့်သူ	၁၂၉
၁၈။	ကြိုကြိုတင်တင်	၁၃၀
၁၉။	ပထမဆုံး တရားပွဲ	၁၃၂
၂၀။	သူတို့သဘော သူတို့အပြော	၁၃၄
၂၁။	ပဟောင်ဒို	၁၃၅
၂၂။	ဘာဝနာ ပီတိ	၁၃၇
၂၃။	ဂဏန်း ၃၃ လုံး	၁၃၉
၂၄။	သနားကြပေါ့လေ	၁၄၀
၂၅။	ပါဠိနဲ့ အင်္ဂလိပ်	၁၄၂
၂၆။	ဗုဒ္ဓနေ့	၁၄၄
၂၇။	သူ့စေတနာ	၁၄၅

အပိုင်း ၆

ယောဂီတို့အတွက် ဝိပဿနာတရား

၁။	ဒေသနိုကန္တိ	၁၄၈
၂။	လွမ်းနေမယ်	၁၅၀
၃။	ဝေဒနာပစ္စယာ တဏှာ	၁၅၁
၄။	အခွင့်အရေး	၁၅၃
၅။	မတူပါ	၁၅၅
၆။	သခ်ၿိုင်း	၁၅၆
၇။	ဖုန်းဆက်ပြောလိုက်ရတယ်	၁၅၈
၈။	အမေရိကနဲ့ ဗုဒ္ဓသာသနာ	၁၅၉
၉။	အခြံအရံ	၁၆၁
၁၀။	ချောင်းဆိုး	၁၆၃

http://www.dhammadownload.com

၁၁။ အမျှားရဲ့စွမ်းအား ၁၆၅
၁၂။ ဦးပေါ်ဦး ၁၆၆
၁၃။ တိုက်ဆိုင်မှု ၁၆၈
၁၄။ နှစ်တိုတိုနဲ့ ၁၇၀
၁၅။ အဖော်ကောင်း ၁၇၂
၁၆။ အညာဟင်း ၁၇၃
၁၇။ မြတ်နိုးပါတယ် ၁၇၅
၁၈။ မီးလောင်အိမ် ၁၇၇
၁၉။ ဟားဗတ်တက္ကသိုလ် ၁၇၈
၂၀။ ဗုဒ္ဓဝါဒ ၁၈၀
၂၁။ ကြိုးဖြုတ်ပြီးမှ လော်ပါ ၁၈၂
၂၂။ စာမေးပွဲ ဖြေရမယ် ၁၈၄
၂၃။ ဆန်ရေ ၁၈၅
၂၄။ လူနာနဲ့ ဆရာဝန် ၁၈၇
၂၅။ အကောင်းဆုံး ဆေး ၁၈၉
၂၆။ မေတ္တာကမ္ဘာ ၁၉၁
၂၇။ ဓမ္မလက်ဆောင် ၁၉၂
၂၈။ အုံ့ညြမိတယ် ၁၉၄

အပိုင်း ၇

တွေ့ရကြုံရတာတွေထဲက သိစရာမှတ်စရာတွေ

၁။ သိပ္ပံပညာနဲ့ ဝိပဿနာ ၁၉၆
၂။ မှတ်ခါးဆေး ၁၉၈
၃။ ဗုဒ္ဓတရားနဲ့ သိပ္ပံပညာ ၁၉၉
၄။ ဥစ္စာ ၄ မျိုး ၂၀၁
၅။ မြတ်နိုးဖွယ် ၂၀၃

http://www.dhammadownload.com

၆။	အနေး အမြန်	၂၀၄
၇။	ဝိနည်းမှာ စာရှိ	၂၀၆
၈။	ဝိပဿနာ	၂၀၈
၉။	အသားစား သစ်ပင်	၂၀၉
၁၀။	လော်ရာ တော်လာတယ်	၂၁၁
၁၁။	မဟာစည် လက်ီးလေးတွေ	၂၁၃
၁၂။	လျှာနဲ့ ယောက်မ	၂၁၄
၁၃။	မာ့နု	၂၁၆
၁၄။	အစစ် အတု	၂၁၇
၁၅။	ဘယ်မှာ မရေးဘဲ ရှိအုံ့နည်း	၂၁၉
၁၆။	ပန်းနဲ့လူ	၂၂၁
၁၇။	အနု အရင့်	၂၂၃
၁၈။	အမှောင်နဲ့ အရုဏ်	၂၂၄
၁၉။	ဓမောင်သန့်စင်	၂၂၆
၂၀။	ဆန့်ကျင်ဘက်	၂၂၈
၂၁။	အမြဲဆင်ခြင်လေ	၂၃၀
၂၂။	ပုလင်း	၂၃၁
၂၃။	အကြွေး	၂၃၃
၂၄။	ကဗျာဆရာ	၂၃၅
၂၅။	၉၉၉၉	၂၃၉
၂၆။	ပါရမီရှင်	၂၄၂
၂၇။	ရွှေ၊ ကျောက်၊ စိန်	၂၄၄
၂၈။	အပေါင်းနဲ့ အနုတ်	၂၄၆
၂၉။	သူ့တာဝန် ကိုယ့်တာဝန်	၂၄၈
၃၀။	လက်ကိုင်ပဝါဖြူဖြူသန့်သန့်လေးပေါ်က	၂၅၀
၃၁။	Peace Pagoda	၂၅၅

http://www.dhammadownload.com

၃၂။	မေတ္တာတရား	၂၅၆
၃၃။	လူအိုရုံက အချစ်	၂၅၈
၃၄။	ဘဝအဓိပ္ပာယ်	၂၅၉
၃၅။	ဆေးခန်းအသစ်	၂၆၁
၃၆။	ဘာရီမှာ တတိယ ဥပုသ်ပြုခြင်း	၂၆၂
၃၇။	ထူးခြားတဲ့ ဒါနရှင်	၂၆၄
၃၈။	ဝက်အူလေးတစ်လုံး	၂၆၅
၃၉။	အမြင့်ဆုံး သစ်ပင်	၂၆၆
၄၀။	ထိထိမိမိ	၂၆၉
၄၁။	အကောင်းဆုံးမိတ်ဆွေ	၂၇၀
၄၂။	ထူးတဲ့အလှ	၂၇၂
၄၃။	ပုရွက်ဆိတ်	၂၇၃
၄၄။	မကြိုက်ပေမယ့်	၂၇၄
၄၅။	ယုန်	၂၇၆

အပိုင်း ၈
ဘော်စတွန်မှ အပြန်

၁။	ရွှေပန်းထိမ်	၂၇၈
၂။	သံသရာခရီး	၂၈၁
၃။	လာလမ်းဆီ	၂၈၂
၄။	ဆင်ပြောင်ကြီး	၂၈၄
၅။	လေဆိပ်က နားနေခန်းထဲမှာ	၂၈၅
၆။	ကုသိုလ်ပန်းကုံး	၂၈၇
၇။	စာလေးတစ်စောင်	၂၈၉
၈။	သူတို့ခမျာ	၂၉၀
၉။	ပဋ္ဌိပတ်နဲ့ ပရိယတ်	၂၉၂
၁၀။	ယုဂ ၄ ပါး	၂၉၃

http://www.dhammadownload.com

အပိုင်း ၁
အမေရိကန်သို့ တတိယအခေါက်

အင်္ဂလိပ်စာ

ညီ မောင်လှဝင်း...

သာမဏေကျော်ဟာ အမေရိကကို တတိယအကြိမ်အဖြစ် ကျေးဇူးရှင် ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ နောက်လိုက်ရဟန်းတစ်ပါးအနေနဲ့ သတိပဋ္ဌာန်တရား အားထုတ်လိုကြတဲ့ ယောဂီတွေကို အကူညီအပေးဖို့ လာခဲ့ရာ ဒီတစ်ခေါက် အတွေ့အကြုံကို စာရေးရန် မကြံရွယ်ခဲ့ပါ။ မရေးတော့ဘူးလို့လည်း ဆုံးဖြတ်ထားပါတယ်။ အကြောင်းကတော့ ဒုတိယအခေါက်တုန်းကလောက် ကျန်းမာရေးက မကောင်းတော့လို့ ပါပဲ။ ကျန်းမာရေးအခြေအနေက ဦးခေါင်းက မူးမူးနေတာရယ်၊ လက်ကလည်း ရေးဆွဲသလောက် မလိုက်ပါချင်ဖြစ်နေတာရယ် ဖြစ်နေပါတယ်။ ပထမအခေါက်တုန်းက ပဏ္ဍိတာရာမဆရာတော်၏ **'ပြည်ပ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး'** ဆိုတဲ့နာမည်နဲ့ စာအုပ်ထုတ်ခဲ့ပါတယ်။ အဲဒီစာအုပ်က သာမဏေကျော်ရဲ့ ပထမဆုံးလက်ရာ စာအုပ်ပါပဲ။ ဒုတိယအခေါက်မှာတော့ **'ဝိပဿနာဉာဏ်နဲ့ အမေရိကန်'** ဆိုတဲ့နာမည်နဲ့ စာအုပ်ထုတ်ခဲ့ပါတယ်။ ဒီတတိယအခေါက်မှာလည်း မရေးတော့ဘူးလို့ ဆုံးဖြတ်ထားပြီးခါမှ ရေးလိုက်ဦးမယ်လေလို့ ဆုံးဖြတ်မိလိုက်ပါတယ်။

မောင်လှဝင်း... မောင်လှဝင်းက ကိုယ့်ဇာတိရပ်ရွာမှာ အုပ်စုဥက္ကဋ္ဌအဖြစ်နဲ့ ၉ နှစ် ဆက်တိုက်လုပ်ခဲ့တဲ့အပြင် ဗီးဗွားရေးနဲ့ ပတ်သက်

http://www.dhammadownload.com

တဲ့အသိပညာလည်း ကြွယ်ဝလိုခဲ့တယ်၊ သူ့ဌေးတစ်ဦးလည်း ဖြစ်ချင်နေတယ်။ ပြည်ပဆိုင်ရာ ဗဟုသုတ ရလိုတဲ့ဆန္ဒလည်း ပြင်းပြနေတယ်။ အခုတော့ ရပ်ရွာဥက္ကဋ္ဌအဖြစ်က နုတ်ထွက်ပြီး ရန်ကုန်တိုင်း မော်ဘီမြို့နယ် လော်ကားဥယျာဉ်နဲ့ လော်ကားရွာအကြားက သာမဏောကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ အထွေထွေဝေယျာဝစ္စတွေကို တက်တက်ကြွကြွနဲ့ ဦးဆောင်ကာ ဆောင်ရွက်ပေးနေတယ်ဆိုတော့ သာမဏောကျော်က မောင်လှဝင်းရဲ့ ပြည်ပဗဟုသုတရလိုတဲ့ဆန္ဒကို ဖြည့်ပေးလိုလာပါတယ်။

မောင်လှဝင်း... မောင်လှဝင်းက အင်္ဂလိပ်စာကို သင်ယူနေချင်တယ်နော်။ ပြည်ပသွားမယ်ဆိုရင် အင်္ဂလိပ်စာ မတတ်က အခက်အခဲအများကြီး တွေ့ရမှာတော့ သေချာပါတယ်။ သာမဏောကျော်ဟာ အခုတတိယအခေါက်မှာလည်း ထိုင်းနိုင်ငံကနေ ဂျပန်နိုင်ငံ၊ ဂျပန်နိုင်ငံကနေ အမေရိက၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုက အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ခဲ့ရတယ်။ ထိုင်းလေဆိပ်မှာ ထိုင်းဘာသာနဲ့ရော အင်္ဂလိပ်ဘာသာနဲ့ပါ ရေးထားတာကို ဖတ်ခဲ့ရတယ်။ ပြောတာကို ကြားခဲ့ရတယ်။ ဂျပန် တိုကျိုကနာရီတာလေဆိပ်မှာ ဂျပန်ဘာသာနဲ့ရော အင်္ဂလိပ်ဘာသာနဲ့ပါ ရေးထားတာကို တွေ့ခဲ့ရတယ်။ ပြောတာကို ကြားခဲ့ရတယ်။ အင်္ဂလိပ်စကား မတတ်ရင် (ထိုင်း၊ ဂျပန်စကားလည်း မတတ်က) အိမ်သာသွားဖို့တောင် မလွယ်ကူလှပါ။ ရေးထားတဲ့ပုံလေးတွေကို ကြည့်ပြီး ခွဲခြားတတ်ရင်တော့ အင်္ဂလိပ်စာမတတ်လည်း ရနိုင်ကောင်းပါရဲ့။ အမျိုးသားပုံက ဘောင်းဘီရှည်နဲ့ ခန္ဓာကိုယ်ဘေးမှာ လက်နှစ်ဖက် ကပ်ကာ ဆန့်ထားတယ်။ အမျိုးသမီးပုံက ဂါဝန်တိုပုံနဲ့ လက်နှစ်ဖက် ခပ်ခွာခွာ ခွဲချထားတယ်။ သင်္ကေတပုံလေးတွေကိုနားလည်အောင် ကြည့်တတ်ရင် လေယာဉ်ပေါ် အိမ်သာတက်ရာမှာလည်း အဆင်ပြေနိုင်ပါတယ်။ အိမ်သာထဲမှာ လူရှိ မရှိ စာရေးထားပါ

http://www.dhammadownload.com

တယ်။ တံခါးတွန်းဖို့ ဆွဲဖို့ ဆေးလိပ်မသောက်ဖို့၊ အမှိုက်ထည့်ရမယ့် နေရာ၊ ရေဆွဲချဖို့ စသည်တွေကို အင်္ဂလိပ်လိုပါ ရေးထားပါတယ်။ အဲဒီအိမ်သာမှာလည်း သင်္ကေတအမှတ်အသားလေးတွေနဲ့ ရေးထားပါတယ်။

ANA အမည်ရှိ လေယာဉ်လိုင်းက လေယာဉ်ကိုစီးခဲ့ရပါတယ်။ ထိုင်းက ဂျပန်၊ ဂျပန်က အမေရိကအထိပါ။ အဲဒီလေယာဉ်က အိမ်သာခန်းထဲမှာ ဆေးလိပ်သောက်ခဲ့ရင် ဂျပန်ငွေ ၅ သိန်း ဒဏ်ငွေပေးရမယ်လို့ ဂျပန်က ဥပဒေထုတ်ထားတယ်လို့ ဖတ်ရှုရတယ်။ ဂျပန် တိုကျိုကနာရီတာလေဆိပ်က နားနေခန်းတစ်ခု (Lounge) ထဲမှာ ဆေးလိပ်သောက်နိုင်တဲ့ အခန်းတစ်ခု သီးသန့်စီမံပေးထားပါတယ်။ ထိုင်းလေယာဉ်ကွင်းမှာ တွေ့ရတဲ့ အရာဝတ္ထုအားလုံးဟာ ကိုယ့်ဆီကထက် အများကြီးသာလွန်ကြီးကျယ်နေပါတယ်။ ဂျပန်နဲ့ အမေရိကက လေယာဉ်ကွင်း အနေအထားကလည်း တစ်မျိုးစီ ကြီးကျယ်တယ်လို့ ထင်ရပါတယ်။ အင်္ဂလိပ်စာဖတ်နိုင်၊ နားလည်နိုင်ဖို့ အရေးကြီးသလို နားထောင်ပြီး နားလည်နိုင်ဖို့လည်း အရေးကြီးပါတယ်။ ကိုယ့်လေယာဉ်ထွက်တော့မယ့်အချိန်ကို ကြေညာနေပေမယ့် နားမလည်လို့ ကျန်နေခဲ့ရင် ဒုက္ခရောက်ရမှာကိုလည်း ပူပန်ရပါတယ်။ လေယာဉ်ပေါ်မှာ လေယာဉ်မယ်တွေက 'ဘာအစာကို စားပါမလဲ၊ ဘာကိုသောက်ပါမလဲ' စသည်ဖြင့် မေးလာတဲ့အခါ ကိုယ်နားလည်ထားတဲ့ စကားလုံးကို ပြောပေမယ့် သူတို့အသံကို မဖမ်းမိရင် အခက်တွေ့ရပါတယ်။ မြန်မာနိုင်ငံရှိ အမေရိကသံရုံးမှာ ဗီဇာအတွက် လူတွေ့မေးမြန်းခံရတုန်းက အမေရိကန်အမျိုးသမီးက သာမဏေကျော်အား ပြောလိုက်တဲ့အင်္ဂလိပ်စကားလုံးဟာ သာမဏေကျော် သိပြီးစကားလုံးပဲ ဖြစ်မယ်ထင်ပါတယ်။ ဒါပေမဲ့ နားမလည်လိုက်ပါ။ ဒါကြောင့် သူမက မြန်မာလိုပဲ ပြောလိုက်ပါတယ်။

http://www.dhammadownload.com

'ဘယ်ဘက်လက်ညှိုးကို အဲဒီအပေါ်တင်လိုက်ပါ'

'ညာဘက်လက်ညှိုးကိုလည်း တင်လိုက်ပါဦး'

မီးအနီရောင်တောက်ပနေတဲ့ မှန်အကွက်လေးပေါ် လက်ဖျေးကို ယူလိုလို့ တင်ခိုင်းတာဖြစ်ပါတယ်။ တင်ခိုင်းပြီး သာမဏေကျော် တင်ပြတဲ့စာရွက်စာတမ်းတွေကို ကြည့်ရှုကာ မြန်မာလိုပဲ ပြောပြန်ပါတယ်။

'ဗီဇာပေးပါတယ်ရှင်၊ နက်ဖြန်ညနေ ၄ နာရီ လာယူလှည့်ပါ'

'ဘယ်လောက်ကြာအောင် အမေရိကမှာ နေမှာပါလဲ'

'နှစ်လခွဲ နေပါမယ်'လို့ ပြောလိုက်ပါတယ်။ အဲဒီဒကာမ ပြောလိုက်တဲ့ အင်္ဂလိပ်စကားလုံးတွေဟာ သာမဏေကျော် နားလည်နိုင်တဲ့ စကားလုံးတွေဖြစ်ပေမယ့် နားထောင်တဲ့အလေ့အကျင့်နည်းရင် နားလည်ဖို့ ခက်ပါတယ်။ ဒါကြောင့် အင်္ဂလိပ်စကားကို ဖတ်တတ်ရုံမက နားထောင်တဲ့အလေ့အကျင့်လည်း လိုအပ်လှပါတယ်။ လေယာဉ်ပေါ် ခါးပတ်ပတ်ဖို့စတဲ့ သတိပေးစကားတွေကို အင်္ဂလိပ်လို ပြောလာတဲ့ အခါမှာလည်း နားလည်နိုင်ဖို့ လိုအပ်လှပါတယ်။ လူဝင်မှုကြီးကြပ်ရေးဌာနက တာဝန်ရှိသူတွေ ပြောလာတဲ့အင်္ဂလိပ်စကားကိုလည်း နားလည်မှ အလုပ်ဖြစ်ပါမယ်။ လေယာဉ်ပေါ် စာနဲ့ရေးပြီး ဖြည့်ပေးရတဲ့ ဖောင်လေးတွေမှာတော့ ဖတ်တတ်၊ နားလည်တတ်ဖို့အပြင် ရေးတတ်ဖို့လည်း လိုအပ်လှပါတယ်။ အင်္ဂလိပ်စကားကို အဖတ်၊ အပြော၊ အရေးအပြင် နားထောင်ဖို့လည်း လိုအပ်လှပါတယ်။

အချိန်

မောင်လှဝင်း...

လေယာဉ်ပေါ်မှာ တီဗီဖန်သားပြင်ထဲ ရောက်ဆဲနေရာရဲ့အချိန်၊

http://www.dhammadownload.com

သွားရောက်မယ့်ခရီးဆုံးနေရာသို့ ဆက်လက်သွားရမယ့်အချိန်၊ ခရီးထွက်ခွာခဲ့ရာနေရာရဲ့ အချိန်၊ မြေပြင်ပေါ်သွားနှုန်းအရှိန်၊ အပြင်လေအပူအအေး၊ သွားနေတဲ့နေရာရဲ့ ပေအမြင့်၊ သွားရောက်မယ့်ခရီးဆုံး နေရာနဲ့ မိုင်အကွာအဝေးစသည်တွေကို မကြာမကြာ ဖော်ပြပေးပါတယ်။ ခရီးဆုံးခါနီးမှာ အကြောဖြေလေ့ကျင့်ခန်းပုံတွေကို လုပ်ပြပါသေးတယ်။ အရေးပေါ်ကြုံလာရင် အသက်ကယ်အိတ်သုံးပုံကိုရော၊ ထွက်ပေါက်ကထွက်သွားပုံကိုပါ ကာတွန်းပုံနဲ့ ဖော်ပြပါတယ်။ ဂျပန်၊ ထိုင်းနိုင်ငံတွေရဲ့ အလေ့အထ၊ ယဉ်ကျေးမှုတွေကိုပါ ဖော်ပြပါသေးတယ်။ ထိုင်းလေယာဉ်ထက် ဂျပန်လေယာဉ်က ပိုမိုကြီးမားပါတယ်။ ဂျပန်လေယာဉ်က ထိုင်ခုံဘေးမှာ ရုပ်မြင်သံကြားလည်း ပါပါသေးတယ်။ တစ်ခန်းလုံးရဲ့ရှေ့မှာလည်း ရုပ်မြင်သံကြားကြီး, လတ်တွေပါပါသေးတယ်။ အသံနားထောင်ဖို့ နားကြပ်လေးလည်း ပါပါသေးတယ်။ ထိုင်ခုံဘေးက ရုပ်မြင်သံကြားထဲမှာ ရုပ်ရှင်တွေပါ ကြည့်လို့ရပါတယ်။ ထိုင်းက ဂျပန်သွားလေယာဉ်မစီးခင် အနွေးထည်ဝတ်ထားရပါတယ်။ ခြေအိတ်စွပ်ထားရပါတယ်။ ဂျပန်မှာ ရာသီဥတုအေးလာပါတယ်။ လေယာဉ်ပေါ် ထိုင်ခုံရှေ့မှာ စောင်လည်းပါပါတယ်။ ဖိနပ်လည်းပါတယ်။ မျက်စိကာလည်းပါတယ်။ နားဆို့လည်းပါတယ်။ သွားတိုက်ဆေး၊ သွားပွတ်တံလည်းပါတယ်။ ဖတ်စရာစာအုပ်တွေလည်း ပါပါတယ်။ လေယာဉ်မှူးလို့ အန်တတ်ရင် အန်ဖတ်ထည့်ဖို့ စက္ကူအိတ်လည်းပါတယ်။ ဂျပန်ကနေ အမေရိက၊ ဆန်ဖရန်စစ္စကိုလေဆိပ်ကိုအသွား ပစိဖိတ် သမုဒ္ဒရာကြီးကို ဖြတ်သွားရပါတယ်။ လေယာဉ်ဖြတ်သန်းချိန် ၁၀ နာရီလောက်ကြာပါတယ်။ အဲဒီခရီးရဲ့အလယ်ပိုင်းလောက်မှာ ဟာဝိုင်ယီကျွန်း ရှိပါတယ်။ ဟာဝိုင်ယီ မရောက်ခင်မှာ International Date Line ကို တွေ့ရပါတယ်။ ဂျပန်လေယာဉ်ကွင်းက ညနေ ၄ နာရီလောက်မှာ ထွက်ပါတယ်။ ဆန်ဖရန်စစ္စကိုလေဆိပ်ကို နံနက် ၉ နာရီခွဲလောက်

http://www.dhammadownload.com

ရောက်ပါတယ်။ အဲဒီလိုင်းရဲ့အရှေ့ဘက်မှာ စနေဖြစ်ရင် အနောက်ဘက်မှာ သောကြာနေ့ပဲ ရှိပါသေးတယ်။ အဲဒီလိုင်းကို ကျော်ဖြတ်ပြီးရင် နေ့ပြောင်းလွဲသွားပါတယ်။ နေ့ပြောင်းလွဲသွားရာ နေရာလို့ ဆိုနိုင်ပါတယ်။ အပြည်ပြည်ဆိုင်ရာရက် သတ်မှတ်ရာနေရာလို့ အဓိပ္ပာယ်ပြန်ပါတယ်။ မြန်မာနိုင်ငံထက် ထိုင်းနိုင်ငံက မိနစ် ၃၀ အချိန်ပိုစောပါတယ်။ ထိုင်းနိုင်ငံထက် ဂျပန်နိုင်ငံက ၂ နာရီ အချိန်ပိုစောပါတယ်။ မြန်မာနိုင်ငံအချိန်ထက် အမေရိကန်နိုင်ငံအချိန်က ၁၁ နာရီ မိနစ် ၃၀ နောက်ကျပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံက စနေနေ့ နံနက် ၇ နာရီဆိုရင် အမေရိကန်နိုင်ငံမှာ သောကြာညနေ ၆ နာရီ မိနစ် ၃၀ ရှိနေပါတယ်။ သာမဏောကျော်တို့ ရောက်နေရာ တထာဂတရိပ်သာမှာ နေ့ဆွမ်းစားချိန် ၁၁ နာရီဟာ မြန်မာနိုင်ငံမှာ ညသန်းခေါင်ကျော် ၁၂ နာရီ မိနစ် ၃၀ ဖြစ်နေပါတယ်။ အမေရိကမှာလည်း နိုင်ငံအရှေ့ပိုင်း ဝါရှင်တန်၊ နယူးယောက်အချိန်က နိုင်ငံအနောက်ပိုင်း ဆန်ဖရန်စစ္စကိုအချိန်ထက် ၃ နာရီ စောနေပါသေးတယ်။ လူတွေက အထက်ပါလိုင်းနဲ့ပတ်သက်ပြီး ဒီလိုပြောလေ့ရှိကြပါတယ်။

'ကမ္ဘာ့အရှေ့ဘက်ခြမ်းက အနောက်ဘက်ခြမ်းကိုသွားရင် တစ်ရက် မြတ်တယ်။ ကမ္ဘာ့အနောက်ဘက်ခြမ်းက အရှေ့ဘက်ခြမ်းကိုသွားရင်တော့ တစ်ရက်ရှုံးတယ်။'

အစားအစာ

မောင်လှဝင်း...

လေယာဉ်ပေါ်မှာ ရောက်ရာအရပ်ရဲ့အချိန်က ၁၂ နာရီ မထိုးသေးရင် လေယာဉ်မယ်တွေပေးတဲ့ အစားအစာကို ဘဉ်းပေးကြရပါတယ်။ ထိုင်းလေယာဉ်မယ်တွေရော၊ ဂျပန်လေယာဉ်မယ်တွေပါ အစား

http://www.dhammadownload.com

အစာကို ကပ်ရတယ်ဆိုတာကို မသိကြပါ။ ပဏ္ဍိတာရာမ ဆရာတော်ကြီးအတွက် အစားအစာ လာကပ်ရင်ရော၊ ဖျော်ရည်ကပ်ရင်ပါ နီးရာသာမဏေကျော်က အကပ်ခံပေးရပါတယ်။ ကပ္ပိစရာ အသီးအနှံပါလာရင် အင်္ဂလိပ်ဘာသာပြန်ပေးဖို့ လိုက်လာတဲ့ မစာရဒသိန်က ကပ္ပိပေးပါတယ်။ ဂျပန်အစားအစာ၊ ထိုင်းအစားအစာ၊ အနောက်တိုင်းအစားအစာတွေကို စားတတ်နေတာမို့ စားရတာ အဆင်ပြေပါတယ်။ တူ၂ ချောင်းကိုတော့ ကိုင်ပြီး မစားတတ်သေးပါ။ ဓွန်း ခက်ရင်းနဲ့ပဲ စားပါတယ်။ အစားအစာအမျိုးအစား အမျိုးမျိုးကို ရေးထားတဲ့ စာရွက်လေးကို လာပြပါတယ်။ မစာရဒသိန်ထံ အစားအစာအမျိုးအစား ရွေးချယ်ပေးဖို့ လွှတ်လိုက်ပါတယ်။ သူက အင်္ဂလိပ်လို ကောင်းကောင်း နားလည်ပြီး ကောင်းကောင်းရှင်းပြတတ်တာမို့ပါ။ မစာရဒသိန်က ဆရာတော်ကြီးအတွက် ငါးဟင်းကို လေယာဉ်လက်မှတ် ဖြတ်စဉ်ထဲက ကြိုတင်မှာထားပါတယ်တဲ့။ လေယာဉ်မယ်က အစားအစာ လာပေးတဲ့အခါ 'အထူးအစားအစာ'လို့ ပြောပြီး ဆရာတော်ကြီးအတွက် ပေးသွားပါတယ်။ သာမဏေကျော်က သူတို့အစားအစာတွေကို စားကြည့်ချင်ပါတယ်။ ဒါကြောင့် သူတို့အစားအစာကိုပဲ မှာစားပါတယ်။ ဖျော်ရည်ကိုတော့ လိမ္မော်ဖျော်ရည်ကိုပဲ မှာသောက်ပါတယ်။ လေယာဉ်လက်မှတ်ဝယ်စဉ်က အထက်တန်းစားလက်မှတ်ကို ဝယ်ခဲ့တာမို့ အစားအသောက်နဲ့နေထိုင်စရာက ရိုးရိုးထက်ပိုကောင်းပါတယ်။ တချို့လူတွေက ဘီယာ၊ ဝိုင်တွေကို သောက်တာ တွေ့ရပါတယ်။

သူတို့လေးတွေ

မောင်လှဝင်း...

လေယာဉ်ပေါ်မှာရော၊ လေယာဉ်ကွင်းထဲက နားနေခန်းမှာပါ

http://www.dhammadownload.com

တချို့လူတွေက စာဖတ်နေကြပါတယ်။ သူတို့မှာ ပါလာတဲ့စာအုပ်ကို ဖတ်သူလည်း ရှိပါတယ်။ လေယာဉ်ပေါ် ထိုင်ခုံရှေ့မှာ ချထားတဲ့ စာအုပ်တွေကို ဖတ်သူတွေလည်း ရှိပါတယ်။ နားနေခန်းမှာ ဖတ်ဖို့ ထားတဲ့စာအုပ်၊ သတင်းစာတွေကို ဖတ်သူတွေလည်း ရှိပါတယ်။ လေယာဉ်ပေါ်မှာလည်း သတင်းစာကို ဖတ်လိုသူတွေအား လိုက်ဝေပေး ပါတယ်။ ထိုင်းလေယာဉ်မှာ အင်္ဂလိပ်လိုရော၊ ထိုင်းလိုပါ ရေးထားတဲ့ စာအုပ်၊ သတင်းစာတွေကို တွေ့ရပါတယ်။ ဂျပန်လေယာဉ်မှာ အင်္ဂလိပ် လိုရော၊ ဂျပန်လိုပါ ရေးထားတဲ့ စာအုပ်၊ သတင်းစာတွေကို တွေ့ရပါ တယ်။ သာမဏေကျောက်ကတော့ အရုပ်လောက်ပဲ လျှောက်ကြည့်ပါ တယ်။ ထိုင်း၊ ဂျပန်စကားတွေကို လုံးဝနားမလည်ပါ။ လုံးဝ မဖတ် တတ်ပါ။ အင်္ဂလိပ်စာကိုတော့ နည်းနည်းပါးပါး ဖတ်တတ်တာမို့ နည်းနည်းပါးပါးလေးတော့ နားလည်ပါတယ်။ ပဏ္ဍိတာရာမဆရာတော် ကြီးကတော့ အင်္ဂလိပ်စာအရာမှာလည်း သာမဏေကျော်ထက် ပိုမို နားလည်ပုံရပါတယ်။ ဆရာတော်ကြီးကတော့ သူရေးမှတ်ထားတဲ့ မှတ်စုစာရွက်လေးကို လေယာဉ်ပေါ်မှာရော လေယာဉ်ကွင်းက နားနေ ခန်းမှာပါ ကြည့်ရှုနေတတ်ပါတယ်။ တချို့လူတွေကလည်း သူတို့ပါလာ တဲ့ လက်ဆွဲကွန်ပျူတာလေးကို လေယာဉ်ပေါ်မှာရော၊ နားနေခန်းမှာပါ အသုံးပြုနေတာကို တွေ့ရပါတယ်။ တချို့ကတော့ တီဗီ (ရုပ်မြင် သံကြား) ကို ကြည့်နေကြပါတယ်။ အများစုဟာ အချိန်ကို အလကား မထားကြပါ။ အလုပ်လုပ်နေတတ်ကြပါတယ်။ လေယာဉ်ပေါ်မှာရော၊ လေယာဉ်ကွင်းမှာပါ သန့်ရှင်းမှု၊ တိတ်ဆိတ်မှုဟာ အတုယူစရာကောင်း လှပါတယ်။ လေယာဉ်မယ်တွေကရော၊ လေယာဉ်ကွင်း အလုပ်လုပ်သမ လေးတွေကပါ ရုပ်လှသူတွေကပဲ များပါတယ်။ အလှလေးတွေချည်း ရွေးချယ်ထားပုံရပါတယ်။ လေယာဉ်မယ်လေးတွေကလည်း ခရီးသွား တွေအပေါ် ကူညီစောင့်ရှောက်ကြပါတယ်။ ထိုင်ခုံမှာ နောက်မှီကို ရှေ့တိုး

http://www.dhammadownload.com

နောက်ငင် မလုပ်တတ်သူတွေကို ခလုတ်နှိပ်ကာ လုပ်ပြပေးပါတယ်။ ခြေတင်စရာနေရာလေး အတင်အချ လုပ်ပုံကိုလည်း မလုပ်တတ်က သင်ပြပေးပါတယ်။ လေယာဉ်ဆင်းခါနီး နောက်မှီကို မတ်မတ်ထားဖို့၊ ခါးပတ်ပတ်ဖို့၊ ပစ္စည်းကျန်ရစ်မနေဖို့ သတိပေးကူညီကြပါတယ်။ လေယာဉ်က အဆင်းနဲ့ လေယာဉ်ပေါ်အတက်မှာ ပြုံးရွှင်တဲ့ မျက်နှာလေးတွေကိုယ်စီ၊ ယဉ်ကျေးတဲ့အမူအရာကိုယ်စီနဲ့ သူတို့ဘာသာစကားနဲ့ နှုတ်ဆက်စကား ဆိုနေကြတာကို တွေ့ရပါတယ်။ သာမဏေကျော်က တော့ ပြန်လည်နှုတ်ဆက်စကား မဆိုတာကပဲ များပါတယ်။ ဆရာတော်ကြီးခမျာ သက်တော် ၈၅ နှစ်ရှိနေတာမို့ မစာရဒဿီနိုက ဘီးပါတဲ့ကုလားထိုင်ကို ဆရာတော်ကြီးအတွက် စီစဉ်ထားပါတယ်။ အဲဒီအပေါ်ထိုင်ပြီး လေယာဉ်ကွင်းအတွင်း သွားလာရပါတယ်။ တွန်းပို့ပေးသူရှိပါတယ်။ ပစ္စည်းတွေကို လက်တွန်းစတီးလှည်းပေါ်တင်ပြီး သယ်ဆောင်သွားရတာ သက်သာပါတယ်။ လှည်းမပါဘဲ လက်နဲ့ပဲ မ,သယ်ရမယ်ဆိုရင် သက်သာမှာမဟုတ်ပါ။ စတီးလှည်းလေးတွေ များစွာရှိနေတာကို တွေ့ရပါတယ်။ တစ်နေရာကနေ တစ်နေရာ သွားတဲ့အခါ စက်ယန္တရားနဲ့ လည်ပတ်နေတဲ့လှေကားပေါ် တက်လိုက်သွားရင် ရောက်လွယ်ပါတယ်။

http://www.dhammadownload.com

အပိုင်း ၂
တထာဂတ ရိပ်သာ

အမေရိက ပထမဆုံး ဆွမ်းပွဲ

မောင်လှဝင်း...

သာမဏေကျော်တို့ဟာ ၁၃၆၆ ခု နှောင်းတန်ခူးလဆန်း ၆ ရက်။ ၁၄၊ ၄၊ ၂၀၀၅ နေ့ ညနေ ၇ နာရီခွဲမှာ ရန်ကုန်လေဆိပ်က ထွက်ခွာခဲ့တယ်။ တစ်နာရီကြာ လေယာဉ်စီးပြီး ထိုင်းလေယာဉ်ကွင်းကို ရောက်ကြပါတယ်။ ည ၁၂ နာရီခွဲလောက်မှာ ထိုင်းလေယာဉ်ကွင်းမှ ထွက်ခွာခဲ့ကြတယ်။ ၆ နာရီကြာ လေယာဉ်စီးပြီး ဂျပန်တိုကျိုက နာရီတာလေဆိပ်ကို ရောက်ကြပါတယ်။ ဂျပန်လေဆိပ်က ညနေ ၄ နာရီခွဲမှာ ထွက်ခွာခဲ့ကြပါတယ်။ နောက်နေ့ နံနက် ၉ နာရီခွဲမှာ ဆန်ဖရန်စစ္စကိုလေဆိပ်ကို ရောက်ကြပါတယ်။ ၁၅ ရက် ညနေ ၄ နာရီခွဲမှာ ထွက်ခွာခဲ့တာမို့ နောက်နေ့ နံနက် ၉ နာရီဟာ ၁၇ ရက် နေ့ အချိန်ဖြစ်ရမှာ၊ ဒါပေမဲ့ ၁၆ ရက်ပဲ ရှိပါသေးတယ်။ တစ်ရက် အမြတ်ရလိုက်ပါတယ်။ International Date Line ရဲ့ အရှေ့ဘက်ကနေ အနောက်ဘက်ကို သွားသူတိုင်း ဒီလို တစ်ရက်အမြတ်ရစမြဲပါပဲ။ တစ်ရက်အမြတ်ရလိုက်ပေမယ့် သေခြင်းတရားကတော့ ပိုပြီးဝေးသွားမှာ မဟုတ်ပါ။ သာမဏေကျော်တို့အဖွဲ့မှာ ခေါင်းဆောင် ပဏ္ဍိတာရာမ ဆရာတော်ကြီးရယ်၊ သာမဏေကျော်ရယ်၊ မစာရဒဿိနီရယ်၊ အမေရိကန် ဆရာလေး မဝဏ်ရဉာနီရယ်၊ မခေမင်္ဂ်ာရာရယ် ၅ ဦးပါဝင်ပါ

http://www.dhammadownload.com

တယ်။ ဆန်ဖရန်စစ္စကိုလေဆိပ်မှာ လာကြိုကြတဲ့ပုဂ္ဂိုလ်တွေထဲက ဘီးလင်းဆရာတော် ဦးဇဋ္ဌိလ၊ ဦးသုမနသိရီ (အမေရိကန်)၊ ဦးဓမ္မစက္ကာ (အမေရိကန်-ဗီယက်နမ်) လူဒကာများဖြစ်တဲ့ စံထူး (ဗီယက်နမ်)၊ ခန် (ဗီယက်နမ်)၊ ဒိုဒီ (အင်ဒိုနီးရှား)၊ ဂျက်စီ (အမေရိကန်)၊ မလော်ရာ (အမေရိကန်)၊ အန်း (ဗီယက်နမ်) စတဲ့ပုဂ္ဂိုလ်တွေ ပါဝင်ပါတယ်။ လေယာဉ်ကွင်းမှာ ဒေါ်ချိုချိုအေးတို့မိသားစု ဆက်ကပ်တဲ့ နေ့ဆွမ်းကို ဘုဉ်းပေးကြပါတယ်။ လေယာဉ်က ခါတိုင်းထက် အချိန်ပိုစောရောက်လာပါတယ်တဲ့။ ဆန်ဖရန်စစ္စကိုလေဆိပ်ကနေ ဆန်ဟိုဈေးမြို့ရှိ တထာဂတတရားရိပ်သာကို တစ်နာရီကျော်ကြာလောက် ကားနဲ့လာခဲ့ရပါတယ်။ ဒီတစ်ခေါက် ကားစီးရာမှာ မမူး၊ မအန်ရသေးတာမို့ ချမ်းသာပါတယ်။ ၁၆၊ ၄၊ ၂၀၀၅ နေ့မှာ နားနေလိုက်ကြပါတယ်။ ၁၇၊ ၄၊ ၂၀၀၅ နေ့ နံနက် ၈ နာရီမှာ တရားစခန်းဖွင့်ပွဲ လုပ်ပါတယ်။ ယောဂီ ၆၉ လောက် ရှိပါတယ်။

ပထမ တရားပွဲ

မောင်လှဝင်း...

အဲဒီဖွင့်ပွဲ အခမ်းအနားမှာ တထာဂတအဖွဲ့ အတွင်းရေးမှူး စံထူးက အခမ်းအနားမှူး လုပ်ပါတယ်။ ဆရာတော်ကြီးကို ထပ်မံဖူးတွေ့ရလို့ ဝမ်းသာကြောင်း၊ ဆရာတော်ကြီးထံမှ အားပေးတိုက်တွန်းစကား နာယူလိုကြောင်း စံထူးက လျှောက်ထားပါတယ်။ ယောဂီတွေက ၈ ပါးသီလ ယူကြပါတယ်။ ဆရာတော်ကြီးက အဖွင့်သြဝါဒ စကား မိန့်ကြားပါတယ်။ ကမ္ဘာ့ဆွေမျိုး၊ သံသရာ့ဆွေမျိုး၊ ဓမ္မဆွေမျိုးတွေဖြစ်ကြောင်း မိန့်ကာ ဆွေမျိုးစပ်လိုက်ပါတယ်။ ဆရာလုပ်လိုလို့ လာတာမဟုတ်ကြောင်း၊ ဓမ္မဝိနယနဲ့ကူညီပေးလိုလို့ လာတာဖြစ်ကြောင်း၊

http://www.dhammadownload.com

တရားအသိဉာဏ်ရဖို့ ရှင်သန်လှုပ်ရှားဖို့ တိုးတက်ဖို့ ရိုရိုသေသေ နာယူမှု၊ ရိုရိုသေသေ လမ်းကြောင်းမှန်ပေါ်လျှောက်မှု လိုအပ်ကြောင်းတွေကို မိန့်ကြားပါသေးတယ်။ ဆရာတော်ကြီး သြဝါဒစကား မိန့်ကြားပြီး ပြန်လာခဲ့ကြပါတယ်။ ဦးဇဋ္ဌိလက ယောဂီတွေအား ထိုင်ပြီး ရှုမှတ်ပုံနဲ့ တရားအတွေ့အကြုံကို ကမ္မဋ္ဌာန်းဆရာအား လျှောက်ထားပုံကို သင်ပေးပါတယ်။ ဦးသုမနသိရိက စက်လျှောက်ပြီး တရားရှုမှတ်ပုံကို သင်ပြပေးပါတယ်။ တရားလျှောက်ထားပုံ ဟောပြထားတဲ့ ပဏ္ဍိတာရာမ ဆရာတော်ကြီးရဲ့တရားကိုလည်း နာယူစေပါတယ်။ ညနေ ၇နာရီမှာ ဆရာတော်ကြီးရဲ့တရားပွဲ စပါတယ်။ တစ်နာရီကြာပါတယ်။ အောက်ပါ လက်ာတွေရဲ့ အဓိပ္ပာယ်ကို ရှင်းပြပါတယ်။

* ထက်ဝယ်ဖွဲ့ခွေ၊ ကိုယ်ဖြောင့်စေ၊ ထားလေစိတ်ဝမ်းမှာ၊
ပုံမှန်ရှုရှိုက်၊ ဖောင်းပိန်ခိုက်၊ စူးစိုက်ကပ်လိုက်ပါ။
စိတ်နေသန့်ရှင်း၊ အပြစ်ကင်း၊ ကောင်းခြင်းအမှန်ပါ၊
တောင့်တင်းလှုပ်ရှား၊ ရွှေ့ရွှေ့သွား၊ ပိုင်းခြားသိနိုင်ပါ။

ရှယ်စူးမှု (ဝိတက်) နဲ့ အားစိုက်မှု (ဝိရိယ) အင်အားရှိဖို့ လိုအပ်ကြောင်း၊ အဲဒီအင်အား ၂ ပါးရှိရင် သတိဖြစ်လာပြီး သမာဓိဖြစ်လာကြောင်း၊ ဝိတက်က စိတ်ကို သဘာဝတရားနဲ့ ရင်းနှီးအောင် လုပ်ပေးကြောင်း၊ စိတ်ကို ပြန့်ကားကျယ်ပြန့်စေကြောင်း၊ ဝိတက်၊ ဝိရိယ၊ သမာဓိတရားတွေ များလာ၊ ပွားလာ၊ ရင့်ကျက်လာတာကို ဘာဝနာလို့ ခေါ်ကြောင်းကို ရှင်းပြပါတယ်။ မစာရဒဿိနီက အင်္ဂလိပ်လို ဘာသာပြန်ပေးပါတယ်။ အင်္ဂလိပ်လို နားမလည်တဲ့ ဗီယက်နမ် ယောဂီတွေအား ဦးမွှစက္ကက ဗီယက်နမ်လို ရှင်းပြပါတယ်။

http://www.dhammadownload.com

အန္တရာယ်

မောင်လှဝင်း...

အမေရိကမှာလည်း သူခိုးရှိတယ်။ ၁၆၊ ၄၊ ၂၀၀၅ ရက်နေ့ အရက်ဆွမ်းစားအတွက် အပြင်ကို ကြွကြရပါတယ်။ ဒေါက်တာ မဘူးဝင်းတို့အိမ်ကိုပါ။ သူ့ခင်ပွန်းက အမေရိကန် ဒေါက်တာစကောက် ဖြစ်ပါတယ်။ သူမတို့အိမ်ကို မကြာခင်ကမှ သူခိုးဝင်ခိုးသွားလို့ မီးခံ သေတ္တာပါ ပါသွားတယ်။ ရှိသမျှ အရေးကြီးပစ္စည်းတွေ ပါသွားတယ်။ အခါများစွာမှာ တံခါးသော့မခတ်ဘဲ ထားတာက များပါတယ်တဲ့။ ဘာမှ မဖြစ်ခဲ့ဘူး။ မူးယစ်ဆေးဝါးစွဲသူတွေက ဒီလိုခိုးယူတတ်ကြပါတယ်တဲ့။ သူတို့အိမ်က ကြီးကျယ်သပ်ရပ်သန့်ရှင်းပါတယ်။ အမေရိကန် ဒကာက လည်း ဗုဒ္ဓဘာသာဘက်လိုက်ပါတယ်။ ဆရာတော်ကြီးထံ သီလယူပါ တယ်။ ဆရာတော်ကြီးရဲ့တရားကို နာယူပါတယ်။ မြန်မာစကား အနည်း ငယ်နားလည်ပြီး အနည်းငယ် ပြောတတ်ပါတယ်။ ဆရာတော်ကြီးရဲ့ တရားအဆုံးမှာ ရေစက်ချ၊ အမျှဝေပြီး အမေရိကန်ဒကာက ကြေးစည် လေးကို တီးခတ်ကာ အမျှဝေပါတယ်။ ရေစက်ကိုလည်း သွန်းလောင်း လိုက်ပါတယ်။ ဒေါ်မဘူးဝင်းက 'ပစ္စည်းသခ်ါရပဲ' လို့ နှလုံးသွင်းလို့ စိတ်ပူပန်မှု သက်သာရပါတယ်လို့ ပြောပါတယ်။ မှန်ပါတယ်။ သက်ရှိ သက်မဲ့ ဘယ်အရာမှ မမြဲပါ။ မမြဲကြောင်းကို ဆင်ခြင်နှလုံးသွင်းနိုင် တာက အင်အားတစ်မျိုးဖြစ်ပါတယ်။ ကိုယ့်သန္တာန်မှာ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာတွေ ပွားများအောင်လုပ်တာက အင်အားတစ်မျိုး ဖြစ်ပါ တယ်။ ဒုတိယအင်အားက စွမ်းအားပိုကြီးပါတယ်။ ပိုအားကိုးရပါ တယ်။ ဆရာတော်ကြီးက သူခိုးအန္တရာယ်ခေါ်တဲ့ အပြင်ပအန္တရာယ် ထက် လောဘ၊ ဒေါသ၊ မောဟစတဲ့ အတွင်းကိလေသာ အန္တရာယ်က ပိုမိုကြောက်ဖွယ်ကောင်းကြောင်း၊ အဲဒီအတွင်းအန္တရာယ်ကို ပိုမိုနှိမ်နင်း ရမှာဖြစ်ကြောင်းကို မိန့်ပါတယ်။ ဒကာမကြီး ဒေါ်မဘူးဝင်းက ဆေး

http://www.dhammadownload.com

ပညာရှင်ဖြစ်လို့ ဆရာတော်ကြီးက ဆေးပညာဆိုင်ရာ အသုံးအနှုန်းတွေကို သုံးနှုန်းပြီး ဟောပါသေးတယ်။ ဆရာတော်ကြီးက ဒီလိုပဲ ဝေနေယျရဲ့အခြေအနေကိုကြည့်ကာ ဟောတော်မူလေ့ ရှိပါတယ်။

'ဆေးပညာမှာ တီဘီစတဲ့ ရောဂါမဖြစ်လာအောင် ရှောင်တိမ်းရပါတယ်။ ကာကွယ်ရပါတယ်။ ဖြစ်လာရင် ကုစားရပါတယ်။ အားနည်းအောင် လုပ်ယူပါတယ်။ အပြတ်ရှင်းရပါတယ်။ ကိုယ့်စိတ်သန္တာန်မှာလည်း ကိလေသာရောဂါ ဖြစ်မလာရအောင် သီလနဲ့ ရှောင်တိမ်းရပါတယ်။ ဖြစ်လာရင် သမာဓိနဲ့ ကာကွယ်ရပါတယ်၊ ကုစားရပါတယ်။ ပညာနဲ့ အားနည်းအောင် လုပ်ရပါတယ်။ အပြတ်ရှင်းရပါတယ်။'

အဲဒီလိုစသည်ဖြင့် ဆရာတော်ကြီးက သတိပဋ္ဌာန်တရား အားထုတ်ဖို့ တိုက်တွန်းတော်မူပါတယ်။ ဒေါ်မဌ္ဌုဝင်းကလည်း တတ်နိုင်သလောက် အားထုတ်နေပါတယ်တဲ့။

ဘဝမှာ ဘာဝနာ

မောင်လှဝင်း...

၁၆၊ ၄၊ ၂၀၀၅ နေ့က နံနက်အရုဏ်ဆွမ်းကို နံနက် ၅ နာရီခွဲမှာ ကျောင်းမှထွက်ကာ အပြင်မှာ ဘုဉ်းပေးခဲ့ရသလို နေ့ဆွမ်းကိုလည်း အပြင်မှာပဲ ဘုဉ်းပေးရပါတယ်။ ဒေလီစီတီကို သွားရမှာမို့ ၉ နာရီခွဲမှာ ထွက်ခွာရပါတယ်။ တစ်နာရီလောက် ကားနဲ့သွားရပါတယ်။ ဒေလီစီတီက ဆန်ဟိုဗျေးထက် အအေးပိုပါတယ်။ ဒါကြောင့် ခြေအိတ်စွပ်သွားရပါတယ်။ ခြံထည်ယူသွားရပါသေးတယ်။ အန်မှာစိုးရိမ်ရလို့ အန်ဖို့အိတ်လေးကို အဆင်သင့်ယူသွားရပါတယ်။ ဒေါ်ချိုချိုအေးတို့ အိမ်ကို သွားရမှာပါ။ ကားနဲ့စီးသွားတော့ မအန်ရလို့ ဝမ်းသာရပါတယ်။

http://www.dhammadownload.com

ကားထဲမှာ သိပ်အေးရင် အန်တတ်ပါတယ်။ အသွားကားလမ်း တစ်လျှောက်လုံးမှာ တောင်ကုန်းအနိမ့် အမြင့်နဲ့ စိမ်းစိမ်းစိုစို ရှိတာမို့ ကြည့်ရှုလို့ကောင်းပါတယ်။ အပြန်လမ်းကတော့ တခြားလမ်းဖြစ်ပါတယ်။ အသွားအပြန် ကားလမ်းက ၈ လမ်းသွားဖြစ်ပါတယ်။ အဲဒီ ၈ လမ်းသွားလမ်းပေါ်က ဖြတ်သွားထားတဲ့ ထပ်ဆင့်လမ်းတွေကလည်း အဲဒီလမ်းတစ်လျှောက်မှာ များစွာတွေ့ရပါတယ်။ ကားလမ်းဘေးမှာ တယ်လီဖုန်းပြောဖို့ အဝါရောင်ဖုန်းသေတ္တာလေးတွေကိုလည်း နေရာများစွာမှာ တွေ့ရပါတယ်။ ၈ လမ်းသွားလမ်းမှာ တစ်ဖက်က ၄ လမ်း၊ အခြားတစ်ဖက်မှာ ၄ လမ်း ခွဲထားပါတယ်။ အလယ်မှာ ခြားကွယ်ထားတာ ရှိပါတယ်။ ၄ လမ်းထဲက အတွင်းလမ်းကြောင်းပေါ် ၄ ထောင့်ကွက် အဖြူရောင်လေးတွေ ထားရှိတာကို တွေ့ရပါတယ်။ အဲဒီသင်္ကေတ ရေးထားတဲ့နေရာတွေမှာ လူ ၂ ယောက်၊ ၂ ယောက်ထက် ကျော်လွန်တဲ့ လူပါတဲ့ကားမှ မောင်းခွင့်ရှိပါတယ်တဲ့။ လူ ၂ ယောက် မပါဘဲ မောင်းရင် ဒဏ်ငွေများစွာတပ်ခံရပါတယ်။ ကျန် ၃ လမ်းထဲမှာလည်း အတွင်းဘက်မှာ မောင်းရင် လူ ၂ ယောက်ပါမှ မောင်းလို့ရတဲ့ လမ်းထက် ပိုမိုနှေးစွာ မောင်းရပါတယ်။ အပြင်ဘက် ၂ လမ်းမှာတော့ အဲဒီထက်ပိုပြီးနှေးစွာ မောင်းရပါတယ်။ သာမဏေကျောင်းတို့ကတော့ သံဃာများတာမို့ ပထမဆုံး အတွင်းလမ်းက မောင်းရပါတယ်။ ကားရှင်းပါတယ်။ ကားနည်းပါတယ်။ ကျန်တဲ့ ၃ လမ်းမှာတော့ ကားတွေကပြည့်နေပါတယ်။ အမေရိကမှာ တစ်ကားမှာ လူတစ်ယောက်ပဲ စီးတာတာ များပါတယ်။ အမေရိကမှာရှိတဲ့ ကားအရေအတွက်က အခြားနိုင်ငံအားလုံးမှာရှိတဲ့ ကားတွေထက် ပိုမိုများပြားပါတယ်တဲ့။

ဒေါ်ချိုချိုအေး ဆွေမျိုးတစ်သိုက်က အရင်တစ်ခေါက်ကလိုပဲ ဆေးပစ္စည်းအပါအဝင် ပစ္စည်းတွေကို လှူပါတယ်။ နဝကမ္မဝတ္ထုငွေကို ကိစ္စများစွာအတွက် ရည်ရွယ်ပိုင်းခြားကာ လှူပါသေးတယ်။ စားဖွယ်

http://www.dhammadownload.com

တွေကလည်း စုံလင်ပေါများလှပါတယ်။ တထာဂတ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းမှာ ဒေါ်ချိုချိုအေး ဆွေမျိုးမိတ်ဆွေတစ်သိုက်က ကလေးတွေ တစ်ဝက်ပါပါတယ်တဲ့။ ဒေါ်ချိုချိုအေးရော၊ ဒေါ်ချိုချိုအေး မိခင်ကြီးပါ ဒီနှစ် တထာဂတ တရားစခန်းမှာ တရားဝင်ရောက်အားထုတ်မှာမို့ ဆရာတော်ကြီးက အထူးပဲဝမ်းသာအားရ ကျေနပ်နေပါတယ်။ ဒေါ်ချိုချိုအေးတို့က တရုတ်တွေဖြစ်ပါတယ်။ တရုတ်တွေက ဒါနဘက်မှာ အားသန်ကြပါတယ်။ ဒါနသာပါပြီး သီလမပါရင် ဘဝကောင်းမှာ ဒါနက အကျိုးပေးခွင့်သာမှာ မဟုတ်ပါ။ ဘဝကောင်းမှာ ဒါနအကျိုးပေးခွင့်သာအောင် သီလလည်း စောင့်ရပါတယ်။ ဘာဝနာမပါရင် စိတ်မှာ စွမ်းရည်ကောင်းတွေ ကင်းဝေးကာ ပူလောင်ပင်ပန်းရပါတယ်။ ဒါကြောင့် ဘာဝနာလည်း ဘဝမှာ လိုအပ်လှပါတယ်။

ဓိတ်ဆိတ်မှု

မောင်လှဝင်း...

၁၈၊ ၄၊ ၂၀၀၅ နေ့ ညနေ ၇ နာရီမှ ၈ နာရီထိ တစ်နာရီကြာ ဆရာတော်ကြီးက တရားဟောမြဲဖြစ်တာမို့ ယောဂီတွေအား တံရားဟောပါတယ်။ စတုရာရက္ခ၊ ကိုယ်စောင့်တရား ၄ ပါးကို ဟောပါတယ်။ ဒီတရား ၄ ပါးကို တရားစခန်းအစတိုင်းမှာ ဟောမြဲဖြစ်ပါတယ်။ သတိပဋ္ဌာန်တရား ၄ ပါးကို တရားစခန်းအတွင်း အနှောင့်အယှက်ကင်းစွာ အားထုတ်နိုင်အောင် ပွားများခိုင်းပါတယ်။ တစ်ပါးကို တစ်မိနစ်ကျနဲ့ ၄ ပါးမှာ ၄ မိနစ်ပဲ ပွားခိုင်းပါတယ်။ ဗုဒ္ဓါနုဿတိ အတွက် အရဟံဂုဏ်တော်ကို ပွားခိုင်းပါတယ်။ မေတ္တာပွားပုံ၊ အသုဘ ဆင်ခြင်ပုံ၊ သေခြင်းဆင်ခြင်ပုံတွေကိုလည်း ဟောပါသေးတယ်။ အဲဒီ

http://www.dhammadownload.com

၄ မျိုးနဲ့ပတ်သက်ပြီး အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီးက ခုဒ္ဒသိက္ခာ ဘာသာဋ္ဌိကာမှာ ရေးသားထားပါတယ်။ အဲဒီရေးသားချက်ကို ယူပြီး ပဏ္ဍိတာရာမဆရာတော်ကြီးက ယောဂိတွေအား ဟောပြပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက မဟာစည်၊ မဟာဂန္ဓာရုံစတဲ့ ဆရာတော်ကြီးတွေရဲ့ ရေးသားချက်တွေကို အလွန်ပဲ အလေးထား၊ တန်ဖိုးထားပြီး အသုံးပြုတော်မူပါတယ်။ **'ဝိပဿနာ ဉာဏ်နဲ့ အမေရိကန်'** စာအုပ်မှာ စတုရာရက္ခဘာဝနာနဲ့ပတ်သက်ပြီး ပဏ္ဍိတာရာမဆရာတော်ကြီး ဟောပြထားတာကို ရေးသားဖော်ပြခဲ့ပါ တယ်။ ထပ်နေမှာစိုးလို့ ဒီစာအုပ်မှာ မရေးသားတော့ပါ။ အလိုရှိက အဲဒီစာအုပ်မှာ ကြည့်ရှုပါ။

တရားပွဲပြီးသွားတဲ့ ၈ နာရီအချိန်မှာ မှောင်စပြုလာပါတယ်။ ရံခါ ၉ နာရီမှ နေဝင်ပါတယ်။ ၇ နာရီမှာဆိုရင် နေမဝင်သေးပါ။ ဒါလည်း မြန်မာနိုင်ငံအနေအထားနဲ့ မတူပါ။ တရားနာချိန်မှာ ရာသီဥတု အေးနေလို့ လုံခြုံတဲ့ခမ္မာရုံထဲမှာတောင် ခြေအိတ်စွပ်ထားရပါတယ်။ ခြုံထည် ခြုံထားရပါတယ်။ မြန်မာနိုင်ငံမှာ ညဆိုရင် အမေရိကမှာ နေ့ဖြစ်နေပါတယ်။ မြန်မာနိုင်ငံမှာ နေ့ဆိုရင် အမေရိကမှာ ညဖြစ်နေပါတယ်။ တထာဂတာတရားရိပ်သာမှာ ကားသံပဲ ကြားရပါတယ်။ တစ်ခါတစ်ရံ လေယာဉ်သံ ကြားရပါတယ်။ တိတ်ဆိတ်မှုရှိတယ်လို့ ဆိုရပါတယ်။ မြန်မာနိုင်ငံမှာတော့ အလျှပ်ပွဲ၊ မင်္ဂလာဆောင်ပွဲ၊ ကထိန်ပွဲ၊ အသုဘပွဲ၊ ဘုရားပွဲ၊ ပဌာန်းပွဲစသည်တွေမှာ ကျယ်လောင်စွာ ဖွင့်တဲ့ အသံချဲ့စက် အသံတွေကို ကြားရပါတယ်။ တောရွာတွေမှာ ကာရာအိုကေဆိုတဲ့ သီချင်းသံတွေကိုလည်း ကျယ်လောင်စွာ ကြားရပါတယ်။ ဗလီတွေက အော်ဟစ်သံတွေကိုလည်း ကြားရပါတယ်။ စားသောက်ဆိုင်စသည်တွေမှာ ကျယ်လောင်စွာဖွင့်တဲ့ သီချင်းသံတွေကိုလည်း ကြားရပါတယ်။ အမေရိကမှာတော့ အဲဒီလိုအသံတွေကို ဥပဒေက ခွင့်ပြုမထားလို့ ဘယ်နေရာမှာမှ မကြားရပါ။ အနီးကပ်အိမ်က ဆူညံတဲ့အသံနဲ့

http://www.dhammadownload.com

အနောင့်အယှက်ပေးက အဲဒီအိမ်ရှင်ကို ပုလိပ်အကြောင်းကြားရင် ပုလိပ်က လာပြီးဒဏ်တပ်ပါတယ်တဲ့။ တိတ်ဆိတ်မှုကို ဗုဒ္ဓကလည်း အလွန်ပဲ အလေးပေးတော်မူပါတယ်။ ဗုဒ္ဓသာသနာကျယ်ပြန့်တဲ့ မြန်မာနိုင်ငံမှာ ဗုဒ္ဓအလိုရှိတဲ့ တိတ်ဆိတ်မှုကို အလေးပြုကြရင် ဗုဒ္ဓကိုလည်း အလေးပြုရာရောက်ပါမယ်။ ဗုဒ္ဓအလိုရှိတဲ့ တိတ်ဆိတ်မှုကို ဗုဒ္ဓဘာသာနိုင်ငံ မဟုတ်တဲ့ နိုင်ငံတွေက လိုက်နာကျင့်သုံးကြပြီး ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့ နိုင်ငံတွေက မလိုက်နာ၊ မကျင့်သုံးနိုင်ကြသေးတာဟာ အားမရစရာပါပဲ။ ဗုဒ္ဓအလိုရှိတဲ့ တိတ်ဆိတ်မှုကို မြန်မာနိုင်ငံက မြို့တိုင်း၊ ရွာတိုင်း၊ နေရာတိုင်းမှာ မြတ်နိုးတန်ဖိုးထားပြီး လိုက်နာကျင့်သုံးနိုင်ကြရင် ဘယ်လောက် ကောင်းလိုက်လေမလဲ။

အာဇာနည်

မောင်လှဝင်း...

၁၈၊ ၄၊ ၂၀၀၅ နေ့က ပဏ္ဍိတာရာမဆရာတော်ကြီးရော၊ အခြားရဟန်းတွေရော သာမဏေကျော်ပါ ဆရာတော်ဦးသီလာနန္ဒာ ဘိဝံသ ဆေးရုံတက်ပြီး ဦးနှောက်အကျိတ်ခွဲခံထားရလို့ လူနာသွားမေးကြပါတယ်။ ဦးနှောက်ကင်ဆာလို့ ပြောကြပါတယ်။ ဓာတ်ကင်ရင် တစ်နှစ်၊ ဓာတ်မကင်ရင် ၃ လ၊ အသက်ရှည်မယ်လို့ ဆရာဝန်တွေက ပြောကြပါတယ်။ သာမဏေကျော်တို့ ရောက်သွားချိန်မှာ ဆရာတော်က ထိုင်နေပါတယ်။ ဦးခေါင်းခွဲပြီး ချုပ်ထားတဲ့ ချုပ်ရိုးတွေကို တွေ့ရပါတယ်။ ဆရာတော်က စကားမပြောနိုင်ပါ။ ပါဠိလိုရော၊ အင်္ဂလိပ်လိုရော၊ မြန်မာလိုပါ ပြောသမျှစကားကို နားလည်ပါတယ်။ အတိတ်က အကြောင်းအရာတွေကိုလည်း မှတ်မိပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက ပါဠိဝါကျတစ်ခုနဲ့ ဂါထာတစ်ပုဒ်ကို ရွတ်ဆိုပေးပါတယ်။

http://www.dhammadownload.com

မြန်မာဝါကျတစ်ခုကိုလည်း ပြောပြပါတယ်။ ဆရာတော်ဦးသီလာနန္ဒက ဦးခေါင်းညိတ်ညိတ်ပြပါတယ်။ တစ်ရံတစ်ခါ မျက်စိဖွင့်ကြည့်ပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီး ရွတ်ပြတဲ့စကားတွေက အောက်ပါအတိုင်း ဖြစ်ပါတယ်။

* အာပဒါသု ထာမော ဝေဒိတဗ္ဗော။
* အာဗာဓေ မေ သမုပ္ပန္နေ၊
  သတိ မေ ဥဒပဒ္ဒထ၊
  အာဗာဓော မေ သမုပ္ပန္နော၊
  ကာလော မေ နု ပမဒ္ဒိတုံ။
* အာဇာနည်ပုဂ္ဂိုလ်တွေဟာ ကိုယ်ဆင်းရဲအပေါ် စိတ်ဆင်းရဲ မထပ်ရအောင် မြဲမြဲတဲ့သတိ အဆင်သင့်ရှိကြတယ်။ အရှင်ဘုရားလည်း အာဇာနည်တွေထဲ ပါဝင်ပါတယ်။ အထက်ပါ ပါဠိ ၂ ရပ်ရဲ့ အဓိပ္ပာယ်က ဒီလိုပါ။
* ဘေးရန်တွေမှာ စွမ်းအားကို သိရတယ်။
* ငါ့မှာ အနာရောဂါဖြစ်ပေါ်လာတဲ့အခါ ငါ့မှာ သတိ ဖြစ်ပေါ်လာတယ်။ ငါ့မှာ အနာရောဂါ ဖြစ်ပေါ်နေပြီ။ ငါ့မှာ သတိကင်းပေါ့ မေ့လျော့ဖို့ အချိန်အခါ မဟုတ်တော့။

ဆရာတော်ဦးသီလာနန္ဒဆိုတာ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်က ပါမောက္ခချုပ် ဆရာတော်ဖြစ်ပါတယ်။ ပါဠိစာပေ သက္ကတစာပေတွေမှာ သိပ်ပြီးတော်သလို အင်္ဂလိပ်မှာလည်း တော်ပါတယ်။ စိတ်ကောင်းလည်း အလွန်ရှိပါတယ်။ မဟာစည်ဆရာတော်ကြီး အမေရိကကြွလာတုန်းက အတူပါလာခဲ့ပြီး အမေရိကမှာ ဆက်လက်သီတင်းသုံးကာ ပရိယတ်၊ ပဋိပတ်သာသနာကို အစွမ်းကုန်ကြိုးစားခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ တထာဂတတရားရိပ်သာရဲ့ ဩဝါဒစရိယလည်း ဖြစ်ပါတယ်။ အမေရိကက ဓမ္မနန္ဒကျောင်းတိုက်ရဲ့ ပဓာန

http://www.dhammadownload.com

နာယကပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ ဆရာတော်ကိုကြည့်ကာ သံဝေဂ ဖွားမိပါတယ်။ ဆရာတော်က သေရမှာကြောက်တယ်လို့ ပြောတဲ့စကား ကို ကြားရပြီး ကြောက်တဲ့အမူအရာကို မြင်ရတဲ့ ဆရာတော်အပေါ် ကြည်ညိုသူတွေမှာ အံ့သြမိကြရပါသတဲ့။ မကြောက်လောက်ဖူးလို့ ထင်မှတ်ထားကြတာကိုး။

တိုက်ဆိုင်မှု

မောင်လှဝင်း...

၁၉/၂၀၊ ၄၊ ၂၀၀၅ နေ့တွေမှာ ပဏ္ဍိတာရာမဆရာတော်ကြီး က ယောဂီတွေအား 'သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ' ပါဠိဝါကျကို အဓိပ္ပာယ် အကျယ်ရှင်းကာ ဟောပြပါတယ်။ ၂၀၊ ၄၊ ၂၀၀၅ နေ့မှာ ဆရာတော်ကြီးက ဟိရီ၊ သြတ္တပ္ပအကြောင်းကို ကျယ် ကျယ်ဝန်းဝန်း ရှင်းပြပါတယ်။ 'သုက္ကဓမ္မ၊ အဖြူရောင်တရား။ လောက ပါလ၊ လောကကို စောင့်ရှောက်တဲ့တရား။ ဒေဝဓမ္မ၊ တောက်ပစေတဲ့ တရား'လို့ အမည်ပေးပါတယ်။ အမေရိကမှာနေတဲ့ မြန်မာအမျိုးသမီး တစ်ယောက်လည်း အဲဒီတရားဂုဏ် လာရောက်နာယူပါတယ်။ အဲဒီ ဒကာမက ဆရာတော်ကြီးရဲ့တရားက သိပ်ကောင်းတာပဲလို့ ချီးကျူးပါ တယ်။ သူမရဲ့ယောကျ်ားက အခြားအမျိုးသမီးတစ်ယောက်နဲ့ ချစ် ကြိုက်နေပါသတဲ့။ ဆရာတော်ကြီးရဲ့တရားက သူတို့အိမ်ထောင်ရေး ပြဿနာနဲ့ တိုက်ဆိုင်မှု ရှိနေပါတယ်။ ဒါကြောင့် အဲဒီဒကာမက ဆရာတော်ကြီးရဲ့တရားကို အလွန်အကဲ ကြိုက်တာဖြစ်ပါတယ်။ ဆရာ တော်ကြီးက ဟိရီ၊ သြတ္တပ္ပအကြောင်းကို ပိဋ္ဌကဗဟုသုတအစုံအလင်နဲ့ တစ်ပုံတစ်ပင်ကြီး ဟောပြပါတယ်။ ဆရာတော်ကြီးရဲ့ ဟောကြားချက်

http://www.dhammadownload.com

တွေက စုံစေ့လှပါတယ်။ တိုက်ဆိုင်မှုရှိသူတို့အဖို့ အလွန်ကျေနပ်အားရစရာဖြစ်ပါတယ်။

အမေရိကအမျိုးသမီးဦးရေတွေထဲက ၄ ယောက်မှာ တစ်ယောက်က အတွင်းလူရဲ့ ဖျက်ဆီးခြင်းကို ခံရပါသတဲ့။ အတွင်းလူဆိုတာ အဖျက်ဆီးခံရတဲ့ မိန်းကလေးရဲ့ ဖခင် သို့မဟုတ် အဖိုး၊ သို့မဟုတ် ဦးလေး၊ မောင်၊ အစ်ကိုစသည်ဖြစ်ပါသတဲ့။ လောကကြီးကို မပျက်စီးအောင် စောင့်ရှောက်တတ်တဲ့ အဲဒီတရား ၂ ပါး (ဟိရီ၊ သြတ္တပ္ပ) မရှိကြရင် လူတွေဟာ တိရစ္ဆာန်တွေလို ဖြစ်သွားကြမယ်တဲ့။ အဲဒီ လောကပါလ (လောကစောင့်) တရား ၂ ပါး ကင်းကြရင် အမေရိကမှာသာမဟုတ် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးက လူတွေဟာ တိရစ္ဆာန်တွေလို ဖြစ်သွားကြမှာပါပဲ။ ဟိရီ၊ သြတ္တပ္ပကင်းမဲ့နေကြတဲ့ အိမ်ထောင်သည်တွေမှာ အိမ်ထောင်ရေး ပြဿနာ ရှုပ်နေပါတယ်။ ဟိရီနဲ့ သြတ္တပ္ပအကြောင်းကို အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီးက သင်ကြားပို့ချတဲ့ဓမ္မကထာမှာ ဒီလိုရေးသားထားပါတယ်။

'စက်ဆုပ်ထိုက်၊ ကြောက်ရွံ့ထိုက်သော ဒုစရိုက်တို့ကို စက်ဆုပ်ရွံရှာခြင်းသည် ဟိရီ၏လက္ခဏာ၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းသည် သြတ္တပ္ပ၏ လက္ခဏာတည်း။ မကောင်းမှု ဒုစရိုက်တို့ကို မပြုမိအောင် ရှောင်ကြဉ်မှုသည် ဟိရီ၊ သြတ္တပ္ပ နှစ်ပါးလုံး၏ကိစ္စတည်း။ ဤတရား ၂ ပါးသည် 'ဒုစရိုက်မှ တွန့်ဆုတ်တတ်သော တရားများ' ဟု ယောဂီတို့ဉာဏ်မှာ ထင်လာသည်။'

'ဟိရီသည် မိမိကို လေးစားမှုလျှင် နီးစွာသောအကြောင်းရှိ၍ သြတ္တပ္ပကာ သူများကို လေးစားမှုလျှင် နီးစွာသောအကြောင်းရှိသည်။ ထို့ကြောင့် ဟိရီသည် အမျိုးကောင်းသမီးနှင့်တူ၍ သြတ္တပ္ပကား ပြည့်တန်ဆာမနှင့်တူ၏ဟု အဋ္ဌကထာတို့၌ မိန့်ပြီ။'

ချဲ့ဦးအုံ့၊ အမျိုးကောင်းသမီးသည် မိမိ၏မြင့်မြတ်သော မျိုးရိုး

http://www.dhammadownload.com

ဇာတိရှိပုံကို လေးစားသောအားဖြင့် မိမိအိမ်ရှင်မှတစ်ပါး အခြားယောကျ်ား နှင့် ဖောက်ပြန်ရမည်မှ စက်ဆုပ်၏။ ထို့အတူ ဟိရီရှိသူသည်လည်း မိမိ၏အမျိုးအနွယ်၊ ကြီးရင့်သောအရွယ်၊ အကြားအမြင် ဗဟုသုတ၊ ရဲစွမ်းသတ္တိ ဟူသောဂုဏ်ကို အစွဲပြု၍ 'ငါကဲ့သို့သောသူသည် ဤကဲ့သို့သော ဒုစရိုက်ကို မပြုထိုက်'ဟု မိမိကိုယ်ကို အလေးပြုလျက် ဒုစရိုက်မှ စက်ဆုပ်ရွံရှာ ရှောင်ခွာသည်။

ပြည့်တန်ဆာမ ကိုယ်ဝန်တည်လျှင် ယောကျ်ားတို့က စက်ဆုပ်ကြ၏။ ထို့ကြောင့် ယောကျ်ားတို့ကို လေးစားသောအားဖြင့် ပြည့်တန်ဆာမသည် ကိုယ်ဝန်တည်မည့်ဘေးမှ ကြောက်ရွံ့၏။ 'လောကဌ ကိုယ်စောင့်နတ်စသော နတ်များနှင့် အဘိညာဉ်ရသော တန်ခိုးရှင်တို့သည် တိတ်တဆိတ် မကောင်းမှုပြုနေသူတို့ကို သိမြင်ကြကုန်၏။ ငါသည် လုံခြုံလှပြီဟု သဘောထား၍ ဒုစရိုက်ကို ပြုလျှင် ထိုပညာရှင်များ၏အလယ်မှာ ကဲ့ရဲ့ဖွယ်ဖြစ်တော့လတံ့' ဟု သူတစ်ပါးတို့ကို လေးစားသောအားဖြင့် သြတ္တပ္ပသည် ဒုစရိုက်မှ ကြောက်ရွံ့၏။

'ဤ ဟိရီ၊ သြတ္တပ္ပ တရား ၂ ပါးတို့က စောင့်ကြပ်နေသော ကြောင့်သာ လူသတ္တဝါတို့သန္တာန်၌ အတော်အတန် စင်ကြယ်နေသည်။ ဤတရားတို့ကင်းမဲ့လျှင် အမိနှင့်သား၊ အဖနှင့်သမီးတို့ ဖောက်ပြား၍ တိရစ္ဆာန်တွေနဲ့မခြားဘဲ ရောယှက်ရှုပ်ထွေးကာ မကြားကောင်း မနာသာတွေ ဖြစ်ကုန်ရ၏။'

အဲဒီလောကပါလတရား ၂ ပါးကို ဘေးဖယ်ထားပြီး ယဉ်ကျေးတဲ့ လူ့ဘောင်ကြီးကို တည်ဆောက်လို့ မဖြစ်နိုင်ပါ။ ဟိရီ၊ သြတ္တပ္ပ ကင်းတဲ့ ယဉ်ကျေးမှုရှိခဲ့ရင် အဲဒီယဉ်ကျေးမှုဟာ တိရစ္ဆာန်လောကရဲ့ ယဉ်ကျေးမှုသာ ဖြစ်ပါလိမ့်မယ်။ ယဉ်ကျေးတဲ့လူ့ဘောင်ကြီးကို ဖျက်ဆီးမယ့် အဟိရိက၊ အနောတ္တပ္ပ (မကောင်းမှုမှ မရှက်၊ မကြောက်မှု) တရား ၂ ပါး ကိုယ့်မြန်မာနိုင်ငံမှာ ထွန်းကားမလာဖို့ အရေးကြီးပါတယ်။

http://www.dhammadownload.com

ရှားပါးတဲ့ အလှ

မောင်လှဝင်း...

တထာဂတရိပ်သာရဲ့ အလှအပတွေထဲမှာ ပန်းတွေရဲ့အလှဟာ လည်း တစ်ခုအပါအဝင်ပါပဲ။ မောင်လှဝင်းလည်း သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ကို လှပလာအောင် ကြိုးစားနေတော့ တထာ ဂတရိပ်သာက ပန်းတွေရဲ့အလှကို မြင်တွေ့ရရင် သိပ်ပြီးသဘောကျမှာပဲ။ ပန်းတွေရဲ့အလှကို တထာဂတ ရောက်လာသူတိုင်းက ချီးမွမ်းကြမှာ ပါပဲ။ အနီရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အပြာရောင်၊ ပန်းရောင်၊ အဖြူရောင်ပန်းတွေက အုပ်စုလိုက် အုပ်စုလိုက်ရှိတာမို့ အရမ်းကို တောက်ပနေတာပဲ။ တချို့ပန်းတွေက ပင်လုံးကျွတ်ပွင့်နေကြပါတယ်။ စနစ်တကျစိုက်ပျိုးထားလို့ ပန်းတွေက ဖွေးဖွေးလှုပ်နေတဲ့နေရာက ဖွေးဖွေးလှုပ်၊ ရဲရဲတောက်နီနေတဲ့နေရာက ရဲရဲတောက်နီစသည်ဖြင့် သူ့အုပ်စုနဲ့လိုက် အစီအရီရှိလှပါတယ်။ နှင်းဆီပန်းပွင့်တွေကလည်း ကြီးမားလှပါပေတယ်။ မြန်မာနိုင်ငံက အကြီးဆုံးနှင်းဆီပန်းပွင့်ထက် တစ်ဆလောက်တော့ ပိုကြီးပါတယ်။ နှင်းဆီပန်း ပိုကြီးတာကိုသာမက ကြောင်နဲ့ ရှဉ့်တွေ ပိုကြီးတာကိုလည်း တထာဂတရိပ်သာမှာ တွေ့ရပါ တယ်။ ကြောင်နဲ့ ရှဉ့်တွေကလည်း မြန်မာနိုင်ငံက ကြောင်တွေ၊ ရှဉ့် တွေထက် တစ်ဆလောက် ပိုကြီးပါတယ်။ ကြောင်ကိုတော့ တစ်ကောင် ပဲ တွေ့ရပါတယ်။ ရှဉ့်တွေကတော့ များပါတယ်။ ရှဉ့်အနက်ကို တထာဂတရောက်မှပဲ မြင်တွေ့ရပါတယ်။ ပိဋ္ဌကစာပေထဲမှာ ရှဉ့်နက် အကြောင်း ဖတ်ရှုရပေမယ့် အခုမှပဲ တွေ့ရပါတယ်။ ဒီရှဉ့်တွေက မြေကြီးထဲ တွင်းတူးပြီး နေကြပါတယ်။ အစာတွေ ထွက်စားလိုက်၊ တွင်းထဲဝင်အောင်းလိုက် လုပ်နေကြပါတယ်။ သစ်ကြားပင်အစေ့၊ ဗာဒံ အစေ့လို သစ်စေ့စတဲ့ စားစရာတွေကို မကုန်မခန်းနိုင်အောင် စားကြ

http://www.dhammadownload.com

ပါတယ်။ သူတို့စားစရာသစ်ပင်တွေက များစွာပဲ ရှိပါတယ်။ လူတွေက လုံးဝမစားကြပါ။ ကမ္မလာသီးတွေဟာ တစ်ပင်လုံးမှာ ဝါဝင်းကာ ပြွတ်သိပ်လျက် သီးနေကြပါတယ်။ အသီးတွေက အပင်အောက် ကြွေကျနေကြပါတယ်။ ဘယ်သူမှ မစားကြပါ။ ပန်းသီးပင်၊ သစ်သော့ပင်၊ တည်ပင်၊ ထောပတ်သီးပင်၊ တရုတ်ဆီးသီးပင်တွေကလည်း အခုအချိန်မှာ သီးစပြုနေပါပြီ။ ပန်းသီးပင်၊ ကမ္မလာသီးပင်တွေ များစွာရှိသလို များစွာလည်း သီးကြပါတယ်။ သံပရိုပင်၊ ရှောက်ပင်တွေမှာလည်း အသီးတွေက တစ်ပင်လုံးမှာမှည့်ပြီး ဝါဝင်းနေကြပါတယ်။ ဘယ်သူမှ မစားကြပါ၊ နှမြောစရာပဲနော်။

မောင်လှဝင်းတို့ရဲ့ သာမဏေကျော် မဟာဂန္ဓာရုံမှာသာဆိုရင် အဲဒီစားစရာသစ်သီးပင်တွေက သစ်သီးတွေကို အားရပါးရ စားကြမှာပဲနော်။ သစ်သီးတွေက ဝါဝင်းကာ မှည့်နေချိန်မှာပဲ အပွင့်တွေက ပွင့်နှင့်နေကြပြန်ပါပြီ။ ကမ္မလာ၊ ရှောက်၊ သံပရိုတွေက အမြဲအသီးရှိပုံရပါတယ်။ ကျောင်းဝင်းရဲ့ ဘယ်ဘက်၊ ညာဘက်စည်းရိုးတစ်လျှောက်မှာ တန်းစီကာ ညီညာစွာ စိုက်ထားတဲ့ Blue Cypress သစ်ပင်ရှည်အတန်းကြီးကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ အထက်ကို တအားရှည်တက်ပါတယ်။ အသံ၊ ဖုန်တွေကို ကာကွယ်ပေးပါတယ်။ တစ်ဖက်ကမြင်ကွင်းကို ကာကွယ်ပေးပါတယ်။ ကြီးထွားလွယ်တဲ့ သစ်ပင်အမျိုးအစား ဖြစ်ပါတယ်။ သစ်ပင်တစ်ပင်လုံးက သစ်ရွက်တွေက နီညိုရောင် အမြဲရှိနေတာမို့ အခြား အဲဒီသစ်ပင်တစ်မျိုးကလည်း ကြည့်ရှုလို့ ကောင်းပါတယ်။ နာမည်မသိရတဲ့ အခြားသစ်ပင်တွေလည်း ရှိပါသေးတယ်။ သစ်ပင်၊ ပန်းပင်တွေနဲ့ စနစ်တကျ အလှပြင်ထားလို့ တထာဂတရိပ်သာဟာ ရှုချင်စဖွယ် ဖြစ်နေပါတယ်။ သက်မဲ့အလှတွေနဲ့ အလှပြင်ထားတဲ့အပြင် ၂၇ ရက်ကြာ တရားစခန်းမှာ တရားရှုမှတ်နေကြတဲ့ ယောဂီတွေရဲ့ တရားအလှနဲ့ပါ တန်ဆာဆင်ထားလို့ တထာဂတ

http://www.dhammadownload.com

ရဲ့အလုပ်ဟာ တရားအလုကင်းမဲ့တဲ့ အခြားနေရာတွေထက် ပိုပြီးလုနေပါတယ်။ တစ်နာရီထိုင်မှတ်၊ ပြီးရင် တစ်နာရီ စင်္ကြံလျှောက်မှတ်နဲ့ နံနက် ၅ နာရီမှ ည ၁၀ နာရီအထိ တရားရှုမှတ်နေကြတဲ့ ယောဂီ ၇၀ ကျော် ၈၀ တို့ရဲ့အလုက အမေရိကက အခြားနေနေရာတွေက အလုတွေထက် ပိုမိုထူးခြားတဲ့ အလုဖြစ်နေပါတယ်။ သတိပဋ္ဌာန်နဲ့ စိတ်ကိုပါ အလုပြင်နေကြတဲ့ ယောဂီတွေရဲ့ အလုက အမေရိကမှာ ရှားပါးတဲ့အလုဖြစ်ပါတယ်။ သတိပဋ္ဌာန်နဲ့သာ အမေရိကန်တွေ စိတ်ကို အလုပြင်နိုင်ကြမယ်ဆိုရင် အမေရိကနိုင်ငံကြီးဟာ ယခုလုတာထက် အဆပေါင်းများစွာ ပိုမိုလုပလာပါလိမ့်မယ်။ ယောဂီတွေက အမေရိကန်တွေပဲ ဖြစ်ပါတယ်။ အမေရိကနေ တရုတ်၊ ဗီယက်နမ်၊ ကုလား၊ ဂျပန်၊ မြန်မာတွေလည်း ပါဝင်ကြပါတယ်။ အသက် ၂၀ ကျော်မှ ၈၀ ကျော်ထိ ပါပါတယ်။ အမျိုးသား အမျိုးသမီး၊ သီလရှင်၊ ရဟန်းတွေ ဖြစ်ကြပါတယ်။

ဆွမ်းခံသွားရင်

မောင်လှဝင်း...

တထာဂတရိပ်သာရဲ့ ပတ်ဝန်းကျင်နေရာတွေမှာ ဗီယက်နမ်စားသောက်ဆိုင်တွေ ရှိပါတယ်။ အဲဒီစားသောက်ဆိုင်တွေမှာ သင်္ကန်းရုံ၊ သပိတ်ယူပြီး အလှူခံကြွရင် စားသောက်စရာတွေကို လောင်းလှူကြပါတယ်။ ဆွမ်းကိုတော့ မလောင်းလှူကြပါ။ သစ်သီး၊ မုန့်၊ ဟင်းစတဲ့ စားသောက်ဖွယ်တွေကို လောင်းလှူကြပါတယ်။ အမေရိကန် ရဟန်းတော် ဦးသုမနသိရိနဲ့ အမေရိကန် ဗီယက်နမ်ရဟန်းတော်တွေ ဆွမ်းအလှူခံကြွလာရင် လောင်းလှူရကြောင်း သိကြပါတယ်၊ လှူကြပါတယ်။ ဒီကာလီဖိုးနီးယားပြည်နယ်မှာတော့ လူမျိုးတွေက စုံနေလို့ (ဗုဒ္ဓဘာသာ

http://www.dhammadownload.com

အနွယ် လူမျိုးတွေကလည်း ပါနေလို့) ဆွမ်းခံထွက်လို့ ရတာပါ။ အခြားပြည်နယ်တွေမှာ ဆွမ်းခံထွက်ပြီး တောင်းစားရင် အဖမ်းခံ ရတတ်ပါ။ တစ်ခါမှာ ဗီယက်နမ်ရဟန်းတစ်ပါးက တထာဂတရိပ်သာ ဝန်းကျင်မှာ ဆွမ်းခံထွက်ပါသတဲ့။ အဲဒီအခါ အမေရိကန်လူမျိုး တောင်းစားသူတစ်ယောက်က အဲဒီရဟန်းကို သူ့နယ်ပယ်မှာ လာရောက်တောင်းစားလို့ သူ့နယ်ပယ်ထဲ လာရောက်မတောင်းစားဖို့ ပြောပါသတဲ့။ အခြားအမေရိကန်လူမျိုး တောင်းစားသူတစ်ယောက်ကတော့ အဲဒီဆွမ်းခံကြွတဲ့ ဗီယက်နမ်ရဟန်းကို သူတောင်းလို့ရထားတဲ့ မုန့်တွေထဲက တချို့ကို ခွဲဝေလှူလိုက်ပါသတဲ့။ သူတောင်းစားချင်းတူပေမယ့် စိတ်ထားချင်းတော့ ကွာခြားကြတယ်နော်။ ဘဝနိမ့်ကျပေမယ့် စိတ်ထားမြင့်မြတ်သူတွေလည်း ရှိကြတာပါပဲ။

ဦးသုမနသိရီကို ဆွမ်းခံအတွေ့အကြုံအကြောင်း မေးကြည့်လို့ သူက ဒီလိုပြောပါတယ်။

'ဆွမ်းခံသွားတာ နာရီဝက်လောက် သွားရတဲ့နေရာလည်း ရှိပါတယ်။ တစ်နာရီကျော်ကြာ သွားရတဲ့နေရာလည်း ရှိပါတယ်။ တစ်လှည့်စီ သွားပါတယ်။ ဆွမ်းလောင်း မလောင်း အကဲခတ်ရပါတယ်။ အချိန်အနည်းငယ် ရပ်နေရပါတယ်။ မလောင်းဘူးထင်ရင် ရှေ့ဆက်သွားရပါတယ်။ မလောင်းတဲ့နေရာလည်း ရှိပါတယ်။ လောင်းတာကပဲ များပါတယ်။ ဆွမ်းလောင်းပြီးရင် ဗီယက်နမ်ဘာသာစကားနဲ့ 'လန်ဒိုင်' လို့ ပြောရပါတယ်။ စားဖိုမှူးအန်းက သင်ပေးပါတယ်။ မြန်မာလို 'သာဓု၊ သာဓု ကောင်းပါပေတယ်၊ ကောင်းပါပေတယ်'လို့ အဓိပ္ပာယ်ရပါတယ်။ သူတို့က လောင်းလှူပြီးရင် သူတို့ကပဲ Thank you ကျေးဇူးတင်ပါတယ်'လို့ ပြောကြပါတယ်။ သူတို့က တကယ့်ကိုပဲ လှိုက်လှိုက်လှဲလှဲနဲ့ ကျေးဇူးတင်စကား ဆိုကြပါတယ်။ တကယ်တော့ တပည့်ကောင် အလှူခံရဟန်းတွေက ကျေးဇူးတင်ကြရမှာပါ။'

http://www.dhammadownload.com

ဦးသုမနသိရီရဲ့စကားကို ကြားရပြီး အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်လာ ဘုရားစကားတစ်ခွန်းကို သတိရမိပါတယ်။ ပါဠိစာပေ ဖတ်ရှုနားလည်နိုင်စွမ်းရှိတဲ့ ဦးသုမနသိရီကိုလည်း ဖတ်ရှုစေပါတယ်။

'ရဟန်းတို့၊ သီလရှိရဟန်းတွေ မှီတင်းနေထိုင်ရာ ရပ်ရွာ၊ မြို့၊ နိဂုံးတွေက လူတွေမှာ ကိုယ်၊ နှုတ်၊ စိတ် အရာ ၃ မျိုးနဲ့ ကောင်းမှုကုသိုလ်များစွာ တိုးပွားကြတယ်။'

ဦးသုမနသိရီက အဲဒီပါဠိကို ဖတ်ကာ သဘောကျပြီး 'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'လို့ ပြောဆိုနေပါတယ်။

ဝမ်းသာရပါတယ်

မောင်လှဝင်း...

ပဏ္ဍိတာရာမဆရာတော်ကြီးက ယောဂီ ၇၀ လောက်ထဲက ၃ ယောက်ပဲ နေ့စဉ် တရားစစ်ပေးပါတယ်။ ကျန်ယောဂီတွေကိုတော့ ဘီးလင်းဆရာတော်ရယ်၊ သာမဏေကျော်ရယ်၊ ဦးဇဋ္ဌိလရယ် ၃ ပါးက တရားစစ်ပေးကြပါတယ်။ ယောဂီတွေက တစ်ရက်ခြားပြီး တရားလျှောက်ကြရပါတယ်။ ယောဂီတွေကို အလှည့်ကျပြောင်းပြီး စစ်ဆေးပေးကြပါတယ်။ ဆရာတော်ကြီးထံ ၃ ယောက်ကလည်း ပြောင်းလဲသွားကြရပါတယ်။ တရားစစ်ပေးမယ့်ဆရာတော်၊ တရားစစ်ပေးမယ့် နေရာ၊ နေ့ရက်၊ ယောဂီစာရင်း၊ အချိန်တွေကို ဇယားလုပ်ကာ စာရွက်နဲ့ သက်ဆိုင်ရာ နံရံအသီးသီးမှာ ကပ်ထားပါတယ်။ ကိုယ့်တရားလျှောက်ရမယ့် အချိန်ထက် ၅ မိနစ်စောပြီး တရားစစ်ရာအဆောင်ရဲ့ တံခါးရှေ့မှာ ယောဂီက စောင့်နေရပါတယ်။ အင်္ဂလိပ်စာမတတ်တဲ့ ဗီယက်နမ်ယောဂီတွေအတွက် ဦးဓမ္မစက္ကက အင်္ဂလိပ်လို ဘာသာပြန်ပေးပါတယ်။ တရားကို နံနက် ၈ နာရီမှာ စပြီးစစ်ကြပါတယ်။ ဘီးလင်းဆရာတော်

http://www.dhammadownload.com

နဲ့ ဦးဇဋ္ဌိလတို့ကတော့ အင်္ဂလိပ်လိုပဲ တရားစစ်ကြပါတယ်။ ပဏ္ဍိတာ ရာမ ဆရာတော်ကြီးနဲ့ သာမဏေကျော်တို့က မစာရဒဿိနီနဲ့ ဦးသုမန သိရီ တို့ရဲ့ အကူအညီနဲ့ တရားစစ်ကြရပါတယ်။ ဦးဇဋ္ဌိလနဲ့ မောင်လှ မြင့်တို့က နေ့လယ် ၃ နာရီမှာ တရားအားထုတ်မှုနဲ့ဆက်စပ်တဲ့ သိလို တာတွေရှိရင် အဲဒီယောဂီတွေအား သီးသန့်ရှင်းပြပေးကြပါသေးတယ်။ အင်္ဂလိပ်လို မတတ်တဲ့ ဗီယက်နမ်တွေအား ဦးဓမ္မစက္ကက ကူညီပေးပါ တယ်။

အိန္ဒိယအမျိုးအနွယ် အမျိုးသမီးယောဂီတစ်ယောက်က တရား လျှောက်ရင်း ဒီလိုမေးပါတယ်။

'တပည့်တော်က စကြိုလျှောက်မှတ်ရင်း လူတစ်ယောက်ကို မြင်ရပြီး ဒေါသဖြစ်ပါတယ်၊ အဲဒါ ဘယ်လိုလုပ်ရပါ့မလဲ'

သာမဏေကျော်က ဒီလိုပြောပြပါတယ်။

'ယောဂီက မျက်လုံးကို ကိုယ်ရှေ့ ၄ တောင်လောက်ပဲ ကြည့်ပါ၊ ဟိုဟိုဒီဒီ မကြည့်ပါနဲ့၊ မျက်စိမြင်ပေမယ့် ယောဂီဟာ မျက်စိမမြင် သူလိုပဲ ကျင့်ရပါတယ်။ ကိုယ့်အမှတ်ပဲ ဂရုစိုက်ရပါတယ်။ 'မမြင်ရရာ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်'တဲ့။ မျက်လုံးကို မထိန်းဘဲ လျှောက် ကြည့်ရင် ကိုယ်မကြိုက်တာတွေ့က ဒေါသဖြစ်မယ်၊ ကြိုက်တာတွေ့က လောဘဖြစ်မယ်၊ မကြည့်တော့ မဖြစ်တော့ဘူး။ တကယ်လို့ ကြည့်မိရင် 'ကြည့်တယ်၊ ကြည့်တယ်'လို့ မှတ်ရတယ်။ မြင်ရင် 'မြင်တယ်၊ မြင်တယ်'လို့ မှတ်ရတယ်။ ဒေါသထွက်ရင် 'ဒေါသထွက်တယ်၊ ဒေါသ ထွက်တယ်'လို့ မှတ်ရတယ်။ ယောဂီဟာ နားမကြားတဲ့သူလိုလည်း ကျင့်ရတယ်။ ဟိုအသံ၊ ဒီအသံကို ဂရုမစိုက်ဘဲ ကိုယ့်အမှတ်ကိုသာ ဂရုစိုက်ရတယ်။ ကြားရင် 'ကြားတယ်၊ ကြားတယ်'လို့ မှတ်ရတယ်။ ယောဂီဟာ စကားပြောတတ်ပေမယ့် စကားမပြောတတ်သူလိုပဲ ကျင့်ရ ပါတယ်။ တရားနဲ့မပတ်သက်တဲ့၊ အကျိုးမရှိတဲ့စကားကို မပြောဘဲ

http://www.dhammadownload.com

နေရပါတယ်။ တရားနဲ့ပတ်သက်တဲ့ အကျိုးရှိတဲ့ စကားကိုတောင် အချိန်တိုအတွင်း ပြီးအောင်ပြောရပါတယ်။ ယောဂီဟာ အားရှိပေမယ့် အားမရှိတဲ့လူမမာလိုပဲ ပြုမူရပါတယ်။ အထိုင်၊ အထ၊ အသွား၊ အလာ၊ အဆန့်စတဲ့ ကိုယ်အမူအရာတွေကို ဖြည်းဖြည်းပဲ ပြုလုပ်ရပါတယ်။ ရှုမှတ်မှုပါပြီး ပြုလုပ်ရပါတယ်။ ဒုက္ခဝေဒနာနဲ့ ရင်ဆိုင်ရရင် လူသေလိုပဲ ပြုမူရမယ်တဲ့။ အတတ်နိုင်ဆုံး သည်းခံပြီး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။'

အဲဒီယောဂီဟာ သိသိသာသာ ပြုပြင်ပြောင်းလဲကာ အချိုးကျသွားပါတယ်။ အဲဒါကိုတွေ့ရလို့ ဝမ်းသာရပါတယ်။

ဖုန်း

မောင်လှဝင်း...

၂၃၊ ၄၊ ၂၀၀၅ နေ့က တန်ခူးလပြည့်နေ့ ဖြစ်ပါတယ်။ သာမဏေကျော်နဲ့ မောင်လှဝင်းတို့ရဲ့ဇာတိရွာ စပါးတွင်းက အကြီးကျယ်ဆုံး ဘုရားပွဲတော်နေ့ပေါ့။ အဲဒီတန်ခူးလပြည့်နေ့ညက ဦးညြဘာသနဲ့ မောင်လှဝင်းတို့ထံ အမြိုက်ကျောင်း ဖုန်းကတစ်ဆင့် ဖုန်းပြောပါသေးတယ်။ အမေရိက တထာဂတရိပ်သာမှာ ည ၉ နာရီခွဲအချိန် ဖုန်းဆက်ပါတယ်။ မြန်မာနိုင်ငံမှာက နံနက် ၁၁ နာရီတိတိ ရှိပါတယ်။ မောင်လှဝင်း ရွာပြန်သွားမှန်း ဖုန်းပြောမှ သိရပါတယ်။ ၄ ဒေါ်လာတန်ကဒ်နဲ့ ဖုန်းပြောလိုက်ပါတယ်။ ၂၅ မိနစ်ကြာ စကားပြောရပါတယ်။ ဦးညြဘာသထံ ဦးဇင်္ဇလ၊ မောင်လှမြင့် တို့လည်း ပြောကြပါသေးတယ်။ ၄ ဒေါ်လာတန်ကဒ်နဲ့ ဖုန်းပြောတဲ့အခါ အခြားနိုင်ငံတွေကို ပြောရင် မြန်မာနိုင်ငံကို ပြောရတဲ့အချိန်ထက် ပိုပြီးကြာအောင် ၁ နာရီ၊ ၂ နာရီ၊ ၃ နာရီမှ ၆ နာရီထိ ပြောလို့ရပါတယ်တဲ့။

http://www.dhammadownload.com

ပိုက်ဆံအကြွေစေ့ထည့်ပြီး ဖုန်းဆက်ရတာလည်း ရှိပါတယ်။ ကဒ်ပြား လေးထည့်ပြီး ဖုန်းပြောရတာလည်း ရှိပါတယ်။ အခု ဦးသြဘာသထံ ဖုန်းဆက်လိုက်တာကတော့ အဲဒီနည်း ၂ မျိုးနဲ့ ဆက်တာမဟုတ်ပါ။ ကိုယ်ပိုင်ဂဏန်းနံပါတ်နိပ်ပြီး ဆက်ရပါတယ်။ အင်္ဂလိပ်လို ဂဏန်း စာလုံးပေါင်း ၃၃ လုံး ဖုန်းမှာနိပ်လိုက်မှ ဦးသြဘာသနဲ့ ဖုန်းပြောလို့ ရပါတယ်။ ပထမဆုံးဂဏန်း ၁၁ လုံးနိပ်ရပါတယ်။ အဲဒီ ၁၁ လုံးက Main station ပင်မဆက်ရာဌာနကို ရောက်ပါတယ်။ အဲဒီ ၁၁ လုံး ထဲမှာ ပထမ ၄ လုံးက ကျယ်ဝန်းတဲ့ဧရိယာ၊ နောက် ၃ လုံးက အဲဒီ ကျယ်ဝန်းတဲ့ဧရိယာထဲက ကျဉ်းတဲ့ဧရိယာ၊ နောက် ၄ လုံးက ပိုကျဉ်း တဲ့ဧရိယာကို ရောက်သွားစေပါတယ်။

ဒုတိယဂဏန်း ၁၁ လုံးက ကိုယ်ဝယ်တဲ့ဂဏန်းတွေ ဖြစ်ပါ တယ်။ အဲဒီဂဏန်းတွေကို ကိုယ်ဝယ်ယူရတဲ့ကဒ်ပြားမှာ ပါပါတယ်။ အဲဒီကဒ်ကို လမ်းဘေးစတိုးဆိုင်တွေမှာတောင် ဝယ်လို့ရပါတယ်။ တချို့ကဒ်က မြန်မာနိုင်ငံမှာပဲ ၁၅ မိနစ်၊ တချို့ကဒ်က ၂၅ မိနစ် ကြာအောင် ပြောလို့ရပါတယ်။ ကဒ်ရောင်းတဲ့ကုမ္ဏီတွေ သတ်မှတ်တဲ့ အချိန်အလိုက် ကွဲပြားပါတယ်။ မိနစ်ပိုကြာအောင် ပြောရပေမယ့် လိုင်းမကြည်လင်တာလည်း ရှိတတ်ပါတယ်တဲ့။ ပြောရတဲ့မိနစ်နည်းတဲ့ ကဒ်က လိုင်းပိုကြည်လင်တတ်ပါတယ်တဲ့။

တတိယဂဏန်း ၁၁ လုံးထဲမှာ အမေရိကက ထွက်တဲ့ဂဏန်းက ၃ လုံး ရှိပါတယ်။ 011 တဲ့၊ မြန်မာနိုင်ငံဂဏန်းက 95 တဲ့။ ရန်ကုန်နံပါတ်က 1 တဲ့။ ကိုယ်ဆက်မယ့်ဖုန်းနံပါတ်က ၆ လုံး ပေါင်း တော့ ၁၁ လုံး ရှိပါတယ်တဲ့။ ဦးဇင်္ဂီလက မြန်မာနိုင်ငံကို ဖုန်းဆက် ကြည့်ပါလို့ တိုက်တွန်းလို့ စမ်းပြီးဆက်ပြောကြည့်လိုက်တာပါပဲ။ ဂဏန်း ၃၃ လုံးကိုတော့ သူတို့နှစ်ဦးကပဲ နိပ်ပေးပါတယ်။ သိပ္ပံနည်း ပညာ တိုးတက်လာတဲ့ သူတို့နိုင်ငံမှာ ကိုယ်လိုက်မမီတာ၊ နားမလည်

http://www.dhammadownload.com

နိုင်သေးတာတွေ မျှားစွာပဲ ရှိပါသေးတယ်။ သိပ္ပံနည်းပညာ တိုးတက်မှုကတော့ အံ့မခန်းပါပဲ။ တကယ့်စစ်မှန်တဲ့ ငြိမ်းချမ်းမှုကိုတော့ အဲဒီသိပ္ပံနည်းပညာတွေက ပေးစွမ်းနိုင်မယ်မဟုတ်ပါ။ ဝိပဿနာ နည်းပညာကတော့ ပေးနိုင်ပါတယ်။ ဝိပဿနာနည်းပညာကိုပါ သူတို့တစ်တွေ လိုက်စားနိုင်ကြရင် စစ်မှန်တဲ့ငြိမ်းချမ်းမှုကို ရရှိသွားနိုင်ကြပါမယ်။

အသက်

မောင်လှဝင်း...

၂၃၊ ၄၊ ၂၀၀၅ နေ့က တန်ခူးလပြည့်နေ့ဖြစ်လို့ တထာဂတရိပ်သာမှာ ဥပုသ်ပြုကြပါတယ်။ ရဟန်းက ၇ ပါး ရှိပါတယ်။ တထာဂတ,ရိပ်သာမှာ သိမ်ရှိပါတယ်။ လပြည့်၊ လကွယ်ဥပုသ်နေ့တွေမှာ ရဟန်းတွေဟာ ၄ ပါး ရှိရင် သံဃဥပုသ်ပြုကြရပါတယ်။ ဒါကြောင့် ပဏ္ဍိတာရာမဆရာတော်ကြီးအပါအဝင် သံဃာတော်တွေဟာ ဥပုသ်ပြုကြပါတယ်။ ဥပုသ်နေ့မှာ ဥပုသ်မပြုရင် ရဟန်းတွေမှာ အာပတ်သင့်ပါတယ်။ ဝိနည်းအလေးမပြုတဲ့ရဟန်းတွေကတော့ အဲဒီဥပုသ်နေ့တွေမှာ ဥပုသ်မပြုကြတော့ပါ။ အမေရိကမှာ မြန်မာဘုန်းတော်ကြီးကျောင်းတွေ အပါအဝင် ထေရဝါဒဘုန်းကြီးကျောင်းတွေ ရှိကြပါတယ်။ ဥပုသ်ပြုတဲ့ကျောင်းက အလွန်ပဲနည်းတယ်လို့ သိရပါတယ်။ ပိုက်ဆံကိုင်မှု၊ အလှူခံမှု၊ ကပ္ပိယမထားဘဲ ရဟန်းကိုယ်တိုင် ချက်ပြုတ်စားသောက်မှု၊ သဟသေယျ ပြုလုပ်မှုတွေကို အမေရိကရောက် ရဟန်းအများစုဟာ ပြုလုပ်နေကြတယ်လို့ ကြားသိရပါတယ်။ ကား ကိုယ်တိုင်မောင်းပြီး ဆွမ်းစားပင့်ရာအရပ်ကို ဆွမ်းစားသွားကြတယ်စတဲ့ အခြေအနေတွေကိုလည်း ကြားသိရပါတယ်။ ဗေဒင်ဟော၊ ယတြာခြေပေး၊ ရေဖြန်းပေး၊

http://www.dhammadownload.com

ပရိတ်ကြီးပေးစတဲ့အလုပ်တွေကို အချို့သံဃာတွေ ပြုလုပ်နေကြတယ်လို့ လည်း ကြားသိရပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက သူ့သြဝါဒ ခံယူရာနေရာတွေမှာ အဲဒီအပြုအမူတွေကို မပြုလုပ်ရအောင် ဆုံးမ သြဝါဒပေးပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက ဥပုသ်နေ့မှာ ဥပုသ်ပြုအပြီး ရဟန်းတွေအား သြဝါဒပေးလေ့ရှိပါတယ်။ ဒီတန်ခူး လပြည့်နေ့မှာလည်း သြဝါဒပေးပါသေးတယ်။

'ဝိနယော နာမ သာသနဿ အာယု၊ ဝိနည်းဟာ သာသနာ တော်ရဲ့အသက်ပဲ။ ဘုရားဥပဒေတော် ဝိနည်းတွေကို လိုက်နာကျင့်သုံး မှ ရဟန်းမှာ သာသနာသက်ရှင်နေပါတယ်။ သာသနာသက်ရှင်နေစေဖို့ ရဟန်းတိုင်းမှာ အရေးကြီးပါတယ်။ အသက်တော့ ရှင်ပါရဲ့၊ ဒဏ်ရာ အနာတရဖြစ်နေတယ်ဆိုရင်လည်း မကောင်းပါ။ ကုစားလို့ ရကောင်းတဲ့ အာပတ်တွေသင့်နေရင် ဒဏ်ရာအနာတရ ဖြစ်တာနဲ့တူပါတယ်။ သာ သနာအသက် ရှင်နေရုံမျှနဲ့လည်း ကျေနပ်အားရမနေသင့်ပါ။ သာသနာ သန်မာထွားကျိုင်းနေဖို့လည်း လိုအပ်နေပါသေးတယ်။ သာသနာ သန်မာ ထွားကျိုးဖို့ရာကတော့ သီလရှိရုံမျှမက သမာဓိ၊ ပညာပါရှိလာအောင် ကြိုးစားရပါမယ်။ သတိပဋ္ဌာန်တရားအားထုတ်ကြရပါမယ်။'

မြန်မာနိုင်ငံက ဗုဒ္ဓသာသနာနယ်ပယ်မှာ ရဟန်းသက်ထွက်နေတဲ့ ရဟန်းအမည်ခံပုဂ္ဂိုလ်တွေ ရှိကြောင်းကိုလည်း ကြားသိရပါတယ်။ အသက်မသေပေမယ့် ဒဏ်ရာအနာတရဖြစ်နေကြတဲ့ ရဟန်းတွေလည်း ရှိနေကြပါတယ်။ သာသနာအသက်တော့ ရှင်ပါရဲ့၊ သာသနာ သန်မာ ထွားကျိုင်းမှုမရှိတဲ့ ရဟန်းတွေလည်း ရှိနေကြပါတယ်။ သာသနာ အသက်ရှင်ပြီး သန်မာထွားကျိုင်းနေတဲ့ရဟန်းတွေလည်း ရှိနေကြပါ တယ်။ မြန်မာနိုင်ငံမှာ သာသနာဆက်လက်တည်ရှိကာ ရှင်သန်စေလို ရင် သီလ၊ သမာဓိ၊ ပညာအကျင့်တွေကို ကျင့်နိုင်ကြမှ ဖြစ်နိုင်ကြ ပါမယ်။ သီလ၊ သမာဓိ၊ ပညာအကျင့်တွေကို အလေးမပြုဘဲ ဘေး

http://www.dhammadownload.com

ဖယ်ထားကြရင်တော့ မြန်မာမှာ သာသနာ ဘယ်မှာတည်ရှိနိုင်ပါတော့မလဲ။ သာသနာဆိတ်သုဉ်းတဲ့ မြန်မာနိုင်ငံဖြစ်သွားပါလိမ့်မယ်။

ငြိမ်းချမ်းရေးနဲ့ သတိပဋ္ဌာန်

မောင်လှဝင်း...

လူဦးရေသန်းပေါင်း ၁၀၀၀ ကျော်စီ ရှိကြတဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေနဲ့ နှိုင်းစာရင် အမေရိကက လူဦးရေက များစွာပဲ နည်းနေပါတယ်။ ၂၀၀၅ ဧပြီလအထိ ၂၉၅,၉၀၀,၃၇၀ ရှိပါတယ်။ သန်းပေါင်း ၃၀၀ တောင် မရှိသေးပါ။ အမေရိကဟာ ရပ်ဝန်းထူနဲ့ နည်းပညာပိုင်းမှာ အတိုးတက်ဆုံးလို့ သိရပါတယ်။ အမေရိကရဲ့ အင်္ဂလန်လက်အောက်ခံ ဘဝမှ လွတ်လပ်ရေးရခဲ့တဲ့နေ့က ၄၊ ၇၊ ၁۷۷۶ နေ့ ဖြစ်ပါတယ်။ အဲဒီနေ့ကို အမေရိကရဲ့ လွတ်လပ်ရေးနေ့အဖြစ် သတ်မှတ်ထားပါတယ်။ အမေရိကဟာ နှစ်ပေါင်း ၃၀၀ အတွင်း ကမ္ဘာ့အင်အားအကြီးမားဆုံး နိုင်ငံအဆင့်ကို ရောက်သွားပါတယ်။ အမေရိကနိုင်ငံ လူဦးရေထဲမှာ ခရစ်ယာန်ဘာသာဝင်ဦးရေက ၇၇ ရာခိုင်နှုန်းရှိပါတယ်။ ဘာသာမဲ့ဦးရေက ၁၄ ရာခိုင်နှုန်း ရှိပါတယ်။ ဂျူးဘာသာဝင်ဦးရေက ၁.၅ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာဝင်က တစ်ရာခိုင်နှုန်းရဲ့ တစ်ဝက်၊ မူဆလင်ဘာသာဝင်က တစ်ရာခိုင်းနှုန်းရဲ့ တစ်ဝက်၊ ဟိန္ဒူဘာသာဝင်က တစ်ရာခိုင်နှုန်းရဲ့ ဆယ်ပုံ ၄ ပုံ၊ ဘာသာစုံဝါဒရှင် က တစ်ရာခိုင်နှုန်းရဲ့ ၁၀ ပုံ ၃ ပုံ။ အဲဒီရာခိုင်နှုန်းကလည်း ၂၀၀၁ ခုနှစ်က အရေအတွက်ဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်နောက်ပိုင်းမှာ အပြောင်းအလဲရှိပါလိမ့်မယ်။ ဗုဒ္ဓဘာသာဝင်ဦးရေက အမေရိကမှာ တိုးတိုးလာနေပါတယ်တဲ့။ အမေရိကနိုင်ငံမှာ ပြည်နယ်ပေါင်း ၅၂ ရှိပါတယ်။

http://www.dhammadownload.com

အမေရိကက ဘီယာဆိုင်တစ်ဆိုင်ရဲ့နာမည်ကို 'ဗုဒ္ဓ'လို့ နာမည်ပေးထားတာတွေ့ရပါတယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့ ပေးထားကြတယ်လို့ မသိရပါ။ ဗုဒ္ဓဘာသာဝင်တွေအဖို့တော့ မနှစ်မြို့စရာဖြစ်ပါတယ်။ ဆေးခြောက်ကို ဗုဒ္ဓလို့တောင် ခေါ်ဝေါ်တာ ရှိပါသတဲ့။ ဆေးခြောက်က စိတ်ငြိမ်စေလို့ စိတ်ငြိမ်းချမ်းမှုပေးတဲ့ ဗုဒ္ဓအမည်နဲ့ ဆေးခြောက်ကို ခေါ်ပုံရပါတယ်လို့ အမေရိကန်တစ်ဦးက ပြောပြပါတယ်။ အ့ဆင့်မြင့် ညကလပ်တစ်ခုမှာ ရပ်တော်မူပုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ထားရှိတယ်လို့ လည်း ကြားသိရပါတယ်။ ဗုဒ္ဓဘာသာအကြောင်းကိုလည်း အမေရိကတက္ကသိုလ်တွေမှာ လေ့လာရပါသတဲ့။ အမေရိကန်တွေက ဗုဒ္ဓဘာသာအကြောင်းကို ထူးထူးခြားခြား မသိတောင်မှ ဗုဒ္ဓဟာ ထူးခြားတဲ့ သူတော်စင်တစ်ဦး၊ ခေါင်းဆောင်တစ်ဦးလို့တော့ သိကြပါသတဲ့။ ဗုဒ္ဓရဲ့ သတိပဋ္ဌာန် ဝိပဿနာတရားကို အမေရိကန်တွေသာမက အနောက်တိုင်းသားတွေကပါ ပို့ချပို့ချ စိတ်ဝင်စားလာနေကြပါတယ်၊ လေ့လာလိုက်စားနေကြပါတယ်။

ဗုဒ္ဓရဲ့တရားဂုဏ်တော် ၆ ပါးထဲမှာ 'ဧဟိ ပဿိက၊ လာပါ၊ ကြည့်လှည်ပါ'လို့ ဖိတ်မံတိုက်တွန်းထိုက်တဲ့ တရားတော်'လို့ ဂုဏ်တော်တစ်ခု ပါဝင်ပါတယ်။ ကိုယ်တိုင်တွေ့ရှိရမှ ကျေနပ်တတ်တဲ့ အနောက်တိုင်းသားတွေအဖို့ ဗုဒ္ဓရဲ့သတိပဋ္ဌာန်တရားဟာ အားရကျေနပ်စရာဖြစ်နေပါတယ်။ သတိပဋ္ဌာန်လိုက်စားသူဦးရေ ကမ္ဘာကြီးမှာ များလာလေလေ ကမ္ဘာကြီးဟာ ငြိမ်းချမ်းလာလေလေပါပဲ။ ကမ္ဘာ့ငြိမ်းချမ်းရေးကို အလိုရှိသူတွေသာ ဒီသတိပဋ္ဌာန်ကို လေ့လာလိုက်စားနိုင်ကြရင် ကမ္ဘာကြီး ပိုမိုငြိမ်းချမ်းလာအောင် ဆောင်ရွက်နိုင်ကြပါလိမ့်မယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ သတိပဋ္ဌာန်ဟာ အရေးပါတယ်လို့ ကမ္ဘာ့ခေါင်းဆောင်တွေ နားလည်လက်ခံနိုင်ကြရင် သိကောင်းမှာပါပဲ။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖျက်ဆီးတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊

http://www.dhammadownload.com

မာန၊ ကျွဿာ၊ မစ္ဆရိယ တရားဆိုးတွေကို နှိမ်နင်းသုတ်သင်ရှင်းလင်း ချေမှုန်းရာမှာ သတိပဋ္ဌာန်အစွမ်းက ထက်လှပါပေတယ်။

ချဉ်ဖြူးဖြူးနဲ့

မောင်လှဝင်း...

တထာဂတရိပ်သာက ဒီ ၂၇ ရက် တရားစခန်းမှာ တစ်နေ့အတွက် ယောဂီတစ်ယောက်လျှင် ၂၅ ဒေါ်လာပေးရပါတယ်။ ၂၇ ရက်အတွက်ဆိုရင် ၆၇၅ ဒေါ်လာ ပေးရပါတယ်။ မြန်မာငွေနဲ့ တွက်ကြည့်ရင် အလွန်ပဲများလှပါတယ်။ အတော်အတန် ချမ်းသာကြွယ်ဝသူတောင် မြန်မာနိုင်ငံမှာဆိုရင် တရားအားထုတ်ဖို့ ခက်ပါမယ်။ အလကားရတယ်ဆိုရင်လည်း ပေါ့ပေါ့ဆဆ သဘောထားချင် ထားကြပါမယ်။ ဒေါ်လာများစွာ ပေးရတယ်ဆိုတော့ ကိုယ့်ပိုက်ဆံကုန်ရကျိုးနပ်အောင် ကြိုးစားကြပါလိမ့်မယ်။ သာမန်ဆန္ဒ၊ သာမန်စိတ်ဝင်စားမှုနဲ့ ဆိုရင် ဒီလိုတရားစခန်းမျိုးကို လာရောက်အားထုတ်နိုင်ကြမယ် မဟုတ်ပါ။

တထာဂတ တရားရိပ်သာရဲ့ လစဉ်ကုန်ကျငွေစာရင်းကို မေးကြည့်လို့ သိရပါတယ်။ မသက်သာလှပါ။ တရားရိပ်သာဌာန ဝယ်ယူထားလို့ လစဉ်ပေးဆပ်နေတဲ့ အကြွေး ဒေါ်လာက ၂၀၀၀၊ ရိပ်သာရှိ ပစ္စည်း အကောက်အခွန်ငွေက ၁၂၆၈၊ ဘီးလင်းဆရာတော်ရဲ့ ကျန်းမာရေး အာမခံငွေက ၈၅၇၊ လျှပ်စစ်ဖိုးက ၇၀၄၊ အစားအစာအတွက် ၂၅၀၊ တယ်လီဖုန်းနဲ့ အင်တာနက်အတွက် ၂၂၀၊ ရေအတွက် ၂၀၀၊ အမှိုက်စွန့်ပစ်ခ ၁၅၀၊ ဥယျာဉ်ပြုပြင်ထိန်းသိမ်းခ ၁၅၀၊ ကားအာမခံငွေက ၁၁၁၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၉၁၀ ကုန်ကျပါသတဲ့။ လစဉ်ကုန်ကျပါတယ်။ ၁၀ လဆိုရင် ၅၉၁၀၀၊ တစ်နှစ်ဆိုရင် ၇၀၉၂၀

http://www.dhammadownload.com

ဒေါ်လာ ကုန်ကျပါမယ်။ တထာဂတခမ္မမိသားစုဝင် ဒကာ ဒကာမတွေရဲ့ ကူညီထောက်ပံ့မှု မရှိရင် တထာဂတရိပ်သာ ရပ်တည်နိုင်ဖို့ မလွယ်ကူပါ။

တထာဂတရိပ်သာ ဒီတရားစခန်းမှာ ယောဂီတွေထံက ရရှိတဲ့ ငွေဟာ ဒီတရားစခန်းအတွက် အသုံးပြုရလို့ ကုန်သွားပါသတဲ့။ ယောဂီတွေရဲ့ အရဏ်ဆွမ်း၊ နေ့ဆွမ်းမှာ သက်လွတ်ပဲ ကျွေးမွေးပါတယ်။ ကျွေးမွေးတဲ့ အသီး၊ အရွက်စတဲ့ စားသောက်ဖွယ်တွေက ယောဂီတွေ အားရကျေနပ်ဖွယ်ဖြစ်အောင် ပြည့်စုံကောင်းမွန်ကြပါတယ်။ ကော်ဖီ၊ မိုင်လိုစတဲ့ အချိုပွဲအတွက်လည်း ပြည့်စုံကောင်းမွန်လှပါတယ်။ ချက်ပြုတ်ရာနေရာ၊ စားသောက်ရာ၊ အစားအသောက်ယူရာ နေရာတွေကလည်း သန့်ရှင်းလှပါတယ်။ သပ်ရပ်လှပါတယ်။ ကိုယ်စားသောက်မယ့် အစားအသောက်ကို ကိုယ်တိုင်ယူစားစနစ်ကို ကျင့်သုံးပါတယ်။ ကော်ဖီ၊ ဖျော်ရည်စသည်တွေကိုလည်း လိုလေသေးမရှိရအောင် စီမံထားပါတယ်။ အလိုရှိသလောက် သောက်သုံးနိုင်ကြပါတယ်။ လုပ်အားပေးကုသိုလ်ရှင်တွေ ရှိကြပါတယ်။

ဆရာတော် သံဃာတော်တွေ ဘုဉ်းပေးဖို့တော့ သက်လွတ်တင်မကပါ။ တစ်ပတ်မှာ နေ့စဉ် ကိုယ့်အလှည့်နဲ့ကိုယ် ဆွမ်း၊ ဆွမ်းဟင်းလှူကြတဲ့ မြန်မာဒကာ ဒကာမတွေ ရှိကြပါတယ်။ သူတို့က သက်မလွတ်တာတွေလည်း လှူကြပါတယ်။ ရိပ်သာကလည်း စီစဉ်ချက်ပြုတ်ပေးပါတယ်။ သံဃာတွေအတွက် ချက်ပြုတ်ပေးတဲ့ ဗီယက်နမ်တရုတ် ဒကာမ အန်းရဲ့လက်ရာတွေထဲမှာ ဗီယက်နမ် မုန့်ဟင်းခါးဟာ အထူးပဲကောင်းပါတယ်။ အန်းက စားဖွယ်၊ သောက်ဖွယ်တွေကို တစ်နေ့တစ်မျိုး မရိုးရအောင် အမျိုးမျိုး ဆက်ကပ်ပါတယ်။ အန်းရဲ့ ရေမရောတဲ့ ကမ္မလာသီးဖျော်ရည်ကလည်း အရသာရှိပါတယ်။ အပင်တွေမှာ ဝင်းဝါပြွတ်သိပ်နေတဲ့ ကမ္မလာသီး၊ သံပရိသီးတွေကို ဘယ်သူမှ မစား

http://www.dhammadownload.com

သုံးကြပါ။ မောင်လှမြင့်က အဲဒီအသီးတွေကိုခူးကာ ဖျော်ပေးတဲ့ လတ်လတ်ဆတ်ဆတ် ဖျော်ရည်ကလည်း အမှတ်တရရှိစေပါတယ်။ အန်းရဲ့ ဖျော်ရည်နဲ့ အရသာမတူဘဲ တစ်မျိုးကောင်းပါတယ်။ အန်း ဖျော်ရည်ကတော့ သကြားမပါပါ။ မောင်လှမြင့်ရဲ့ဖျော်ရည်မှာတော့ သကြားရော ဆားပါ ပါတာမို့ ချဉ်ဖြီးဖြီးနဲ့ မုန်းလို့မရအောင်ပဲ ကောင်းနေပါတယ်။

သူတောင်းစား

မောင်လှဝင်း...

ပဏ္ဍိတာရာမဆရာတော်ကြီးနဲ့ သာမဏေကျော်တို့ဟာ ဗီယက်နမ်တွေ ဖွင့်ထားတဲ့ သွားဆေးခန်းကို ၂၆၊ ၄၊ ၂၀၀၅ နေ့ နေ့လယ် တစ်နာရီခွဲမှာ သီလရှင်မမုဒုဘာဏိနီမောင်းတဲ့ကားနဲ့ သွားခဲ့ပါတယ်။ နာရီဝက်လောက် မောင်းရပါတယ်။ ဦးသုမနသိရိက ဆရာတော်ကြီးအတွက် ဘာသာပြန်ပေးပါတယ်။ ၃ နာရီမှာ ၂ ပါးလုံး ပြီးပါတယ်။ သွားတွေမှာရှိတဲ့ ကြေးတွေကို သန့်စင်ပေးပါတယ်။ ဓာတုသိုလ်ဖြစ်ပြုလုပ်ပေးကြပါတယ်။ သွားကို ၂ ခါ ဓာတ်ရောင်ခြည်ရိုက်ကြည့်ပါသေးတယ်။ ကားပေါ်တက်ခါနီးမှာ ဆရာတော်ကြီးက 'အခြစ်ခံလိုက်ရပြီပေါ့'လို့ မိန့်ပါတယ်။ 'ချစ်ခင်'မှာပါတဲ့ ယပင့်ချစ်သံနဲ့ရောနေတော့ ရယ်စရာမိန့်သလို ဖြစ်သွားပါတယ်။ အပြန်လမ်းတစ်ဝက်လောက်မှာ အိမ်ရာမဲ့၊ စစ်ထွက်၊ တောင်းစားသူတစ်ယောက်ကို စာတန်းကိုင်ဆွဲပြီး ပလက်ဖောင်းပေါ် လျှောက်သွားကာ တောင်းစားနေတာ တွေ့ရပါတယ်။ အသားမည်းမည်းနဲ့ အရပ်မျှားစွာရှည်သူဖြစ်ပါတယ်။ အလုပ်လုပ်စားနိုင်တဲ့ အရွယ်ရှိသူပါပဲ။ ဘာကြောင့်များ တောင်းစားတာပါလိမ့်လို့ တွေးနေစဉ် ကားမောင်းနေသူ မုဒုဘာဏိနီက သူမ တက္ကသိုလ်ကျောင်းသူ

http://www.dhammadownload.com

ဘဝက ကြားခဲ့ရတဲ့ လူငယ်သူတောင်းစားတစ်ယောက်အကြောင်း ပြော ပြတာကို ကြားရပါတယ်။ အဲဒီလူငယ် တောင်းစားနေတာကို တွေ့ရလို့ လူတစ်ဦးက မေးတဲ့အခါ သူလုပ်မယ့်အလုပ်ထက် အခုတောင်းစားရ တဲ့အလုပ်ဟာ ပိုပြီးပိုက်ဆံရလို့ တောင်းစားတာပါလို့ ဖြေပါတယ်တဲ့။

ဆရာတော်ကြီးက ဦးသုမနသိရီကို ပြောပြပါတယ်။

'ရဟန်းတွေရော၊ ဆရာလေး (သီလရှင်) တွေပါ တောင်းစား သူတွေပါပဲ။ သူတစ်ပါး လှူတာကိုမှီပြီး အသက်မွေးရသူတွေပါပဲ။ သူတောင်းစားတွေလို 'အကျွန်ပ်ကို ကူညီပါ၊ ပေးပါ'လို့တော့ ရဟန်း သံဃာတွေက မတောင်းကြရပါ။ အိမ်ရှေ့မှာ ရပ်ကြရပါတယ်။ ဦးသုမန သိရီကော အိမ်တွေမှာ ဆွမ်းခံတာလား၊ စားသောက်ဆိုင်တွေမှာ ဆွမ်း ခံတာလား။ (ဦးသုမနက ဆိုင်တွေမှာ ရပ်တယ်လို့ ဖြေပါတယ်။) အဲဒီသူတောင်းစားတွေကတော့ အလုပ်မရှိလို့ တောင်းစားကြသူတွေပဲ၊ ရဟန်းသံဃာတွေက အလုပ်ရှိကြပါတယ်။ ဆရာလေးတွေလည်း ဆွမ်းဆန်ခံထွက်ကြည့်ပါလား။'

ဦးသုမနသိရီက ဒီလိုပြောပါတယ်။

'တပည့်တော်တို့ ရဟန်းတွေကတော့ ပိုက်ဆံလှူကြပေမယ့် အလှူမခံရလို့ အလှူမခံကြပါ။ သီလရှင်တွေကတော့ ပိုက်ဆံလှူရင် အလှူခံရလို့ အဆင်ပြေပါမယ်။ သီလရှင်ဘဝရပ်တည်နိုင်ရေးအတွက် အထောက်အကူဖြစ်ပါမယ်။ ဒကာ ဒကာမတွေက သီလရှင်အား လှူလေ့မရှိကြပါ။'

အမေရိကန်သူဖြစ်တဲ့ မဒုဘာဏီနီက လူ့ဘဝတုန်းက သူရှာဖွေ ထားတဲ့ ပိုက်ဆံနဲ့ သီလရှင်ဘဝ ရပ်တည်ရပါတယ်တဲ့။ ပဏ္ဍိတာရာမ ဆရာတော်ကြီးက မဒုဘာဏီနီအား ကားပေါ်က ဆင်းခါနီးမှာ မိန့်လိုက် ပါသေးတယ်။

'မြန်မာပြည်မှာ စာလာသင်ရင် အစားအစာပေးမယ်၊ နေရာပေး မယ်'တဲ့။

http://www.dhammadownload.com

အပိုင်း ၃
သူတို့အကြိုက် သူတို့စရိုက်

မကြိုးစားကြရင်

မောင်လှဝင်း...

တထာဂတတရားရိပ်သာမှာ တစ်နှစ်အတွက် တရားစခန်းကြီး ၄ ခု ရှိပါတယ်။ နှစ်စဉ်ပါပဲ။ ပဏ္ဍိတာရာမဆရာတော်ကြီးရယ်၊ ဆရာတော် ဦးသီလနန္ဒာဘိဝံသရယ်၊ ဘီးလင်းဆရာတော်ရယ်၊ ဦးစိပ္ပ ပညော (ဗီယက်နမ်) ဆရာတော်ရယ် ဒီ ၄ ပါးက တရားပြပေးကြပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးနဲ့ ၂၇ ရက်၊ ကျန်ဆရာတော် ၃ ပါးနဲ့ ၉ ရက်စီ၊ တစ်နှစ်လုံးမှာ ၅၄ ရက် ရှိပါတယ်။ လူငယ်ဗုဒ္ဓ ယဉ်ကျေးမှုသန်တန်းက တစ်လမှာ တနင်္ဂနွေနေ့တစ်ကြိမ်၊ နံနက် ၉ နာရီခွဲမှ နေ့လယ် ၂ နာရီထိ ဖြစ်ပါတယ်။ အသက် ၁၆ နှစ်အောက် ဖြစ်ပါတယ်။ လူကြီးတွေအတွက် တစ်လမှာ တနင်္ဂနွေနေ့ နှစ်ကြိမ် တရားရှုမှတ်တဲ့သင်တန်းက ည ၇ နာရီမှ ၉ နာရီအထိ ဖြစ်ပါတယ်။ စနေ၊ တနင်္ဂနွေ တရားစခန်းက အားလုံးအတွက် တစ်လမှာ ၂ ကြိမ် ရှိပါသေးတယ်။ ၁၆ နှစ်အောက် ကလေးတွေအတွက် တရားစခန်း ၇ ရက်၊ တစ်နှစ်မှာ တစ်ကြိမ်၊ ၁၆ နှစ်အထက် လူငယ်များအတွက် တစ်နှစ်မှာ တစ်ပတ် တရားစခန်းရှိပါတယ်။ ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းအတွက် သင်တန်းစာ စာအုပ် ၂ အုပ်လည်း အင်္ဂလိပ်လို ရေးထုတ်ထားတယ်။ ပဏ္ဍိတာရာမ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းမှာ ပြဋ္ဌာန်းထားတဲ့ သင်ခန်းစာစာအုပ်တွေထဲက ထုတ်နုတ်ဖော်ပြထားတာ

http://www.dhammadownload.com

ဖြစ်ပါတယ်။ ဦးဇဋ္ဌိလ၊ ဦးသုမနသိရီ၊ မပိယဘာဏိနီတို့က အင်္ဂလိပ်လို သင်ပေးကြပါတယ်။ ဦးသုမသိရီနဲ့ မပိယဘာဏိနီတို့က အမေရိကန်လူမျိုးတွေဖြစ်တာမို့ အမေရိကမှာ မွေးဖွားကြီးပြင်းကြတဲ့ မြန်မာလူငယ်တို့အဖို့ ပိုမိုအဆင်ပြေပါတယ်။

မြန်မာတွေဖြစ်ပေမယ့် အမေရိကမှာ မွေးဖွားရင်၊ မြန်မာမှာ မွေးဖွားခဲ့ပေမယ့် အမေရိကမှာ ကြီးပြင်းခဲ့ရင် အင်္ဂလိပ်စကားက မြန်မာစကားထက် ပိုမိုနားလည်ရင်းနှီးနေပါတယ်။ မြန်မာဗုဒ္ဓသာသနာဝင်တွေဟာ မြန်မာစကား မြန်မာ့ယဉ်ကျေးမှုတွေနဲ့ရော ဗုဒ္ဓအဆုံးအမတွေနဲ့ပါ မကင်းကွာသင့်ကြပါ။ စိမ်းမနေသင့်ကြပါ။ ပြည်ပရောက် မြန်မာဗုဒ္ဓသာသနာဝင်တွေဟာ ဗုဒ္ဓသာသနာနဲ့ ကင်းဝေးနေတတ်ကြပါတယ်။ မြန်မာ့ယဉ်ကျေးမှု၊ ဗုဒ္ဓယဉ်ကျေးမှုတွေ ရှိရမယ့်အစား ပြည်ပယဉ်ကျေးမှုတွေက ဝင်ရောက်နေရာယူထားကြပါတယ်။ မြန်မာလူမျိုးဖြစ်ပါလျက် မြန်မာစကား မပြောတတ်ကြတော့ ဗုဒ္ဓသာသနာဝင်တွေဖြစ်ပါလျက် ဗုဒ္ဓအဆုံးအမတွေထဲက ငါးပါးသီလကိုတောင် မသိကြတာဟာ ဝမ်းနည်းစရာပါပဲ။ မြန်မာတွေဖြစ်ပါလျက် မြန်မာစကား မပြောတတ်တာကိုပဲ ဂုဏ်ယူစရာလို့ ထင်မှတ်နေတာဟာ ပိုမိုဝမ်းနည်းစရာပါပဲ။ ဗုဒ္ဓသာသနာဝင်တွေ ဖြစ်ပါလျက် ရဟန်းသံဃာတွေနဲ့ စကားမပြောတတ်တာကိုပဲ ဂုဏ်ရှိသယောင် ထင်မှတ်နေကြတာဟာလည်း ပိုမိုဝမ်းနည်းစရာပါပဲ။

ပြည်ပရောက် မြန်မာရဟန်းသံဃာတွေရော၊ မြန်မာ ဒကာ၊ ဒကာမတွေပါ မြန်မာစကား၊ မြန်မာ့ယဉ်ကျေးမှုတွေကို မပျောက်ပျက်အောင်၊ ရှင်သန်နေအောင် ကြိုးစားပေးကြဖို့ လိုအပ်လှပါတယ်။ အလေးထားသင့်ကြပါတယ်။ အလေးမထား၊ မကြိုးစားကြရင် ပြည်ပရောက် မြန်မာတွေရဲ့နှုတ်ဖျားမှာ မြန်မာစကား ပျောက်ကွယ်သွားပါလိမ့်မယ်။ မြန်မာ့ယဉ်ကျေးမှု၊ ဗုဒ္ဓယဉ်ကျေးမှုတွေဟာလည်း မြန်မာတွေနဲ့ ဝေးကွာသွားကြပါလိမ့်မယ်။

http://www.dhammadownload.com

မလည်မဂယ်

မောင်လှဝင်း...

ရန်ကုန်နဲ့ တထာဂတရိပ်သာ တည်ရှိရာမြို့ဖြစ်တဲ့ ဆန်ဟိုဈေးမြို့ဟာ မိုင်ပေါင်း ၈၄၆၉,၀၃ ကွာဝေးပါတယ်။ အဲဒီလို မိုင်ပေါင်း ၉ ထောင်နီးပါး ကွာဝေးတယ်ဆိုတာကို အင်တာနက်ကနေ သိရပါတယ်။ မိုက်ပေါင်း ၉ ထောင်လောက် ကွာဝေးပေမယ့် ဖုန်းဆက်လိုက်ရင် တစ်ခဏအတွင်း အသံရောက်သွားပါတယ်။ အင်တာနက်ကနေ ဖုန်းစကားပြော၊ ဓာတ်ပုံပို့၊ စာနဲ့ရေးပို့တာတွေဟာလည်း တစ်ခဏအတွင်း ရောက်သွားပါတယ်တဲ့။ သိပ္ပံပညာရဲ့တိုးတက်မှုက အံ့ဩြစရာပါပဲ။ သာမဏေကျော်တို့ဟာ ရန်ကုန်ကနေ အမေရိကထိရောက်အောင် နာရီပေါင်း ၁၇ နာရီလောက် ကြာတဲ့အထိ လေယာဉ်စီးခဲ့ရပါတယ်။ ထိုင်းလေယာဉ်ကွင်းမှာရော၊ ဂျပန်လေယာဉ်ကွင်းမှာပါ နားကာ စောင့်နေခဲ့ရတဲ့အချိန်တွေကလည်း ကြာပါတယ်။ အဘိညာဉ်တန်ခိုးနဲ့သာ ကောင်းကင်ခရီးမှာ သွားနိုင်ရင် မိုင်ပေါင်း ၉ ထောင်ခရီးကို တစ်ခဏအတွင်း ရောက်သွားမှာပါပဲ။ မြန်မာနိုင်ငံက အမေရိကံသံရုံးကို သွားရတာ Passport နဲ့ ဗီဇာအတွက် အလုပ်ရှုပ်ရတာစသည်တွေ ကင်းဝေးသွားမှာပါပဲ။ စိတ်တန်ခိုးမရှိတော့ ရုပ်တန်ခိုးကိုပဲ အားကိုးနေကြပါတယ်။ အဘိညာဉ်တန်ခိုးသာရှိရင် အချိန်ကုန်လည်းသက်သာ၊ ငွေကုန်လည်း လုံးဝမရှိတော့ပါ။ အခုတော့ တစ်ပါးအတွက် အသွား အပြန်ခရီးစရိတ်က အမေရိကန်ဒေါ်လာ ၂ ထောင်ကျော် ကုန်ကျပါတယ်။ မြန်မာငွေနဲ့ဆိုရင် ဘယ်လောက်ရှိမလဲ၊ တွက်ကြည့်ပေါ့။

စိတ်တန်ခိုး (အဘိညာဉ်) မရသေးတော့ လေယာဉ်ကွင်းမှာ မကျွမ်းကျင်သူတို့ တွေ့ရတဲ့အခက်အခဲတွေကို သာမဏေကျော်မှာ တွေ့ရပါမယ်။ အခုခရီးနဲ့ ပြီးခဲ့တဲ့ ပြည်ပခရီးတွေမှာ ကျွမ်းကျင်သူတွေ

http://www.dhammadownload.com

နဲ့အတူ သွားရတဲ့အတွက် အခက်အခဲမတွေ့ရပါ။ ထိုင်းလေယာဉ်ကနေ ဂျပန်လေယာဉ်ကို ကူးပြောင်းစီးဖို့ သွားရာမှာ အတော်ဝေးဝေး သွားရပါတယ်။ ပခုံးမှာ လွယ်ထားတဲ့သပိတ်ကတောင် လေးလာပါတယ်။ တီဗွီပေါ်မှာ သွားစောင့်ရမယ့်နေရာကို ဂဏန်းနံပါတ်တွေ၊ မြားစတာတွေနဲ့ ပြထားပေမယ့် တီဗွီတွေက လွန်စွာများလှတာမို့ မလည်မဝယ် သာမဏောကျော်ခမျာ မသွားတတ်သေးပါ။ မရွေးဟတ်သေးပါ။ လူဝင်မှုကြီးကြပ်ရေး၊စစ်ဆေးရေး၊ ကိုယ့်ပစ္စည်းရွေးယူရေးဌာနတွေကိုလည်း မသွားတတ်၊ မပြောဆိုတတ်သေးပါ။ လေယာဉ်လက်မှတ်ထဲတော့ ကိုယ်စီးမယ့် လေယာဉ်လိုင်း၊ ဂိတ်အမှတ်နံပါတ်တွေ ပါပါလိမ့်မယ်။ လေယာဉ်လက်မှတ်ကိုရော Passport ကိုပါ မစာရဒဿိနီကပဲ ယူထားပါတယ်။ လုပ်စရာ၊ ပြောစရာရှိရင် သူကပဲ လုပ်ပါတယ်။ လေယာဉ်ကွင်းထဲမှာ ခရီးသွားတစ်ဦးအဖို့ သိဖို့၊ ပြောဖို့၊ လုပ်ဖို့ လိုအပ်တာတွေကို ရေးထားတဲ့ အင်္ဂလိပ်သင်ခန်းစာမရှိဘူးလားလို့ အင်္ဂလိပ်စာကျွမ်းကျင်သူ၊ ပို့ချပေးသူဖြစ်တဲ့ မောင်လှမြင့်ကို မေးကြည့်တော့ ရှိပါတယ်လို့ ဖြေပါတယ်။ သူရှာပေးမယ်လို့ ပြောပါတယ်။ လေယာဉ်ပေါ် မြင်တွေ့ကြားသိရတဲ့ အကြောင်းအရာတွေကို ရေးပြထားတဲ့ အင်္ဂလိပ်သင်ခန်းစာတွေကို ဖတ်ရှုကြည့်လိုမိပါတယ်။ လေယာဉ်နဲ့ ပြည်ပခရီးသွားသူတိုင်း သိသင့်၊ ပြောသင့်၊ ပြုလုပ်သင့်တာတွေကို ရေးပြထားတဲ့စာပေတွေကို ကြိုတင်ဖတ်ရှုလေ့လာထားသင့်ကြပါတယ်။ ပြည်ပခရီးသွား အတွေ့အကြုံရှိသူတွေကိုလည်း မေးမြန်းလေ့လာထားသင့်ကြပါတယ်။

အသံဝဲဝဲလေးတော့

မောင်လှဝင်း...

အင်္ဂလိပ်စကားလုံး ဝေါဟာရကို မြန်မာတွေ သိကြပေမယ့်

http://www.dhammadownload.com

သိထားတဲ့အင်္ဂလိပ်စကားလုံးကို လက်တွေ့ပြောကြည့်၊ သုံးကြည့်ကြ ဖို့ မြန်မာတွေမှာ လိုအပ်နေပါတယ်။ သာမဏေကျော်လည်း အင်္ဂလိပ် စကားလုံးတွေကို အတော်အသင့်သိပါတယ်။ ဒါပေမဲ့ ပြောတဲ့အခါ အလေ့အကျင့်က မရှိတော့ သိပြီးသားအင်္ဂလိပ်စကားလုံးကို လွယ်လွယ် ကူကူနဲ့ ခွင်ကျအောင် မသုံးနိုင်သေးပါ။ အင်္ဂလိပ်စကားပြောဖို့ ရှက်နေ၊ ရွံ့နေရင်၊ မှားမှာကို စိုးရိမ်နေရင် စကားပြောမှာ တိုးတက်ဖို့မဖြစ်နိုင်ပါ။ တထာဂတရိပ်သာမှာနေတဲ့ ဦးဇဋ္ဌိလဟာ မြန်မာနိုင်ငံတုန်းက အင်္ဂလိပ် စကား အနည်းငယ်ပဲ သင်ယူဖူးပါတယ်။ အမေရိကမှာ ၃ နှစ်နေလိုက် တော့ စကားပြော၊ တရားဟော၊ တရားစစ်တွေမှာ ကောင်းကောင်း အလုပ်ဖြစ်နေပါပြီ။ သူက ပြောဖို့မရက်ဘူး၊ မရွံ့ဘူး၊ မှားမှာမစိုးရိမ် ဘူး။ ဥာဏ်လည်းကောင်း၊ ကြိုးလည်းကြိုးစားတော့ ကောင်းကောင်း ပြောနိုင်တယ်။ သူက အင်္ဂလိပ်စာကို အမေရိကန်တွေထံ နေ့စဉ် အချိန် များစွာ ဖတ်ခွင့်ရတယ်၊ သင်ယူခွင့်ရတယ်၊ ပြောခွင့်ရတယ်၊ သူအပြော မှားတာကို အမေရိကန်တွေက ပြင်ပေးကြတယ်။ မရက်မရွံ့ဘဲ အပြော များတော့ ပြောတတ်လာတာပါပဲ။ သူက ရုပ်မြင်သံကြားက အင်္ဂလိပ် စကား ပြောတွေကိုလည်း အမြဲနားထောင်တယ်၊ အစတော့ လုံးဝနား မလည်နိုင်ပေမယ့် နားထောင်ဖန်များတော့လည်း တဖြည်းဖြည်းနားလည် လာပါတယ်။ စကားလုံးတွေကို နားနဲ့ဖမ်းနိုင်လာပါတယ်။ အခုတော့ သတင်းတွေကို နားထောင်လိုက်ရင် သူအကုန်လုံးနီးပါး နားလည်နေပါ တယ်တဲ့၊ တော်တာပါပဲ။

အမေရိကန်ရဟန်းတော် ဦးသုမနသိရီက ဒီလိုပြောပါတယ်။

'အင်္ဂလိပ်စကားလုံးတွေကို မြန်မာတွေက များများသိထားကြ ပေမယ့် အပြောက နည်းနေကြတယ်။ အင်္ဂလိပ်စကားလုံး နည်းနည်း သိပေမယ့် များများပြောကြဖို့ လိုနေပါတယ်။ မြန်မာအများစုတွေမှာ အင်္ဂလိပ်စကားပြောဖို့ ရှက်ကြတယ်။ ရှက်တော့ နှုတ်ကထွက်မလာ၊

http://www.dhammadownload.com

ထွက်မလာတော့ မရဲ၊ မရဲတော့ မတိုးတက်ကြပါ။ တပည့်တော်ဟာ မြန်မာစကားကို နည်းနည်းသိပေမယ့် မရှက်ဘဲ ပြောပါတယ်။ တပည့်တော် ပြောတော့ မှားပါတယ်။ မှားတာကို ကြားရသူက ပြင်ပေးလို့ ရပါတယ်။ ပြင်ပေးလိုက်တော့ အမှန်သိရပြီး တိုးတက်လာပါတယ်။ မြန်မာတွေမှာ အင်္ဂလိပ်စာကို အရေး၊ အဖတ်၊ နားထောင်တာတွေထက် အပြောက ပိုလိုအပ်နေပါတယ်။ မြန်မာတွေ အင်္ဂလိပ်စကားတတ်ချင်ရင် အင်္ဂလိပ်စကား များများပြောကြပါလို့ တိုက်တွန်းချင်ပါတယ်။ အင်္ဂလိပ်တွေထံ အင်္ဂလိပ်စာကို အသက် ၁၂ နှစ်အောက် ကလေးတွေ သင်ယူရင် အင်္ဂလိပ်သံ ပီပီသသ ထွက်နိုင်ကြပါတယ်လို့ သိရပါတယ်။ ၁၂ နှစ်ထက် အသက် ၂၀ ကြားအရွယ်မှာ သင်ယူရင် အင်္ဂလိပ်အသံ ပီသမှုအားနည်းလာပါတယ်။ ၂၀ နဲ့ ၃၀ ကြားမှာ ပီသဖို့ ပိုခက်ပါတယ်။ ၃၀ ကျော်သွားရင်တော့ အင်္ဂလိပ်အသံလို ဖြစ်နိုင်ဖို့ ဝေးသွားပါတယ်လို့လည်း မှတ်သားရဖူးပါတယ်။ ပြောရင်လည်း များစွာအသံဝဲနေပါတယ်။ ဒါကြောင့် အသက်ငယ်ရွယ်စဉ်ကပဲ အင်္ဂလိပ်တွေထံ သင်ယူရင် အသံပီသကြပါတယ်။'

မောင်လှဝင်း သင်ယူရင်လည်း အသံဝဲဝဲလေးတော့ ပြောတတ်နိုင်ပါသေးတယ်။

သတ္တဝါတိုင်း ကြိုက်ပါတယ်

မောင်လှဝင်း...

ချိုသာယဉ်ကျေးတဲ့ မြတ်နိုးဖွယ်၊ ချစ်ဖွယ်စကား ပြောတတ်ရင် ကိုယ့်လုပ်ငန်းကိစ္စတွေဟာ အောင်မြင်တယ်၊ အခြွေအရံပေါတယ်၊ ဆက်ဆံရေး ပြေလည်တယ်။ ရိုင်းစိုင်းကြမ်းတမ်းပြီး နားမခံသာဖွယ်

http://www.dhammadownload.com

စကားကို ပြောရင်ဟော့ လုပ်ငန်းကိစ္စတွေ မအောင်မြင်နိုင်ပါ။ အခြွေအရံ ရှားပါးပါတယ်။ ဆက်ဆံရေး မပြေမလည်ဖြစ်တတ်ပါတယ်။ ဦးဇဋ္ဌိလ ကို အင်္ဂလိပ်စာသင်ပြပေးတဲ့သူတွေထဲက တချို့က ဦးဇဋ္ဌိလကို You are smart (wise intelligent) သင်ဟာ တော်တယ်၊ ဉာဏ်ရှိတယ်၊ ဉာဏ်ကောင်းတယ် လို့ အားပေးကာ ချီးကျူးစကား ပြောဆိုကြပါ သတဲ့။ အဲဒီအခါ မေတ္တာပါတဲ့ အဲဒီစကားလုံးတွေကြောင့် သူ့မှာ စိတ်ချမ်းသာရပါတယ်။ စိတ်အားရှိရပါတယ်။ သူတို့အပေါ်လည်း တုံ့ပြန်မေတ္တာဖြစ်ကာ ခင်မင်သွားပါသတဲ့။ ချိုသာယဉ်ကျေးတဲ့ မြတ်နိုးဖွယ်၊ ချစ်ဖွယ်စကားကို ဦးဇဋ္ဌိလလည်း ကြိုက်ပါတယ်။ မောင်လှဝင်းလည်း ကြိုက်ပါတယ်။ သာမဏေကျော်လည်း ကြိုက်ပါတယ်။ လူတိုင်း ကြိုက်ပါတယ်။ သတ္တဝါတိုင်း ကြိုက်ပါတယ်။ တိရစ္ဆာန်တွေတောင် ကြိုက်ပါတယ်။

ပုဂ္ဂိုလ်တစ်ဦးကတော့ ဦးဇဋ္ဌိလကို you are a hypocrite. သင်ဟာ ဟန်သမားပဲ၊ (Stereotype တုံးတိုက်သမားပဲ၊ Liar လူလိမ်ပဲ)လို့ ပြောပါသတဲ့။ အဲဒီအခါ ဦးဇဋ္ဌိလမှာ စိတ်မသက်မသာ ဖြစ်ရပါ သတဲ့။ ဟုတ်လို့ အပြောခံရတာထက် မဟုတ်ဘဲနဲ့ အပြောခံရတာက ပိုမိုအခံရခက်ပါလိမ့်မယ်။ ရိုင်းစိုင်းကြမ်းတမ်းပြီး နားမခံသာတဲ့ ဒီလို စကားမျိုးကို ဦးဇဋ္ဌိလလည်း မကြိုက်ပါ၊ မောင်လှဝင်းလည်း မကြိုက်ပါ၊ သာမဏေကျော်လည်း မကြိုက်ပါ၊ လူတိုင်း မကြိုက်ပါ။ သတ္တဝါတိုင်း မကြိုက်ပါ။ တိရစ္ဆာန်တောင် မကြိုက်ပါ။

မောင်လှဝင်းလည်း နန္ဒိဝိသာလ ဆိုတဲ့ဘုရားလောင်း နွားလားကြီး အကြောင်းကို ကြားဖူးမှာပါ။ 'ကောက်ကျစ်တဲ့နွား သွားလေ့၊ ရန်းလေ့'လို့ ပိုင်ရှင်ပုဏ္ဏားက ပြောတော့ လှည်းအစီးတစ်ရာကို မရှန်းဘဲနေတယ်။ အလောင်းအစားလုပ်တဲ့ ပုဏ္ဏားကြီးမှာ အသပြာတစ်ထောင် ရှုံးသွားတယ်။ စိတ်ဓာတ်ကျပြီး မှိုင်တွေနေတဲ့ ပုဏ္ဏားကြီးကို နှစ်ထောင်

http://www.dhammadownload.com

နဲ့အလောင်းအစားလုပ်ဖို့ နွားလားကပြောတယ်။ 'ကောင်းမြတ်တဲ့ နွားသွားလေ့၊ ရုန်းလေ့'လို့ ပြောပြီး ခိုင်းတော့ ဆက်စပ်နေတဲ့ လှည်းအစီးကစ်ရာကို ရုန်းပေးလိုက်တယ်။ အသပြာနှစ်ထောင် ရသွားလို့ ပုဏ္ဏားကြီး ပျော်ရွှင်သွားတယ်။ အဲဒါကိုပြောပြပြီး ဘုရားရှင်က အောက်ပါစကားကို မိန့်တော်မူပါတယ်။

'မနုညမေဝ ဘာသေယျ၊ နာမနုညံ ကုဒါစနံ၊
မနုညံ ဘာသမာနသ၊ ဂရုံ ဘာရံ ဥဒဇ္ဇဟိ၊
မနုဇ္ဇ နံ အလာဘေသိ၊ တေန စတ္တမနော အဟု။'

မြတ်နိုးဖွယ်စကားကိုသာ ပြောဆိုရပါတယ်။ မမြတ်နိုးဖွယ်စကားကို ဘယ်သောအခါမှ မပြောရပါ။ မြတ်နိုးဖွယ်စကားကို ပြောဆိုသူရဲ့ ကြီးလေးတဲ့တာဝန်ကို ဆောင်ရွက်ပေးတယ်။ အဲဒီပုဏ္ဏားကို ဥစ္စာလည်း ရစေပါတယ်။ ဒါကြောင့်လည်း ပုဏ္ဏားဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါတယ်။

ပြုပြင်ပေးရပါတယ်

မောင်လှဝင်း...

ပဏ္ဍိတာရာမဆရာတော်ကြီးက ယောဂီတွေအား တရားဟောရာမှာ စျာန်အကြောင်း ဟောပြနေပါတယ်။ စျာန်အကြောင်း ဟောရင်း အခြေခံရှုမှတ်ပုံနဲ့ပတ်သက်ပြီး ရှင်းလင်းချက်လေးတွေကို ဟောသွားပါတယ်။ တရားစခန်းတိုင်းရဲ့ ပထမပတ်မှာ ရှုမှတ်ပုံ ရှုမှတ်နည်းအကြောင်း အသေးစိတ်၊ အပြည့်အစုံ ဟောပြရင် ယောဂီတွေအား ကျေးဇူးပိုများပါတယ်။ ယောဂီတွေထဲမှာ အခြားကမ္မဋ္ဌာန်းနည်းတွေနဲ့သာ အားထုတ်ဖူးပြီး ဒီမဟာစည်နည်းနဲ့ အားမထုတ်ဖူးသေးတဲ့ ယောဂီ

http://www.dhammadownload.com

တွေပါပါတယ်။ လုံးဝတရားအားမထုတ်ဖူးသေးသူတွေလည်း ပါပါတယ်။ အားထုတ်ဖူးပေမယ့် ကျကျနန နည်းမရသေးတဲ့ ယောဂီတွေလည်း ပါပါတယ်။ အဲဒီလို ယောဂီတွေအတွက် ရှုမှတ်ပုံ၊ ရှုမှတ်နည်းအသေးစိတ် အပြည့်အစုံ ဟောပြဖို့ ပိုပြီးလိုအပ်ပါတယ်။ အခြားနည်းတွေနဲ့ အားထုတ်ခဲ့တဲ့ပုဂ္ဂိုလ်တွေက ဒီမဟာစည်နည်းနဲ့ အားထုတ်ရာမှာ အခက်အခဲ ရှိတတ်ကြပါတယ်။ ဥပမာ– ဝင်လေ၊ ထွက်လေ ရှုမှတ်မှု အလေ့အလာများခဲ့တဲ့ပုဂ္ဂိုလ်ဆိုရင် ဝမ်းဗိုက်ရဲ့ ဖောင်းတာ ပိန်တာကို ရှုမှတ်နိုင်ဖို့ အခက်တွေ့နေတတ်ကြပါတယ်။ အများအားဖြင့် ဖောင်းတာ၊ ပိန်တာကို ကြိုးစားမှတ်ကြည့်တဲ့အခါ လွယ်ကူစွာမှတ်နိုင်သွားကြပါတယ်။ လုံးဝမှတ်လို့မရရင်တော့ ထိုင်တာ၊ ထိတာကို မှတ်ခိုင်းရပါတယ်။ ဖောင်းတာ၊ ပိန်တာရော၊ ထိုင်တာ၊ ထိတာပါ မှတ်လို့လုံးဝ မရရင်တော့ ဝင်လေ၊ ထွက်လေကိုပဲ မှတ်ခိုင်းရပါတယ်။

ပြည်ပယောဂီတွေက အထူးသဖြင့် အနောက်တိုင်းက ပုဂ္ဂိုလ်တွေက တရားရှုမှတ်မှု အတွေ့အကြုံကို ကမ္မဋ္ဌာန်းဆရာအား ပြောပြတဲ့အခါ လက်အမူအရာတွေနဲ့ ပြောပြလေ့ရှိကြပါတယ်။ မျက်စိကလည်း ကမ္မဋ္ဌာန်းဆရာကိုဖြစ်စေ၊ ဘာသာပြန်ပုဂ္ဂိုလ်ကိုဖြစ်စေ ကြည့်တတ်ကြပါတယ်။ လက်အုပ်မချီဘဲလည်း ပြောတတ်ကြပါတယ်။ လက်အမူအရာနဲ့ မပြဘဲ နှုတ်နဲ့ပဲ ပြောပြဖို့၊ မျက်လွှာချထားဖို့၊ လက်အုပ်ချီထားဖို့ ပြုပြင်ပေးရပါတယ်။ တရားလျှောက်နည်းကိုလည်း ပဏ္ဍိတာရာမ ဆရာတော်ကြီးရဲ့နည်းအတိုင်း သင်ပြပေးရပါတယ်။ အထိုင်၊ အထမှာ အမှတ်မပါဘဲ မြန်နေရင်လည်း ရှုမှတ်မှုနဲ့ ဖြည်းဖြည်းထိုင်၊ ဖြည်းဖြည်းထ ဖို့ သတိပေးရပါတယ်။ အသွား အလာတွေမှာ အမှတ်မပါဘဲ မြန်မြန်သွားလာတာတွေ့ရင်လည်း ပြုပြင်ပေးရပါတယ်။ ဟိုကြည့်၊ ဒီကြည့် ကြည့်ရင်လည်း မကြည့်ဖို့ ပြောရပါတယ်။ တရားထိုင်ရှုမှတ်ချိန်မှာ စကြိုမလျှောက်ဘဲ ထိုင်ပြီးရှုမှတ်ကြဖို့လည်း ပြောရပါသေးတယ်။

http://www.dhammadownload.com

ရိုရိုသေသေ လေးလေးစားစားနဲ့ ရှုမှတ်ကြတဲ့ယောဂီတွေဟာ တစ်နေ့ ထက်တစ်နေ့ တရားအတွေ့အကြုံတွေက ပိုၚ်ပိုၚ်ကောင်းလာကြပါတယ်။ တထာဂတရိပ်သာမှာ ယောဂီတွေအတွက် နေစရာအခန်းက မပြည့်စုံလို့ မြက်ခင်းပြင်မှာ တင့် (Tent) လေးတွေ ပြုလုပ်ကာ နေရာပေးထားပါတယ်။ တထာဂတရိပ်သာမှာ ဓမ္မာရုံကြီးတစ်ခု၊ ယောဂီဆောင်ကြီးတစ်ခု ဖြစ်လာရင်တော့ ယောဂီတွေများတဲ့အခါ အဆင်ပြေပါလိမ့်မယ်။ အမေရိကမှာ ဗီယက်နမ်တွေထဲ မဟာယာန ဗုဒ္ဓဘာသာဝင်တွေကသာ များပြီး ထေရဝါဒဗုဒ္ဓဘာသာဝင်တွေကတော့ အနည်းငယ်ပဲ ရှိပါသတဲ့။ သတိပဋ္ဌာန်အားထုတ်ခွင့်ရသူတွေသာ ထေရဝါဒဗုဒ္ဓသာသနာဘက်ကို ကူးပြောင်းလာကြပါတယ်။

ဝေလာဝေး

မောင်လှဝင်း...

မောင်လှဝင်းတို့ရဲ့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်နဲ့ အမေရိကက ဒီတထာဂတရိပ်သာမှာ အစစအရာရာ အခြေအနေတွေက ကွာခြားလှပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ ရေကောင်းကောင်း ပြည့်ပြည့်စုံစုံ မရသေးဘူးနော်။ ဒီတထာဂတမှာတော့ ရေအမြဲပြည့်စုံတယ်။ ရေမလာဘူးဆိုတာ မရှိဘူး။ အဲဒီသာမဏေကျော် မဟာဂန္ဓာရုံမှာ အဝီစိတွင်းကလည်း ကောင်းကောင်းရေမထွက်၊ ရေကန်မှာလည်း နွေအခါ ရေခန်း၊ ဖူဂျိပိုက်လိုင်းကလည်း ရေမရသေး၊ ဒီတထာဂတမှာတော့ သောက်ဖို့ ရေသန့်ဘူးတွေက အများကြီးပဲ။ ရေချိုး၊ မျက်နှာသစ်ရင် ရေပူကို လိုသလား၊ ရေအေးကို လိုသလား၊ ဖျော့င့်တဲ့လက်ကိုင်ကို အပြောင်းအလဲလုပ်ပေးလိုက်တာနဲ့ အအေး အပူ လိုရာ ရတယ်။

http://www.dhammadownload.com

မပူ မအေး နွေးနွေးလေးလိုချင်ရင်လည်း ရတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ လျှပ်စစ်မီးရဖို့၊ လင်းဖို့ဆိုတာကတော့ အဝေးကြီးရှိပါသေးတယ်။ ဒီတထာဂတရိပ်သာမှာ လျှပ်စစ်မီး အမြဲလာတယ်။ ဖုန်း ၅ လုံးမက ရှိတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာတော့ ဖုန်းဆိုတာ ရှိဖို့ မျှားစွာဝေးနေပါသေးတယ်။ တထာဂတရိပ်သာက ပန်းအလှတွေကို မောင်လှဝင်း မြင်စမ်းစေချင်တယ်။ တထာဂတရိပ်သာမှာရှိတဲ့ ပန်းပင်တွေ၊ သစ်သီးပင်တွေဟာ သာမဏေကျော် မဟာဂန္ဓာရုံမှာ မရှိပါ။ သာမဏေကျော် မဟာဂန္ဓာရုံမှာရှိတဲ့ သစ်ပင်တွေကလည်း တထာဂတရိပ်သာမှာ မရှိပါ။ အုန်ပင်ကြီးတွေ၊ သရက်ပင်၊ ဥသျှစ်၊ ပိန္နဲ၊ သပြေ၊ မန်ကျည်း၊ မလေးရှားပိတောက်၊ ယူကလစ်၊ ရဲယို၊ ကြောင်လျှာ၊ မလွ၊ ဘူးပင်၊ ကြက်ဟင်းခါး၊ ချဉ်ပေါင်၊ ငရုတ်၊ အုန်း၊ ကျွဲကောစတဲ့ သစ်ပင်တွေကို သာမဏေကျော် မဟာဂန္ဓာရုံမှာ မြင်တွေ့ရပါတယ်။ တထာဂတမှာတော့ မတွေ့ရပါ။

သာမဏေကျော် မဟာဂန္ဓာရုံမှာတော့ ကိုရင်လေးတွေနဲ့ ဖိုးသူတော် ပရိယတ္တိစာပေသင်ယူနေကြ၊ ကျက်မှတ်နေကြ၊ စာအလွတ်ပြန်နေကြတာ၊ ဘုရားဝတ်တက်၊ တရားထိုင်၊ မေတ္တာပို့၊ အမျှဝေတာတွေကို နေ့စဉ်မြင်တွေ့ကြားသိရပါတယ်။ ဒီတထာဂတရိပ်သာမှာ ကိုရင်လည်း မရှိပါ။ ဖိုးသူတော်လည်း မရှိပါ။ ရဟန်းနဲ့ သီလရှင်တွေတော့ ရှိပါတယ်။ ကိုရင်တွေနဲ့ ဖိုးသူတော်ကတော့ အမေရိကန်တစ်နိုင်ငံလုံးမှာ ရှားပါးလှတဲ့အရာတွေ ဖြစ်ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ သစ်သားကျောင်း၊ တိုက်ကျောင်းဆိုတာ မရှိသေး။ ကား၊ ကွန်ပျူတာ ဆိုတာကတော့ ဝေလာဝေး။ ဝါးခင်း၊ ဝါးထရံကာ၊ တောင်ထန်းရွက် အမိုးနဲ့ တဲကျောင်းတွေပဲ ရှိသေးတာပေါ့။ ဒီတထာဂတရိပ်သာမှာတော့ ကားတွေ၊ ကွန်ပျူတာတွေ၊ သစ်သားကျောင်းတွေ၊ တိုက်တွေ ရှိနေပါတယ်။ ကွန်ပျူတာနဲ့ စာရေးဖို့ သာမဏေကျော်ကို တိုက်တွန်းကြ

http://www.dhammadownload.com

ပါတယ်။ အလွန်ကောင်းတယ်လို ပြောကြပါတယ်။ သူတို့တိုက်တွန်းကြလွန်းလို့ ရေးတော့ကြည့်ချင်သား၊ အဆင်ပြေလာတဲ့အခါ ရေးကြည့်မယ်လို့ စိတ်ကူးမိပါတယ်။ တိတ်ဆိတ်မှုနဲ့ ပတ်သက်လာရင်တော့ တထာဂတရိပ်သာထက် သာမဏေကျော်မဟာဂန္ဓာရုံက ပိုသာပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ မီး၊ ရေ၊ ကား၊ ဖုန်း၊ ကွန်ပျူတာ၊ ကျောင်းအဆောက်အဦးတွေ ပြည့်စုံလာရင်တော့ နေချင့်စဖွယ် ပိုကောင်းလာပါမယ်။ တရားရိပ်သာပဲလုပ်လုပ်၊ စာသင်တိုက်ပဲလုပ်လုပ် အေးချမ်းတိတ်ဆိတ်တဲ့နေရာလေး ဖြစ်လာပါလိမ့်မယ်။ ကျောင်းဒကာ ဦးခင်ဇော် (စွန်ညီနောင်) မိသားစု ဆောက်လုပ်လျှုဒါန်းမယ့် ၂ ထပ်ကျောင်းဆောင်ကြီး ပြီးသွားရင်တော့ သံဃာတွေ နေစရာပိုမိုအဆင်ပြေ ချမ်းသာလာပါလိမ့်မယ်။ အခု စတင်ဆောက်လုပ်နေပြီ မဟုတ်လား။ ဦးခင်ဇော်ရဲ့မိတ်ဆွေကြီး ဦးထိန်ဝင်းလည်း ဦးခင်ဇော်နဲ့အတူ သာမဏေကျော် မဟာဂန္ဓာရုံကို အခေါက်ခေါက်လာရောက်နေမှာပေါ့။ သူတို့နှစ်ယောက်က သာမဏေကျော် မဟာဂန္ဓာရုံကျောင်းအတွက် ဆောင်ရွက်ရာမှာ အလွန်ပဲတက်ကြွထက်သန် သဒ္ဓါကောင်းပြီး အတွဲညီကြပါပေတယ်။

အကောင်းပေါ် အကောင်း

မောင်လှဝင်း...

ဦးကွန္ဒာစာရကို မှတ်မိလား။ သူက စပါးတွင်းရွာ တရားစခန်းမှာ တရားလာပြဖူးတယ်။ အခု သူက အမေရိကမှာ ရောက်နေတယ်။ သူက သာမဏေကျော်ထံ ဖုန်း ၂ ကြိမ်မြောက်ဆက်တယ်။ သူနဲ့အတူ အမရပူရမြို့ မဟာဂန္ဓာရုံမှာ နေခဲ့ဖူးတယ်။ ရန်ကုန်မဟာစည်ရိပ်သာမှာလည်း အတူနေခဲ့ဖူးတယ်။ သူနဲ့အတူ မုတ္တမတရားစခန်းမှာ တရားသွားပြခဲ့ဖူးတယ်။ ဒါကြောင့် သူကလည်း မကြည်ကြည်ဝင်းတို့မိသားစု

http://www.dhammadownload.com

နဲ့ ရင်းနှီးတယ်။ မကြည်ကြည်ဝင်းတို့မိသားစု နေကောင်းကြသလားလို့ မေးပါတယ်။ သူနဲ့စကားပြောရင်း မန္တလေးမြို့နယ် ရွာတစ်ရွာက ဘုန်းကံကြီးမားပြီး နာမည်ကြီးနေတဲ့ ကမ္မဋ္ဌာန်းဆရာတော်တစ်ပါး အကြောင်း ပြောမိပါတယ်။ အဲဒီဆရာတော်ရဲ့တရားရိပ်သာကို သူရော၊ သာမဏေကျော်ပါ ရောက်ဖူးကြပါတယ်။ အဲဒီဆရာတော်က နှစ်ပါးလုံးနဲ့ ရင်းနှီးပါတယ်။ အဲဒီဆရာတော်က သာမဏေကျော်ကို သူ့ထံ ရောက်ခိုက် ဆုံးမစကား မိန့်ကြားပေးဖို့လျှောက်ပါတယ်။ ဒါကြောင့် သာမဏေကျော်က ဒီလိုပြောခဲ့ကြောင်းကို ဦးကွန္ဒာစာရအား ပြောပြပါတယ်။

'နာမည်မကြီးချင်လို့ နာမည်ကြီးလာခါမှ နာမည်ကြီးချင်စိတ် မပေါက်ဖို့ အရေးကြီးတယ်။ ဘုန်းမကြီးချင်လို့ ဘုန်းကြီးလာခါမှ ဘုန်းကြီးချင်စိတ် မပေါက်ဖို့ အရေးကြီးတယ်။ နာမည်ကြီးချင်မှု၊ ဘုန်းကြီးချင်မှုတို့ရဲ့ ကျေးကျွန်မဖြစ်ဖို့ အရေးကြီးတယ်။'

အဲဒီစကားကို ဦးကွန္ဒာစာရက ကြားသွားတော့ ဒီလိုပြောလာပါတယ်။

'သာမဏေကျော်ရဲ့စကားက တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့စကားနဲ့ တူနေတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးထံ နာမည်ကျော်ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေက တစ်ချိန်မှာ ရောက်သွားတယ်။ ဒေါ်ဝါဝါဝင်းရွှေကို ဆရာတော်ကြီးက ဒီလိုမိန့်လိုက်တယ်။'

'ရှေးကုသိုလ်ကံကြောင့် လှပနေတဲ့ရုပ်ရည်ကို အကြောင်းပြုပြီး အကုသိုလ်မဖြစ်ပါစေနဲ့'တဲ့။

မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စကားဟာ မှတ်သားစရာ ကောင်းလှပါပေတယ်။ ကုသိုလ်ကံကြောင့် ရယာတဲ့ကောင်းကျိုးတွေကို အမှီပြုဖို့ မကောင်းကျိုးတွေကို ရစေနိုင်တဲ့ အကုသိုလ် မထပ်ဆင့်မိအောင် ဆုံးမထားပါတယ်။ ကောင်းကျိုးတွေကို အမှီပြုပြီး ကောင်းကျိုးတွေကို

http://www.dhammadownload.com

ရစေ့နိုင်တဲ့ ကုသိုလ်ပဲ ထပ်ဆင့်နိုင်အောင် သတိပေးပါတယ်။ အကောင်းပေါ် အကောင်းထပ်မိအောင် သွန်သင်ပါတယ်။ ကောင်းကျိုးတွေကို အကြောင်းပြုပြီး အကုသိုလ်တွေ ပွေလီရှုပ်ထွေးနေတဲ့ လူ့လောကကြီး အကြောင်းကို ဆရာတော်ကြီးက ကောင်းကောင်းသိရှိနားလည်ပါတယ်။ လူ့သဘော၊ လူ့မနောကို နစ်နစ်နောနော သဘောပေါက်နေတဲ့ ဆရာတော်ကြီးက် အနုပညာလောကသဘော၊ အနုပညာမနောကိုလည်း သဘောပေါက်တော်မူပါတယ်။ ဒါကြောင့် အနုပညာသည်တွေ မှတ်သားလိုက်နာဖွယ် အထက်ပါစကားကို မိန့်ကြားလိုက်တာ ဖြစ်ပါတယ်။ ဦးကွန္ဒာစာရပြောပြမှပဲ အဲဒီစကားကို ကြားဖူးပါတယ်၊ သူက သာမဏေကျော်ထက် စောပြီး မဟာဂန္ဓာရုံကိုရောက်တာမို့ သာမဏေကျော် မကြားဖူးတဲ့စကားကို သူ့ထံက ကြားနာရပါတယ်။ မောင်လှဝင်းရော စာဖတ်ပရိသတ်တွေပါ ဖတ်ရှုရအောင် သာမဏေကျော်က လက်ဆင့်ကမ်းလိုက်ရပါတယ်။

နတ်တစ်ပိုင်း ပြိတ္တာတစ်ပိုင်း

မောင်လှဝင်း...

ပဏ္ဍိတာရာမဆရာတော်ကြီးက တထာဂတရိပ်သာမှာ အရှေ့ဆွမ်း၊ နေ့ဆွမ်း အလှူဒကာ ဒကာမတွေရှိရင် အဲဒီဒကာ ဒကာမတွေအား အရှေ့ဆွမ်း၊ နေ့ဆွမ်းအပြီးမှာ ဆွမ်းအနုမောဒနာတရား ဟောကြားလေ့ရှိပါတယ်။ ဒီနေ့ ၁၊ ၅၊ ၂၀၀၅ က မြန်မာလို တန်ခူးလပြည့်ကျော် ၈ ရက်နေ့ ဖြစ်ပါတယ်။ ဥပုသ်နေ့လည်း ဖြစ်ပါတယ်။ တရားစစ်နားတဲ့ တနင်္ဂနွေနေ့လည်း ဖြစ်ပါတယ်။ မြန်မာလိုတော့ ၁၃၆၇ ခုနှစ် ပြောင်းသွားပါပြီ။ ဒီနှစ်သစ်ကို အမေရိကရောက်ခိုက် ကူးလိုက်ရ

http://www.dhammadownload.com

ပါတယ်။ မြန်မာမိသားစုတစ်စုအား အရက်ဆွမ်းစားအပြီး ဆရာတော်ကြီး တရားမဟောခင် သာမဏေကျော်က ဆွမ်းပိုင်းက ထာလာခဲ့ပါတယ်။ ထလာပြီးမှ ဆရာတော်ကြီးက တရားစဟောပါတယ်။ တရားဟောနေတုန်း ဆရာတော်ကြီးထံက စကားဆန်းတစ်ခွန်းကို ကြားလိုက်ရပါတယ်။

'ဒီအမေရိကရောက်နေရသူတွေက နတ်တစ်ပိုင်း ပြိတ္တာတစ်ပိုင်း' တဲ့။

ရုပ်ဝတ္ထုပစ္စည်းတွေက ပြည့်စုံကြွယ်ဝနေလို့ ကိုယ်အလိုရှိတာကို ခလုတ်နှိပ်လိုက်တာနဲ့ ရနိုင်တဲ့အတွက် အမေရိကဟာ နတ်ပြည်နဲ့ တူတယ် မဟုတ်လားလို့ အမေရိကရောက် မြန်မာတွေကို ဆရာတော်ကြီးက မေးလေ့ရှိပါတယ်။ နတ်သက်ဘယ်လောက်ရှိပြီလဲလို့လည်း မေးတတ်ပါတယ်။ အမေရိကရောက်တာ ဘယ်နှစ်နှစ်ရှိပြီလဲလို့ မေးလိုရင်းဖြစ်ပါတယ်။ အမေရိကရောက် မြန်မာတွေကို နတ်ပြည်က နတ်တွေနဲ့ နှိုင်းပြီး ပြောတာဖြစ်ပါတယ်။ အဲဒီလိုနတ်တွေနဲ့ နှိုင်းယှဉ်ပြောတာကိုသာ အကြားများခဲ့ရပါတယ်။ အခုတစ်ခါမှာတော့ ပြိတ္တာနဲ့ နှိုင်းပြီးလည်း မိန့်လာပါတယ်။ ဒါကြောင့် စကားက ဆန်းနေပါတယ်။ အမေရိကန်တွေကို အမေရိက ယောဂီတချို့ကတော့ အမြဲဆာလောင်မွတ်သိပ်နေတဲ့ ပြိတ္တာတွေလို့ ပြောကြပါတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေ ပြည့်စုံကြွယ်ဝသလောက် အဲဒါတွေကို ဆာလောင်မွတ်သိပ်တဲ့တဏှာကလည်း အာသာမပြေဖြစ်ပါတယ်။ မက်စရာတွေကို အမြဲဆာလောင်မွတ်သိပ်နေကြပါတယ်။ ဒါကြောင့်လည်း ပြိတ္တာတစ်ပိုင်း ဖြစ်နေကြပါတယ်။ အမေရိကရောက် တချို့မြန်မာတွေလည်း အဲဒီအထဲမှာ ပါဝင်ကြပါတယ်။ ဒါကြောင့် ဆရာတော်ကြီးက အထက်ပါစကားဆန်းလေးကို သုံးနှုန်းလိုက်တာ ဖြစ်ပါမယ်။

ရုပ်ဝတ္ထုပစ္စည်းတွေက အသစ်အသစ်ပေါ်ထွက်နေကြပါတယ်။

http://www.dhammadownload.com

ပစ္စည်းတစ်ခုကိုပဲ ပုံစံအမျိုးမျိုး ပြောင်းလဲပြုလုပ်ကာ လိုချင်စဖွယ်ဖြစ်အောင် တီထွင်ထုတ်လုပ်နေကြပါတယ်။ အသစ် အသစ်ကိုမှ ကြိုက်တတ်တဲ့ လူ့တဏှာကလည်း မဆုံးနိုင်တဲ့ အသစ်အသစ်အပေါ် အတောမသတ်နိုင်အောင် ဖြစ်နေပါတယ်။ လောင်စာများများထည့်လေ မီးဟာ ပိုရှိပိုရှိတောက်ပါလေတယ်။ တဏှာမီးလည်း လိုချင်မက်မောဖွယ် အာရုံလောင်စာတွေများလေလေ ပိုရှိပိုရှိတောက်လာလေဖြစ်ပါတယ်။ အတောမသတ်နိုင်တဲ့ တဏှာလောဘမီးရဲ့ လောင်မြိုက်မှုကို ခံနေရသူ မှန်သမျှ အမေရိကန်ပဲဖြစ်ဖြစ်၊ မြန်မာပဲဖြစ်ဖြစ်၊ အခြားလူမျိုးတွေပဲ ဖြစ်ဖြစ် အမြဲဆာလောင်မွတ်သိပ်နေတဲ့ ပြိတ္တာတွေနဲ့ တူနေကြပါတယ်။ တဏှာလောဘမီးကို သတိရေ၊ ပညာရေနဲ့ မင့်မြတ်သတ်နိုင်သေးသမျှတော့ လူဖြစ်လျက် အမြဲဆာလောင်မွတ်သိပ်နေတဲ့ ပြိတ္တာတွေနဲ့ တူနေပါလိမ့်မယ်။

ကိလေသာ နယ်ချဲ့

မောင်လှဝင်း...

တရားစစ်ချိန်မှာ သာမဏေကျော်က အမေရိကန်အမျိုးသားယောဂီတစ်ယောက်ကို မေးလိုက်ပါတယ်။ သူကလည်း ဖြေပါတယ်။

'ယောဂီ၊ ဒီတရားစခန်းမှာ လာရောက်အားထုတ်ရတာ လာရကျိုးနပ်တယ်လို့ ခံစားရသလား၊ ဒါမှမဟုတ် ထောင်ထဲကျရောက်နေသူလို ခံစားရသလား'

'တပည့်တော်ဟာ ဒီတရားစခန်းဝင်ဖို့ လာတုန်းက ခန္ဓာကိုယ်ပင်ပန်းလာခဲ့ပါတယ်။ ဝင်ရောက်အားထုတ်လိုက်တော့ ပြေလျော့သွားပါတယ်။ ခန္ဓာကိုယ်က ထောင်ကျသလို မခံစားရပေမယ့် စိတ်ကတော့

http://www.dhammadownload.com

ထောင်ကျသလို ခံစားရပါတယ်။ ဒေါသထွက်တဲ့အခါ ထွက်ပါတယ်။ ပျံ့လွင့်တဲ့အခါ ပျံ့လွင့်ပါတယ်။ လာရောက်အားထုတ်ရတာ အကျိုးရှိပါတယ်။ ကျေနပ်အားရပါတယ်။'

'ယောဂီ၊ စိတ်ဆိုတာ သူသဘောကျရာ အဆင်းကောင်း၊ အသံကောင်း၊ အနံ့ကောင်း၊ အရသာကောင်း၊ အတွေ့အထိကောင်းတွေနဲ့ အနေများခဲ့တယ်။ တရားရိပ်သာထဲ ဓမ္မာရုံထဲ ထိုင်မှတ်နေပေမယ့် စိတ်ကတော့ ဓမ္မာရုံအပြင်ဘက်၊ ရိပ်သာအပြင်ဘက်ကို သွားနေတတ်တယ်။ အနေများခဲ့တဲ့ အာရုံကောင်းတွေထဲ ရောက်နေတတ်တယ်။ နွားငယ်လေးကို တိုင်မှာကြိုးနဲ့ချည်ထားတဲ့အခါ အစပိုင်းမှာ ဟိုပြေး၊ ဒီပြေးနဲ့ တွန်းကန်နေသေးတာပါ၊ မောလာတော့ တိုင်ခြေမှာ ဝပ်နေတော့တာပဲ။ သတိကြိုးနဲ့ စိတ်နွားလေးကို ဖောင်းမှု၊ ပိန်မှုစတဲ့ ကမ္မဋ္ဌာန်းအာရုံတိုင်မှာ ချည်ထားရင် ကြာတော့ ကမ္မဋ္ဌာန်းအာရုံတိုင်မှာပဲ လာဝပ်နေရတယ်၊ မပြေးတော့ဘူး၊ သတိကြိုးနဲ့ တိုင်မှာခိုင်မြဲအောင် ချည်ပေးပါ'

'ယောဂီ၊ အမေရိကနိုင်ငံဟာ အင်္ဂလန်လက်အောက်က လွတ်မြောက်ခဲ့ရတယ်။ နိုင်ငံနဲ့လူမျိုးကတော့ လွတ်လပ်ရေးရနေပါတယ်။ အမေရိကနိုင်ငံသားတွေရဲ့ စိတ်ကတော့ ကိလေသာနယ်ချဲ့တွေရဲ့ လက်အောက်ခံဘဝကို ရောက်နေရပါသေးတယ်။ လောဘရဲ့ အချုပ်အခြယ်၊ ဒေါသရဲ့ အချုပ်အခြယ်၊ မောဟ မာန်မာနစသည်တွေရဲ့ အချုပ်အခြယ်ကို ခံနေရပါတယ်။ ကိလေသာနယ်ချဲ့တွေရဲ့ ကိုလိုနီဘဝက မလွတ်မြောက်သေးပါ။ စိတ်ပါလွတ်လပ်ရေးရဖို့ အရေးကြီးပါတယ်။ နယ်ချဲ့အင်္ဂလိပ်ထက် နယ်ချဲ့ကိလေသာတွေက ပိုပြီးကြောက်စရာ၊ ရွံမုန်းစရာကောင်းပါတယ်။ ကိလေသာတွေရဲ့ နှိပ်စက်မှုက အင်္ဂလန်ရဲ့နှိပ်စက်မှုထက် ပိုပြီးပြင်းထန်ပါတယ်။ ကိလေသာနယ်ချဲ့တွေကို တော်လှန်နိုင်ဖို့ ဒီတထာဂတရိပ်သာကို လာကာ သတိပဋ္ဌာန်လက်နက်တွေ စုဆောင်းနေတာ ဖြစ်ပါတယ်။ သတိပဋ္ဌာန်လက်နက်

http://www.dhammadownload.com

အင်အားကောင်းရင် ကောင်းသလောက် လွတ်လပ်ရေးရပါမယ်။ သတိပဋ္ဌာန်လက်နက်က အစွမ်းထက်ပေမယ့် အသုံးမချရင်တော့ အသုံးမဝင်ပါ။ အကျိုးမများပါ၊ အကျိုးများအောင် အသုံးချပါ၊ တော်လှန်နိုင်အောင် ကြိုးစားပါ။'

ယောဂီက ပြုံးပြီး ရှုမှတ်မှုနဲ့ ထပြန်သွားပါတယ်။

ကောင်းသားပဲ

မောင်လှဝင်း...

ညနေ ၆ နာရီ ၁၅ မိနစ်လောက်မှာ သာမဏေကျော်ထံ ဖုန်းလာပါတယ်။ ဦးကွန္ဒာစာရထံက ဖြစ်ပါတယ်။ သူက မေရီလင်းပြည်နယ်၊ ဘာလ်တီမိုးမြို့က ကေလာသဝိဟာရကျောင်းမှာ နေပါတယ်။ ဇကပေါင်း ၆ ဇက ကျယ်ဝန်းပါသတဲ့။ တထာဂတရိပ်သာက မိုင်ပေါင်း ၂၄၀၁ မိုင် ဝေးပါတယ်။ နာရီအားဖြင့် ၃ နာရီကွာခြားပါတယ်။ သာမဏေကျော်ထံ သူဖုန်းဆက်တော့ သူ့ဆီမှာ ၉ နာရီ ၁၅ မိနစ် ရှိနေပါတယ်။ သူ့ဆီက ၃ နာရီတိတိ အချိန်စောနေပါတယ်။ အမေရိကတစ်နိုင်ငံတည်းမှာတောင် အချိန်က အဲဒီလောက်ကွာခြားနေပါတယ်။ သူက ည ၉ နာရီကျော်မှ ဖုန်းဆက်ရတာကတော့ ပိုက်ဆံမကုန်ရလို့ပါတဲ့။ ခေတ်မမီသေးတဲ့ သာမဏေကျော်တော့ နားမလည်နိုင်သေးပါ။ ဘာကြောင့် ပိုက်ဆံမကုန်ရတာပါလဲလို့ သူ့ကို မေးကြည့်တော့ သူက ဒီလိုပြောပြလာပါတယ်။

'ဒီအမေရိကမှာ Cell ဖုန်းဆိုတာ ရှိတယ်။ အဲဒီဖုန်းနဲ့ဆက်ရင် စနေ၊ တနင်္ဂနွေနေ့တွေမှာ ပိုက်ဆံမကုန်ကျပါ။ အလကားဆက်လို့ရပါတယ်။ နေ့စဉ်နေ့တိုင်း ည ၉ နာရီကျော်ရင်လည်း အလကားဆက်လို့ရပါတယ်။ ပိုက်ဆံကုန်စရာ မလိုပါတဲ့။'

http://www.dhammadownload.com

အဲဒီစကားကို ကြားရတော့ တောသားသာမဏေကျော်မှာ အံ့သြရပါတယ်။ သူပြောတာ ဟုတ်ရဲ့လားလို့ နီးစပ်ရာပုဂ္ဂိုလ်တွေကို မေးကြည့်တော့ ဟုတ်တယ်လို့ ပြောကြပါတယ်။ သေချာအောင် အမေရိကန်ရဟန်း ဦးသုမနသိရီကို မေးကြည့်ရပါတယ်။ သူက ကွန်ပျူတာအင်တာနက်ကနေ အဲဒီဖုန်းအကြောင်း ရှင်းပြထားတဲ့ စာသားတွေကို အပြည့်အစုံပြပေးပါတယ်။ အဲဒီဖုန်းအတွက် လစဉ်ပေးရတဲ့ ငွေအနည်းအများအပေါ် မူတည်ပြီး အဲဒီအခွင့်အရေးကို ရပါတယ်။ အဲဒီအခါမှာ 'သြော်၊ ဒီလိုလား'လို့ နားလည်သွားရပါတယ်။ မောင်လှဝင်းတို့တော့ အဲဒီလိုဖုန်းနဲ့ ဘယ်သောအခါမှ ဆက်ရပါ့မလဲ၊ အမေရိကစတဲ့ တိုးတက်တဲ့နိုင်ငံတွေက လူတွေက အဲဒီလိုဖုန်းအကြောင်း တအံ့တသြဖြစ်ပြီး မေးမြန်းစူးစမ်းတာကိုပဲ အံ့သြနေကြမယ်ထင်ပါတယ်။ သူတို့က သာမဏေကျော်တို့ကို သနားပဲ သနားနေကြမလား၊ အထင်ပဲသေးနေကြလား မသိပါဘူးလေ။ သူတို့ကြိုက်သလို သဘောထားနိုင်ကြပါတယ်။

လစဉ်ဖုန်းခတွေကို ၄၀ ဒေါ်လာလို့ မရေးဘဲ ၃၉၊ ၉၉ (၃၉ ဒေါ်လာ၊ ၉၉ ဆင့်) လို့ တစ်ဆင့်လျှော့ပြီး ဖော်ပြပါတယ်။ ဒေါ်လာ ၂၀၊ ၃၀၊ ၅၀၊ ၁၀၀၊ ၂၀၀ စသည်တွေမှာလည်း အဲဒီလိုဈေးနှုန်းလျှော့ပြီး ဖော်ပြလေ့ရှိတယ်။ အစဆုံးဂဏန်းနံပါတ်က နည်းရင် ဝယ်ယူချင်သူတွေမှာ ဝယ်ယူချင်စိတ် ပေါက်လာပါမယ်။ အဲဒီလို ဝယ်ယူချင်စိတ်ပေါက်လာအောင် အစဆုံးဂဏန်းကို နည်းအောင်လုပ်ပြီး ကြော်ငြာကြပါတယ်။ ရေးကြပါတယ်တဲ့။ တတ်လည်းတတ်နိုင်ကြပါပေတယ်။ မြန်မာတွေကတော့ ငွေပြန်အမ်းရတာ အလုပ်ရှုပ်တာနဲ့ အဲဒီလိုလုပ်ကြမယ်မဟုတ်ပါ။ သူတို့က Credit ကဒ်နဲ့ဝယ်ရင် မြန်မာတို့ထင်ထားသလို အလုပ်မရှုပ်ပါတဲ့။ အလုပ်မရှုပ်တော့လည်း ကောင်းမှာပါပဲ။ ဈေးဝယ်လိုလို့ ဈေးနှုန်းသိချင်ရင် အင်တာနက်မှာရှာပြီး ကြိုက်ဈေးတွေက အင်တာနက်ကပဲ ဈေးလှမ်းဝယ်လို့ ရပါတယ်။ လာပို့ပေးပါတယ်တဲ့။ ဈေးမသွားဘဲနဲ့ ဈေးဝယ်လို့ရတယ်ဆိုတော့ ကောင်းသားပဲ။

http://www.dhammadownload.com

အပိန် အဝ

မောင်လှဝင်း...

'ဝလာတယ်၊ ဝလို့ လှလို့ပဲ'လို့ အပြောခံရရင် မြန်မာတွေက သဘောကျကြပါတယ်၊ ပြုံးနေတတ်ကြပါတယ်။ 'ပိန်နေတယ်၊ ငါးဖောင်ရိုးပဲ'လို့ အပြောခံရရင်တော့ စိတ်မကောင်းဖြစ်ကြတယ်၊ မကျေမနပ်ဖြစ်တတ်ကြပါတယ်။ အနောက်နိုင်ငံသားတွေကတော့ 'ဝလာတယ်၊ ဝနေတယ်'လို့ အပြောခံရရင် စိတ်ဆိုးကြတယ်၊ စော်ကားခံရတာပဲလို့ ယူဆကြတယ်။ အမျိုးသားငယ်တွေက အနည်းငယ်ပဲ စိတ်ဆိုးတတ်ကြပါတယ်တဲ့။ အသက်ကြီးလာတဲ့ အမျိုးသားမှန်သမျှနဲ့ အမျိုးသမီးအားလုံးကတော့ 'ဝတယ်'လို့ ပြောလာသူကို အလွန်ပဲမုန်းတီးကြပါသတဲ့။ အမေရိကစတဲ့ အနောက်နိုင်ငံက လူတွေဟာ ဝစေတဲ့ အစားအစာတွေကို အစားများကြပါတယ်။ ခန္ဓာကိုယ် ပင်ပင်ပန်းပန်း အလုပ်မလုပ်ကြ၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးကြတယ်။ ဒါကြောင့် သူတို့က ဝကြတယ်။ ၁၀ ယောက်မှာ ၆ ယောက်လောက် ဝကြပါတယ်တဲ့။ 'ဝတယ်'လို့ အပြောခံရရင် 'ရုပ်ဆိုးတယ်'လို့ အပြောခံရတာနဲ့ အတူတူပဲလို့ ခံစားကြရပုံပေါ်ပါတယ်။ ဝလာရင် အလှပျက်သွားတာကတော့ အမှန်ပါပဲ။ ဒါကြောင့် ပိန်အောင် ပိန်ဆေးစားသူက စား၊ ပိန်အောင် လေ့ကျင့်ခန်းလုပ်သူက လုပ်ကြပါတယ်။ ဒါပေမဲ့ ဝစေတဲ့ အစားအစာတွေကို မရှောင်နိုင်ကြတော့ ဝမြဲပဲ ဝနေကြပါတယ်။ မြန်မာတွေက ဝသူကို ဝဝကစ်ကစ်နဲ့ ချစ်စရာလေးပဲ ထင်မှတ်ကြပေမယ့် အနောက်တိုင်းက လူတွေကတော့ ငါးဖောင်ရိုးကိုမှ ချစ်စရာလို့ သတ်မှတ်ကြပါတယ်။ Slim body လို့ ပိန်တာကို အမွန်းတင်တတ်ကြပါတယ်။ မြန်မာတို့ အကြိုက်နဲ့ အနောက်တိုင်းကအကြိုက်ဟာ မတူကြပါ။

http://www.dhammadownload.com

မြန်မာတွေက အသားဖြူရင် သဘောကျပါတယ်။ အသားဖြူ အောင်လည်း နည်းအမျိုးမျိုးနဲ့ ကြိုးစားကြပါတယ်။ အသားမည်းသွား မှာ စိုးရိမ်တတ်ကြပါတယ်။ အနောက်တိုင်းက လူတွေထဲမှာ အသားဖြူ သူတွေက အသားမည်းအောင် နေပူလှန်းနေတတ်ကြပါတယ်။ အသား ရောင်မည်းလာချင်ကြပါတယ်။ အသားအရောင်နဲ့ပတ်သက်ပြီးဟော့ လည်း အကြိုက်ချင်းက မတူကြပါ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံတွေအပေါ် ကြိုက်တာချင်းလည်း တူကြမယ် မဟုတ်ပါ။ အခြားအခြားအရာတွေမှာလည်း အကြိုက်ချင်းမတူတာတွေ များစွာပဲ ရှိပါလိမ့်ဦးမယ်။

မြန်မာနိုင်ငံက ကားလမ်းပလက်ဖောင်းပေါ်ရော၊ လိုင်းကားတွေ ပေါ်မှာပါ လူတွေက များလှပါတယ်။ အနောက်နိုင်ငံတွေမှာ ပလက် ဖောင်းပေါ် လမ်းလျှောက်သွားသူက အလွန်ပဲနည်းလှပါတယ်။ ကား ကိုယ်စီနဲ့ပဲ ခရီးသွားနေကြပါတယ်။ မြန်မာနိုင်ငံက တချို့လိုင်းကား တွေမှာ ကားနောက်ပေါက်မှာရော ကားပေါ်မှာပါ လူတွေက ပြွတ်သိပ် နေတတ်ကြပါတယ်။ အနောက်နိုင်ငံတွေမှာတော့ အဲဒီလိုမတွေ့ရပါ။ မြန်မာတွေက ဝစေတတ်တဲ့အစားအစာတွေကိုလဲလည်း သိပ်ပြီးမစားကြ၊ ကိုယ်လက်လှုပ်ရှား သွားလာမှုကလည်းများတော့ အနောက်တိုင်းသား တွေလို မဝကြပါ။ ကျန်းမာပြီး ပိန်ပါးတာဟာ ပေါ့ပေါ့ပါးပါး သွက် သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် ရှိတာမို့ ကောင်းပါတယ်။ မြန်မာအများစုဟာ ပိန်ဆေးစားစရာ မလိုပါ၊ ပိန်အောင် လေ့ကျင့်ခန်း အထူးလုပ်စရာ မလိုလှပါ။ မောင်လှဝင်းက ဝသူတွေထဲ ပါချင်လား၊ ပိန်သူတွေထဲ ပါချင်လား၊ မပိန် မဝ အခုအနေအထားပဲ ကောင်းပါ တယ်။

http://www.dhammadownload.com

အပိုင်း ၄
နေရေး ထိုင်ရေး ကျန်းမာရေး

ဘယ်ကောမှ ဝေးမသွားပါ

မောင်လှဝင်း...

ကထောဂတ တရားရိပ်သာမှာ သြဝါဒါ့စရိယ ၃ ပါး ရှိပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးရယ်၊ ဦးသီလာနန္ဒာဘိဝံသရယ်၊ ဦးစိပ္ပ ပညော (ဗီယက်နမ်) ဆရာတော်ရယ်ပေါ့။ တထာဂတရိပ်သာမှာ ဆရာတော်ဦးသီလာနန္ဒရဲ့ အခန်းရှိပါတယ်။ အဲဒီအခန်းမှာ သာမဏေ ကျောက် နေရပါတယ်။ ဦးသီလာနန္ဒရဲ့ဓာတ်ပုံကြီးကြီးတစ်ပုံနဲ့ နာရီ ၂ လုံးက ယှဉ်ကပ်လျက် ရှိကြပါတယ်။ ဦးသီလာနန္ဒရဲ့ ဦးနှောက် ကင်ဆာကြောင့် ဓာတ်မကင်ရင် ၃ လ၊ ကင်ရင် တစ်နှစ်လို့ ဆရာဝန် ပြောလိုက်တဲ့ သက်တမ်းကာလအရဆိုရင် ဆရာတော်ဟာ လူ့လောက မှာ ကြာကြာနေရဖွယ် မရှိတော့ပါ။ နာရီ ၂ လုံးက အမျိုးအစား မတူပါ။ အောက်မှာချိတ်ထားတဲ့နာရီမှာ လ၊ ရက်၊ နာရီ၊ မိနစ်၊ စက္ကန့်တွေ ဖော်ပြထားတာ ပါပါတယ်။ စက္ကန့်တိုင်း ပြောင်းလဲနေတဲ့ ဂဏန်းလေးတွေကို တွေ့နေရပါတယ်။ စက္ကန့်မှ မိနစ်၊ မိနစ်မှ နာရီ၊ နာရီမှ နေ့ရက်၊ နေ့ရက်မှ လ၊ လမှ နှစ်သို့ ကူးပြောင်းကာ ကုန်လွန်နေကြပါတယ်။ ဆရာဝန်ရဲ့ပြောကြားချက်သာ မှန်ခဲ့ရင် ဆရာတော် ဦးသီလာနန္ဒရဲ့ နေဝင်ချိန်က ပိုရှည်ပိုရှည်နီးနီးလာပါတယ်။ တစ်စက္ကန့်ထက် တစ်စက္ကန့်၊ တစ်မိနစ်ထက် တစ်မိနစ်၊ တစ်နာရီထက်တစ်နာရီ၊ တစ်နေ့

http://www.dhammadownload.com

ထက် တစ်နေ့ ပိုပိုနီးလာနေတာကို ဆရာတော်ရဲ့ဓာတ်ပုံနဲ့ နာရီကို ကြည့်ရင်း သတိပြုမိပါတယ်။

သက်တန်း၊ ရောဂါ၊ သေချိန်၊ သင်္ကြိုဟ်မယ့်အနေရာ၊ သွားရမယ့် နောက်ဘဝ၊ ဒီဝါးမျိုးကို မသိနိုင်လို့ ဆိုထားပေမယ့် ဆရာတော် ဦးသီလာနန္ဒအဖို့တော့ သူရှည်ရမယ့်အသက်တမ်း မှန်းဆလို့ရပါတယ်။ ကင်ဆာရောဂါက သူ့အသက်ကို ခြွေပါတော့မယ်။ နံနက်ပိုင်းလား၊ နေ့လယ်ပိုင်းလား၊ ညနေပိုင်းလား၊ ညပိုင်းလား၊ သေချိန်ကိုတော့ မသိနိုင်သေးပါ။ သင်္ကြိုဟ်ရမယ့်နေရာကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေက သိပြီးဖြစ်ပါလိမ့်မယ်။ သူရောက်ရမယ့်ဘဝကိုတော့ ဘယ်သူမှ မသိနိုင်ကြပါ။ သူပြုထားတဲ့ ဒါန၊ သီလ၊ ဘာဝနာကောင်းမှု အစုစုတွေက သူ့သံသရာခရီးအတွက် တကယ့်အားကိုးစရာတွေ ဖြစ်နေပါလိမ့်မယ်။ ဆရာတော်ဦးသီလာနန္ဒအဖို့ သေချိန်ဟာ ပို၍ပို၍နီးနီးလာသလို သာမဏေကျော်အဖို့ သေချိန်ကလည်း ပို၍ပို၍နီးနီးလာနေပါတယ်။ ဦးသီလာနန္ဒရဲ့ သေချိန်ကို တွက်ဆသိနိုင်ကြပေမယ့် သာမဏေကျော်ရဲ့သေချိန်ကိုတော့ မှန်းဆလို့တောင် မသိနိုင်သေးပါ။ ဆရာတော် သီလာနန္ဒရဲ့အရင်လည်း သေချင်သေနိုင်ပါတယ်။ သက်တမ်းအရဆိုရင်တော့ ဆရာတော်နောက်မှ သေရဖွယ်ရှိပါတယ်။

သတ္တဝါတိုင်း သေချိန်ဟာ ပို၍ပို၍နီးနီးလာနေပါတယ်။ ဘယ်သတ္တဝါရဲ့သေချိန်မှ ဝေးသွားတယ်လို့ မရှိပါ။ ရပ်တန့်နေတယ်လို့လည်း မရှိပါ။ သတ္တဝါတိုင်းက သေချိန်ဟာ ဝေးနေသေးတယ်လို့ပဲ ထင်မှတ်နေတတ်ကြပါတယ်။ သေရမှာကိုတွေးဖို့ ဝန်လေးနေတတ်ကြပါတယ်။ မတွေးချင်ပေမယ့် သေချိန်ကတော့ ဘယ်တော့မှဝေးမသွားပါ။ ရပ်တန့်မနေပါ။ မသေချင်ကြပေမယ့် သေရမှာကတော့ တကယ့်အမှန်ပါပဲ။ ဒဏ္ဍာရီမဟုတ်ပါ။ သေရမယ်ဆိုတဲ့ အမှန်တရားကိုတော့ လက်မခံချင်ပေမယ့်လက်ခံကြရပါမယ်။ လက်ခံနိုင်စွမ်းအား ရှိကြရပါမယ်။ လက်ခံ

http://www.dhammadownload.com

ဖို့အတွက် တွန့်မနေသင့်ကြပါ၊ ရွံ့မနေသင့်ကြပါ၊ ကျေကျေနပ်နပ် လက်ခံကာ အဲဒီသေခြင်းတရားကို ရင်ဆိုင်နိုင်ဖို့ အသင့်ပြင်ထားသင့်ကြပါတယ်။

နေမယ်၊ သေမယ်

မောင်လှဝင်း...

သာမဏေကျော်ဟာ မှန်ကိုမကြည့်ဖြစ်လို့ ဦးခေါင်းမှာ ဆံပင်အနည်းငယ်ဖြူနေတာကို မသိရပါ။ အခု တတိယအခေါက် အမေရိကခရီးမှာ လေယာဉ်ပေါ်က အိမ်သာထဲမှာရော၊ လေယာဉ်ကွင်းထဲက အိမ်သာခန်းတွေမှာပါ မှန်ရှိနေတာကို လက်ဆေးကန်မှာ လက်ဆေးရင်းကြည့်မိပါတယ်။ ဆံပင်အဖြူတွေက လွန်ခဲ့တဲ့ ၂ နှစ်ကအခေါက်ထက် ပိုမိုများပြားလာတာကို တွေ့ရပါတယ်။ ဦးခေါင်းက ဆံပင်သာမက မေးမွေးဘချို့ပါ ဖြူနေတာကို တွေ့ရပါတယ်။ ၄၉ နှစ်အရွယ်မှာ ဇရာရဲ့သင်္ကေတကို ကောင်းကောင်းမြင်တွေ့နေရပါပြီ။ တထာဂတ ရိပ်သာက ရေချိုးခန်းရှိ မျက်နှာသစ်ရာနေရာမှာလည်း မှန်ရှိနေတာမို့ ဆံပင်၊ မုတ်ဆိတ်တချို့ ဖြူနေတာကို မြင်တွေ့ရပြန်ပါတယ်။ ဇရာရဲ့ အဲဒီသင်္ကေတ မရဏ (သေခြင်း) နဲ့ နီးကပ်လာပြီနော်လို့ သတိပေးနေပါပြီ။ သာမဏေကျော်ရဲ့ ခမည်းတော်ကြီး ဦးတာမှာတော့ အသက် ၇၀ လောက်မှပဲ ဆံပင်ဖြူနေတာကို တွေ့ရပါတယ်။ ခမည်းတော်ကြီးက အသက်အရွယ်နဲ့စာရင် နုပျိုတယ်လို့ မြင်ရသူအပေါင်းက ပြောကြပါတယ်။ သာမဏေကျော်သာ အသက် ၇၀ အထိ ရှည်ရမယ်ဆိုရင် တစ်ခေါင်းလုံးက ဆံပင်ဖြူဖွေးနေလိမ့်မယ်လို့ ထင်မိပါတယ်။ အသက် ၇၀ ထိ ရှည်အောင် နေရလိမ့်မယ်လို့ ကိုယ့်ကိုယ်ကို မထင်မိပါ။ ကျန်းကျန်းမာမာနဲ့ နေခဲ့ရရင် ကိုယ်လုပ်ချင်တဲ့ သာသနာရေးရာ အလုပ်တွေကို လုပ်သွားချင်ပါတယ်။

http://www.dhammadownload.com

ပဏ္ဍိတာရာမဆရာတော်ကြီးမှာ သက်တော် ၈၅ နှစ် ရှိနေပါပြီ။ ပြည်ပခရီးတွေကို ကြွရောက်ကာ ဗုဒ္ဓအဆုံးအမတွေကို ဖြန့်ဝေပေးနေပါသေးတယ်။ အခုတစ်ခေါက်မှာလည်း နေ့စဉ် တရားဟောပါတယ်။ တရားစစ်ပေးပါသေးတယ်။ တရားရှုမှတ်ချိန်မှာ ရှုမှတ်ပါတယ်။ စာဖတ်ဝါသနာက ကြီးမားလှတာမို့ အားလပ်ရင် စာပဲဖတ်နေတတ်ပါတယ်။ ဟောရမယ့် တရားနဲ့ပတ်သက်တဲ့ စာတွေကို ရှာဖွေဖတ်ရှုပါတယ်။ မှတ်စုထုတ်ပါတယ်။ ကော်ပီကူးရမယ့်မှတ်စုစာသားတွေကို ကော်ပီကူးခိုင်းပါတယ်။ ဟောမယ့်တရားရဲ့ စာသားမှတ်စုတွေကို ယပ်တောင်က ဇီ (zip) ထဲထည့်သွားပါတယ်။ ပိဋ္ဌကစာပေကျမ်းဂန်တွေနဲ့အညီ ဟောပါတယ်။ ဆွမ်းဒကာ၊ ဒကာမတွေအားလည်း ဆွမ်း **အနုမောဒနာတရား** ဟောကြားပါသေးတယ်။ လာရောက်ဖူးမြော်ကြတဲ့ပရိသတ်တွေအားလည်း တရားရေအေးကို တိုက်ကျွေးပေးပါသေးတယ်။ ဆရာတော်ကြီးမှာ ထူးခြားကြီးကျယ်တဲ့ရောဂါ ဘာမှမရှိပါ။ ဆရာတော်ကြီးက အစားအသောက်ကို သင့်ရာကိုပဲရွေးချယ်ပြီး ဘုဉ်းပေးလေ့ရှိပါတယ်။ မသင့်တာကို ရှောင်နိုင်ပါတယ်။ အားရပါးရ ဘုဉ်းပေးနိုင်ပါသေးတယ်။ သင့်ရာဆေးတွေကိုလည်း **နေ့စဉ်ဘုဉ်းပေးပါတယ်**။

သာမဏေကျော်တော့ ပဏ္ဍိတာရာမဆရာတော်ကြီးလောက် အသက်ရှည်မယ်လို့ မထင်မိပါ။ ရှည်ခဲ့ရင်တောင် ဆရာတော်ကြီးလောက် ကျန်းမာမယ်လို့ မထင်မိပါ။ ကျန်းမာရင်တောင် ဆရာတော်ကြီးလောက် သာသနာအလုပ်တွေကို ဆောင်ရွယ်နိုင်မယ်လို့ မထင်မိပါ။ ဆရာတော်ကြီးက ဘုရားရှင်ရဲ့ အသက်တော်ထက်တောင် ၅ နှစ် ပိုရှည်ထားပါတယ်။ ကျန်းကျန်းမာမာနဲ့ အလုပ်လုပ်နိုင်ပြီး အသက်ရှင်နေရတာကတော့ ကောင်းပါတယ်။ 'အလုပ်လုပ်နိုင်ရင် နေမယ်၊ မလုပ်နိုင်ရင် သေမယ်'လို့ တောင်မြို့မဟာဂန္ဓာရုံဆရာတော် ကြီးရဲ့ မိန့်ဆိုခဲ့တာကို ပဏ္ဍိတာရာမ ဆရာတော်ကြီးလည်း သဘောကျပါတယ်၊ သာမဏေ

http://www.dhammadownload.com

ကျော်လည်း သဘောကျပါတယ်၊ မောင်လှဝင်းလည်း သဘောကျမှာ ပါပဲ။

အထီးကျန်

မောင်လှဝင်း...

ဦးဇင်ဦးလေ့ မောင်လှမြင့်တို့က အမေရိကက အထီးကျန်ဘဝ အကြောင်းကို ပြောပြကြပါတယ်။ အမေရိကရောက် မြန်မာတွေထဲက တောင် အထီးကျန်ဘဝအကြောင်းကို ပြောပြကြပါသေးတယ်။ အထီး ကျန် ဖြစ်ပြီး စကားပြောဖော်မရှိသူတွေက ဖုန်းဆက်ပြောလာကြတဲ့ အခါ တစ်နာရီ၊ နှစ်နာရီစသည်ကြာအောင် စကားပြောကြပါတယ်။ တစ်ခါလောက် သည်းခံနားထောင်နိုင်ပေမယ့် အခါခါဖြစ်လာဟော့ နားထောင်ရသူတွေက ဖုန်းနားထောင်ဖို့တောင် ရွံ့လာကြပါတယ်။ စကားပြောဖော်မရှိသူတွေက နားထောင်သူရှိရင် ဖုန်းနဲ့စကားများစွာ အချိန်အကြာကြီး ပြောနေတတ်ကြပါတယ်။ ကိုယ်က ကိစ္စရှိလို့ သူတို့ထံ ပြောရင်လည်း သူတို့က အကြာကြီး ပြောနေတတ်ကြပြန်ပါတယ်။ တစ်ခါမှာ ဦးဇင်ဦးလေထံ မြန်မာဒကာမတစ်ဦးက ညပိုင်းဖုန်းဆက်ပြောရာ အချိန်ကြာသွားသော်လည်း မရပ်သေးလို့ ဖုန်းသံနားထောင်ရင်း အိပ် ပျော်သွားဟန်ဆောင်ကာ ပြန်မပြောဘဲ နေလိုက်ရပါသတဲ့။ အဲဒီအခါမှ ပြောတာရပ်သွားပါတော့တယ်တဲ့။ တချို့က အလုပ်ထဲမှာလည်း အင်္ဂလိပ် စာမတတ်လို့ ကောင်းကောင်းမပြောရ၊ တတ်ပြန်လည်း ပြောခွင့်မသာ၊ အိမ်ရောက်လည်း တစ်ယောက်တည်း။ နှစ်ယောက်ရှိပြန်လည်း ကိုယ့် အလုပ်နဲ့ကိုယ်မို့ မပြောဖြစ်။ မြန်မာစကားသာ ပြောတတ်သူ၊ အင်္ဂလိပ် စကား ပြောတတ်ပေမယ့် အထီးကျန်ဖြစ်နေတဲ့ မြန်မာတွေက ဖုန်းနဲ့ အကြာကြီး ပြောနေတတ်ကြပါတယ်။ ကိုယ့်မြန်မာနိုင်ငံမှာလို အပျင်း

http://www.dhammadownload.com

ပြေ အိမ်တွေလည်ပြီး စကားပြောလို့ ရတာမဟုတ်ပါ။ အနောက်တိုင်းက လူတွေက အခြားသူအိမ်ကိုသွားရင် ကြိုတင်အသိပေး အကြောင်းကြားပြီးမှ သွားလေ့ရှိကြပါတယ်။

သား သမီးတွေက အသက် ၁၈ နှစ်ရောက်ရင် အများအားဖြင့် မိဘအိမ်မှာ မနေကြတော့ပါ။ ကိုယ့်ဘာသာ ရပ်တည်နေထိုင်ကြရပါတယ်။ ကိုယ့်ဘာသာမရပ်တည်နိုင်သူတချို့သာ မိဘအိမ်မှာ နေကြပါတယ်။ မိဘတွေက သား သမီးတွေ အိမ်မှာမရှိတော့အခါ အထီးကျန်ဘဝ ရောက်သွားကြရပါတယ်။ လင်နဲ့မယား စုံတွဲအဖြစ် တည်ရှိနေသေးရင် တော်ပါဦးမယ်၊ အဲဒီမိဘနှစ်ဦးက တစ်ကွဲစီဖြစ်နေကြရင် အထီးကျန်ဖြစ်တာမို့ ကြောင်လေး ခွေးလေးတွေကိုမွေးကာ အဲဒီကြောင်၊ ခွေးလေးတွေကို အဖော်ပြုနေကြရရှာပါတော့တယ်။ လမ်းလျှောက်သွားရင် ခွေးကိုအဖော်ပြုသွားကြရပါတယ်။ သူတို့မှာ စကားပြောဖော်မရှိတော့ ကြောင်လေး၊ ခွေးလေးတွေကို စကားပြောနေတတ်ကြပါတယ်။ ကြောင်လေး၊ ခွေးလေးတွေအပေါ် သံယောဇဉ်တွယ်နေကြရပါတယ်။ တချို့ကသေသွားလို့ အမွေကို အဲဒီကြောင်လေး၊ ခွေးလေးအား သေတမ်းစာရေးကာ အမွေပေးခဲ့ကြပါသေးသတဲ့။

အရှေ့တိုင်းကပဲဖြစ်ဖြစ်၊ အနောက်တိုင်းကပဲဖြစ်ဖြစ် လူတွေဟာ စကားပြောဖော်မရှိရင် ပျင်းရိတတ်ကြပါတယ်။ စကားပြောဖော်နဲ့ စကားလေးတွေ ပြောပြီး နေရမှ ပျော်တတ်ကြပါတယ်။ ကိုယ်ရင်ဖွင့်ချင်တာလေးတွေကို ရင်းနှီးခင်မင်သူထံ ရင်ဖွင့်လိုက်ရရင် ရင်ထဲမှာ ပေါ့ပါးပြီး နေသာထိုင်သာရှိသွားကြပါတယ်။ အထီးကျန်ဘဝရဲ့ဒုက္ခကို ကိုယ့်မြန်မာနိုင်ငံက လူတွေထက် အနောက်နိုင်ငံတွေကလူတွေက ပိုမိုခံစားကြရပါတယ်။ တရားရှုမှတ်မှုကို အဖော်ပြုနိုင်ကြရင် မြန်မာတွေရော၊ ပြည်ပသားတွေပါ အဲဒီအထီးကျန်ဒုက္ခကို ခံစားရတော့မယ် မဟုတ်ပါ။

http://www.dhammadownload.com

၉၁၁

မောင်လှဝင်း...

တထာဂတရိပ်သာမှာ အိမ်ရာမဲ့တောင်းစားသူလည်း လာဖူးတယ်။ အရူးလည်း လာဖူးတယ်။ အရေးပေါ်ကျန်းမာရေးချို့တဲ့သူလည်း ရှိခဲ့ဖူးတယ်။ သူခိုးလည်း လာဖူးတယ်။ အဲဒီလိုလူတွေလာလို့ ပုလိပ်ကို ခေါ်ချင်ရင်၊ ဆေးရုံသွားချင်ရင် ၉၁၁ ဂဏန်းနဲ့ ဖုန်းဆက်လိုက်က ၁၀ မိနစ်အတွင်း ရောက်လာပါသတဲ့။ 'ကယ်ကြပါဦး၊ ကူကြပါဦး' လို့ အသံကုန်ဟစ်အောက်ပြီး အကူအညီတောင်းစရာမလိုပါ။ မီးလောင်ရင်လည်း အဲဒီဂဏန်းနဲ့ပဲ ဖုန်းဆက်လိုက်က ၁၀ မိနစ်အတွင်း ရောက်လာပါသတဲ့။ ဂဏန်း ၉၁၁ မှာ ပုလိပ်လည်း ရှိတယ်၊ မီးသတ်လည်း ရှိတယ်၊ ကျန်းမာရေးဆိုင်ရာတွေ ကူညီသူတွေလည်း ရှိတယ်။ တစ်ခါက ကလေးမငယ်လေးတစ်ဦးက သူ့အမေ မူးပြီးလဲကျသွားလို့ ၉၁၁ ကို ဆက်လိုက်တယ်။ ၁၀ မိနစ်အတွင်း ရောက်လာတယ်။ လာရမယ့်နေရာကို ပြောပြစရာမလို၊ လာရမယ့်လမ်း၊ လာရမယ့်အိမ်တွေကို ပြောစရာမလိုပါ။ ဆက်သွယ်လိုက်တဲ့ ဖုန်းနံပါတ်ကိုကြည့်ပြီး ခေါ်လိုက်တဲ့နေရာကို အရောက်လာပါတယ်။ အိမ်မှာသုံးတဲ့ ဖုန်းနဲ့ခေါ်ခေါ်လက်ကိုင်ဖုန်းနဲ့ခေါ်ခေါ် ခေါ်လိုက်တဲ့နေရာကို အရောက်လာပါတယ်။

၉၁၁ က ကူညီပေးမယ့်သူတွေက အမေရိကန်နိုင်ငံတစ်ဝန်းလုံးရှိ မြို့တိုင်း၊ ရွာတိုင်းရဲ့ နေရာများစွာမှာ အနှံ့အပြားရှိနေကြပါတယ်။ ကျန်းမာရေး၊ လုံခြုံရေး၊ မီးရေးတွေအတွက် အရေးပေါ်အကူအညီတွေပေးနိုင်အောင် နိုင်ငံတစ်ဝန်းလုံးမှာ စီမံပေးထားပါတယ်။ သေနတ်ကိုင်ခွင့်ပေးထားတဲ့နေရာတွေမှာ အဲဒီလိုလုံခြုံရေးအကူအညီ မပြည့်စုံ၊ မကောင်းမွန်ခဲ့ရင် အန္တရာယ်အလွန်ပဲ များပါလိမ့်မယ်။ တစ်ခါက မြန်မာကလေးမတစ်ဦးရဲ့ ပိုက်ဆံအိတ်ကို သူခိုးက လုယူပြီး ကားနဲ့ထွက်ပြေး

http://www.dhammadownload.com

ပါသတဲ့။ ကလေးမက ကားနံပါတ်ကို အပြည့်အဝ မမှတ်မိပါ။ ၉၁၁ ကို ဆက်လိုက်လို့ ပုလိပ်ကရောက်လာရော ကားနံပါတ် အပြည့်အဝ မပြောနိုင်ပေမယ့် ကားအရောင်၊ ကားရပ်ရာနေရာကို ပြောနိုင်လို့ အဲဒီသူခိုးကို နာရီဝက်အတွင်း မိအောင်ဖမ်းလာပါသတဲ့။

သေနတ်ကိုင်ခွင့်ပေးထားတော့ ပုလိပ်တွေတောင် အန္တရာယ်မကင်းကြပါ။ သာမဏောကျော်တို့ရောက်ပြီး မကြာခင်မှာ ပုလိပ်တစ်ယောက် အသတ်ခံလိုက်ရတဲ့သတင်းကို ကြားသိရပါတယ်။ သံသယရှိလို့ ပုလိပ်က လူတစ်ယောက်နောက်လိုက်ရာ အဲဒီလူမှာ သေနတ်ပါလို့ အဲဒီလူက ပုလိပ်ကို သေနတ်နဲ့ပစ်သတ်လိုက်ပါတယ်။ အဲဒီပုလိပ် သေသွားပါတယ်။ အမေရိကမှာ ၉၁၁ ဂဏန်းနဲ့ ဖုန်းဆက်ကာ အရေးပေါ်အကူအညီတောင်းရပေမယ့် အင်္ဂလန်မှာတော့ ၉၉၉ ဂဏန်းနဲ့ ဖုန်းဆက်ကာ အရေးပေါ်အကူအညီတောင်းရပါသတဲ့။ သတ္တဝါတိုင်းရဲ့ အတွင်းသန္တာန်မှာ လောဘ၊ ဒေါသစတဲ့ ကိလေသာအန္တရာယ် ကင်းဖို့တော့ သတိအကူအညီလိုအပ်ပါတယ်။ သတိအစောင့်အရှောက်ရှိနေသူမှာ ကိလေသာအန္တရာယ်တွေ မဝင်ရောက်နိုင်ပါ။ မနှောင့်ယှက်နိုင်ပါ။ မဖျက်ဆီးနိုင်ပါ။ အပြင်ပအန္တရာယ်တွေအတွက် ၉၁၁၊ ၉၉၉ တွေကို အကူအညီတောင်းရသလို အတွင်းကိလေသာအန္တရာယ်တွေအတွက် သတိကို အကူအညီတောင်းရပါတယ်။ ဖြစ်တိုင်း မှတ်ရှု၊ သတိပြု၊ စောင့်မှုအစဉ်ထားရပါမယ်။

လိုချင်ကြမှာပဲပေါ့

မောင်လှဝင်း...

အမေရိက လူနေရပ်ကွက်ထဲမှာ ခြင်မရှိသလောက်ပဲ၊ ကြမ်းပိုးမရှိသလောက်ပဲ။ ခြင်မရှိတော့ ခြင်ထောင်မလိုတော့ပါ။ သာမဏောကျော်

http://www.dhammadownload.com

အိပ်ရတဲ့ခုတင်မှာလည်း ခြင်ထောင်မရှိပါ။ သာမဏေကျော် မဟာဂန္ဓာရဲ့ ရဲ့ပတ်ဝန်းကျင်မှာ လယ်ကွင်းတွေရှိတာမို့ မိုးအခါ ခြင်ပေါတယ်နော်။ နွေအခါမှာတော့ လယ်ထဲက ရေမရှိတော့ ခြင်သက်သာတယ်မဟုတ်လား။ ကြမ်းပိုးကို အမေရိကန်တွေ မြင်ဖူးမယ်တောင် မဟုတ်ပါတဲ့။ ကြမ်းပိုးကိုက်၊ ခြင်ကိုက်လို့ ညအခါ အိပ်မပျော်ရရှာတဲ့ မြန်မာနိုင်ငံက လူတွေအဖို့တော့ ကြမ်းပိုး၊ ခြင်မရှိရာနေရာဟာ လွမ်းမောစရာပဲပေါ့။ ခြင်လုံးဝမရှိဘူးဆိုတော့ ခြင်ဆေးတွေ မလိုတော့ပါ။ မြန်မာနိုင်ငံမှာ ခြင်တွေကို လုံးဝကင်းရှင်းသွားအောင် မလုပ်နိုင်သေးတော့ ခြင်ထောင်တွေ သုံးရပါတယ်။ ခြင်ဆေးခွေတွေ သုံးရပါတယ်။ ခြင်ထောင်တွေ ကာရံရပါတယ်။ ငှက်ဖျားရောဂါလည်း ခံစားရပါတယ်။ ပိုးဟတ်ကိုတွေ့ရင် ပိုးဟတ်မရှိတဲ့နိုင်ငံကလူတွေက အလွန်ပဲကြောက်ကြပါတယ်။ အိမ်မြှောင်တွေ့ရင်လည်း ကြောက်ကြပါတယ်။

အမေရိကမှာ လျှပ်စစ်မီးမလာတဲ့အခါ မရှိဘူးလို့ဆိုပါတယ်။ လေမုန်တိုင်း အကြီးအကျယ်တိုက်ခတ်ခံရတဲ့အခါတုန်းက လျှပ်စစ်မီးပြတ်သွားတာ ရှိဖူးတယ်လို့ ပြောပါတယ်။ ဖုန်းအလိုရှိရင် ဒေါ်လာ ၂၀၀ လောက် အကုန်ခံလိုက်တာနဲ့ ချက်ချင်းဖုန်းရပါတယ်တဲ့။ ဒေါ်လာ ၂၀၀၀ လောက် ပေးလိုက်ရင် ကားကောင်းကောင်းတစ်စီး ရပါတယ်တဲ့။ သူတို့အမေရိကမှာ ကားစျေး၊ ဖုန်းစျေးတွေက တော်တော်ချိုတာပဲနော်။ တချို့ပစ္စည်းတွေက မြန်မာနိုင်ငံမှာ စျေးပိုချိုတယ်။ လွန်ခဲ့တဲ့ အမေရိက လာတဲ့အခေါက်တုန်းက ဦးမျိုးမင်း၊ ဒေါ်ခင်ခင်ဝင်းတို့က မျက်မှန်တစ်လက်ဖိုး လျှုတယ်။ မျက်မှန်ကို အမေရိကမှာဝယ်ရင် စျေးကြီးတယ်။ မြန်မာနိုင်ငံမှာဝယ်ရင် စျေးချိုတယ်တဲ့၊ ဟုတ်တယ်။ မြန်မာနိုင်ငံက သုံးပုံတစ်ပုံလောက် စျေးချိုနေတယ်။ ဆေးပစ္စည်းဝယ်ချင်ရင် ပြည်ပရောက် မြန်မာတချို့က မြန်မာနိုင်ငံက ဆေးပစ္စည်းကို ဝယ်ယူကြပါသတဲ့။ စျေးပိုချိုလို့ပါတဲ့။ မြန်မာနိုင်ငံမှာ စျေးများပြီး အမေရိက

http://www.dhammadownload.com

မှာ ဈေးနည်းတဲ့ပစ္စည်းတွေရှိသလို မြန်မာနိုင်ငံမှာ ဈေးနည်းပြီး အမေရိကမှာ ဈေးများတဲ့ပစ္စည်းတွေလည်း ရှိကြပါတယ်။

အမေရိကန်တွေက တီဗီ၊ ရေဒီယို၊ ကက်ဆက်၊ ကွန်ပျူတာ၊ ဆိုဖာထိုင်ခုံစတဲ့ အသုံးအဆောင်ပစ္စည်းတွေဟာ အကောင်းချည်းဖြစ်နေသေးပေမယ့် အမျိုးအစားအသစ်တွေ ပေါ်လာလို့ ကောင်းသေးတဲ့ အဲဒီအဟောင်းပစ္စည်းတွေကို စွန့်ပစ်ကြပါတယ်။ အမျိုးအစားအသစ်တွေကို ဝယ်ယူပြီး သုံးစွဲကြပါတယ်။ အဲဒီကောင်းသေးတဲ့ အဟောင်းပစ္စည်းတွေကို အိမ်ရှေ့မှာ ထုတ်ပစ်ထားတာကို တွေ့ရဖူးပါတယ်။ မောင်လှဝင်းသာ တွေ့ရင် ဘယ်လိုလုပ်မလဲ၊ ယူချင်မှာပေါ့နော်။

ဘယ်သူမဆို ကိုယ်မသုံးစွဲနိုင်သေးတဲ့ပစ္စည်းအကောင်းလေးတွေသာ တွေ့ရင် ယူလိုရတဲ့ပစ္စည်းဖြစ်က လိုချင်ကြမှာပဲပေါ့။

တစ်ကျောင်း တစ်ဂါထာ

မောင်လှဝင်း...

သူတို့အမေရိကမှာ လူ့အခွင့်အရေးက တချို့နေရာတွေမှာ အံ့ဩစရာပဲ။ ကော်ဖီဆိုင်တစ်ဆိုင် ရှိတယ်။ မက်ဒေါ်နယ်တဲ့။ အဲဒီဆိုင်ကို အမျိုးသမီးတစ်ယောက်က ကော်ဖီလာဝယ်တယ်။ ကော်ဖီကို ခွက်နဲ့ သယ်ယူသွားတယ်။ ကော်ဖီဆိုင်က ခွက်နဲ့ပဲ၊ ခွက်ထဲက ကော်ဖီအရည်က ဖိတ်စင်ပြီး လက်ကိုအပူလောင်တယ်၊ အဲဒီအမျိုးသမီးက အဲဒီကော်ဖီဆိုင်ကို တရားစွဲတယ်။ ခွက်မှာ ကော်ဖီပူတယ်လို့ စာရေးမထားလို့တဲ့။ အဲဒီအမျိုးသမီးက အနိုင်ရသွားသတဲ့။ မက်ဒေါ်နယ်အမည်ရှိ အဲဒီကော်ဖီဆိုင်က ဒေါ်လာတစ်သန်း အလျော်ပေးလိုက်ရသတဲ့။ အံ့

http://www.dhammadownload.com

သြစရာမကောင်းဘူးလား။ ဒေါ်လာတစ်သန်းဆိုတော့ အများကြီးရသွား တာပဲနော်။ နောင်အခါ ကော်ဖီခွက်မှာ ပူတယ်လို့ စာလုံးရေးထားရပါ တော့တယ်တဲ့။ **အမေရိကန်ရဟန်းဦးသုမနသိရီကပြောတာပါ ဦးသုမန** သိရိုက နောက်တစ်မျိုးလည်း ပြောပြပါသေးတယ်။

သူခိုးတစ်ယောက်က အိမ်တစ်အိမ်ကို ဝင်ပြီးခိုးတယ်။ ခိုးပြီး ထွက်လာတော့ ကြမ်းခင်းက ကျိုးပြီး သူ့ခြေထောက်ထိခိုက်သွားတယ်။ သူ့ခြေထောက် ထိခိုက်သွားလို့ သူခိုးက အိမ်ပိုင်ရှင်ကို တရားစွဲတယ်။ သူခိုးက အနိုင်ရသွားသတဲ့။ အဲ့ဒီသြစရာပဲနော်။

ဦးသုမနသိရိုက ပြောပြီး ရယ်တယ်။ သူလည်း အဲ့ဒီသြနေတယ်။ တထာဂတရိပ်သာ လူငယ်ဗုဒ္ဓယဉ်ကျေးမှုသင်တန်း တက်ကြတဲ့ ကလေးမနဲ့ ကောင်လေးဟာ ချစ်ကြိုက်ပြီး ထွက်ပြေးရင် သို့မဟုတ် တစ်ယောက်နဲ့တစ်ယောက်ရန်ဖြစ်လို့ အနာတရဖြစ်သွားရင် တထာဂတ ရိပ်သာမှာ တာဝန်ရှိပါသတဲ့။ တရားစွဲလို့ ရပါသတဲ့။ တထာဂတရိပ်သာ လာခိုက် ချော်လဲပြီး အနာတရဖြစ်သွားရင်လည်း ရိပ်သာကို တရားစွဲ လို့ ရပါသတဲ့။ စာသင်ကျောင်းတွေမှာလည်း အဲဒီလိုပါပဲတဲ့။ တယ်ခက် တာပါပဲလား။ ဒါကြောင့် ဦးသုမနသိရိုက 'လူငယ်သင်တန်းဟာ တာဝန်ကြီးလေးတယ်'လို့ ညည်းတွားပြောဆိုပါတယ်။ ကလေးတွေကို ဂရုမစိုက်ဘဲ ပစ်ထားမှာစိုးလို့ အဲဒီဥပဒေပေါ်ပေါက်လာရပါတယ်လို့ လည်း သူကပြောပြပါတယ်။ အလုပ်သမားတွေကို အလုပ်ခိုင်းရင် ဒဏ်ရာအနာတရထိခိုက်မှုတွေ ဖြစ်ပေါ်လာခဲ့လို့ အဲဒီလိုမဖြစ်ရအောင် အဲဒီဥပဒေ ပေါ်ပေါက်လာရပါတယ်တဲ့။

မောင်လှဝင်း၊ သာမဏေကျော် မကြားသိရသေးတဲ့ အဲဒီလို အဲ့ဒီသြစရာ လူ့အခွင့်အရေးဆိုတာတွေက ဘယ်လောက်ရှိဦးမယ် မသိရ ပါ။ မိဘက သား သမီးကို မရိုက်ရပါတဲ့။ သားသမီးက အရိုက်ခံရ ကြောင်း ကျောင်းဆရာ၊ ဆရာမအား ပြောရင် ဆရာ ဆရာမက ပုလိပ်ကို

http://www.dhammadownload.com

တိုင်က ပုလိပ်က မိဘကို လာဖမ်းပါသတဲ့။ လင်နဲ့မယားလည်း အဲဒီ အတိုင်းပါပဲတဲ့။ မြင်တွေ့ရသူတွေက ပုလိပ်ကိုတိုင်ရင်လည်း အဖမ်းခံ ရပါသတဲ့။ တချို့အရှေ့တိုင်းသားတွေကတော့ မသိရအောင် သား သမီးတွေကို ရိုက်တတ်ကြပါသတဲ့။ သူတို့ဥပဒေကို အလေးမပြုကြ ပါတဲ့။ သူတို့အနောက်တိုင်းဥပဒေ၊ အနောက်တိုင်းယဉ်ကျေးမှုတွေက ကိုယ့်မြန်မာအနေအထားနဲ့ ကြည့်ရင်တော့ တစ်မျိုးကြီးပဲနော်။ တစ် ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းဆိုတာလိုပေါ့လေ။ တစ်နိုင်ငံ နဲ့တစ်နိုင်ငံ အနေအထားက ဒီလောက်တော့လည်း ကွာခြားပေမပေါ့။

ဆန္ဒမရှိပေမယ့်

မောင်လှဝင်း...

ဆရာတော်ကြီးမှာ သလိပ်တွေများပြီး ချောင်းဆိုးကာ အသံဝင် နေလို့ ယောဂီတွေအား ၆၊ ၅၊ ၂၀၀၅ နေ့က သာမဏေကျော်ကို တရားဟောခိုင်းပါတယ်။ ဦးသုမနသိရီက အင်္ဂလိပ်လို ဘာသာပြန်ပေး ပါတယ်။ ဦးသုမနသိရိရဲ့ အင်္ဂလိပ်ပြန်ပေးမှုကို အမေရိကန်တွေက နှစ်ခြိုက်ကြသလို ဦးဇဋ္ဌိလကလည်း အထူးပဲသဘောကျပါတယ်။ တရားမဟောခင် ဘာတရားဟောမလဲလို့ ဦးသုမနသိရီက သာမဏေ ကျော်ကို လာမေးပါတယ်။ တရားစစ်တဲ့အခါ ယောဂီတွေအား ပြောပြ လေ့ရှိတဲ့ စကားလေးတွေကိုပဲ ပြောပြမှာပါလို့ ပြောတော့ တစ်နာရီ ပြည့်အောင် ဟောလို့ရပါ့မလားလို့ သူက မေးပြန်ပါတယ်။ ရမှာပါလို့ ဖြေလိုက်ပါတယ်။ သာမဏေကျော်က နာရီဝက်ပြော၊ သူက နာရီဝက် ပြန်ဆိုတော့ ဟောချိန်တစ်နာရီက ပြည့်သွားမှာပါပဲ။ သာမဏေကျော်က မြန်မာနိုင်ငံမှာ ယောဂီတွေအား တရားဟော အလွန်နည်းပါးတာမို့

http://www.dhammadownload.com

တရားဟောလိုတဲ့ဆန္ဒတော့ မရှိပါ။ ဖြစ်နိုင်ရင် မဟောဘဲသာ နေချင်ပါတယ်။ ဆရာတော်ကြီးရဲ့ မိန့်ကြားချက်ကို လိုက်နာတဲ့အနေနဲ့သာ ဟောလိုက်ရပါတယ်။ ဟောလိုတဲ့ဆန္ဒမရှိပေမယ့် ဟောဖို့တော့ မကြောက်ရွံ့ပါ။ ကိုယ်စွမ်းနိုင်သမျှ မေတ္တာထားပြီး ဟောလိုက်တာပါပဲ။ ပဏ္ဍိတာရာမဆရာတော်ကြီး မိန့်ကြားလေ့ရှိတဲ့ ဥပမာလေးတွေကို အများဆုံး အသုံးပြုပြီး ဟောလိုက်ပါတယ်။ မဟာစည်ဆရာတော်ကြီး၊ ပဏ္ဍိတာရာမဆရာတော်ကြီးတို့ရဲ့ နည်းအတိုင်း ဟောကြားလိုက်ပါတယ်။

သာမဏေကျော်က မြန်မာလိုပဲ ပြောသွားပါတယ်။ ဦးသုမနက လိုက်ရေးမှတ်ပါတယ်။ သာမဏေကျော်က ပြောတဲ့စကားများသွားရင် ဦးသုမနလည်း အများကြီး လိုက်ရေးမှတ်ရပါတယ်။ သူတော်ပါတယ်။ သာမဏေကျော်ပြောတဲ့အတိုင်း အင်္ဂလိပ်လို ထိထိမိမိရှိအောင် ပြန်နိုင်ပါတယ်။ သာမဏေကျော် ပြောသွားသမျှအားလုံး မကျန်ရအောင်၊ စုံစေ့အောင် ပြန်ပေးနိုင်ပါတယ်။ သူ့လိုအမေရိကန်တွေက မြန်မာစကားကို နားလည်ပြီး ပါဠိစာပေကို မြန်မာစာပေအကူအညီနဲ့ နားလည်ထားရင် အမေရိကန်လူမျိုးတွေအဖို့ ပိုမိုအကျိုးပြုနိုင်ကြပါမယ်။ သူတို့ အမေရိကန်တွေက သူတို့အမေရိကန်တွေအား ဟောပြောပြသပေးရင် ပိုမိုနားလည်သဘောပေါက်နိုင်တာမို့ ပိုမိုကျေးဇူးများလှပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက အဲဒီလိုပြည်ပသားတွေကို သူတို့အမိနိုင်ငံတွေမှာ ဗုဒ္ဓသာသနာပြန့်ပွားအောင် လုပ်နိုင်ဖို့ရာ ပြုစုပျိုးထောင်ပေးနေပါတယ်။ အောင်မြင်သင့်သလောက် အောင်မြင်နေတာပါပဲ။

ဦးသုမနသိရီက ပါဠိစာပေကို မောင်လှမြင့်ထံ အများဆုံးသင်ယူထားပါတယ်။ ဆက်လက်သင်ယူပါဦးမယ်။ မောင်လှမြင့်က ပါဠိစာပေမှာရော၊ အင်္ဂလိပ်စာပေမှာပါ ကျွမ်းကျင်တာမို့ ဦးသုမနသိရီကို ပါဠိစာပေသင်ပြပေးရာမှာ များစွာထိရောက်အောင် သင်ပြပေးနိုင်

http://www.dhammadownload.com

ပါတယ်။ မောင်လှမြင့်က အိန္ဒိယရှိ အမေရိကန်တရားစခန်းမှာလည်း တရားပြသပေးပါတယ်။ မဟာစည်ဆရာတော်ကြီးရဲ့ ဝိပဿနာရှုနည်း စာအုပ်ကြီး ၂ အုပ် စသည်ကို အင်္ဂလိပ်လို ဘာသာပြန်ထားပါတယ်။ Meditation lectures ဆိုတဲ့ သူ့စာအုပ်လည်း မကြာခင်ထွက်ပေါ်လာပါတော့မယ်။ ဒီမရောက်ပေမယ့် စာအုပ်ထွက်ချိန်မှာ ရပါစေ၊ သူ့စာအုပ်ကို ပုံနှိပ်ပြီးနေပါပြီ။

အင်တာနက်

မောင်လှဝင်း...

မောင်လှမြင့်က ပါဠိစာပေတတ်ကျွမ်းတာမို့ ဗီယက်နမ်အဖွဲ့က ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို အင်္ဂလိပ်စာလုံးနဲ့ စာအုပ်ထုတ်ဖို့ ကြိုးစားနေရာ အဲဒီပါဠိတွေကို စိစစ်ဖတ်ရှုနေရပါတယ်။ ကွန်ပျူတာ၊ အင်တာနက်ကနေ အီးမေးလ်နဲ့ ရန်ကုန်ပဏ္ဍိတာရာမ မဝိမလဉာနီထံ စာရိုက်ပို့ပါတယ်။ ရိုက်ပို့လိုက်တဲ့စာသားတွေက ပဏ္ဍိတာရာမ ကွန်ပျူတာအင်တာနက်ထံ ချက်ချင်းရောက်သွားပါတယ်။ ရောက်မရောက် စိစစ်ကြည့်လို့ရပါတယ်။ သူက ကိုယ့်ထံပြန်ပို့ရင်လည်း ချက်ချင်းရောက်လာပါတယ်။ **အင်တာနက်ကနေ** အပြန်အလှန် ရေးပို့တဲ့စာ ချက်ချင်းရောက်သွားပါတယ်။ နားကြပ်နဲ့ဆိုရင် ကိုယ့်အသံကို သူက နားထောင်လို့ရသလို သူ့အသံကိုလည်း ကိုယ်ကနားထောင်လို့ရပါတယ်။ အင်တာနက်ကနေ ဖုန်းပြောလို့ရပါတယ်။ ကိုယ့်ဓာတ်ပုံကို သူ့ထံပို့ရင် ရသလို သူ့ဓာတ်ပုံကို ကိုယ့်ထံပို့ရင်လည်း ချက်ချင်းရပါတယ်။ အဲဒီအင်တာနက်ကနေ ရည်းစားစာရေး၊ ရည်းစားစကားပြောလို့ ရတဲ့အတွက် အိမ်ထောင်သည်တွေရဲ့ အိမ်ထောင်ရေးတွေ ကစဉ့်ကသျှား

http://www.dhammadownload.com

ဖြစ်သွားတာတွေလည်း ရှိပါသတဲ့။ ကိုယ့်နီးစပ်ရာမြန်မာအသိုက်အဝန်းထဲမှာ အဲဒီလိုဖြစ်နေတာကိုတောင် ကြားသိရပါတယ်။

အင်တာနက်ထဲမှာ မြန်မာနိုင်ငံက ပဏ္ဍိတာရာမရိပ်သာ၊ ချမ်းမြေ့ရိပ်သာ၊ မဟာစည်ရိပ်သာ၊ သဒ္ဓမ္မရံသီ၊ မိုးကုတ်ရိပ်သာစတဲ့ နာမည်ကြီး ရိပ်သာအကြောင်းတွေကိုလည်း ဖတ်ရှုရပါတယ်။ သာမဏေကျော်ရဲ့ စာအုပ်တချို့ကိုတောင် ဖတ်ရှုရပါတယ်။ ပိဋ္ဌကစာပေထဲက ကိုယ်ဖတ်ရှုချင်တဲ့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို ချက်ချင်းဖတ်ရှုလို့ ရပါတယ်။ ကိုယ်သိချင်တဲ့အကြောင်းအရာကို အင်တာနက်မှာ ရှာဖွေခိုင်းလိုက်ရင် သူ့ထဲမှာပါက ချက်ချင်းရှာပေးပါတယ်။ ကွန်ပျူတာ အင်တာနက်က ပိဋ္ဌကစာပေ အင်မတန်တတ်ကျွမ်းနှံ့စပ်တဲ့ ဆရာတော်ကြီးတစ်ပါးထက်တောင် ပိုပြီးအားကိုးလို့ရပါတယ်။ ဦးသုမနသိရီထံ ကိုယ်သိချင်တဲ့ပါဠိစာပေထဲက အကြောင်းအရာကို အင်တာနက်ထဲ ရှာခိုင်းရာ ကိုယ်သိထားတာထက် ပိုမိုပြည့်စုံအောင် ရှာဖွေပေးပါတယ်။ ကိုယ်မသိသေးတာတွေကို လွယ်ကူစွာ ရှာဖွေပေးနိုင်တဲ့အင်တာနက်ကို အံ့ဩမိပါတယ်။ စိတ်ဝင်စားမိပါတယ်။ အထင်ကြီးမိပါတယ်။

အခြားအခြား လောကဗဟုသုတအဖြာဖြာကို သိလိုလို့ မေးလိုက်ရာ အင်တာနက်က အံ့ဩဖွယ်ကောင်းလောက်အောင် အဖြေပေးနိုင်ပါတယ်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ နည်းပညာရပ်တွေက အံ့မခန်းပါပဲ။ အင်တာနက်က ပေးတဲ့ပညာရပ်တွေဟာ ကိုယ်သိထားတဲ့ ပညာရပ်တွေထက် အလွန်အကဲပဲ များနေပါတယ်။ ပိဋ္ဌကဆိုင်ရာပညာရပ်မှာတောင် အင်တာနက်က ကိုယ့်ထက် အဆပေါင်းများစွာသာလွန်နေပါတယ်။ အသိပညာတိုးပွားဖို့အတွက် အင်တာနက်ဟာ အလွန်ပဲကျေးဇူးများလှပါတယ်။ အင်တာနက်ကို သုံးတတ်လို့ သုံးနိုင်ခဲ့ရင် ပိဋ္ဌကတ်ဆိုင်ရာ စာအုပ်တွေကို အခုထက်ပိုပြီး ရေးနိုင်လိမ့်မယ်လို့ တင်မိပါတယ်။ အင်တာနက်ရဲ့အစွမ်းတွေက အလွန်ပဲများလှပါတယ်။ အသိပညာ

http://www.dhammadownload.com

ကြွယ်ဝလိုသူတွေအတွက် အလွန်အားကိုးရတဲ့ မိတ်ဆွေကောင်းတစ်ဦး ဖြစ်ပါတယ်။ အင်တာနက်ရဲ့အစွမ်းကို အခုအမေရိကတစ်ခေါက်မှ အတော်အသင့် သိရပါတယ်။ အင်တာနက်တီထွင်တဲ့ ပညာရှင်တွေဟာ အလွန်ပဲ တော်ကြပါပေတယ်။

အဖော်

မောင်လှဝင်း...

မနေ့ညက ၇၊ ၅၊ ၂၀၀၅ ကလည်း ပဏ္ဍိတာရာမဆရာတော်ကြီးက ယောဂီတွေအား သာမဏေကျော်ကို တရားထပ်ဟောခိုင်းပါတယ်။ အဂ်ုတ္တရနိကာယ်၊ ဆက္ကနိပါတ်လာ အပရိဟာနိယသုတ္တန်ကို ဟောလိုက်ပါတယ်။ မဟာစည်ဆရာတော်ကြီးက လက်ာလေး သီကုံးထားပါတယ်။ မဟာစည်ဆရာတော်ကြီးက ပါဠိဘာသာနဲ့ ဟောထားတဲ့ ဘုရားစကားတော်တွေကို မြန်မာတွေ လွယ်ကူစွာနားလည်ပြီး မှတ်သားလို့ရအောင် ရှင်းလင်းပေါ်လွင်တဲ့ စကားလုံးတွေနဲ့ လက်ာလေးတွေ သီကုံးပေးကာ တရားဟောလေ့ရှိပါတယ်။ ဘုရားစကားတော်တွေ မြန်မာတွေရဲ့နားထဲ၊ နှလုံးသားထဲ ရောက်သွားအောင် လုပ်ပေးတာပါပဲ။ ကုသိုလ်တရားတွေမှ မဆုတ်ယုတ်ကြောင်းတရား ၆ ပါးထဲမှာ 'ကိုယ်တည်း ပျော်လေ'ဆိုတဲ့ အချက်တစ်ခု ပါဝင်ပါတယ်။ သာမဏေကျော်ရဲ့ အဖေကြီး (အဖေရဲ့အဖေ) ဘိုးခင်အကြောင်း ထည့်ပြောလိုက်ပါသေးတယ်။ ဘိုးခင်က တောင်သူသမားဆိုတော့ လယ်ထဲ၊ ယာထဲ အလုပ်သွားရပါတယ်။ သွားတဲ့အခါ၊ လာတဲ့အခါ၊ အလုပ်လုပ်နေတဲ့အခါ၊ အိမ်မှာနေတဲ့အခါတွေမှာ ရှုမှတ်မှုနဲ့ နေလေ့ရှိပါတယ်။ တကယ့် ယောဂီကြီးပါပဲ။ မောင်လှဝင်း မှတ်မိတယ်မဟုတ်လား။ ဘိုးခင်က

http://www.dhammadownload.com

တစ်ခါမှာတော့ လက်ပံသာရွာကျောင်း ဆရာတော်ဦးပညာဇောတ ထံ သွားတယ်။ အဲဒီဆရာတော်ကြီးကလည်း သတိပဋ္ဌာန်အားထုတ်တဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ဘိုးခင်နဲ့ အဲဒီဆရာတော်က ဓမ္မမိတ်ဆွေတွေမို့ အဲဒီဆရာ တော်ထံ ဘိုးခင်က သွားရောက်ဖူးမြော်တယ်။ ဆရာတော်က ဘိုးခင် ကို 'ဘိုးခင်၊ တစ်ယောက်တည်းပဲလား'လို့ မေးတဲ့အခါ ဘိုးခင်က 'အဖော်နဲ့ပါ ဘုရား'လို့ ဖြေတယ်။ 'ဘိုးခင်ကသာ အဖော်နဲ့လို့ ပြော တယ်၊ ဘယ်မှာလဲ အဖော်က'လို့ မေးတယ်။ ဘိုးခင်က 'တပည့်တော် ကရှုမှတ်မှုအဖော်နဲ့ လာခဲ့ပါတယ်'လို့ ပြောတယ်တဲ့။ အဲဒီအကြောင်း ကို ယောဂီတွေအား ပြောပြလိုက်ပါတယ်။ ယောဂီတွေလည်း လူ့အဖော် နဲ့ မပျော်ဘဲ ရှုမှတ်မှုအဖော်နဲ့ ပျော်နိုင်ကြပါစေလို့ တိုက်တွန်းလိုက်ပါ တယ်။ မဟာစည်ဆရာတော်ကြီး သီကုံးထားတဲ့ လက်ဘလေးက အောက်ပါအတိုင်းပါပဲ။

ကိစ္စ မများ၊ စကားနည်းစေ၊
အိပ်နေမှုနည်း၊ ကိုယ်တည်းပျော်လေ၊
ဆုံးမလွယ်ကြောင်း၊ မိတ်ကောင်း ရှိစေ၊
တရားရေး အားပေး ဂုဏ် ၆ ထွေ။

မလဲလျောင်းတဲ့ ခုတင်ဆောင် မထေရ်ကြီးတွေအကြောင်းကို အိပ်နေမှုနည်းအချက်နဲ့ ပတ်သက်ပြီး ပြောပြလိုက်ပါသေးတယ်။ အရှင် ရာဟုလာနဲ့ အရှင်ရဋ္ဌပါလတို့က ၁၂ နှစ်၊ အရှင်အာနန္ဒာက ၁၅ နှစ်၊ အရှင်သောဏက ၁၈ နှစ်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလ္လာန်၊ အရှင်ဘဒ္ဒိယတို့က အနှစ် ၃၀ စီ၊ အရှင်အနုရုဒ္ဓါက အနှစ် ၅၀၊ အရှင်ဗာကုလက အနှစ် ၈၀၊ အရှင်မဟာကဿပက အနှစ် ၁၂၀၊ အရှင်နာလက က ပရိနိဗ္ဗာန်စံသည်အထိ မလဲလျောင်းဘဲ တရားရှုမှတ်သွားကြပါတယ်။ အအိပ်မက်တဲ့ ပုဂ္ဂိုလ်တွေအဖို့ အားကျ စရာ၊ အတုယူစရာကောင်းတဲ့ သာသနာ့အာဇာနည်ကြီးတွေပါပဲ။

http://www.dhammadownload.com

ကပ္ပိယ် ဘန္တေ

မောင်လှဝင်း...

စနေ၊ တနင်္ဂနွေနေ့တွေမှာ အလုပ်အားလပ်တဲ့အတွက် တထာဂတရိပ်သာမှာ ဆွမ်းလာကပ်တဲ့ မြန်မာဒကာ ဒကာမတွေ ပိုရှိပါတယ်။ တချို့ အဝေးကြီးကလာကြရပါတယ်။ မိုင်ပေါင်း ၇၀၀ လောက်ဝေးတဲ့ နေရာကတောင် လာကြပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီး ရောက်ခိုက်မို့ ဆရာတော်ကြီးရဲ့ တပည့်တော်ဖူးသူတွေရော၊ တပည့်မတော်ဖူးပေမယ့် ဖူးတွေ့လိုကြသူတွေပါ လာရောက်ကြပါတယ်။ အဲဒီ ဒကာ ဒကာမတွေအား ဆရာတော်ကြီးက သင့်တော်တဲ့တရားကို ဟောကြားပေးလေ့ရှိပါတယ်။ ဆွမ်းဝိုင်းမှာ ကပ္ပိစရာပါလာခဲ့ရင် ဒကာ ဒကာမတွေကို ကပ္ပိခိုင်းပါတယ်။ ပြန်ပေါက်နိုင်တဲ့မျိုးစေ့ပါတဲ့ သစ်သီး (သပျစ်သီးစသည်) ပါလာပါတယ်။ အဲဒီအခါ ရဟန်းက 'ကပ္ပိယံ ကရောဟိ' လို့ဆိုလိုက်ရင် ဒကာ သို့မဟုတ် ဒကာမက 'ကပ္ပိယံ ဘန္တေ'လို့ ဆိုပြီးခရင်း၊ ဓားစသည့်တစ်ခုခုနဲ့ သစ်သီးကို ပေါက်သွားအောင် ထိုးဖောက်လိုက်ရပါတယ်။ အဲဒီအခါမှ ရဟန်းတွေက စားခွင့်ရပါတယ်။ ရဟန်းက သစ်ပင်ကို မဖျက်ဆီးရဆိုတဲ့ ဘုရားဥပဒေတော်ရှိထားတာမို့ အဲဒီလိုပြုလုပ်ရပါတယ်။ 'ကပ္ပိတတ်သလား'လို့ မေးလိုက်ရင် ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပ ဒကာ ဒကာမတွေဟာ မပြုလုပ်တက်ဘဲ ရှိနေကြပါတယ်။ လူဝတ်ကြောင်တွေ နားလည်သင့်တဲ့ ဘုရားဥပဒေတော်တချို့ကို လူဝတ်ကြောင်တွေ သိနားလည်ထားကြရင် ရဟန်းတော်တွေမှာ ပိုမိုအဆင်ပြေပါတယ်။ တချို့က ဘုရားဥပဒေတော်တွေကို ကျကျနနမသိတော့ မလိုအပ်ဘဲ ပိုနေတတ်ကြပါသေးတယ်။

'ကပ္ပိယံ ကရောဟိ'ဆိုတာ 'ဝိနည်းတော်နဲ့အညီ အပ်စပ်အောင် လုပ်လိုက်စမ်း'လို့ အဓိပ္ပာယ်ရပါတယ်။ 'ကပ္ပိယံ ဘန္တေ'ဆိုတာက

http://www.dhammadownload.com

'ဝိနည်းတော်နဲ့အညီ အပ်စပ်အောင် လုပ်လိုက်ပါတယ် ဘုရား'လို့ အဓိပ္ပာယ်ရပါတယ်။ သစ်ပင်ကို မဖျက်ဆီးရဆိုတဲ့ ဥပဒေတော်နဲ့ အပြစ်မရှိရအောင် ဆောင်ရွက်လိုက်ရတာပါပဲ။ တထာဂတရိပ်သာမှာ နေ့ဆွမ်းလာကပ်တဲ့ ဒကာတစ်ဦးက ပါလာတဲ့သူ့ညီကို အဲဒီပါဠိ စကားနှစ်ရပ်ရဲ့ အဓိပ္ပာယ်ရှင်းပြနေတာ ကြားရပါတယ်။ 'ကပ္ပိယံ ကရောဟိ'ဆိုတာ အသက်ရှိသလားလို့ မေးတာပဲ။ 'ကပ္ပိယံ ဘန္တေ' ဆိုတာက 'အသက်မရှိပါ ဘုရား'လို့ လျှောက်လိုက်တာပါပဲတဲ့။ သူနားလည်သလို ရှင်းပြသွားပါတယ်။ အဲဒီဒကာကို အဓိပ္ပာယ်ရှင်းပြခွင့်မသာလို့ ရှင်းမပြလိုက်ရပါ။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက 'ဒကာ ဒကာမတွေက ဘုရားဥပဒေတော် (ဝိနည်း) တွေကို တတ်သိနားလည်ထားကြရင် သာသနာပြုရာမှာ ပိုမိုထိရောက်တယ်'လို့ မိန့်ဖူးပါတယ်။ တပည့်လိမ္မာ ဆရာအာပတ်လွတ်လို့ ဆိုထားတယ် မဟုတ်လား။ မောင်လှဝင်းလည်း သာသနာရေးဆိုင်ရာကိစ္စတွေကို ဆောင်ရွက်ပေးနေတာမို့ သိသင့်တဲ့ဘုရားဥပဒေတော်တွေကို သိအောင် လုပ်ထားသင့်ပါတယ်။ မောင်လှဝင်းဟာ ဘုရားဥပဒေတော်ဆိုင်ရာမှာ လိမ္မာကျွမ်းကျင်ရင် သာသနာရေးကိစ္စတွေ ဆောင်ရွက်ရာမှာ ပိုမိုအကျိုးများအောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။ မောင်လှဝင်းဟာ ဆရာအာပတ်လွတ်ဖို့ တပည့်လိမ္မာဖြစ်ဖို့ လိုသလို သာမဏေကျော်ရဲ့ ညီအရင်းဖြစ်သူ မောင်အောင်ဆန်းလည်း တပည့်လိမ္မာဖြစ်ဖို့ လိုတယ်မဟုတ်လား။ သူလည်း သာမဏေကျော် မဟာဂန္ဓာရုံရဲ့ ကိစ္စအထွေထွေကို မောင်လှဝင်းနဲ့အတူ တွဲဆောင်ရွက်နေတာပဲလေ။

http://www.dhammadownload.com

အနောက်တိုင်းဓလေ့

မောင်လှဝင်း...

ပဏ္ဍိတာရာမဆရာတော်ကြီး အသံပျက်နေရာက အသံကောင်းလာလို့ ၈၊ ၅၊ ၂၀၀၅ က တရားပြန်ဟောပါတယ်။ သတိနဲ့ဝိရိယ အကြောင်းဟောပါတယ်။ သမထစျာန်၊ ဝိပဿနာစျာန်တွေအကြောင်း အာရမ္မဏူပနိဇ္ဈာန်၊ လက္ခဏူပနိဇ္ဈာန်အကြောင်း၊ စျာန်အင်္ဂါအကြောင်း၊ အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စနုပဿနာအကြောင်း၊ အတ္တအကြောင်း၊ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ စိတ်အင်အားတွေအကြောင်းတွေကို အသေးစိတ် ဟောပြခဲ့ပါတယ်။ ၁၃၊ ၅၊ ၂၀၀၅ ဆိုရင် ဒီတထာဂတ တရားစခန်းက ပြီးမှာမို့ ဆက်တိုက်ဟောရမယ့်အကြောင်း အရာလေးတွေ ပြီးသွားအောင် ဆရာတော်ကြီးက ဟောလိုပါတယ်။ ဆရာတော်ကြီးမှာ နှစ်ပေါင်းများစွာ တရားဟောထားတာမို့ ဟောစရာ တရားတွေက အလွန်ပဲများနေပါတယ်။ မဟောခင် ကျကျနနလေ့လာ စုဆောင်းပြီးမှ တိတိကျကျဟောပါတယ်။ ဆရာတော်ကြီးရဲ့ ဟော တရားကို အသံသွင်းထားပါတယ်။ တရားခွေကို အလိုရှိသူတိုင်းအား တထာဂတရိပ်သာအဖွဲ့က လျှောပါတယ်။ လှမ်းမှာရင်လည်း ပို့ပေးပါတယ်။ တရားစာအုပ်တွေ၊ ဟောတရားခွေတွေကို အလိုရှိသူတွေ ယူလို့ရအောင် အဆင်သင့်ပြုလုပ်ပေးထားပါတယ်။ အခမဲ့ လျှောဒါန်း၊ ဖြန့်ဝေပေးနေတာဟာ ဝမ်းသာစရာပါပဲ။

မနေ့နေ့လယ် ၈၊ ၅၊ ၂၀၀၅ က ဆရာတော်ကြီးထံမှ သြဝါဒကို တထာဂတရိပ်သာအဖွဲ့ဝင် ဒကာ ဒကာမတွေက ခံယူကြပါတယ်။ ဆရာတော်ကြီးက ပေးပါတယ်။ ဒကာ ဒကာမတွေက များစွာပဲ အားရကျေနပ်ကြပါတယ်။ ဆရာတော်ကြီး နောက်နောင်နှစ်တွေမှာ ကြွရောက်ချီးမြှောက်ပေးရင် အလွန်အကဲ ဝမ်းသာကြရမှာဖြစ်ကြောင်း၊ ဆရာတော်

http://www.dhammadownload.com

ကြီးရဲ့ကျန်းမာရေးကိုလည်း ငဲ့ပါကြောင်း အဖွဲ့က လျှောက်ထားကြပါတယ်။ ပြီးတော့ ဓာတ်ပုံရိုက်ကြပါတယ်။ ရယ်မောသံတွေကို သာမဏေကျော်ရဲ့ အခန်းတွင်းက ကြားနေရပါတယ်။ ဆရာတော်ကြီးရဲ့ 'ရဟန်းဆိုတာ အကြောင်းမရှိဘဲ မရယ်ရဘူး'လို့ မိန့်သံကို ကြားရပါတယ်။ အနောက်တိုင်း ဓာတ်ပုံရိုက်သူတွေက ဓာတ်ပုံအရိုက်ခံသူရဲ့ အပြုံးကို လိုချင်လို့ ဓာတ်ပုံရိုက်သူကို ဓာတ်ပုံရိုက်ခံခိုက်မှာ 'ချိစ်' (cheese) လို့ အဆိုခိုင်းကြပါသတဲ့။ အဲဒီစကားလုံးဆိုလိုက်ရင် အလိုလိုပြုံးပြီး ဖြစ်သွားအောင်လို့ပါတဲ့။ သူတို့အနောက်တိုင်းသားတွေက ဓာတ်ပုံရိုက်ခံသူဟာ ပြုံးနေမှ ကြိုက်ကြပါတယ်။ မပြုံး၊ မရယ်ဘဲ တည်တည်ကြီးနဲ့ဆိုရင် မကြိုက်ကြပါတဲ့။ ကိုယ့်မြန်မာတွေကတော့ ရဟန်းရဲ့ ပြုံးရယ်နေတဲ့ပုံထက်၊ မပြုံး၊ မရယ်ဘဲ တည်တည်နေတဲ့ပုံကို ပိုကြိုက်ကြပါတယ်။ သူတို့အနောက်တိုင်းသားတွေက စကားပြောရင် မျက်နှာ၊ လက်၊ ဦးခေါင်း ဟန်ပန်အမူအရာတွေနဲ့ ပြောတတ်ကြပါတယ်။ မြန်မာရဟန်းတော်တွေ တရားဟောတဲ့အခါ တရားနာပရိသတ်ကို မကြည့်ရှုဘဲ ခန္ဓာကိုယ်အမူအရာ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်နဲ့ ဟောပြောနေတာဟာ သူတို့အဖို့ ထူးဆန်းနေပါတယ်။ သူတို့အနောက်တိုင်းသားတွေက စကားပြောရင် ပခုံးတွန့်တာ၊ မျက်နှာရွဲ့တာ၊ လက်အမူအရာ ပြတာ၊ ဦးခေါင်းလှုပ်တာတွေကို ပြုလုပ်ကာ ပြောတာကို မြင်ရတာဟာ မြန်မာရဟန်းတွေအဖို့တော့ အမြင်ဆန်းနေတာပါပဲ။ အနောက်တိုင်းရောက် မြန်မာရဟန်းဓမ္မကထိကတချို့မှာ လက်ဟန်ပန် အမူအရာနဲ့ ဟောပြနေတာကို တွေ့လာရပါတယ်။ ရဟန်းဆိုတာ တရားဟောတဲ့အခါ ငြိမ်သက်မှုရှိမှ မြန်မာဒကာ ဒကာမတွေက အားရ ကျေနပ်ကြပါတယ်။ တရားဟောတဲ့အခါ လက်လှုပ်ရှားနေရင် ကွန်ဒြေမရဘူးလို့ ယူဆလိုသူတွေ ရှိကြပုံပေါ်ပါတယ်။

http://www.dhammadownload.com

အာမခံ

မောင်လှဝင်း...

ဘီးလင်းဆရာတော်အတွက် လစဉ် ဒေါ်လာ ၈၀၀ ကျန်းမာရေး အာမခံပေးရပါသတဲ့။ ပဏ္ဍိတာရာမဆရာတော်ကြီး ရောက်ခိုက်မှာ လည်း ဆရာတော်ကြီးအတွက် ပေးထားပါသတဲ့။ အမေရိက လူဦးရေထဲက ရာခိုင်နှုန်း ၈၅ ဟာ ကျန်းမာရေးအာမခံကုမ္ပဏီတွေမှာ အာမခံ ပေးထားကြပါတယ်။ အာမခံငွေသွင်းတဲ့ပုဂ္ဂိုလ်အပေါ် မူတည်ပြီး ကုမ္ပဏီက ငွေတောင်းပါတယ်။ ရောဂါရှိသူ၊ အသက်ကြီးသူတွေဆိုရင် အာမခံ ငွေ ပိုပေးရပါတယ်။ ကျန်းမာရေးချို့တဲ့လို့ ဆေးကုသဖို့ လိုအပ်လာရင် ကိုယ်အာမခံပေးထားတဲ့ ကုမ္ပဏီက ကုသပေးရပါသတဲ့။ ဆေးကုသငွေ ကို ပေးရပါသတဲ့။ ကိုယ်ပေးထားတဲ့ အာမခံငွေအပေါ်မူတည်ပြီး ကုသ ပေးပါသတဲ့။ ကားအာမခံငွေကိုလည်း ပေးထားရပါသတဲ့။ ကားတိုက်မှု ဖြစ်လာခဲ့ရင် တိုက်တဲ့ကားအတွက်ရော၊ အတိုက်ခံရတဲ့ ကားအတွက်ပါ အာမခံကုမ္ပဏီက လျော်ပေးရပါသတဲ့။ ကားတိုက်မှုဖြစ်ဖူးတဲ့ ကား မောင်းသမားကို ကားအာမခံငွေ ပိုတောင်းပါတယ်တဲ့။ အဲဒီလို အာမခံ ပေးရတဲ့ အခြားအရာတွေလည်း များစွာရှိပါသေးတယ်။ ဒီတစ်ဘဝတာ အသက်ရှင်နေစဉ်အတွင်း အာမခံတွေရှိဖို့ လိုအပ်သလို နောက် ဆက် လက်လျှောက်လှမ်းရမယ့် ဘဝသံသရာခရီးအတွက်လည်း ဘဝအာမခံ ချက်ရထားဖို့ လိုပါသေးတယ်။ အဲဒီဘဝအာမခံချက်ရအောင် လုပ်သူက တော့ နည်းနေပါသေးတယ်။

ဘဝသံသရာခရီးမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ဘဝဆိုးတွေကို မရောက်ရအောင် အာမခံချက်ရှိဖို့ လိုပါတယ်။ နိဗ္ဗာန် ရပြီး သောတာပန်ဖြစ်သွားမှသာ ဘဝအာမခံချက် ရှိပါတယ်။ သောတာ ပန်ဟာ ဘယ်တော့မှ အပါယ် ၄ ပါး မရောက်ရတော့ပါ။ သတိပဋ္ဌာန်

http://www.dhammadownload.com

တရားအားထုတ်မှပဲ နိဗ္ဗာန်ရနိုင်ပါတယ်။ သောတာပန်ဖြစ်နိုင်ပါတယ်။ သတိပဋ္ဌာန်ကို ပြည့်စုံအောင် အားမထုတ်ရင် နိဗ္ဗာန်မရနိုင်ပါ။ သောတာပန် မဖြစ်နိုင်ပါ။ အပါယ်တံခါး မပိတ်နိုင်သေးပါ။ ဘဝအာမခံချက် မရနိုင်ပါ။ အခု အမေရိကသမ္မတပဲဖြစ်ဖြစ်၊ အခြားအခြား နိုင်ငံ့ခေါင်းဆောင်တွေပဲဖြစ်ဖြစ် သတိပဋ္ဌာန်တရား အားမထုတ်သေးသမျှတော့ အပါယ်တံခါး မပိတ်နိုင်သေးပါ။ ငရဲရောက်နိုင်ပါသေးတယ်၊ တိရစ္ဆာန်ဖြစ်နိုင်ပါသေးတယ်၊ ပြိတ္တာဖြစ်နိုင်ပါသေးတယ်၊ အသุရကာယ်ဖြစ်နိုင်ပါသေးတယ်။ ဘဝအာမခံချက် မရှိသေးပါ။

ဘဝအာမခံချက် ရသည်အထိ ကြိုးစားသင့်ကြပါတယ်။ ဒါမှ လူဖြစ်ရကျိုး၊ ဗုဒ္ဓသာသနာနဲ့ တွေ့ရကျိုးနပ်တယ်လို့ ဆိုနိုင်ပါတယ်။ နိုင်ငံသမ္မတကြီးပဲဖြစ်ဖြစ်၊ ဘီလျံနာသူဌေးကြီးပဲဖြစ်ဖြစ်၊ စစ်ဗိုလ်ကြီးပဲဖြစ်ဖြစ် ဘဝသံသရာခရီးမှာ အာမခံချက်ရထားဖို့ရာ သတိပဋ္ဌာန်တရားကို ဘေးဖယ်ထားလို့ မရပါ။ ဘဝသံသရာခရီးကို ဆက်လက်သွားကြရဦးမှာဖြစ်လို့ သတိပဋ္ဌာန်ကို သံသရာ့ခရီးဖော်အဖြစ်နဲ့ အသုံးပြုရပါမယ်။ သတိပဋ္ဌာန်ကိုဘဝခရီးဖော်အဖြစ်လက်တွဲနိုင်ရင် သံသရာခရီးမှာ အဆင်ပြေချောမောရပါမယ်။ သတိပဋ္ဌာန်ကို စိမ်းကားရင် သံသရာခရီးမှာ တိမ်းပါးချွတ်ချော်ကာ အပါယ်ချောက်ထဲ ကျရောက်နေကြရပါလိမ့်မယ်။ ဘဝအာမခံချက် ရသည်အထိ သတိပဋ္ဌာန်ကို ပြည့်ဝအောင် အားထုတ်သင့်ကြပါတယ်။

Green Card

မောင်လှဝင်း...

တထာဂတရိပ်သာ အဖွဲ့ဝင်တွေက ပဏ္ဍိတာရာမဆရာတော်ကြီးအား ဦးဇင်္ဇလနဲ့ မောင်လှမြင့်အတွက် Green card လျှောက်ပေးလို

http://www.dhammadownload.com

ကြကြောင်း လျှောက်ထားကြပါတယ်။ အစိမ်းရောင်ကဒ်လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီကဒ်စတင်ပေါ်လာစဉ်က အစိမ်းရောင်နဲ့စခဲ့တာမို့ အစိမ်းရောင်ကဒ်လို့ နာမည်တွင်နေတာပါပဲ။ အခုတော့ ကဒ်အရောင်က အစိမ်းရောင်မဟုတ်တော့ပါ။ အမြဲနေထိုင်ခွင့်ရတဲ့ကဒ်လို့ အဓိပ္ပာယ်ရပါတယ်။ အင်္ဂလန်မှာတော့ Green card လို့ မသုံးနှုန်းဘဲ Permanent Resident လို့ သုံးနှုန်းပါသတဲ့။ စင်ကာပူမှာတော့ အစစာလုံး ၂ ခုနဲ့ အတိုကောက် PR လို့ သုံးနှုန်းပါသတဲ့။ အမြဲနေထိုင်ခွင့်ရသူလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီ Green card ကို အမေရိကရှိ အဖွဲ့အစည်း၊ လုပ်ငန်းရှင်တွေက တာဝန်ယူပြီး လျှောက်ပေးရင်လည်း ရပါတယ်။ အမေရိကန်ဗီဇာထီပေါက်ရင်လည်း ရပါတယ်။ အမေရိကန်နိုင်ငံသား၊ နိုင်ငံသူနဲ့ အိမ်ထောင်ပြုရင်လည်း ရပါတယ်။ ကုမ္ပဏီစသည့်လုပ်ငန်းတွေမှာ ငွေအရင်းအနှီးများစွာ မြှုပ်နှံထားရင်လည်း ရပါတယ်။ ကမ္ဘာကျော် အဆိုကျော်စတဲ့ပုဂ္ဂိုလ်ဖြစ်ပြီး အဲဒီပုဂ္ဂိုလ်မျိုးက အမေရိကမှာ မရှိသေးရင်လည်း ရပါတယ်တဲ့။ နိုင်ငံရေးခိုလှုံခွင့်ရရင်လည်း ရပါတယ်တဲ့။ Green card ရထားရင် အမေရိကမှာ အမြဲနေခွင့်ရပါတယ်။ အလုပ်လုပ်လို့လည်း ရပါတယ်။ ကိုယ့်ဇနီးနဲ့ အိမ်ထောင်မကျသေးတဲ့သား သမီးကို အမေရိကကိုခေါ်ဖို့ လျှောက်ထားနိုင်ပါတယ်။

Citizen (နိုင်ငံသားအဖြစ်ရထားသူ) က ကိုယ့်ဇနီး၊ အိမ်ထောင်ကျပြီး၊ မကျသေး သား သမီးတွေ၊ မိဘ၊ ဆွေမျိုးတွေကို အမေရိကသို့ ခေါ်ယူဖို့ လျှောက်ထားနိုင်ပါတယ်။ အမေရိကန်သမ္မတ ရွေးချယ်တဲ့ အခါ မဲပေးပိုင်ခွင့်ရှိပါတယ်။ အစိုးရထံမှ ထောက်ပံ့မှုစသည်တွေကိုလည်း ရရှိပါတယ်။ အမေရိကနိုင်ငံသားတွေ အသက် ၆၀ ပြည့်ရင် ရရှိမြဲဖြစ်တဲ့ အစိုးရထောက်ပံ့ငွေကိုလည်း ရပါတယ်။ အမေရိကနိုင်ငံကို သင်္ဘောဆိုက်ကပ်ခိုက် သင်္ဘောသားတချို့ဟာ သင်္ဘောပေါ်မှ သက်ဆင်းကာ အမေရိကမှာ နေကြပါသတဲ့။ တချို့လည်း နယ်ခြားမှ အမေရိက

http://www.dhammadownload.com

ဘက် ခိုးဝင်ကာ အမေရိကမှာ နေကြပါသတဲ့။ အမေရိကမှာ တစ်နာရီ လုပ်အားခဟာ အနည်းဆုံး ၆ ဒေါ်လာနဲ့ ဆင့် ၅၀ ဖြစ်ပါသတဲ့။ အနည်းဆုံး တစ်နာရီလုပ်အားခတောင်မှ များနေပါတယ်။ အမေရိကမှာ စားရေး သောက်ရေး၊ နေရေး ထိုင်ရေး၊ ကျန်းမာရေးစသည်အတွက် အဆင်ပြေချမ်းသာကြပါတယ်။ အမေရိကမှာ Green card နဲ့ Citizen ရလိုသူတွေ များကြပါတယ်။ ရအောင်ကြိုးစားနေကြတာကို မြင်တွေ့ကြားသိရပါတယ်။

Green card နဲ့ Citizen နဲ့ပတ်သက်ပြီး သိသင့်တာတွေကို ဦးသုမနသိရိုက အင်တာနက်ကနေ ရှာဖွေပေးပါတယ်။ သိသင့်တာတွေကို အတိအကျ သိရပါတယ်။ မောင်လှဝင်းလည်း အတိအကျသိရအောင် ရေးပေးလိုက်ပါတယ်။ သာမဏေကျော်လည်း ဦးသုမနသိရိုပြောမပြခင်က အတိအကျမသိရပါ၊ ခုမှသိရလို့ ရေးပေးလိုက်ရပါတယ်။

လက်ဘလေးတွေ

မောင်လှဝင်း...

ပဏ္ဍိတာရာမဆရာတော်ကြီးကလည်း ယောဂီတွေကို တရားစစ်ပေးပါတယ်။ သူအားမရတဲ့ ယောဂီတစ်ဦးနဲ့ပတ်သက်ပြီး တရားစစ်နည်းကို ပြောပြသွားပါတယ်။ သူဟာ ယောဂီအဖြစ်နဲ့ မဟာစည်ရိပ်သာမှာ တရားအားထုတ်ခဲ့စဉ်က ကမ္မဋ္ဌာန်းဆရာထံ တရားအတွေ့အကြုံကို ပြောပြရာမှာ အခက်အခဲတွေ့ခဲ့ပါတယ်။ အဲဒီအခါ မဟာစည်ဆရာတော်ကြီးက အမျိုးသမီးယောဂီတွေကို သူကိုယ်တိုင် တရားစစ်ပေးပါတယ်။ သူ့ကမ္မဋ္ဌာန်းဆရာက မဟာစည်ဆရာတော်ကြီးထံ တရားလျှောက်ကြတဲ့ ယောဂီတွေရဲ့ တရားလျှောက်ထားတာကို နားထောင်ခိုင်းပါတယ်။ တစ်ရက် နားထောင်လိုက်တာနဲ့ တရားလျှောက်နည်းကို

http://www.dhammadownload.com

သဘောပေါက်သွားပါတယ်။ မှတ်စရာအာရုံ ပေါ်လာတယ်၊ ရှုမှတ်တယ်၊ သိသွားတယ်။ အဲဒီအခြေအနေကို အဲဒီယောဂီတွေက လျှောက်ပြနေကြပါတယ်။ အဲဒီလျှောက်နည်းကို သူက ကောင်းကောင်းသဘောပေါက်သွားပါတယ်။ သူကိုယ်တိုင် ကမ္မဋ္ဌာန်းဆရာဖြစ်လာတဲ့အခါ ယောဂီတွေမှာလည်း သူ့လိုပဲ တရားလျှောက်ရာမှာ အခက်အခဲကြုံရတာကို တွေ့ရပါတယ်။ ဒါကြောင့် တရားလျှောက်နည်း လမ်းခင်းစကားလေးတွေကို ဟောကြားပေးပါတယ်။ အဲဒီအခါ ဒကာမကြီးတစ်ဦးက လက်ီလေးတွေ သီကုံးပေးဖို့ လျှောက်ထားပါတယ်။ ဒါကြောင့် သူက လမ်းခင်းစကားပြေလေးတွေသာမက လက်ီလေးတွေပါ ရေးပြီး ဟောကြားထားပါတယ်။ ယောဂီတွေအတွက် တရားအတွေ့အကြုံ လျှောက်ထားနည်းပေးသလို ကမ္မဋ္ဌာန်းဆရာတွေအတွက် တရားစစ်နည်းလည်း ပေးထားပါတယ်။ အဲဒီနည်းနဲ့ တရားစစ်ရတာ ထိရောက်ပါတယ်။ လွယ်ကူပါတယ်။ အဲဒီလက်ီလေးတွေက ယောဂီတွေအတွက်လည်း အကျိုးများ၊ ကမ္မဋ္ဌာန်းဆရာတွေအတွက်လည်း အကျိုးများပါတယ်။

* ဖောင်းမှုပေါ်လာ၊ ရှုမှတ်တာ၊ သိတာ ပြောနိုင်စေ၊
ပိန်မှုပေါ်လာ၊ ရှုမှတ်တာ၊ သိတာ ပြောနိုင်စေ၊
စိတ်ကူးပေါ်လာ၊ ရှုမှတ်တာ၊ သိတာ ပြောနိုင်စေ၊
ခံစားပေါ်လာ၊ ရှုမှတ်တာ၊ သိတာ ပြောနိုင်စေ၊
သဘောပေါ်လာ၊ ရှုမှတ်တာ၊ သိတာ ပြောနိုင်စေ၊
ပေါ်တာ ရှုတာ၊ သိမြင်တာ၊ သုံးဖြာ ရေးကြီးပေ၊
အချက်သုံးဖြာ၊ ထင်ရှားစွာ၊ သေချာစေ့ဝ ပြောနိုင်စေ၊
စကားမဖွာ၊ အသားပါ၊ ထူးတာကိုသာ ပြောနိုင်စေ၊
တိုတိုကျဉ်းကျဉ်း၊ ပိုမသွင်း၊ လိုရင်းကိုသာ ပြောနိုင်စေ၊
တင်ပြရာတွင်၊ ချိန်ကိုပင်၊ အစဉ်ချေတာသုံးတတ်စေ၊

http://www.dhammadownload.com

အာရုံပေါ်ခိုက်၊ စိတ်အားစိုက်၊ ကပ်လိုက် မလိုက်ပြော၊
စေ့စပ်မြဲခိုင်၊ ထိမိပိုင်၊ မှတ်နိုင် မနိုင်ပြော၊
မှတ်နိုင်ပါက၊ သိသမျှ၊ လုံးဝ မှန်အောင်ပြော၊
မမှတ်နိုင်က၊ ဖြစ်သမျှ၊ မှတ်ရ သိပုံပြော။

မြန်မာနဲ့ မြန်မာစကား

မောင်လှဝင်း...

အမေရိကရောက် မြန်မာတွေက ပဏ္ဍိတာရာမဆရာတော်ကြီး ထံ အဖူးမြော်လာကြပါတယ်။ လှူဖွယ်တွေ လှူဒါန်းကြပါတယ်။ မိဘတွေချည်း လာတဲ့အခါ ရှိတယ်၊ သား သမီးတွေပါလာတဲ့အခါ လည်း ရှိတယ်။ သား သမီးတွေက အမေရိကရောက်မှ မွေးဖွားလာသူ တွေလည်း ရှိတယ်၊ မြန်မာနိုင်ငံမှာ ဖွားခဲ့ပြီး အမေရိကကို ငယ်စဉ်ကပဲ ရောက်လာသူတွေလည်း ရှိတယ်။ တော်တော်လေးကြီးမှ ရောက်လာသူ တွေလည်း ရှိတယ်။ အမေရိကရောက်တော့ အဲဒီသား သမီးတွေထဲမှာ မြန်မာစကား လုံးဝမပြောတတ်သူတွေလည်း ပါတယ်။ မပြောတတ် ပေမယ့် သူများပြောတာကိုတော့ နားလည်သူတွေလည်း ပါတယ်။ ကောင်းကောင်းနားလည်ပြီး ကောင်းကောင်းပြောတတ်ကြပါတယ်။ စာသင်ကျောင်းက ဆရာ ဆရာမတွေက ကိုယ့်အိမ်ရောက်ရင်လည်း အင်္ဂလိပ်စကားပဲပြောဖို့ တိုက်တွန်းကြပါသတဲ့။ တချို့မြန်မာမိဘတွေ က ကိုယ့်သား သမီးကို အိမ်မှာ မြန်မာစကားကိုပဲ အပြောခိုင်းကြ ပါတယ်။ အင်္ဂလိပ်လို ပြောတတ်ကြပေမယ့် အင်္ဂလိပ်လို မပြောကြ ပါ။ မြန်မာလိုပဲ ပြောကြပါတယ်။ မိဘတွေအပေါ်မှာ မူတည်ပါတယ်။ မြန်မာမိဘတွေက ကိုယ့်မြန်မာစကားကို နားလည်အောင်၊ ပြောတတ်

http://www.dhammadownload.com

အောင် ကြိုးစားပေးသင့်ကြပါတယ်။ ပြောတတ်ပေမယ့် မြန်မာစာကို မသင်ယူရင် မြန်မာစာကို ရေးလည်းရေးတတ်မှာ မဟုတ်၊ ဖတ်လည်း ဖတ်တတ်မှာမဟုတ်ပါ။

အင်္ဂလိပ်စကား ကောင်းကောင်းမပြောတတ်တဲ့ မိဘ၊ အဘိုး၊ အဘွားတွေက ကိုယ့်သားသမီး မြေးကို မြန်မာစကားပြောတဲ့အလေ့ အကျင့် လုပ်မပေးရင် သား သမီး မြေးတွေက မြန်မာလို မပြောတော့ဘဲ အင်္ဂလိပ်လိုသာ ပြောတော့လို့ ပြောဆိုဆက်ဆံတဲ့အခါ အခက်အခဲတွေ တွေ့ကြရပါသတဲ့။ မြန်မာပြည်ဖွား တရုတ်တွေက အမေရိက ရောက်တဲ့အခါ အမေရိကမှာ မွေးဖွားလာတဲ့ သားသမီးတွေကို အိမ်မှာ မြန်မာလိုလည်း မပြော၊ တရုတ်လိုလည်း မပြောဘဲ တတ်သိထားတဲ့ အင်္ဂလိပ်စကား အနည်းလေးနဲ့ပဲ ပြောကြလို့ သူတို့တတ်သိမထားသေးတဲ့အင်္ဂလိပ်စကားနဲ့ ကလေးတွေက ပြောလာတော့ မျှားစွာအခက်အခဲ တွေ့ကြရပါသတဲ့။ မြန်မာစကား ကောင်းကောင်းကြီး ပြောတတ်အောင် သားသမီးတွေကို လေ့ကျင့်ပေးတဲ့ မြန်မာမိဘ၊ မြန်မာပြည်ဖွား တရုတ်မိဘတွေလည်း ရှိကြပါတယ်။ အဲဒီလိုမိဘတွေဟာ ချီးကျူးစရာမိဘတွေ ဖြစ်ကြပါတယ်။ ပြည်ပရောက် မြန်မာမိဘတိုင်း ကိုယ့်သား သမီးတွေကို မြန်မာစကားပြောတတ်အောင် လေ့ကျင့်ပေးသင့်ကြပါတယ်။ အပြောသာမက အရေး အဖတ်ပါ သင်ပေးနိုင်ကြရင် ပိုကောင်းပါတယ်။ ဒါမှ မြန်မာ့ယဉ်ကျေးမှု၊ ဗုဒ္ဓယဉ်ကျေးမှုတွေကို မြန်မာဖြစ်တဲ့ သားသမီးတွေဟာ သိရှိနိုင်ကြမှာ ဖြစ်ပါတယ်။ ကိုယ့်သားသမီး မြန်မာလို နားမလည်၊ မပြောတတ်တာကိုပဲ ဂုဏ်ယူစရာလို့ ထင်မှတ်နေကြတဲ့ မြန်မာမိဘတွေ ရှိနေကြတာဟာ ဝမ်းနည်းစရာပါပဲ။ အဲဒီလို မြန်မာ မိဘတွေ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ မရှိကြရင် ကောင်းပါပေစွ။

http://www.dhammadownload.com

၅ မိနစ်

မောင်လှဝင်း...

ပဏ္ဍိတာရှာမဆရာတော်ကြီးက ယောဂီတွေ တရားအတွေ့အကြုံကို ကမ္မဋ္ဌာန်းဆရာအား လျှောက်ပြတဲ့အခါ ထိုင်မှတ်စဉ် ပင်တိုင်အာရုံဖြစ်တဲ့ ဝမ်းဗိုက်ရဲ့ ဖောင်းမှု၊ ပိန်မှု မှတ်ပုံ၊ သိပုံတွေကို ကျကျနန စေ့စေ့စပ်စပ် ပြောတတ်စေချင်ပါတယ်။ ဖောင်းတာ၊ ပိန်တာကို သေချာစွာ စူးစူးစိုက်စိုက် ကပ်လိုက်ပြီး မှတ်နိုင်လာရင် ကျွန်တော့်စိတ်လွင့်တာ၊ နာကျင်တာ၊ ကြားတာစတဲ့အာရုံတွေကိုလည်း ကောင်းကောင်းမှတ်နိုင်လာတာပါပဲ။ ဖောင်းတာ၊ ပိန်တာနဲ့ပတ်သက်ပြီး ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်တယ်ဘုရားလို့သာ ပြောပြီး အခြားအာရုံတွေအကြောင်းဆက်ပြောတယ်။ ဖောင်းတာ ပိန်တာနဲ့ပတ်သက်ပြီး မှတ်တာကိုသာ ပြောပြီး သိတာကိုတော့ မပြောနိုင်။ ဖောင်းတာ ပိန်တာကို အသေးစိတ်သိနိုင်လာရင် အခြားအာရုံတွေကိုလည်း အသေးစိတ်သိနိုင်လာတာပါပဲ။ ဒါကြောင့် ဆရာတော်ကြီးက ဖောင်းတာ ပိန်တာမှတ်ပုံ၊ သိပုံတွေကို အသေးစိတ် စေ့စေ့စပ်စပ် ပြောတတ်စေချင်တာပါပဲ။ စေ့စေ့စပ်စပ် ပြောတတ်စေချင်လို့ အောက်ပါလက်ဆောင်တွေနဲ့ ယောဂီတွေအား မိန့်ကြားထားပါတယ်။

* ပေါ်တာ ရှုတာ၊ သိမြင်တာ၊ သုံးဖြာရေးကြီးပေ။
အချက်သုံးဖြာ၊ ထင်ရှားစွာ၊ သေချာစေ့ငုပြောနိုင်စေ။

တချို့ယောဂီတွေကို ဆရာတော်ကြီးက 'ဖောင်းတာ၊ ပိန်တာကို ဆက်တိုက် ဘယ်လောက်ကြာအောင် မှတ်လို့ရလဲ၊ မှတ်နိုင်လဲ'လို့ မေးတဲ့အခါ တချို့ယောဂီတွေက '၅ မိနစ်ဆက်တိုက် စိတ်မလွင့်ဘဲ မှတ်နိုင်ပါတယ် ဘုရား' လို့ လျှောက်တတ်ကြပါတယ်။ ဒီအခါ ဆရာတော်ကြီးက ဒီလိုမိန့်တတ်ပါတယ်။

http://www.dhammadownload.com

'၅ မိနစ် ဆက်တိုက်မှတ်နိုင်ရင် ကောင်းပါတယ်။ ဒါပေမဲ့ စိတ်က ထိန်းရခက်တယ်၊ ၅ မိနစ် ဆက်တိုက်မှတ်နိုင်တယ်ဆိုရင် တစ်စက္ကန့်မှာ တစ်မှန်နှုန်းနဲ့တွက်က တစ်မိနစ်မှာ ရှုမှတ်မှုအကြိမ်ပေါင်း ၆၀ ရှိမယ်။ ၅ မိနစ်ဆိုရင် ၃၀၀ ရှိမယ်။ အဲဒီရှုမှတ်မှုပေါင်း ၃၀၀ မှာ ပထမရှုမှတ်မှုမှာ သိတာနဲ့ ဒုတိယရှုမှတ်မှုမှာ သိတာ ဘယ်လိုခြားနားလဲ၊ ဒုတိယနဲ့ တတိယ၊ တတိယနဲ့ စတုတ္ထစသည်တွေမှာ သိတာ ဘယ်လိုခြားနားလဲ'

အဲဒီလို အမေးခံရတဲ့အခါ ယောဂီမှာ မဖြေတတ်ဘဲ ရှိနေပါတယ်။ သေသေချာချာ စူးစူးစိုက်စိုက် မမှတ်သူတွေက အဲဒီလိုပဲ ပြောတတ်ကြပါတယ်။ တချို့က ၁၅ မိနစ်၊ နာရီဝက်ကြာအောင် စိတ်လုံးဝမလွင့်ဘဲ မှတ်နိုင်တယ်လို့တောင် ပြောတတ်ကြပါသေးတယ်။ ဆရာတော်ကြီးက ယောဂီတွေမှာ လိုအပ်နေတဲ့အကွက်လေးတွေကို ထောက်ပြကာ ပြုပြင်ပေးတတ်ပါတယ်။ ဆရာတော်ကြီးထံ တရားလျှောက်တဲ့အခါ မသေမချာ မတိမကျ ပြောလို့မရပါ။ အမြင်မဟုတ်ဘဲ အထင်တွေကိုလည်း အမြင်လိုလုပ်ကာ ပြောလို့မရပါ။ ဆရာတော်ကြီးထံ တရားလျှောက်တဲ့ယောဂီတွေဟာ ပေါ့ပေါ့လျှဲလျှဲ ပြောလို့မရသလို ပေါ့တော့တော့လုပ်လို့လည်း မရပါ။ ဆရာတော်ကြီးရဲ့ အပြုအပြင် ခံနိုင်တဲ့ယောဂီဟာ တရားအသိဉာဏ် သိသိသာသာတိုးတက်လာပါတယ်။

ဌာ

မောင်လှဝင်း...

ဦးကျွန်ဒာစာရက ဖုန်း မကြာမကြာဆက်လို့ သူ့ထံက မှတ်သားစရာလေးတွေကို ကြားသိရပါတယ်။ သူက အရင်မြန်မာနိုင်ငံမှာ အတူ

http://www.dhammadownload.com

နေခဲ့ဖူးတုန်းကလည်း ပြောလေ့ရှိပါတယ်။ အခုတစ်ခါလည်း ထပ်ပြောပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီး မိန့်ခဲ့တဲ့စကားလေး ဖြစ်ပါသတဲ့။

'မိုးအောက် မြေပေါ် အားလုံး ဖြစ်ဖူးတာချည်းပါပဲ'တဲ့။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းမှာ ဆရာတော်ကြီးရဲ့ ဆွေမျိုးတော်စပ်သူရဟန်းတစ်ပါးက လူထွက်ပါသတဲ့။ အဲဒီလူထွက်ကို မဟာဂန္ဓာရုံဆရာတော်ကြီး ရဟန်းပြန်ဝတ်ခိုင်းပါသတဲ့။ အဲဒီရဟန်းက အမျိုးသမီးတစ်ဦးနဲ့ လွန်လွန်ကျူးကျူးဖြစ်ထားပါတယ်။ အဲဒီအကြောင်းကို ဆရာတော်ကြီးက မသိလို့ ရဟန်းပြန်ဝတ်ခိုင်းတာဖြစ်ပါတယ်။ နောက်သိသွားတဲ့အခါ အထက်ပါစကားလေးကို မိန့်လိုက်ပါသတဲ့။ အဲဒီအဖြစ်အပျက်က မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ အစပိုင်းအချိန်မှာ ဖြစ်ခဲ့ပါတယ်။ အထူးအဆန်း အံ့သြစရာအနေအထားကို ကြားသိရသူအပေါင်းက ထူးဆန်း အံ့သြနေတဲ့အခါ ဦးဣန္ဒာစာရကလည်း အထက်ပါစကားလေးကို ပြောလေ့ရှိပါတယ်။ ကိုယ်ကိုယ်တိုင်လည်း အထူးအဆန်း အံ့သြဖွယ်တွေကို တွေ့ရတဲ့အခါ၊ ကြားသိရတဲ့အခါ အထက်ပါစကားလေးကို ကြားကြားလာမိပါတယ်။

မဟာဂန္ဓာရုံမှာ စာသင်ခဲ့တဲ့ရဟန်းလူထွက်တစ်ဦးဟာ ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ ညီဝမ်းကွဲ တော်စပ်ပါတယ်။ အဲဒီရဟန်း လူထွက်သွားတဲအခါ အဲဒီလူထွက်ရဲ့မိခင်က အောက်ပါစကားလေးကို ပြောပြောပြီး ငိုပါသတဲ့။

'အမလေး၊ တိုင်မှာချည်ထားတဲ့နွားကိုမှ အတ္ထေ့ခံရပါသတော့'

အဲဒီအခါ ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ နောင်တော်အရင်းဖြစ်တဲ့ ဆရာတော်ကြီးက အောက်ပါစကားလေးကို မိန့်တော်မူပါသတဲ့။

'ဟဲ့၊ နင့်သား ကြိုးလွတ်နေတာ ကြာပြီ'တဲ့။

အဲဒီရဟန်းလူထွက်အကြောင်းကိုလည်း ဦးဣန္ဒာစာရက ပြောပြပါတယ်။ သူပြောပြမှ ကြားဖူးပါတယ်။ ရယ်ရပါသေးတယ်။ အဲဒီ

http://www.dhammadownload.com

လို အဓေ့ခံရသူတွေထဲမှာ တိုင်မှာချည်ထားတဲ့ နွားတွေလည်းပါပါတယ်။ ကြိုးလွတ်နေတဲ့နွားတွေလည်း ပါပါတယ်။ နွားနဲ့ အသက်မွေးကြရတဲ့ တောင်သူလယ်သမားတွေဆိုတော့ နွားဥပမာလေးနဲ့ ပြောလိုက်တာ ဖြစ်ပါတယ်။ အဲဒီဆရာတော်ကြီးကလည်း နွားဥပမာလေးနဲ့ပဲ မိန့်လိုက်ပါတယ်။ မိခင်ရဲ့စကားရော၊ ဆရာတော်ကြီးရဲ့စကားပါ မှတ်သားစရာပါပဲ။ သာမဏေကျော်ရော မောင်လှဝင်းပါ ကလေးဘဝ ငယ်ရွယ်စဉ်က နွားနဲ့ရင်းနှီးခဲ့ကြရပါတယ်။ နွားကျောင်းခဲ့ဖူးတယ်၊ နွားလှည်း စီးခဲ့ဖူးတယ်၊ မောင်းခဲ့ဖူးတယ်။ ရင်းနှီးခဲ့တဲ့ နွားဥပမာနဲ့ ပြောလိုက်တာမို့ လွယ်ကူသဘောပေါက်သွားမိပါတယ်။

http://www.dhammadownload.com

အပိုင်း ၅
ဘော်စတွန်က တောစခန်း

လေယာဉ်ပေါ်က အောက်မြင်ကွင်း

မောင်လှဝင်း...

၁၃၊ ၅၊ ၂၀၀၅ နေ့ နံနက် ၈ နာရီ မိနစ် ၂၀ မှာ ဆန်ဖရန်စစ္စကိုလေဆိပ်ကနေ ဘော်စတွန်လေဆိပ်ကို လေယာဉ်နဲ့သွားခဲ့တယ်။ ပျံသန်းချိန် ၆ နာရီလောက်ကြာတယ်။ အမေရိကရဲ့ အရှေ့ဘက်ရှိ ဘော်စတွန်အချိန်က အမေရိကရဲ့ အနောက်ဘက်ရှိ ဆန်ဖရန်စစ္စကို အချိန်ထက် ၃ နာရီ စောနေပါတယ်။ နေ့ဆွမ်းကို လေယာဉ်ပေါ်မှာပဲ ဘုဉ်းပေးရပါတယ်။ တထာဂတရိပ်သာက စီစဉ်ပေးလိုက်ပါတယ်။ ဦးသုမနသိရီလည်း လိုက်လာပါတယ်။ ဘော်စတွန်မြို့က သူ့ရဲ့မွေးရပ်နယ်မြေနဲ့ နီးတဲ့အရပ်ဖြစ်ပါတယ်။ ဒီလေယာဉ်ပေါ်မှာတော့ လေယာဉ်မောင်း၊ လေယာဉ်မယ်တွေက အသက်ငယ်ရွယ်သူတွေ မဟုတ်ကြပါ။ လေယာဉ်ပေါ် မောင်လှမြင့်ရဲ့ အသစ်စက်စက် စာအုပ်ဖြစ်တဲ့ Meditation Lectures ကို ဖတ်ရှုခဲ့ပါတယ်။ မောင်လှမြင့်က အတွေးကောင်း၊ အဟောကောင်းပဲ။ လေယာဉ်ပေါ် စာဖတ်တဲ့ခါ ဖတ်လိုက်၊ မှေးတဲ့အခါ မှေးလိုက်၊ တရားမှတ်တဲ့အခါ မှတ်လိုက်၊ ဘေးမှာ ယှဉ်ကပ်ထိုင်နေတဲ့ ဦးသုမနသိရီနဲ့ စကားပြောတဲ့အခါ ပြောလိုက်၊ လေယာဉ်ပြတင်းပေါက်နား ကပ်လျက်ထိုင်ခုံမှာ ထိုင်ရတာမို့ လေယာဉ်အောက်က မြင်ကွင်းကို ကြည့်တဲ့အခါ ကြည့်လိုက်နဲ့ အချိန်ကုန်ခဲ့ရ

http://www.dhammadownload.com

ပါတယ်။ တောင်တန်းတွေပေါ်က ဝါဂွမ်းပုံကြီးလို တိမ်တွေ၊ တိမ်စင်ရာနေရာမှာ သစ်ပင်တွေ ညိုမှောင်နေတဲ့ တောင်တန်းအနိမ့် အမြင့်တွေ၊ တောင်မြင့်မြင့်နေရာတွေက ရေခဲဖြူဖြူဖွေးဖွေးတွေ၊ မြေကွက်တွေ၊ တိုက်တာအဆောက်အဦးတွေ၊ ပင်လယ်၊ သမုဒ္ဒရာတွေ၊ ပျံသန်းနေတဲ့ လေယာဉ်တွေကို မြင်တွေ့နေရပါတယ်။

တချို့နေရာတွေမှာ ဖြူဖွေးနေတဲ့ တိမ်တွေကိုချည်း မြင်နေရပါတယ်။ တိမ်ပင်လယ်ကြီးလိုပါပဲ။ တိမ်ဖြူဖြူတွေနဲ့ ကောင်းကင်ပြာပြာတွေက မျက်စိတစ်ဆုံးပါပဲ။ တိမ်တိုက်တွေပေါ် ငယ်ရွယ်စဉ်က ကစားချင်စိတ်ပေါက်ခဲ့တယ်လို့ ဦးသုမနသိရီက ပြောပါတယ်။ သူ့မိဘကိုးကွယ်တဲ့ ဂျူးဘာသာမှာ တိမ်တိုက်တွေပေါ် နတ်သား၊ နတ်သမီးတွေရှိကြောင်း ပါရှိတယ်လို့ ဦးသုမနသိရီက ပြောပါတယ်။ 'ပင်လယ်နဲ့သမုဒ္ဒရာ ဘယ်လိုထူးခြားသလဲ'လို့ ဦးသုမနသိရီကို မေးကြည့်တော့ 'ပင်လယ်က ပတ်ပတ်လည်မှာ မြေကြီးရှိတယ်၊ သမုဒ္ဒရာနဲ့နှိုင်းစာရင် သေးငယ်တယ်။ သမုဒ္ဒရာက ပတ်ပတ်လည်မှာ မြေကြီးမရှိပါ။ အဆုံးမရှိဘဲ ကမ္ဘာကိုပတ်နေပါတယ်။ ပင်လယ်ထက် ပိုကျယ်ဝန်းပါတယ်။ ကမ္ဘာ့မြေပုံကို ကြည့်ရင် ရှင်းပါတယ်'လို့ ပြောပါတယ်။ ဘော်စတွန်မြို့ကို လေယာဉ်ဆင်းခါနီးမှာ အတ္တလန္တိတ်သမုဒ္ဒရာကြီးကို မြင်ရလို့ မေးကြည့်လိုက်တာပါ။ ဆန်ဖရန်စစ္စကိုဘက်က ပစိဖိတ်သမုဒ္ဒရာကတော့ အတ္တလန္တိတ်သမုဒ္ဒရာထက် ပိုကြီးပါသတဲ့။ အိန္ဒိယသမုဒ္ဒရာဆိုတာလည်း ရှိပါသေးတယ်။ အာတိတ်ဆိုတဲ့ သမုဒ္ဒရာလည်း ရှိပါသေးတယ်။ ပဋ္ဌကစာပေထဲမှာ ဖတ်ရှုရတဲ့ သမုဒ္ဒရာကြီး ၄ စင်းဆိုတာနဲ့ သွားညီနေပါတယ်။

http://www.dhammadownload.com

သောကသည် လူငယ်တစ်ဦး

မောင်လှဝင်း...

တထာဂတရိပ်သာက ဆရာတော်တွေရော၊ အဖွဲ့ဝင် ဒကာ ဒကာမတွေပါ ဆန်ဖရန်စစ္စကိုလေဆိပ်ကို လိုက်ပို့ကြပါတယ်။ ယူသွားမယ့်ပစ္စည်းတွေပါတဲ့ သေတ္တာစသည်တွေ စစ်ဆေးရာနေရာမှာ တန်းစီပြီး အချိန်အတော်ကြာ စောင့်နေရပါတယ်။ လိုက်ပို့တဲ့အဖွဲ့တွေကလည်း မပြန်သေးဘဲ စောင့်နေကြပါသေးတယ်။ တထာဂတရိပ်သာနဲ့ တစ်လခွဲကြာ ခွဲခွာနေရပေမယ့် တထာဂတရဲ့ နွေးထွေးလှိုက်လှဲတဲ့ မေတ္တာ၊ စေတနာတွေကိုတော့ မကြာခဏအောက်မေ့နေရမှာပါပဲ။ စစ်ဆေးပြီးလို့ လေယာဉ်ထွက်ခွာချိန်စောင့်ရင်း ထိုင်ခုံမှာ ထိုင်နေကြပါတယ်။ အမေရိကန်လူငယ်တစ်ယောက်က ပဏ္ဍိတာရာမ ဆရာတော်ကြီး အနီးအနားရောက်လာပြီး 'မေးခွန်းတစ်ခုမေးချင်ပါတယ်၊ မေးလို့ရပါသလား'လို့ ပြောပြီး 'သောကကို ဘယ်လိုပျောက်အောင် လုပ်ရပါ့မလဲ'လို့ မေးပါတယ်။ ဆရာတော်ကြီးက 'သောကပျောက်ချင်ရင် သောကပျောက်ဆေးသောက်ပေါ့၊ သောကပျောက်စေတဲ့နည်း ပေးမယ်၊ လာခဲ့'လို့ မိန့်လိုက်တော့ 'အခု လေယာဉ်ထွက်တော့မှာမို့ သွားရပါတော့မယ်၊ ဘယ်လိုလုပ်ရပါ့မလဲ'လို့ မေးလာပြန်ပါတယ်။ ဆရာတော်ကြီးက 'ကိုယ့်ခန္ဓာကိုယ်ထဲက ထင်ရှားပေါ်နေတဲ့ အာရုံတစ်ခုခုအပေါ် စိတ်စိုက်ထား'လို့သာ မိန့်လိုက်ရပါတယ်။ အဲဒီဒကာလေးက ဒီလောက်ပဲနားထောင်ပြီး ထွက်ခွာသွားပါတော့တယ်။ စီးရမယ့်လေယာဉ်ကတော့ အတူတူပဲဖြစ်ပုံရပါတယ်။ သူ့စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ သောကကို စိတ်စိုက်ပြီး 'သောကဖြစ်တယ်၊ သောကဖြစ်တယ်'လို့မှ မှတ်တတ်ပါလေရဲ့လား၊ မှတ်ကောမှတ်ကြည့်နိုင်ပါ့မလား။ ဆေးနည်းသိလျက် မစားဖြစ်ရင်တော့ ရောဂါသက်သာပျောက်ကင်းမယ်မဟုတ်ပါ။ အဲဒီသောကသည် လူငယ်တစ်ဦး

http://www.dhammadownload.com

လို လူငယ်တွေ၊ လူလတ်တွေ၊ လူကြီးတွေ အမေရိကမှာ ဘယ်လောက်များလိုက်လေမလဲ၊ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကုန်ရဘဲ သောကပျောက်ကင်းစေနိုင်တဲ့ သောကပျောက်ဆေးကို အဲဒီသောကသည်တွေ သိရှိခွင့်ရပြီး သောက်သုံးနိုင်ကြရင် ဘယ်လောက်ကောင်းလိုက်လေမလဲ။ ဒေးကာနက်ဂျီ ရေးထားတဲ့ သောကကင်းဝေး နေနိုင်ရေးနည်းတွေထက် ဗုဒ္ဓရဲ့သောကကင်းဝေး နေနိုင်ရေးနည်းက ပိုထိရောက်ပါတယ်။ သတိပဋ္ဌာန်ဆေးရဲ့ အကျိုးအာနိသင်တွေထဲမှာ သောကကို လွန်မြောက်ခြင်းဆိုတဲ့ အကျိုးလည်း ပါဝင်ပါတယ်။ ပဋ္ဌာစာရီ၊ သန္တာတိအမတ်ကြီးတို့လို အကြီးအကျယ် သောကခံစားရသူတွေတောင် ဒီသတိပဋ္ဌာန်ဆေးကို စားသုံးသွားကြလို့ သောကကင်းဝေးပြီး အေးချမ်းတည်ငြိမ်စွာ နေသွားနိုင်ကြပါတယ်။ ကမ္ဘာ့နေရာအနှံ့အပြားမှာ ပြန့်သွားစေနိုင်တဲ့ အင်တာနက်ကနေ ကမ္ဘာတစ်ဝန်းက သောကသည်တွေအတွက် အစွမ်းထက်လှတဲ့ သောကပျောက်ဆေး သတိပဋ္ဌာန်တရားအကြောင်း ရေးသားဖော်ပြလိုက်ရရင် သောကသည်တွေ သဘောကျစရာ ဖြစ်လာနိုင်ပါတယ်။

အန်ခဲ့ရတယ်

မောင်လှဝင်း...

အရင်ဒုတိယအကြိမ် အမေရိကလာတုန်းက ဘော်စတွန်မြို့ကနေ ဘာရီမြို့ရှိ The Forest Refuge တရားစခန်းကို လာတဲ့အခါမှာရော၊ အပြန်ခရီးမှာပါ မအန်ခဲ့ရလို့ ဝမ်းသာခဲ့ရပါတယ်။ အခု ဒုတိယအခေါက်မှာ တထာဂတရိပ်သာနေခိုက် ကားနဲ့ခရီးသွားတဲ့အခါ မအန်ရလို့ ဝမ်းသာခဲ့ရပါတယ်။ ဘော်စတွန်ကနေ ဘာရီကိုလာတဲ့ အခုတတိယအခေါက်မှာတော့ ဘာရီမြို့ရောက်မှ အန်ရပါတယ်။ တော်ပါ

http://www.dhammadownload.com

သေးရဲ့၊ ဂျပန်ကနေ အမေရိကအလာမှာ လေယာဉ်ပေါ်က အန်ဖို့ရာ ယူလာကဲ့အိတ်လေး အဆင်သင့်ပါလာလို့ ကားပေါ်မှာပဲ အဲဒီအိတ်လေးထဲ အန်ထည့်လိုက်ရပါတယ်။ ဦးသုမနသိရီက အဲဒီအိတ်လေးနဲ့ အန်ဖတ်တွေကို ခံယူပေးကာ အနီးရှိ အမှိုက်ပုံးထဲ သွားထည့်လိုက်ပါတယ်။ ပါးစပ်ဆေး၊ ကျင်ငယ်စွန့်ဖို့ အိမ်သာကို မုန့်ဆိုင်တစ်ဆိုင်မှာမေးပြီး သုံးခ့ဲရပါတယ်။ အဲဒီအိတ်လေးသာ မပါလာခ့ဲရင်တော့ ဒုက္ခပါပဲ။ ဘာရီမြို့ထဲရောက်နေတော့ ကားလမ်းဘေး အန်လို့လည်း သူတို့ကကြိုက်ချင်မှ ကြိုက်ပါမယ်။ ညကလည်း ကောင်းကောင်းအိပ်မရခ့ဲ၊ အရုဏ်ဆွမ်းကိုလည်း ကောင်းကောင်းမစားနိုင်ခ့ဲ၊ လေယာဉ်ပေါ် နေ့ဆွမ်းမှာလည်း အသီး အရွက်လောက်သာ စားနိုင်ခ့ဲပါတယ်။ လေယာဉ်ပေါ်မှာလည်း အိပ်မပျော်၊ ဦးခေါင်းကလည်း ခပ်မူးမူးဖြစ်နေပါတယ်။ ဘော်စတွန်ကနေ ဘာရီကိုလာတဲ့ခရီးမှာ ကားမောင်းချိန်ဟာ တစ်နာရီခွဲကြာလောက် မောင်းရလေ့ရှိခ့ဲပေမယ့် ကားရှုပ်နေလို့ ၂ နာရီကြာ မောင်းလာရပါတယ်။ ဘာရီမြို့ကို မြန်မြန်ရောက်စေချင်ခါမှ ရောက်ဖို့ နှေးနှေးနေပါတယ်။ အန်ချင်တင်တင်ဖြစ်လာလို့ မြန်မြန်ရောက်စေချင်ပါတယ်။

ဘော်စတွန်လေဆိပ်က ဆန်ဖရန်စစ္စကိုလေဆိပ်လောက်ပဲ ကြီးကျယ်ပါတယ်။ အဲဒီလေဆိပ် ၂ ခုထက် နယူးယောက်နဲ့ လော့စ်အိန်းဂျလီလေဆိပ်တွေက ပိုမိုကြီးပါတယ်တဲ့။ အမေရိကမှာ အကြီးကျယ်ဆုံး လေဆိပ်တွေပါပဲတဲ့။ ဘော်စတွန်လေဆိပ်ကနေ စထွက်တဲ့ အခါ မြေအောက်ကားလမ်း၊ ရေအောက်ကားလမ်းတွေကနေ ဖြတ်သွားရပါတယ်။ ဥမင်လိုဏ်ခေါင်းတွေလိုပါပဲ။ မီးတွေကတော့ အဲဒီမြေအောက်၊ ရေအောက်ကားလမ်းတွေမှာ ထိန်ထိန်လင်းနေတာပါပဲ။ လျှပ်စစ်မီးသာ မလာခ့ဲရင်တော့ အဲဒီကားလမ်းတွေမှာ အမှောင်ကျနေပါလိမ့်မယ်။ အဲဒီကားလမ်းတွေကလည်း တိုတိုကျဉ်းကျဉ်းလေး မဟုတ်ပါ။

http://www.dhammadownload.com

ကားလမ်း ၄ လိုင်း လုပ်ထားတာမို့ ၄ စီး ယှဉ်မောင်းလို့ရအောင် ကျယ်ဝန်းပါတယ်။ ရှည်လည်း ရှည်လျားပါတယ်။ အဲဒီလမ်းဖောက်လိုက်လို့ တစ်နာရီစာ ခရီးတိုသွားပါတယ်တဲ့။ ရှေ့ဆက်ပြီး တော်တော်ကြာကြာ သွားလိုက်တော့ ကျောက်တောင်ကြီးတွေကို မိုင်းနဲ့ဖောက်ခွဲပြီး ကားလမ်းလုပ်ထားလို့ ကားလမ်းဘေးတွေမှာ ကျောက်တောင်တွေ ရှိနေပါတယ်။ ဒီ May လဟာ စပရင်း (Spring) ရာသီထဲမှာ ပါတာမို့ ကားလမ်းတစ်လျှောက်က သစ်ပင်တွေမှာ ရွက်သစ်နုနုလေးတွေ ထွက်စပြုနေကြပါတယ်။

ငါးပိရည်

မောင်လှဝင်း...

ကိုယ့်မြန်မာနိုင်ငံမှာ နွေ၊ မိုး၊ ဆောင်းလို့ ရာသီ ၃ မျိုးရှိတယ်။ နွေ ၄ လ၊ မိုး ၄ လ၊ ဆောင်း ၄ လနဲ့ ရာသီသုံးလီမှာ လပေါင်း ၁၂ လ ရှိပါတယ်။ ၁၂ လ တစ်နှစ်ပဲ။ အမေရိကစတဲ့ အနောက်တိုင်းနိုင်ငံတွေမှာလည်း ၁၂ လ တစ်နှစ်ပါပဲ။ သူကို့ဆီမှာက ရာသီ ၄ လီ ရှိတယ်။ တစ်ရာသီ တစ်ရာသီမှာ ၃ လစီ ရှိတယ်။ Summer ရာသီ၊ Fall ရာသီ၊ Winter ရာသီ၊ Spring ရာသီအားဖြင့် ၄ ရာသီ ရှိတယ်။ Summer ရာသီအချိန်က ဇွန်၊ ဇူလိုင်၊ သြဂုတ်လတွေပါပဲ။ ပူတဲ့ရာသီပဲ။ Fall ရာသီက စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလတွေပါပဲ။ သစ်ရွက်တွေ ကြွေကျတဲ့ရာသီပဲ။ Winter ရာသီက ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွေပါပဲ။ စွတ်စိုတဲ့ရာသီပဲ။ Spring က မတ်၊ ဧပြီ၊ မေလတွေပဲ။ သစ်ရွက်တွေစပြီး ထွက်တဲ့ရာသီပဲ။ ရွက်သစ်ဝေချိန်ပေါ့။

ဆန်ဟိုဆေးမှာထက် ဘော်စတွန်မှာ အအေးပိုပါတယ်။ တထာ

http://www.dhammadownload.com

ဂတမှာ သာမဏေကျော်တို့ ရောက်ချိန်က အအေးသက်သာပြီး နေသာ ကာ နေကောင်းလာပါတယ်။ ဘာရီရောက်ချိန်ကလည်း ဘာရီမှာ အအေးသက်သာပြီး နေသာကာ နေကောင်းလာပါတယ်။ ဒါတောင်မှ ၂ နေရာလုံးမှာ ခြေအိတ်စွပ်ထားရပါတယ်။ ကိုယ်ပတ်သက်နံ့း ၂ ထပ် ပတ်ထားရပါတယ်။ ခြုံထည်ခြုံထားရပါတယ်။ ညအခါ ခေါင်းစွပ် စွပ်ထားရပါတယ်။ ရေချိုးရင် ရေနွေးနွေးလေးနဲ့ ချိုးရပါတယ်။ နေ့ဆွမ်း မစားခင် ချိုးရင် ကိုယ်ငွေ့ရလွယ်ပါတယ်။ နေ့ဆွမ်းစားပြီးမှချိုးရင် ကိုယ်ငွေ့ရမလွယ်တာမို့ အအေးမိသလို ဖြစ်ကာ နေမကောင်းလှပါ။ တရားစခန်း ၂ ခုအတွင်း မဖျားအောင် အထူးဂရုစိုက်ရပါတယ်။ ငွေကုန်ကြေးကျများစွာခံပြီး ကိုယ့်ကိုပင့်ထားတော့ သူတို့လိုအပ်တဲ့ တရားအကူအညီ ပေးနိုင်အောင် သတိထားနေထိုင်စားသောက်ရပါ တယ်။ တထာဂတရိပ်သာမှာတုန်းက မစားခဲ့ရတဲ့ ငါးပိရည်ဖျော်ကို Forest Refuge မှာ စားရပါတယ်။ မြန်မာဒကာမကြီး ဒေါ်မြင့်မြင့်စိန် က ကပ်လို့ စားရပါတယ်။ မြန်မာဆရာတော်တွေ မြန်မာအစားအစာ တွေ စားရအောင်လို့ မြန်မာဒကာမကြီး ဒေါ်မြင့်မြင့်စိန်ကို သူတို့ရိပ်သာ အဖွဲ့က အကူအညီတောင်းထားပါတယ်။

ငါးပိရည်ကို သာမဏေကျော်တို့က အားရပါးရ ဘုဉ်းပေးပေ မယ်လို့ အမေရိကန်ရဟန်းတော် ဦးသုမနသိရီကတော့ တို့တောင် တို့မကြည့်ပါ။ အညာသားဖြစ်တဲ့ သာမဏေကျော်လည်း ရန်ကုန်ရောက် ပြီး နှစ်ပေါင်းအတော်ကြာသည်အထိ ငါးပိရည်ကို ကြိုက်လို့မရသေးပါ။ အခုတော့ ကြိုက်နေပါပြီ။ မကြိုက်လို့ မစားသေးခင်က ပဏ္ဍိတာရာမ ဆရာတော်ကြီးက 'ငါးပိရည်က အားရှိတယ်၊ စား စား'လို့ မိန့်လေ့ ရှိပါတယ်။ အခုတော့ ဆရာတော်ကြီးထက်တောင် ပိုစားနေပါသေး တယ်။ ဒီငါးပိရည်က ထိုင်းနိုင်ငံက လာတာပါပဲ။ မြန်မာနိုင်ငံက ငါးပိရည်ထက်တောင် ပိုကောင်းပါသတဲ့။

http://www.dhammadownload.com

အရေးအကြီးဆုံး

မောင်လှဝင်း...

မြန်မာနိုင်ငံကနေ အမေရိကစရောက်ချိန်မှာ အိပ်ချိန်က နေ့ည လွဲနေတာမို့ မျက်စိက အသားမကျသေးပါ။ မြန်မာနိုင်ငံမှာ ည အခါက အမေရိကမှာ နေ့အခါ၊ အမေရိကမှာ ညအခါက မြန်မာနိုင်ငံမှာ နေ့အခါဖြစ်နေပါတယ်။ နေ့ညအနေအထားက ပြောင်းပြန်ဖြစ်နေပါတယ်။ ဆန်ဟိုဆေးမြို့နဲ့ ဘာရီမြို့အချိန်ကလည်း ၃ နာရီကွာနေသေးတာမို့ အိပ်ချိန်အပြောင်းအလဲ ရှိနေပါသေးတယ်။ ၁၃၊ ၅၊ ၂၀၀၅ နေ့ရောက်ပြီး ၁၄၊ ၅၊ ၂၀၀၅ ရက်နေ့မှာ အပြည့်အဝနားလိုက်ရပါတယ်။ ဂျိုးဆက်ဂိုးစတိန်းတို့က အဲဒီလိုအနားယူခွင့်ရအောင် စီစဉ်ထားတာဖြစ်ပါတယ်။ ကောင်းပါတယ်။ ယောဂီတွေကတော့ ၁၅၊ ၅၊ ၂၀၀၅ နေ့မှ ရောက်ကြမှာပါတဲ့။ အမေရိကစတဲ့ အနောက်နိုင်ငံတွေမှာ ဝိပဿနာကမ္မဋ္ဌာန်းဆရာအဖြစ် နာမည်ကျော်ကြားနေတဲ့ ဂျိုးဆက်ဂိုးစတိန်းက သူ့ရဲ့ကမ္မဋ္ဌာန်းဆရာဖြစ်တဲ့ ပဏ္ဍိတာရာမဆရာတော်ကြီးထံ ဒီတစ်ခေါက် ၆ ပတ် တရားစခန်းမှာ ယောဂီအဖြစ်နဲ့ ဝင်ရောက်တရားအားထုတ်မှာပါတဲ့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀ လောက်ကအထိ ပဏ္ဍိတာရာမဆရာတော်ကြီးထံ ယောဂီအဖြစ်နဲ့ ၇ ကြိမ်တိုင်တိုင် တရားအားထုတ်ခဲ့သေးရာ ဆရာတော်ကြီးထံ ယောဂီအဖြစ်နဲ့ တရားအားမထုတ်ရတာနှစ်ပေါင်း ၁၀ ကျော် ကြာသွားလို့ အခုအားထုတ်ခွင့် ထပ်ရတဲ့အတွက် များစွာဝမ်းသာနေပါတယ်တဲ့။

ဘော်စတွန်လေဆိပ်ကနေ ဘာရီရှိကမ္မဋ္ဌာန်းဌာနကို လာတဲ့အခါ ဂျိုးဆက်ဂိုးစတိန်းရဲ့ကားနဲ့ လာပါတယ်။ သူ့ကားပေါ် သာမဏောကျော်ရဲ့ယပ်တောင် မေ့နေခဲ့ပါတယ်။ ၁၄၊ ၅၊ ၂၀၀၅ နေ့ နေ့ဆွမ်းစားချိန်မှာ ဂျိုးဆက်လာတဲ့အခါ အဲဒီယပ်တောင်ကို ယူလာပါတယ်။ အဲဒီ

http://www.dhammadownload.com

ယပ်တောင်နဲ့ လိုက်ဖက်တဲ့ဘဝရောက်အောင် လုပ်ဦးလို့ ဆရာတော်ကြီးက မိန့်လိုက်ပါတယ်။ ရဟန်းဝတ်ဦးလို့ မိန့်လိုတာဖြစ်ပါတယ်။ ဂျိုးဆက်က ဒီတရားစခန်းမှာ ရဟန်းမဝတ်ပေမယ့် ခေါင်းတုံးလိုက်သလို ဖြစ်အောင် ဆံပင်တိုတိုလေးပဲ ထားလိုက်ပါတယ်။ ဂျိုးဆက်က သူ့ဆရာတော်ကြီးကို အလွန်ပဲကြည်ညိုလေးစားပုံရပါတယ်။ သူတို့ အနောက်တိုင်း ကမ္မဋ္ဌာန်းဆရာတွေနဲ့ ယောဂီတွေက မြန်မာနိုင်ငံက ကမ္မဋ္ဌာန်းဆရာတွေမှာ တရားရှုမှတ်ချိန် နည်းနေသေးတယ်လို့ ယူဆကာ အားမရဖြစ်ကြပါသတဲ့။ သူတို့ယူဆတဲ့အတိုင်း တကယ်ပဲ အချိန်နည်းနေရင်တော့ အချိန်များအောင် ကြိုးစားကြရပါမယ်။

ဂျိုးဆက်က 'တရားအားထုတ်တာဟာ အရေးအကြီးဆုံးအရာပါပဲ'လို့ ပြောပါတယ်။ ဂျိုးဆက်လိုပဲ တရားအားထုတ်တာကို အရေးအကြီးဆုံးအရာလို့ ယူဆနိုင်သူတွေ များလာရင် အလွန်ပဲကောင်းပါတယ်။ တရားအားထုတ်တာဟာ အရေးမကြီးတဲ့အရာလို့ ယူဆသူတွေကပဲ မြန်မာမှာရော၊ အမေရိကမှာရော၊ ကမ္ဘာတစ်ဝန်းလုံးမှာပါ များနေပါသေးတယ်။ တရားအားထုတ်မှုရဲ့ အကျိုးတွေကို သိရှိခံစားရမှသာ တရားအားထုတ်မှုကို မြတ်နိုးဝါနာဖိုးထားနိုင်မှာ ဖြစ်ပါတယ်။

ဖြေဆေး

မောင်လှဝင်း...

အခုတစ်ခေါက် သာမဏေကျောင်းမှာ စာရေးဖို့ ရည်ရွယ်ချက်မရှိခဲ့ပါ။ မရေးတော့ဘူးလို့ စိတ်ကူးခဲ့ပါတယ်။ ဒီအမေရိကခရီး ထွက်လာခါနီး တစ်ရက်အလိုမှ စာလေးတစ်စောင် ရရှိပါတယ်၊ ဖတ်လိုက်တော့ ဂျာမနီက မြန်မာအမျိုးသမီး လင်းလင်းထံမှ ဖြစ်နေတာကို သိရပါ

http://www.dhammadownload.com

တယ်။ 'အရှင်ဘုရား ရေးသားပြုစုနေတဲ့ ဝိပဿနာဉာဏ်နဲ့ အမေရိကန်စာအုပ် ဖတ်ရရာမှာ အလွန်ကျေနပ်မိပါတယ်။ တစ်ကြိမ်မကလည်း ဖတ်ပြီးပါပြီ အရှင်ဘုရား' လို့ သူမက ရေးထားပါတယ်။ သူ့စာဖတ်ရတော့ 'ဒီတတိယအခေါက်မှာလည်း စာအုပ်ဖြစ်အောင် ရေးရကောင်းလေမလား'လို့ တွေးနေမိပါသေးတယ်။ မရေးဖို့ဘက်ကပဲ များနေပါသေးတယ်။ ဒီတတိယအခေါက် အတွေ့အကြုံရေးရင်လည်း ဒုတိယအခေါက်ကလို ရေးသားတင်ပြပုံ ထပ်နေလိမ့်မယ်လို့ တွေးမိလို့လည်း ရေးလိုစိတ် မဖြစ်တာပါ။ အမေရိကရောက်မှ ကျန်းမာရေးက စာရေးလို့ ရလောက်အောင် ကောင်းနေတာရယ်၊ မောင်လှဝင်းနဲ့တကွ စာဖတ်ပရိသတ်ကို သိစေချင်တာကြောင့် မောင်လှဝင်းထံ ရေးတဲ့ပုံစံနဲ့ စာအုပ်ဖြစ်အောင် ရေးသားလိုက်ပါတယ်။

မလင်းလင်းရဲ့စာထဲမှာ ရေးထားတဲ့ ဝါကျလေးတစ်ခုက မှတ်သားစရာပါပဲ။ 'စိတ်ဖိစီးမှုများတဲ့ အနောက်နိုင်ငံသားတွေအတွက် ဝိပဿနာသည်သာ အကောင်းဆုံး ဖြေဆေးဖြစ်မှာပါ ဘုရား'တဲ့။

အနောက်တိုင်းသားတွေဟာ မဆုံးနိုင်တဲ့ အသစ်အသစ်တွေနောက်ကို အပြေးအလွှားလိုက်နေကြပါတယ်။ အသစ်အသစ်တွေကို ရလို တွေ့လိုနေကြပါတယ်။ အသစ်အသစ်ကို ဆာလောင်မှုတဏှာကြောင့် ရုန်းကန်လှုပ်ရှားရလွန်းလို့ စိတ်ပင်ပန်းမှု၊ စိတ်ဖိစီးမှုတွေကို ခံစားနေကြပါတယ်။ တဏှာစေခိုင်းတဲ့အတိုင်း စက်ရုပ်ပမာ လှုပ်ရှားနေကြရပါတယ်။ အိမ်ထောင်ရေး၊ စီးပွားရေး သားသမီးရေးစတဲ့ အရေးပေါင်းများစွာကြောင့် ပြဿနာတွေ ဝိုင်းဝိုင်းလည်ခံစား နေကြရတာမို့ ပြဿနာတွေရဲ့ထွက်ပေါက်ကို မတွေ့နိုင်ကြဘဲ စိတ်ဆင်းရဲရမှု၊ စိတ်ဖိစီးမှု ဝဲဂယက်ထဲ တဝဲလည်လည်ဖြစ်နေပါတယ်။ မလင်းလင်းက အသက် ၃၅ နှစ်ပါတဲ့။ သူမရဲ့ခင်ပွန်းဖြစ်သူ ဂျာမန်အမျိုးသားက ၄၅ နှစ်ပါတဲ့။ သူမက ဝိပဿနာကိုလည်း မကြာခဏ အားထုတ်ဖူး

http://www.dhammadownload.com

ပါတယ်တဲ့။ နေ့စဉ် ရှုမှတ်ဖြစ်အောင်လည်း ကြိုးစားလျက်ရှိပါတယ်။ သူ့ခင်ပွန်းကိုလည်း သူမလိုပဲ ဝိပဿနာအားထုတ်ခွင့် ရစေချင်ပါတယ်တဲ့။ စိတ်ငြိမ်းချမ်းအောင် မွေးမြူထိန်းသိမ်းတတ်စေချင်ပါတယ်တဲ့။ စိတ်အညစ်အကြေးမှန်သမျှ စင်ကြယ်သွားအောင်လုပ်ရာမှာ ဒီသတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းသာ အမှန်ဆုံး၊ အကောင်းဆုံး၊ အထိရောက်ဆုံး လုပ်ငန်းဖြစ်ပါတယ်။ ဝိပဿနာကို လက်ကိုင်မပြုနိုင်ရှာကြတဲ့ အနောက်တိုင်းသားပဲဖြစ်ဖြစ်၊ အရှေ့တိုင်းသားပဲဖြစ်ဖြစ် စိတ်ဖိစီးမှုသံသရာ၊ သောကသံသရာထဲ တဝဲလည်လည်ဖြစ်နေကြမှာပါပဲ။

အတိုင် အဖောက်

မောင်လှဝင်း...

၁၅၊ ၅၊ ၂၀၀၅ နေ့မှ ယောဂီတွေ ရောက်လာကြပါတယ်။ ၁၆၊ ၅၊ ၂၀၀၅ နေ့မှ တရားစခန်းဖွင့်ပါမယ်။ ၁၅၊ ၅၊ ၂၀၀၅ နေ့ အရှေ့ဆွမ်း ဘုဉ်းပေးချိန်မှာ ဘာ့ဇ်အမည်ရှိ အမေရိကန်ဒကာကြီး ရောက်နေပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့တပည့် ယောဂီဟောင်း ဖြစ်ပါတယ်။ ဘာ့ဇ်ကို တွေ့တွေ့ချင်း ဆရာတော်ကြီးက မေးခွန်းတစ်ခု မေးလိုက်ပါတယ်။

'ဘာ့ဇ်၊ နဂိုအတိုင်းပဲလား'

အဲဒီမေးခွန်းကို ဆရာတော်ကြီးနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံဖူးသူ မဟုတ်ရင် ဖြေတတ်ဖို့ ခက်ပါတယ်။ ဘာ့ဇ်ကတော့ ဆရာတော်ကြီးနဲ့ တရင်းတနှီး ဆက်ဆံဖူးတာမို့ လွယ်လွယ်လေးပဲ ဖြေသွားပါတယ်။ ဘာ့ဇ်ရဲ့အဖြေကို ဆရာတော်ကြီးက သဘောကျနှစ်ခြိုက်သွားပါတယ်။

'အရင်က ဘာ့ဇ် မဟုတ်တော့ပါ ဘုရား၊ အချိန်ရှိသမျှ ပြောင်းလဲနေတဲ့ ဘာ့ဇ်ပါဘုရား'

http://www.dhammadownload.com

ဝိပဿနာအမြင်နဲ့ ပြောလိုက်တာ ဖြစ်ပါတယ်။ ဆရာတော်ကြီးကလည်း ဝိပဿနာအမြင်နဲ့ မြင်စေလိုလို့ မေးလိုက်တာဖြစ်ပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်းဆရာနဲ့ ဝိပဿနာယောဂီတို့ရဲ့ အမေး အဖြေတွေကတော့ အတိုင် အဖောက် ညီလှပါပေတယ်။ ဆရာတော်ကြီးက ဘာ့ဇ်ကို မေးခွန်းထပ်မေးပါတယ်။ ဘာ့ဇ်ကလည်း ဖြေပါတယ်။ မခေပါ။

'ဘာ့ဇ်မှာ အနုတ်လက္ခဏာပြနေလား၊ အပေါင်းလက္ခဏာပြနေလား'

'အနုတ်လက္ခဏာ ပြနေပါတယ် ဘုရား'

'ကောင်းတာတွေကို နုတ်တာလား၊ မကောင်းတာတွေကို နုတ်တာလား'

'မကောင်းတာတွေကို နုတ်နေတာပါဘုရား၊ ရုပ်တုထွင်းတဲ့အခါ မလိုအပ်တဲ့အရာတွေကို ထုတ်ဖယ်ပစ်သလို ဘဝမှာ မလိုအပ်တာတွေကို နုတ်ဖယ်ပေးနေပါတယ် ဘုရား'

'မလိုအပ်တာတွေကို ထုတ်ဖယ်ကာ ဘဝကို အလှပြင်ပေးနေတယ်ပေါ့၊ ဘဝက လှသွားပြီလား'

'ရာနှုန်းပြည့်တော့ မလှသေးပါ ဘုရား'

'ဘာ့ဇ်ရဲ့မိခင်ကြီး ဘယ်လိုနေလဲ'

ဘာ့ဇ်ရဲ့မိခင်ကြီးက အသက် ၉၈ နှစ်ပြည့်တော့မှာ ရက်ပိုင်းပဲ လိုပါတော့မယ်။ ၄၊ ၅ ရက်လောက်ကြာရင် ၉၉ နှစ် အရွယ်ရောက်ပါတော့မယ်။ ဆရာတော်ကြီးက အဲဒီမိခင်ကြီးကိုလည်း မေးခွန်းတွေ မေးလေ့ရှိပါတယ်။ ဒါကြောင့် သူ့ကို ဆရာတော်ကြီးက မေးခွန်းတွေ အခုတစ်ခါလည်း မေးတော့မှာပါပဲလို့ ပြောသတဲ့။ မှတ်ဉာဏ်လည်း ကောင်းသင့်သလောက် ကောင်းနေပါသေးတယ်။ တစ်ခါတစ်ရံ သားထက်တောင် ပိုကောင်းပါသေးသတဲ့။ အဲဒီမိခင်ကြီးလာရင်လည်း ဆရာ

http://www.dhammadownload.com

တော်ကြီးက သူ့ထုံးစံအတိုင်း မေးခွန်းတွေ မေးနေဦးမှာပါပဲ။ မိခင်ကြီးကလည်း ဆရာတော်ကြီးနဲ့ တွေ့တဲ့အခါ မေးခွန်းများစွာ အမေးခံရတာမို့ သဘောပေါက်နေပါတယ်။

ငယ်သေးတယ် တဲ့

မောင်လှဝင်း...

ဘာ့ဇ်ရဲ့မိခင်ကြီး လာပါပြီ။ ၁၅၊ ၅၊ ၂၀၀၅ နေ့က နေ့ဆွမ်းမှာ ဂျိုးဆက်စတဲ့ပုဂ္ဂိုလ်တွေလည်း လာကြပါတယ်။ ဆရာတော်ကြီးက သူ့ထုံးစံအတိုင်း နေ့ဆွမ်းစားပြီးတော့ မေးခွန်းတွေ တရစပ် မေးပါတော့တယ်။ ဒကာမကြီးကလည်း ဖြေရှာပါတယ်။ လွန်ခဲ့တဲ့ ၂ နှစ်ကတွေ့ခဲ့ရစဉ်ထက် ဒကာမကြီးက ပိုအိုနေသလို ပိုလည်းအားနည်းနေပါတယ်။ မှတ်ဉာဏ်ကတော့ အားကောင်းနေဆဲပါပဲ။ ၉၈ နှစ် အရွယ် ဒကာမကြီးက ၈၅ နှစ်အရွယ် ဆရာတော်ကြီးကို ငယ်သေးတယ်လို့ ပြောနေပါတယ်။ ဂျိုးဆက်ဂိုးစတိန်းကတော့ ဒကာမကြီးရဲ့ ရုပ်ရည်နဲ့ ဆရာတော်ကြီးရုပ်ရည်ကို နှိုင်းယှဉ်လိုက်တဲ့အခါ ဆရာတော်ကြီးက လူငယ်လေးလို ဖြစ်သွားတယ်လို့ ဆိုပါတယ်။ ဆရာတော်ကြီးက စတင်ပြီး မေးပါပြီ။ ဒကာမကြီးခမျာလည်း ဖြေရှာပါတယ်။

'ဘာ့ဇ်လို သားတွေကို နောင်ဘဝမှာ ရလာခဲ့မယ်ဆိုရင် ဘယ်လောက် လိုချင်ပါသလဲ'

'အများကြီးလိုချင်ပါတယ် ဘုရား'

'ဘာ့ဇ်ကကော ဒီလိုမိခင်မျိုးကို နောင်ဘဝမှာ ရခဲ့မယ်ဆိုရင် ဘယ်လောက်ကြာအောင် လိုချင်ပါသလဲ'

(ဘာ့ဇ်ကတော့ မိခင်ကြီးလို အဖြေမပေးနိုင်ပါ)

http://www.dhammadownload.com

'နောင်ဘဝမှာ လူဖြစ်ခဲ့မယ်ဆိုရင် ဒကာမကြီးက ဘယ်အရွယ်မှာ စတင်ဖြစ်ချင်ပါသလဲ'

'နောင်ဘဝက ဖြစ်ဦးမှာလား'

'ဖြစ်ဖို့အကြောင်းရှိရင် ဖြစ်ဦးမှာပေါ့'

'ရုပ်ကိုယ်က အိုလာပေမယ့် ပျိုရွယ်သန်မာသူလေး ဖြစ်ချင်လား'

'ဘယ်လိုဖြစ်လာနိုင်မှာလဲ'

'စိတ်မှာ အင်အားတွေထည့်ပေးရင် စိတ်အားပြည့်လာပြီး ခန္ဓာကိုယ်လည်း အားပြည့်သန်မာလာမယ်။ အိုခြင်းကို ကျော်ကျော်မြောက်အရှုံးမပေးဘဲ စိတ်အင်အား ဖြည့်ပေးရင် ခေတ်မီတဲ့အဖွားအို ဖြစ်လာမယ်'

အဲသည်လိုစသည်ဖြင့် မေးလိုက်၊ ဖြေလိုက်၊ ဂျာမန်ရဟန်းတော်ဦးဝိဝေကာနန္ဒ၊ ဦးသုမနသိရီ၊ မစာရုဒဿိနီတို့က တစ်လှည့်စီ လိုအပ်သလို ဘာသာပြန်ပေးလိုက်၊ ဂျိုးဆက်စတဲ့ အခြားအခြားပုဂ္ဂိုလ်တွေက ရယ်လိုက် မောလိုက်နဲ့ သက်ကြီးပုဂ္ဂိုလ် ၂ ဦးရဲ့ မေးဖြေပွဲလေးဟာ သိုက်သိုက်မြိုက်မြိုက် စိုစိုပြည်ပြည်ရှိလှပါတယ်။ ဆရာတော်ကြီးက အားရပါးရမေးပြီးတော့ ဆွမ်းစားစားပွဲက ထနေတဲ့အချိန်မှာ 'အသက်ကြီးတဲ့ပုဂ္ဂိုလ်အတွက် ရယ်ရတာဟာ ကျန်းမာရေးအတွက် အားဆေးတစ်ခွက်ပဲ'လို့ မိန့်ပါသေးတယ်။ ဒကာမကြီးကလည်း ရယ်ရယ်မောမော ဝမ်းပန်းတသာနဲ့ ကျေးဇူးတင်စကားတွေ လျှောက်ထားနေပါသေးတယ်။ ဒကာမကြီးကော ဘယ်လောက်အသက်ရှည်ဦးမလဲ။ ဆရာတော်ကြီးကော သာမဏေကျော်ပါ ဘယ်လောက်အသက်ဆက်ရှည်ဦးမလဲ။ ဘယ်သူသိနိုင်မှာလဲ။

http://www.dhammadownload.com

အတုယူစရာ

မောင်လှဝင်း...

အဲဒီနေ့ဆွမ်းအပြီးမှာ ဆရာတော်ကြီးရဲ့အခန်းထဲ ဦးဝိဝေကာနန္ဒရော၊ ဦးသုမနသိရိပါ ရောက်နေကြပါတယ်။ သာမဏေကျော်လည်းဝင်ရောက်လိုက်ပါတယ်။ ၁၆၊ ၅၊ ၂၀၀၅ တနလင်္ဂနေ့မှာ တရားစခန်းဖွင့်ပွဲ စတင်ပါမယ်။ နေ့လယ် ၁ နာရီမှာစဖို့ ဆရာတော်ကြီးက အတည်ပြုပေးလိုက်ပါတယ်။ အခမ်းအနားအချိန်က တစ်နာရီလောက်ကြာပါမယ်လို့ ဦးဝိဝေကာနန္ဒက ပြောပါတယ်။ ယောဂီတွေအတွက် အချိန်ဇယားက အရင်ပြီးခဲ့တဲ့ တရားစခန်းတုန်းကအတိုင်းပါပဲလို့ ဦးဝိဝေကာနန္ဒက ပြောကာ ဆရာတော်ကြီးကို အချိန်ဇယားပြပါတယ်။ ဆရာတော်ကြီးက ထိုင်မှတ်ချိန်၊ စင်္ကြံလျှောက် မှတ်ချိန်၊ အိပ်ချိန်တွေကို တွက်ကြည့်နေပါတယ်။ အိပ်ချိန်က ည ၁၀ နာရီကနေ နံနက် ၄ နာရီအထိ ၆ နာရီ ဖြစ်နေတာမို့ များနေတယ်လို့ မိန့်ပါတယ်။ ဖြည်းဖြည်းချင်း ၄ နာရီပဲ အိပ်ချိန်ထားပြီး ကြိုးစားအောင် လုပ်ပေးဖို့ လိုတယ်။ တရားဟောချိန်က ညနေ ၇ နာရီမှ ၈ နာရီထိ တစ်နာရီဆိုတော့ တထာဂတရိပ်သာမှာတုန်းကလိုပါပဲ။ တရားစစ်ချိန်ကတော့ ဆရာတော်ကြီးက နံနက် ၉ နာရီမှာ စပါမယ်။ နေ့စဉ် ယောဂီ ၄ ယောက်ပဲ စစ်ပေးပါမယ်။ သာမဏေကျော်နဲ့ ဦးဝိဝေကာနန္ဒတို့ကတော့ နံနက် ၈ နာရီခွဲမှာ စပါမယ်။ ကျန်တဲ့ယောဂီ ၃၀ ကို တစ်ဝက်စီ ခွဲစစ်ကြပါမယ်။ ယောဂီတွေက ကမ္မဋ္ဌာန်းဆရာ ၃ ပါးထံ တစ်လှည့်စီ တရားလျှောက်ရပါမယ်။ သဘောတူ ကမ္မဋ္ဌာန်းဆရာချင်းဆိုတော့ အဲဒီလိုတစ်လှည့်စီ ပြောင်းလဲစစ်ပေးတာဟာ ကောင်းပါတယ်လို့ ဆရာတော်ကြီးက မိန့်ပါတယ်။

ဦးသုမနသိရိက သာမဏေကျော်အတွက်၊ မစာရုဒဿိနီက

http://www.dhammadownload.com

ဆရာတော်ကြီးအတွက်၊ တထာဂတရိပ်သာမှာတုန်းကလိုပဲ တရားစစ်တဲ့အခါ အင်္ဂလိပ်လို ဘာသာပြန်ပေးကြပါမယ်။ တထာဂတရိပ်သာမှာတုန်းကလိုပဲ တနင်္ဂနွေနေ့မှာ တရားစစ်တာ နားပါမယ်တဲ့။ ဆရာတော်ကြီးကတော့ တနင်္ဂနွေနေ့မှာလည်း တရားဟောပါမယ်။ သတိပဋ္ဌာန်အကြောင်း ဟောဖို့ ဆရာတော်ကြီးက ပြင်ဆင်နေပါတယ်။ မဟာစည်ဆရာတော်ကြီးရဲ့ ဝိပဿနာရှုနည်း ၂ အုပ်နဲ့ သတိပဋ္ဌာနိဿယစာအုပ်တို့ကို ပြန်လည်ကြည့်ရှုနေပါတယ်။ အရင်က ရေးမှတ်ထားတဲ့ တရားမှတ်စုစာရွက်လေးတွေကိုလည်း ကြည့်ရှုနေပါတယ်။ တရားဟောကြတဲ့ပုဂ္ဂိုလ်တိုင်း ကိုယ်ဟောမယ့်အကြောင်းအရာနဲ့ပတ်သက်ပြီး ကြည့်ရှုပြီးမှ ဟောသင့်ကြပါတယ်။ မကြည့်ရှုဘဲ ဟောကြရင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေနဲ့ မညီညွတ်ဘဲ လွဲချော်နေတတ်ကြပါတယ်။ ဆရာတော်ကြီးကတော့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေနဲ့ ညီညွတ်အောင် သေသေချာချာ ကျကျနန တိတိကျကျ လေ့လာပြီးမှ ဟောပါတယ်။ ဖြစ်သလိုမလုပ်ပါ။ တလေးတစား ပြုလုပ်ပါတယ်။ **နောင်လာနောက်သား** တရားဟောပုဂ္ဂိုလ်တွေအဖို့ အတုယူကျင့်သုံးဖွယ်ရာ ဖြစ်ပါတယ်။ ပေါက်တတ်ကရ၊ အလွဲအချော်တွေကို လျှောက်ဟောရင် ပညာရှင်တွေရဲ့ အထင်သေးမှုကို ခံယူရပါလိမ့်မယ်။

ဘားမဲ့တောနဲ့ မေတ္တာ

မောင်လှဝင်း...

သာမဏေကျော်က စာကြည့်တိုက်မှာ တရားစစ်ရပါမယ်။ အရင်အခေါက်ကလည်း အဲဒီနေရာမှာပါပဲ။ အဲဒီစာကြည့်တိုက်က အခန်းတစ်ခန်းမှာ ဦးသုမနသိရိုက နေပါတယ်။ တရားစခန်းမဖွင့်ခင်မို့

http://www.dhammadownload.com

ညနေပိုင်းမှာ စာကြည့်တိုက်က တရားစစ်ရာနေရာရှိ ဆိုဖာကုလားထိုင် ပေါ် ထိုင်ကာ မေပဲပင်၊ အုတ်ပင်၊ ဂွိုက်ပိုင်ပင်တွေ ပြွတ်သိပ်နေတဲ့ တောကြီးကိုကြည့်ရင်း တရားနဲ့ဆိုင်တဲ့စကားတွေကို ပြောနေကြပါတယ်။ အဲဒီသစ်ပင်တွေမှာ သစ်ရွက်လေးတွေ ထွက်စပြုနေကြပါတယ်။ အဲဒီတောတန်းကြီးကိုကြည့်နေရင်း ကြက်ဆင် ၃ ကောင် လာနေတာကို တွေ့ရပါတယ်။ သာမဏေကျော်က ဥဒေါင်းတွေလို့ထင်ပြီး ဥဒေါင်းတွေလို့ ပြောလိုက်ပါတယ်။ 'ဥဒေါင်းတွေမဟုတ်ဘူး၊ တာကီတွေ'လို့ ဦးသုမနသိရီက ပြောပါတယ်။ မြန်မာလိုတော့ ကြက်ဆင်တွေပေါ့။ IMS (Insight Meditation Society) က ပိုင်ဆိုင်တဲ့ ၁၀၀ ကျော်ရှိ ဧရိယာထဲမှာ အဲဒီသစ်ပင်ကြီးတွေနဲ့ ပြည့်နှက်နေပါတယ်။ အဲဒီဧရိယာထဲမှာ သားငှက်တိရစ္ဆာန်တွေကို မသတ်ရပါ။ ငါးတွေကိုလည်း မဖမ်းရ၊ မမျှားရပါ။ တိရစ္ဆာန်တွေကို ဘေးမဲ့ပေးထားရာ နေရာနယ်ပယ်ဖြစ်လို့ အဲဒီကြက်ဆင်စတဲ့သတ္တဝါတွေဟာ ဘေးကင်းချမ်းသာစွာ နေကြရပါတယ်။ IMS တရားဌာနက တိတ်ဆိတ်မှုလည်း ရအောင်၊ မျက်စိမြင်ကွင်းလည်း ကောင်းအောင် ဒီလောက်ကျယ်ဝန်းတဲ့ဧရိယာကို ဝယ်ထားတာပါတဲ့။

ဒီ The Forest Refuge မှာက တထာဂတရိပ်သာမှာထက် ပိုမိုတိတ်ဆိတ်ပါတယ်။ ကားသံလည်း မကြားရပါ။ လူသံလည်း မကြားရပါ။ တရားအားထုတ်လိုတဲ့ အမေရိကန်တွေက ဒီလိုတိတ်ဆိတ် ကျယ်ဝန်းတဲ့နေရာကို သဘောကျကြပါသတဲ့။ IMS တရားဌာနမှာ တွေ့ရတဲ့ပန်းတွေက တထာဂတရိပ်သာမှာ တွေ့ရတဲ့ပန်းတွေထက် အလှတွေ ပိုနေကြပါတယ်။ ဒီတရားဌာနက တထာဂတရိပ်သာထက် များစွာပဲ သာလွန်ကြီးကျယ်ပါတယ်။ တစ်နှစ်လုံး တရားစခန်းရှိကြပါတယ်။ ဦးသုမနသိရီက IMS က မေတ္တာအဆောက်အဦးကို လိုက်ပြလို့ ကြည့်ရှုခဲ့ပါတယ်။ အလွန်ပဲကြီးကျယ်ပါပေတယ်။

http://www.dhammadownload.com

အဲဒီမေတ္တာအဆောက်အဦးကြီးထဲမှာ ယောဂီတွေနေရာ အခန်း၊ စားဖိုခန်း၊ ကွန်ပျူတာရုံးခန်း၊ အလုပ်သမားတွေ တရားထိုင်ရာ အခန်း၊ စက်လျှောက်ရာနေရာ၊ တရားထိုင်ရာနေရာ၊ တရားစစ်ရာ နေရာစတဲ့ နေရာတွေကို လိုက်ပြပါတယ်။ အဲဒီ IMS မှာ ယောဂီ ၁၀၀ ကျော် အမြဲရှိပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်းဆရာပေါင်းများစွာ တစ်လှည့်စီ လာရောက်ပြသပေးကြပါတယ်။ သာမဏေကျော် ပထမအခေါက် လာတုန်းကလည်း အဲဒီမေတ္တာအဆောက်အဦးကြီးကို ကြည့်ရှုခဲ့ဖူးပါသေးတယ်။ ဦးသုမနသိရီက ကဘေးဘဝငယ်ရွယ်စဉ်က ဒီမေတ္တာအဆောက်အဦးကြီးထဲမှာ ဗုဒ္ဓအဆုံးအမတွေကို သင်ယူလေ့လာ မှတ်သား ကျင့်သုံးခဲ့ရပါတယ်တဲ့။ လူငယ်ဗုဒ္ဓယဉ်ကျေးမှုသင်တန်းတွေလည်း အဲဒီမေတ္တာအဆောက်အဦးကြီးထဲမှာ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးပါတယ်တဲ့။

သန့်သက်ရေ

မောင်လှဝင်း...

၁၆၊ ၅၊ ၂၀၀၅ နေ့ အရဏ်ဆွမ်းမစားခင် ဆရာတော်ကြီး အခန်းထဲဝင်ပြီး ဝေယျာဝစ္စလုပ်ပေးစရာရှိတာလေးတွေကို လုပ်ပေးနေတုန်း ဦးသုမနသိရီက ဆွမ်းစားပင့်ဖို့ ရောက်လာပါတယ်။ မစာရဒသိန်ဂ ဆေးကပ်ဖို့ ရောက်လာပါတယ်။ ဆေးဘုဉ်းပေးရင်း ဆရာတော်ကြီးက အိမ်သာ (ဝစ္စကုဋ္ဌိ) ထဲ သန့်သက်ရေခတ်တဲ့ ပလပ်စတစ်ခွက်ငယ်လေး ရရင် ကောင်းမယ်လို့ မိန့်ပါတယ်။ ပလပ်စတစ်ပုံးကြီးထဲ ရေထည့်ပြီး ခတ်တဲ့ခွက်က ကြီးနေပါတယ်။ အနောက်တိုင်းက အိမ်သာထဲမှာ ကျင်ကြီးသန့်စင်ဖို့၊ ရေသုံးလေ့မရှိဘဲ စက္ကူကိုသာသုံးလေ့ရှိပါတယ်။ ဆရာတော်ကြီးက ရေကိုသာ သုံးလေ့ရှိပါတယ်။ မြန်မာနိုင်ငံက

http://www.dhammadownload.com

ဘုန်းကြီးကျောင်းတွေမှာလည်း ရေကိုသာသုံးလေ့ရှိပါတယ်။ ဆရာတော်ကြီးက စက္ကူသုံးရင် စအိုမှာပွန်းကာ အနာဖြစ်တတ်တာမို့ စက္ကူသုံးမှုကို ရှောင်ပါတယ်။ သာမဏေကျော်မှာလည်း အဲဒီလိုဖြစ်တတ်တာမို့ စက္ကူသုံးရမှာ ကြောက်ပါတယ်။ ဘုရားရှင်ကလည်း အိမ်သာမှာ သန့်သက်ရေ (ကျင်ကြီးသန့်စင်ရေ) ကိုသုံးဖို့ ခွင့်ပြုထားပါတယ်။ ဂျပန်နိုင်ငံ၊ လေယာဉ်ကွင်းက အိမ်သာထဲမှာ ခလုတ်လေး ၅ ခု နှိပ်ဖို့ သင်္ကေတ ၅ ခု ပြထားပါတယ်။ ပထမနဲ့ ဒုတိယ သင်္ကေတလေးကို နှိပ်လိုက်တော့ ရေပန်းထွက်လာကာ ကျင်ကြီးကို သန့်စင်ပေးပါတယ်။ ကိုယ်က အိမ်သာခွက်ပေါ် ထိုင်မြဲထိုင်နေရုံပါပဲ။ တတိယသင်္ကေတကို နှိပ်လိုက်တော့ လေပန်းထွက်လာပါတယ်။ စိုနေတဲ့ရေတွေကို ခြောက်သွေ့သွားအောင် လေနဲ့မှုတ်ထုတ်ပေးပါတယ်။ စတုတ္ထသင်္ကေတက ရပ်ဖို့ပြထားပါတယ်။ အဲဒီသင်္ကေတ နှိပ်လိုက်ရင် ရပ်သွားပါတယ်။ ပဉ္စမသင်္ကေတက ရေတွေ၊ ကျင်ကြီးတွေ စုပ်ယူဆင်းသွားအောင် လုပ်ရတဲ့သင်္ကေတ ဖြစ်ပါတယ်။ ကိုယ့်လက်နဲ့ ရေကို ကိုင်စရာ မလိုတော့ပါ။ စက္ကူလည်း သုံးဖို့မလိုတော့ပါ။

ဆရာတော်ကြီးက သန့်သက်ရေနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပါတယ်။

'မြန်မာနိုင်ငံက ရှေးက ရှင်ဘုရင်တစ်ဦး ရှိခဲ့တယ်။ ကုလားမတစ်ဦးကို မိဖုရားမြှောက်ထားတယ်။ မြန်မာရှင်ဘုရင်က အိမ်သာမှာ သန့်သက်ရေကို မသုံး၊ ကုလားမကတော့ သုံးပါတယ်။ ညအခါ ကုလားမ မိဖုရားက ရှင်ဘုရင်ကို သန့်သက်ရေမသုံးတဲ့အတွက် အနာကို အကပ်မခံ။ ဒါကြောင့် ရှင်ဘုရင်က ကုလားမမိဖုရားကို သတ်လိုက်တယ်။ အိန္ဒိယက ကုလားတွေက လာပြီး အဲဒီရှင်ဘုရင်ကို သတ်လိုက်တယ်။ ဒါကြောင့် အဲဒီရှင်ဘုရင်ကို 'ကုလားကျမင်း'လို့ ခေါ်ကြတယ်။ သန့်သက်ရေဟာ မြန်မာရာဇဝင်မှာ အဲဒီလောက် ပြဿနာတက်ခဲ့တယ်' တဲ့။

http://www.dhammadownload.com

သာမဏေကျော်တော့ ဆရာတော်ကြီးအမိန့်ရှိမှပဲ အဲဒီဇာတ်လမ်း
ကို ကြားဖူးပါတယ်။ မောင်လှဝင်းကော ကြားဖူးလား၊ တထာဂတ
ရှိပ်သာမှာတော့ ရေပိုက်တပ်ကာ ခလုတ်နှိပ်လိုက်ရင် ဒရပန်းထွက်တာ
ခလေး တပ်ဆင်ပေးလို့ အဆင်ပြေခဲ့ပါတယ်။ ပဏ္ဍိတာရာမမှာတော့
အဲဒီလိုအဆင်ပြေအောင် စီစဉ်ပေးထားပါတယ်။ စက္ကူသုံးတဲ့ ပြည်ပ
ဒယာဂီအတွက်လည်း စက္ကူလိပ် စီစဉ်ပေးပါတယ်။ သန့်သက်ရေ
ခပ်ယူဖို့ခွက်မရှိရင် သပိတ်ကိုတောင်သုံးဖို့ ဘုရားက ခွင့်ပြုတယ်လို့
ဆရာတော်ကြီးက မိန့်ပါသေးတယ်။

ကိုယ့်လို သူ့လိုပါပဲ

ခမောင်လှဝင်း...

IMS ကမ္မဋ္ဌာန်းဌာနက မေတ္တာအမည်ရှိ အဆောက်အဦးကြီး
ထဲ ဦးသုမနသိရိုက လိုက်ပြတဲ့အခါ ကမ္ဘာ့မြေပုံကို တွေ့ရလို့ ပစိဖိတ်၊
အတ္တလန္တိတ်၊ အိန္ဒိယ၊ အာတိတ်ဆိုတဲ့ သမုဒ္ဒရာကြီး ၄ စင်းကို မြေပုံ
မှာ ထောက်ပြပါတယ်။ ပင်လယ်ဆိုတဲ့ နေရာတွေတော့ များပါတယ်။
ပင်လယ်နဲ့သမုဒ္ဒရာရဲ့ ခြားနားပုံကို ကမ္ဘာ့မြေပုံမှာကြည့်ရင် ထင်ထင်
ကျားရှား မြင်တွေ့ရပါတယ်။ ပြီးတော့ ဦးသုမနသိရိုက ကလေးငယ်
၃၀ လောက်ရဲ့ ဓာတ်ပုံတွေကို တစ်ပုံစီခွဲကာ စုပေါင်းချိတ်ဆွဲထားတာကို
ပြပါတယ်။ ကလေးငယ်ဓာတ်ပုံတိုင်းရဲ့အောက်မှာ နာမည်လေးတွေ
ခရေးထားပါတယ်။ ၃ နှစ် ၄ နှစ်အရွယ် ယောကျ်ားငယ်လေးတစ်ယောက်
ရဲ့ ဓာတ်ပုံအောက်က နာမည်စာလုံးကို သူ့လက်နဲ့ဖုံးကွယ်ကာ 'အဲဒီ
ကလေးက ဘယ်သူလဲ'လို့ မေးပါတယ်။ သာမဏေကျော်က ဘယ်သူ
ဖြစ်မလဲလို့ စဉ်းစားကာ အဖြေရှာပါတယ်။ ရှာမရပါ။ ဦးသုမနသိရိုက

http://www.dhammadownload.com

ဂျိုးဆက်ဂိုးစတိန်းလို့ ပြောပါတယ်။ 'သြော်၊ ဂျိုးဆက်ဂိုးစတိန်းကိုး'လို့ အံ့အားသင့်သွားမိပါတယ်။ ဂျိုးဆက်ရဲ့ကလေးငယ်ပုံက အခုထက်ပိုလှပါတယ်။ သာမဏေကျော် သိထားတဲ့ အခြားကမ္ဘာန်းဆရာတွေရဲ့ ကလေးငယ်ပုံတွေကိုလည်း ပြကာ ဦးသုမနသိရီက မေးပါသေးတယ်။ တစ်ယောက်ယောက်ရဲ့နာမည်ကိုတောင် ဖော်မပြောနိုင်ပါ။ အဲဒီ IMS တရားဌာနမှာ လာရောက်တရားပြပေးကြတဲ့ အမေရိကန် လူဝတ်ကြောင် အမျိုးသား၊ အမျိုးသမီး ကမ္ဘာန်းဆရာတွေရဲ့ ကလေးငယ်ငယ်လေးပုံတွေကို တစ်ပုံစီခွဲကာ စုပေါင်းချိတ်ထားပါတယ်။

ယခုလက်ရှိ အနေအထားရောက်နေတဲ့ ဓာတ်ပုံတွေကို ငယ်စဉ်က ပုံနဲ့ ယှဉ်တွဲချိတ်ပြထားရင်ကော့ ဇရာရဲ့သဘောကို ထင်ထင်ရှားရှား မြင်တွေ့ရကာ သံဝေဂယူနိုင်ကြပါမယ်။ မြန်မာနိုင်ငံက ပရိယတ်၊ ပဋိပတ် အကျော်အမော်ဆရာတော်ကြီးတွေရဲ့ ကလေးဘဝငယ်ရွယ်စဉ်က ပုံတွေနဲ့ ဆရာတော်ကြီးဘဝက ဓာတ်ပုံတွေကို ရှာဖွေစုဆောင်းပြီး စုပေါင်းချိတ်ပြထားရင်လည်း စိတ်ဝင်စားဖွယ်၊ သံဝေဂယူဖွယ် ဖြစ်ပါမယ်။ အဲဒီလို ရှာဖွေစုဆောင်း ဖော်ပြထုတ်ဖော်ပေးရင် ကြည်ညိုပူဇော်လိုကြတဲ့ ဒကာ ဒကာမတွေအဖို့ အထူးပဲ ဝမ်းသာဖွယ်ဖြစ်ပါလိမ်မယ်။ တစ်ပါးမှာ ငယ်တစ်ပုံ၊ ကြီးတစ်ပုံအားဖြင့် ၂ ပုံကျနဲ့ အပါး ၁၀၀ ဆိုရင် ဓာတ်ပုံ ၂၀၀ ဖြစ်ပါလိမ့်မယ်။ အဲဒီဓာတ်ပုံတွေကို အယ်လ်ဘန်မှာထည့်ပြီး ရောင်းရင် ဝယ်ယူပူဇော်လိုသူတွေကို များစွာပဲ ရှိပါလိမ့်မယ်။ မြန်မာနိုင်ငံက သာသနာ့ခေါင်းဆောင်တွေရဲ့ ပုံတွေကို ဖော်ပြသလို ကမ္ဘာအရပ်ရပ်က ကမ္ဘာ့ခေါင်းဆောင်အသီးသီးရဲ့ ငယ်ဓာတ်ပုံနဲ့ ကြီးဓာတ်ပုံကို ယှဉ်တွဲဖော်ပြမယ်ဆိုရင်လည်း အထူးစိတ်ဝင်စားဖွယ် ဖြစ်လာပါလိမ့်မယ်။ အဲဒီကလေးငယ်ပုံလေးတွေကို ပြန်မြင်ယောင်ရင်း အတွေးပေါ်လာမိပါတယ်။

'သြော်... လူဆိုတာ ငယ်ရွယ်စဉ် ဘာမှမသိတတ်ခင်ကတော့

http://www.dhammadownload.com

ကိုယ့်လိုသူ့လိုပါပဲ။ လူရဲ့ ကံ၊ ဉာဏ်၊ ဝီရိယအပေါ်မူတည်ပြီး ထင်ပေါ်ကျော်ကြားမှု၊ အောင်မြင်မှု၊ ကြီးကျယ်မှုတွေဟာ ဖြစ်ပေါ်လာကြရပါတကား။

ဖွင့်ပွဲ

မောင်လှဝင်း...

FR (Forest Refuge) ကမ္ဘာ့ဌာန်းရိပ်သာမှာ ဖွင့်ပွဲကို ၁၆၊ ၅၊ ၂၀၀၅ နေ့ နေ့လယ်တစ်နာရီမှာ ဖွင့်ပါတယ်။ ဒကာမတစ်ဦးက ဆရာတော်ကြီးရယ်၊ သာမဏေကျော်ရယ်၊ ဦးဝိဝေကာနန္ဒရယ်၊ ဦးသုမနသိရိရယ်၊ မစာရဒဿိနီရယ်၊ မဝဒိရဉာဏီရယ် အဲဒီပုဂ္ဂိုလ်တွေရဲ့အကြောင်းအရာ အကျဉ်းချုပ်ကို ပြောသွားပါတယ်။ ဆရာတော်ကြီးက ဒုက္ခကို ရှုမှန်းရင် ဒုက္ခရဲ့အကြောင်းဖြစ်တဲ့ ကိလေသာ ၃ မျိုးကို သီလ၊ သမာဓိ၊ ပညာ အကျင့် ၃ မျိုးနဲ့ ပယ်ရမှာဖြစ်ကြောင်း၊ သီလအကိုင်းအခက်ကျိုးပဲ့ရင် သမာဓိ၊ ပညာ အသီးအပွင့် မသီးပွင့်နိုင်ကြောင်း၊ သီလပါးစပ်မရှိရင်၊ ရှိပေမယ့် ဒဏ်ရာရနေရင် သမာဓိ၊ ပညာအစားအစာတွေ မဝင်နိုင်ကြောင်း၊ သီလအခြေခံပြီးလုပ်မှ သမာဓိ၊ ပညာဖြစ်နိုင်ကြောင်း၊ သမာဓိ၊ ပညာ မြန်မြန်ဖြစ်ဖွားလိုက ၈ ပါးသီလ ဆောက်တည်ရမှာ ဖြစ်ကြောင်းတို့ကို မိန့်ပါတယ်။ သီလ၊ သမာဓိ၊ ပညာကျင့်နည်းတွေကို ပေးတော်မူတဲ့ ဘုရားရှင်ကို ဦးတိုက်လိုက နမောတဿနဲ့ ရှိခိုးဖို့လိုကြောင်း၊ ရတနာသုံးပါးကို ဆည်းကပ်လိုက သရဏဂုံသုံးပါးကို ဆိုဖို့လိုကြောင်း၊ ကိုယ့်သဘောအတိုင်း ပြုလုပ်နိုင်ကြောင်းကိုလည်း မိန့်ပါသေးတယ်။

ယောဂီတွေက နမောတဿ၊ သရဏဂုံသုံးပါး၊ ရှစ်ပါးသီလတို့

http://www.dhammadownload.com

ကို သူတို့ဘာသာဆိုသွားကြပါတယ်။ ဆရာတော်ကြီးက ကိုယ့်သဘော အတိုင်း ပြုလုပ်ကြပါလို့ မိန့်လို့ အားလုံးပဲဆိုကြပါတယ်။ သူတို့ဆီမှာ ကြိုတင်ပေးထားတဲ့ စာရွက်တွေ ရှိနေပါတယ်။ အဲဒီစာရွက်တွေမှာ ပါပြီးဖြစ်နေလို့ သူတို့ဘက်က ဆိုဖို့အဆင်သင့်ဖြစ်နေကြပါတယ်။ သူများခိုင်းလို့ လုပ်ရတာထက် သူတို့သဘောအတိုင်း လုပ်ရတာကို အနောက်တိုင်းက လူတွေက သဘောကျကြပါသတဲ့။ အနောက်တိုင်း သားရဲ့အနေအထားကို သဘောပေါက်ထားတဲ့ ဆရာတော်ကြီးက သူတို့ ဆန္ဒ၊ သူတို့ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်စေတာဖြစ်ပါတယ်။

နေ့လယ် ၃ နာရီမှာ မဟာစည်ဆရာတော်ကြီးရဲ့ အလုပ်ပေး တရားတိပ်ခွေကို ယောဂီတွေ နာယူကြရပါတယ်။ နောက်နေ့ နံနက် ပိုင်း ၈ နာရီအချိန်မှာ တရားအတွေ့အကြုံ လျှောက်ထားပုံပြ လမ်း ခင်းစကားတွေကို နာကြားရပါမယ်။ အဲဒီလမ်းခင်းစကားစုတွေကို ပဏ္ဍိတာရာမဆရာတော်ကြီးက ဟောပြထားတာဖြစ်ပါတယ်။ အဲဒီ စကားတွေကို အင်္ဂလိပ်လို ဘာသာပြန်ပြီး အသံသွင်းထားပါတယ်။ အဲဒီတိပ်ခွေကိုလည်း ဖွင့်ပြပါမယ်။ ဦးဝိဝေကာနန္ဒက ထိုင်မှတ်ပုံ၊ စင်္ကြံလျှောက်မှတ်ပုံတွေကို ကိုယ်တိုင်လုပ်ပြကာ ယောဂီတွေကို သင်ပြ ပေးပါမယ်။ 'အရင်တစ်ခေါက်ကလိုပဲ တပည့်တော်တို့ပါ ယောဂီတွေ နဲ့အတူ တရားတစ်ကြိမ်ဝင်ထိုင်ကြပါမယ်'လို့ ပြောပါသေးတယ်။ တရားပြပေးတဲ့ ဆရာကိုယ်တိုင် ယောဂီတွေနဲ့အတူ ထိုင်မှတ်ရင် ယောဂီတွေမှာ စိတ်အားရှိကြပါတယ်တဲ့။ အရင်တစ်ခေါက်ကလိုပဲ သာမဏေကျော်က နေ့လယ် တစ်နာရီမှာ ဓမ္မာရုံမှာ ယောဂီတွေနဲ့အတူ သွားမှတ်ဖို့ စိတ်ကူးထားပါတယ်။

http://www.dhammadownload.com

လမ်းပေါ်က မိန်းကလေး

မောင်လှဝင်း...

ဒီနေ့ ၁၆၊ ၅၊ ၂၀၀၅ ညနေ ၈ နာရီကျော်လောက် နေရောင်မပျောက်သေးလို့ ဦးဝိဝေကာနန္ဒ (ဂျာမန်) နဲ့အတူ လမ်းလျှောက်ထွက်ခဲ့တယ်။ ပြန်အလာ ကားလမ်းပေါ်တစ်နေရာမှာ ကားတစ်စီးက သာမဏေကျော်တို့အနီးမှာ ထိုးရပ်လာတယ်။ လရောင်ကြောင့် အလင်းရောင်ရှိပါတယ်။ ကလေးမင်းတစ်ယောက် ကားထဲကထွက်လာပါတယ်။ 'သင်တို့က ဘယ်ကလဲ၊ ဘာလုပ်ကြတာလဲ'လို့ မေးပါတယ်။ ဦးဝိဝေကာနန္ဒက ဖြေပါတယ်။ အဲဒီကလေးမက အသက် ၁၇ နှစ်ပဲ ရှိပါသေးတယ်။ ရုပ်ကလေးကလည်း လှပါတယ်။ စကားပြောလည်း အရမ်းကိုသွက်လက်ပါတယ်။ သူမမှာ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ရှိပါတယ်။ သူ့ဦးလေးသေသွားလို့ သူ့ဦးလေးထံက လက်ဆောင်ရထားတာပါတဲ့။ ဝယ်လို့ရတယ်ဆိုရင် ကံမကောင်းဘူးလို့ ယူဆပါတယ်တဲ့။ အခုတော့ လက်ဆောင်ရတာမို့ ကံကောင်းတယ်လို့ ယူဆပါတယ်။ အဲဒါမှန်ပါသလားလို့ မေးလာပါတယ်။ အဲဒီမိန်းကလေးက ဘာသာအားလုံးနဲ့ ပတ်သက်ပြီး လေ့လာစူးစမ်းလိုပါတယ်တဲ့။ ကံကောင်းတဲ့ မိန်းကလေး၊ ကံထူးတဲ့မိန်းကလေးလို့ပဲ ယူဆရမှာဖြစ်ပါတယ်။

'ကောင်းတဲ့အလုပ် လုပ်၊ ကောင်းတဲ့စကား ပြော၊ ကောင်းတဲ့စိတ်ထား အဲဒါဆိုရင် ကံကောင်းတာပါပဲ။ အခုရုပ်ပွားကိုသာ တွေ့နေရတာပါ၊ ဗုဒ္ဓအစစ်ကိုတွေ့ချင်ရင် တရားရှုမှတ်ပါ'

သာမဏေကျော်က အဲဒီလိုပြောပြီး ဦးဝိဝေကာနန္ဒကို တရားရှုမှတ်နည်းပြောပြဖို့ တိုက်တွန်းလိုက်ပါတယ်။ ဦးဝိဝေကာနန္ဒက ပြောပြပါတယ်။ တရားလာအားထုတ်ဖို့လည်း ဖိတ်ခေါ်ပါတယ်။ IMS မှာ တရားသွားအားထုတ်ဖို့လည်း တိုက်တွန်းလိုက်ပါတယ်။ ဦးဝိဝေကာနန္ဒ

http://www.dhammadownload.com

နဲ့ စကားအတော်လေးပြောပါတယ်။ ဦးဝိဝေကာနန္ဒက နောက်ဆုံးမှာ 'သတိဟာ နေရာတကာမှာ အကူအညီပေးတယ်'လို့ ပြောလိုက်ပါတယ်။ သာမဏေကျော်ကတော့ 'ကံကောင်းပါစေ'လို့ ပြောလိုက်ပါတယ်။ ကလေးမက အလွန်ပဝမ်းသာစွာ ကျေးဇူးတင်စကား ဆိုသွားပါတယ်။ ဦးသုမနသိရီနဲ့သာ တွေ့သွားရင် သူတို့အမေရိကန်ချင်းမို့ ပိုကောင်းပါလိမ့်မယ်။ မမ္ပေါ်လင့်တဲ့နေရာမှာ မမ္ပေါ်လင့်တဲ့လူငယ်တစ်ယောက်နဲ့ မမ္ပေါ်လင့်ဘဲတွေ့ရပြီး မမ္ပေါ်လင့်မိတဲ့စကားတွေကို ကြားရပါတယ်။ မမ္ပေါ်လင့်မိတဲ့စကားတွေကို ပြောခဲ့ရပါတယ်။ လောကမှာ မ္ပေါ်လင့်မထားတာတွေကိုလည်း တွေ့ကြုံဆုံစည်းရတတ်ပါကလား။ ဦးဝိဝေကာနန္ဒ တိုက်တွန်းသလို နေရာတကာမှာ အကူအညီပေးတဲ့သတိကို နေရာတကာမှာ အသုံးချနိုင်ရင် ကလေးမလေးဟာ ပိုမိုကံကောင်းတဲ့ မိန်းကလေးဖြစ်လာမှာ သေချာပါတယ်။ ကံကောင်းပါစေလို့ သာမဏေကျော် ပြောလိုက်တာဟာ သတိကို နေရာတကာမှာ အသုံးချနိုင်ပါစေလို့ ရည်ရွယ်ပါတယ်။ သတိဆိုတာ နေရာတကာမှာ လိုအပ်တယ်လို့ ဗုဒ္ဓက ဟောထားတယ်မဟုတ်ပါလား။

ခွဲခြားမှု

မောင်လှဝင်း...

အနောက်တိုင်းယဉ်ကျေးမှု အနောက်တိုင်းဓလေ့ထုံးစံနဲ့ အရှေ့တိုင်းယဉ်ကျေးမှု အရှေ့တိုင်းဓလေ့ထုံးစံတွေဟာ မတူတာတွေရှိတော့ အနောက်တိုင်းသားနဲ့ အရှေ့တိုင်းသားတို့ ဆက်ဆံတဲ့အခါ အဆင်မပြေတာလေးတွေ ရှိတတ်ပါတယ်။ ဒါကြောင့် အနောက်တိုင်းသားနဲ့ အရှေ့တိုင်းသူ၊ အနောက်တိုင်းသူနဲ့ အရှေ့တိုင်းသားတွေဟာ ဇနီးမောင်နှံ

http://www.dhammadownload.com

အဖြစ် ပေါင်းဖက်နေထိုင်ကြတဲ့အခါ သည်းမခံနိုင်တော့ အဆင်မပြေ တာတွေ ရှိလာပြီး လမ်းခွဲကာ လက်တွဲဖြုတ်သွားတာတွေကို ကြားလည်း ကြားရပါတယ်။ မြင်လည်း မြင်တွေ့ရပါတယ်။ တစ်ဦးအပေါ် တစ်ဦး နားလည်ခွင့်လွှတ်ပြီး သည်းခံကာ ချစ်ခင်ကြင်နာစွာနဲ့ ရွှေ့လက်တွဲနေကြတာတွေလည်း ရှိတော့ရှိကြပါတယ်။ အမေရိကမှာ မြန်မာတွေကလည်း မြန်မာအချင်းချင်းသာ ခင်မင်ရင်းနှီးကာ စုပေါင်းတတ်ကြပါတယ်တဲ့။ ဗီယက်နမ်၊ တရုတ်စတဲ့ အရှေ့တိုင်းသားတွေကလည်း အဲဒီလိုပါပဲတဲ့။ အမေရိကန်အဖြူတွေနဲ့ ခင်မင်ရင်းနှီးကာ အဖွဲ့ကျတဲ့ အရှေ့တိုင်းသားတွေက နည်းပါတယ်လို့ ပြောကြပါတယ်။ အမေရိကန်အဖြူပေါ့နဲ့ အမေရိကန်နိုင်ငံမှာဖွားပြီး အမေရိကန်စင်စစ်ဖြစ်ကြတဲ့ အသားမည်းသူနီဂရိုးတွေတောင် ရောနှောမှုနည်းပါးကြပါသတဲ့။ အသားအရောင် ခွဲခြားမှုက အမေရိကမှာ တည်ရှိနေပါသေးတယ်တဲ့။ ဒါကြောင့် အဲဒီလို အသားအရောင်ခွဲခြားမှု ပပျောက်အောင် ရည်ရွယ်ကာ ရုပ်ရှင်သရုပ်ဆောင်၊ ရုပ်မြင်သံကြား ကြော်ညာစသည်တွေမှာ အသားမည်းသူတွေကိုပါ အမြဲပါဝင်စေပုံရပါတယ်။

IMS ဌာနက တရားစခန်းများစွာထဲမှာ အသားအရောင်မည်းသူတွေအတွက် တရားစခန်းတစ်ခု သီးသန့်လုပ်ပေးထားတာ တွေ့ရပါတယ်။ People of color retreat လို့ အင်္ဂလိပ်လို သုံးနှုန်းထားပါတယ်။ အမေရိကန်အဖြူတွေအကြား အမည်းတစ်ယောက်တလေ လာရောက်တရားအားထုတ်တာ ရှိပါတယ်။ အဲဒီအခါ အနည်းစုဖြစ်တဲ့ အမည်းတွေမှာ အားငယ်စိတ်၊ သိမ်ငယ်စိတ်ဖြစ်တတ်ပါတယ်တဲ့။ ဝင်ဆုံဖို့ ရှုံ့နေတတ်ကြပါသတဲ့။ ဒါကြောင့် အဲဒီအခြေအနေကိုသိတဲ့ ကမ္မဋ္ဌာန်းဆရာတွေက အမည်းတွေအပေါ် ကြင်နာသနားကာ သီးသန့် တရားစခန်းလုပ်ပေးကြပါသတဲ့။ နယူးယောက်ဘက်မှာလည်း ရှိပါတယ်တဲ့။ ၎အသားအရောင်ခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှုတွေဟာ အမေရိက

http://www.dhammadownload.com

မှာလည်း ရှိနေသေးတာပဲ။ ဗုဒ္ဓကတော့ အသားအရောင်မခွဲခြား၊ လူမျိုးရေး မခွဲခြား၊ ဇာတ်မခွဲခြား၊ မိန်းမ၊ ယောကျ်ား မခွဲခြား၊ ဘယ်အသားအရောင်မဆို၊ ဘယ်လူမျိုးမဆို၊ ဘယ်ဇာတ်မဆို ယောကျ်ား မိန်းမမရွေး သီလ၊ သမာဓိ၊ ပညာအကျင့်ကိုကျင့်က အဆင့်အတန်းမြင့်သူအဖြစ် သတ်မှတ်တော်မူပါတယ်။ အကျင့်ကသာ အဓိကဖြစ်ပါတယ်။

ကျန်ရစ်

မောင်လှဝင်း...

မြန်မာပဲဖြစ်ဖြစ်၊ အမေရိကန်ပဲဖြစ်ဖြစ်၊ အရှေ့တိုင်းသားပဲဖြစ်ဖြစ်၊ အနောက်တိုင်းသားပဲဖြစ်ဖြစ်၊ ဗုဒ္ဓသာသနာဝင်ပဲဖြစ်ဖြစ်၊ အခြားဘာသာဝင်ပဲဖြစ်ဖြစ်၊ ဘာသာမဲ့သူပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ အခြားသတ္တဝါပဲဖြစ်ဖြစ်၊ သတ္တဝါတိုင်းဟာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှုကို မခံစားလိုကြပါ။ ခံစားလာရရင်လည်း အမြန်ဆုံး ကင်းကွာသွားကြစေလိုပါတယ်။ ကင်းကွာသွားအောင်လည်း နည်းမျိုးစုံနဲ့ ကြိုးစားကြပါတယ်။ ကြိုးစားလို့ ကိုယ့်အတိုင်းအတာနဲ့ကိုယ် ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုတွေကို ရရှိကြပါတယ်။ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုတွေကို ပေးနိုင်တဲ့ နည်းလမ်းတွေကို မြန်မာကွေလည်း ရှာဖွေနေကြပါတယ်။ အမေရိကန်တွေလည်း ရှာဖွေနေကြပါတယ်။ အရှေ့တိုင်းသားတွေလည်း ရှာဖွေနေကြပါတယ်။ အနောက်တိုင်းသားတွေလည်း ရှာဖွေနေကြပါတယ်။ ဗုဒ္ဓသာသနာဝင်တွေလည်း ရှာဖွေနေကြပါတယ်။ အခြားဘာသာဝင်တွေလည်း ရှာဖွေနေကြပါတယ်။ ဘာသာမဲ့သူတွေလည်း ရှာဖွေနေကြပါတယ်။ လူတွေလည်း ရှာဖွေနေကြပါတယ်။ အခြားသတ္တဝါတွေလည်း ရှာဖွေနေကြပါတယ်။

http://www.dhammadownload.com

အခု FR တရားစခန်းမှာ လာရောက်အားထုတ်ကြတဲ့ အမေရိကန်စတဲ့ အနောက်တိုင်းသား ယောဂီ ၃၅ ယောက်ဟာ ချမ်းသာမှု၊ ငြိမ်းချမ်းမှုကို လိုလားကြလို့ လာကြသူတွေချည်းပါပဲ။ သူတို့လိုလားတဲ့ ချမ်းသာကို မပေးနိုင်ဘူးလို့ ယုံကြည်ရင် ဒီတရားစခန်းကို တစ်ယောက်မှ လာကြမယ်မဟုတ်ပါ။ အဆင့်မြင့်ချမ်းသာကို လွယ်လွယ်ကူကူနဲ့တော့ ရရိုးမရှိပါ။ တန်ဖိုးကြီးတဲ့အရာကို ပိုက်ဆံအနည်းငယ်နဲ့ ဝယ်လို့ ရရိုးမရှိပါ။ နံနက် ၅ နာရီမှ ည ၁၀ နာရီအထိ ထိုင်မှတ်၊ စင်္ကြံလျှောက်မှတ်၊ ကျန်တဲ့အမူအရာတွေလည်း မှတ်နဲ့ ရှုမှတ်မှုဆက်စပ်အောင် ကြိုးစားကြရပါတယ်။ ရှေ့သတိနဲ့ နောက်သတိ၊ ရှေ့သမာဓိနဲ့ နောက်သမာဓိ ဆက်စပ်နေအောင် ကြိုးစားနိုင်မှ ဝိပဿနာဉာဏ်အလင်းက ပွင့်ပေါ်လာပါတယ်။ ဝိပဿနာဉာဏ်အလင်းက တစ်ဆင့်ပြီး တစ်ဆင့် တိုးတိုးပြီး ပွင့်ပွင့်လာလေလေ စိတ်ချမ်းသာရမှုကလည်း တိုးတိုးလာလေပါပဲ။

ဝိပဿနာဉာဏ်အလင်း ပြည့်ပြည့်စုံစုံ ထွန်းပလာရင် အဆင့်အမြင့်ဆုံး ချမ်းသာကို ရရှိခံစားသွားရတော့တာပါပဲ။ အဲဒီအဆင့်အမြင့်ဆုံး ချမ်းသာဟာ လက်လှမ်းမမီတဲ့ချမ်းသာတော့ မဟုတ်ပါ။ မှန်ကန်ပြည့်စုံတဲ့နည်းလမ်းနဲ့ ကြိုးစားသူတွေအဖို့ လက်တစ်ကမ်းမှာပဲ ရှိပါတယ်။ အဲဒီအဆင့်အမြင့်ဆုံးချမ်းသာကို ရှေးက မရေမတွက်နိုင်အောင်သော ပုဂ္ဂိုလ်တွေ ရရှိသွားကြပါတယ်။ ရရှိသွားတဲ့ပုဂ္ဂိုလ်တွေထဲမှာ ယောဂျီးတွေလည်း ပါတယ်၊ မိန်းမတွေလည်းပါတယ်၊ လူငယ်တွေလည်းပါတယ်၊ လူကြီးတွေလည်း ပါတယ်၊ ဆင်းရဲသားတွေလည်း ပါတယ်၊ လူချမ်းသာလည်းပါတယ်၊ အသားဖြူသူလည်း ပါတယ်၊ အသားမည်းသူလည်း ပါတယ်၊ လူလည်းပါတယ်၊ နတ်လည်းပါတယ်၊ ဗြဟ္မာလည်းပါတယ်။ အဲဒီပုဂ္ဂိုလ်တွေထဲမှာ မောင်လှဝင်း မပါသေးရင် ပါဝင်အောင် ကြိုးစားရဦးမယ်၊ ကျန်ရစ်ဖြစ်နေသေးရင် မကောင်းဘူး။

http://www.dhammadownload.com

ခွင့်လွှတ်ရမယ့်သူ

မောင်လှဝင်း...

ဘာ့ဇ်ရဲ့မိခင်ကြီးက အသက် ၉၈ နှစ်မို့ ဘာ့ဇ်ရဲ့ ကူညီဖေးမမှုနဲ့ သွားလာလှုပ်ရှားရပါတယ်။ တောင်ဝှေးထောက်ကာထောက်ကာနဲ့ သူ့ဘာသာလည်း သွားတော့သွားပါတယ်။ သူမက ဆရာတော်ကြီး ညနေ ၇ နာရီမှ ၈ နာရီအထိ ယောဂီတွေအား တရားဟောတဲ့အခါ အမျိုးသားတွေဘက်ရှိ သူ့သားကြီးအနီးတစ်နေရာမှာ ကုလားထိုင်ပေါ် ထိုင်ရင်း တရားနာလို့ ရ မရ သိလိုလို့ ဆရာတော်ကြီးအား ဘာ့ဇ်က လျှောက်ထားပါတယ်။ ဆရာတော်ကြီးက 'သူအို၊ ကလေး၊ အရူး ဒီ ၃ ဦးဟာ ခွင့်လွှတ်ရမယ့်ပုဂ္ဂိုလ်တွေပဲ'လို့ 'ထိုင်ပါ'လို့ ခွင့်ပြုပါတယ်။ ဘာ့ဇ်က သူ့မိခင်ကြီး အထိုင် အထ၊ အသွား အလာတွေမှာ ကူညီဖို့ ဖြစ်ပါတယ်။ 'ဘုန်းကြီးလည်း အသက် ၈၅ နှစ်ဆိုတော့ ခွင့်လွှတ်ရမယ့်ပုဂ္ဂိုလ်တွေထဲ ပါဝင်နေတယ်'လို့လည်း မိန့်ပါသေးတယ်။ ဧာရားထိုင်တဲ့နေရာမှာ အမျိုးသမီးပိုင်း၊ အမျိုးသားပိုင်းအားဖြင့် ၂ ပိုင်း ခွဲခြားထားပါတယ်။ အမျိုးသားပိုင်းမှာ ဒကာမကြီးက ထိုင်ရမှာမို့ ခွင့်တောင်းတာဖြစ်ပါတယ်။ 'လူအိုလည်း မဟုတ်၊ ကလေးလည်းမဟုတ်တဲ့ လူလတ်အရွယ်ကိုတော့ ခွင့်ပြုပါသလား'လို့ ဘာ့ဇ်က ထပ်မေးလို့ 'မကျန်းမာရင် ခွင့်ပြုပါတယ်'လို့ ဆရာတော်ကြီးက မိန့်ပါတယ်။

အမျိုးသမီး၊ အမျိုးသားတွေဟာ နေရာခွဲခြားသတ်မှတ်မထားဘဲ ရောရောနှောနှောထိုင်ရင် ပြဿနာတက်မှာစိုးရိမ်လို့ ဆရာတော်ကြီးက တစ်နေရာစီ ခွဲခြားပေးထားတာဖြစ်ပါတယ်။ သံလိုက်ဟာ ဖိုဓာတ်နဲ့ မဓာတ် နီးကပ်လာရင် ဆွဲငင်တယ်။ ဖိုဓာတ် ဖိုဓာတ်ချင်း၊ မဓာတ် မဓာတ်ချင်းဆိုရင်တော့ တွန်းကန်ပါတယ်။ မဆွဲငင်ပါ။ လျှပ်စစ်မှာ ဖိုဓာတ် မဓာတ်ပေါင်းစပ်လိုက်ရင် မီးပွင့်ကုန်ပါတယ်။ သတ္တဝါတွေမှာ

http://www.dhammadownload.com

လည်း ဖိုနဲ့.မ နီးကပ်ရင် မီးပွင့်တတ်ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးက သူ့.တရားစခန်းတွေမှာ တစ်တန်းစီခွဲကာ ရင်ပေါင်တန်း ထိုင်စေပါတယ်။ သူတို့.အနောက်တိုင်း အမျိုးသမီးတွေက အမျိုးသားတွေနဲ့. တန်းတူ အခွင့်အရေးရရမယ်၊ ရှိရမယ်လို့.ခံယူကြပါတယ်။ ဒါကြောင့် လိုင်းခွဲကာ ရင်ပေါင်တန်းထိုင်စေပါတယ်။ မြန်မာတွေက အမျိုးသားတွေကို အမျိုးသမီးတွေရဲ.ရှေ.မှာ ထိုင်တာကို အလိုရှိကြပါတယ်။ သူတို့.အနောက်တိုင်းမှာတော့ ကိုယ့်မြန်မာနိုင်ငံမှာလို ပြုလုပ်လို့.မရပါ။

သူတို့.ပြည်ပယောဂီတွေကို တရားဟောရင် မြန်မာနိုင်ငံမှာ အသံအနိမ့်အမြင့်နဲ့. ဟောလေ့ရှိတဲ့ ဓမ္မကထိကတွေလို ဟောလို့.မရပါ။ အသံကောင်းဟစ်နေဖို့ မလိုပါ။ အသံတို၊ အသံရှည်ပြုလုပ်စရာ မလိုပါ။ ရိုးရိုးစကားပြောတဲ့အတိုင်းပဲ နာယူသူတွေ နားလည်အောင် ပြောပြဖို့ပဲ လိုပါတယ်။ အင်္ဂလိပ်လိုတိုက်ရိုက်ဟောနိုင်သူဆိုရင်တော့ အသံထွက်မှန်ဖို့၊ ရှင်းဖို့ လေယူလေသိမ်းကောင်းဖို့ လိုပါလိမ့်မယ်။

ကြိုကြိုတင်တင်

မောင်လှဝင်း...

'ပွဲမဝင်ခင် ပြင်ကကျင်းပ'ဆိုတဲ့အတိုင်းပါပဲ ယောဂီတွေအားတရား ဟောမယ့် ဆရာတော်ကြီးရော၊ မြန်မာလို ပြောသွားတာကို အင်္ဂလိပ်လို ဘာသာပြန်ပေးမယ့် ဂျာမန်ရဟန်းတော် ဦးဝိဝေကာနန္ဒပါ တရားဟောချိန်မရောက်ခင် ကြိုတင်ပြင်ဆင်နေကြပါတယ်။ ဦးဝိဝေကာနန္ဒက 'ဒီနေ့ ဘာတရားဟောမှာပါလဲ ဘုရား'လို့ ဆရာတော်ကြီးကို မေးတယ်။ ဟောမယ့်တရားကို သိပြီးရင် အဲဒီတရားအတွက် မှတ်စုကို ဦးဝိဝေကာနန္ဒက ကြိုတင်ဖတ်ရတယ်။ ကူးယူသင့်တာကို ကူးယူထား

http://www.dhammadownload.com

ရတယ်။ အင်္ဂလိပ်လို ကြိုတင်ပြီး ဘာသာပြန်ထားနှင့်ရတယ်။ အင်္ဂလိပ် အဘိဓာန်ကို ကြည့်ရှုရတယ်။ မြန်မာလို မှတ်စုထဲက နားမလည်တာ ရှိရင် ဆရာတော်ကြီးကို မေးရတယ်။ ဆရာတော်ကြီးရော ဦးဝိဝေကာ နန္ဒပါ အဲဒီဟောမယ့်တရားထဲ စိတ်ဝင်စားမှု အပြည့်ရှိနေရတယ်။ ဆရာတော်ကြီးက ဟောမယ့်တရားအတွက် အချိန်ရှိသမျှ စာဖတ်နေတယ်။ ဝစ္ဆကုဋ္ဌိ (အိမ်သာ) ထဲ ဝင်ရင်တောင် မှတ်စုလေးယူသွားကာ ဖတ်ရှုနေတယ်။ ဆရာတော်ကြီးက ခုတင်ပေါ်၊ ကုလားထိုင်ပေါ် ထိုင်၊ ဦးဝိဝေကာနန္ဒက ကြမ်းအခင်းပေါ်ထိုင်ကာ မေးလိုက်၊ ဖြေလိုက်၊ ဆွေးနွေးလိုက် လုပ်နေတတ်ကြပါတယ်။ နှစ်ပါးလုံး ရပ်ပြီးတော့လည်း မေးလိုက်၊ ဖြေလိုက်၊ ဆွေးနွေးလိုက် လုပ်နေတတ်ကြပါသေးတယ်။ အချိန်အကြာကြီး ပြောဆိုနေကြတာလည်း ရှိပါတယ်။

တရားဟောပြီးလို့ ပြန်လာတဲ့အခါမှာလည်း ဆရာတော်ကြီးက ဟောပြီးခဲ့တဲ့တရားနဲ့ ပတ်သက်ပြီး ပြန်လည်ပြောကြားနေတတ်ပါသေးတယ်။ 'ဦးဝိဝေကာနန္ဒ ဘာသာပြန်ရတာ အဆင်ပြေရဲ့လား၊ ဘာသာပြန်ရတာ အဆင်ပြေရင် အဲဒီတရား ကောင်းတယ်'လို့ သတ်မှတ်ရတာပဲလို့ မိန့်တတ်ပါတယ်။ ဘာသာပြန်နေရင်း မရှင်းလင်းတာရှိရင်လည်း ဦးဝိဝေကာနန္ဒက ပြန်မေးတတ်ပါတယ်။ ဆရတော်ကြီး ပြောတာကို ဘာသာပြန်ဖို့ မေ့ကျန်သွားတာရှိရင် ဆရာတော်ကြီးက သတိပေးတတ်ပါတယ်။ ပါဠိစကားအသုံးအနှုန်း မှားသွားရင်လည်း ပြင်ပေးတတ်ပါတယ်။ အင်္ဂလိပ်လို သေချာနားထောင်ပါတယ်။ နားလည်တာ မျှားပါတယ်။ တစ်ခါတစ်လေ အင်္ဂလိပ်စကားလုံး သုံးနှုန်းဟောလိုက်တာလည်း ရှိတတ်ပါတယ်။ အားလုံး ဘာသာပြန်ပြီးပြီထင်လို့ မပြီးခင် ဆက်ဟောတဲ့အခါလည်း တစ်ခါတစ်ရံ ရှိတတ်ပါတယ်။ အဲဒီအခါ ဦးဝိဝေကာနန္ဒက 'မပြီးသေးပါ ဘုရား'လို့ လျှောက်တတ်ပါတယ်။ နာယူရတာ တစ်နာရီကြာသာ နာယူရပေမယ့် ဟောတဲ့ပုဂ္ဂိုလ်နဲ့ ဘာသာပြန်တဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com

ကတော့ နာရီများစွာ လေ့လာပြင်ဆင်ခဲ့ရပါတယ်။ ဘယ်အလုပ်ပဲဖြစ်ဖြစ် အလုပ်ကို လေးလေးစားစား ကြိုးကြိုးတင်တင်နဲ့ ပြုလုပ်လေ့ရှိတာဟာ အင်မတန်အကျိုးများလှပါတယ်။ အလုပ်ကို အဲဒီလို လေးလေးစားစား ကြိုးကြိုးတင်တင် ပြုလုပ်တဲ့ပုဂ္ဂိုလ်တိုင်းဟာ အောင်မြင်မှုရရှိတာပါပဲ။ အောင်မြင်လိုသူတိုင်း အတုယူသင့်ကြပါတယ်။

ပထမဆုံး တရားပွဲ

မောင်လှဝင်း...

ဒီနေ့ ၁၇၊ ၅၊ ၂၀၀၅ ညနေ ၇ နာရီမှာ ယောဂီတွေအား တရားစဟောပါတယ်။ တထာဂတရိပ်သာမှာတုန်းက သရဏာဂုံ၊ သီလ တောင်းတဲ့ အဟံ ဘန္တေ တိသရဏာန သဟ စသည်ကို ဆိုခဲ့ကြပါတယ်။ ဒီ FR တရားဌာနမှာတော့ မဆိုကြပါ။ နမော တဿကစပြီး သရဏာဂုံ သီလတွေကို သူတို့ဘာသာပဲ ဆောက်တည်သွားကြပါတယ်။ ကမ္မာ ပါဠိအသံနဲ့ ညီညီညာညာ ဆိုသွားကြတာဟာ သာယာနာပျော်ဖွယ်ရှိလှ ပါတယ်။ ရှေးဟောင်းပစ္စည်းကို အလွန်နှစ်ခြိုက်တတ်တဲ့ အမေရိကန် တွေအား နှစ်ပေါင်း မရေမတွက်နိုင်လောက်အောင် ရှေးကျလှတဲ့ သတိပဋ္ဌာန်တရားအကြောင်း ဟောမယ်လို့ ဆရာတော်ကြီးက မိန့်ကာ ရှုမှတ်ပုံ၊ ရှုမှတ်ရကျိုး၊ ရှုမှတ်ရာမှာ သံသယတွေ၊ ဘာကြောင့်လဲ၊ ဘယ်လိုလဲ၊ ဘာလဲဆိုတဲ့အတွေးတွေ မရှိကြဖို့ လိုအပ်ပုံ၊ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ အဖိုးအခကို ယောဂီတွေထံက ရလိုကြောင်း၊ Thank You ဆိုတဲ့စကားကိုတော့ မရလိုကြောင်းစသည်တွေကို မိန့်ကြားသွားပါ တယ်။

ယုံကြည် ကျန်းမာ၊ ဖြောင့်စွာ စိတ်ထား၊ ကြိုးစားတွင်တွင်၊

http://www.dhammadownload.com

ဖြစ်ပျက်မြင်၊ ငါးအင် မဂ်ရကြောင်းဆိုတဲ့ ယောဂီအဂ်ါ ၅ ပါးကိုလည်း မိန့်သွားပါတယ်။

ဖြစ်တိုင်း မှတ်ရှု၊ သတိပြု၊ စောင့်မှုအစဉ်ထား။

ရှုလျှင် ရှုလျှင်၊ ကိလေစင်၊

မရှုလျှင် မရှုလျှင် ကိလေဝင်။

အဲဒီလက်ဘလေးတွေကိုရွတ်ကာ ရှင်းပြသွားပါသေးတယ်။ ရှေးရှေးဘုရားရှင်များစွာ၊ ပစ္စေကဗုဒ္ဓါများစွာ၊ အရိယာများစွာတွေဟာ သတိပဋ္ဌာန်အကျင့်နဲ့ ဒုက္ခတွေကို လွန်မြောက်သွားခဲ့ကြကြောင်း၊ နောက်နောင်ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာတွေလည်း ဒီသတိပဋ္ဌာန်အကျင့်နဲ့လည်း ဒုက္ခကို လွန်မြောက်ကြမှာဖြစ်ကြောင်း၊ သတိပဋ္ဌာန်နဲ့ အသက်ရှင်ရသူတွေရဲ့ အသက်ရှင်ရမှုက ကောင်းတဲ့အသက်ရှင်ခြင်းဖြစ်ကြောင်းကိုလည်း မိန့်ပါသေးတယ်။

ဆရာတော်ကြီး ယောဂီတွေထံက အလိုရှိတဲ့ သဒ္ဓါအဖိုးအမ၊ ဆန္ဒအဖိုးအခ၊ ဝီရိယအဖိုးအခတွေကို ယောဂီတွေက ဘယ်လောက်ပေးနိုင်ကြမလဲဆိုတာကိုတော့ ဒီ ၆ ပတ်ဆိုတဲ့ တရားစခန်းကာလက အဖြေပေးသွားပါလိမ့်မယ်။ ယောဂီတွေက အဲဒီအဖိုးအခတွေကို ဆရာတော်ကြီးအား အများကြီးပေးနိုင်အောင် ကြိုးစားကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ရပါတယ်။ သဒ္ဓါမရှိရင် ဆန္ဒမရှိပါ။ ဆန္ဒမရှိရင် ဝီရိယမရှိပါ။ ဝီရိယမရှိရင် သတိ၊ သမာဓိ၊ ပညာတွေလည်း မရှိနိုင်ပါ။ သဒ္ဓါနည်းရင် ဆန္ဒနည်းပါတယ်။ ဆန္ဒနည်းရင် ဝီရိယနည်းပါမယ်။ ဝီရိယနည်းရင် တရားလာအားထုတ်ရကျိုး နပ်မှာမဟုတ်တော့ပါ။ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတွေ အားကောင်းရင် သတိ၊ သမာဓိ၊ ပညာတွေလည်း အားကောင်းလာကြမှာ သေချာပါတယ်။

http://www.dhammadownload.com

သူတို့သဘော၊ သူတို့အပြော

မောင်လှဝင်း...

FR တရားစခန်းမှာ နာမည်ကြီး ဝိပဿနာကမ္မဋ္ဌာန်းဆရာဖြစ်တဲ့ ဂျိုးဆက်ဂိုးစတိန်းလည်း တရားဝင်ရောက်အားထုတ်ရာ တရားအတွေ့အကြုံကို ကမ္မဋ္ဌာန်းဆရာထံ လျှောက်ထားရမှာဖြစ်ပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက FR တရားစခန်းကို ကြွရောက်တာဟာ နောက်ဆုံးအခေါက်ဖြစ်ပုံရပါတယ်။ သာမဏေကျော်က ဂျိုးဆက်ကို ဆရာတော်ကြီးထံမှာ နေ့စဉ်တရားလျှောက်ရင် ကောင်းမယ်ထင်တယ်လို့ ဦးသုမနသိရီကို ပြောပြပါတယ်။ ဂျိုးဆက်က တရားစဝင်သွားပြီမို့ မန်နေဂျာအမျိုးသမီးကတစ်ဆင့် ဂျိုးဆက်ကို ဦးသုမနသိရီက အကြံပေးပါတယ်။ ဂျိုးဆက်က အခြားယောဂီတွေလိုပဲ ကမ္မဋ္ဌာန်းဆရာအားလုံးထံ တစ်လှည့်စီ လျှောက်ပါမယ်လို့ ပြောပါတယ်တဲ့။ အဲဒီလို လျှောက်တာဟာ အသင့်တော်ဆုံးပဲလို့ ဂျိုးဆက်က ယူဆပါတယ်တဲ့။ အခွင့်အရေးကို ပိုမယူဘဲ တန်းတူပဲယူတာကို အမေရိကန်တွေက နှစ်ခြိုက်တယ်လို့ ဦးသုမနသိရီက ပြောပါတယ်။ သာမဏေကျော်ရဲ့ စေတနာဟာ အရာမရောက်ဖြစ်သွားပါတယ်။

ဦးဝိဝေကာနန္ဒထံမှာရော သာမဏေကျော်ထံမှာပါ ယောဂီ ၁၄ ယောက်စီပဲ ရှိပါတယ်။ ယောဂီတစ်ဦးမှာ ၁၀ မိနစ်ကျနဲ့ တရားအတွေ့အကြုံကို လျှောက်ထားဖို့ အချိန်ပေးပါတယ်။ သာမဏေကျော်က အချိန်အတိအကျ ပြီးသွားပါတယ်။ ဦးဝိဝေကာနန္ဒကတော့ အချိန်ပိုသွားပါတယ်။ နေ့ဆွမ်း ၁၁ နာရီမှာ စားရာဆွမ်းဝိုင်းမှာ ဆရာတော်ကြီးရောက်လာပြီး ဘုဉ်းပေးနေပေမယ့် ဦးဝိဝေကာနန္ဒ ရောက်မလာသေးပါ။ ဆရာတော်ကြီးက ၂ ခါလောက် ဦးဝိဝေကာနန္ဒ ရောက်မရောက်မေးပါသေးတယ်။ တစ်နာရီခွဲလောက်နဲ့ ပြီးအောင်စစ်ဖို့ ဆရာတော်

http://www.dhammadownload.com

ကြီးက ဦးဝိဝေကာနန္ဒကို မိန့်ပါတယ်။ 'မရဘူး ဘုရား'လို့ ဦးဝိဝေကာနန္ဒက ငြင်းပယ်ပါတယ်။ ဆွမ်းစားပြီး အောက်ထပ်ဆင်းသွားကာ ဦးသုမနသိရီကို 'ဦးဝိဝေကာနန္ဒက ဆရာတော်ကြီး ပြောတဲ့အတိုင်း လုပ်လိုက်ရင် ကောင်းမှာ'လို့ သာမဏေကျော်က ပြောလိုက်တော့ ဦးသုမနသိရီက 'အနောက်တိုင်းသားတွေက မဖြစ်နိုင်တာကို ဖြစ်အောင် မလုပ်ဘဲ ငြင်းပယ်ကာ ပြန်ပြောတတ်ကြပါတယ်'လို့ ပြောပါတယ်။ သာမဏေကျော်ရဲ့အပြောက သူတို့အနောက်တိုင်းသားတွေရဲ့ အနေအထားနဲ့ မလိုက်လျောဘဲ ဖြစ်နေပါတယ်။

ပြီးခဲ့တဲ့ဒုတိယအခေါက်တုန်းက ဦးသုမနသိရီနဲ့ပဲ လမ်းလျှောက်သွားခဲ့ရာ သာမဏေကျော်က စုပ်ပြီးသကြားလုံးအခွံကို တောလမ်းဘေးသစ်တောထဲ သစ်ရွက်၊ သစ်ခက်တွေအကြား ပစ်လိုက်ပါတယ်။ ဦးသုမနသိရီက 'ဒီနိုင်ငံမှာ ဒီလိုလုပ်လို့ မရဘူး'လို့ပြောကာ သူက အဲဒီအခွံကို ကောက်ယူခဲ့ပါတယ်။ ဒီတစ်ခေါက်မှာတော့ တထာဂတ ရိပ်သာကနေ ကားနဲ့သွားခဲ့ရတဲ့ ကားလမ်းဘေးတွေမှာ အမှိုက်တွေ၊ ဘူးခွံတွေ ပစ်ထားတာကို တွေ့ရပါတယ်။ ဒီတစ်ခါတော့ ဦးသုမနသိရီက ဒီလိုပြောပါတယ်။

'ဒီနိုင်ငံက သိပ်ကျယ်ဝန်းတာကိုး'တဲ့။

ပဟေဠိ

မောင်လှဝင်း...

ဦးသုမနသိရီက ညအခါ ဆရာတော်ကြီးကို ကောင်းကောင်းပဲ နှိပ်ပေးပါတယ်။ သူက ၂ ပတ်ခရီးထွက်မှာမို့ သူမရှိခိုက် ဆရာတော်ကြီးကို အခြားဒကာတွေ နှိပ်ပေးရအောင် သူမသွားခင် ၂ ညမှာ ကြို

http://www.dhammadownload.com

တင်ခေါ်လာပါတယ်။ ကူညီပြီးနှိပ်ခိုင်းပါတယ်။ ဆရာတော်ကြီးက ပဟေဠိ မြန်မာကဗျာလေးတွေကို ရွတ်ပြကာ ပဟေဠိစကားလုံးတွေရဲ့ အဖြေကို ရှာဖွေခိုင်းပါတယ်။ အဲဒီကဗျာလေးတွေကို ပြည်တွင်းပြည်ပ မြန်မာကလေးငယ်တွေကို လိုက်ဆိုခိုင်းလေ့ရှိပါတယ်။

* ၃ ပျောက်လို့ ၅ ကွာ ၆ ရွာနဲ့လွဲ၊
လူ့ပြည်မှာ မောင် (မယ်) ပျော်ရတယ်၊
၄ ဘုံက ဆွဲ။
* ၃ ကိုးလို့ ၅ ပါ၊ ၆ ရွာနဲ့ မြဲ၊
လူ့ပြည်မှာ မောင် (မယ်) ပျော်ရတယ်၊ ၄ ဘုံနဲ့ လွဲ။
* ၄ ကွာလို့ ၈ ကွာ၊ ချမ်းသာနဲ့လွဲ၊
ကာမမှာ မောင် (မယ်) ပျော်ရတယ်၊ ဆင်းရဲက ကဲ။
* ၄ ပွားလို့ ၈ လာ၊ ချမ်းသာနဲ့ မြဲ၊
ဓမ္မမှာ မောင် (မယ်) ပျော်ရတယ်၊ ဆင်းရဲနဲ့လွဲ။

ဦးသုမနသိရီက အင်္ဂလိပ်လို ပြန်ပေးပါတယ်။ အဲဒီအမေရိကန် ဒကာတွေက ၃၊ ၅၊ ၆၊ ၄၊ ၈ ထဲက ၅ နဲ့ ၈ ဂဏန်းတွေအရတော့ မှန်အောင် ပြောနိုင်ပါတယ်။ ၅ က ငါးပါးသီလ၊ ၈ က မဂ္ဂင်ရှစ်ပါး၊ ၃၊ ၄၊ ၆ ဂဏန်းတွေကိုတော့ မှန်အောင်မဖော်ထုတ်နိုင်ကြပါ။ ၃ က ရတနာသုံးပါး၊ ၄ က အပါယ်လေးပါးနဲ့ သတိပဋ္ဌာန်လေးပါး၊ ၆ က နတ်ပြည်ခြောက်ထပ်ပါပဲ။ အမေရိကန်တွေက အဲဒီပဟေဠိ ကဗျာလေးကို သဘောကျနေကြပါတယ်။ ဖြေပေးရင်း ရယ်မောနေ ကြပါတယ်။ ဆရာတော်ကြီးက ဦးသုမနသိရီကို အင်္ဂလိပ်ကဗျာလေး ဖြစ်အောင်ရေးပြီး သူ့အားပေးပါလို့ မိန့်နေပါသေးတယ်။ ပြည်ပယောဂီ တွေအား အဲဒီပဟေဠိကဗျာလေးကို အင်္ဂလိပ်လို ရွတ်ပြကာ တရားဟော ပေးလိုပုံ ရပါတယ်။ ဟောပေးရင် ယောဂီတွေက စိတ်ဝင်စားကာ ရယ်ရယ်မောမောနဲ့ သဘောကျနေကြမှာပါပဲ။ အဲဒီလိုကဗျာလေးတွေကို

http://www.dhammadownload.com

မိဘတွေက ကိုယ့်သားသမီးတွေအား သင်ပေးသင့်ကြပါတယ်။ ကလေးတွေကလည်း ဒီလိုကဗျာလေးတွေကို အထူးပဲစိတ်ဝင်စားတတ်ကြပါတယ်။

ဘာဝနာ ပီတိ

မောင်လှဝင်း...

ဦးသုမနသိရိက နှစ်ပတ်ခရီးထွက်သွားတုန်း သာမဏေကျော်တရားစစ်တဲ့အခါ အင်္ဂလိပ်လို ဘာသာပြန်ပေးဖို့ တထာဂတရိပ်သာကနေ မောင်လှမြင့် ရောက်လာပါတယ်။ ဦးဇဋ္ဌိလလည်းပါတယ်။ သူတို့နှစ်ဦးလုံး ဒီ FR တရားစခန်းမှာ အတွေ့အကြုံရအောင် ဆရာတော်ကြီးက လာစေချင်လို့ လာကြတာဖြစ်ပါတယ်။ ဦးဇဋ္ဌိလလည်း တရားကူညီစစ်ပေးပါတယ်။ သူတို့နှစ်ဦးရဲ့ ခရီးစရိတ်ကို စံထူးက လျှောပါတယ်။ တထာဂတရိပ်သာနဲ့ FR တရားဌာန၊ IMS တရားတို့ရဲ့ အခြေအနေချင်း ခြားနားပုံကို 'ကလေးနဲ့ လူကြီးလိုပဲ' လို့ သူတို့က ပြောကြပါတယ်။ တထာဂတရိပ်သာက ကလေးလေးလိုပဲဖြစ်သွားပါတယ်။ လုပ်ငန်းပိုင်းမှာရော ရုပ်ပစ္စည်းဝတ္ထုပိုင်းမှာပါ FR နဲ့ IMS ဌာနတို့က များစွာပဲ သာလွန်နေပါတယ်။ ပိုပြီးစည်းစနစ်ကျတယ်လို့လည်း သူတို့နှစ်ဦးက သုံးသပ်ကြပါတယ်။ IMS က ယောဂီ ၁၀၀ ကျော်လောက်အတွက် နေရာရှိပါတယ်။ FR ကတော့ ယောဂီ ၃၀ အတွက်ပဲ နေရာရှိပါတယ်။ IMS မှာ အလုပ်သမားဝန်ထမ်းပေါင်း ၄၀ ကျော်လောက် ရှိပါတယ်။ FR မှာ ကမ္မဋ္ဌာန်းဆရာတွေအတွက် သီးသန့်အဆောင်တွေ ၃ လုံး ၄ လုံး ရှိပါတယ်။

FR မှာ စာကြည့်တိုက်၊ ရုံးခန်း၊ ဆွမ်းစားကျောင်း၊ ချက်ဖို့ယောဂီဆောင်၊ ဓမ္မာရုံတွေကို တစ်ဆက်တည်းဖြစ်အောင် စောင်းတန်း

http://www.dhammadownload.com

တွေ ပြုလုပ်ထားပါတယ်။ အဆောက်အဦးတွေက သပ်ရပ်ပါတယ်။ သန့်ရှင်းပါတယ်။ အလွန်ပဲ ကောင်းမွန်ပါတယ်။ ဒေါ်လာ ၉ သန်း ကုန်ကျပါသတဲ့။ အလှူရှင်တစ်ဦးတည်းက လှူတာဖြစ်ပါသတဲ့။ တော်လှပါပေတယ်။ အဲဒီအလှူရှင် ဒကာမကြီးက တစ်နေ့မှာ တရား ၅ ကြိမ် ရှုမှတ်တယ်တဲ့။ အခြားပုဂ္ဂိုလ်တွေအားလည်း တရားရှုမှတ်နည်း ပြပေးပါတယ်။ တချို့ပုဂ္ဂိုလ်တွေက ဒါနဝါသနာအလွန်သန်ပြီး ဘာဝနာဘက်မှာ ဝါသနာအားနည်းနေတတ်ကြပါတယ်။ အဲဒီကျောင်းဒကာမကြီးတော့ ဒါနမှာရော၊ ဘာဝနာမှာပါ ထက်သန်တာမို့ တော်လှပါပေတယ်။ သူလှူထားတဲ့ ရိပ်သာထဲမှာ ယောဂီတွေ တရားရှုမှတ်နေတာကို တွေ့ရတော့ သူမမှာ အတိုင်းမသိ ပီတိတွေဖြစ်နေမှာ သေချာပါတယ်။

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ ပေ ၁၀၀၊ ပေ ၅၀ နှစ်ထပ်ကျောင်း ဆောက်လုပ်လှူဒါန်းတဲ့ ဦးခင်ဇော်တို့ စွန်ညီနောင် မိသားစုက ပဲခူးသာမဏေကျော်စာသင်တိုက်မှာလည်း ၃ ထပ်ကျောင်းကြီး၊ ရန်ကုန်သိမ်တော်ရာကျောင်းက ဆရာတော် ဦးဝါသေဌကျောင်းမှာလည်း ၃ ထပ်ကျောင်းကြီး၊ မော်လမြိုင် ရဲကျောင်းမှာလည်း ၃ ထပ်ထဲက တစ်ထပ်အလှူစတဲ့ အလှူပေါင်းများစွာကို လှူထားတာမို့ ဒါနဝါသနာ အလွန်သန်ပါပေတယ်။ အဲဒီအမေရိကန် သန်းကြွယ်ကျောင်းဒကာမကြီးလို ဘာဝနာကိုပါ ကြိုးစားနိုင်ရင် ဒါနပီတိကိုသာမက ဘာဝနာပီတိကိုပါ ခံစားနိုင်မှာ ဖြစ်ပါတယ်။ မဝေးတော့တဲ့ တစ်နေ့မှာ ဦးခင်ဇော်တို့ စွန်ညီနောင်မိသားစုဟာ ဘာဝနာပီတိကိုပါ ခံစားလာနိုင်မယ်လို့ မျှော်လင့်မိပါတယ်။

http://www.dhammadownload.com

ဂဏန်း ၃၃ လုံး

ညီ မောင်လှဝင်း

၁၈၊ ၅၊ ၂၀၀၅ နေ့က ညနေ ၈ နာရီကျော်မှာ ဦးဇင်ဦးလန့် မောင်လှမြင့်ဟာ FR တရားစခန်းဌာနကို ရောက်လာကြတယ်။ ၈ နာရီကျော်နေပေမယ့် နေမဝင်သေးပါ။ ည ၉ နာရီခွဲလောက် သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ ဖုန်းစရလာလို့ ဖုန်းဆက်လိုက်ပါတယ်။ ကဒ်နဲ့ဆက်လိုက်တာ ဖြစ်ပါတယ်။ မောင်လှမြင့်က ခေါ်ပေးပါတယ်။ မောင်လှဝင်းနဲ့ သံဃာတော်တွေက ဆွမ်းခံသွားကြပါပြီ။ အဲဒီမှာ နံနက် ၈ နာရီလောက် ဖြစ်ပါတယ်။ ဖုန်းကဒ်နဲ့ ပြောလို့ရတဲ့အချိန်က ၂၅ မိနစ် ရှိပါသတဲ့။ ၅ မိနစ်လောက်ပဲ မောင်အေးသိန်းနဲ့ ပြောလိုက်ရပါတယ်။ ၅ မိနစ်လောက်သာ ပြောလိုက်ရပေမယ့် ကျန်တဲ့ မိနစ် ၂၀ စာ မကျန်တော့ပါ။ ၈ မိနစ်စာပဲ အချိန်ကျန်ပါတော့တယ်။ တစ်ခါတည်း ဆက်တိုက်ပြောရင် ၂၅ မိနစ်ကြာသည်အထိ ပြောလို့ရပါတယ်တဲ့။ အဲဒီဖုန်းနဲ့ အဲဒီလိုဆက်ပြီးမှ ၂၅ မိနစ်ဆက်တိုက် ပြောလိုက်ရရင် ကောင်းမှာလို့ တွေးမိပါတယ်။ ၁၇ မိနစ်လောက် ရှုံးသွားပါတယ်။ ၁၉၊ ၅၊ ၂၀၀၅ ညရောက်တော့ သာမဏေကျော် မဟာဂန္ဓာရုံကို ဖုန်းထပ်ခေါ်ပါသေးတယ်။ မောင်လှမြင့်က ဖုန်းဂဏန်း ၃၃ လုံး နှိပ်နည်းကို ပြောပြပါတယ်။ ဒါကြောင့် ကိုယ်တိုင်ဆက်ကြည့်ပါသေးတယ်။ ပထမ ၁၁ လုံးကို နှိပ်ပြီးရင် ကိုယ်ဝယ်ထားတဲ့ဖုန်းကဒ်ကနံပါတ်ဂဏန်းကိုနှိပ်ဖို့ အင်္ဂလိပ်လို ပြောပါသေးတယ်။ အဲဒီအသံကို နားထောင်ပြီးမှ အဲဒီကဒ်က ဂဏန်း ၁၁ လုံးကို နှိပ်ရပါတယ်။ အဲဒီ ဒုတိယဂဏန်း ၁၁ လုံးကို နှိပ်ပြီးရင် 'ဒီဖုန်းကဒ်နံပါတ်ဂဏန်း တန်ဖိုးက ၅ ဒေါ်လာကျပါတယ်။ ကိုယ်ခေါ်မယ့်နေရာက ဖုန်းနံပါတ်ကို နှိပ်ပါ'လို့ အင်္ဂလိပ်လိုပြောတဲ့အသံကို နားထောင်ပြီးမှ ကိုယ်ခေါ်ချင်

http://www.dhammadownload.com

တဲ့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းက ဖုန်းနံပါတ်ရှေ့မှာ ၀၁ ၁၉၅၁ ဂဏန်းကိုနှိပ်ကာ ကျောင်းဖုန်းနံပါတ်ကို နှိပ်ရပါတယ်။ ရန်ကုန် သာမဏေကျော် မဟာဂန္ဓာရုံကျောင်းရဲ့ ဖုန်းနံပါတ်ဖြစ်တဲ့ ၇၀၉ဖ၈၀ ကို နှိပ်ရပါတယ်။ ခြင်းဖုန်းနံပါတ်မဟုတ်လား၊ အဲဒီဂဏန်း ၃၃ လုံး နှိပ်ပြီးရင် ၂၅ မိနစ်ပြောချိန်ရတယ်လို့ အင်္ဂလိပ်ပြောတဲ့အသံ ထွက်လာပါတယ်။ ကိုယ်ခေါ်တဲ့ဖုန်းက အသံအတော်ကြာမှ မြည်ပါ တယ်။ မောင်လှဝင်းတို့က ဘယ်သူမှ ဖုန်းလာမကိုင်ပါ၊ အတော်ကြာ အောင်မြည်ပြီး ကျသွားပါတယ်။ အင်တာနက်က ဖုန်းနဲ့ဆက်ရင်လည်း အဲဒီဖုန်းကဒ်ဝယ်ပြီး ဆက်လို့ရပါသတဲ့။ ဈေးပိုကြီးတယ်လို့ ပြောပါ တယ်။ ကိုယ်ပြောသလောက်ပဲ အချိန်ကုန်ပါတယ်။ ဂဏန်း ၃၃ လုံး နှိပ်စရာမလိုဘဲ ကလစ်တစ်ချက်လုပ်လိုက်တာနဲ့ပဲ ပြီးပါတယ်တဲ့။ အဲဒီ အင်တာနက်နဲ့ ဖုန်းမဆက်ဖူးသေးပါ။ မောင်လှမြင့်က တထာဂတရိပ်သာ ပြန်ရောက်ရင် အဲဒီဆက်နည်းကို ပြပါမယ်တဲ့။ အမေရိကမှာ သာမဏေ ကျော်ဟာ တကယ့်တောသားမှ တောသားပါပဲ။ စစ်ကိုင်းတိုင်း အရာ တော်မြို့နယ် စပါးတွင်းရွာသားဆိုတော့ တောသားပဲပေါ့။ မောင်လှဝင်း က ညီအစ်ကိုချင်း၊ တစ်ရွာတည်းသားချင်း ကြွားတယ်လို့များ ထင်သေး လား။

သနားကြပေါ့လေ

မောင်လှဝင်း

FR တရားဌာနမှာ ဆရာတော်ကြီးနဲ့ သာမဏေကျော်က အောက်ထပ်မှာ တစ်ခန်းစီ၊ ဦးဝိဝေကာနန္ဒက အထက်ထပ်မှာ တစ်ခန်း နေပါတယ်။ တစ်ဆောင်တည်းမှာပါပဲ။ ဦးဇဋ္ဌိလ၊ ဦးဘုမနသိရီ၊ မောင်လှမြင့်တို့က စာကြည့်တိုက်မှာ နေကြရပါတယ်။ ဆရာတော်

http://www.dhammadownload.com

ကြီးအတွက် အိပ်ရာကို ခုတင်နဲ့ ပြင်ဆင်ထားပါတယ်။ သာမဏေကျော်အခန်းမှာ တစ်ထွာလောက်မြင့်တဲ့ ခပ်အိအိအခင်းကြီး ခင်းထားပါတယ်။ စောင်လွှမ်းခြုံထားပါတယ်။ သာမဏေကျော်က အခင်းခင်းထားတယ်လို့ ပဲ ထင်လိုက်ပါတယ်။ ခြုံစရာစောင်မတွေ့လို့ 'ဦးသုမနသိရီ၊ စောင်က ဘယ်မှာလဲ'လို့ မေးလိုက်ပါတယ်။ 'ဒီအခင်းထဲမှာ စောင်ပါပါတယ်' လို့ပြောကာ ခေါင်းရင်းပိုင်းက စောင် ၂ ထပ် ထပ်ထားတာကို ဆွဲလှန်ပြပါတယ်။ အဲဒီအခါရောက်မှ တောသားသာမဏေကျော်ခမျာ သဘောပေါက်သွားရပါတယ်။ ဦးသုမနသိရီက ဦးဇဋ္ဌိလရဲ့ အတွေ့အကြုံကိုပါ ပြောပြပါသေးတယ်။ ဦးဇဋ္ဌိလကို ရောင်ဘရောင်နီတို့က တရားဟောပင့်လို့ ညအိပ် တရားဟောသွားပါသတဲ့။ ဦးဇဋ္ဌိလခမျာ သာမဏေကျော်အတွက် ခင်းထားသလို ပြင်ဆင်ထားတာကို နားမလည်လို့ စောင်မခြုံဘဲ အလွန်အေးချမ်းစွာနဲ့ သက်နိုးခြုံကာ ကွေးခဲ့ရပါသတဲ့။ အဖြစ်ဆိုးလှချေလား ဦးဇဋ္ဌိလရယ်။ သာမဏေကျော်မှာ အဖော်ရှိနေသေးတာပဲနော်။ အားငယ်စရာ မလိုလှပါဘူး။ ဦးဇဋ္ဌိလ FR တရားဌာနကို ရောက်လာတဲ့အခါ သူ့ကို အဲဒီအကြောင်း မေးကြည့်ပါတယ်။ သူက အဲဒီအတွေ့အကြုံကို ပြန်ပြောပြရင်း 'ရောင်ဘရောင်နီဟာ တရားဟောပင့်ပြီး လူမှုရေးအတော်ခေါင်းပါးတာပဲ'လို့ တွေးမိတဲ့အကြောင်း ပြောပြပါသေးတယ်။

မောင်လှမြင့်က 'ဟိုတယ်နဲ့ တည်းခိုခန်းတွေက အိပ်ရာတွေမှာ ကိုယ့်မြန်မာနိုင်ငံမှာတောင် ဒီလိုပြင်ဆင်ထားပါတယ်'လို့ ပြောပါတယ်။ ဟုတ်ပါတယ်။ သာမဏေကျော်လည်း ထိုင်းလေယာဉ်ကွင်းက တည်းခိုခန်းတွေမှာ အဲဒီလိုအနေအထားနဲ့ အိပ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း အဲဒီလိုအိပ်ဖူးပါတယ်။ ဦးဇဋ္ဌိလမှာ အဲဒီလိုအိပ်ခဲ့ဖူးပုံ မပေါ်ပါ။ သူ့ခမျာ တစ်ညလုံး အေးချမ်းပြီး နံနက်ပိုင်း ခြေထောက်နဲ့ကန်မိလိုက်မှ ခြုံစရာ စောင့်ရှိနေမှန်း သိသွားရပါတော့တယ်တဲ့။ စောင်**အောက်**မနေဘဲ စောင်

http://www.dhammadownload.com

ပေါ်မှာပဲ နေမိလို့ စောင်ကကူညီချင်ပါလျက် အကူအညီမခံရတဲ့ဘဝနဲ့ တစ်ညတာ အေးချမ်းဒဏ်ကို ခံခဲ့ရရှာပါတယ်။ စောင်တွေသာ စကား ပြောတတ်ရင် သာမဏောကျော်ကိုရော၊ ဦးဇဋ္ဌိလကိုပါ ပြောင်လှောင် ပြောဆိုနေကြလေမလား၊ ရောင်ဘရောင်နီသာ အဲဒီအခြေအနေကို သိခဲ့ ရင် ဦးဇဋ္ဌိလကို သနားနေရှာမှာပဲ။ ဦးသုမနသိရီကလည်း သာမဏော ကျော်ကို သနားများနေလေရော့သလား။ သနားချင်လည်း သနားကြ ပေါ့လေ။

ပါဠိနဲ့ အင်္ဂလိပ်

မောင်လှဝင်း...

ဒီနေ့ ၂၁၊ ၅၊ ၂၀၀၅ ဟာ စနေနေ့ဖြစ်တယ်။ နေသာတယ်၊ လမ်းလျှောက်သွားလို့ ကောင်းတယ်။ သာမဏောကျော်နေတဲ့အခန်းရဲ့ အရှေ့ဘက်မှာ ပြတင်းပေါက်ရှိတယ်။ အပြင်ဘက်မှာ ခြင်ဧကာ ရှိ တယ်။ အတွင်းဘက်မှာ မှန်တံခါးရှိတယ်။ အလင်းရောင်လိုရင် လိုက် ကာလေး ဖွင့်လိုက်ရတယ်။ ကျောင်းဆောင်ရဲ့အရှေ့ဘက်မှာ မြက်ခင်း ပြင်ရှိတယ်။ စိမ်းစိုနေလို့ ကော်ဇောစိမ်းကို ခင်းထားသလားထင်ရတယ်။ မြက်တွေကို စက်နဲ့ဖြတ်ထားလို့ ညီနေတယ်။ ချိုးငှက်စတဲ့ နာမည်သိ ငှက်တွေကိုရော၊ နာမည်မသိငှက်တွေကိုရော၊ ရှဉ့်အကြီးအသေးတွေကိုပါ ပြေးလွှားဟစ်အော်နေကြတာ မြင်တွေ့ကြားသိရပါတယ်။ ရွက်နုဝေနေ တဲ့ မေပဲပင်ကြီးတွေ၊ အုတ်ပင်ကြီးတွေ၊ ဝိုက်ပိုင်ပင်ကြီးတွေကို ကျော် ဖြတ်ပြီး တိမ်ဖြူတွေကိုရော၊ အပြာရောင်မိုးကောင်းကင်ကြီးကို မြင်တွေ့ ရပါသေးတယ်။ တိတ်ဆိတ်မှုကတော့ အပြည့်ရှိပါတယ်။ တိတ်ဆိတ်မှု ကိုရော၊ သစ်တောထိန်းသိမ်းရေးကိုပါ အလိုရှိလို့ ဧက ၁၀၀ ကျော်ရှိ

http://www.dhammadownload.com

နေရာကြီးကို ဝယ်ယူထားတာဖြစ်ပါတယ်တဲ့။ တိတ်ဆိတ်မှုဟာ ယောဂီတွေအတွက် အလွန်ပဲလိုအပ်လှပါတယ်။

သစ်တောကြီးထဲက သစ်ပင်ကြီးငယ်တွေဟာ အကိုင်းချင်းယှက်၊ အပင်ချင်းနီးကပ်လျက် ရှိပါတယ်။ သစ်တောကြီးထဲက သစ်ပင်တွေမှာ သတိပေးဆိုင်းဘုတ်လေးတွေ ရေးကပ်ထားကြပါတယ်။ သားကောင်တွေ ငှက်တွေကို မသတ်ရ၊ သေနတ်နဲ့ မပစ်ရ၊ ရေကန်တွေမှာ ငါးမဖမ်းရ၊ မမျှားရလို့ ရေးထားပါတယ်။ သစ်ကိုင်းကြီးတွေ ကျိုးကျနေပေမယ့် အဲဒီသစ်တုံး၊ သစ်သားတွေကို အဲဒီအတိုင်းပဲ ပစ်ထားကြပါတယ်။ တရားဘာဝနာနဲ့ ပျော်မွေ့လိုသူတွေအတွက် အင်မတန်ကောင်းတဲ့နေရာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဘာရီမြို့က မိုင်ပေါင်း ၈၂၈၇ ဝေးပါတယ်တဲ့။ FR ကမ္မဋ္ဌာန်းဌာနက ဘာရီမြို့မှာ ရှိပါတယ်။ ဘော်စတွန်ကနေ ဘာရီမြို့ကို တစ်နာရီခွဲလောက် ကားနဲ့လာရပါတယ်။ ဘော်စတွန်မြို့က မက်ဆာချူးဆက်ပြည်နယ်ရဲ့ မြို့တော်ဖြစ်ပါတယ်။

မောင်လှမြင့်က တထာဂတရိပ်သာနဲ့ IMS; FR ကမ္မဋ္ဌာန်းဌာနတွေရဲ့ ကွာခြားပုံကို ဒီလိုပြောပြပါတယ်။

'တထာဂတရိပ်သာက မိသားစုရိပ်သာလေးပါပဲ။ ဒီကမ္မဋ္ဌာန်းဌာန ၂ ခုကတော့ တကယ့်ကုမ္ဍကီကြီးတစ်ခုလိုပါပဲ။ ဒီဌာန ၂ ခုနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ တထာဂတရိပ်သာဟာ သနားစရာလေး ဖြစ်သွားပါတယ်'တဲ့။

ဒီဌာန ၂ ခုမှာ ကမ္မဋ္ဌာန်းဆရာတွေက အမေရိကန် လူဝတ်ကြောင်တွေပဲ များပါတယ်။ တစ်ခါတစ်ရံလေးမှာမှ ရဟန်းကမ္မဋ္ဌာန်းဆရာတွေက ပြကြပါတယ်။ တထာဂတရိပ်သာမှာတော့ ရဟန်းကမ္မဋ္ဌာန်းဆရာတွေကပဲ တရားပြပေးကြပါတယ်။ လူဝတ်ကြောင် ကမ္မဋ္ဌာန်းဆရာတွေက ပါဠိစာပေတတ်ကျွမ်းကြရင် ပိုကောင်းပါမယ်။ ရဟန်းကမ္မဋ္ဌာန်းဆရာတွေက အင်္ဂလိပ်စာတတ်ကြရင် ပိုထိရောက်ပါမယ်။

http://www.dhammadownload.com

ဗုဒ္ဓနေ့

မောင်လှဝင်း...

ဒီနေ့ ၂၂၊ ၅၊ ၂၀၀၅ က ကဆုန်လပြည့်နေ့ ဖြစ်တယ်။ IMS ကမ္မဋ္ဌာန်းဌာနမှာ သိမ်ရိုပါတယ်။ တောင်ပုလုဆရာတော်ကြီးက သမုတ်ခဲ့ပါတယ်။ အဲဒီသိမ်မှာ ဥပုသ်ပြုကြရပါတယ်။ IMS မှာ မေတ္တာအဆောင်ကြီးနဲ့ ကားလမ်းခြားထားတဲ့နေရာမှာ မဟာစည်ဆရာတော်ကြီး ကြွလာတုန်းက သီတင်းသုံးခဲ့တဲ့အဆောင်ရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ ကဆုန်ညောင်ရေသွန်းပွဲတွေကို မြို့တွေ၊ ရွာတွေမှာ ပြုလုပ်နေကြမှာပေါ့။ ကဆုန်လကို ပါဠိလို ဝေသာခလို့ ခေါ်ပါတယ်။ ကဆုန်လပြည့် ဗုဒ္ဓနေ့ (ဘုရားဖြစ်တော်မူရာနေ့) မို့ ဆရာတော်ကြီးက ယောဂီတွေအား ဗုဒ္ဓနေ့အကြောင်း ဟောမှာဖြစ်ပါတယ်။ ဥပုသ်ကို နေ့လယ် ၂ နာရီကျော်ကျော်မှာ ပြုကြပါတယ်။ သိမ်နေရာမှာ အကွက်တွေ ချထားပါတယ်။ ကျောက်တိုင်တွေ စိုက်ထားပါတယ်။ ဟင်းလင်းပြင်မှာ ဖြစ်ပါတယ်။ ဥပုသ်ပြုနေချိန်မှာ မိုးမရွာသေးလို့ တော်ပါသေးတယ်။ ကံကောင်းပါတယ်။ ဥပုသ်ပြုနေချိန်မှာ နေပူနေပါတယ်။ နေပူနေပေမယ့် လေတိုက်နေတာမို့ အေးပါတယ်။ ဥပုသ်ပြုအပြီးမှာ သတိပဋ္ဌာန်အကျိုးနဲ့ သတိပဋ္ဌာန်လေးပါးစတဲ့ ရွတ်နေကျပါဠိတွေကို ရွတ်ပါသေးတယ်။ ဆရာတော်ကြီးက လေအေးတိုက်နေတဲ့အတွက် ကြာကြာနေလို့ မကောင်းဘူးလို့ မိန့်ကာ ခါတိုင်းသြဝါဒပေးလေ့ရှိပေမယ့် မပေးတော့ပါ။ ဦးဝိဝေကာနန္ဒက ဥပုသ်ပြုပါတယ်။ ဥတ်အရင်ထားပြီးမှ ပုဗ္ဗကရဏ၊ ပုဗ္ဗကိစ္စ၊ ပတ္တကလ္လအင်္ဂါတို့ကို လျှောက်ထားဖို့ ဆရာတော်ကြီးက မိန့်ပါတယ်။ ဦးဝိဝေကာနန္ဒက ပုဗ္ဗကရဏစသည်ကို ဆိုပြီးမှ ဥတ်ထားသွားပါတယ်။ သူက အင်္ဂလိပ်စာအုပ်လေးကို ကြည့်ပြီး ရွတ်သွားတာဖြစ်ပါတယ်။

http://www.dhammadownload.com

ဒီကဆုန်လပြည့် ဗုဒ္ဓနေ့ဟာ တနင်္ဂနွေနေ့ဖြစ်နေပါတယ်။ ဒါကြောင့် ယောဂီတွေကို တရားစစ်ပေးတာ နားပါတယ်။ တရားဟောတာကတော့ မနားပါ။ ဒေါ်မြင့်မြင့်စိန်တို့က မြန်မာထမင်း၊ ဟင်းတွေကို ချက်ကပ်တာဖြစ်ပေမယ့် အမေအားမိလို့ ချောင်းဆိုးကာ နေမကောင်းဖြစ်နေတာမို့ ဆွမ်းသိပ်မဘဉ်းပေးနိုင်ပါ။ ဒေါ်မြင့်မြင့်စိန်က သာမဏေကျော်ဆွမ်းစားနည်းတာကိုကြည့်ပြီး အားမရဖြစ်နေပါတယ်။ အရင်တစ်ခေါက်လာတုန်းကထက် ပိုပိန်သွားတယ်လို့ ပြောနေပါတယ်။ တရားစခန်းအတွင်းမှာ ဖျားမှာကိုပဲ စိုးရိမ်ပါတယ်။ ဖျားရင် ယောဂီတွေအား တရားစစ်ပေးတဲ့တာဝန် ပျက်ကွက်သွားပါလိမ့်မယ်။ ဓမ္မာရုံထဲ တရားထိုင်၊ တရားနာသွားတဲ့အခါ ချောင်းဆိုးရင် အခြားယောဂီတွေအား အနှောင့်အယှက်ပေးရာရောက်မှာကို စိုးရိမ်ပါတယ်။ ကိုယ့်အခန်းမှာနေရင် ချောင်းများစွာဆိုးနေပေမယ့် ဓမ္မာရုံထဲမှာ ဆိုးတာနည်းလို့ ဟော်ပါသေးတယ်။ သူတို့မှာ ချောင်းဆိုးတာ မကြားရသလောက်ပါပဲ။ ဓမ္မာရုံထဲ တိတ်ဆိတ်ငြိမ်သက်စွာ တရားရှုမှတ်နေကြပါတယ်။ ဓမ္မာရုံထဲမှာ မြန်မာရုပ်ပွားဆင်းတုတော်တစ်ဆူ ရှိပါတယ်။ သစ်သားဆင်းတုတော် ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့သတိပဋ္ဌာန်တရားကို အားထုတ်နေကြတာမို့ ဗုဒ္ဓကို ရိုသေလေးမြတ်တာ ဖြစ်ပါတယ်။

သူ့စေတနာ

မောင်လှဝင်း...

အမေရိကက နာမည်ကြီးဝိပဿနာ ကမ္မဋ္ဌာန်းဆရာကြီးဖြစ်တဲ့ ဂျိုးဆက်ဂိုးစတိန်းလည်း FR တရားစခန်းမှာ ယောဂီအဖြစ် တရားအားထုတ်နေတာမို့ တရားအတွေ့အကြုံ လျှောက်ထားတဲ့အခါ ဆရာဟော်ကြီးထံမှာပဲ လျှောက်ဖို့ ဦးသုမနသိရိကတစ်ဆင့် အကြံပေးပေမယ့်

http://www.dhammadownload.com

ဂျိုးဆက်က လက်မခံခဲ့ပါ။ ၄ ရက်လောက်နေတော့ သာမဏေကျော်အကြီးကို လက်ခံတယ်လို့ ကြားရပါတယ်။ အဲဒီလိုကြားရပေမယ့် သာမဏေကျော်ထံ တရားလျှောက်မယ့် ယောဂီစာရင်းထဲ ဂျိုးဆက်ပါနေပါတယ်။ တရားလျှောက်ပြီး ဆရာတော်ကြီးထံကပ်ဖို့ စာလေးတစ်စောင်ကို မောင်လှမြင့်အား ပေးသွားပါတယ်။ အဲဒီစာထဲမှာ သူက ရေးထားပါတယ်။

လေးစားရပါတဲ့ ဆရာတော်ဘုရား။

နေ့စဉ် တရားစစ်ပေးဖို့ တပည့်တော်ကို တွေ့လိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ယောဂီတစ်ဦးအနေနဲ့ ဆုံးဖြတ်ချက်ချဖို့ ဘာက သင့်တော်တယ်ဆိုတာကို သိဖို့ခက်ပါတယ်။ ဆရာတော်ကို တပည့်တော်က မကြာခဏ ပိုတွေ့ရင် ဒီတရားစခန်းအတွင်း အခြားယောဂီတွေမှာ ဆရာတော်ကို တရားလျှောက်ရန်အတွက် တွေ့ဖို့ ၃ ကြိမ်ပဲ အခွင့်အရေးရကြမယ်လို့ ပြီးခဲ့တဲ့ညက တပည့်တော် နားလည်လိုက်ပါတယ်။ အဲဒီယောဂီတွေထဲက အများစုဟာ ဆရာတော်နဲ့တွေ့ဖို့၊ ဆရာတော်ထံက သွန်သင်မှုတွေကိုရဖို့ ခရီးအဝေးကြီးက လာခဲ့ကြရပါတယ်။ အများနည်းတူပဲ ပုံမှန်ယောဂီဖြစ်ရတာက တပည့်တော်အတွက် ပိုမိုသင့်တယ်လို့ ခံစားရပါတယ်။ အဲဒီနည်းနဲ့လုပ်မှပဲ ယောဂီတိုင်း အချိန်ရသမျှ ဆရာတော်နဲ့ တွေ့ခွင့်ရပါတယ်။ တပည့်တော်လည်း အခြားကမ္မဋ္ဌာန်းဆရာတွေထံကလည်း အကျိုးများစွာ ရနိုင်ပါမယ်။ တပည့်တော်ဟာ တရားစစ်ဆေးနည်းအားလုံးကို လေ့လာနေပါတယ်။ ဒီတရားစခန်းမှာ တရားရှုမှတ်နေရတဲ့အတွက် အလွန်ပဲကျေးဇူးတင်ပါတယ်။ နောက်ထပ် တရားသင်ပြပေးဖို့ ဒီကိုကြွလာတဲ့အတွက်လည်း အလွန်ပဲ ကျေးဇူးတင်ပါတယ်။

နက်ရှိုင်းတဲ့ ရိုသေမှုများစွာဖြင့်
ဂျိုးဆက်

http://www.dhammadownload.com

မောင်လှမြင့်က ဆရာတော်ကြီးထံ အဲဒီစာလေးကို ကပ်လိုက်ပါတယ်။ မြန်မာလိုလည်း ဘာသာပြန်ပေးလိုက်ပါတယ်။ 'ပုဂ္ဂလဝေမတ္တာ၊ ပုဂ္ဂိုလ်ရဲ့ထူးခြားမှု'ကို ကြည့်ရတယ်။ တစ်ရက်ခြား ၁၅ မိနစ်စာ အချိန်သီးသန့်ပေးပါတယ်။ လာပါစေလို့ ဆရာတော်ကြီးက မိန့်ပါသတဲ့။ ဆရာတော်ကြီးထံ တရားလျှောက်မြဲ ယောဂီ ၄ ယောက်လည်း လာပါစေတဲ့။ အဲဒီအတိုင်း ဂျိုးဆက် လက်ခံဆောင်ရွက်ခဲ့ရင်တော့ သာမဏေကျော် အကြံပေးသလို ဖြစ်လာမှာပါ။ ဂျိုးဆက်ရဲ့ အခြားယောဂီတွေအပေါ် ထားတဲ့စေတနာလည်း လေးစားစရာပါပဲ။

http://www.dhammadownload.com

အပိုင်း ၆
ယောဂီတို့အတွက် ဝိပဿနာတရား

ဒေဝနိုကန္တိ

မောင်လှဝင်း...

မနေ့က ဗုဒ္ဓနေ့ဖြစ်လို့ ဗုဒ္ဓအကြောင်း ဟောပါတယ်။ ပေါင်မုန့်ညိုကြီးချည်း စားရတော့ ငြီးငွေ့တတ်တယ်။ အသား၊ ဒိန်ခဲစသည်ညှပ်ပြီး ကျွေးရင်တော့ အပြောင်းအလဲရသွားလို့ မငြီးငွေ့တော့ဘူး။ အဲဒီလိုပါပဲ အခုလည်း ဟောနေကျတရား၊ ဟောလက်စတရားကို ဖြတ်ထားပြီး ဗုဒ္ဓနေ့တရားကို ပြောင်းဟောပါတယ်။ အသားညှပ် ပေါင်မုန့်ညိုနဲ့တူတဲ့ တရားလို့ ဆရာတော်ကြီးက တရားပေးလိုက်တာ ကိုယောဂီတွေက သဘောကျကာ ရယ်ကြပါတယ်။ ဆရာတော်ကြီးက တည်တည်နဲ့ ပြောလိုက်ပေမယ့် သဘောကျကာ ရယ်စရာတွေဖြစ်နေတာတွေ ရှိတတ်ပါတယ်။ ဆရာတော်ကြီးက ဗုဒ္ဓရဲ့အဓိဗွာယ်ကို ၃ နည်း ရှင်းပြပါတယ်။ ပထမနည်းက 'သစ္စာလေးပါးကို သိသူ၊ တရားအလုံးစုံကို သိသူ' လို့ အဓိဗွာယ်ဖွင့်ဆိုပါတယ်။ ဒုတိယနည်းက ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးသူ၊ နှိုးပေးသူလို့ အဓိဗွာယ်ရပါတယ်။ တတိယနည်းကတော့ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်နဲ့ ပွင့်လာသူလို့ ဖွင့်ဆိုပါတယ်။ ဆရာတော်ကြီးက ကဆုန်လပြည့်နေ့ရဲ့ ထူးခြားပုံကိုလည်း ရှင်းပြပါသေးတယ်။ ကဆုန်လပြည့်နေ့မှာ ဒီပင်္ကရာမြတ်စွာဘုရားထံက ဂေါတမလောင်းလျှာဟာ ဗျာဒိတ်ရခဲ့ပါတယ်။ ဒီပင်္ကရာက 'သင်ဟာ နောင်အခါမှာ ဂေါတမအမည်ရှိတဲ့ ဘုရားရှင် ဖြစ်လိမ့်မယ်' လို့

http://www.dhammadownload.com

ကြိုတင်မိန့်ကြားခဲ့တာကို ဗျာဒိတ်လို့ ခေါ်ပါတယ်။ ကဆုန်လပြည့်ဟာ ဗုဒ္ဓလျှောင်းလျှာ ဖွားမြင်ရာနေ့လည်း ဖြစ်ပါတယ်။ ပရိနိဗ္ဗာန်စံရာနေ့လည်း ဖြစ်ပါတယ်။ ကပိလဝတ်ကို ဘုရားဖြစ်ပြီးမှ ပြန်ကြွလာတဲ့နေ့လည်း ဖြစ်ပါတယ်။ ဘုရားအဖြစ်ကို ရောက်ရှိရာနေ့လည်း ဖြစ်ပါတယ်။ အဲဒီလိုအဖြစ်အပျက် ၅ ခုရှိရာ နေ့ထူးနေ့မြတ် ဖြစ်ပါတယ်။ ဗုဒ္ဓနဲ့ ပတ်သက်ပြီး အခြားအကြောင်းအရာတွေကိုလည်း ဟောပါသေးတယ်။ အခြားရက်တွေမှာ တစ်နာရီ အတိအကျသာ ဟောပေမယ့် ဒီနေ့မှာ တစ်နာရီနဲ့ မိနစ် ၄၀ ကြာသွားပါတယ်။ တစ်နာရီပဲ ဟောရင် အားလုံး သဘောကျမှာဖြစ်မှာမို့ ကောင်းမယ်လို့ ပြောကြပါတယ်။

သာမဏေကျော် အခန်းမှန်ပြတင်းပေါက်ကနေ အရှေ့ဘက်ကို လှမ်းကြည့်လိုက်တော့ ဝိုင်းဝိုင်းစက်စက်ပေါ်ထွက်နေတဲ့ လမင်းကြီးကို မြင်တွေ့ရပါတယ်။ လသာသာညအခါမှာ အပြင်ထွက်ပြီး လမ်းလျှောက်ရရင် ကောင်းပါမယ်။ ရာသီဥတုက အေးနေလို့ မလျှောက်ရဲပါ။ နေရဲ့ အနေအထားအရ မြန်မာနိုင်ငံနဲ့ အမေရိက နေ့ညအချိန် ပြောင်းပြန်ဖြစ်နေပေမယ့် ကောင်းကင်ပေါ်က လမင်းကြီးကတော့ လပြည့်နေ့ဆိုရင် ညအခါ သာနေတာပါပဲ။ ထိန်ထိန်လင်းနေတာပါပဲ။ မြန်မာနိုင်ငံက လပြည့်ညမှာရော အမေရိကက လပြည့်ညမှာပါ သာနေတာပါပဲ။ ညအခါ လသာလို့ စိတ်ကြည်နူးရသလို နေ့အခါမှာလည်း နေသာရင် စိတ်ကြည်နူးရှင်လန်း အားရရပါတယ်။ အအေးဓာတ် များတဲ့နေရာမို့ နေရောင်ရတဲ့အခါ သာမဏေကျော်တို့အဖို့ ပိုပြီးနေလို့ကောင်းပါတယ်။ အမေရိကမှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများစွာကို မြင်တွေ့ကြားသိနေရပေမယ့် နေလိုစိတ်မရှိဘဲ ကိုယ့်အမိမြန်မာနိုင်ငံကိုပဲ ပြန်လိုစိတ်တွေ ဖြစ်ပေါ်နေပါတယ်။ ဘဝနိကန္တိ (ဘဝအပေါ် တွယ်တာနှစ်သက်မှု) ရှိသလို ဒေသနိကန္တိ (ကိုယ့်မွေးရပ်မြေပေါ် တွယ်တာနှစ်သက်မှု) ရှိနေလို့နဲ့ တူပါတယ်။

http://www.dhammadownload.com

လွမ်းနေမယ်

မောင်လှဝင်း...

၂၃၊ ၅၊ ၂၀၀၅ နေ့က ဂျိုးဆက်ဂိုးစတိန်းက သာမဏောကျော်ထံ ဒုတိယအကြိမ် သူ့တရားအတွေ့အကြုံကို ပြောပြဖို့ ရောက်လာပါတယ်။ မောင်လှမြင့်က 'ဂျိုးဆက်ရဲ့စာကို ဆရာတော်ကြီးထံ ကပ်လိုက်ပါတယ်၊ ဆရာတော်ကြီးက သူ့ထံ တစ်ရက်ခြား တရားလျှောက်ဖို့ မိန့်လိုက်တယ်'လို့ ပြောပါတယ်။ ဂျိုးဆက်က 'ရှုပ်ထွေးသွားပြီ'လို့ ပြောပါတယ်။ ပုဂ္ဂိုလ်ရဲ့ထူးခြားမှုကိုကြည့်ရတယ်လို့ ဆရာတော်ကြီးက မိန့်လိုက်ကြောင်းကိုလည်း မောင်လှမြင့်က ထပ်ပြောပါတယ်။ ဂျိုးဆက်က ကြည်ဖြူကျေနပ်စွာ လက်ခံပါတယ်။ 'တရားကျန်နေ့တွေမှာ အခြားဆရာတော်တွေထံ လျှောက်ဖို့ လိုသေးလား'လို့ မေးတော့ 'မလိုပါဘူး၊ ဆရာတော်ကြီးဆီပဲ လျှောက်ပါ'လို့ ပြောလိုက်ပါတယ်။ ဂျိုးဆက်ရဲ့ တရားအတွေ့အကြုံ ပြောပုံက ရှင်းလင်းပါတယ်။ ရိုးသားပါတယ်။ သူက ပထမနေ့ လျှောက်ထားစဉ်က 'ဆရာတော်တွေထံမှ သြဝါဒတွေကို သူဟာ လိုလားပါတယ်'လို့ ပြောသွားပါတယ်။ ဒါကြောင့် ဒုတိယနေ့ လျှောက်ထားတဲ့အခါ ရှင်ရာဟုလာရဲ့ သြဝါဒလိုလားမှုနဲ့ အရှင်သာရိပုတ္တရာရဲ့ မာနကင်းပုံကို ပြောပြလိုက်ပါတယ်။

'ကိုရင်ရာဟုလာက နံနက်လင်းတဲ့အခါ သဲတစ်ဆုပ်တစ်ဆုပ်ယူပြီး တစ်နေရာမှာ သွားပုံတယ်။ အဲဒီသဲလုံးတွေနဲ့အမျှ ဘုရားရှင်နဲ့ ဆရာသမားတွေထံမှ သြဝါဒကို ရရပါလို၏'လို့ ဆိုတယ်။ ရှင်ရာဟုလာရဲ့ သြဝါဒလိုလားပုံဟာ အတုယူစရာပါပဲ။ ဂျိုးဆက်ကလည်း ဆရာတော်တွေထံမှ သြဝါဒကို လိုလားတယ်ဆိုတော့ ရှင်ရာဟုလာရဲ့စိတ်ထားနဲ့ တူနေလို့ မြတ်နိုးစရာပါပဲ။

'အရှင်သာရိပုတ္တရာရဲ့ သက်နှံးမည်မှုနဲ့ပတ်သက်ပြီး ၇ နှစ်

http://www.dhammadownload.com

အရွယ် ကိုရင်လေးက သတိပေးတဲ့အခါ အရှင်သာရိပုတ္တရာက သက်နံ့ကို ညီအောင် တစ်နေရာမှာ သွားဝတ်ပြီး ကိုရင်လေးထံ ပြန်လာကာ 'ကိုရင်လေး သင့်တော်ပါပြီလား'လို့ မေးပါတယ်။ 'ဒီနေ့မှ ကိုရင်ဝတ်တဲ့ ၇ နှစ်အရွယ် ကိုရင်လေးက တပည့်တော်ကို သွန်သင်ဆုံးမရင်တောင် ဦးထိပ်ရွက်ပန်ဆင်ပါတယ်'လို့ အရှင်သာရိပုတ္တရာက မိန့်ပါသေးတယ်။ အနှစ်ပြည့်တဲ့ စပါးနှံလို ညွှတ်ကိုင်းတဲ့စိတ်ထား ရှိပါပေတယ်။ စားပါးနှံဟာ အနှစ်မပြည့်ခင်တော့ ထောင်နေတတ်ပါတယ်။ အနှစ်မရှိသူတွေလည်း ထောင်လွှားတဲ့စိတ်ထား ရှိတတ်ကြပါတယ်။ ပညာရှိသူတော်ကောင်းတွေဟာ အရှင်သာရိပုတ္တရာရဲ့ အဲဒီစိတ်ထားကို အတုယူကျင့်သုံးသင့်ကြပါတယ်။'

'ဂျိုးဆက်၊ ကိုယ့်ကိုယ်ကို ဆရာလုပ်ရတာနဲ့ သူတစ်ပါးကို ဆရာလုပ်ရတာ ဘယ်ဟာက ပိုခက်ပါသလဲ'

'ကိုယ့်ကိုယ်ကို ဆရာလုပ်ရတာက ပိုခက်ပါတယ်'

'သူတစ်ပါးတွေကို ဆရာလုပ်ရာမှာ နာမည်ကျော်သလို ကိုယ့်ကိုယ်ကို ဆရာလုပ်ရာမှာလည်း နာမည်ကျော်ဆရာဖြစ်ပါစေ'

ဂျိုးဆက်က နေရာမှ ထမလာခင်လေးမှာ ဒီစကားလေးကို ပြောသွားပါတယ်။

Missing you၊ အရှင်ဘုရားကို လွမ်းနေပါမယ် တဲ့။

ဝေဒနာပစ္စယာ တဏှာ

မောင်လှဝင်း...

ဂျိုးဆက်က ပထမနေ့ တရားလာလျှောက်တဲ့အခါ 'နာကျင်မှုကို ရှုမှတ်ရတော့ အဲဒီနာကျင်မှုကို ပျောက်သွားစေချင်ပါတယ်'လို့ ပြော

http://www.dhammadownload.com

သွားပါတယ်။ သာမဏေကျော်က အဲဒီစကားနဲ့ပတ်သက်ပြီး ဒီလိုပြောလိုက်ပါတယ်။

'ဒုက္ခီ သုခံ ပတ္ထယတိ၊ ဒုက္ခရှိနေသူဟာ ချမ်းသာကို တောင့်တတယ်တဲ့။ ဝေဒနာပစ္စယာ တဏှာ၊ ဒုက္ခဝေဒနာကြောင့် ဒုက္ခမှလွတ်လိုတဲ့ တဏှာဖြစ်နေတာပဲ။ ဒုက္ခဝေဒနာကနေ တဏှာဆက်သွားရင် ဝိပါကဝဋ်ကနေ ကိလေသဝဋ်ရောက်သွားတယ်။ ဒုက္ခဝေဒနာကနေ တဏှာ မဆက်ရအောင် ဒုက္ခဝေဒနာကို ရှုမှတ်ရတယ်။ ဝေဒနာကနေ တဏှာဆက်ရင် ဝဋ်လည်တယ်။ သံသရာလည်မယ်။ ဝေဒနာကနေ တဏှာမဆက်ရအောင် ရှုမှတ်နိုင်ရင် ဝဋ်ပြတ်မယ်။ သံသရာပြတ်စဲမယ်။ စက်တစ်လုံး လည်ပတ်ဖို့၊ ရပ်စဲဖို့ ခလုတ်ကလေးရှိတယ်။ အဲဒီခလုတ်လေး အဖွင့် အပိတ်လုပ်လိုက်တာနဲ့ စက်ဟာ လည်ပတ်တယ်၊ ရပ်စဲတယ်။ အဲဒီလိုပါပဲ သံသရာစက်လည်ပတ်ဖို့၊ ရပ်စဲဖို့လည်း ဝေဒနာပေါ်ရင် ရှုမှတ်နိုင်မှု၊ မရှုမှတ်နိုင်မှုအပေါ် မူတည်ပါတယ်။'

ဒုတိယနေ့ တရားလျှောက်တဲ့အခါ 'ဒုက္ခဝေဒနာပေါ်လာပေမယ့် စိတ်မသက်မသာမှု မရှိပါ'လို့ လျှောက်လာတယ်။

အဲဒီအခါ သာမဏေကျော်က ဒီလိုပြောလိုက်ပါတယ်။

'ကိုယ်အနာပေါ် စိတ်အနာမထပ်တာဟာ ကောင်းပါတယ်။ ကိုယ်အနာအပေါ် စိတ်အနာထပ်ရင် ၂ နာမို့ ပိုအခံရခက်ပါတယ်။ ဥပမာ၊ ဆူးတစ်ချောင်းအစူးခံရလို့ နောက်ဆူးတစ်ချောင်းနဲ့ ထပ်ထွင်တော့ ကျိုးသွားကာ အသားထဲ ဆူး ၂ ချောင်းဖြစ်နေရင် ပိုမိုအခံရခက်သလိုပါပဲ။ ရှုမှတ်မှုအားကောင်းရင် ကိုယ်အနာအပေါ် စိတ်အနာမထပ်တော့ပါ။'

ဒီလိုလည်း ပြောလိုက်ပါသေးတယ်။

'ကိုယ့်သန္တာန်မှာ သတိပဋ္ဌာန်အလင်းရောင် လင်းသည်ထက် လင်းအောင် ကြိုးစားသလို သူတစ်ပါးတွေသန္တာန်မှာလည်း သတိပဋ္ဌာန်

http://www.dhammadownload.com

အလင်းရောင် လင်းအောင် လုပ်ပေးတာဟာ ကောင်းပါတယ်။ အရသာ ကောင်းတဲ့ အစားအစာကို ကိုယ်တစ်ယောက်တည်း မစားဘဲ သူတစ်ပါး တွေအားလည်း မျှဝေပေးတာဟာ ကောင်းပါတယ်။ သူတစ်ပါးအား ပိုက်ဆံပေးချင်ရင် ကိုယ့်မှာ များများရှိမှ များများပေးလို့ရပါတယ်။ တရားအသိကလည်း ကိုယ့်မှာများများရှိမှ များများပေးလို့ ရပါတယ်။ ထင်ပေါ်တဲ့ ကမ္မဋ္ဌာန်းဆရာဖြစ်သလို ထင်ပေါ်တဲ့ ယောဂီဖြစ်တာဟာ လည်း ကောင်းပါတယ်။'

အခွင့်အရေး

မောင်လှဝင်း...

နံနက် ၆ နာရီမှာ အရုဏ်ဆွမ်း ဘုဉ်းပေးကြပါတယ်။ နေ့ဆွမ်း ကို ၁၁ နာရီမှာ ဘုဉ်းပေးကြပါတယ်။ ဒီနေ့ ၂၄၊ ၅၊ ၂၀၀၅ အရုဏ် ဆွမ်း ဘုဉ်းပေးဖို့ ဆရာတော်ကြီးကြွအလာကို စောင့်နေကြရင်း ဦးဝိဝေ ကာနန္ဒက အရှေ့ဘက်သစ်တောကြီးထဲက သစ်ပင်တွေကို ကြည့်ကာ 'သစ်ရွက်တွေက ဝေဝေဆာဆာရှိလာပြီ'လို့ ပြောလိုက်ပါတယ်။ ရွှိုက်ပင် တွေကတော့ ထင်းရှူးပင်တွေလိုပဲ အမြဲစိမ်းစိုနေကြပါတယ်။ အုတ်ပင်၊ မေပဲပင်တွေထဲ ဖူးစအပင်တွေက ဖူးကြ၊ ရွက်သစ်ဝေတဲ့သစ်ပင်တွေက ဝေကြဖြစ်နေပါတယ်။ တစ်ရက်ထက်တစ်ရက် ပိုမိုပြီး ဝေဆာလာနေ ကြပါတယ်။ ရွာမှာ ငယ်စဉ်ကတွေ့ခဲ့ရတဲ့ မန်ကျည်းရွက်နုတွေ ဝေဆာ နေချိန်ကို ပြန်သတိရစေပါတယ်။ အုတ်သစ်ပင်တွေရဲ့ အဝါနုရောင် ရွက်သစ်တွေက နံနက်ခင်းရဲ့အလှကို ပီပြင်စေကြပါတယ်။ သစ်ပင် တွေက ပြွတ်သိပ်နေလို့ သစ်ပင်ငယ်တွေဟာ ပိန်ရှည်ရှည်တွေပဲ ဖြစ်နေ ကြပါတယ်။ သစ်ပင်ဖြောင့်ဖြောင့်လိုချင်ရင် အဲဒီလိုစိပ်နေအောင် စိုက် ကြရပါတယ်။ တစ်ပင်လုံး ခြောက်နေတဲ့သစ်ပင်ရှည်ကြီးတွေ၊ သစ်ကိုင်း

http://www.dhammadownload.com

ခြောက်ကြီးတွေ၊ သစ်တုံးကြီးတွေကို ဒီအတိုင်းပဲ ထားကြပါတယ်။ မြန်မာနိုင်ငံမှာတော့ အသုံးပြုကြပါလိမ့်မယ်။

ငှက်ကလေးတွေကလည်း အစာရှာသွားကြ၊ အော်ကြ၊ ဟစ်ကြနဲ့ ပျော်ရွှင်ကြည်နူးနေကြပါတယ်။ ဆရာတော်ကြီးရဲ့အခန်းက အရှေ့ဘက်ပြတင်းအပြင်ဘက်မှာ ချိတ်ဆွဲထားတဲ့ ဝါးကျည်တောက်လိုလုပ်ကာ ဘေးမှာ အပေါက်ဖောက်ပြီး ငှက်လေးတွေအတွက် ထည့်ထားတဲ့အရာမှာ ငှက်ကလေးတွေ တစ်ကောင်ပြီးတစ်ကောင် လာရောက်စားသောက်နေကြပါတယ်။ တစ်နေကုန်ပါပဲ။ ရှဉ့်တွေကတော့ မြန်မာနိုင်ငံက ရှဉ့်တွေလိုပါပဲ။ အရောင်လည်းတူပါတယ်။ အကောင်အရွယ်အစားလည်း တူပါတယ်။ ထတာဂတရိပ်သာက ရှဉ့်တွေနဲ့တော့ မတူပါ။ ရှဉ့်တွေက ကော်ဇောစိမ်းကြီးလို မြက်ခင်းစိမ်းစိမ်းပေါ် ခုန်ပေါက် ပြေးသွားနေကြပါတယ်။ ချိုးငှက်၊ ဆက်ရက်လိုငှက်စတဲ့ ငှက်လေးတွေကလည်း အစာရှာဖို့ သွားလာလှုပ်ရှားနေကြပါတယ်။ ရှဉ့်၊ ငှက်စတဲ့ တိရစ္ဆာန်လေးတွေ သွားလာလှုပ်ရှားနေကြတာကို ကြည့်ရင်း ထိုင်မှတ်၊ စက်ဘီးလျှောက်မှတ်၊ အထွေထွေအမှုအရာတွေမှတ်နဲ့ သွားလာနေကြတဲ့ ယောဂီတွေကို သတိရလာမိပါတယ်။ တိရစ္ဆာန်လေးတွေမှာ ဒီယောဂီတွေလို တရားနာခွင့်၊ တရားရှုမှတ်ခွင့်၊ တရားအရသာကို ခံစားခွင့် မရရှာကြပါ။ ယောဂီတွေမှာ ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်ကျက်ပြီး နိဗ္ဗာန်ကိုမြင်ကာ အပါယ်တံခါးပိတ်နိုင်ခွင့် ရှိကြပေမယ့် တိရစ္ဆာန်လေးတွေမှာ မရှိကြပါ။ ကံကောင်းထောက်မလို့ အဲဒီတိရစ္ဆာန်ဘဝက သေပြီး သတိပဋ္ဌာန်တရားအားထုတ်ခွင့်ရနိုင်တဲ့ ဒီယောဂီတွေလိုဘဝမျိုး ရောက်ခဲ့ရင်တော့ နောက်နောင်ဘဝတွေမှာ အဲဒီအခွင့်အရေးကို ရနိုင်ကြပါသေးတယ်။ လူ့ဘဝက တိရစ္ဆာန်ဘဝကို ရောက်ဖို့လွယ်ပေမယ့် တိရစ္ဆာန်ဘဝကနေ လူ့ဘဝရောက်ဖို့တော့ ခက်လှပါတယ်။ ဒီတိရစ္ဆာန်လေးတွေဘယ်သောခါမှ ဒီသတိပဋ္ဌာန်တရားကို အားထုတ်ခွင့်ရကြပါမလဲ။

http://www.dhammadownload.com

မတူပါ

မောင်လှဝင်း...

သာမဏေကျော်ရဲ့အခန်းထဲမှာ နာရီမရှိလို့ ဆရာတော်ကြီးက နာရီတစ်လုံး ပေးတယ်။ အဲဒီနာရီမှာ လ၊ ရက်၊ နေ့၊ နာရီ၊ မိနစ် ပါတယ်။ အင်္ဂလန်မှာ ရက်၊ လ၊ ခုနှစ်အစဉ်အတိုင်း ရေးတယ်။ ဥပမာ ဒီနေ့ကို ၂၄၊ ၅၊ ၂၀၀၅ လို့ ရေးတယ်။ မြန်မာနိုင်ငံမှာလည်း အဲဒီ လိုပဲ ရေးလေ့ရှိတယ်။ အမေရိကန်ကတော့ အင်္ဂလန်ကရေးပုံနဲ့ မတူ အောင် ရေးတယ်။ လ၊ ရက်၊ ခုနှစ်လို့ ရှေ့နောက်စဉ်ရေးတယ်။ ဥပမာ ဒီနေ့ကို ၅၊ ၂၄၊ ၂၀၀၅ လို့ ရေးတယ်၊ အမေရိကန်က အင်္ဂလန်နောက် လိုက်လိုပုံ မပေါ်ပါ။ တစ်ခါက အမေရိကရောက် မြန်မာတစ်ဦးဟာ တရားရုံးမှာ တရားရင်ဆိုင်ဖြေရှင်းရာ လနဲ့ရက် ရှေ့နောက် အပြောင်း အလဲ သတိမထားမိလို့ ရက်မှားသွားတဲ့အတွက် အရှုံးပေါ်သွားပါသတဲ့။ အဲဒီလို မှားတတ်တဲ့အတွက် မမှားရအောင် တချို့က May 24 2005 လို့ ရေးကြပါတော့တယ်။ ဂဏန်းသက်တန့်ရေးရင် အင်္ဂလန်နည်း လိုလို၊ အမေရိကန်နည်းလိုလိုဖြစ်ကာ လွဲမှားသွားတတ်ကြပါတယ်။ လကို အင်္ဂလိပ်စာလုံးနဲ့ ရေးလိုက်တော့ ကျန်တဲ့ဂဏန်းက ရက်ဖြစ် ကြောင်း သိသာသွားပါတော့တယ်။

အမေရိကန်က အင်္ဂလန်နဲ့ မတူတာတစ်ခု ရှိပါသေးတယ်။ အမေရိကမှာ ကားကို လက်ယာဘက်က ကပ်မောင်းရပါတယ်။ အင်္ဂလန်မှာတော့ လက်ဝဲဘက်က ကပ်မောင်းရပါတယ်။ အင်္ဂလိပ် စာလုံးပေါင်းတချို့မှာ အမေရိကက အင်္ဂလန်နောက် မလိုက်ဘဲ အသစ် ထွင်ရေးတာတွေလည်း ရှိပါသေးတယ်။ တစ်ချိန်က အမေရိကဟာ အင်္ဂလန်ရဲ့လက်အောက်ခံဘဝမှာ နေခဲ့ရပေမယ့် လွတ်လပ်ရေးရခဲ့ပါ တယ်။ အင်္ဂလန်ထက် အမေရိကက ယခုအခါ အဆပေါင်းများစွာ

http://www.dhammadownload.com

ကြွယ်ဝချမ်းသာကာ အရာရာမှာသာလွန်နေပါတယ်။ ဒါကြောင့် အင်္ဂလန်နဲ့မတူအောင် အမေရိကက တီထွင်ပုံရပါတယ်။ အင်္ဂလန်ရဲ့နောက်လိုက်မဖြစ်ရအောင် ပြုပြင်လိုက်ပုံရပါတယ်။ အခြားအခြားတီထွင်၊ ပြုပြင်တာတွေလည်း ရှိပါလိမ့်ဦးမယ်။ အင်္ဂလန်မှာ ရှင်ဘုရင်၊ ဘုရင်မစနစ်ရှိနေပါသေးတယ်။ အမေရိကမှာတော့ မရှိတော့ပါ။

အင်္ဂလိပ်စကားကို ပြောကြတာချင်း တူကြပေမယ့် လေယူလေသိမ်းကတော့ မတူပါ။ ကျွမ်းကျင်သူ၊ အလေ့အလာရှိသူတွေက နားထောင်ကြည့်လိုက်ရင် 'ဒါက အမေရိက အင်္ဂလိပ်အသံ၊ ဒါက အင်္ဂလန် အင်္ဂလိပ်အသံ'လို့ ခွဲခြားပြီး နားလည်ကြပါသတဲ့။ အင်္ဂလန်ကလူတွေ အမေရိကမှာ ပြောင်းရွှေ့နေထိုင်ခဲ့ကြတာ ဖြစ်ပေမယ့် ရေမြေခြားသွားလို့လေလား မပြောတတ်ပါ။ ပြောပုံချင်း ခြားနားသွားပါတယ်။ အင်္ဂလန်နဲ့ အမေရိကအကြားမှာ အတ္တလန္တိတ်သမုဒ္ဒရာကြီး ခြားကွယ်နေပါတယ်။ အင်္ဂလန်တစ်နိုင်ငံတည်းမှာတောင် ပြောပုံချင်း ခြားနားတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာတောင် စကားလုံးချင်း တူနေပေမယ့် အသံထွက်ပုံ၊ လေယူလေသိမ်း ကွဲပြားခြားနားသလို ဖြစ်ပုံရပါတယ်။ ရွာနီးနားချင်းတောင် ကွဲပြားခြားနားသေးတာပဲ။

သချိုင်း

မောင်လှဝင်း...

ဒီနေ့ ၂၄၊ ၅၊ ၂၀၀၅ နေ့ဆွမ်းမှာ ဆွမ်းစားပြီးခါနီး ဆရာတော်ကြီးက ဦးဝိဝေကာနန္ဒကို 'ခံတွင်းသုသာန်'ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကို နားလည်လား' လို့ မေးပါတယ်။ ဆရာတော်ကြီးက အင်္ဂလိပ်လို ရှင်းပြပါတယ်။ အရပ်စကားနဲ့ ပြောရင်တော့ 'ပါးစပ်သချိုင်း'လို့ ပြောရတယ်လို့ မိန့်ပါသေးတယ်။ ဦးဝိဝေကာနန္ဒက သက်လွတ်ဘုဉ်း

http://www.dhammadownload.com

ပေးပါတယ်။ လူတွေရဲ့ပါးစပ်မှာ ငါးအသေ၊ နွားအသေ၊ ကြက်အသေ၊ ဝက်အသေ၊ ဆိတ်အသေ၊ ပုစွန်အသေစတဲ့ အသေကောင်တွေရဲ့ အသားတွေကို မြှုပ်နှံနေကြပါတယ်။ လူတွေရဲ့ပါးစပ်ဟာ သတ္တဝါပေါင်းများစွာရဲ့ ကိုယ်ခန္ဓာတို့ကို မြှုပ်နှံရာသချိုင်းဖြစ်နေပါတယ်။ ကိုယ့်ပါးစပ်ဟာ သချိုင်းဖြစ်နေတာ၊ သုသာန်ဖြစ်နေတာကို အသားစားတဲ့ ပုဂ္ဂိုလ်တွေ သတိမမူမိဘဲ ဖြစ်နေကြပါတယ်။ 'ခံတွင်းသုသာန်၊ ပါးစပ်သချိုင်း' ဆိုတဲ့စကားလေးကို သာမဏေကျော် မကြားဖူးသေးပါ။ မောင်လှဝင်းကော ကြားဖူးလား။

သာမဏေကျော်ရဲ့ပါးစပ်ကတော့ နွားသချိုင်းလည်း ဖြစ်ဖူးတယ်။ ကြက်သချိုင်း ၊ ဝက်သချိုင်း၊ ဆိတ်သချိုင်း၊ ငါးသချိုင်း၊ ယုန်သချိုင်း၊ ချိုးသချိုင်း၊ ဘဲသချိုင်း၊ ပုတက်သချိုင်း၊ စာသချိုင်း၊ ကြွက်သချိုင်းတွေလည်း ဖြစ်ဖူးပါတယ်။ မောင်လှဝင်းရဲ့ပါးစပ်ကကော ဘာသချိုင်းတွေ ဖြစ်ဖူးသေးလဲ။ သာမဏေကျော်ပါးစပ်မှာထက် သချိုင်းအရေအတွက် ပိုများနေသလား၊ ကိုယ့်ပါးစပ်ဟာ သချိုင်းမျိုးစုံ ဖြစ်နေတာကို တွေးကြည့်လိုက်ရင် သံဝေဂရစရာပါပဲ။ အမေရိကရောက်မှ သာမဏေကျော်ရဲ့ပါးစပ်မှာ သချိုင်းတိုးလာသေးတယ်။ ကြက်ဆင်သချိုင်း ဖြစ်သွားသေးတယ်။ ကြက်ဆင်သားကို ဒေါ်မြင့်မြင့်စိန် ပြောလို့ စားဖူးတယ်ရှိရုံပဲ စားကြည့်လိုက်ပါသေးတယ်။

အင်္ဂလန်က အင်္ဂလိပ်တွေက အမေရိကမှာ စတင်လာရောက်အခြေချတဲ့အခါ အစာပြတ်ပြီး ဒုက္ခရောက်နေချိန်မှာ ကြက်ဆင်အုပ်ကြီး ရောက်လာလို့ အဲဒီကြက်ဆင်တွေကို သတ်ကာ ပျော်ပျော်ပါးပါးနဲ့ စားကြပါသတဲ့။ ထာဝရဘုရားသခင်က ကြက်ဆင်တွေကို ပေးတယ်လို့ ယူဆပြီး နိုဝင်ဘာလ ၄ ရက်၊ ကြာသပတေးနေ့ကို ဘုရားသခင့်ကျေးဇူးတော်နေ့အဖြစ် သတ်မှတ်ကာ နောင်အခါ အဲဒီနေ့မှာ ကြက်ဆင်သားကို ချက်စားလေ့ရှိကြပါသတဲ့။ အားနည်းတဲ့ သတ္တဝါလေးတွေကို

http://www.dhammadownload.com

အားရှိတဲ့သတ္တဝါတွေက စားသောက်နေကြတဲ့ ဒီလောကကြီးထဲမှာ အားနည်းတဲ့တိရစ္ဆာန်လေးတွေရဲ့ ဘဝက အလွန်ပဲသနားစရာကောင်းလှပါတယ်။ ကြီးနိုင် ငယ်ညှင်းတဲ့အကျင့်ဟာ တိရစ္ဆာန်လောကမှသာမက လူ့လောကကြီးမှာပါ ကျယ်ပြန့်နေပါတယ်။ မေတ္တာ၊ ကရုဏာတရားတွေ ခေါင်းပါးနေသမျှ ကြီးနိုင်ငယ်ညှင်း အကျင့်ဆိုးကြီးဟာ လောကကြီးမှာ မင်းမူနေဦးမှာပါပဲ။

ဖုန်းဆက်ပြောလိုက်ရတယ်

မောင်လှဝင်း...

အမေရိကရောက်ခိုက်မှာ မောင်လှဝင်းနဲ့ ဖုန်းပြောချင်လို့ ဖုန်းအကြိမ်ကြိမ်ခေါ်ကြည့်ပေမယ့် အခုတစ်ခါမှ အဆင်ပြေသွားတယ်။ မောင်လှဝင်းကို ခေါ်တဲ့အချိန်က အမေရိက ဘာရီမြို့မှာ နံနက် ၇ နာရီအချိန်ပဲ။ မြန်မာနိုင်ငံမှာတော့ ညနေ ၅ နာရီခွဲနေမှာပေါ့။ ဘာရီမြို့မှာ ရောက်ဆဲအချိန်ထဲက တစ်နာရီခွဲနုတ်လိုက်ရင် မြန်မာအချိန်ဖြစ်သွားတယ်။ နံနက်နဲ့ ညနေလောက်တော့ ကွာခြားတာပေါ့။ ၂၅၊ ၅၊ ၂၀၀၅ နေ့ အရုဏ်ဆွမ်းစားပြီးချိန်မှာ ဦးဇင်္ဂီလက ဖုန်းခေါ်ပေးလို့ ဆက်ပါတယ်။ အမေရိကမှာ ဗုဒ္ဓဟူးနေ့နံနက်ပဲ ရှိပါသေးတယ်။ မြန်မာနိုင်ငံမှာ ၂၅၊ ၅၊ ၂၀၀၅ ဗုဒ္ဓဟူးနေ့ ညနေပိုင်းဖြစ်နေပါတယ်။ အဲဒီလိုအချိန်ကွာခြားကြောင်း မောင်လှဝင်း သိရအောင် 'အခုအမေရိကမှာက ဘယ်အချိန်၊ ဘယ်ရက်၊ ဘယ်နေ့လို့ မပြောလိုက်ရသလို မြန်မာနိုင်ငံမှာတော့ မောင်လှဝင်း ဖုန်းပြောနေချိန်ဟာ ဘယ်အချိန်၊ ဘယ်ရက်၊ ဘယ်နေ့လဲ'လို့ မမေးလိုက်ရပါ။ မေးလိုက်ရရင် အချိန်ခြားနားတာတွေကို သိသွားရတာပေါ့။ ဦးဇင်္ဂီလက 'ခြင်းဖုန်းက ၂၃ သိန်း ပေးရကျိုး မနပ်သေးပါဘူး။ အမေရိကက ခေါ်လို့ရရမှာပေါ့'လို့

http://www.dhammadownload.com

အားမလိုအားမရ ပြောနေပါသေးတယ်။ မောင်လှမြင့်ကတော့ 'ဒီခြင်းဖုန်းက အစပိုင်းမှာ ဒီလိုဖြစ်တတ်ပါတယ်။ နောက်ပိုင်းမှာတော့ သိပ်ကောင်းပါတယ်။ အသံသိပ်ကြည်လင်တယ်'လို့ သူ့အတွေ့အကြုံတွေအရ ပြောပါတယ်။

ဖုန်း မဖြစ်မနေ ရှိအောင်လုပ်ပါလို့ ဦးဇင်္ဂီလန့် မောင်လှမြင့်တို့က တိုက်တွန်းကြပါတယ်။ သူတို့တိုက်တွန်းလို့ ဖြစ်ပေါ်လာလို့ ဖုန်းအဆက်အသွယ် ရစေချင်ပုံရပါတယ်။ ဒါကြောင့် သူတို့က သာမဏေကျော် မဟာဂန္ဓာရုံရဲ့ ရုပြီးစဖုန်းကို အကြိမ်ကြိမ်ခေါ်ပေးကြပါတယ်။ 'ဖုန်းမရှိရင် ဆက်သွယ်ရေး အင်မတန်ခက်ခဲပါတယ်။ ဖုန်းရှိတော့ ကိုယ်က သိချင်တာ လှမ်းမေးလို့ရပါတယ်။ ကိုယ်ပြောချင်တာ လှမ်းပြောလို့ ရပါတယ်။ ငွေကုန်ရတာထက် ပိုမိုအကျိုးရပါတယ်'လို့ သူတို့ကပြောကြပါတယ်။ သူတို့ပြောတာ မှန်ကြောင်း သိသင့်သလောက် သိရပါပြီ။ ဦးသြဘာသ၊ ဦးဇင်္ဂီလန့် မောင်လှဝင်းတို့ထံ မေးချင်တာတွေ မေးလိုက်ရပါပြီ။ ပြောချင်တာတွေ ပြောလိုက်ရပါပြီ။ ၅ ဒေါ်လာနဲ့ ဝယ်ရတဲ့ဖုန်းကဒ်လေးကို အသုံးပြုလိုက်ရလို့ ကုန်ရကျိုးနပ်ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ ဖုန်းမရှိခင်က တစ်ရွာသူစတိုးရော အမြိုက်ကျောင်းပါ ကျေးဇူးကြီးကြပါပေတယ်။ အမေရိကကတောင် ကိုယ်ပြောချင်တာ ပြောလို့ရနေတော့ မြန်မာနိုင်ငံ ပြန်ရောက်တဲ့အခါ ကိုယ်ပြောချင်တာ ပြောလို့ ပိုလွယ်တော့မှာပေါ့။

အမေရိကန့် ဗုဒ္ဓသာသနာ

မောင်လှဝင်း...

၆ ပတ်ကာလရှည်တဲ့ ဒီ FR တရားစခန်းမှာ တရားအားထုတ်တဲ့ယောဂီတွေကတော့ အမေရိကစတဲ့ အနောက်တိုင်းသားတွေချည်းပါ

http://www.dhammadownload.com

ပဲ။ အဖြူတွေကပဲ များပါတယ်။ အသားမည်းသူက နှစ်ယောက်ပဲ ပါပါတယ်။ ၂၀ ကျော်၊ ၆၀ ကျော်အထိ အသက်အရွယ်ရှိသူတွေပါပဲ။ ဆရာဝန်၊ ကမ္မဋ္ဌာန်းဆရာ၊ သရုပ်ဆောင်စတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေချည်းပါပဲ။ တရားနည်းလမ်းမျိုးစုံကို အားထုတ်ခဲ့သူတွေ များပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ တရားစခန်းမှာ ဆရာတော်ကြီးရဲ့ အနေအထားကို ယောဂီတွေအား ကြိုတင်အသိပေးထားပါတယ်။ ဆရာတော်ကြီးထံ တရားလျှောက်ထားရပုံ၊ ပြောဆိုဆက်ဆံရပုံစသည်ကို အပြည့်အစုံ စာနဲ့ရေးကာ ယောဂီတွေအား ဝေငှထားပါတယ်။ မလိုအပ်က စကားမပြောဘဲ တိတ်ဆိတ်စွာ တရားရှုမှတ်ကြပါတယ်။ ယောဂီတွေက တစ်နေ့တာအတွက် ၄၅ ဒေါ်လာ ပေးကြရပါတယ်။ တချို့လည်း ဝေယျာဝစ္စလုပ်ကာ တရားအားထုတ်လို့ တစ်နေ့တာကုန်ကျငွေပေးတဲ့အခါ လျော့ပြီး ပေးရပါတယ်။ ယောဂီတွေလည်း ဝေယျာဝစ္စ လုပ်ကြရပါသတဲ့။ ကမ္မဋ္ဌာန်းဆရာကြီးလည်းဖြစ်၊ FR ဌာနရဲ့ ဦးဆောင်လည်းဖြစ်တဲ့ ယောဂီကျိုးဆက်ဂိုးစတိန်းတောင်မှ မီးဖိုချောင်မှာ ဟင်းရွက်လှီးဖြတ်တဲ့တာဝန်ကို ယူရပါသတဲ့။

အမေရိကန် ကမ္မဋ္ဌာန်းဆရာတွေက လူဝတ်ကြောင်တွေချည်းပါပဲ။ အမျိုးသားရော၊ အမျိုးသမီးရောပါပဲ။ အမေရိကန်တွေဟာ ထေရဝါဒ ရဟန်းဘဝနဲ့ အမေရိကမှာ ကြာကြာရပ်တည်နိုင်ဖို့ ခက်ခဲကြပါတယ်တဲ့။ အမေရိကန်အမျိုးသား၊ အမျိုးသမီးတွေက ရှင် ရဟန်း၊ သီလရှင် ဝတ်ကာ အမေရိကမှာ ပရိယတ်၊ ပဋ္ဌိပတ်တိုက်တွေ တည်ထောင်ပြီး အမေရိကန်စတဲ့ အနောက်တိုင်းသားတွေအား ပိဋ္ဌကဓာသင်ပေးကြ၊ တရားပြပေးကြရင် သိပ်ကောင်းပါမယ်။ ထေရဝါဒ သာသနာဟာ အမေရိကမှာ ကောင်းကောင်းတည်ရှိသွားပါမယ်။ အဲဒီလို ဖြစ်အောင် လုပ်ချင်ကြပေမယ့် လုပ်နိုင်တဲ့စွမ်းအားတော့ မရှိကြသေးပါ။ အမေရိကမှာ ရောက်နေကြတဲ့ မြန်မာရဟန်းတော်တွေစတဲ့ ထေရဝါဒ

http://www.dhammadownload.com

ရဟန်းတော်တွေက အမေရိကန်တွေအား ပရိယတ်၊ ပဋ္ဌိပတ်ကို ထိထိ ရောက်ရောက် ပေါက်ပေါက်မြောက်မြောက် သင်ပြပေးနိုင်ကြရင်လည်း ကောင်းပါတယ်။ အဲဒီလို သင်ပြပေးနိုင်တဲ့ အနေအထားရှိအောင် အမေရိကရောက် ထေရဝါဒရဟန်းတော်တိုင်း ကြိုးစားသင့်ကြပါတယ်။

အမေရိကရောက် မြန်မာရဟန်းတော်တစ်ပါးက အမေရိက တက္ကသိုလ်တစ်ခုမှာ ပညာသင်ယူရာ သူ့သင်တန်းဖော်ကျောင်းသား ၂၃ ယောက်အား အနှစ်သက်ဆုံးဘာသာရေးကို ရွေးချယ်ဖို့ရာ ပြောရာ ၂၃ ယောက်ထဲမှာ ၁၈ ယောက်က ဗုဒ္ဓဘာသာကို ရွေးကြပါသတဲ့။ အမေရိကမှာ ဗုဒ္ဓဘာသာကို ပိုမိုစိတ်ဝင်စားလာကြတဲ့ ဖြစ်ရပ်တစ်ခု ပါပဲ။

အခြံအရံ

မောင်လှဝင်း...

ပဏ္ဍိတာရာမဆရာတော်ကြီးက အခြွေအရံပရိသတ်နဲ့အတူ ဒီ FR တရားစခန်းမှာ တရားပြ တရားဟောပေးပါတယ်။ ဦးဝိဝေကာနန္ဒက ဂျာမန်ရဟန်းပဲ။ နီပေါ လုမ္ဗိနီ ပဏ္ဍိတာရာမရိပ်သာမှာ တရားပြပေးပါတယ်။ ဥရောပတရားစခန်းတွေမှာလည်း တရားပြပေးပါတယ်။ အခု FR တရားစခန်းမှာ တရားပြလည်းဟုတ်၊ ဆရာတော်ကြီး တရားဟောတဲ့အခါ အင်္ဂလိပ်လို ဘာသာပြန်ပေးသူလည်း ဟုတ်ပါတယ်။ ဦးဇဋ္ဌိလက အင်္ဂလိပ်လို တရားပြပေးပါတယ်။ မစာရှဒဿိနီကို မောင်လှဝင်း သိပါတယ်။ သူက ဆရာတော်ကြီး တရားစစ်တဲ့အခါ အင်္ဂလိပ်လို ဘာသာပြန်ပေးတယ်။ ဦးသုမနသိရိက အမေရိကန် ရဟန်းတော်ပဲ။ သူက Strong roots ဆိုတဲ့ စာအုပ်ကို ရေးထားပါတယ်။ သာမဏေကျော် တရားစစ်တဲ့အခါ အင်္ဂလိပ်လို ဘာသာပြန်ပေးပါတယ်။

http://www.dhammadownload.com

သာမဏေကျော်ရေးတဲ့ ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ 'တစ်ဘဝတာ ခရီး'ဆိုတဲ့စာအုပ် သူက အင်္ဂလိပ်လို ဘာသာပြန်တယ်။ One Life Journey လို့ နာမည်ပေးတယ်။ မောင်လှမြင့်က ဦးသုမနသိရီ ခရီး ထွက်ခိုက် သာမဏေကျော် တရားစစ်တဲ့အခါ အင်္ဂလိပ်လို ဘာသာပြန် ပေးပါတယ်။ သူက အိန္ဒိယသွားပြီး အမေရိကန်ကျောင်းသား၊ ကျောင်းသူ တွေအား တရားဟော၊ တရားပြလုပ်ပေးပါတယ်။ မဟာစည်ဆရာတော် ကြီးရဲ့ 'ဝိပဿနာရှုနည်း' စာအုပ်ကြီးနဲ့ သာမဏေကျော်ရဲ့ တချို့စာအုပ် တွေကို အင်္ဂလိပ်လို ဘာသာပြန်ထားပါတယ်။ သူရေးထားတဲ့ စာအုပ် တစ်အုပ် ရှိပါတယ်။ Meditation lectures လို့ နာမည်ပေးထားပါ တယ်။ အမေရိကန် သီလရှင် မဝဒီရဉာဏီကတော့ ယောဂီအဖြစ်နဲ့ ဝင်ရောက်အားထုတ်နေပါတယ်။ သူက အစိုးရဝမ္မာစရိယ တစ်ကျမ်း အောင်ပြီးပါပြီ။

ဆရာတော်ကြီးက အဲဒီလိုတပည့်တွေကို သာသနာအတွက် ကျေးဇူးပြုနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးပါတယ်။ ဒီတပည့်တွေကို အခြားအခြားပြည်တွင်း၊ ပြည်ပ တပည့်တွေကိုလည်း ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ ပေးနေပါတယ်။ နောင်လည်း ပေးနေပါ လိမ့်မယ်။ သာမဏေကျော်လည်း အဲဒီလိုတပည့်တော်၊ တပည့်ကျော် တွေ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်ပေးနိုင်ရင် ကောင်းပါမယ်။ စစ်ဗိုလ်ကြီးဟာ တပ်သားကောင်းတွေကို ရရင် ရန်သူတွေကို ချေမှုန်း ရာမှာ အောင်ပွဲဆင်နွှဲနိုင်ပါတယ်။ ဆရာတော်ကြီးကလည်း အားကိုးရတဲ့ တပည့်ကျော်တွေ ရှိနေတဲ့အတွက် ဒီလိုပြည်ပ တရားဟော၊ တရားပြ လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပါတယ်။ ဆရာတော် ကြီးဟာ သက်တော်ကြီးနေပေမယ့် ကျန်းမာစွာ၊ စိတ်အားထက်သန်စွာ သာသနာ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ပါသေးတယ်။ ကျန်းမာရေးကို အထူးဂရုစိုက်ကာ နေထိုင်စားသောက်တတ်တာမို့ ကျန်းမာနေပါတယ်။

http://www.dhammadownload.com

မသင့်မြတ်တဲ့အစားအစာကို လုံးဝမဘုဉ်းပေးဘဲ ရှောင်ကြဉ်နိုင်ပါတယ်။ သင့်မြတ်တာကိုတော့ ရွေးချယ်ပြီး ဘုဉ်းပေးလေ့ရှိပါတယ်။ နွားစားသလို မစားဘဲ ဆိတ်စားသလို စားရတယ်လို့ မိန့်တတ်ပါတယ်။ သင့်မြတ်တာကို တစ်မျိုးတည်းပဲ မစားဘဲ ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်းနဲ့ စုံအောင် စားရတယ်လို့ ရှင်းပြပါတယ်။

ချောင်းဆိုး

မောင်လှဝင်း...

မောင်လှဝင်းနဲ့ စတင်ဖုန်းဆက်ပြောတဲ့နေ့မှာ ချောင်းက တအားပဲ သာမဏေကျော်မှာ ဆိုးနေပါတယ်။ မောင်လှဝင်းကတောင် 'အသံက တစ်မျိုးဖြစ်နေတယ်၊ နေကောင်းလား'လို့ မေးသေးတယ်။ မဖျားတာကိုပဲ ကျေးဇူးတင်နေရပါတယ်။ ဝမ်းသာနေရပါတယ်။ ချောင်းဆိုးလွန်းလို့ ခေါင်းကိုက်၊ ဆီးခုံနာတဲ့အထိ ဖြစ်ပါတယ်။ မျက်စိက တစ်ခါတစ်ရံ မီးတောင်ပွင့်သွားပါသေးတယ်။ ချောင်းဆိုးလွန်းလို့ အခြားယောဂီတွေကို အနှောင့်အယှက်ပေးရာရောက်မှာ စိုးရိမ်တဲ့အတွက် ဓမ္မာရုံမှာ တရားမမှတ်ဖြစ်တော့သလို တရားလည်း မနာယယူဖြစ်တော့ပါ။ ဆေးတွေကို သောက်တော့ သောက်ပါရဲ့၊ မပျောက်သေးပါ။ ဆရာတော်ကြီးက သာမဏေကျော်အခန်းထဲ ဝင်လာပြီး 'ချောင်းက ဆိုးလှချည်လား၊ ဒီဆေးလေးစား'လို့ ပြောကာ စိန်ဆင်တုံးမန္တယ် အစာကြေလေနိုင်ဆေးဘူးလေးကို ပေးပါတယ်။ 'ပရုပ်ဆီရှိလား၊ ရှိ၎င် ရေနွေးပူပူထဲ ပရုပ်ဆီထည့်ပြီး ခေါင်းမြီးခြုံကာ ရှူပေးပါ'လို့လည်း ပြောလို့ အဆင်သင့်ရှိထားတဲ့ ပရုပ်ဆီကို ဦးဇင်္ဇလ ဒေါ်မြင့်မြင့်စိန်ထံက ယူပေးတဲ့ ရေနွေးပူပူထဲ ထည့်လိုက်ပါတယ်။ ခြုံထည်ကို ခေါင်းမြီးခြုံပြီး အငွေ့ကိုရှူနေ

http://www.dhammadownload.com

တုန်း ဆရာတော်ကြီး ပြန်ဝင်လာကာ ရှုဆေးရည်တွေကို ရေနွေးခွက်ထဲ ထပ်ထည့်သွားပါတယ်။ 'ပိုပြင်းလား'လို့ မေးပါတယ်။ အားရပါးရ ရှုလိုက်ပါတယ်။ ရင်ထဲမှာ ပတ်ဖွဲ့နေတဲ့ အအေးတွေကို အရှိန်ပြေသွားစေပါတယ်။ နေရထိုင်ရ အသက်ရှူတာ သက်သာသွားပါတယ်။

ရာသီဥတုက အေးနေပါတယ်။ လေက တိုက်နေတယ်။ မိုးအုံ့နေတယ်။ ရံခါ မိုးရွာတယ်။ ခန္ဓာကိုယ်မှာ အခိုးသိပ်မပွင့်လှ၊ အအေးပတ်ဖွဲ့နေတယ်။ ခြေအိတ်စွပ်၊ အနွေးထည်ဝတ်၊ ခြုံထည်ခြုံထားရပါတယ်။ ရေကို ရက်ခြား ဆင်ခြင်ချိုးရပါတယ်။ ရေနွေးနဲ့ ချိုးရလို့ တော်ပါသေးတယ်။ ခေါင်းရိတ်ပြီး ရေချိုးတဲ့နေ့မှာ အခိုးပွင့်အောင် ရည်ရွယ်ပြီး ချင်း (ဂျင်း) နဲ့ လုပ်ထားတဲ့ သကြားလုံး ၅ ခုလောက်ကို ရေနွေးပူပူနဲ့ သောက်လိုက်ပါတယ်။ အခိုးပွင့်သင့်သလောက်တော့ ပွင့်ပါတယ်။ ချောင်းကို ကောင်းကောင်းကြီး ဆိုးစေပါတော့တယ်။ အခိုးအပွင့်နည်းနေသေးလို့ ဖြစ်ပါလိမ့်မယ်။ ဦးဝိဝေကာနန္ဒကလည်း အဲဒီလို တစ်နေ့မှာ ၃ ကြိမ် ရှုပေးဖို့ အကြံပေးပါတယ်။ ဒေါ်မြင့်မြင့်စိန်က ရှောက်သီးသုပ်နဲ့ ငရုတ်သီးကို စားကာ ဟင်းခါးပူပူလေး သောက်ပေးဖို့ ဆွမ်းဝိုင်းမှာ လာပြောပါတယ်။ ကွမ်းရွက်နဲ့လျက်ဆား၊ အခြားချောင်းဆိုးပျောက်ဆေးတွေကိုလည်း သောက်ပါတယ်။ မောင်လှမြင့် ကပ်ပေးတဲ့ပျားရည်နဲ့ ရှောက်ရည်ကို ရေနွေးပူပူမှာထည့်ပြီး သောက်ရလို့လည်း သက်သာမှုရပါတယ်။ မဂန္ဓသောဘာ လှုပ်လိုက်တဲ့လက်ကိုင်ပဝါမှာ ဒေါ်သုဇာဂရန္ဓီ (ဒေါ်ဝင်း) လှုပ်လိုက်တဲ့ ရှုဆေးလေးကို ဆွတ်လိုက်ပြီး ရှုတာကလည်း ချောင်းဆိုးသက်သာသွားစေပါတယ်။ ဒေါ်မြင့်မြင့်စိန်လှုတဲ့ လိမ်းဆေးကိုလည်း လည်ပင်း၊ ရင်ဘတ်၊ ချက်မှာလူးပေးရပါသေးတယ်။ မစာရဒဿိနီက အင်္ဂလိပ်ချောင်းဆိုးပျောက်ဆေး ကပ်ပါသေးတယ်။ မလွင်မာကလည်း ချောင်းဆိုးပျောက်ဆေး ပို့ပေးဖို့ ကြိုးစားနေပါတယ်။ ယောဂီတွေကလည်း ဆေးတွေ ပေးလှုကြပါတယ်။ ဦးဇဋ္ဌိလကတော့ 'အဆုပ်

http://www.dhammadownload.com

တစ်ခွဲခုမျှား ဖြစ်နေလား၊ ဆရာဝန်ပြင်ရင် ကောင်းမယ်'လို့ မသက်မသာ ချောင်းဆိုးနေတာကိုကြည့်ပြီး ပြောပါတယ်။ နည်းပေါင်းစုံနဲ့ တိုက်ထုတ်ပေမယ့် ချောင်းဆိုးကတော့ အရှိန်ကောင်းစွာ နေရာယူထားဆဲပဲ ရှိပါသေးတယ်။ ချောင်းဆိုးရလို့ထင်ပါတယ်၊ အစားအသောက်လည်း နည်းသွားပါတယ်။

အမျှားရဲ့ စွမ်းအား

မောင်လှဝင်း...

ဦးဇင်္ဂီလက FR တရားစခန်းက ယောဂီအတွက် အစားအသောက် ချက်ပြုတ်ရာ မီးဖိုချောင်နဲ့ စားသောက်ဆောင်မှာ ပြုလုပ်ဆောင်ရွက်ပုံ၊ ကျွေးမွေးပုံ၊ ပြင်ဆင်ပုံ၊ အလုပ်သမား ၂ ယောက်တည်းနဲ့ ပြီးအောင် စီမံပုံ၊ ကော်ဖီ၊ ဖျော်ရည်စသည်ကို အလိုရှိသလို သုံးဆောင်နိုင်အောင် စီစဉ်ထားပုံစတာတွေကို လိုက်ပြပေးပါတယ်။ မီးဖိုချောင်မှာ ပစ္စည်းတွေထားပုံ စနစ်ကျလှပါပေတယ်။ သန့်ရှင်းလှပါပေတယ်။ အတုယူစရာကောင်းလှပါပေတယ်။ သူတို့မှာ ပစ္စည်းဥစ္စာကြွယ်ဝပြည့်စုံတော့ အသုံးအဆောင်ပစ္စည်းတွေကလည်း ကောင်းမွန်လှပါပေတယ်။ သူတို့လို ကောင်းမွန်ပြည့်စုံအောင် လိုက်လုပ်လို့ မမီနိုင်သေးပါ။ ဦးဇင်္ဂီလနဲ့ မောင်လှမြင့်တို့က FR ဌာနမှာ တာဝန်ယူဆောင်ရွက်သူတွေနဲ့ စည်းကမ်းကျန၊ စနစ်ရှိကြပုံတွေကို ပဏ္ဍိတာရာမမှာ ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေ သိရှိပြီး အတုယူကျင့်သုံးနိုင်ကြရင် ကောင်းမယ်လို့ ပြောကြပါတယ်။ တစ်ဦးနဲ့တစ်ဦး ပူးပေါင်းပြီး ဆောင်ရွက်ကြရာမှာ မြန်မာပဲဖြစ်ဖြစ်၊ အမေရိကန်ပဲဖြစ်ဖြစ်၊ အခြားလူမျိုးပဲဖြစ်ဖြစ် စည်းစနစ်ကျကျ၊ တက်ညီလက်ညီ၊ ကျရာတာဝန် ကျေပွန်စွာဆောင်ရွက်နိုင်ရင် ကြီးပွားတိုးတက်အောင်မြင်တာပါပဲ။

http://www.dhammadownload.com

အဖွဲ့အစည်းနဲ့ အလုပ်လုပ်ရာမှာ လူများပြီး ပွဲမစည်ဖြစ်နေရင် မကောင်းပါ။ လူမများပေမယ့်လည်း ပွဲစည်ရင်တော့ ကောင်းပါတယ်။ အဖွဲ့အစည်းနဲ့ အလုပ်လုပ်ရင် တိုင်ပင်ညှိနှိုင်းမှုရှိမှ အောင်မြင်နိုင်ပါတယ်။ တစ်ဦးတစ်ယောက်တည်းရဲ့ စွမ်းအားထက် ညီညာတဲ့အများရဲ့ စွမ်းအားက ပိုကောင်းပါတယ်။ အဖွဲ့အစည်းမှာ ညီညီညာညာ ဆောင်ရွက်နိုင်မှ ကြီးပွားအောင်မြင်ပါတယ်။ မညီညာရင် အင်အားမဖြစ်လို့ မအောင်မြင်နိုင်ပါ။ အပြောသာများပြီး အလုပ်မပါတဲ့ အဖွဲ့အစည်းဟာ ဘယ်သောအခါမှ မအောင်မြင်နိုင်ပါ။ အဖွဲ့အစည်းမှာ စီမံခန့်ခွဲသူဟာ ကျွမ်းကျင်မှုရှိရင် အလုပ်မရှုပ်ပါ။ အဝေဖန်မခံနိုင်သေးတဲ့ ခေါင်းဆောင်ဟာ ခေါင်းဆောင်ကောင်း အရည်အသွေး မပြည့်စုံသေးပါ။ လူတိုင်းမှာ အရာရာပြည့်စုံတယ်ဆိုတာ မရှိနိုင်ပါ။ လိုအပ်ချက်ဆိုတာ ရှိနေစမြဲပါပဲ။ ကိုယ့်ကိုယ်ကို အရာရာမှာ တတ်သိနားလည်တယ်လို့ ထင်မှတ်နေရင် ပိုမိုတတ်သိနားလည်ဖို့ အခွင့်အရေးတွေ ဆုံးရှုံးနေပါတယ်။ ကိုယ့်မှာ လိုအပ် လိုအပ်နေတာလေးတွေကို သတိထား မြင်အောင်ကြည့်ကာ ဖြည့်စွက်ဖြည့်စွက်ပေးဖို့ လူတိုင်းမှာ လိုအပ်နေပါတယ်။ ဒါမှ ပြည့်စုံပြည့်စုံလာနိုင်ပါတယ်။ သာမဏေကျော်မှာလည်း လိုအပ်ချက်တွေ အများကြီး ရှိနေပါတယ်။ မောင်လှဝင်းမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ အရာရာမှာ ငါသိ၊ ငါတတ် ထင်မှတ်နေရင် အဲဒီသူဟာ မထင်မှတ်သူရဲ့ နောက်မှာ ကျန်ရစ်မှာ သေချာပါတယ်။ အရာရာမှာ ငါသိတယ်လို့ ယူဆနေရင် အဲဒီလူမှာ အသိပညာ အားနည်းနေပါသေးတယ်။

ဦးပေါ်ဦး

မောင်လှဝင်း...

ဆရာတော်ကြီးက နေ့ဆွမ်းဝိုင်းမှာ ဝေယျာဝစ္စဆောင်ရွက်နေတဲ့

http://www.dhammadownload.com

မောင်လှမြင့်ကို ကြည့်ပြီး 'မောင်လှမြင့်၊ လက်ချိုးရေတွက်နေသလား' လို့ မေးပါတယ်။ မောင်လှမြင့်က ချက်ချင်း 'မရေတွက်ပါ ဘုရား'လို့ ဖြေလိုက်ပါတယ်။ ဂျာမန်ရဟန်းတော် ဦးဝိဝေကာနန္ဒကတော့ ချက်ချင်း သဘောမပေါက်ရှာပါ။ မကြာခင်ပဲ သဘောပေါက်သွားပါတယ်။ 'ဦးဝိဝေကာနန္ဒကော လက်ချိုးရေတွက်သေးလား' လို့ မေးပြန်ပါတယ်။ 'မရေတွက်ပါ ဘုရား'လို့ ဖြေပါတယ်။ 'ဒါဆိုရင် နီပေါလုမ္မိနီက ဆွဲအားမရှိလို့ပေါ့'လို့ မေးပြန်တော့ 'အဲဒီလိုတော့ မဟုတ်ပါဘုရား'လို့ ဆိုပါတယ်။ မောင်လှမြင့်က ချက်ချင်းပဲအဖြေပေးလိုက်လို့ 'မောင်လှမြင့်က ဦးပေါ်ဦးလိုပါပဲလား'လို့ ဆရာတော်ကြီးက ဆက်မိန့်ပါတယ်။ ဆရာတော်ကြီးက သူ့တပည့်ကျော်ကြီး မောင်လှမြင့်ကို ရင်းနှီးခင်မင်လို့ တရင်းတနှီး မိန့်လိုက်တာဖြစ်ပါတယ်။ မောင်လှဝင်းလည်း ဦးပေါ်ဦး အကြောင်းကို မူလတန်းကျောင်းသားဘဝတုန်းက ဖတ်ခဲ့ဖူးပါတယ်၊ ဘုရင်က မေးတယ်။

'ဥတကာဥတွေထဲမှာ ဘယ်ဥအဆိမ့်ဆုံး၊ အကောင်းဆုံးလဲ'

'ဖွတ်ဥပါ ဘုရား'

ဒီလောက်ပဲ မေးပြီး ရပ်ထားလိုက်ပါတယ်။ နောင်နှစ်နဲ့ချီပြီး ကြာသွားမှ ထပ်မေးပါတယ်။ မေ့လောက်ပြီအထင်နဲ့ မေးလိုက်တာပါပဲ။ ဦးပေါ်ဦးကလည်း မေ့မေ့ပျောက်ပျောက် မဟုတ်ပါ၊ အမှတ်တရ ရှိနေပါတယ်။ မမျှော်လင့်ဘဲ ရုတ်တရက်မေးလိုက်ပြန်ပါတယ်။

'သူ့ချည်းပဲလား'

'ဆားနဲ့ပါ ဘုရား'

ချက်ချင်းဖြေနိုင်တဲ့ ဦးပေါ်ဦး တော်ပါပေတယ်။ အခုလည်း မောင်လှမြင့်ဟာ ဦးပေါ်ဦးလို ဖြစ်သွားပါတယ်။ မောင်လှမြင့်က လက်ချိုး မရေတွက်ပါလို့ ဆိုပေမယ့် သူ့ဇနီး ဒေါ်တင်တင်အေး၊ သား မောင်ဟိန်းစည်၊ သမီး ဇကရိတို့ထံ တစ်ပတ်တစ်ခါ ဖုန်းဆက်ပါတယ်။

http://www.dhammadownload.com

မောင်လှမြင့်မှာ သံယောဇဉ်အသစ်တစ်ခု တိုးနေလို့ အဲဒီလို ဖုန်းဆက်နေရပါတယ်။ ပြင်ဦးလွင် ပဏ္ဍိတာရာမရိပ်သာအနီးမှာ အိမ်အသစ်ဆောက်လုပ်နေလို့ အိမ်အခြေအနေကို လှမ်းပြီးမေးမေးနေပါတယ်။ ကိုယ့်မြေ၊ ကိုယ့်အိမ်ရှိလာတော့ 'ဇတ် မမ၊ ဒါဟာ ငါ့ဥစ္စာ'လို့ စွဲလမ်းမှုက ကြည်နူးကျေနပ်မှု၊ အားရပျော်ရွှင်မှုကို ဖြစ်စေပါတယ်တဲ့။ 'သဗ္ဗ ကွာသရီယ် သုခံ၊ အစိုးတရရှိမှုအားလုံးဟာ ချမ်းသာတယ်'လို့ ဘုရားဟောထားတယ်။ မောင်လှမြင့်က သံယောဇဉ်အသစ်လေးကြောင့် ပျော်နေတယ်။ မောင်လှဝင်းလည်း 'သာမဏေကျော်ကော ဘယ်လိုပါလဲ'လို့ မေးလာခဲ့ရင် သာမဏေကျော်က ဘယ်လိုပြန်ဖြေမယ် ထင်လဲ။ မောင်လှဝင်းက ရွာ ၅ ရွာမှာ အုပ်ချုပ်တဲ့လူကြီး လုပ်လာသူပဲ။ မပြောဘဲ သိနိုင်ပါတယ်။ မောင်လှဝင်းက လူကင်းပါးသူပဲ မဟုတ်လား။

တိုက်ဆိုင်မှု

မောင်လှဝင်း...

ဆရာတော်ကြီးက ဦးဝိဝေကာနန္ဒကို မေးပါတယ်။ 'သမုဒ္ဒရာဝမ်းတစ်ထွာဆိုတာ နားလည်လား'အဲဒီလိုမေးတဲ့အခါ 'အဲဒါက ဘာလဲ'လို့ ဦးဝိဝေကာနန္ဒက ပြန်မေးပါတယ်။ သူ့ဘာသာ စဉ်းစားကာ အဖြေရှာနေပါတယ်။ သမုဒ္ဒရာဆိုတာ Ocean လို့ အင်္ဂလိပ်လို အဓိပ္ပာယ်ဖွင့်ဆိုနေပါတယ်။ ဝမ်းဗိုက်ကို လက်နဲ့ထွာကြည့်နေပါတယ်။ 'သိပြီ၊ သိပြီ'လို့ ဆိုလိုက်ပါတယ်။ ဆရာတော်ကြီးက 'သမုဒ္ဒရာဆိုတာ ပြည့်စုံတယ်လို့ မရှိ၊ ဝမ်းဗိုက်ကလည်း နေ့စဉ်နေ့စဉ် ဖြည့်ပေးနေရလို့ ပြည့်သွားတယ်လို့ မရှိ။ နေ့စဉ် အစာလိုအပ်နေတာပဲ'လို့ အဓိပ္ပာယ်ရှင်းပြလိုက်တော့ သမုဒ္ဒရာနဲ့ဝမ်းတစ်ထွာ တူပုံကို ဦးဝိဝေကာနန္ဒဟာ ပိုမို

http://www.dhammadownload.com

သဘောပေါက်သွားပါတယ်။ ဦးဝိဝေကာနန္ဒမှာ မြန်မာစကားလုံး အသုံး အနှုန်းတွေ ပိုမိုသဘောပေါက်လာအောင် ဆရာတော်ကြီးက ပြောပေး တာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ပါဠိစကားလုံးတစ်ခုရဲ့အဓိပ္ပာယ်ကို နားလည်လားလို့ မေးပြန်ပါတယ်။ အဲဒီပါဠိစကားလုံးလေးက ကာက တာလိယ တဲ့။ မြန်မာလို အဓိပ္ပာယ်က 'ထန်းသီးကြွေခိုက်၊ ကျီးပျံခိုက်' လို့ ဖြစ်ပါတယ်။ အဲဒီပါဠိစကားလုံးကို မကြားဖူးသေးပါ။ အဲဒီအဓိပ္ပာယ် ဖွင့်ဆိုချက်ကိုလည်း မသိဖူးသေးပါ။ ထန်းသီးက ကြွေကျခိုက်မှာ ကျီးက ပျံသွားလို့ ပျံနေတဲ့ကျီးပေါ် ထန်းသီးကကျကာ ကျီးသေသွားပါတယ်တဲ့။ ဒီရှင်းလင်းပုံကိုလည်း မကြားဖူးသေးပါ။ တိုက်ဆိုင်မှုလို့ ဆိုနိုင်ပါတယ်။ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရပ်ပါပဲ။ 'ထန်းသီး ကြွေခိုက်၊ ကျီးနင်းခိုက်' လို့လည်း ပြောကြပါတယ်။ 'ထန်းသီးကြွေခိုက် ကျီးပျံခိုက်'လို့ ပြန်ဆို တာက အမှန်ပါပဲ' လို့လည်း ဆရာတော်ကြီးက မိန့်ပါသေးတယ်။

လေကြီးမိုးကြီး တိုက်ခတ်တယ်၊ သစ်ပင်ကြီးတစ်ပင်အောက် ကားက ဖြတ်သွားတယ်၊ သစ်ပင်ကြီးက လဲအကျ၊ ကားက ဖြတ်အသွား ကားပေါ် သစ်ပင်ကြီးကျလို့ ကားပေါ်ကလူတွေ သေကုန်ကြတယ်။ ဒါလည်း တိုက်ဆိုင်မှုတစ်ခုပါပဲ။ ဒီလိုဆိုးကျိုးကို ခံစားရရာမှာ တိုက် ဆိုင်မှုရှိသလို ကောင်းကျိုးကို ခံစားရရာမှာလည်း တိုက်ဆိုင်မှုတွေ လောကကြီးမှာ များစွာပဲရှိပါတယ်။ တိုက်ဆိုင်မှုတွေမှာ ကံအကြောင်း တရားနဲ့ မကင်းနိုင်ကြပါ။ ကောင်းတဲ့တိုက်ဆိုင်မှုမှာ ကုသိုလ်ကံ အကြောင်းနဲ့ သက်ဆိုင်ပါတယ်။ မကောင်းတဲ့တိုက်ဆိုင်မှုမှာ အကုသိုလ် ကံအကြောင်းနဲ့ ပတ်သက်ပါတယ်။ အကျိုးတရားဟာ အကြောင်းနဲ့ ကင်းရိုးမရှိပါ။ အကြောင်းရှိမှသာ အကျိုးဖြစ်ပေါ်ရပါတယ်။ အကြောင်း ကောင်းတွေ ကြီးကျယ်တဲ့နေရာတွေမှာ အကျိုးကောင်းတွေ အား ကောင်းနေကြပါတယ်။ မီးခိုးကို တွေ့ရလို့ မီးရှိကြောင်းကို သိနိုင်ပါ တယ်။ အကျိုးကိုကြည့်ပြီး အကြောင်းကိုသိနိုင်ပါတယ်။ ကောင်းကျိုး

http://www.dhammadownload.com

တွေကို ပိုင်ဆိုင်ချင်ရင် အကြောင်းကောင်းတွေကို ပိုင်ဆိုင်ကြရပါမယ်။ အကြောင်းကောင်းကို မပိုင်ဆိုင်ဘဲ အကျိုးကောင်းကို ပိုင်ဆိုင်လို့မရနိုင်ပါ။

နှစ်ကိုကိုနဲ့

မောင်လှဝင်း...

ဦးသုမနသိရီဟာ မြန်မာစာပေကိုသာမက ပါဠိစာပေကိုပါ သင်ယူတယ်။ သူက မောင်လှမြင့်ထံ ပါဠိစာပေကို ၈ လလောက်ပဲ သင်ယူလိုက်ရတယ်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေကို ကြည့်နေနိုင်ပါပြီ။ သုတ်စဉ်၊ သုတ်နက်၊ ရုပ်တွက်ကို သင်ပြမပေးပါ။ မောင်လှမြင့်က သူသင်ပြပေးပုံကို နေသာလာလို့ လမ်းလျှောက်သွားရင်း ပြောပြပါတယ်။ လမ်းတစ်လျှောက်က တောသဘာဝရှုခင်းတွေကိုလည်း သာယာလိုက်တာလို့ ချီးကျူးနေပါတယ်။

'တပည့်တော်ဟာ အနတ္တလက္ခဏာသုတ်ကို စတင်သင်ပြပါတယ်။ အနတ္တလက္ခဏာသုတ်က ဝါကျတွေကို ရှင်းပြရင်း ပါဠိသိက္ခာကို သင်သွားပါတယ်။ သုတ္တန်တော်တော်များများပြီးမှ ဓမ္မပဒဂါထာတို့ကို သင်ပြပေးပါတယ်။ ပါဠိသဒ္ဒါနည်းတွေကို တစ်ပါတည်း သင်ပြပေးပါတယ်။ မဟာဂန္ဓာရုံဆရာတော်ရဲ့ နာမ်ဂိုဏ်းစာအုပ်၊ ပါဠိသိက္ခာစာအုပ်ကို ပင်တိုင်ထား သင်ပြပေးပါတယ်။ ဓမ္မပဒဂါထာအဖွင့်ကိုလည်း သင်ပြပေးပါတယ်။

အချိန်တို အတောအတွင်း ဒီလောက် ပါဠိပညာအရည်သွေးကို ရသွားတာဟာ ဆရာရော တပည့်ပါ တော်ကြလို့ပါပဲ။ မောင်လှဝင်းရဲ့ ဦးဇင်း ၂ ပါး၊ (ဦးသြဘာသနဲ့ ဦးဇဋ္ဌိလ) တို့မှာ ပါဠိစာပေတွေကို ဖတ်ရှုနားလည်နိုင်တဲ့ အနေအထား ရှိစေချင်ပါတယ်။ စာမေးပွဲတွေ

http://www.dhammadownload.com

မအောင်ချင်နေပါစေ၊ ဦးသုမသိရီလို ဖတ်ရှုနားလည်နိုင်ဖို့ပဲ လိုပါတယ်။ မောင်လှမြင့်လို သာမဏေကျော်က အနီးကပ်သင်ပြမပေးနိုင်သေးတောင် ဦးသြဘာသနဲ့ ဦးဇဋ္ဌိလတို့အား နည်းလမ်းပေးချင်ပါတယ်။ ညီအရင်း ဦးသြဘာသက ပထမကြီးတန်းရောက်နေပါတယ်။ ညီတစ်ဝမ်းကွဲ ဦးဇဋ္ဌိလကတော့ အလတ်တန်းရောက်ပါတယ်။ သူတို့နှစ်ပါးက ကိုရင်လေးတွေကို ပါဠိသိက္ခာ၊ နာမ်ဂိုဏ်း သင်ပေးကြရင် ပါဠိပညာအခြေခံ ကောင်းကောင်း ကျေညက်သွားကြပါမယ်။ ပါဠိသိက္ခာနဲ့ နာမ်ဂိုဏ်းကို ကျေကျေညက်ညက်လေ့လာထားရင် ဘုရားစကားတော်ဖြစ်တဲ့ ပါဠိတော်တွေကို ဖတ်ရှုနားလည်နိုင်မှာမို့ ဘုရားစကားတော်ရဲ့ အရသာကို ခံစားနိုင်ပါမယ်။'

မြန်မာနိုင်ငံက ရဟန်းသံဃာအများစုဟာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို နှံ့စပ်အောင် လေ့လာမှုနည်းနေကြပါတယ်။ ဖတ်ရှုပြီး နားလည်နိုင်တဲ့ အရည်အသွေးလည်း အားနည်းနေကြပါတယ်။ ဘုရားစကားတော်တွေကို ဖတ်ရှုနားလည်ခွင့်၊ အရသာခံစားခွင့် မရရှိကြတဲ့ အတွက် ရှင် ရဟန်းတွေမှာ ဗုဒ္ဓသာသနာ့အရသာကို ကောင်းကောင်း မခံစားနိုင်ဖြစ်နေကြပါတယ်။ ဘုရားစကားတော်များစွာကို ရှင် ရဟန်းတိုင်း နှစ်တိုတိုနဲ့ နားလည်နိုင်တဲ့ နည်းစနစ်မျိုးကို ရှာဖွေသင့်ကြပါပြီ။ ဘုရားစကားတော်တွေနဲ့ ဝေးကွာနေတဲ့ ဘုရားသားတော်တွေရဲ့ စိတ်ဓာတ်မှာ သဒ္ဓါကိန်းဝပ်ဖို့ ခဲယဉ်းပါတယ်။ သဒ္ဓါမရှိရင် သာသနာမှာ ပျော်ရွှင်စွာ နေထိုင်ဖို့ ခက်ပါတယ်။ သဒ္ဓါရှိတဲ့ ဘုရားသားတော်တွေများမှ ဘုရားသာသနာ ကြာရှည်စွာ တည်ပါမယ်။

http://www.dhammadownload.com

အဖော်ကောင်း

မောင်လှဝင်း...

ဒီနေ့ ၂၈၊ ၅၊ ၂၀၀၅ က စနေနေ့ဖြစ်ပါတယ်။ သောကြာနေ့ ညနေကတည်းက မလေး ရောက်လာပါတယ်။ မောင်လှမြင့်နဲ့ လမ်းလျှောက်ရာက ပြန်အလာ မလေးရဲ့ကား ဝင်လာတာကို တွေ့ရပါတယ်။ အရဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် စားစရာ သောက်စရာပစ္စည်းမျိုးစုံ ပါလာပါတယ်။ မောင်လှမြင့်က ကူညီပြီး သယ်ပေးပါတယ်။ 'ရပါတယ်'လို့ မလေးက အားနာစကားဆိုနေပါသေးတယ်။ မလေးက ဝေယျာဝစ္စလည်း လုပ်ပါတယ်။ အချိန်ရသမျှ တရားထိုင်၊ တရားနာ လုပ်တာလည်း တွေ့ရပါတယ်။ အရဏ်ဆွမ်းမှာ ဆရာတော်ကြီးက မလေးကို တွေ့တော့ 'တင်တင်လေး ရောက်နေပြီလား၊ တရားထိုင်တယ် မဟုတ်လား'လို့ မေးပါတယ်။ အရင်တစ်ခါ တွေ့တုန်းက 'အဖော်ကောင်း ရှိပြီလား'လို့ မေးပါတယ်။ အဲဒီအခါ 'ဘဝခရီး လူအဖော်ကောင်း (ခင်ပွန်း) ရှိပြီလား'လို့ ရည်ရွယ်ကာ မေးလိုက်တယ်လို့ မလေးက ထင်သွားပုံရပါတယ်။ ရွံ့တွန့်တွန့်ဖြစ်သွားပြီး အဖြေပေးဖို့ အခက်တွေ့နေရှာပါတယ်။ အဲဒီအခါ ဆရာတော်ကြီးက 'အဖော်ကောင်းဆိုတာ အတွေးမလွဲပါနဲ့၊ အခက်တွေ့စေမယ့် မေးခွန်းကို ဘုန်းကြီးက မေးပါ့မလား' လို့ မိန့်ပါတယ်။ မလေးက သဘောပေါက်သွားပါတယ်။ 'တရားရှုမှတ်မှု သတိပဋ္ဌာန်အဖော်ကောင်းရှိအောင် တတ်နိုင်သမျှ ကြိုးစားနေပါတယ်'လို့ လျှောက်ပါတယ်။ ဒုတိယအကြိမ် 'အဖော်ကောင်း ရှိပြီလား'လို့ အမေးခံရတဲ့အခါမှာတော့ မလေး မတုန်လှုပ်တော့ပါ။ နားလည်သဘောပေါက်သွားပြီမို့ အေးအေးဆေးဆေးပဲ ဆရာတော်ကြီး ရည်ရွယ်တဲ့အဖြေကို ပေးနိုင်ပါတယ်။

'အဖော်ကောင်းရမှ ချမ်းသာကို ရတယ်။ အပျိုကြီးဆိုတော့

http://www.dhammadownload.com

အဲဒီတရားအဖော်ကောင်းရဖို့ ပိုအရေးကြီးတယ်'လို့ ဆရာတော်ကြီးက မိန့်ပါသေးတယ်။ သတိပဋ္ဌာန်တရား အဖော်ကောင်းကိုတော့ အပျိုကြီးရော၊ အပျိုလေးရော၊ အအိုကြီးရော၊ အအိုလေးရော၊ လူပျိုကြီးရော၊ လူပျိုလေးရော၊ လူအိုကြီးရော၊ လူအိုလေးပါ ယောကျ်ား မိန်းမ ဘယ်သူမဆို ရရှိထားအောင် ကြိုးစားထားသင့်ကြပါတယ်။ အထီးကျန်ဘဝကို အများဆုံး တွေ့ကြုံခံစားရတဲ့ အနောက်တိုင်းသားတွေအဖို့ သတိပဋ္ဌာန်အဖော်ကောင်းရအောင် ပိုပြီးကြိုးစားသင့်ကြပါတယ်။ အထီးကျန်ဘဝမှာ စိတ်အားငယ်ရတယ်။ ငြီးငွေ့ရတယ်။ အဖော်ကောင်းရှိတဲ့ဘဝမှာတော့ စိတ်အားရှိရပါတယ်။ ပျော်ရွှင်ရပါတယ်။ ကြည်နူးရပါတယ်။ ရွှင်လန်းရပါတယ်။ လူတိုင်းလူတိုင်းဟာ အဲဒီအဖော်ကောင်း ရရှိပိုင်ဆိုင်ထားရင် ချမ်းသာရပါတယ်။ လူအဖော်ကောင်း ရှိပြီးတဲ့သူတွေမှာလည်း ဒီသတိပဋ္ဌာန်အဖော်ကောင်းကတော့ ရှိဖို့လိုအပ်နေပါသေးတယ်။ နေရာတိုင်း၊ အချိန်တိုင်းမှာ သတိပဋ္ဌာန်အဖော်ကောင်းရှိအောင် ကြိုးစားကြရပါမယ်။ ရာသီဥတုအေးလှတဲ့ အမေရိကနေရာတွေမှာ နေရောင်လေးကို မြင်တွေ့ရပြီဆိုရင် ဝမ်းသာကြည်နူးရပါတယ်။ အထီးကျန်ဘဝမှာ သတိပဋ္ဌာန်အဖော်ကောင်းကို ပိုင်ဆိုင်နိုင်ပြီဆိုရင်လည်း ဝမ်းသာကြည်နူးရပါတယ်။

အညာဟင်း

မောင်လှဝင်း...

၂၈၊ ၅၊ ၂၀၀၅ နေ့ဆွမ်းကို ဒေါက်တာကျော်ကျော်ဝင်း၊ ဒေါ်အမာကြည် မိသားစုတို့က လာရောက်ဆက်ကပ်ကြပါတယ်။ ဒေါက်တာကျော်ကျော်ဝင်းက ရွှေဘိုသား၊ ဒေါ်အမာကြည်က မန္တလေးသူဆိုတော့ အညာဟင်းလေးတွေ ချက်လာကြပါတယ်။ ဦးဇင်္ဇလက

http://www.dhammadownload.com

ရွှေဘို ဝက်လက်နယ်သား၊ မောင်လှမြင့်က တံတားဦးသားဆိုတော့ အညာသားတွေပဲပေါ့။ အညာဟင်းတွေဆိုတာက ခရမ်းချဉ်သီးငါးပိချက်၊ ကင်းပုံသီးချက်၊ ပဲပြုတ်နှပ်၊ တမာရွက်ပြုတ်အတို့စသည်တွေပါပဲ။ အညာသားတွေက အညာဟင်းတွေမို့ ပိုလို့စားကောင်းပါတယ်။ ဆရာတော်ကြီးက အောက်သားဖြစ်ပေမယ့် မိဘနှစ်ပါးက ရွှေဘို၊ မုံရွာ အဆက်တွေ ဖြစ်ကြပါတယ်။ ဆရာတော်ကြီးကလည်း အညာသွေးပါလို့ ထင်ပါရဲ့၊ ပဲကြိုက်ပါတယ်။ ငါးပိရည်ပါပေမယ့် ငါးပိရည်ကို မေ့နေပါတယ်။ ငယ်ကြိုက်ဟင်းလေးတွေကို တွေ့ရတော့ ကြီးမှကြိုက်ရတဲ့ ငါးပိရည်ကို စားဖို့သတိမရတော့ပါ။ အမေရိကရောက် မြန်မာနိုင်ငံသားတိုင်း ကိုယ့်အမိမြန်မာနိုင်ငံကို မလွမ်းသူမရှိ၊ မပြန်ချင်သူမရှိ၊ အောက်ပြည်ရောက် အညာသားတိုင်း ငယ်ကြိုက်ပဲကို မလွမ်းသူမရှိ၊ မစားချင်သူ မရှိ၊ အညာရောက် အောက်သားတိုင်း ငါးပိရည်ကို မလွမ်းသူ မရှိ၊ မစားချင်သူ မရှိ။

ဆွမ်းဝိုင်းမှာ အနောက်တိုင်းအစားအစာတွေလည်း ပါပါတယ်။ ဦးဝိဝေကာနန္ဒနဲ့ ဦးသုမနသိရီတို့အဖို့တော့ အနောက်တိုင်းအစားအစာတွေက ငယ်ကြိုက်တွေပါပဲ။ သူတို့က ငါးပိရည်ကိုတော့ မကြိုက်ကြပါ။ ပဲကိုတော့ ကြိုက်ကြပါတယ်။ မြန်မာဟင်းတွေမှာ ဆီနဲ့ဆားများတယ်လို့ အနောက်တိုင်းသားတွေက ပြောကြပါတယ်။ ဝက်လက်မြိုနယ် ကမ်းဖြူရွာသားဖြစ်တဲ့ ဦးဇဋ္ဌိလက 'ဒီအမေရိကရောက်မှ ရွာက ပဲပြုတ်နဲ့ချဉ်ရည်ဟင်းကို လွမ်းတယ်'လို့ ပြောပါတယ်။ ငယ်စဉ်က စားခဲ့ရတဲ့ ငယ်ကြိုက်ဟင်းတွေကို မစားရတာကြာခဲ့ရင် စားလိုတဲ့ အာသာ ဖြစ်ပေါ်တတ်ပါတယ်။ အမေရိကမှာ အညာသားတွေရော၊ အောက်သားတွေပါ ရှိပါလိမ့်မယ်။ သူတို့လည်း မြန်မာနိုင်ငံက သူတို့ရဲ့ ငယ်ကြိုက်ဟင်းလေးတွေကို သတိရကြပါလိမ့်မယ်။ စားချင်ကြပါလိမ့်မယ်။ အနောက်တိုင်းသားတွေက မြန်မာအစားအစာကို စားရပေမယ့်

http://www.dhammadownload.com

အာသာပြည့်ဝမယ်တော့ မဟုတ်ပါ။ မြန်မာတွေဟာလည်း အနောက်တိုင်း အစားအစာကို စားရပေမယ့် အာသာပြေမယ်တော့ မဟုတ်ပါ။

အမေရိကမှာ မြန်မာအစားအစာတွေကို ရောင်းတဲ့ဆိုင်တွေရှိလို့ အလိုရှိရာ ဝယ်လို့ရကြပါတယ်တဲ့။ ဒီနေ့ ဆွမ်းဝိုင်းမှာတောင် အရိုးတောင်း လက်ဖက် အကြော်စုံကို ကပ်ပါတယ်။ ငါးပိရည်ကို ဘာ့ဇ်ဆိုတဲ့ အမေရိကန်ဒကာကြီးက အလွန်ပဲကြိုက်နှစ်သက်ကာ စားသုံးပါသတဲ့။ အမေရိက အစားအစာကိုကြိုက်တဲ့ မြန်မာတွေလည်း အမေရိကမှာ များစွာရှိပါလိမ့်မယ်။ အညာသား သာမဏေကျော်လည်း အညာဟင်းလေးတွေနဲ့ တွေ့ရလို့ အစားပျက်နေပေမယ့် ပိုပြီးစားနိုင်လာပါတယ်။ စားလို့ ကောင်းပါတယ်။

မြတ်နိုးပါတယ်

မောင်လှဝင်း...

၂၈၊ ၅၊ ၂၀၀၅ နေ့က ကမလာ မာစတာဟာ သာမဏေကျော်ထံ တရားလျှောက်ဖို့ အလှည့်ရောက်လာတယ်။ သူမကလည်း အမေရိကမှာ နာမည်ကြီးနေတဲ့ ဝိပဿနာကမ္မဋ္ဌာန်းဆရာမတစ်ဦးပါပဲ။ သူမရဲ့ ခင်ပွန်း စတီဗင်အမ်းစထရောင်းကလည်း နာမည်ကြီးနေတဲ့ ကမ္မဋ္ဌာန်းဆရာတစ်ဦးပါပဲ။ မဟာစည်သာသနာ့ရိပ်သာမှာ ရဟန်းဝတ်နဲ့ ပဏ္ဍိတာရာမဆရာတော်ထံ နေခဲ့ပါတယ်။ ကမလာက သူမရဲ့တရားအတွေ့အကြုံကို လျှောက်ထားရာမှာ အင်အား ၅ ခု လိုအပ်တယ်လို့ သူမအား ပြောပြပြီး ဒီလိုရှင်းပြပါတယ်။

'လူငါးယောက် ဝိုင်းပြီး ညီညီညာညာ မ,မှ ရနိုင်မယ့်ပစ္စည်းကို လူငါးယောက်က ညီညီညာညာ မယူရပါတယ်။ တစ်ယောက်က လျှော့လိုက်ရင် ကျန်သူတွေမှာ ပိုလေးသွားပါတယ်။ ပြည့်စုံတဲ့ရှုမှတ်မှု

http://www.dhammadownload.com

ဖြစ်ဖို့ရာ ကာရကမဂ္ဂင်၊ အလုပ်သမားမဂ္ဂင်ငါးပါး ပါရှိရပါတယ်။ အာရုံ ဆီ ရှေ့ရှုတင်ပေးမှု၊ သမ္မာသင်္ကပ္ပ။ အားစိုက်မှု၊ သမာဝါယာမ။ အမှတ် ရမှု၊ သမ္မာသတိ။ အာရုံပေါ် ကပ်တည်နေမှု၊ သမ္မာသမာဓိ။ အမှန်သိမှု၊ သမ္မာဒိဋ္ဌိ ဒီဂါးမျိုးကို အလုပ်သမားငါးဦးလို့ ခေါ်ပါတယ်။ အင်အား ငါးခုပါပဲ။ အဲဒီအင်အားငါးခုပါတဲ့ ရှုမှတ်မှုဟာ အင်အားပြည့်တဲ့ ရှုမှတ် မှုပါပဲ။ ပညာက သမာဓိရှိမှ ဖြစ်နိုင်တယ်။ သမာဓိကလည်း သင်္ကပ္ပ၊ ဝီရိယ၊ သတိတွေရဲ့ ထောက်ပံ့မှုရမှ ဖြစ်နိုင်တယ်။'

သူမက တရားအပေါ် ယုံကြည်မှုဟာ ရှုမှတ်တဲ့အခါ ထပ်မံဖြစ် ပေါ်လာတာကို တွေ့ရတယ်လို့ ပြောပါတယ်။ သဒ္ဓါနဲ့ပတ်သက်ပြီး ပြောလိုက်ပါသေးတယ်။

'သဒ္ဓါဟာ ပညာဖြစ်ရင် ဖြစ်သလောက် တိုးတက်လာတယ်။ ခိုင်မာလာတယ်။ သူတစ်ပါးပြောလို့.ယုံရတော့ စာအုပ်ဖတ်ပြီး ယုံရတာ တွေထက် ကိုယ်တိုင်တွေ့ပြီး ယုံရတာမှ ခိုင်မာတယ်။ သဒ္ဓါရှိရင် ဆန္ဒရှိတယ်။ ဆန္ဒရှိရင် ဝီရိယရှိလာတယ်။ ဝီရိယရှိရင် သတိရှိလာ တယ်။ သတိရှိရင် သမာဓိရှိလာတယ်။ သမာဓိရှိရင် ပညာရှိလာတယ်။ ပညာရှိလာရင် သဒ္ဓါကလည်း တိုးတက်လာတာပဲ။ ဝိပဿနာပညာဟာ တစ်ဆင့်ပြီးတစ်ဆင့် တိုးလာရင် သဒ္ဓါကလည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးလာတာပဲ။ မဂ်ပညာ၊ ဖိုလ်ပညာဖြစ်သွားရင်တော့ မတုန်လှုပ်တဲ့သဒ္ဓါ ဖြစ်သွားတော့တာပဲ။'

သူမက သေသေချာချာ စူးစိုက်ပြီး နားထောင်နေပါတယ်။ နားထောင်ပြီး စကားတစ်ခွန်း လျှောက်ထားပါတယ်။

'အရှင်ဘုရားရဲ့ အသိပညာကို လေးစားမြတ်နိုးပါတယ် ဘုရား'

ကျေးဇူးရှင် ဆရာသမားတွေရဲ့ နည်းတွေအတိုင်း ပြောပြတာပါ ပဲ။ ဆရာသမားတွေကလည်း ဝိဋ္ဌကစာပေနဲ့အညီ နည်းပေးထားကြတာ ပါပဲ။

http://www.dhammadownload.com

မီးလောင်အိမ်

မောင်လှဝင်း...

မာစီယ ရိုစ်တဲ့။ သူမကလည်း ဝိပဿနာကမ္မဋ္ဌာန်းဆရာတစ်ဦးပါပဲ။ လွန်ခဲ့တဲ့ ၂ နှစ်က လာတုန်းကလည်း သူမ ယောဂီအဖြစ်နဲ့ တရားအားထုတ်တာကို တွေ့ရပါတယ်။ ပြုပြင်စရာတွေ့ရင် ပြုပြင်ပေးရပါတယ်။ အားပေးစရာရှိရင် အားပေးရပါတယ်။ လိုအပ်သလို ကြည့်ပြီး ယောဂီတွေအား တတ်နိုင်သမျှ ကူညီပေးရပါတယ်။ 'အရင်တစ်ခေါက်ကထက် အခုတစ်ခေါက်မှာ အင်္ဂလိပ်စကားတွေကို အရှင်ဘုရားက ပိုနားလည်လာတယ်'လို့ သူမက ပြောပါတယ်။ 'ပိုအိုလာတာကတော့ သေချာပါတယ်'လို့ သာမဏေကျော်က ပြောလိုက်တော့ 'တပည့်တော်လည်း အဲဒီလိုပါပဲ'လို့ သူမက ဆိုလာပါတယ်။ အဲဒီအခါ ဘုရားစကားတစ်ခွန်းကို သတိရလာပါတယ်။ ဒါကြောင့် ဒီလိုပြောလိုက်ပါတယ်။

'အိမ်ကို မီးလောင်ခံရရင် အိမ်ပိုင်ရှင်က မီးလောင်ခံနေရတဲ့ အိမ်ထဲက ပစ္စည်းတွေကို ရနိုင်သမျှ ထုတ်ယူရတယ်။ ထုတ်ယူရသမျှဟာ အိမ်ပိုင်ရှင်အတွက် အားကိုးစရာဖြစ်တယ်။ ဒီလိုပါပဲ ခန္ဓာအိမ်ကြီးကိုလည်း ဇာတိမီး၊ ဇရာမီး၊ ဗျာဓိမီး၊ မရဏမီးစတဲ့ မီးတွေလောင်နေကြတယ်။ အဲဒီမီးလောင်ခံနေရတဲ့ ခန္ဓာအိမ်ကြီးထဲက ဒီသတိပဋ္ဌာန်ပစ္စည်းတွေကို ရနိုင်သမျှ ထုတ်ယူရမှာပဲ။'

သူမက ဒီလိုပြောလာပါတယ်။

'တပည့်တော်မရဲ့ နေအိမ်ကို မကြာခင်ကမှ မီးလောင်သွားပါတယ်။ ဘာပစ္စည်းကိုမှ မထုတ်ယူနိုင်လိုက်ပါ'

'ဩော်! ပေးလိုက်တဲ့ ဥပမာစကားနဲ့ သွားတိုက်ဆိုင်နေပါလား' လို့ တွေးပြီး ဒီလိုဆက်ပြောလိုက်ပါသေးတယ်။

http://www.dhammadownload.com

'အဲဒီနေအိမ်ထဲက ဘာပစ္စည်းကိုမျှ မထုတ်ယူလိုက်နိုင်ပေမယ့် ခန္ဓာအိမ်ကြီးထဲကတော့ သတိပဋ္ဌာန်ပစ္စည်းတွေကို များနိုင်သမျှ များအောင် ထုတ်ယူပါ။ အိပ်ချိန်မှတစ်ပါး ကျန်အချိန်တွေမှာ ဒီသတိပဋ္ဌာန်ပစ္စည်းတွေကို ထုတ်ယူနိုင်ပါတယ်။ တရားအသိဉာဏ်တွေကို သူတစ်ပါးတွေအား မျှဝေပေးရာမှာ ကိုယ့်မှာ များများရှိနေမှ များများပေးလို့ရပါတယ်။ ဒါကြောင့် ကိုယ့်မှာ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာတွေ များသည်ထက်များ၊ ပွားသည်ထက် ပွားအောင် ကြိုးစားပါ။'

ခန္ဓာအိမ်ကြီး ပြာကျသွားပေမယ့်၊ မြေဆွေးဖြစ်သွားပေမယ့် ခန္ဓာအိမ်ကြီးထဲက အနှစ်သာရတွေကို မထုတ်ယူလိုက်နိုင်တဲ့သူတွေဟာ လောကကြီးမှာ များလှပါတယ်၊ ပညာရှိသူတော်ကောင်းတွေကတော့ အိုတတ်၊ နာတတ်၊ သေတတ်တဲ့ ခန္ဓာကိုယ်ကြီးထဲက မအို၊ မနာ၊ မသေရာ နိဗ္ဗာန်ကို ရအောင် သတိပဋ္ဌာန်အနှစ်သာရတွေကို ထုတ်ယူတတ်ကြပါတယ်။ အိုတာရှိရင် မအိုတာရှိရမယ်။ နာတာရှိရင် မနာတာရှိရမယ်။ သေတာရှိရင် မသေတာရှိရမယ်။ အပူရှိရင် အအေးရှိရသလို၊ အမှောင်ရှိရင် အလင်းရှိရသလိုပါပဲ။ ပညာရှိသူတော်ကောင်းတွေက အဲဒီလိုတွေးမြင်ကာ အနှစ်သာရတွေကို မရရအောင် ထုတ်ယူနေကြပါတယ်။

ဟားဗတ်တက္ကသိုလ်

မောင်လှဝင်း...

မနေ့ ၂၉၊ ၅၊ ၂၀၀၅ က တနင်္ဂနေ့မို့ တရားစစ်နားတယ်။ မောင်လှမြင့်ကလည်း နယူးယောက်၊ ဝါရှင်တန်ဘက်သွားပြီး ဆန်ဟိုဇေး တထာဂတရိပ်သာကို ပြန်တော့မှာမို့ ဘော်စတွန်မြို့မှာ နာမည်ကြီးတဲ့ ဟားဗတ်တက္ကသိုလ်စတဲ့ ထင်ရှားနေရာတွေကို မလေးက ကားမောင်း

http://www.dhammadownload.com

ပြီး လိုက်ပို့တယ်။ မစာရဒသိနီကလည်း အဲဒီလိုနေရာတွေကို ရောက်ဖူးချင်တယ်။ ခရီးကြုံတာနဲ့ သာမဏေကျော်ရော၊ ဦးဇဋ္ဌိလပါ လိုက်သွားကြပါတယ်။ ကားမူးပြီး အန်တတ်လို့ သာမဏေကျော်က မလိုက်ချင်ပါ။ ဒေါ်မြင့်မြင့်စိန်က 'မအန်စေရဘူး၊ အာမခံတယ်၊ သူဆေးပေးမယ်'လို့ ပြောကာ တိုက်တွန်းလို့ မောင်လှမြင့်ကလည်း လိုက်စေချင်လို့ လိုက်သွားရပါတယ်။ ဂျင်းကို ပါးစပ်ထဲ ငုံသွားရတယ်။ ချက်မှာ ပရုပ်ပါပုံရတဲ့ ပလာစတာကပ်သွားရတယ်။ အသွားခရီးမှာ မအန်ခဲ့ရပေမယ့် အပြန်ခရီးမှာ အန်ခဲ့ရပါတယ်။ ရိပ်သာရောက်တော့ ခေါင်းမူးနေလို့ အိပ်ရာပေါ်လဲကာ အနားယူရပါတယ်။ ဦးဇဋ္ဌိလခမျာလည်း ကျင်ငယ်ခဏတိုင်း စွန့်ရတတ်လို့ မလိုက်ချင်ပေမယ့် အဖော်ကောင်းတာနဲ့ လိုက်လာပါတယ်။ သူ့ခမျာလည်း ဒုက္ခရောက်ရှာပါ့တယ်။ တစ်နာရီခွဲလောက် မောင်းပြီး ဘော်စတွန်ကိုရောက်တဲ့အခါ မအောင့်နိုင်ရှာတော့ပါ။ စားသောက်ဆိုင်တစ်ခုမှာ အိမ်သာဝင်ဖို့ တန်းစီစောင့်နေရပါသေးတယ်။ အစဉ်အတိုင်းဝင်ဖို့၊ ကျော်ပြီးမဝင်ဖို့၊ စောင့်နေသူတွေက ဦးဇဋ္ဌိလကို သတိပေးပါသေးတယ်။ တစ်ယောက်လောက်ကိုသာ စောင့်ပြီး ကျန်လူတွေကို ဦးဇဋ္ဌိလက ကျော်ဝင်သွားပါတယ်။

နေသာလို့ လမ်းခရီးတစ်လျှောက်မှာ တွေ့ရတဲ့ မြင်ကွင်းတွေက ကြည်နူးဖွယ်ကောင်းပါတယ်။ လမ်းတစ်လျှောက်လုံးက သစ်ပင်ကြီးတွေထဲမှာ စိမ်းတဲ့အပင်က စိမ်း၊ ဝါတဲ့အပင်က ဝါ၊ နီတဲ့အပင်က နီနေကြပါတယ်။ တောင်ကုန်းအနိမ့် အမြင့်တွေ ရှိပါတယ်။ ရေကန်တွေလည်း ရှိပါတယ်။ ဟားဗတ်တက္ကသိုလ်ကြီးကလည်း ကြီးကျယ်ခမ်းနားပါတယ်။ ကျောင်းပိတ်ရက်မို့ ကျောင်းသူကျောင်းသားတွေကို မတွေ့ရပေမယ့် လာရောက်လေ့လာသူတွေနဲ့ စည်ကားလှပါပေတယ်။ တူရိယာတွေကို တီးမှုတ်ကာ တောင်းစားနေတဲ့ လူတွေကိုလည်း ဟားဗတ်တက္ကသိုလ်အနီးက ဈေးထဲမှာတွေ့ခဲ့ရပါတယ်။ မြေအောက်ရထားလမ်း

http://www.dhammadownload.com

ကိုလည်း တွေ့ခဲ့ရပါတယ်။ ဘော်စတွန်ဘက်မှာ အမေရိကန်အဖြူတွေ ကိုပဲ များစွာတွေ့ရပါတယ်။ ကိုရီးယားတွေကိုလည်း တော်တော်တွေ့ရ ပါတယ်။ ကိုရီးယားတစ်အုပ်စုက သာမဏောကျော်နဲ့ ဦးဇဋ္ဌိလကို 'တိဗက်ရဟန်းတွေလား၊ ဒလိုင်းလားမားအုပ်စုလား'လို့ မေးပါတယ်။ 'မဟုတ်ဘူး၊ မြန်မာနိုင်ငံက (ဗမာနိုင်ငံက)'လို့ ပြောပါတယ်။ နားမလည် ကြပါ။ ထိုင်းနိုင်ငံအနီးကလို့ ပြောလည်း မသိပါ။ တရုတ်နိုင်ငံအနီးကပါ လို့ ပြောမှ 'သြော် တရုတ်နိုင်ငံကလား'လို့ ပြောသွားပါတယ်။ တရုတ် တွေလို့ ထင်သွားပုံရပါတယ်။ ကိုယ့်မြန်မာနိုင်ငံကို ပြည်ပသားတွေက သိပ်ပြီးမသိကြဘူးလို့ ပြောကြသူတွေရဲ့စကား မှန်နေကြောင်း သက်သေ တစ်ခုအဖြစ် တွေ့လိုက်ရပါတယ်။

ဗုဒ္ဓဝါဒ

မောင်လှဝင်း...

၃၀၊ ၅၊ ၂၀၀၅ နေ့က မလေးက ကားနဲ့ ဘော်စတွန်မြို့ကို မောင်းပို့ရင်း သူသိချင်နေတဲ့ အချက်တစ်ခုကို ပြောပြပါတယ်။ တချို့ က ပြောကြပါတယ်။ 'မြန်မာနိုင်ငံမှာ စီးပွားရေးမတိုးတက်တာဟာ ဗုဒ္ဓဘာသာကြောင့်ပါ'တဲ့။ အဲဒီအခါ မောင်လှမြင့်က 'လူတွေက ဗုဒ္ဓဝါဒ ကို ဖွင့်ဆိုချက်၊ အဓိပ္ပာယ်ပြန်ချက်၊ နားလည်ချက် လွဲမှားနေကြပါ တယ်။ ဗုဒ္ဓက စီးပွားရေးမလုပ်ရဘူးလို့ မဟောခဲ့ပါ။ စီးပွားတိုးတက် အောင် လုပ်ပုံလုပ်နည်းတွေကို အပြည့်အစုံဟောခဲ့ပါတယ်'စသည်ဖြင့် အချက်ကျကျရှင်းပြပါတယ်။ ဦးဇဋ္ဌိလကတော့ 'မြန်မာနိုင်ငံမှာမှ မဟုတ် ဘဲ ဗုဒ္ဓဘာသာမဟုတ်တဲ့ အာဖရိကစတဲ့ နိုင်ငံတွေမှာလည်း စီးပွားရေး မတိုးတက်ဘဲ ရှိနေတာပဲ'လို့ ပြောပြပါတယ်။ မောင်လှဝင်း တောင်းဆို

http://www.dhammadownload.com

တိုက်တွန်းလို့ သာမဏေကျော် ရေးသားထုတ်ဝေထားတဲ့ 'ဗုဒ္ဓ၏ ဘောဂ ဗေဒ' ဆိုတဲ့ စာအုပ်လေးကို ဖတ်ရှုကြည့်ရင် သူသိချင်တဲ့အချက်အလက်တွေကို အပြည့်အစုံသိသွားနိုင်ပါတယ်။ အဲဒီစာအုပ်လေးမှာ မောင်လှမြင့်က 'လှမြင့်ကျော်'ဆိုတဲ့ ကလောင်နာမည်နဲ့ အမှာစာရေးထားပါတယ်။ သူ့အမှာစာကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ အင်္ဂလန်မှာ သူနေခဲ့စဉ်က တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံလေးကို ဖော်ပြထားပါတယ်။

ဝိသာခါ၊ အနာထပိဏ်စတဲ့ သူဌေးကြီးတွေဟာ ဗုဒ္ဓဝါဒကို လိုက်နာကျင့်သုံးနေကြသူတွေပါပဲ။ ဗုဒ္ဓတပည့်တွေထဲမှာ သူဌေးတွေများစွာပဲ ရှိပါတယ်။ အသောကမင်း၊ အနော်ရထာမင်းစတဲ့ ဗုဒ္ဓသာသနာဝင် မင်းတွေဟာလည်း နိုင်ငံကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ဗုဒ္ဓဝါဒက ဝိရိယကိုအားပေးတဲ့ ဝါဒပါ။ အပျင်းကို အားပေးတဲ့ ဝါဒမဟုတ်ပါ။ စီးပွားတိုးတက်ဖို့ရာ ဥဋ္ဌာနသမ္မဒါ၊ ဝိရိယနဲ့ ပြည့်စုံရမယ်စသည်ဖြင့် ဗုဒ္ဓက ဟောခဲ့ပါတယ်။ ဗုဒ္ဓဝါဒကို တိတိကျကျ ပြည့်ပြည့်ဝဝ လိုက်နာကျင့်သုံးနိုင်ကြရင် လောကကြီးပွားတိုးတက်ရေးမျှသာမက ဓမ္မတိုးတက်ကြီးပွားရေးကိုပါ အပြည့်အဝရရှိနိုင်ကြပါတယ်။

ဗုဒ္ဓက 'တစ်ဖက်မြင်ပုဂ္ဂိုလ်၊ နှစ်ဖက်မြင်ပုဂ္ဂိုလ်၊ စုံလုံးကန်းတဲ့ပုဂ္ဂိုလ်' လို့ ၃ မျိုး ခွဲခြားဟောခဲ့ပါတယ်။ စီးပွားရေးပညာမျက်စိသာ ရှိပြီး ကုသိုလ်ရေးပညာမျက်စိ မရှိရင် တစ်ဖက်မြင်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဲဒီပညာမျက်စိနှစ်မျိုးလုံး ရှိရင် နှစ်ဖက်မြင်ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒီပညာမျက်စိနှစ်မျိုးလုံး မရှိရင်တော့ စုံလုံးကန်းတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဗုဒ္ဓက နှစ်ဖက်မြင်ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားဖို့ ဟောကြားခဲ့တာ ဖြစ်ပါတယ်။ ဗုဒ္ဓသာသနာဝင်တွေမှာ စီးပွားမတိုးတက်တာဟာ ဗုဒ္ဓဝါဒကြောင့် မဟုတ်ပါ။ ဗုဒ္ဓဝါဒအတိုင်း မလိုက်နာကြလို့သာ ဖြစ်ပါတယ်။

http://www.dhammadownload.com

သမ္မာအာဇီဝလုပ်ငန်းနဲ့ ကြီးပွားတိုးတက်နေတဲ့ နိုင်ငံကလူတွေရဲ့ လုပ်ရပ်တွေဟာ ဗုဒ္ဓဝါဒနဲ့အညီဖြစ်တဲ့ လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။ သူတို့က ဗုဒ္ဓသာသနာဝင်တွေ မဟုတ်ပေမယ့် ဗုဒ္ဓဝါဒကို လိုက်နာကျင့်သုံးနေမိကြပါတယ်။

ကြီးဖြုတ်ပြီးမှ လျှော်ပါ

မောင်လှဝင်း...

၃၁၊ ၅၊ ၂၀၀၅ နေ့ နံနက် ၅ နာရီအချိန်မှာ မောင်လှမြင့်က အင်ဒရူးနဲ့အတူ နယူးယောက်ကို သွားတယ်။ နယူးယောက်ကနေ ဝါရှင်တန်၊ ဝါရှင်တန်ကနေ တထာဂတရိပ်သာကို ပြန်ပါမယ်။ ဦးသုမနသိရီကလည်း ဒီနေ့ညနေ ပြန်ရောက်ပါမယ်။ ဒီနေ့ ယောဂီတွေအား တရားစစ်တဲ့အခါ ဘာသာပြန်မပါဘဲ ကိုယ့်ဘာသာကိုယ် အင်္ဂလိပ်လို ကျဲလိုက်ရပါတယ်။ ယောဂီတွေထဲမှာ ဆရာဝန်ကြီးတစ်ဦးပါပါတယ်။ သူက တရားလျှောက်တဲ့အခါ စိတ်ကူးစီစဉ်မှုတွေ များနေလို့ တရားရှုမှတ်ရတာ မကောင်းပါလို့ ပြောလာပါတယ်။ နောက်ကြောင်း၊ ရှေ့ကြောင်းတွေကိုဖြတ်ပြီး ရှုမှတ်နိုင်အောင် အောက်ပါဥပမာစကားနဲ့ ပြောလိုက်ပါတယ်။

'လူတစ်ယောက်က ညအခါ မြစ်ထဲမှာ တစ်ညလုံး လေလှော်တယ်၊ နံနက်လင်းလာလို့ လေကိုကြည့်လိုက်တော့ လေက တစ်လက်မတောင် ရှေ့မသွားဘဲ နဂိုနေရာမှာပဲ ရှိနေတယ်။ လေကိုချည်ထားတဲ့ ကြိုးကို ကမ်းပေါ်က ငုတ်တိုင်မှာ ချည်ထားတာမို့ လေကမရွှေ့ဘဲ ဖြစ်နေတယ်။ ကြိုးမဖြုတ်ဘဲ ကြိုးကြိုးစားစား တစ်ညလုံး လှော်ပေမယ့် လေက ရှေ့ကိုမတိုးတော့ပါ။ အဲဒီလိုပါပဲ တရားအပြင်းအထန် ရှုမှတ်အားထုတ်တဲ့အခါမှာ သံယောဇဉ်နှောင်ကြိုးတွေကို ဖြတ်တောက်ပြီး ဖြုတ်ပြီး အားထုတ်မှ တရားခရီးရောက်နိုင်ပါတယ်။'

http://www.dhammadownload.com

အဲဒီဥပမာစကားကို ပြောပြလိုက်ရာ နောက်တစ်ခါ အဲဒီဆရာဝန်ကြီး တရားလာလျှောက်တဲ့အခါ အဲဒီကြိုးဖြုတ်ပြီး လေလော်ဖို့ ပြောတဲ့စကားလေးကြောင့် တရားရှုမှတ်လို့ သိသိသာသာ ကောင်းလာကြောင်း လျှောက်ထားလာပါတယ်။ အဲဒီဆရာဝန်ကြီးအား အဲဒီနေ့က အောက်ပါစကားလေးကိုလည်း ပြောပြလိုက်ပါသေးတယ်။

'သစ်ပင်လေးတစ်ပင် ပေါက်လာတယ်။ အဲဒီသစ်ပင်လေးကို နွယ်တွေက ရစ်ပတ်နေတယ်။ နွယ်တွေရဲ့ အရစ်အပတ်ခံရလို့ သစ်ပင်လေးဟာ ကြီးထွားခွင့်မရတော့ဘူး၊ အခုလည်း ယောဂီရဲ့သန္တာန်မှာ သတိပဋ္ဌာန်သစ်ပင်လေး ပေါက်နေတယ်။ အဲဒီသတိပဋ္ဌာန်သစ်ပင်လေးမှာ အတွေးနွယ်တွေ ရစ်ပတ်နေရင် ကြီးထွားခွင့် မရနိုင်တော့ပါ။ ဒါကြောင့် သတိပဋ္ဌာန်သစ်ပင်လေး ကြီးထွားလာရအောင် အတွေးနွယ်တွေကို ဖြတ်တောက်ပစ်ပါ။'

အတွေးတွေ ပေါ်လာရင် အဲဒီအတွေးတွေကို မလွတ်အောင် မှတ်ဖို့၊ ပြီးရင် ဖောင်းတာ၊ ပိန်တာပြန်မှတ်တဲ့အခါ အစမှ အဆုံးတိုင်အောင် ကပ်ပါသွားအောင် စူးစိုက်မှတ်ဖို့ ပြောပြရပါတယ်။ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်'လို့ မှတ်ကြည့်ဖို့လည်း တိုက်တွန်းရပါတယ်။ ကြောင့်ကြအားကြီးနေရင်၊ ဝိရိယလွန်နေရင် စိတ်ပျံ့လွင့်နေတတ်ပါတယ်။ ဝိရိယနည်းနေရင်လည်း အာရုံဆီကို မှတ်စိတ်ကမရောက်ဘဲ ရှိနေတတ်ပါတယ်။ စူးစိုက်မှု သမာဓိလွန်ပြီး ဝိရိယလျော့နေရင် အိပ်ချင်ထိုင်းမှိုင်းမှု ဖြစ်လာတတ်ပါတယ်။ ဝိရိယနဲ့ သမာဓိမျှတနေမှ အသိဉာဏ်ဖြစ်ပေါ်နိုင်ပါတယ်။ စောင်းမှာ ကြိုးတင်းလွန်းရင်၊ လျော့လွန်းရင် အသံမကောင်းဘဲ မလျော့မတင်းဖြစ်နေမှ အသံကောင်းသလို ဝိရိယကလည်း မတင်းလွန်း၊ မလျော့လွန်းမှ တရားတိုးတက်နိုင်ပါတယ်။

http://www.dhammadownload.com

စာမေးပွဲ ဖြေရမယ်

မောင်လှဝင်း...

သာမဏေကျောင်ထဲ တရားလျှောက်ဖို့ အလှည့်ကျတဲ့ ယောဂီ ၉ ယောက်ထဲက အပေါ်ဆုံး ၄ ယောက်ဟာ နောက်နေ့မှာ ဆရာတော်ကြီးထံ တရားလျှောက်ဖို့ အလှည့်ကျပါတယ်။ အဲဒီ ၄ ယောက်ကို 'နောက်နေ့မှာ ဘယ်ဆရာတော်ထံ တရားလျှောက်ရမှာလဲ သိလား' လို့ မေးလိုက်တဲ့အခါ ပဏ္ဍိတာရာမဆရာတော်ကြီးထံ လျှောက်ရမယ့် အကြောင်းအများစုက သိကြပါတယ်။ ယောဂီတစ်ယောက်ကတော့ 'နက်ဖြန် ဆရာတော်ကြီးထံ စာမေးပွဲ သွားဖြေရပါမယ်'လို့ ပြောသွားပါတယ်။ ယောဂီတွေကို အဲဒီယောဂီပြောသွားတဲ့ စကားလေးနဲ့ပဲ သတိပေးရပါတယ်။ ဆရာတော်ကြီးထံ တရားလျှောက်ဖို့ အလှည့်ကျမယ့် ယောဂီတွေကို 'ယောဂီ၊ မနက်ဖြန် ဆရာတော်ကြီးထံ သွားပြီး စာမေးပွဲ ဖြေရမယ်နော်၊ အဲဒီစာမေးပွဲမှာ ကောင်းကောင်းဖြေနိုင်အောင် Home Work သင်ခန်းစာကို ကောင်းကောင်းလုပ်သွားပါ'လို့ သတိပေး မှာကြားရပါတယ်။ ယောဂီအများစုဟာ ဆရာတော်ကြီးထံ တရားအတွေ့အကြုံ လျှောက်ထားဖို့ ဝန်လေးသွားကြပါတယ်။ တချို့မှာတော့ ဝန်လေးပုံမပေါ်ပါ။ ဆရာတော်ကြီးက ယောဂီတွေ တရားလျှောက်တဲ့အခါ ထောက်စရာအကွက်လေးတွေကို ထောက်ထောက်ပြီး မေးတတ်ပါတယ်။ အထင်နဲ့ပြောတာမျိုးကို မလိုလားပါ။ အမြင်နဲ့ပြောတာကိုပဲ လက်ခံပါတယ်။ ပေါ့ပေါ့ဆဆနဲ့ အမှတ်လွတ်နေတာ၊ အမှတ်ကျဲနေတာကို မလိုလားပါ။ ပင်တိုင်အာရုံ:အပေါ် မှတ်ပုံ၊ သိပုံကို ရှေးဦးစွာ အသေးစိတ် ပြောစေချင်ပါတယ်။ ပြီးမှ အခြားအာရုံတွေပေါ်လာပုံ၊ ရှုမှတ်ပုံ သိပုံတွေကိုလည်း ပြောစေချင်ပါတယ်။

ဆရာတော်ကြီးက ယောဂီတွေမှာ ပြုပြင်စရာတွေ့ရင် အားမနာ

http://www.dhammadownload.com

တမ်း ပြုပြင်ပေးပါတယ်။ ချိန်သားကိုက်၊ စိတ်အားစိုက်ပြီး ရှုရာအာရုံ အပေါ်မှာ စိတ်ကလေး ကပ်ကပ်ပါသွားအောင် ရှုမှတ်ဖို့ မိန့်ကြားပါတယ်။ စေ့စေ့စပ်စပ်၊ ခိုင်ခိုင်မြဲမြဲ၊ ထိထိမိမိ၊ ပိုင်ပိုင်နိုင်နိုင် မှတ်နိုင်သလား၊ မမှတ်နိုင်ဘူးလား လို့ မေးပါတယ်။ မှတ်နိုင်ရင် ဘာတွေကို သိလဲ၊ သိတာမှန်သမျှကို ပြောစေပါတယ်။ မမှတ်နိုင်ရင် စိတ်ကလွင့်နေသလား၊ ဘာဖြစ်နေသလဲဆိုတာကို ပြောစေပါတယ်။ အာရုံပေါ်လာပုံ၊ ရှုမှတ်ပုံ၊ သိပုံ ဒီ ၃ မျိုးကို ပိုင်ပိုင်နိုင်နိုင် ပြောပြတတ်ဖို့ အရေးကြီးပါတယ်။ ရှုမှတ်ပုံကိုသာ ပြောပြီး သိပုံကို မပြောရင်လည်း မပြည့်စုံသေးပါ။ သိပုံကိုသာ ပြောပြီး ရှုမှတ်ပုံမပြောရင်လည်း မပြည့်စုံသေးပါ။ ဂဏန်းပုစ္ဆာကို တွက်ပုံကိုရော၊ အဖြေကိုပါ ပြောနိုင်မှ ပြည့်စုံပါတယ်။ အဲဒီလိုပါပဲ ယောဂီဟာလည်း မှတ်ပုံကိုရော သိပုံကိုပါ ပြောနိုင်မှ ပြည့်စုံပါတယ်။ သိပုံကိုသာပြောပြီး မှတ်ပုံကိုမပြောရင် ဂဏန်းအဖြေကိုသာ ပြောပြီး ဂဏန်းတွက်ပုံကို မပြောတာနဲ့ တူနေပါတယ်။ သိပုံကိုသာ ပြောပြရာမှာလည်း အပေါ်ယံလေးတင်မဟုတ်ဘဲ အသေးစိတ် ပြောပြနိုင်ဖို့ လိုပါတယ်။ စူးစိုက်ကပ်လိုက်ကာ မှတ်နိုင်ရင် အသေးစိတ် ပြောနိုင်တာပါပဲ။

ဆန်ရေ

မောင်လှဝင်း...

'မာတာပိတု ဥပဋ္ဌာန်၊ မိဘတွေကို ပြုစုလုပ်ကျွေးတာဟာ မင်္ဂလာတစ်ပါ'လို့ ဘုရားဟောထားတယ် မဟုတ်လား။ မိဘတွေက သားသမီးတွေကို လူလားမြောက်လာအောင် လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် ပြုစုစောင့်ရှောက်ခဲ့ကြတယ်။ သားသမီးတွေအဖို့ မိဘကျေးဇူးဟာ ကြီးမားလှပါတယ်။ တကယ့်ကျေးဇူးရှင်ကြီးတွေပါပဲ။ သားသမီးတွေအပေါ်

http://www.dhammadownload.com

မှာ မိဘတွေရဲ့ကျေးဇူးကြွေးတွေ တင်ရှိနေပါတယ်။ အဲဒီကျေးဇူးကြွေးတွေကို သားသမီးတွေက တတ်နိုင်တဲ့အခါ ပေးဆပ်ကြရပါမယ်။ မြန်မာဗုဒ္ဓသာသနာဝင်တို့နယ်ပယ်မှာ ဒီအလေ့အထကောင်းကို သိရှိနားလည်ပြီး တတ်နိုင်သမျှ ကျင့်သုံးကြပါမယ်။ အမေရိကမှာ သားသမီးတွေက မိဘတွေကို ပြုစုစောင့်ရှောက်ကြတယ်ဆိုတာ အလွန်ပဲရှားပါးပါတယ်။ မိဘတွေ အိုမင်းလာတဲ့အခါ လူအိုရုံကို ပို့လိုက်တာပါပဲတဲ့။ အမေရိကန် အမျိုးသားတစ်ဦးက သူ့မိခင်ကြီးကို ကြင်ကြင်နာနာ ရိုရိုသေသေ လိုလိုလားလားနဲ့ ပြုစုနေတာကို တွေ့ရပါတယ်။ သူမိခင်ကြီးက အသက် ၉၈ နှစ်ရှိနေပါပြီ။ မိခင်ကြီးက တောင်ဝှေးလေးထောက်ကာ ထောက်ကာနဲ့ သူ့ဘာသာလည်း သွားနိုင်သလောက် သွားနိုင်ပါတယ်။ သားက မိခင်သွားလိုရာကို ကားနဲ့လိုက်ပို့ပါတယ်။ အဆောက်အဦးတွေထဲမှာ ဘီးတပ်ထားတဲ့ တွန်းလှည်းပေါ်တင်ပြီး တွန်းပို့ပေးပါတယ်။ စားစရာ၊ သောက်စရာတွေကို အဆင်သင့်ပြင်ဆင်ပေးပါတယ်။ မိခင်ကြီးကလည်း မှတ်ဉာဏ် ကောင်းလှပါတယ်။ အဲဒီသားကို တွေ့မြင်ကြရတဲ့ အမေရိကန်တွေကရော မြန်မာတွေကပါ အံ့ဩချီးကျူးကြပါတယ်။ အမေရိကမှာ ဒီလိုသားဟာ မရှိသလောက် ရှားတယ်လို့ ပြောကြပါတယ်။

အဲဒီသားက ဘာ့ဇ်အမည်ရှိတဲ့ ဒကာကြီးပါပဲ။ သူက ပဏ္ဍိတာရာမ ဆရာတော်ကြီးထံမှာရော အခြားကမ္မဋ္ဌာန်းဆရာတွေအထံမှာပါ သတိပဋ္ဌာန်တရားကို အားထုတ်ထားပါတယ်။ IMS ကမ္မဋ္ဌာန်းဆရာတွေနဲ့ အသိုက်အဝန်းရဲ့ကျေးဇူးကလည်း သူတို့သားအမိအပေါ် ကြီးမားတယ်လို့ ပြောပါတယ်။ မိခင်ကြီးက ပဏ္ဍိတာရာမဆရာတော်ကြီး ယောဂီတွေအား ဟောတဲ့တရားကို နာယူပါတယ်။ ဘာ့ဇ်က ပြောပါတယ်။ 'သူ့မှာ ဒီလိုမိဘကို ပြုစုနိုင်တဲ့အနေအထား ရှိတာဟာ ဗုဒ္ဓတရားတော်တွေကြောင့် ဖြစ်ပါတယ်'တဲ့။ 'မိခင်ကြီးကို ဒီလိုပြုစုစောင့်ရှောက်ပေးရတာ မင်ဦးဌေးဘူးလား'လို့ မေးကြည့်တဲ့အခါ 'မင်ဦးဌေ

http://www.dhammadownload.com.

ပါဘူး၊ ပျော်ပါတယ်'လို့ ဘာ့ဇ်က ပြောပါတယ်။ ဘာ့ဇ်လိုသားကတော့ အမေရိကမှာ ရှာမှရှားပါပဲ။ ဘုရားရှင်ကလည်း 'လောကမှာ ကျေးဇူးသိတတ်တဲ့သူ၊ ကျေးဇူးဖော်ကျူးသူ၊ ကျေးဇူးဆပ်သူကို ရခဲတယ်'လို့ ဟောထားပါတယ်။ အမေရိကမှာ စုန်ရေကို တွေ့နိုင်ပေမယ့် ဆန်ရေကိုတော့ တွေ့ရဖို့ အလွန်ခက်ပါတယ်တဲ့။ ဘာ့ဇ်ကိုတော့ ဆန်ရေလို့ ခေါ်ရမှာပါပဲ။ မိဘတွေရဲ့ မေတ္တာ၊ ကရုဏာရေအယဉ်တွေကတော့ သားသမီးအတွေအပေါ် တသွင်သွင်စီးသွားနိုင်လေ့ရှိပေမယ့် သားသမီးတွေရဲ့ မေတ္တာ၊ ကရုဏာရေအယဉ်ကတော့ မိဘတွေအပေါ် ပြန်လည်စီးဆင်းနိုင်ဖို့ အမေရိကမှာ ပိုခက်ပါတယ်တဲ့။

လူနာနဲ့ ဆရာဝန်

မောင်လှဝင်း...

ရောဘတ်အမည်ရှိ အမေရိကန်အမျိုးသားယောဂီကြီးက တောသားကြီးလို ပုံပေါက်ပြီး ရိုးသားတဲ့အနေအထားကို တွေ့ရလို့ ခင်မင်စရာကောင်းပါတယ်။ သူက ဆရာတော်ကြီးထံ တရားလျှောက်ဖို့ အလှည့်ကျတော့မှာမို့ တရားမလျှောက်တတ်ဘူးလို့ ပြောနေပါတယ်။ သာမဏေကျော်က အားပေးစကား ပြောရပါတယ်။

'ယောဂီနဲ့ ကမ္မဋ္ဌာန်းဆရာဆိုတာ လူနာနဲ့ ဆရာဝန်လိုပါပဲ။ လူနာက ကိုယ့်မှာဖြစ်နေတဲ့ရောဂါရဲ့ အခြေအနေကို ဆရာဝန်အားပြောရတာပဲ။ ယောဂီကလည်း ကမ္မဋ္ဌာန်းဆရာအား ကိုယ့်မှာဖြစ်တာကို တွေ့တဲ့အတိုင်း ပြောပြရုံပါပဲ။'

အဲဒီရောဘတ်ဟာ သာမဏေကျော်ထံ တရားလျှောက်ဖို့ အလှည့်ပြန်ရောက်လာပါတယ်။ ဆရာတော်ကြီးထံ တရားလျှောက်ရတာ

http://www.dhammadownload.com

အဆင်ပြေလို့ သာမဏေကျော်ကို ကျေးဇူးတင်ကြောင်း ပြောပါတယ်။ ဆရာတော်ကြီးထံ တရားလျှောက်ဖို့သွားတဲ့အခါ အရင်က တရားသူကြီးထံမှောက် ရောက်နေတဲ့ တရားခံလို ခံစားရပါတယ်။ ကိုယ့်ကိုယ်ကို အပြစ်ရှိတဲ့လူလို ထင်မှတ်ကာ ကြောက်ရွံ့နေပါတယ်တဲ့။ လူနာနဲ့ ဆရာဝန်လို သဘောထားပါလို့ ပြောလိုက်တဲ့စကားကြောင့် အရင်ကလို ကြောက်ရွံ့မနေဘဲ အဆင်ပြေပါတယ်တဲ့။ အခုနာမည်ကြီး ကမ္မဋ္ဌာန်းဆရာတစ်ဦးဖြစ်နေတဲ့ပုဂ္ဂိုလ်ကြီးက ဆရာတော်ကြီးထံ တရားအားထုတ်ခဲ့စဉ်က တရားလျှောက်ဖို့ သွားတဲ့အခါ သွားနုတ်ခံရမယ့်လူက သွားနုတ်မည့်ဆရာဝန်ထံ သွားရလို ခံစားရပါသတဲ့။ ဆရာတော်ကြီးရဲ့ ပြုပြင်ပေးမှုကို မခံယူနိုင်တဲ့ပုဂ္ဂိုလ်တွေလည်း ရှိတတ်ပါတယ်။

သူတို့အနောက်တိုင်း ကမ္မဋ္ဌာန်းဆရာတွေနဲ့ ဆက်ဆံတဲ့အခါ ယောဂီတွေက မြန်မာဆရာတော်တွေထံ ဆက်ဆံသလို မဆက်ဆံရလို့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ရှိတယ်လို့ ပြောကြပါတယ်။ အနောက်တိုင်းသားတွေက တုံ့ပြန်မှု ပိုမြန်တတ်ကြပါတယ်တဲ့။ အတွေးများတဲ့အလေ့အထ၊ တုံ့ပြန်တတ်တဲ့အလေ့အထရှိတဲ့ အနောက်တိုင်းသားတွေဟာ ကိုယ့်မြန်မာတွေလိုတော့ မဟုတ်ကြပါ။ ဆရာဝန်ဟာ လူနာအမျိုးမျိုးကို တွေ့ရသလို ကမ္မဋ္ဌာန်းဆရာကလည်း ယောဂီအမျိုးမျိုးကို တွေ့ရပါတယ်။ ဆရာဝန်ဟာ လူနာရဲ့ရောဂါအခြေအနေကို ကြည့်ပြီး သင့်တော်မယ့်ဆေးကို ရွေးကာ ပေးရသလို ကမ္မဋ္ဌာန်းဆရာကလည်း ယောဂီရဲ့အခြေအနေကို ကြည့်ကာ သင့်တော်မယ့်ညွှန်ကြားမှုကို ပေးရပါတယ်။

လူနာက ဆရာဝန်အား ကိုယ့်ရောဂါအခြေအနေကို ပြောပြရုံပါပဲ။ ဆရာဝန်အား လူနာက 'ဘာဆေး ကျုပ်ကိုပေးပါ'လို့ သွားမတောင်းရပါ။ ဆရာဝန်က သူ့ဘာသာ ဆုံးဖြတ်ပြီး သင့်တော်တဲ့ ဆေးကို ပေးပါလိမ့်မယ်။ ယောဂီကလည်း ကမ္မဋ္ဌာန်းဆရာအား ကိုယ့်

http://www.dhammadownload.com

အတွေ့အကြုံကို ပြောပြရုံပါပဲ။ တရားနဲ့ပတ်သက်တဲ့ အခြေအနေကို တော့ ကမ္မဋ္ဌာန်းဆရာကပဲ ဆုံးဖြတ်ပါလိမ့်မယ်။

အကောင်းဆုံး ဆေး

မောင်လှဝင်း...

ယောဂီတွေထဲမှာ ရောဂါသည်တစ်ဦး ပါလာတယ်။ HIV ပိုး ရှိတယ်တဲ့။ ရောဂါရှိမှန်း သိသာပါတယ်။ သူ့မှာ ပိန်ခြောက်နေတယ်။ တရားကို ကြိုးကြိုးစားစား မှတ်ရှာပါတယ်။ 'ဒီတရားရှုမှတ်မှုက ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကို ဘယ်လိုသက်သာစေပါသလဲ'လို့ မေးကြည့်တော့ 'သူ့မှာ ဝမ်းလည်းသွားနေပါတယ်။ ဖျားလည်း ဖျားပါတယ်။ ခေါင်းလည်းကိုက်၊ တစ်ကိုယ်လုံးလည်း ကိုက်နေပါတယ်။ ခန္ဓာကိုယ်အနှံ့အပြား နာကျင်မှုကို ခံစားရပေမယ့် ရှုမှတ်လိုက်တော့ စိတ်မဆင်းရဲရပါ။ ချမ်းသာပါတယ်၊ ပျော်ရွှင်ပါတယ်။ ခန္ဓာကိုယ်ပုံသဏ္ဌာန် မတွေ့ရပါ။ မခံသာတဲ့သဘောလေးမျှကိုပဲ တွေ့ရပါတယ်' လို့ ပြောပါတယ်။ သာမဏေကျော်က သူ့ကို ဒီလိုအားပေးစကား ပြောကြားလိုက်ပါတယ်။

'ခန္ဓာကိုယ် ဆင်းရဲပေမယ့် စိတ်မဆင်းရဲရတာဟာ ရှုမှတ်မှု ရှိနေလို့ပဲ။ ကိုယ်ဆင်းရဲပေါ် စိတ်ဆင်းရဲ မထပ်ရတာဟာ ရှုမှတ်မှုရဲ့ အကျိုးရလဒ်တစ်ခုပဲ။ ရှုမှတ်မှုရဲ့ အကျိုးရလဒ် ၇ မျိုးတောင် ရှိတယ်။

၁။ စိတ်အညစ်အကြေး ကင်းဝေးစင်ကြယ်ခြင်း၊

၂။ သောကကို လွန်မြောက်ခြင်း၊

၃။ ပရိဒေဝ (ငိုကြွေးမှု) ကို လွန်မြောက်ရခြင်း၊

၄။ ကိုယ်ဆင်းရဲ ချုပ်ငြိမ်းခြင်း၊

၅။ စိတ်ဆင်းရဲ ချုပ်ငြိမ်းခြင်း၊

http://www.dhammadownload.com

၆။ အရိယမဂ်ကို ရခြင်း၊

၇။ နိဗ္ဗာန်ကို မြင်ခြင်းဆိုတဲ့ အကျိုးတွေပဲ။'

ကျားစားခံရရင်း ရဟန္တာဖြစ်သွားတဲ့ ရဟန်းတစ်ပါးအကြောင်းကိုလည်း ပြောပြလိုက်ပါတယ်။ ဒုက္ခဝေဒနာကို ရှုမှတ်ရလို့ တရားမကောင်းဘူးလို့ မမှတ်ယူရပါ။ သည်းခံပြီး ရှုမှတ်ရင် တရားအသိဉာဏ်ထူးတွေကို ရနိုင်ပါတယ်။ ကျားစားခံရတဲ့ အဲဒီရဟန်းဟာ ဒုက္ခဝေဒနာကိုရှုမှတ်ပြီး ဝိပဿနာဉာဏ် အဆင့်ဆင့်တက်ကာ မဂ်ဉာဏ် ၄ ပါး၊ ဖိုလ်ဉာဏ် ၄ ပါးကို ရပြီး ရဟန္တာဖြစ်သွားပါတယ်။ အခုလည်း ဒုက္ခဝေဒနာတွေကို ရှုမှတ်နေရပေမယ့် ဝိပဿနာဉာဏ်အဆင့်ဆင့်တိုးတက်ကာ ရင့်ကျက်ပြည့်စုံသွားနိုင်ပါတယ်။ 'ကုရာနတ္ထိ ဆေးမရှိ' တဲ့ရောဂါကို ခံစားနေရတဲ့ ပုဂ္ဂိုလ်တစ်ဦးအတွက် ဗုဒ္ဓရဲ့သတိပဋ္ဌာန်ဆေးဟာ အကောင်းဆုံးဆေးတစ်လက် ဖြစ်နေပါတယ်။ သူ့ကို ဒီလိုလည်း ပြောပြလိုက်ပါသေးတယ်။

'ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားရလို့ ငြီးတွားအော်ဟစ်နေတဲ့ လူနာအနီးဝန်းကျင်မှာ ကျွမ်းကျင်တဲ့သမားတော်ကြီးရော၊ ဆေးကောင်းပါ ရှိပါလျက် အဲဒီလူနာက သွားရောက်မကုသရင် သမားတော်ကြီးမှာရော၊ ဆေးမှာပါ အပြစ်မရှိပါ၊ လူနာမှာသာ အပြစ်ရှိပါတယ်။'

'မစင် ကျင်ကြီးတွေ တစ်ကိုယ်လုံး လူးပေနေပါလျက် အနီးအနားရှိ သန့်စင်ကြည်လင်တဲ့ ရေကန်ကြီးမှာ သွားမဆေးကြောရင် ရေကန်ကြီးမှာ အပြစ်မရှိ၊ သွားမဆေးသူမှာသာ ရှိတယ်။'

'ရန်သူတွေ ဝိုင်းခံထားရသူမှာ ထွက်ပြေးဖို့ အပေါက်ရှိပါလျက် မပြေးရင် အပေါက်မှာ အပြစ်မရှိ၊ ထွက်မပြေးသူမှာသာ အပြစ်ရှိပါတယ်။'

'အခုလည်း သတိပဋ္ဌာန်ဆေးကောင်း၊ သတိပဋ္ဌာန်ရေသန့်၊ သတိပဋ္ဌာန်ထွက်ပေါက် ရှိနေပါတယ်။ အသုံးပြုဖို့ပဲ လိုပါတယ်။'

http://www.dhammadownload.com

မေတ္တာကမ္ဘာ

မောင်လှဝင်း...

၄၊ ၆၊ ၂၀၀၅ နေ့ ရောက်လာတော့ အုတ်ပင်၊ မေပဲပင်တွေက အရွက်တွေ စိမ်းစိုလာနေပါပြီ။ ရိတ်ဖြတ်ထားလို့ ညီညာပြီး စိမ်းစိုနေတဲ့ အတွက် ကော်ဇောစိမ်းကြီးလို ဖြစ်နေတဲ့ မြက်ခင်းပြင်အရောင်ပေါ် အုတ်ပင်၊ မေပဲပင်တွေရဲ့ အစိမ်းရောင်က ထပ်ဆင့်လိုက်တော့ အစိမ်းရောင်မြင်ကွင်းဟာ သာမဏောကျော်ရဲ့မျက်မှောက်မှာ တောက်ပစွာ တည်ရှိနေပါတယ်။ စိမ်းစိုနုပျိုသစ်လွင်နေတဲ့ မြင်ကွင်းထဲမှာ မည်းနက်နေတဲ့ ကျီးငှက်၊ အမွေးတွေအားလုံး နီရဲနေတဲ့ ငှက်၊ ရှဉ့်အသေးစား၊ အမည်မသိရတဲ့ ငှက်လေးတွေ၊ တိရစ္ဆာန်လေးတွေကိုပါ မြင်တွေ့ရပါတယ်။ အဲဒီလိုတိရစ္ဆာန်လေးတွေကို မြင်တွေ့ရတဲ့အခါ 'ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဆင်းရဲတွေမှ လွတ်ကင်းကြပါစေ။ ယောဂီတွေလို တရားအားထုတ်ခွင့်ရတဲ့ဘဝကို ရရှိနိုင်ကြပါစေ'လို့ မေတ္တာပွားရပါတယ်။ မောင်လှဝင်းတို့ရဲ့ သာမဏောကျော် မဟာဂန္ဓာရုံကျောင်းတိုက်က ရဟန်းသံဃာ၊ ဝေယျာဝစ္စ ဒကာ ဒကာမ၊ ကျောင်းစောင့်နတ်၊ ကျောင်းဒကာ ဒကာမ၊ ဆွမ်း ဒကာ ဒကာမ၊ အခြားအခြားထောက်ပံ့ကြတဲ့ ဒကာ ဒကာမတွေကိုလည်း မေတ္တာပွားရပါတယ်။ မိဘဆရာသမားစတဲ့ ကျေးဇူးရှင်တွေကိုလည်း မေတ္တာပွားရပါတယ်။

ခြောက်ကပ်ကပ်ဖြစ်နေတဲ့ မြင်ကွင်းဟာ မြင်ရသူတို့အဖို့ စိတ်ကြည်နူးဖွယ် မဖြစ်ပါ။ စိမ်းစိုနုပျိုသစ်လွင်နေတဲ့ မြင်ကွင်းကတော့ စိတ်ကို စိုပြည်စေပါတယ်၊ ကြည်နူးစေပါတယ်၊ ရွှင်လန်းစေပါတယ်၊ ကြည်လင်စေပါတယ်၊ အေးချမ်းစေပါတယ်။ မေတ္တာခန်းနေလို့ ခြောက်ကပ်ကပ်ဖြစ်နေတဲ့ စိတ်ဓာတ်ဟာ ပတ်ဝန်းကျင်ကို ရိုက်ခတ်ပါတယ်။ ခြောက်ကပ်ကပ် ဖြစ်စေပါတယ်။ ကြည်နူးမှု၊ ရွှင်လန်းမှု၊ ကြည်လင်မှု၊

http://www.dhammadownload.com

အေးချမ်းမှု ကင်းဝေးစေပါတယ်။ မေတ္တာရေပက်ဖြန်းထားလို့ ရွှန်းစိုနေတဲ့စိတ်ဓာတ်ကတော့ ပတ်ဝန်းကျင်ကို ရိုက်ခတ်ကာ စိုပြည်စေပါတယ်၊ ရွှင်လန်းစေပါတယ်၊ ကြည်လင်စေပါတယ်၊ အေးချမ်းစေပါတယ်၊ စိမ်းစိုနုပျိုသစ်လွင်နေတဲ့ မြင်ကွင်းက မေတ္တာရဲ့စွမ်းအင်ကို သိမြင်လာစေပါတယ်။ စိမ်းစိုနုပျိုသစ်လွင်နေတဲ့မြင်ကွင်းက မျက်စိကို အေးမြစေပါတယ်။ မေတ္တာက စိတ်ကိုအေးမြစေပါတယ်။

ဒေါသမီးလောင်ပြီး စစ်မီးပွား၊ ရန်မီးပွားနေကြတဲ့ ကမ္ဘာသူကမ္ဘာသားတွေမှာ မေတ္တာရေပက်ဖျန်းလို့ မေတ္တာအအေးဓာတ် ကိန်းဝပ်သွားကြမယ်ဆိုရင် စစ်မီးတွေငြိမ်း၊ ရန်မီးတွေငြိမ်းပြီး ကမ္ဘာကြီး ငြိမ်းချမ်းသာယာလာမှာ သေချာပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်းကို အမေရိကမှာ လိုက်စားသူတွေ များလာကြသလို မေတ္တာကရားစခန်းတွေဖွင့်ကာ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းထားတဲ့ ပုဂ္ဂိုလ်တွေက မေတ္တာတရားစခန်းတွေဖွင့်ကာ ပြသပေးနေကြပါတယ်။ မြန်မာနိုင်ငံနဲ့တကွ အခြားအခြားနိုင်ငံကြေမှာလည်း မေတ္တာတရားစခန်းတွေကို အနှံ့အပြားဖွင့်ကာ မေတ္တာပွားများကြရင် ပိုမိုအေးချမ်းသာယာတဲ့ ကမ္ဘာကြီးဖြစ်လာမှာ မလွဲပါပေ။

ဓမ္မလက်ဆောင်

မောင်လှဝင်း...

၄၊ ၆၊ ၂၀၀၅ နေ့မှာ တာရာဆိုတဲ့ အမေရိကန်အမျိုးသမီး ယောဂီတစ်ယောက် ပြန်သွားပါတယ်။ သူမက စိတ်ပညာဆိုင်ရာ ဆရာမဖြစ်ပါတယ်။ သူမရဲ့ယောဂျီးက စိတ်ပညာနဲ့ပတ်သက်တဲ့ နာမည်ကြီးစာအုပ် ကို ရေးထားပါတယ်။ သူမက ဖြစ်နိုင်ရင် ဒီသတိပဋ္ဌာန်တရားကို တစ်သက်လုံး ဒီလိုအားထုတ်သွားချင်ပါတယ်တဲ့။ သူမက ခရီးသွားစရာရှိလို့ ၃ ပတ်ပဲ တရားအားထုတ်သွားနိုင်ပါတယ်။

http://www.dhammadownload.com

သူမ မပြန်ခင် တရားအုံ့တွေ့အကြုံ လာရောက်လျှောက်ထားတဲ့အခါ တိုက်တွန်းစကား ပြောကြားလိုက်ရပါတယ်။

'လူမှုကိစ္စတွေကို မလွှဲမရှောင်သာ ဆောင်ရွက်ရမှာမို့ လူမှုကိစ္စတွေအတွက် အချိန်ပေးရသလို တရားရှုမှတ်မှုကိစ္စအတွက်လည်း သီးသန့် အချိန်ပေးရပါတယ်။ အစားအစာကို ခန္ဓာကိုယ်ကျန်းမာဖို့နဲ့ အင်အားရှိဖို့အတွက် စားသုံးရသလို သတိပဋ္ဌာန်အစားအစာကိုလည်း စိတ်ချမ်းသာဖို့နဲ့ စိတ်အင်အားရှိဖို့အတွက် စားသုံးရပါတယ်။ အစားအစာကို တစ်ခါတစ်ရံ စားချင်တဲ့ဆန္ဒမရှိပေမယ့် စားလိုက်တဲ့အခါ စားလို့ကောင်းတာ၊ ခံတွင်းတွေ့တာ ရှိပါတယ်။ တရားကို တစ်ခါတစ်ရံ ရှုမှတ်ချင်တဲ့ဆန္ဒမရှိပေမယ့် ရှုမှတ်လိုက်တဲ့အခါ ရှုမှတ်လို့ကောင်းတာ ရှိပါတယ်။ အစားအစာကို မစားချင်လည်း ပုံမှန်စားရပါတယ်။ စားချင်လည်း စားရပါတယ်။'

တာရာဟာ ကုလားလို မျက်ခုံး မျက်လုံး နှာတံရှိတာမို့ လှပတဲ့ မျက်နှာပိုင်ရှင်ပါပဲ။ လွန်ခဲ့တဲ့ ၁၄ နှစ်က IMS တရားစခန်းမှာ သူမကို စတွေ့ခဲ့ရပါတယ်။ အဲဒီတုန်းက ငယ်ရွယ်သေးလို့ ပိုပြီးလှပါတယ်။ အခုတော့ ဇရာက သူမရဲ့အလှကို ဝါးမျိုသွားပါပြီ။

သာမဏောကျော်က တာရာအား ဓမ္မလက်ဆောင် ဆက်လက်ပြီးပေးပါတယ်။

'ကားနဲ့ ခရီးသွားတဲ့အခါ ကားပေါ် တရားရှုမှတ်လိုက်ရင် အဲဒီကားဟာ ကိုယ့်အတွက် တရားရိပ်သာပါပဲ။ လေယာဉ်နဲ့ သွားတဲ့အခါ လေယာဉ်ပေါ်မှတ်ရင် အဲဒီလေယာဉ်ဟာ တရားရိပ်သာပါပဲ။ ရုံးခန်း၊ဟိုတယ်စတဲ့ အရပ်တွေမှာ တရားရှုမှတ်ရင် အဲဒီအရပ်တွေဟာ တရားရိပ်သာတွေပါပဲ။ အိမ်သာမှာ ဝင်ခိုက် တရားမှတ်ရင် အိမ်သာဟာ တရားရိပ်သာပါပဲ။ ရေချိုးခန်းဝင်ခိုက် တရားမှတ်ရင် ရေချိုးခန်းဟာ ရိပ်သာပါပဲ။ ကိုယ့်အိမ်ကတော့ ကိုယ်တရားမှတ်ရင် မှတ်သလောက်

http://www.dhammadownload.com

ရိပ်သာဖြစ်နေတာပါပဲ။ ကိုယ့်အိမ်က ကိုယ့်အတွက် နေ့စဉ်တရားရိပ်သာ ဖြစ်အောင် ကြိုးစားပေးပါ။'

တာရာက ပြုံးနေပါတယ်။ ကျေးဇူးတင်စကား ဆိုသွားပါတယ်။ ဝိပဿနာအလုပ်နဲ့ စိတ်ပညာကိုသာမက ရုပ်ပညာကို ရရှိနိုင်ပါတယ်။ ရုပ်နာမ်သဘောတွေကို နက်နက်နောနော သိရှိသွားနိုင်ပါတယ်။

အုံ့ဩမိတယ်

မောင်လှဝင်း...

ကိုယ်မတွေ့ကြုံဖူးသေးတဲ့ အုံ့ဩစရာ အတွေ့အကြုံကို တွေ့ကြုံရင် အုံ့ဩမိတတ်ကြတာဟာ လောကမမ္မတာပါပဲ။ လွန်ခဲ့တဲ့ ၁၄ နှစ်က အမေရိကကို ပထမအခေါက်အဖြစ် ရောက်ရှိလာတဲ့အခါ သာမဏောကျော် မတွေ့ကြုံဖူးသေးတဲ့ အတွေ့အကြုံများစွာကို တွေ့ရှိခဲ့ရပါတယ်။ အဲဒီအခေါက်တုန်းက မှတ်မှတ်ရရ အုံ့ဩမိတာတစ်ခုကို ဘော်စတွန်လေယာဉ်ကွင်းထဲမှာ တွေ့ကြုံခဲ့ရပါတယ်။ လက်ဆေးကန်က ရေဒလက်ကို လှည့်ဖွင့်စရာမလိုဘဲ ရေဒလက်အောက် လက်ဝါးလေး ဖြန့်လိုက်တာနဲ့ ရေက အလိုလိုယိုထွက်ကျလာပါတယ်။ လက်ကို ပြန်ရုတ်သိမ်းလိုက်ရင် ထွက်နေတဲ့ရေက ရပ်တန့်သွားပါတယ်။ ရေဒလက်ကို လှည့်ဖွင့်လိုက်မှ ရေထွက်တာကိုသာ တွေ့ဖူးတဲ့ သာမဏောကျော်ဟာ အဲဒီလိုအတွေ့အကြုံကို တွေ့လိုက်ရတဲ့အခါ အုံ့ဩသွားမိပါတယ်။ မောင်လှဝင်း တွေ့ရရင်ကော မအုံ့ဩပေဘူးလား။ အုံ့ဩနေမိမှာပဲ။ ကိုယ်မတွေ့ကြုံဖူးတဲ့ အထူးအဆန်းဖြစ်နေတာကိုး။

အခု တတိယအခေါက်မှာလည်း ဘော်စတွန်မှာပဲ အုံ့ဩစရာတစ်ခု တွေ့ရပြန်ပါတယ်။ အရင်အခေါက်တွေမှာလည်း တွေ့ချင်တွေ့ခဲ့ပါမယ်။ ဒါပေမဲ့ မှတ်မှတ်ရရ မရှိခဲ့ပါ။ အခုအခေါက်မှာတော့ တွေ့

http://www.dhammadownload.com

ကြုံခဲ့ရတာကို အမှတ်တရရှိနေပါတယ်။ ဘော်စတွန်မြို့ထဲ အိမ်သာတစ်ခုမှာ ကျင်ငယ်ဝင်စွန့်ကြပါတယ်။ စွန့်ပြီး လက်ဆေးကန်မှာ လက်ဆေးပါတယ်။ ရေပေနေတဲ့လက်ကို ခြောက်သွားအောင် သုတ်ဖို့ စက္ကူတွေကို အဆင်သင့်ထားပေးထားတာကို နေရာတိုင်းမှာ တွေ့ရပါတယ်။ မောင်လှမြင့်က သာမဏေကျော်ရဲ့အရင် လက်ဆေးပြီး သူ့လက်မှာ စိုနေတဲ့ရေကို ခြောက်သွားအောင် လုပ်ရာမှာ စက္ကူသုံးတာကို မတွေ့ရပါ။ တစ်နေရာမှာ လက်ကလေးထိုးခံလိုက်ပါတယ်။ လေတွေ ပန်းထွက်လာကြပါတယ်။ အဲဒီလေတွေက လက်မှာစိုနေတဲ့ ရေတွေကို လွင့်စင်သွားစေပါတယ်။ ခြောက်သွေ့သွားစေပါတယ်။ မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ တောသား သာမဏေကျော်ခမျာ အုံ့ညြသွားရပြန်ပါတယ်။ မောင်လှဝင်းကော မအုံ့ညြလောက်ဘူးလား၊ အုံ့ညြနေမိမှာပါပဲ။ 'သူခိုး သေဖော်ညှိ' ဆိုတာလို အဖော်အဖက်အဖြစ် ကိုယ့်ညီကိုပဲ အဖော်ညှိသလိုများ ဖြစ်နေပြီလား။ မောင်လှဝင်းဟာ သာမဏေကျော် ထက်အတွေ့အကြုံ ဗဟုသုတ ပိုရှိနေတယ်ဆိုရင်တော့ သာမဏေကျော်ကို ခွင့်လွှတ်ပါနော်။

နောက်တစ်ခု အုံ့ညြမိတာကို ပြောပြချင်ပါသေးတယ်။ လေယာဉ်ပေါ် အိမ်သာခန်းထဲက ကျင်ကြီးခွက်ထဲ ကျင်ကြီးစွန့်ပြီး ခလုတ်နှိပ်လိုက်က ရေပြာပြာတွေ သက်ဆင်းလာပြီး သန့်စင်အောင် လုပ်သွားတာကိုပဲ တွေ့ရတာ များပါတယ်။ ဂျပန်လေယာဉ်ပေါ်မှာတော့ ရေပြာပြာတွေ သက်ဆင်းမလာတော့ဘဲ လေတွေပဲ အရှိန်ပြင်းစွာထွက်လာကာ စုပ်ယူသွားတာကို တွေ့ရပါတယ်။ ရေကုန်စရာမလိုတော့ပါ။ လေနဲ့ပဲ သန့်စင်ပေးလိုက်ပါတယ်။ အဲဒါကိုလည်း အုံ့ညြမိပါတယ်။ သိပ္ပံပညာထွန်းကားလှတဲ့ သူတို့နိုင်ငံတွေရဲ့ တိတ္ထင်မှုဇေါ်ထဲမှာ အဲဒီလို အုံ့ညြစရာတွေက အလွန်ပဲ များပါလိမ့်မယ်။

http://www.dhammadownload.com

အပိုင်း ၇
တွေ့ရ ကြုံရတာတွေထဲက သိမှတ်စရာတွေ

သိပ္ပံပညာနဲ့ ဝိပဿနာ

မောင်လှဝင်း...

တာရာရဲ့ခင်ပွန်း နာမည်ကြီးစိတ်ပညာစာရေးဆရာ ဒယ်နီယယ် ဂိုးလ်မင်းက သူ့ဇနီးတာရာနဲ့အတူ ပဏ္ဍိတာရာမဆရာတော်ကြီးထံ လာတယ်။ သူမေးချင်တဲ့ မေးခွန်းတွေ မေးတယ်။ ဆရာတော်ကြီးက ဖြေတယ်။ သာမဏေကျော် မှတ်မိသမျှ ပြန်ရေးပြမယ်နော်။

သိပ္ပံပညာဟာ သူတို့အနောက်တိုင်းရဲ့ ဘာသာရေးပဲလို့ ဆိုပါတယ်။ ဘာသာရေးဆိုတာ ယုံကြည်မှုအပေါ် တည်တယ်။ သိပ္ပံပညာနဲ့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေရဲ့ ဦးနှောက်ကို စမ်းသပ်လိုပါတယ်တဲ့။ ဝိပဿနာအပေါ် စိတ်မဝင်စားသေးသူတွေကို စိတ်ဝင်စားလာအောင် ကြိုးစားလိုလို့ပါတဲ့။ မဟာယာန နာမည်ကြီးဘုန်းကြီး ဒလိုင်းလားမားက အဲဒီလို သိပ္ပံပညာနဲ့ စမ်းသပ်ကာ တရားအားထုတ်မှုဘက် စိတ်ပါဝင်စားလာအောင် ကြိုးစားကြည့်ဖို့ တိုက်တွန်းပါသတဲ့။ ပဏ္ဍိတာရာမ ဆရာတော်ကြီးက သိပ္ပံပညာရှင်တွေကိုယ်တိုင် သတိပဋ္ဌာန်တရားအားထုတ်ပြီး အားရကျေနပ်ပြီးမှ သိပ္ပံပညာစမ်းသပ်မှုနဲ့ ဖော်ထုတ်ပြရင် ပိုမိုထိရောက်မယ်လို့ မိန့်ပါတယ်။ သိပ္ပံပညာရှင်တွေက ကိုယ်တိုင် အားထုတ်မကြည့်သေးဘဲ သိပ္ပံပညာစမ်းသပ်မှုမျှနဲ့ ဖော်ထုတ်ရင် ထိရောက်မှု နည်းနိုင်ပါတယ်။ သတိပဋ္ဌာန်အားထုတ်တယ်ဆိုတာ ကိုယ့်

http://www.dhammadownload.com

ကိုယ်ကို သုတေသနပြုတာပါပဲ။ သိပ္ပံပညာရှင်တွေဟာ ကိုယ့်ကိုယ်ကို သုတေသနပြုတဲ့ သတိပဋ္ဌာန်လုပ်ငန်းကို အားထုတ်သင့်ကြပါတယ်။ ၂၀၀၆ ခု၊ ဧန်နဝါရီလမှာ သိပ္ပံပညာရှင် ၁၀၀ ဟာ IMS ဝဘရားစခန်းမှာ ၇ ရက် ဝိပဿနာတရား အားထုတ်ကြပါမယ်တဲ့။

ဘုရားရှင်ဟာ ဘုရားဖြစ်ပြီး တရားတော်က နက်နဲလွန်းလို့ တရားမဟောဘဲ နေဖို့ စိတ်ဖြစ်ပေါ်လာပါတယ်။ အဲဒီအခါ သဟမ္မတိ ဗြဟ္မာကြီးက ဘုရားရှင်ကို တရားဟောဖို့ ပန်ကြားပါတယ်။ သဟမ္မတိ ဗြဟ္မာကြီးကို အဲဒီခေတ်လူတွေက အထင်ကြီးကြ၊ လေးစားကြ၊ ရိုသေကြပါတယ်။ ဗြဟ္မာကြီးက ပန်ကြားလျှောက်ထားတယ်ဆိုတော့ ဘုရားအပေါ်ရော တရားတော်အပေါ်ပါ လူတွေက အလေးပြုလာကြပါတယ်။ စိတ်ဝင်စားလာကြပါတယ်။ အခုခေတ်လူတွေကလည်း သိပ္ပံပညာရှင်တွေကိုရော၊ သိပ္ပံပညာကိုပါ အထင်ကြီးကြပါတယ်။ လေးစားကြပါတယ်။ အထင်ကြီး လေးစားခံရတဲ့ သိပ္ပံပညာရှင်တွေက သတိပဋ္ဌာန်တရားကို မှန်ကန်ပြည့်စုံစွာ အားထုတ်လို့ သတိပဋ္ဌာန်အကျိုးတွေကို ကိုယ်တိုင်တွေ့ရှိသွားရင် သူတစ်ပါးတွေကိုလည်း 'လာပါ၊ လေ့လာ အားထုတ်ကြည့်ပါ'လို့ အားရပါးရ တက်တက်ကြွကြွ တိုက်တွန်းကြပါလိမ့်မယ်။ အဲဒီသိပ္ပံပညာရှင်တွေက အဲဒီလိုတိုက်တွန်းရင် သူတို့ကို အထင်ကြီး လေးစားနေတဲ့လူတွေက စိတ်ပါဝင်စားလာပြီး သတိပဋ္ဌာန်တရားကို အားထုတ်လာကြပါလိမ့်မယ်။ ကမ္ဘာကြီးမှာ လူသားတွေ တွေ့ကြုံနေရတဲ့ဆင်းရဲတွေဟာ နည်းပါးသွားပါလိမ့်မယ်။ ကမ္ဘာတစ်ဝန်းမှာ ဒုက္ခသည်တွေ မျှားသည်ထက် ပိုပိုမျှားလာနေပါတယ်။ သတိပဋ္ဌာန် ကျင့်သုံးကြည့်ရင် ကျင့်သုံးနိုင်သလောက် ကိုယ်၊ စိတ်ဆင်းရဲတွေ နည်းပါးလာပါလိမ့်မယ်။

http://www.dhammadownload.com

မုတ်ခါးဆေး

မောင်လှဝင်း...

ပဏ္ဍိတာရာမဆရာတော်ကြီးက သိပ္ပံပညာရှင်တွေကို သတိပဋ္ဌာန် ကိုယ်တွေ့ဖြစ်အောင် အားထုတ်စေချင်ပါတယ်။ ပြီးမှ ဦးနှောက်ကို စူးစမ်းလေ့လာမှုပြုကာ သူတစ်ပါးတွေကို တိုက်တွန်းစေချင်ပါတယ်။ ဆရာတော်ကြီးက သူကိုရင်ဘဝက ကိုယ်တွေ့မပါဘဲ တိုက်တွန်းမိခဲ့ပုံကို ပြောပြပါတယ်။ သူ ကိုရင်ဘဝက ရဟန်းတွေစုပြီး စကားပြောနေတဲ့ စကားဝိုင်းနား သွားပြီးနားထောင်ခဲ့ပါတယ်။ ရဟန်းတွေက မုတ်ခါးဆေးရဲ့ ကျန်းမာရေးကောင်းမွန်စေပုံတွေကို ပြောနေကြပါတယ်။ ကိုရင်က သေချာနားထောင်ပြီး မှတ်သားခဲ့ပါတယ်။ ကျောင်းထိုင်ဆရာတော်ကြီးထံ ကိုရင်က မုတ်ခါးဆေးချီးမွမ်းခန်း ဖွင့်လိုက်ပါတယ်။ 'မုတ်ခါးဆေးဟာ ဆီး၊ ဝမ်းကို မှန်စေတယ်။ စားကောင်းစေပါတယ်။ အသားအရည်စိုပြည်စေပါတယ်။ ပိန်သူကို ဝစေပါတယ်'စသည်ဖြင့် ပေါ့။ ဆရာတော်ကြီးက ကိုရင်ရဲ့ မုတ်ခါးဆေးချီးမွမ်းခန်း ပြီးဆုံးသွားတဲ့အခါ ကိုရင်ကို မေးလိုက်ပါတယ်။ 'မောင်ပဏ္ဍိ၊ အဲဒီမုတ်ခါးဆေးကို ကိုယ်တိုင် စားဖူးသလား'လို့ မေးလိုက်တဲ့အခါ ကိုရင်ခမျာ အဖြေပေးရခပ်ခက်ခက်ဖြစ်သွားပါတယ်။ 'မစားဖူးပါ ဘုရား'လို့ လျှောက်လိုက်တော့ ဆရာတော်ကြီးက 'ဟင်' လို့သာ မိန့်တော်မူလိုက်ပါသတဲ့။ အဲဒီအချိန်ကစပြီး ကိုရင်ဟာ 'ငါ့ကိုယ်တွေ့မဟုတ်ရင် သူတစ်ပါးကို မတိုက်တွန်းတော့ဘူး'လို့ ဆုံးဖြတ်ချက်ချလိုက်ပါသတဲ့။

ပဏ္ဍိတာရာမဆရာတော်ကြီးက သူ့ကိုရင်ဘဝက အဖြစ်အပျက်ကို တာရာတို့ဇနီးမောင်နှံအား ပြောပြလိုက်ပါတယ်။ တာရာခင်ပွန်းက တဟဲဟဲနဲ့ သဘောကျကာ ရယ်မောနေပါတယ်။ 'လေအေးခန်းထဲမှာ နှလုံးအပူဟပ်ခံနေရပါတယ်'လို့ ပြောခဲ့တဲ့ တာရာခင်ပွန်းအား သူ့စကား

http://www.dhammadownload.com

လေးကို ဆရာတော်ကြီးက ပြန်ပြောပြလိုက်ပါတယ်။ တဟဲဟဲနဲ့ ရယ်မောနေပြန်ပါတယ်။ 'မြန်မာနိုင်ငံရဲ့ အကောင်းဆုံး ပြည်ပထွက်ကုန်ဟာ သတိပဋ္ဌာန်ပါပဲ'လို့ ပြည်ပယောဂီတွေက ပြောလေ့ရှိကြပါတယ်။

မုတ်ခါးဆေးကို ကိုရင်ပဏ္ဍိတသာ ကိုယ်တိုင်စားခဲ့ရင် သူ့ဆရာတော်ကြီးရဲ့ အမေးကို အေးအေးဆေးဆေးပဲ အဖြေပေးလိုက်ပါလိမ့်မယ်။ မုတ်ခါးဆေးအကျိုးတွေကို ကိုယ်တိုင်တွေ့ရှိထားတာမို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ ပြောပြနိုင်ပါလိမ့်မယ်။ အခုလည်း သိပ္ပံပညာရှင်တွေဟာ သတိပဋ္ဌာန်အကျိုးတွေကို ကိုယ်တိုင်တွေ့ရှိထားရင် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အနဲ့ သူတစ်ပါးတွေအား ပြောပြနိုင်ပါလိမ့်မယ်။ သတိပဋ္ဌာန်တရား အားထုတ်ချင်လာအောင် တက်တက်ကြွကြွနဲ့ ပြောပြကြပါလိမ့်မယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ သူတစ်ပါးတွေကို တိုက်တွန်းနိုင်ရင် ဆွဲဆောင်အားပိုရှိပါမယ်။ ဘုရားရှင်က သတိပဋ္ဌာန်ဆေးကို သူကိုယ်တိုင် ဘဉ်းပေးပြီးမှ တပည့်တွေအား သတိပဋ္ဌာန်အကျိုး ၇ မျိုးကို ပြောပြကာ သတိပဋ္ဌာန်ဆေးကို စားသုံးဖို့ တိုက်တွန်းတော်မူခဲ့ပါတယ်။ အရှင်သာရိပုတ္တရာစတဲ့ တပည့်တွေကလည်း စားသုံးကြည့်ကြတဲ့အခါ လွန်စွာမှအားရကျေနပ်ကာ သူတစ်ပါးတွေအားလည်း မျှဝေပေးခဲ့ကြပါတယ်။ အဲဒီလိုနဲ့ သတိပဋ္ဌာန်ဆေးဟာ လူ နတ် ဗြဟ္မာလောကမှာသာမက တိရစ္ဆာန်လောကမှာတောင် ပြန့်နှံ့ခဲ့ပါတယ်။

ဗုဒ္ဓတရားနဲ့ သိပ္ပံပညာ

မောင်လှဝင်း...

သိပ္ပံပညာနဲ့ လူနှာ ၂ ဦးကို စမ်းသပ်ပါတယ်။ နှစ်ဦးလုံးဟာ ရောဂါချင်းတူကြပါတယ်။ ဆေးကုသမှုခံယူရတာချင်းလည်း တူပါ

http://www.dhammadownload.com

တယ်။ တစ်ယောက်က တရားရှုမှတ်တယ်၊ အခြားတစ်ယောက်က တော့ တရားမရှုမှတ်။ အဲဒီနှစ်ယောက်ထဲက ဘယ်သူက ရောဂါအရင် ပျောက်မယ်လို့ မောင်လှဝင်း ထင်သလဲ။ တရားရှုမှတ်သူက ရောဂါ အရင်ပျောက်တယ်။ အဲဒီတော့ စမ်းသပ်တဲ့သိပ္ပံပညာရှင်တွေက ဝိပဿနာ တရားရှုမှတ်မှုအပေါ် စိတ်ဝင်စားလာကြပါတယ်။ တရားမရှုမှတ်သူ ထက် တရားရှုမှတ်သူက ရောဂါကို ခုခံကာကွယ်နိုင်အား ပိုရှိပါသတဲ့။ အနောက်တိုင်းက သိပ္ပံပညာရှင်တွေက လက်တွေ့လေ့လာ လိုက်စားနေ ကြပါတယ်။ သိပ္ပံပညာရှင်တွေရဲ့ ထောက်ခံမှုကိုရလို့ ဝိပဿနာလုပ်ငန်း အပေါ် လူတွေကလည်း စိတ်ပါဝင်စားလာကြပါတယ်။ ဝိပဿနာ လုပ်ငန်းဟာ လူတွေရဲ့ စိတ်ပါဝင်စားမှုကို ပိုပိုပြီး အနောက်တိုင်းမှာ ခံယူနေကြပါတယ်။

ဗုဒ္ဓရဲ့တရားတော်တွေက 'ဧဟိပဿိကော၊ လာပါ၊ လေ့လာ ကြည့်ရှုလှည့်ပါလို့ ဖိတ်ခေါ်ပြထိုက်တဲ့တရားတွေ'ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ သတိပဋ္ဌာန်ဝိပဿနာတရားဟာ သိပ္ပံပညာရှင်တွေရဲ့ လေ့လာစမ်းသပ်မှု ကို ခံနိုင်မှုအပြည့်ရှိပါတယ်။ ဗုဒ္ဓရဲ့ ဝိပဿနာဘာဝနာကသာ သိပ္ပံ ပညာရှင်တွေရဲ့ စမ်းသပ်မှုကို ခံနိုင်မှုအပြည့်ရှိပါတယ်။ ဗုဒ္ဓရဲ့ဝိပဿနာ ဘာဝနာကသာ သိပ္ပံပညာရှင်တွေရဲ့ စမ်းသပ်မှုကို ခံနိုင်တာမဟုတ်ပါ၊ ဗုဒ္ဓရဲ့ သမထဘာဝနာတွေကလည်း ခံနိုင်ကြပါတယ်။ စိတ်ကို တည် ငြိမ်အေးချမ်းမှုပေးနိုင်တဲ့ ဗုဒ္ဓတရားတော်တွေဟာ သိပ္ပံပညာရှင်တွေရဲ့ အထင်ကြီးမှု၊ လေးစားမှုကို ခံယူနေကြရပါတယ်။ စိတ်ကူးယဉ်ပြီး တွေးခေါ်ဟောကြားထားတဲ့ ဘာသာရေးတရားတွေက သိပ္ပံပညာနဲ့ လေ့လာစမ်းသပ်ခံရတဲ့အခါ သိပ္ပံပညာရှင်တို့အဖို့ အားရကျေနပ်ဖွယ် မဖြစ်ရင် သိပ္ပံပညာရှင်တွေရဲ့ရော သိပ္ပံပညာကို အထင်ကြီးအားကိုးသူ တွေရဲ့ပါ လေးစားမှု၊ တန်ဖိုးထားမှုကို ခံယူရမယ်မဟုတ်ပါ။ သိပ္ပံ ပညာရှင်တွေဟာ မျက်ကန်းယုံကြည်မှုမျိုးကို လက်မခံနိုင်ကြပါ။ သိပ္ပံ

http://www.dhammadownload.com

ပညာနဲ့ လက်တွေ့လေ့လာစမ်းသပ်လို့ရတဲ့ အရာမျိုးကိုသာ လက်ခံနိုင်ကြပါတယ်။ ယုံကြည်နိုင်ကြပါတယ်။ ဗုဒ္ဓရဲ့တရားတော်တွေထဲမှာ သိပ္ပံပညာ လိုက်လို့မမီနိုင်တဲ့ တရားတော်တွေ များစွာပဲရှိပါသေးတယ်။ သိပ္ပံပညာရှင်တွေ လက်လှမ်းမမီနိုင်လောက်အောင် နက်နဲသိမ်မွေ့လှတဲ့ ဗုဒ္ဓတရားတော်တွေကို သိပ္ပံပညာဆိုင်ရာ လက်နက်ကိရိယာတွေနဲ့ လေ့လာစမ်းသပ်လို့ မရနိုင်ပါ။ ဗုဒ္ဓမိန့်ကြားတော်မူတဲ့အတိုင်း လက်တွေ့ လိုက်နာကျင့်သုံးကြည့်နိုင်မှသာ သိရှိနိုင်ကြမှာ ဖြစ်ပါတယ်။

ဥစ္စာ ၄ မျိုး

မောင်လှဝင်း...

တရားစစ်တာ နားတဲ့တနင်္ဂနွေနေ့ ၅၊ ၆၊ ၂၀၀၅ မှာ မြန်မာမိသားစု ၂ စုဟာ နေ့ဆွမ်းလာကပ်ကြပါတယ်။ ချောင်းဆိုးလွန်းလို့ အစားအသောက်နည်းနေတဲ့ သာမဏေကျော်ဟာ ပိုမိုစားသောက်လာနိုင်ပါတယ်။ အရင်နေ့တွေကဆိုရင် ထည့်ထားတဲ့ဆွမ်းအနည်းငယ်ကို တောင် ပြန်လျှော့နေလေ့ရှိခဲ့ပါတယ်။ ဒီတနင်္ဂနွေနေ့မှာတော့ ဆွမ်း ၂ ခါတောင် ထပ်ထည့်ရပါတယ်။ ဒေါ်မြင့်မြင့်စိန်က သာမဏေကျော် ဆွမ်းပိုစားနိုင်လာတာကို ကြည့်ပြီး 'ဒီနေ့ ဆွမ်းဒကာ ဒကာမတွေ ကံကောင်းကြတယ်'လို့တောင် ပြောနေပါသေးတယ်။ ဦးဝိဝေကာနန္ဒက လည်း အံ့သြဝမ်းသာဖြစ်နေရှာပါတယ်။ ဒီနေ့ ဆွမ်းစားအပြီးမှာ ဦးသုမန သိရိရဲ့ဖခင် ဒေါက်တာ ပေးတဲ့ဆေးကို စတင်စားပါတယ်။ ပထမရက်မှာ ၂ လုံး၊ နောက် ၄ ရက်မှာ တစ်လုံးစီစားရပါတယ်။ အဲဒီဒေါက်တာက ချောင်းဆိုးအတွက် ဗျားရည်၊ သံပုရာရည်၊ ချင်း (ဂျင်း) ရည်ကို သောက်ဖို့ ပြောပါတယ်။ ချင်းရည်ပါရင် ပိုချောင်းဆိုးလို့ လျှော့သောက်

http://www.dhammadownload.com

ပါ။ ဒေါ်မြင့်မြင့်စိန်က ဖျော်ပေးပါတယ်။ ကျန်တဲ့ချောင်းဆိုးပျောက်ဆေး တွေကို မသောက်ဘဲ ရပ်ထားရပါတယ်။

ဆရာတော်ကြီးက အဲဒီဆွမ်းဒကာ ဒကာမတွေအား ဥစ္စာ ၄ မျိုးအကြောင်းကို အကျယ်တဝင့် ဟောပြပါတယ်။ သူတို့က ချမ်းမြေ့ ဆရာတော် ၂၀၀၄ ခုနှစ် တရားလာပြတုန်းကလည်း ဆွမ်းလာကပ်ကြပါတယ်တဲ့။ သူတို့အတွက် ရဟန်းသံဃာက ရှားပါးပစ္စည်းဖြစ်နေပါတယ်။ ဒါကြောင့် မြန်မာဆရာတော်တွေ ကြွလာရင် ဆွမ်းကပ်ကြ၊ တရားနာယူကြပါတယ်။ အဲဒီလိုလုပ်ရတာကို သူတို့အလွန်ပဲဝမ်းသာ ကျေနပ်ကြပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးက ၁။ ထာဝရဥစ္စာ၊ ၂။ မပြောင်းရွှေ့နိုင်တဲ့ဥစ္စာ၊ ၃။ ဇင်္ကာမဥစ္စာ၊ ၄။ အနုဂါမိကဥစ္စာ= ဘဝသံသရာတစ်လျှောက်လုံးမှာ လိုက်ပါတဲ့ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုတွေပါပဲလို့ ဥစ္စာ ၄ မျိုးအကြောင်းကို ဟောပြပါတယ်။

တနင်္ဂနွေနေ့ကို ယောဂီတွေလည်း သဘောကျကြပါလိမ့်မယ်။ တရားမလျှောက်ရဘဲ နေခွင့်ရတာကိုး။ ကမ္မဋ္ဌာန်းဆရာတွေလည်း တရားမစစ်ရဘဲ နားခွင့်ရလို့ သဘောကျကြပါတယ်။ မြန်မာဒကာ ဒကာမတွေကလည်း စနေ၊ တနင်္ဂနွေနေ့တွေမှာ အလုပ်နားတာမို့ ဆရာတော်တွေထံ လာကာ ဆွမ်းကပ်၊ တရားနာ၊ စကားပြောခွင့်ရကြလို့ ဝမ်းသာကြပါတယ်။ ဆရာတော်ကြီးကလည်း ဆွမ်းဒကာ၊ ဒကာမတွေကို မေးခွန်းတွေ တစ်သီကြီးမေးကာ တရားအသိဉာဏ်တွေ ပေးတတ်ပါတယ်။ ဆရာတော်ကြီးရဲ့ မေးခွန်းတွေကို လည်လည်ပတ်ပတ်နဲ့ ချက်ကျကျ ဖြေတတ်သူတွေပါသလို အိုးနင်းခွက်နင်းဖြေသူတွေ၊ လုံးဝမဖြေတတ်သူတွေလည်း ပါပါတယ်။ အမေးခံရသူတွေ ခေါင်းမူးသွားစေနိုင်တဲ့ မေးခွန်းတွေကို မေးတတ်လေ့ရှိပါတယ်။ မောင်လှဝင်းတော့ ဆရာတော်ကြီး မေးတဲ့မေးခွန်းတွေနဲ့ မကြုံဖူးသေးဘူးနဲ့ တူတယ်။

http://www.dhammadownload.com

မြတ်နိုးဖွယ်

မောင်လှဝင်း...

ကိုယ့်မြန်မာနိုင်ငံမှာ မြို့ကလူတွေထက် တောရွာကလူတွေက ပိုပြီးခင်မင်တတ်ကြတယ်။ ရင်းနှီးတတ်ကြတယ်။ ဖော်ရွေတတ်ကြတယ်။ သူတို့အမေရိကမှာလည်း အဲဒီလိုဖြစ်ပုံရပါတယ်။ IMS ဝန်းကျင်က ကားလမ်းတစ်လျှောက် လမ်းလျှောက်သွားတဲ့အခါ ကားပေါ်က လူတွေက လက်ပြပြီး နှုတ်ဆက်၊ နှုတ်ဆက်သွားကြတာကို အခါများစွာ တွေ့ရပါတယ်။ စက်ဘီးစီးသွားရင်လည်း လက်ပြပြီး နှုတ်ဆက်တဲ့အခါ နှုတ်ဆက်၊ 'ဟဲလို'လို့ အော်ပြီး နှုတ်ဆက်တဲ့အခါ နှုတ်ဆက်သွားတတ်ကြပါတယ်။ IMS ဌာန၊ FR ဌာန၊ Study center ဌာနတွေက ဝန်ထမ်းတွေ၊ ယောဂီတွေကို လမ်းလျှောက်သွားရင်း တွေ့ခဲ့ရင်တော့ လက်အုပ်ချီကာ ပြုံးပြသွားတတ်ကြပါတယ်။ လက်ပြနှုတ်ဆက်သွားတာ၊ ဟဲလိုလို့ပြောပြီး နှုတ်ဆက်သွားတာတွေကတော့ အမေရိကန်တွေရဲ့ ယဉ်ကျေးမှုပါပဲ။ လက်အုပ်ချီကာ ပြုံးပြသွားတာကတော့ ဗုဒ္ဓယဉ်ကျေးမှုပါပဲ။ တောနယ်တစ်ဝိုက်က ပုဂ္ဂိုလ်တွေမို့ ကိုယ့်မြန်မာနိုင်ငံ တောရွာက လူတွေလိုပဲ ခင်မင်မှုပိုကြပုံပေါ်ပါတယ်။ ခင်မင်ရင်းနှီး ဖော်ရွေမှုတွေမှာ မေတ္တာသဘောပါဝင်တာမို့ မြတ်နိုးဖွယ်ကောင်းပါတယ်။

ဦးသုမနသိရီနဲ့အတူ တောကားလမ်းတစ်လျှောက် သွားတဲ့အခါ ကားလာလို့ ကိုယ်က လမ်းဘေးကပ်ပေးပါတယ်။ တောရွာဘက်က ကားတွေက ရှောင်ပေးတဲ့ခရီးသွားနဲ့ ခပ်ဝေးဝေးနေရာက သွားတတ်ကြပါတယ်။ ပြုံးရွှင်ကာ လက်ပြနှုတ်ဆက်သွားတာတွေလည်း များစွာရှိပါတယ်။ တစ်ခါတစ်ရံ ကိုယ့်ကိုကျော်သွားမှ လက်ပြနှုတ်ဆက်သွားတာကို တွေ့လိုက်ရပါတယ်။ သူတို့က လက်ပြနှုတ်ဆက်တဲ့အခါ

http://www.dhammadownload.com

ကိုယ့်ဘက်က ပြန်ပြီးလက်ပြန္ဓတ်ဆက်မှု မပြုရင် ရိုင်းရာရောက်ပါသတဲ့။ မြို့ဘက်က ကားတွေကတော့ လမ်းဘေးကို ရှောင်တိမ်းသွားတဲ့ ခရီးသွားနဲ့ ဝေးရာနေရာက မသွားဘဲ အနီးအရပ်က ကပ်သွားတတ်ကြပါတယ်။ တောရွာတွေက ကားတွေရဲ့မောင်းသွားပုံက မြတ်နိုးဖွယ်ကောင်းလှပါတယ်။ ဦးသုမနသိရိကလည်း တောရွာက ကားတွေနဲ့ မြို့က ကားတွေရဲ့ မောင်းပုံခြားနားချက်ကို မှတ်ချက်ချပြပါတယ်။

ကိုယ့်မြန်မာနိုင်ငံကရော၊ အမေရိကပါ တောသူတောသားတွေနဲ့ မြို့သူမြို့သားတွေရဲ့ စိတ်ထားဟာ ဘာကြောင့်ကွာခြားသွားကြတာပါလိမ့်။ မေတ္တာစိတ်ထား၊ ကရုဏာစိတ်ထား၊ မုဒိတာစိတ်ထားတွေဟာ မြန်မာတွေမှာပဲ ရှိရှိ၊ အမေရိကန်တွေမှာပဲ ရှိရှိ၊ အခြားလူမျိုးတွေမှာပဲ ရှိရှိ မြတ်နိုးဖွယ်စိတ်ထားတွေပါ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာပါတဲ့ ပြောစကား၊ ကိုယ်အပြုအမူတွေဟာ ဘယ်လိုလူမျိုးမှာပဲရှိရှိ မြတ်နိုးဖွယ်စကား၊ မြတ်နိုးဖွယ်အမူအရာတွေပါပဲ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာပါတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေဟာ တောရွာတွေမှာပဲဖြစ်ဖြစ်၊ မြို့တွေမှာပဲဖြစ်ဖြစ် မြတ်နိုးဖွယ်ချည်းပါပဲ။ မြတ်နိုးဖွယ်ကံတွေကို ပြုနိုင်သူဟာ မြတ်နိုးဖွယ်ပုဂ္ဂိုလ်ပါပဲ။

အနှေး အမြန်

မောင်လှဝင်း...

သူ့ခန္ဓာကိုယ်အမူအရာက မြန်နေပါသေးတယ်။ အားမရှိတဲ့ လူမမာလို ပြုမူဖို့ သတိပေးရပါတယ်။ မြန်နေသေးတာမို့ ထပ်သတိပေးရပါတယ်။

'ဝိပဿနာအားထုတ်ရာမှာ နှေးသောသူလည်း မြန်၏။ မြန်သောသူသည် နှေး၏' အဲဒီစကားရဲ့ အဓိပ္ပာယ်ကို နားလည်သလားလို့ ဂျမရီ

http://www.dhammadownload.com

အမည်ရှိ ၃၈ နှစ်အရွယ် အမေရိကန်အမျိုးသားယောဂီကို မေးကြည့်ပါတယ်။ နားလည်တယ်လို့ ပြောပါတယ်။ ရှုမှတ်မှုနဲ့ ခန္ဓာကိုယ်အမှုအရာကို ဖြည်းဖြည်းပြုလုပ်သူဟာ ဝိပဿနာတိုးတက်မှု မြန်တယ်။ အပေါ်ယံ သာမန်ကာ၊ လျှံကာ ရှုမှတ်ကာ ခန္ဓာကိုယ်အမှုအရာ မြန်မြန်ပြုလုပ်သူဟာ ဝိပဿနာဉာဏ် တိုးတက်မှု နှေးတယ်လို့ ဆိုလိုပါတယ်။ အဲဒီယောဂီက ကာတွန်းရေးတဲ့ဆရာ ဖြစ်ပါတယ်။

သူ့ကို ထပ်မေးပါတယ်။

'လူတစ်ယောက်က ပန်းသီးကို ကိုယ့်သူငယ်ချင်းနဲ့ စကားပြောရင်း စားတယ်၊ ပန်းသီးအရသာကို ဂရုမပြု၊ နောက်လူတစ်ယောက်က ပန်းသီးအရသာကို သေချာဂရုစိုက်ပြီး စားတယ်၊ ဘယ်သူက အရသာပိုသိမလဲ'

'နောက်လူက ပိုသိပါမယ်'

'ပုရွက်ဆိတ်တန်းကြီးကို အဝေးကကြည့်သူနဲ့ အနီးကပ်ကြည့်သူ၊ အဲဒီလူ ၂ ဦးမှာ အမြင်ချင်းတူနိုင်ပါသလား'

'မတူနိုင်ပါ'

'ဟုတ်တယ်၊ အဝေးကကြည့်ရင် ပုရွက်ဆိတ်တွေကို အတန်းလိုက်ပဲ မြင်ရတယ်။ အစုလိုက်ပဲ မြင်ရတယ်။ ခွဲခြားပြီး မမြင်ရ။ အနီးကပ်ကြည့်ရင်တော့ တစ်ကောင်နဲ့တစ်ကောင် ခွဲခြားပြီး မြင်ရတယ်။ တွဲမမြင်ရ၊ ခွဲမြင်ရတယ်။ အပေါင်းလိုက် မမြင်ရ၊ အစိတ်အစိတ် မြင်ရတယ်။ ဒီလိုပါပဲ၊ ဖောင်းတာ၊ ပိန်တာစတဲ့ အာရုံကို အဝေးကကြည့်ပုံနဲ့ အနီးကပ်ကြည့်ပုံဟာ ကွဲပြားခြားနားပါတယ်။ ဘယ်လိုကွဲပြားခြားနားတယ်ဆိုတာကို သိချင်ရင် အနီးကပ်ရှုမှတ်ကြည့်ပါ'

'များများကြည့်ရင် များများမြင်တယ်။ စူးစိုက်ကြည့်ရင် အသေးစိတ် မြင်တယ်။ များများမြင်ချင်ရင် များများကြည့်ပါ။ အသေးစိတ်မြင်ချင်ရင် စူးစိုက်ကြည့်ပါ။ သိသိသာသာ ဖြစ်ပေါ်လာပါတယ်။

http://www.dhammadownload.com

အဲဒီအခါ တရားအပေါ် သဒ္ဓါဖြစ်ပေါ်လာပါတယ်။ သဒ္ဓါမှ ဆန္ဒ၊ ဆန္ဒမှ ဝီရိယ ဖြစ်ပေါ်လာပါတယ်။ အဲဒီယောဂီဟာ ရှုမှတ်မှုနဲ့ ဖြည်းဖြည်းပဲ ခန္ဓာကိုယ်အမူအရာကို ပြုလုပ်သွားတာကို မြင်တွေ့လိုက်ရပါတယ်။'

ဝိနည်းမှာ စာရှိ

မောင်လှဝင်း...

၆၊ ၆၊ ၂၀၀၅ နေ့က ကဆုန်လကွယ်နေ့ဖြစ်တယ်။ ဆရာတော်ကြီးရယ်၊ သာမဏေကျော်ရယ်၊ ဦးဇဋ္ဌိလရယ်၊ ဦးဝိဝေကာနန္ဒရယ်၊ ဦးသုမနသိရိရယ် ရဟန်း ၅ ပါးရှိလို့ သံဃဥပုသ်ပြုကြတယ်။ သာမဏေကျော်တို့ ့နေရာအဆောင်ရဲ့ အပေါ်ထပ်မှာပဲ ဥပုသ်ပြုကြပါတယ်။ ဂါမသိမ်မှာ ဥပုသ်ပြုဖူးတယ်လို့ရှိအောင် ဥပုသ်ပြုကြတာပေါ့လို့ ဆရာတော်ကြီးက မိန့်ပါတယ်။ IMS ရှိ သိမ်ကို မသွားကြတော့ပါ။ အရင်ဥပုသ်နေ့က နေ့လယ် ၂ နာရီမှာ ဥပုသ်ပြုခဲ့ပါတယ်။ အခုဥပုသ်နေ့မှာတော့ ၄ နာရီမှာ ဥပုသ်ပြုပါတယ်။ ဦးဝိဝေကာနန္ဒက အင်္ဂလိပ်လို ရေးထားတဲ့ ပါတိမောက်စာအုပ်လေးကို ဖတ်ကာ ပါတိမောက်ရွတ်ပြပါတယ်။ ပုဒ်စပ်ထားတဲ့ စကားလုံးတချို့ကို ပုဒ်ဖြတ်ပြီး ရွတ်သွားလို့ ဆရာတော်ကြီးက စာရှိအတိုင်း (ပုဒ်စပ်ထားတဲ့အတိုင်း) ရွတ်ဖတ်ဖို့ ပြုပြင်ပေးပါတယ်။ 'ဝိနည်းမှာ စာရှိ'ဆိုတဲ့အတိုင်း ဝိနည်းကို စာရှိအတိုင်းပဲ လိုက်နာကျင့်သုံးရပါမယ်။ ရွတ်ဖတ်တော့လည်း စာရှိအတိုင်းပဲ ရွတ်ဖတ်ရပါတယ်။ တချို့က 'တချို့ဝိနည်းစည်းကမ်းတွေဟာ ခေတ်နဲ့မလိုက်ဖက်၊ မကိုက်ညီတော့ဘူး'လို့ ယူဆပြောဆိုကာ ပယ်လိုကြပါတယ်။ မလိုက်နာဘဲ၊ မကျင့်သုံးဘဲ နေလိုကြပါတယ်။ ဝိနည်းကို ကိုယ်လိုသလို ပြုပြင်လို့မရပါ။ စာမှာပါတဲ့အတိုင်း တသွေ

http://www.dhammadownload.com

မတိမ်း လိုက်နာကျင့်သုံးကြရပါမယ်လို့လည်း ဆရာတော်ကြီးက မိန့်တော်မူပါတယ်။

ပြီးတော့ ဆရာတော်ကြီးက ဒီလိုလည်း ဆက်မိန့်ပါသေးတယ်။

'ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ = အလေး အပေါ့တွေထဲက အလေးမှာ ရပ်တည်ရမယ်'လို့ ဆိုမိန့်ချက် ရှိပါတယ်။ အလေးနဲ့ အပေါ့ ယှဉ်လာရင် အပေါ့ဘက်ကို မလိုက်ပါနဲ့၊ အလေးဘက်ကို လိုက်ပါတဲ့။'

မြန်မာနိုင်ငံမှာ ဝိနည်းဘက်ဆိုင်ရာ အားနည်းချက်တွေ ရှိနေကြကြောင်း ကြားသိမြင်တွေ့ရပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးလည်း ကြားသိရပါတယ်။ အရက်သောက်၊ ညစာစားမှုစတဲ့ သီလချို့ယွင်းမှုတွေဟာ မြန်မာနိုင်ငံမှာ ပိုမိုရှိလာတာမို့ အနာဂတ်မြန်မာသာသနာရေးဟာ ရင်လေးစရာဖြစ်နေကြောင်းကို ဆရာတော်ကြီးတွေကဦးတွားကာ မိန့်တော်မူကြပါတယ်။ တစ်ခြမ်းပုပ်နေတဲ့ ပိန္နဲသီးကို လီးမထုတ်ဘဲ ဒီအတိုင်းပဲဆက်ထားရင် ကျန်တဲ့အပိုင်းလည်း ဆက်လက်ပုပ်ဖို့သာ ရှိပါတယ်။ ပုပ်တဲ့အပိုင်းကို လီးထုတ်ပစ်မှသာ ကျန်တဲ့အပိုင်းလေးဟာ စားသုံးလို့ရနိုင်မှာ ဖြစ်ပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက ပိန္နဲသီးတစ်ခြမ်းပုပ်ဥပမာနဲ့ သာသနာပြုပြင်ရေးကို သတိပေးတော်မူခဲ့ပါတယ်။ ဝိနည်းကို ဘေးဖယ်ထားတဲ့ ရဟန်းသံဃာတွေ မြန်မာနိုင်ငံမှာ များများလာလေ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာကွယ်ပျောက်ဖို့ နီးနီးလာလေပါပဲ။ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ မကွယ်ပျောက်ဖို့ အရေးကို မြန်မာရှင်ရဟန်းတွေ အလေးမူကြရမှာ ဖြစ်ပါတယ်။ အလေးမမူကြတော့ဘူးဆိုရင်တော့ မြန်မာမှာ ဗုဒ္ဓသာသနာ ကွယ်ပဖို့အရေး ဝေးလာမှာ မဟုတ်ပါ။

http://www.dhammadownload.com

ဝိပဿနာ

မောင်လှဝင်း...

ကမ္မဋ္ဌာန်းဆရာမကြီး ကမလာ ဟာ သာမဏေကျော်ထံ တရားလျှောက်ဖို့ အလှည့်ကျလို့ ရောက်လာပြန်ပါတယ်။ သူ့တရားအတွေ့အကြုံကို မှတ်စုစာအုပ်လေးမှာ ရေးထားပါတယ်။ အဲဒီမှတ်စုတွေကို မျက်မှန်တပ်ကာ ဖတ်ပြပါတယ်။ ဖတ်ပြပြီးသွားတဲ့အခါ သာမဏေကျော်က ကမလာကို မေးပါတယ်။

'ကမလာ၊ မျက်မှန်တပ်ပြီး ဖတ်တာနဲ့ မတပ်ဘဲ ဖတ်တာ ဘယ်လိုခြားနားပါလဲ'

'မျက်မှန်တပ်ပြီး ဖတ်တာက ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား မြင်ရပါတယ်'

'ကမလာ၊ တရားရှုမှတ်တဲ့အခါမှာလည်း သမာဓိမျက်မှန်တပ်ပြီး ရုပ်နာမ်အာရုံစာတွေကို ဖတ်ရင် ထင်ထင်ရှားရှား မြင်ရတာပဲပေါ့'

ဝိပဿနာကမ္မဋ္ဌာန်းကိုရော၊ မေတ္တာကမ္မဋ္ဌာန်းကိုပါ သူမက ပဏ္ဍိတာရာမဆရာတော်ကြီးထံ အားထုတ်ထားတာမို့ အမေရိကမှာ ယောဂီတွေအား ဝိပဿနာကိုရော မေတ္တာကမ္မဋ္ဌာန်းကိုပါ ပြသပေးနေပါတယ်။ 'ဝိပဿနာရဲ့ အဓိပ္ပာယ်ကို ယောဂီတွေအား ဘယ်လိုရှင်းပြပါသလဲ'လို့ ကမလာကို မေးလိုက်လို့ ကမလာက ဖြေပါတယ်။

'ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေကို ဖြစ်ပေါ်နေတဲ့အတိုင်း ရှင်းလင်းစွာသိတဲ့ဉာဏ်ပါ'

ကမလာ ပြောတာဟာ မှန်တော့ မှန်ပါတယ်။ ဒါပေမဲ့ ပိဋ္ဌကစာပေမှာ ပါရှိတဲ့ ဝိပဿနာအဓိပ္ပာယ် ၃ မျိုးကို ပြောပြလိုက်ပါတယ်။

၁။ ဝိပဿနာဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ အခြင်းအရာ ၃ မျိုးနဲ့ သိမြင်တဲ့ဉာဏ်ပါပဲ။ ရုပ်နာမ်ကွဲမြင်တဲ့ဉာဏ်နဲ့ အကြောင်း

http://www.dhammadownload.com

ကြောင့် အကျိုးဖြစ်ပေါ်ပုံ သိတဲ့ဉာဏ်တွေကိုလည်း အကျိုး ဝိပဿနာရဲ့အမည်ကို အကြောင်းဖြစ်စေတဲ့ အဲဒီဉာဏ် ၂ ပါး အပေါ် တင်စားခေါ်တဲ့ ဖလူပစာနည်းနဲ့ ဝိပဿနာလို့ ခေါ်နိုင်ပါတယ်။

၂။ ဝိပဿနာဆိုတာ သိမြင်တဲ့ဉာဏ်ပါပဲ။ ရုပ်နာမ်ကွဲမြင်တဲ့ဉာဏ်၊ ကြောင်းကျိုးသိတဲ့ဉာဏ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့သိတဲ့ဉာဏ် ပါပဲ။ ဒီနည်းမှာ ဝိသဒ္ဒါက အနက်အထူးမရှိပါ။

၃။ ဝိပဿနာဆိုတာ အထူးအားဖြင့် သိမြင်တဲ့ဉာဏ်ပါပဲ။ လောကီသားတွေက ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ မြင်တယ်။ ဖန်ဆင်းရှင်လို့ သက်ရှိ၊ သက်မဲ့တွေဖြစ်ပေါ်နေတယ်။ အကြောင်းမရှိဘဲ ဖြစ်ပေါ်နေတယ်လို့ မြင်တယ်။ ငါတို့ဟာ နိစ္စပဲ၊ သုခပဲ၊ အတ္တပဲ' လို့ မြင်နေကြတယ်။ အဲဒါတွေက ရိုးရာအမြင်တွေပေါ့။

ရုပ်နာမ်လို့ မြင်တယ်၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ မြင်တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ မြင်တယ်။ အဲဒီအမြင်တွေက ထူးခြားတဲ့ အမြင်တွေပေါ့။ အဲဒီထူးခြားတဲ့ အသိအမြင်ဟာ ဝိပဿနာပါပဲ။

အသားစား သစ်ပင်

မောင်လှဝင်း...

ဦးသုမနသိရိနဲ့ တောလမ်းတစ်လျှောက် လျှောက်သွားပါတယ်။ တစ်နေရာရောက်တော့ လမ်းဘေးရှိ အပင်လေးတစ်ပင်ကို ပြပါတယ်။ အဲဒီအပင်က မြေသြဇာမကောင်းတဲ့နေရာမှာ ပေါက်လေ့ရှိပါတယ်။ အဲဒီအပင်မှာ အရွက်လေးတစ်ရွက်က အမိုးအကာလုပ်ကာ ကောက်ကို

http://www.dhammadownload.com

ကွေးကောက်သွားပါတယ်။ အဲဒီအမိုးလိုဖြစ်နေတဲ့ သစ်ရွက်ထဲ လိုဏ်ခေါင်းဖြစ်ကာ ကျင်းရှိနေပါတယ်။ အဲဒီအပင်က ယင်ကောင်တွေကို ဖမ်းစားပါတယ်တဲ့။ အုံ့သြမိပါတယ်။ ယင်ကောင်စွဲမက်စရာအဆင်းရော၊ အနံ့ပါ အဲဒီလှိုဏ်ခေါင်းထဲမှာ ရှိနေပါတယ်။ ယင်ကောင်က အဲဒီလိုဏ်ခေါင်းထဲဝင်သွားရင် ပြန်ထွက်လို့မရတော့ပါ။ ကျင်းထဲ၊ တွင်းထဲကျသွားပါတယ်။ ကျသွားပြီး ပုပ်သွားတဲ့ အဲဒီယင်ကောင်က အဲဒီသစ်ပင်အတွက် မြေသြဇာဖြစ်သွားပါတယ်။ အဲဒီသစ်ပင်က အဲဒီယင်ကောင်အပုပ်က အဆီသြဇာကို စားသုံးကာ စည်ပင်ရပါတယ်တဲ့။ အသားစားတဲ့သစ်ပင် ဖြစ်ပါတယ်တဲ့။ အုံ့သြစရာပါပဲ။ ဦးသုမနသိရီက အင်တာနက်ထဲက အဲဒီအသားစားသစ်ပင်တွေအကြောင်း ရေးထားတဲ့ စာသားကွေကို ထုတ်ပေးပါတယ်။ အဲဒီသစ်ပင်လိုပဲ အခြားသစ်ပင်တွေကိုလည်း အဲဒီအင်တာနက်စာသားထဲမှာ တွေ့ရပါသေးတယ်။

အစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်တဲ့ ငါး။ အစာကိုသာမြင်ပြီး ထောင်ချောက်ကိုမမြင်တဲ့ ကြွက်၊ ကြောင်။ အစာကိုသာမြင်ပြီး ပိုက်ကွန်ကို မမြင်တဲ့ငှက်တွေဟာလည်း အစာကိုမြင်ပြီး အန္တရာယ်ကို မမြင်နိုင်ကြလို့ အသက်ဆုံးရှုံးကြရပါတယ်။

အမျိုးသမီးတွေက အမျိုးသားတွေကို အမျိုးသမီးတွေရဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံကောင်းတွေနဲ့ နှောင်ဖွဲ့ဖမ်းယူကြပါတယ်။ အမျိုးသားတွေကလည်း အမျိုးသမီးတွေကို အမျိုးသားတွေရဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံကောင်းတွေနဲ့ နှောင်ဖွဲ့ဖမ်းယူကြပါတယ်။ အမျိုးသမီးရဲ့ အတွေ့အထိအာရုံနဲ့ နှောင်ဖွဲ့ခံရတဲ့ အမျိုးသားဟာ ခိုင်ခိုင်မာမာ နှောင်ဖွဲ့ခြင်းကို ခံလိုက်ရပြီဖြစ်ပါတယ်။ အမျိုးသားရဲ့ အတွေ့အထိအာရုံနဲ့ နှောင်ဖွဲ့ခံရတဲ့ အမျိုးသမီးဟာ ခိုင်ခိုင်မာမာ နှောင်ဖွဲ့ခြင်းကို ခံလိုက်ရပြီ ဖြစ်ပါတယ်။

http://www.dhammadownload.com

အမျိုးသမီးတွေရဲ့စိတ်ကို အဆွဲဆောင်နိုင်ဆုံး အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိက ယောကျ်ားတွေရဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဖြစ်ပါတယ်။ အမျိုးသားတွေရဲ့စိတ်ကို အဆွဲဆောင်နိုင်ဆုံး အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိက အမျိုးသမီးတွေရဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဖြစ်ပါတယ်။

အသားစားသစ်ပင်လေးက ယင်ကောင်ကို ဖမ်းစားသလို အမျိုးသားတွေကလည်း အမျိုးသမီးတွေကို၊ အမျိုးသမီးတွေကလည်း အမျိုးသားတွေကို အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ဖမ်းစားနေကြပါတယ်။

လော်ရာ တော်လာတယ်

မောင်လှဝင်း...

FR ၆ ပတ် တရားစခန်းမှာ အသက်အငယ်ဆုံး အမေရိကန်ကလေးမလေးတစ်ယောက် လာရောက်အားထုတ်တယ်။ သူ့အသက်က ၂၈ နှစ်၊ ရုပ်ကလေးကလည်း လှလှပါပဲ။ သူ့မျက်နှာလေးက လှပေမယ့် ရှင်းလင်းမှု၊ ကြည်လင်မှုတော့ မရှိလှ။ တွေတွေဝေဝေလေး ရှိပါတယ်။ သူ့တရားအတွေ့အကြုံကို ပြောပြရင် မျက်နှာ၊ ပါးစပ်၊ လက်အမူအရာတွေနဲ့ ပြောပြတတ်ပါတယ်။ ရယ်လိုက်ရင် သူ့မျက်လုံးလေးတွေက မှေးသွားပါတယ်။ အစပိုင်းမှာ တရားအပေါ်စိတ်ဝင်စားမှု အားမကောင်းလှသေးပါ။ ခပ်ပေါ့ပေါ့မှတ်ကာ ခန္ဓာကိုယ်အမူအရာကလည်း သွက်ပြီး မြန်နေပါသေးတယ်။ အမှတ်ကျဲနေပါသေးတယ်။ ကမ္မဋ္ဌာန်းဆရာတွေက ဝိုင်းပြီးပြုပြင်ပေးကြ၊ အားပေးကြလို့ ရှုမှတ်မှုမှာ ရှိသေမှုရှိလာတာကို တွေ့လာရပါတယ်။ စူးစူးစိုက်စိုက် မှတ်လာနိုင်ပါတယ်။ သဒ္ဓါ

http://www.dhammadownload.com

ဖြစ်ပေါ်လာပုံရပါတယ်။ သီလရှင်တောင် ဝတ်ချင်နေပါသတဲ့။ သူမ နာမည်က 'လော်ရာ'တဲ့။ သူမကို ရှုမှတ်မှု ပိုများအောင် တိုက်တွန်းရပါတယ်။

'လော်ရာ၊ သတိသူဌေး၊ သမာဓိသူဌေးဖြစ်အောင် ကြိုးစားပါ။ ထိုင်မှတ်ရာ၊ စင်္ကြံလျှောက်မှတ်ရာ၊ အထွေထွေမှတ်ရာတွေမှာ သတိ၊ သမာဓိ များသည်ထက်များ၊ အားကောင်းသည်ထက် အားကောင်းလာ အောင် ကြိုးစားပါ'

'လော်ရာ၊ ပျားကောင်လေးတွေလို ကြိုးစားပါ။ ပျားကောင်လေး တွေဟာ ပန်းပွင့်တွေက ပန်းဝတ်ရည်ကို နှုတ်ခမ်းနှုတ်စီ လိုက်စုပ်ယူတယ်။ စုပေါင်းလိုက်တော့ ပျားခုံကြီးဖြစ်သွားပါတယ်။ လော်ရာဟာ ပျား ကောင်လေးလို သတိ၊ သမာဓိတွေကို ရအောင် များအောင်စုဆောင်းပါ'

'ခြလေးတွေဟာ မြေကြီးကို နည်းနည်းချင်း သယ်ယူတယ်။ စုပေါင်းလိုက်တော့ တောင်ပို့ကြီးဖြစ်သွားတယ်။ အဲဒီခြလေးတွေကို လည်း အားကျကာ အတုယူကျင့်သုံးသင့်တယ်'

'တပည့်တော်က ပျားကောင်တွေကို စောင့်ရှောက်တဲ့အလုပ်ကို လုပ်ခဲ့ဖူးပါတယ်။ ဒါကြောင့် ပျားကောင်ဥပမာလေးကို ပိုပြီးနှစ်ခြိုက် ပါတယ်'

'လော်ရာ၊ ကြိုးတုတ်တုတ်ကြီးမှာ ကြိုးအမျှင်သေးသေးလေး များစွာစုပေါင်းထားတယ်။ ကြိုးမျှင်လေးတွေကို စုပေါင်းလိုက်တဲ့အခါ ခိုင်မာအားကောင်းတဲ့ ကြိုးကြီးဖြစ်လာတယ်။ သတိ၊ သမာဓိ ကြိုးသေး သေးတွေကို စုလိုက်ရင်လည်း ခိုင်မာအားကောင်းတဲ့ သတိကြိုးကြီး၊ သမာဓိကြိုးကြီး ဖြစ်လာပါလိမ့်မယ်။'

ယောဂီရဲ့အခြေအနေကို ကြည့်ကာ သင့်တော်ကိုက်ညီမယ့် ဥပမာလေးတွေနဲ့ သူတို့တရားအသိဉာဏ် တိုးတက်လာအောင် တိုက် တွန်းပေးရပါတယ်။ လော်ရာဟာ တဖြည်းဖြည်း တော်လာပါတယ်။ တိုးတက်လာပါတယ်။

http://www.dhammadownload.com

မဟာစည် လက်ကလေးတွေ

မောင်လှဝင်း...

အသက် ၅၇ နှစ်အရွယ်ရှိ ကမ္မဋ္ဌာန်းဆရာမကြီး ကမလာ ကပြန်တော့ပါမယ်။ ဟာဝိုင်ယီက မာဝီကျွန်းမှာ နေပါတယ်။ သူ့ခင်ပွန်းနဲ့ အတူ ဝိပဿနာ၊ မေတ္တာအမည်ရှိ ကမ္မဋ္ဌာန်းဌာနကို တည်ထောင်ထားပါတယ်။ သူမဟာ ယောဂီအဖြစ်နဲ့ တရားစခန်းပေါင်းများစွာ ဝင်ခဲ့ဖူးပါတယ်။ ဆရာအဖြစ်နဲ့ နေရာများစွာမှာ တရားပြခဲ့ပါတယ်။ ယောဂီဘဝနဲ့ ကမ္မဋ္ဌာန်းဆရာထံမှ အောက်ပါစကားလေးတွေကို အခါများစွာ နာခဲ့ဖူးပါလိမ့်မယ်။ ဆရာဘဝနဲ့ ယောဂီတွေအား ဟောခဲ့ဖူးပါလိမ့်မယ်။ မဟာစည်ဆရာတော်ကြီး သီကုံးထားတဲ့ အောက်ပါလက်ကလေးတွေကို ပြောပြလိုက်ပါတယ်။

* ဖြစ်ခိုက် ရှုမှ၊ သဘာဝ၊ မုချသိနိုင်သည်။
သဘော မြင်မှ၊ ဥဒယ, ဝယ မြင်နိုင်သည်။
ဖြစ်ပျက် မြင်မှ၊ အနိစ္စ၊ ဒိဋ္ဌ တွေ့နိုင်သည်။
အနိစ္စ မြင်မှ ဒုက္ခ ထင်သည်။
ဒုက္ခ ထင်မှ အနတ္တ မြင်သည်။
အနတ္တ မြင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်သည်။

မဟာစည်ဆရာတော်ကြီးက ဝိပဿနာနဲ့ပတ်သက်ပြီး လက်ကလေးတစ်ပုဒ် သီကုံးခဲ့ပါသေးတယ်။ အဲဒီလက်ကလေးကို ရွတ်ပြကာ အဓိပ္ပာယ်ရှင်းပြလိုက်ပါသေးတယ်။ မဟာစည်နည်းအတိုင်း ပဏ္ဍိတာရာမ ဆရာတော်ကြီးထံ ဝိပဿနာတရား အားထုတ်ထားပြီး သူတစ်ပါးတွေအား တစ်ဆင့်ပြန်လည်ပြသပေးနေတဲ့ ကမလာအတွက် မှတ်သားဖွယ်ဖြစ်တာမို့ အထက်ပါလက်ကလေးတွေကို ရွတ်ပြပြောပြလိုက်ရပါတယ်။ ဝိပဿနာနဲ့ပတ်သက်တဲ့ လက်ကလေးက အောက်ပါအတိုင်း ဖြစ်ပါတယ်။

http://www.dhammadownload.com

* ခြောက်ဒွါရမှာ၊ ထင်ပေါ်တာ၊ ရှုတာ ဝိပဿနာ။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ တံခါးခြောက်ပေါက် (ဒွါရခြောက်ပါး) မှာ ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တရားတွေကို ထင်ရှားပေါ်ခိုက်မှာ ပေါ်တဲ့အတိုင်း ရှုမှတ်တာဟာ ဝိပဿနာပါတဲ့။

ကမလာ အရင်တစ်ရက်က ရှင်းပြသွားတဲ့ ဝိပဿနာအဓိဋ္ဌာယ်နဲ့ တူနေပါတယ်။ မဟာစည်နည်းကို လိုက်နာကျင့်သုံးသူတွေဖြစ်လို့ မဟာစည်ဆရာတော်ကြီးရဲ့ လက်ဟလေးတွေကို ရွတ်ပြကာ ရှင်းပြရပါတယ်။ သူတို့တစ်တွေ ဝိပဿနာနဲ့ပတ်သက်ပြီး တိတိကျကျ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ သိထားကြရင် သူတို့ရဲ့တပည့်ယောဂီတွေမှာ ပိုမိုအကျိုးများနိုင်ပါတယ်။

လျှာနဲ့ ယောက်မ

မောင်လှဝင်း...

ဆေးဘွဲ့တွေ အထပ်ထပ်ပိုင်ရှင် ဘက်ကလေ ဆိုတဲ့ ဆရာဝန်ကြီးမှာ ရောဂါခံစားနေရတယ်။ အဲဒီရောဂါကတော့ ဒေါသရောဂါနဲ့ စိတ်ပျံ့လွင့်နေမှုရောဂါပါပဲ။ သူ့မှာ ရှုမှတ်မှုသတိ ကင်းလွတ်နေပါတယ်တဲ့။ သူက အဲဒီလိုပြောလာတော့ သာမဏေကျော် ဒီလိုပြောဖို့အကြံပေါ်လာတာမို့ ဒီလိုပြောလိုက်ပါတယ်။

'ရောဂါဖြစ်စေတဲ့ ပိုးတွေကို နှိမ်နင်းကာကွယ်နိုင်ဖို့ရာ ရောဂါပိုးနှိမ်နင်းတဲ့ ပိုးတွေကို မွေးမြူရပါတယ်။ ပိုးကောင်းတွေက ပိုးဆိုးတွေကို လွှမ်းမိုးအနိုင်ယူနိုင်ရင် လူဟာ ကျန်းမာလာတာပါပဲ။ ဒီလိုပါပဲ ယောဂီဟာလည်း ဒေါသရောဂါစတဲ့ ကိလေသာပိုးတွေကို နှိမ်နင်းလွှမ်းမိုးနိုင်ဖို့ သတိပိုး၊ ဝီရိယပိုး၊ သမာဓိပိုး၊ ပညာပိုးတွေကို မွေးမြူရပါတယ်။ အဲဒီပိုးကောင်းတွေ အားကောင်းလာရင် ရောဂါပိုးတွေ ကွယ်ပျောက်

http://www.dhammadownload.com

ကာ တရားတိုးတက်သွားတာပါပဲ။ ပိုးကောင်းတွေကို များသည်ထက် များလာအောင် မွေးမြူပေးပါ။ ဆရာဝန်ကြီးဆိုတော့ ပိုနားလည်ပါလိမ့်မယ်။'

'တပည့်တော်ရဲ့ဘာသာရပ်ပဲ၊ တပည့်တော် နားလည်ပါတယ်'

သာမဏေကျော်က ကိုယ်သိထားတဲ့ သူနဲ့ဆီလျော်မယ့် ဥပမာလေးနဲ့ ကြိုးစားပြောကြည့်လိုက်ပါတယ်။ သူက ကိုယ့်ထက်ပိုပြီး ပိုးတွေအကြောင်း သိမှာသေချာပါတယ်။ ယောဂီတွေ သိရှိရင်းနှီးထားတဲ့ အကြောင်းအရာတွေကို ဥပမာလုပ်ကာ ပြောပြလိုက်ရင် အထူးကျေနပ်သဘောကျသွားပြီး တရားရှုမှတ်မှုမှာ ပိုမိုရှိသေကြိုးစားလာတတ်ကြပါတယ်။ ဒါကြောင့် ကျေးဇူးရှင် ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ထုံးကို နှလုံးမူကာ ယောဂီတွေအား အတတ်နိုင်ဆုံး ကြိုးစားပြီး ကူညီဆောင်ရွက်ပေးရပါတယ်။

တရားဟောပုဂ္ဂိုလ်တွေရဲ့ တရားတွေကို နာ၊ တရားစာအုပ်တွေကို ဖတ်ရှုနေပေမယ့် တရားကို လက်တွေ့လိုက်နာကျင့်သုံးမှုမရှိရင် တရားအရသာကို မသိ၊ မခံစားရဘဲ ရှိနေကြပါတယ်။ ဒါကြောင့် တရားရှုမှတ်နည်းတွေကို သိထားပြီး တရားအရသာကို သိသွားစေချင်ပါတယ်။ အောက်ပါစကားတော်တွေကို စိတ်ထဲပေါ်လာလို့ ပြောပြလိုက်ပါတယ်။

'ပညာရှိဟာ ပညာရှိထံ ခဏမျှချဉ်းကပ်လိုက်ရပေမယ့် သူတော်ကောင်းတရားအရသာကို သိရှိတယ်။ ဥပမာ– လျှာဟာ ဟင်းရဲ့အရသာကို သိသလိုပါပဲ။ ပညာမဲ့သူဟာ ပညာရှိထံ ကြာရှည်စွာချဉ်းကပ်ရပေမယ့် တရားအရသာကို မသိရှိ၊ ဥပမာ– ယောက်မဟာ ဟင်းရဲ့အရသာကို မသိသလိုပါပဲ။'

'အဲဒီဘုရားစကားတော်အရ ယောက်မနဲ့တူသူ မဖြစ်စေဘဲ လျှာနဲ့တူသူဖြစ်အောင် ကြိုးစားပါ။'

http://www.dhammadownload.com

ဆရာဝန်ကြီးက အဲဒီဘုရားစကားတော်ကို အထူးသဘောကျသွားပုံ ပေါ်ပါတယ်။ လှိုက်လှိုက်လဲလဲ ရယ်မောသွားပါတယ်။ ကျေးဇူးတင်ကြောင်းကိုလည်း ပြောသွားပါသေးတယ်။

ဟာန

မောင်လှဝင်း...

'မောင်လှဝင်း၊ နိဗ္ဗာန်ရောက်ပါစေ'လို့ တစ်စုံတစ်ယောက်က ဆုပေးခဲ့ရင် မောင်လှဝင်း ဝမ်းသာမလား၊ ဝမ်းနည်းမလား'

'ဒါကတော့ နိဗ္ဗာန်လိုချင်သူတိုင်း သဘောကျနှစ်သက်မယ့် ဆုပဲဘုရား၊ တပည့်တော် ဝမ်းသာတာပေါ့ဘုရား'

မောင်လှဝင်း အဲဒီလိုဖြေမယ် ထင်ပါတယ်။ ဦးဇဋ္ဌိလက တရားစစ်အပြီး ကမ္မဋ္ဌာန်းဆရာလုပ်နေတဲ့ အမေရိကန်ယောဂီမကြီးကို 'နိဗ္ဗာန်ရောက်ပါစေ'လို့ ဆုပေးလိုက်ပါသတဲ့။ သူ့ကို အဲဒီလိုဆုပေးလို့ အလွန်အကဲ ဝမ်းနည်းပါတယ်လို့ ဦးဇဋ္ဌိလကို လျှောက်ပါသတဲ့။ သူမက သူ့ကိုယ်ကို နိဗ္ဗာန်ရောက်ပြီးပြီလို့ ယူဆထားပုံရပါတယ်။ နိဗ္ဗာန်ရောက်ပြီးနေတဲ့သူကို 'နိဗ္ဗာန်ရောက်ပါစေ'လို့ ဆုပေးလိုက်တာဟာ အထင်သေးရာရောက်သွားပုံရတယ်။ နှိမ်ချလိုက်တယ်လို့ ခံစားသွားရပုံပေါ်ပါတယ်။ တရားအားထုတ်ကြတဲ့ အချို့ပုဂ္ဂိုလ်တွေမျှာ ကိုယ့်ကိုယ်ကို မဂ်ဖိုလ်တရားထူးကို ရထားတယ်လို့ အထင်ရောက်တတ်ကြပါတယ်။ ကိုယ့်ကို သူတစ်ပါးတွေက အထင်ကြီးတာကိုလည်း လိုလားတတ်ကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေထဲမှာ အဲဒီယောဂီဒကာမကြီးက ပါဝင်နေပုံရပါတယ်။ မမှန်ကန်တဲ့မာနက မှန်ကန်တဲ့မာနထက် ပိုမိုကြောက်စရာကောင်းပါတယ်။

တချို့တရားပြပေးကြတဲ့ ကမ္မဋ္ဌာန်းဆရာလုပ်သူတွေကလည်း

http://www.dhammadownload.com

ယောဂီမှာ အဲဒီလိုမမှန်မကန်တဲ့ အထင်ကြီးမှုမာနမျိုး မရောက်ရှိရအောင် ပြောဆိုကြဖို့ လိုအပ်ပါတယ်။ ကမ္မဋ္ဌာန်းဆရာရဲ့အပြောက မဂ်ဖိုလ် ရနေတယ်လို့ အဓိပ္ပာယ်သက်ရောက်တဲ့ အပြောမျိုး မဖြစ်အောင် သတိထားကြရပါမယ်။ အဲဒီလိုအပြောမျိုးနဲ့အပြောခံရတဲ့ပုဂ္ဂိုလ်ကသူ့ကိုယ်သူ အထင်ကြီးသွားတတ်ပါတယ်။ ပြောတဲ့ကမ္မဋ္ဌာန်းဆရာကိုလည်း သဘောကျသွားတတ်ပါတယ်။ အဲဒီလိုမပြောတဲ့ ကမ္မဋ္ဌာန်းဆရာတွေကိုတော့ သဘောမကျနိုင်ဘဲ ရှိသွားပါတယ်။ 'ငါ့လို နိဗ္ဗာန်မရသေးဘူး'လို့လည်း အထင်သေးချင် သေးသွားနိုင်ပါတယ်။ ကမ္မဋ္ဌာန်းဆရာတွေက ယောဂီတွေအား အားပေးချီးမြှောက်စကား ပြောရာမှာ ပြောသင့်တဲ့ အတိုင်း အတာအထိသာ ပြောကြရပါတယ်။

'နိဗ္ဗာန်ရောက်ပါစေ'လို့ ပြောတဲ့စကားမှာ နိဗ္ဗာန်ရောက်ပုံ အမျိုးမျိုး ရှိတာကို အဲဒီယောဂီမကြီး သိရှိထားမယ်ဆိုရင် ဝမ်းနည်းဖွယ်၊ ဒေါသဖြစ်ဖွယ် မရှိပါ။ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်တယ်။ ဖိုလ်ဉာဏ်နဲ့လည်း ရောက်တယ်။ ဖိုလ်ဝင်စားရင် ဖိုလ်ဉာဏ်နဲ့ အထပ်ထပ် ရောက်တယ်။ ပရိနိဗ္ဗာန်စံသွားရင် အနုပါဒိသေသနိဗ္ဗာန်ကို ရောက်တယ်။ ဖိုလ်ဝင်စားပြီး တွေ့ရတဲ့နိဗ္ဗာန်ကို ရည်ရွယ်ကာ 'နိဗ္ဗာန်ရောက်ပါစေ' လို့ ပြောလို့ရတယ်လို့ နားလည်တတ်ရင် ဝမ်းနည်းစရာ မလိုတော့ပါ။ ဝမ်းသာဖွယ်သာ ရှိပါတယ်။ ဒီလိုလည်း နားမလည်တတ်သေးလို့ အလွန်အကဲ ဝမ်းနည်းတာဖြစ်ပါလိမ့်မယ်။

အစစ် အတု

မောင်လှဝင်း...

HIV ပိုးရှိနေတဲ့ အမျိုးသားယောဂီက မှတ်သိတဲ့စိတ်လေးကို နောက်စိတ်က မှတ်သိနေပါတယ်။ အဲဒီလိုမှတ်သိရာမှာ ပုဂ္ဂိုလ်၊

http://www.dhammadownload.com

သတ္တဝါကို ရှာလို့မတွေ့ဖြစ်နေပါတယ်။ မှတ်တဲ့ပုဂ္ဂိုလ်ကို မတွေ့ရလို့ သူမှတ်တာဟာ မှားများနေသလားလို့ သံသယဝင်နေပါတယ်တဲ့။ အဲဒီအခါ မဟာစည်ဆရာတော်ကြီး ရေးသားထားတဲ့ ဥပမာလေးကို သတိရလာပါတယ်။ ကိုယ့်အဖေမဟုတ်သူကို အဖေလို့ခေါ်တာဟာ အမှန်ခေါ်တာ မဟုတ်ပါ။ အဲဒီလိုပါပဲ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်တာကို ပုဂ္ဂိုလ်၊ သတ္တဝါလို့ ခေါ်တာဟာ အမှန်ခေါ်တာမဟုတ်ပါလို့ အဖေဥပမာလေးနဲ့ ပြောလိုက်တဲ့အခါ သူတို့အမေရိကန်တွေ နားလည်အောင် 'ညီ မဟုတ်သူကို ညီလို့ခေါ်တာဟာ ခေါ်ဝေါ်ရုံမျှပါပဲ'လို့ အဖေနေရာမှာ 'ညီ'ဥပမာနဲ့ ဘာသာပြန်ပြောလိုက်ပါတယ်။ မဟာစည်ဆရာတော်ကြီးကတော့ ဘကြီး၊ ဘထွေးမဟုတ်သူကို 'ဘကြီး၊ ဘထွေး'စသည်ဖြင့် ခေါ်တဲ့ဥပမာတွေနဲ့လည်း ရှင်းပြပါသေးတယ်။ အောက်ပါစကားလေးကိုလည်း ပြောပြလိုက်ပါသေးတယ်။

'ပညတ်ပေါ်ရင် ပရမတ်ဝတ်တယ်၊ ပရမတ်ပေါ်ရင်. ပညတ်ဝတ်တယ်'

ဆင်ကောင်အစစ်ကို မြင်ရသူနဲ့ ပန်းချီရုပ်ဆင်ကို မြင်ရသူတွေဟာ အသိချင်း မတူနိုင်သလို အမြင်အသိနဲ့ အထင်သိလည်း မတူနိုင်ပါ။ ရှုမှတ်လို့ရတဲ့အသိဟာ မှန်တဲ့အသိဖြစ်ပါတယ်။ တွေးကြံလို့ရတဲ့အသိကတော့ ဝိပဿနာဉာဏ် အသိမှန်မဟုတ်ပါ။ ယောဂီမှာ ပေါ်လာသမျှအာရုံကို မပြတ်အောင် မှတ်ရတဲ့တာဝန်တစ်ခုပဲ ရှိပါတယ်။ ပေါ်လာတဲ့အာရုံပေါ် စိတ်ကလေးကပ်ပါသွားအောင် မှတ်နိုင်တာ များလာရင် အသိဉာဏ်က အလိုလိုဖြစ်ပေါ်လာတာပါပဲ။ အဲဒီယောဂီထသွားပြီးချိန်မှာ အနီးရှိစားပွဲပေါ် တင်ထားတဲ့ ပန်းတွေရှိ ပန်းအိုးကို ယူကြည့်လိုက်ပါတယ်။ ပန်းတွေကို ကိုင်ကြည့်လိုက်တဲ့အခါ 'အမေရိကမှာ ပန်းအိုးထဲ ပန်းအတုကို သုံးလေ့မရှိပါ'လို့ ပြောတဲ့ ဦးသုမနသိရိရဲ့စကားကို သတိရလာကာ အဲဒီယောဂီကို ပြောလိုက်ပါသေးတယ်။

http://www.dhammadownload.com

'ပန်းအတုနဲ့ ပန်းအစစ်ဟာ ကွဲပြားခြားနားပါတယ်'

အဲဒီအခါ ယောဂီက ပိုမိုသဘောပေါက်သွားပုံရပါတယ်။ အသံထွက်ပြီး ရယ်သွားပါတယ်။ ဆင်အတု အစစ်ဥပမာထက် ပန်းအတု အစစ်ဥပမာက ယောဂီမှာ ပိုမိုသဘောပေါက်သွားစေပုံ ရပါတယ်။ တရားပြပေးသူဟာ ယောဂီအား အကူအညီပေးတဲ့ပုဂ္ဂိုလ်ပါပဲ။ အကူအညီပေးတဲ့ ပုဂ္ဂိုလ်လို့ သဘောပေါက်ယူဆထားရင် တရားပြပေးသူကို ယောဂီက ကြောက်ရွံ့စရာပုဂ္ဂိုလ်အနေနဲ့ မှတ်ယူနေဖို့ မလိုတော့ပါ။ ရင်းနှီးပွင့်လင်းစွာ ဆက်ဆံပြောဆိုလို့ ရသွားနိုင်ပါမယ်။

ဘယ်မှာ မရေးဘဲ ရှိအုံ့နည်း

မောင်လှဝင်း...

ဒီနေ့ ၁၀၊ ၆၊ ၂၀၀၅ မှာ ဦးသုမနသိရိရဲ့ဖခင် ဒေါက်တာ ဒကာကြီးဟာ သာမဏေကျော်ထံ ထပ်လာပါတယ်။ သူညွှန်ကြားတဲ့ ဆေးကို အိမ်ထောင်ကျပြီးစ သူ့သမီးက သာမဏေကျော်အား လျှုပါတယ်။ သူတို့ဇနီးမောင်နှံ ဆရာတော်ကြီးထံ လာရောက်ကာ သာမဏေကျော်ထံ ဆေးလာလျှုပါတယ်။ ဆရာတော်ကြီးက အဲဒီဇနီးမောင်နှံအား ချမ်းသာ ၄ မျိုးကို ဟောကြားလိုက်ပါတယ်တဲ့။ ဆရာတော်ကြီး ဟောလေ့ရှိတဲ့ အတ္ထိသုခ= ရှိချမ်းသာ၊ ဘောဂသုခ= သုံးစွဲချမ်းသာ၊ အာနဏျသုခ= ကြွေးကင်းချမ်းသာ၊ အနဝဇ္ဇသုခ= အပြစ်ကင်းချမ်းသာတို့ ဖြစ်ပါလိမ့်မယ်။ ဒေါက်တာဒကာကြီး ပေးတဲ့ ဆေး ၆ လုံးကို သောက်ပြီးချိန်မှာ ရင်ဘတ်နာနေလို့ ထပ်စစ်ဆေးကြည့်ရှုပေးပါတယ်။ 'စိတ်ပူစရာ မလိုပါ။ ရေနွေးများများသောက်ပြီး ပျားရည်၊ ရှောက်ရည် ဆေးကို သောက်ပေးပါ'လို့ ပြောပါတယ်။ ဦးသုမနသိရိတို့အိမ်ကို ဒီတရားဌာနက ၁၀ မိနစ်ပဲ ကားနဲ့သွားလို့ရပါတယ်။ ဦးသုမနသိရိက

http://www.dhammadownload.com

ကူညီဆောင်ရွက်ပေးလို့ သူ့ကိုရော သူ့ဖခင်ဒေါက်တာကိုပါ ကျေးဇူးတင်ရပါတယ်။ သူ့ဖခင်က ဆေးကုသမှုနဲ့ သူတစ်ပါးအား ကူညီပေးရတာကို ကျေနပ်ဝမ်းသာပါတယ်။ ဒါပေမဲ့ ဆေးကုသမှုနဲ့ပတ်သက်ပြီး ချမှတ်ထားတဲ့ အမေရိကန်ဥပဒေတွေက စိတ်တိုင်းကျ ကုသခွင့်မပေးလို့ ဆေးကုသမှုကို ရပ်လိုက်ပါတော့တယ်တဲ့။

ဦးဇဋ္ဌိလက သူ့ရဲ့ကပ္ပိယကာရကဖြစ်တဲ့ မလွင်မာထံ ဖုန်းဆက်စဉ် သာမဏေကျော်ရဲ့ ချောင်းဆိုးသံကို မလွင်မာက ကြားရပါတယ်။ မလွင်မာက စာတိုက်ကနေ သာမဏေကျော်အတွက် ဆေးတွေအများကြီး ပို့လိုက်ပါတယ်။ မြန်မာဆေး၊ တံရုတ်ဆေး၊ အနောက်တိုင်းဆေးတွေ စုံနေပါတယ်။ များလွန်းလို့ အားတောင်နာမိပါသေးတယ်။ သူ့ဆေးတွေ ရောက်လာချိန်မှာ ဆရာဝန်ရောက်လာကာ အဲဒီဆေးတွေကို ရပ်ထားဖို့ ပြောတာနဲ့ မသောက်ဘဲ နေရပါတယ်။ ၃ ရက်၊ ၄ ရက်လောက်တော့ သောက်လိုက်ရပါသေးတယ်။ သူ့ဆေးတွေကို သောက်ကြည့်ချင်စိတ် ပေါက်နေမိပါတယ်။ အဲဒီအချိန်မှာ မလွင်မာက ဦးဇဋ္ဌိလထံ ဖုန်းဆက်ပြန်ပါတယ်။ 'သူ့ဆေးတွေကို သောက်ရဲ့လား'လို့ ဦးဇဋ္ဌိလကို မေးနေပါတယ်။ သာမဏေကျော်က 'ဘယ်မှာ မသောက်ဘဲ ရှိအုံ့နည်း'လို့ ပြောလိုက်ပါတယ်။ သူ့ဆေးတွေလှူတာကို စာထဲထည့်မရေးပါနဲ့လို့ ပြောနေပြန်ပါတယ်။ သာမဏေကျော်က 'ဘယ်မှာ မရေးဘဲ ရှိအုံ့နည်း'လို့ ထပ်ပြောလိုက်ပါတယ်။ အင်ဒရူးကလည်း အင်္ဂလိပ် ချောင်းဆိုးပျောက်ဆေးတွေ လှူပါသေးတယ်။ အဲဒီလို ဝိုင်းဝန်း ကူညီပေးကြတဲ့ပုဂ္ဂိုလ်တွေကို ကျေးဇူးများစွာတင်ရပါတယ်။ ၉၊ ၆၊ ၂၀၀၅ နေ့က သာမဏေကျော်ကို ယောဂီတွေအား တရားဟောပေးဖို့ ဆရာတော်ကြီးက မိန့်ပါသေးတယ်။ ဦးဇဋ္ဌိလကပဲ အင်္ဂလိပ်လို ဟောလိုက်ပါတယ်။ ယောဂီတွေ များစွာပဲ သဘောကျကြပါတယ်။ ဦးဇဋ္ဌိလဟာ သတ္တိကောင်းသလို တရားအဟောလည်း ကောင်းပေတာ

http://www.dhammadownload.com

ပဲ။ အနောက်တိုင်းသားယောဂီတွေ အကြိုက်တွေ့အောင် ဟောနိုင်ပါပေတယ်။ ဦးသုမနသိရီကတော့ 'သိပ်ကောင်းတယ်'လို့ ချီးကျူးပါတယ်။ ဦးဇဋ္ဌိလက ဒီတရားစခန်းမှာ ယောဂီတွေနဲ့အတူ အချိန်များစွာ တရားသွားရှုမှတ်ရပါတယ်။ ဒါလည်း တော်ပေတာပဲ။ ဦးဝိဝေကာနန္ဒက Study Center မှာ အဲဒီနေ့က တရားသွားဟောပါတယ်။ ၂ နာရီ ၄၅ မိနစ် ကြာပါတယ်။

ပန်းနဲ့ လူ

မောင်လှဝင်း...

သာမဏေကျော် တရားစစ်ရာဌာနဖြစ်တဲ့ စာကြည့်တိုက်ကနေ မြောက်ဘက်အရပ်ကို ကြည့်လိုက်ရင် မြက်ခင်းပြင်ကြီး ရှိပါတယ်။ ၁၁၊ ၆၊ ၂၀၀၅ နေ့မှာ မြက်ခင်းထဲ အဖြူရောင်ပန်းတွေ ဖွေးဖွေးလှပ်ပွင့်နေကြပါတယ်။ ခရမ်းရောင်ပန်းတွေကလည်း အဖြူရောင်ပန်းတွေနဲ့ အပြိုင်ပွင့်နေကြပါတယ်။ **အဲဒီ**ပန်း ၂ မျိုးကို တရားစစ်ရာ ကုလားထိုင်အနီးက စားပွဲပေါ်က ပန်း**အိုး**ထဲ ထည့်ထားတာကို တွေ့ရပါတယ်။ အဆင်းလှပေမယ့် မမွှေးတဲ့ပန်းတွေ ဖြစ်နေကြပါတယ်။ အဆင်းလှတဲ့ ပန်းတွေကို လှလှပပမြင်ကွင်းဖြစ်လာအောင် နေရာများစွာမှာ စိုက်ပျိုးထားတတ်ကြပါတယ်။ အဲဒီပန်းတွေကို ကြည့်ပြီး ပန်း ၄ မျိုး ရှိကြောင်းကို သတိထားမိပါတယ်။ အဆင်းသာလှပြီး အနံ့မမွှေးတဲ့ ပန်း၊ အနံ့သာမွှေးပြီး အဆင်းမလှတဲ့ပန်း၊ အဆင်းလည်းလှ အနံ့လည်း မွှေးတဲ့ ပန်း၊ အဆင်းလည်းမလှ အနံ့လည်း မမွှေးတဲ့ပန်းတွေ ဖြစ်ကြပါတယ်။ အဲဒီပန်း ၄ မျိုးဟာ မြန်မာနိုင်ငံမှာလည်း ရှိပါတယ်။ အမေရိကမှာလည်း ရှိပါတယ်။ အခြားနိုင်ငံတွေမှာလည်း ရှိပါတယ်။

http://www.dhammadownload.com

အဆင်းလည်းလှ၊ အနံ့လည်းမွှေးတဲ့ပန်းကတော့ မြတ်နိုးဖွယ်အကောင်းဆုံး ပန်းဖြစ်ပါတယ်။

ပန်းနဲ့အတူ လူတွေကိုလည်း ၄ မျိုး ခွဲခြားကြည့်မိပါတယ်။ ရုပ်အဆင်းသာလှပြီး စိတ်ကောင်းမရှိတဲ့လူ၊ စိတ်ကောင်းသာရှိပြီး ရုပ်အဆင်းမလှတဲ့လူ၊ ရုပ်အဆင်းလည်းလှ စိတ်ကောင်းလည်းရှိတဲ့လူ၊ ရုပ်အဆင်းလည်း မလှ၊ စိတ်ကောင်းလည်း မရှိတဲ့လူလို့ ၄ မျိုး ရှိပါတယ်။ ရုပ်အဆင်းလည်း လှ၊ စိတ်ကောင်းလည်းရှိတဲ့ လူက မြတ်နိုးဖွယ်အကောင်းဆုံး လူဖြစ်ပါတယ်။ မြတ်နိုးဖွယ်အကောင်းဆုံး ပန်းတွေဟာ ရှိတော့ရှိကြပါတယ်၊ ဒါပေမဲ့ ရှားပါတယ်။ မြတ်နိုးဖွယ်အကောင်းဆုံး လူတွေဟာလည်း ရှိတော့ရှိကြပေမယ့် ရှားပါးတယ်။ လောကမှာ တန်ဖိုးရှိတဲ့အရာဟာ ရှားပါးတာ ထုံးစံပါပဲ။ ရှားပါးလေ တန်ဖိုးရှိလေပါပဲ။

သာမဏေကျော်တို့ ဆွမ်းစားရာစားပွဲအနီးမှာ ပန်းတွေထည့်ထားတဲ့ ပန်းအိုးတွေကို လာချထားတာ တွေ့ရပါတယ်။ ပန်းအိုးတစ်အိုးထဲမှာ ပန်း ၃ မျိုး ထည့်ထားပါတယ်။ အဝါရောင်၊ အပြာရောင်နဲ့ အဖြူရောင်၊ အဝါနဲ့အပြာက အနံ့ကောင်းပေမယ့် အဖြူရောင်က အနံ့ဆိုးနေပါတယ်။ ချောင်းဆိုးမပျောက်သေးတဲ့ သာမဏေကျော်အတွက် အနံ့ဆိုးတဲ့ အဖြူရောင်ပန်းလေးတွေက အနှောင့်အယှက်ပေးပါတယ်။ အဲဒီအဖြူရောင်ပန်းတွေကို ဖယ်ရှားပြီး အမှိုက်ပုံးထဲ ထည့်လိုက်ပါတယ်။ အဲဒီအခါမှ လေကသန့်သွားပါတယ်။ အဆင်းလှပေမယ့် အနံ့ဆိုးရင် အနံ့ဆိုးကြောင့် မြတ်နိုးမှုကို မခံယူရတော့ပါ။ လူဟာလည်း ရုပ်လှပေမယ့် စိတ်ကောင်းမရှိရင် စိတ်ပုပ်ကြောင့် မြတ်နိုးမှုကို မခံယူရတော့ပါ။ ရုပ်လှပါလျက် စိတ်မလှသူတွေဟာ စိတ်ပါလှအောင် ကြိုးစားသင့်ကြပါတယ်။

http://www.dhammadownload.com

အနု အရင့်

မောင်လှဝင်း...

ဦးဇင္ဇလက ယောဂီတွေကို တရားစစ်ပေးပြီးတိုင်း ယောဂီတွေရဲ့ တရားအားထုတ်မှုအခြေအနေကို သာမဏေကျော်ထံ လာပြောလေ့ရှိပါတယ်။ 'ဘယ်ယောဂီက ဘယ်လိုကြိုးစားတယ်၊ ဘယ်ယောဂီက ဘယ်လို တရားအသိဉာဏ် တိုးတက်လာတယ်။ သူက ဘယ်လို အားပေးလိုက်တယ်။ ဘယ်လိုပြုပြင်ပေးလိုက်တယ်'စသည်ဖြင့် အားရပါးရ စိတ်ဝင်တစား ပြောပြပါတယ်။ တထာဂတရိပ်သာစခန်းမှာ တွေ့ခဲ့ရတဲ့ ယောဂီတွေရဲ့ တရားအခြေအနေထက် ဒီ FR ဌာနက ယောဂီတွေရဲ့ တရားအခြေအနေကို ဦးဇင္ဇလက ပိုမိုအားရပါသတဲ့။ ဒီ FR ဌာနက ယောဂီတွေ စကားမပြောဘဲ ကိုယ့်တရားကိုပဲ ရှုမှတ်နေကြတာဟာ တထာဂတရိပ်သာမှာ တွေ့ရတဲ့ယောဂီတချို့ထက်ရော၊ မြန်မာနိုင်ငံက ယောဂီအများစုထက်ပါ ပိုမိုထူးခြားပါတယ်။ ဓမ္မာရုံမှာ တရားထိုင်မှတ်ချိန်တိုင်း ဒီအမေရိကယောဂီတွေက လာထိုင်တဲ့အခါ ထိုင်တယ်၊ မထိုင်တဲ့အခါတွေလည်း ရှိပါတယ်။ သူတို့အခန်းမှာပဲ ထိုင်ပုံရပါတယ်။ အားထုတ်ချိန် ကြာလာတာနဲ့အမျှ သတိ၊ သမာဓိ၊ ဉာဏ်တွေက တဖြည်းဖြည်းတိုးတက်လာနေကြပါတယ်။ တရားရှုမှတ်မှုအပေါ် ရိုသေမှု၊ စူးစိုက်မှု၊ စိတ်ပါဝင်စားမှုတွေ ပိုလာကြပါတယ်။ ပေါ့ပေါ့တော့တော့ ရှုမှတ်တဲ့ယောဂီတွေလည်း လေးလေးနက်နက် ရှုမှတ်လာကြပါတယ်။ အမှတ်ကျဲတဲ့ယောဂီတွေလည်း အမှတ်စိပ်စိပ် လာကြပါတယ်။ ဆရာတော်ကြီးက 'ဒီအနောက်တိုင်း ယောဂီတွေက တွန်းပေးသလောက် မသွားနိုင်ကြဘူး'လို့ မှတ်ချက်ချပါတယ်။ သူတိုးတက်စေချင်သလောက် မြန်မြန်တိုးတက်မလာလို့ အားမလိုအားမရ မိန့်တတ်ပါတယ်။

http://www.dhammadownload.com

မေပဲပင်၊ အုတ်ပင်တွေဟာ အစိမ်းနုရောင်ကနေ အစိမ်းရင့်ရောင် ရှိလာကြပါပြီ။ အစိမ်းနုရောင်ကနေ အစိမ်းရင့်ရောင်ဘက် ပြောင်းရွှေ့သွားကြပါပြီ။ မြင်ကွင်းဟာ စိမ်းစိုညို့မှိုင်းလာပါတယ်။ မေပဲပင်၊ အုတ်ပင်တွေဟာ နုရာမှ တဖြည်းဖြည်းရင့်လာကြသလိုပဲ ယောဂီတွေဟာလည်း တရားအသိဉာဏ် နုရာမှ တဖြည်းဖြည်းရင့်ကျက်လာနေကြပါတယ်။ မေပဲပင်၊ အုတ်ပင်တွေဟာ တဖြည်းဖြည်း အလှတွေ ပိုပိုလာနေသလို ယောဂီတွေရဲ့စိတ်တွေဟာလည်း တဖြည်းဖြည်း အလှတွေ ပိုပိုလာနေကြပါတယ်။ သူတို့ရဲ့စိတ်တွေကို သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့အလှတွေနဲ့ တန်ဆာဆင်ပေးနေကြပါတယ်။ အဲဒီအလှတွေ သူတို့စိတ်မှာ တိုးတိုးလာလေလေ သူတို့စိတ်ဟာလည်း တိုးတိုးလှလာလေလေပါပဲ။

အကျည်းတန်စိတ်တွေကြောင့် လောကကြီးဟာ အကျည်းတန်နေရပါတယ်။ လှပတဲ့စိတ်တွေကြောင့် လောကကြီးဟာ လှပနေရပါတယ်။ အကျည်းတန်စိတ်တွေကို ဖယ်ရှားပြီး လှပတဲ့စိတ်တွေကို ပိုင်ဆိုင်လာနိုင်ကြအောင် လောကလူသားတိုင်း ကြိုးစားကြရပါမယ်။ ဒါမှ လောကကြီးဟာ လှသည်ထက် ပိုမိုလှပ်ပါလာပါမယ်။ လောကကြီးမှာ လှပတာကို မကြိုက်ဘူးဆိုတာ ရှိမယ်မဟုတ်ပါ။ ရုပ်ကို လှပအောင် လူတွေက ကြိုးစားကြပေမယ့် စိတ်ကိုတော့ လှပအောင် မကြိုးစားဘဲ ရှိနေကြပါတယ်။ စိတ်ကိုပါ လှပလာအောင် ဒီယောဂီတွေလို ကြိုးစားနိုင်ကြရင် ကောင်းပေစွ။

အမှောင်နဲ့ အရုဏ်

မောင်လှဝင်း...

HIV ပိုးရှိနေတဲ့ယောဂီဟာ သူ့မှာ ပြင်းထန်လှတဲ့ နာမှုဖြစ်ပေါ်

http://www.dhammadownload.com

လာတဲ့အခါ လက်မလျှော့ဘဲ ၁၅ မိနစ်တိုးပြီး ရှုမှတ်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်တဲ့။ ဆက်မှတ်လိုက်တော့ အဲဒီနာမ္မဟာ အစိတ်စိတ် အမ္မာမ္မာ ကွဲကာ ကွယ်ပျောက်သွားကြပါတယ်။ အာရုံတွေကို ရှုမှတ်လိုက်တိုင်း ပျက်ပျက်သွားတာတွေကိုချည်း တွေ့နေရလို့ ပုဂ္ဂိုလ်၊ သတ္တဝါ မတွေ့ရတော့အတွက် ဟုတ်မှဟုတ်ပါ့မလားလို့ တွေးနေမိပါတယ်။ ကြောက်ရွံ့နေပါတယ်။ မကြိုက်နိုင်ဖြစ်နေပါတယ်။ အမှတ်ခံ အာရုံရော မှတ်စိတ်ပါ လျင်မြန်စွာ ပျောက်ပျောက်သွားတာကို တွေ့နေရပါတယ်။ သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်နေပါတယ်။ သူ့ကို အပေါက် ၃ ပေါက်ပါတဲ့အဝတ်၊ လင်ငယ်နဲ့ဖောက်ပြန်နေတဲ့ အမျိုးသမီး၊ လည်ရေး ၃ ဆင့်ရှိ မြွေဟောက်ဥပမာလေးတွေကို ပြောပြလိုက်ပါတယ်။

'အပေါက် ၃ ပေါက်ပါတဲ့ အဝတ်ကို လူတစ်ယောက်ဟာ ယူလာပြီး မျက်စိကန်းနေသူအား အဝတ်အကောင်းပါလို့ ညာပြီး ပေးလိုက်တယ်။ အကန်းက အကောင်းထင်ပြီး သာယာနေတယ်။ ခေါ်းကုလို့ မျက်စိအလင်းရလာတဲ့အခါ အဝတ်မှာ အပေါက် ၃ ပေါက်ကို မြင်တွေ့သွားတယ်။ အရင်ကလို အဝတ်အပေါ် သာယာမှုမရှိတော့။'

'ဇနီးက ဖောက်ပြန်နေတယ်။ ခင်ပွန်းက မသိရှာ၊ ဘေးလူတွေက ပြောလွန်းလို့ လေ့လာကြည့်တော့ ဖောက်ပြန်တာ တွေ့သွားရလို့ မချစ်ခင်တော့၊ အပြစ်မြင်တော့ အချစ်စင်သွားတယ်။'

'ရေထဲ ငါးဖမ်းနေသူဟာ ငါးမိပြီလို့ထင်ပြီး ရေထဲက ဆွဲတင်ကြည့်လိုက်တော့ မြွေဟောက်ကြီး ဖြစ်နေတယ်။ လည်ပင်းမှာ အရေးသုံးခုပါနေတယ်။ အဆိပ်ပြင်းထန်ကြောင်း သင်္ကေတသုံးခုပဲ။ ကြောက်ကြောက်နဲ့ ခေါင်းပေါ်ဝှေ့ယမ်းကာ အဝေးကိုလွှတ်ပစ်လိုက်တယ်။'

'အဲဒီလိုပါပဲ ရုပ်နာမ်အာရုံတွေရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောဆိုတဲ့ အပြစ် ၃ ပါးကို မြင်လာတဲ့အခါ ရုပ်နာမ်အပေါ် ငြီးငွေ့လာတယ်။ မသာယာတော့ဘူး။'

http://www.dhammadownload.com

ပြီးတော့လည်း ဒီလိုလည်း အားပေးစကား ပြောကြားလိုက်ပါသေးတယ်။

'အရုဏ်တက်ခါနီးလာလေလေ အမှောင်ထုက ကြီးကျယ်လာလေပါပဲ။ မုန်တိုင်းထန်ပြီးရင် လေပြည်လေညင်းဆိုတာ လာစမြဲပါပဲ။ ဒုက္ခကြီးကျယ်လာလေလေ သုခနဲ့နီးလာလေလေပါပဲ။ ဒုက္ခမုန်တိုင်းထန်ပြီးရင် သုခလေပြည်လေညင်းတွေ လာစမြဲပါပဲ။ ပေါ်လာသမျှအာရုံကို မလွတ်အောင် ရှုမှတ်ဖို့သာ ကိုယ့်တာဝန်ဖြစ်တယ်။'

သူက ပြောသွားပါသေးတယ်။

'မှတ်စရာအာရုံတွေကို ကြောင့်ကြစိုက်မရတော့ဘဲ မှတ်စိတ်က သူ့အလိုလိုပဲ မှတ်မှတ်သွားနေပါတယ်'တဲ့။

မောင်သန့်စင်

မောင်လှဝင်း...

၁၂၊ ၆၊ ၂၀၀၅ နေ့ တနင်္ဂနွေနေ့မို့ မလေးအပြင် မလေးရဲ့ အစ်မ ဒေါ်တင်တင်ညိုနဲ့ သားလေး မောင်သန့်စင်ပါ လာကြတယ်။ ဒေါ်တင်တင်ညိုရဲ့ခင်ပွန်းက အမေရိကန် ဂျူးလူမျိုးဖြစ်ပါတယ်။ သူတို့ဇနီးမောင်နှံက တရားဝင်ခွဲခွာထားကြပါတယ်။ မောင်သန့်စင်က အသက် ၇ နှစ် ရှိပါပြီ။ မောင်သန့်စင်က အမေဆီတစ်လှည့်၊ အဖေ့ဆီတစ်လှည့် နေပါတယ်။ မြန်မာစကား တော်တော်လေးပြောတတ်ပါတယ်။ အပြောထက် နားလည်မှုက ပိုများပါတယ်။ သူ့မိခင် ဒေါ်တင်တင်ညိုက သူ့သားလေးက သူ့ကိုခေါ်ရင် 'မေမေ'လို့ပဲ မြန်မာလိုခေါ်ဖို့ သင်ပေးပါတယ်။ သူ့ဖခင်ကတော့ 'မာမီ'လို့ အင်္ဂလိပ်လိုခေါ်ဖို့ သင်ပေးပါတယ်။ မခေါ်တတ်ခင်က နှစ်မျိုးလုံး မခေါ်သေးဘဲ ကလေးငယ်က ငြိမ်ပြီးသာ နေပါသတဲ့။ နောင်မှ 'မေမေ'လို့ ခေါ်လာပါတယ်။

http://www.dhammadownload.com

'ဒေါ်တင်တင်ညို့ မတော်ရင် မောင်သန့်စင်ဟာ မြန်မာလို ပြောတတ်မှာ မဟုတ်ဘူး။ မိခင်တော်လို့ မောင်သန့်စင် ပြောတတ်တာပဲ'လို့ ဦးဇင်ဦးလ က ဝေဖန်နေပါတယ်။ စာသင်ကျောင်းက အမေရိကန် ဆရာ ဆရာမ တွေက ထရေစီမြို့က မောင်လွင်ဦးရဲ့ သမီးလေးကို အိမ်မှာ မြန်မာလို မပြောဖို့ ဟန့်တားကြပါသတဲ့။ ပြောရင် အဲဒီသမီးလေးကို စာသင် ကျောင်းက ထုတ်ပစ်မယ်လို့ ပြောပါသတဲ့။ မောင်လွင်ဦးက ခေါင်းမာ ပါတယ်။ သမီးကို အိမ်မှာ မြန်မာလိုပဲ ပြောပါတယ်။ အဲဒီသမီးလေးက အခုတော့ ပီပီသသ ကောင်းကောင်းမွန်မွန် ပြောနိုင်နေပါတယ်။

ဆရာတော်ကြီးက မောင်သန့်စင်ကို 'အမေ့အိမ်နဲ့ အဖေ့အိမ်မှာ ဘယ်အိမ်ပိုပျော်သလဲ'လို့ မေးတော့ မောင်သန့်စင်က ဆွမ်းဝိုင်းမှာ ကုလားထိုင်ပေါ်ထိုင်ပြီး ဆွမ်းဘုဉ်းပေးနေတဲ့ ဆရာတော်ကြီးအနီးမှာ ရပ်နေရင်း အမေးကို မဖြေသေးဘဲ သူ့မိခင်ကို လှမ်းကြည့်နေပါတယ်။ သူ့လက်ညှိုးလေးနဲ့လည်း သူ့မိခင်ကို ညွှန်ပြနေပါတယ်။ ပြီးတော့ 'အမေ့အိမ်မှာ ပိုပျော်ပါတယ်'လို့ ဖြေတယ်။ သူ့မိခင်ကတော့ မောင်သန့်စင်က ၂ အိမ်လုံးမှာ ပျော်ပါတယ်'လို့ ပြောပါတယ်။ သူ့ဖခင်က သူ့သားကို အလိုလိုက်ပါတယ်တဲ့။ သူ့မိခင်ကတော့ အိမ်မှာ စည်းနဲ့ ကမ်းနဲ့ အနေခိုင်းပါတယ်။ 'မောင်သန့်စင် ကြီးလာရင် ဘာလုပ်ချင်လဲ' လို့ မေးရင် 'စာကြည့်တိုက်မှူး လုပ်ချင်တယ်'လို့ ပြောပါသတဲ့။ မောင်သန့်စင်က အလွန်ပဲ စာဖတ်ဝါသနာပါပါတယ်တဲ့။ သူက နေ့ဆွမ်းဝိုင်းမှာ လုပ်စရာရှိတာတွေကို ဝိုင်းဝန်းကာ လုပ်ပေးပါတယ်။ ဝေယျာဝစ္စကုသိုလ်ရပါတယ်။ မောင်သန့်စင်ဟာ ဖြူဖြူသန့်သန့်လေးနဲ့ လူချောလေးတစ်ဦးပါ။ ဆရာတော်ကြီးက စားပွဲပေါ်မှာရှိတဲ့ ပစ္စည်းတွေ ကို မြန်မာလို ပြောပြဖို့ ခိုင်းပါတယ်။ ချက်ချင်းပဲ ဖြေနိုင်တာရှိသလို စဉ်းစားပြီး ဖြေရတာလည်းရှိပါတယ်။ လုံးဝမခေါ်ဝေါ်တတ်သေးတာ လည်း ပါပါတယ်။ 'မောင်သန့်စင်ဟာ အင်မတန် ပေးကမ်းချင်တဲ့

http://www.dhammadownload.com

ဝါသနာရှိတယ်'လို့ ဒေါ်မြင့်မြင့်စိန်က ပြောပါတယ်။ မိဘက မြန်မာတွေဖြစ်ပါလျက် မြန်မာစကား လုံးဝမပြောတတ်တဲ့ အမေရိကရောက် မြန်မာလေးတွေနဲ့ နှိုင်းယှဉ်ရင် မောင်သန့်စင်ဟာ အလွန်ပဲ တော်ပါပေတယ်။ မြန်မာကလေးတွေဟာ မြန်မာစကားပြောတတ်တာကို ဂုဏ်ယူနိုင်ကြရင် ကောင်းပါပေစွ။

ဆန့်ကျင်ဘက်

မောင်လှဝင်း...

ချောင်းဆိုးလွန်းလို့ ရင်ဘတ်နာတာဟာ သက်သာစပြုလာပါတယ်။ ချောင်းဆိုးရှိနေသေးပေမယ့် ရင်ဘတ်အနာသက်သာလာလို့ တော်ပါသေးတယ်။ နာတာရှိသလို မနာတာလည်း ရှိရပါတယ်။ နာတာချည်းသာ အမြဲရှိနေမယ်ဆိုရင် ဘဝမှာ နေချင်စရာမကောင်းတော့ပါ။ လောကမှာ အကောင်း အဆိုးဟာ အမြဲပဲဒွန်တွဲလျက် ရှိနေပါတယ်။ အအို့နဲ့အပျို၊ အသေနဲ့အရှင်၊ အတက်နဲ့အကျ၊ အပြုံးနဲ့အမဲ့၊ အမုန်းနဲ့အချစ်၊ အငိုနဲ့အရယ်၊ အမှောင်နဲ့အလင်း၊ အတင်းနဲ့အလျော့၊ အပေါ့နဲ့အလေး၊ အပျော့နဲ့အမာ၊ အအေးနဲ့အပူ၊ အယူနဲ့အပေး၊ အပုနဲ့အရှည်၊ အညံ့နဲ့အကောင်း၊ အဟောင်းနဲ့အသစ်၊ အဖြစ်နဲ့အပျက်၊ အခက်နဲ့အလွယ်၊ အဝယ်နဲ့အရောင်း၊ အကြောင်းနဲ့အကျိုး၊ အတိုးနဲ့အလျော့၊ အကောက်နဲ့အဖြောင့်၊ အဆိုးနဲ့အကောင်း၊ အစောင်းနဲ့အတည့်၊ အနိမ့်နဲ့အမြင့်၊ အရင့်နဲ့အနု၊ အစုနဲ့အစိတ်၊ အစိပ်နဲ့အကျဲ၊ အမည်းနဲ့အဖြူ၊ အအူနဲ့အလည်၊ အငယ်နဲ့အကြီး၊ အနီးနဲ့အဝေး၊ အသေးနဲ့အကြီး၊ အထီးနဲ့အမ၊ အချနဲ့အတင်၊ အဝင်နဲ့အထွက်၊ အတက်နဲ့အဆင်း၊ အညှဉ်းနဲ့အညှာ၊ အလာနဲ့အသွား၊ အများနဲ့အနည်း၊ အလွဲနဲ့အမှန်၊ အဆန်နဲ့အစုန်၊ အစုန်နဲ့အကျ၊ အဝနဲ့အပိန်၊ အလိမ်နဲ့အဖြောင့်၊ အတောင့်နဲ့အလျော့၊ အချော့နဲ့

http://www.dhammadownload.com

အငေါက်၊ အနောက်နဲ့အရှေ့၊ အတွေ့နဲ့အရှောင်၊ အချောင်နဲ့အကျပ်၊ အနပ်နဲ့အအူ၊ အထူနဲ့အပါး၊ အခါးနဲ့အချို၊ အလိုနဲ့အပို၊ အစိုနဲ့အခြောက်၊ အကြောက်နဲ့အရဲ၊ အထဲနဲ့အပြင်၊ အယဉ်နဲ့အရိုင်း၊ အထိုင်းနဲ့အထက်၊ အသွက်နဲ့အလေး၊ အနှေးနဲ့အမြန်၊ အမှန်နဲ့အမှား၊ အညားနဲ့အကွဲ၊ အဆွဲနဲ့အတွန်း၊ အငြိမ်နဲ့အလှုပ်၊ အရှုပ်နဲ့အရှင်း၊ အရင်းနဲ့အဖျား၊ အစိမ်းနဲ့အကျက်၊ အညက်နဲ့အကြမ်း၊ အလန်းနဲ့အနွမ်း၊ အကြမ်းနဲ့အန၊ အပုနဲ့အရှည်၊ အပိန်နဲ့အဖောင်း၊ အကျဉ်းနဲ့အကျယ်၊ အဖွင့်နဲ့အပိတ်၊ အအိပ်နဲ့အနိုး၊ အဘိုးနဲ့အဘွား၊ အချောနဲ့အကျည်းတန်၊ အပျံနဲ့အကျ၊ အစနဲ့အဆုံး၊ အရှုံးနဲ့အနိုင်၊ အပိုင်နဲ့အငှား၊ ယောကျ်ားနဲ့မိန်းမ၊ ကျွန်မနဲ့ကျွန်တော်၊ အပေါ်နဲ့အမြဲ၊ အယုတ်နဲ့အမြတ်၊ အကပ်နဲ့အခွာ၊ အညာနဲ့အကြေ၊ အဖြေနဲ့အမေး၊ အမေနဲ့အဖေ၊ အရှည်နဲ့အတို၊ အဖိုနဲ့အမ၊ အအနဲ့အလည်၊ အတည်နဲ့အနောက်၊ အမြောက်နဲ့အနှိမ်၊ အတိမ်နဲ့အနက်၊ အနက်နဲ့အဖြူ၊ အကူအညီနဲ့အနှောင့်အယှက်၊ အသတ်အဖြတ်နဲ့အကြင်နာ၊ အကာနဲ့အနှစ်၊ အပျင်းနဲ့အပျော်၊ အတော်နဲ့အဆိုး၊ အရိုးနဲ့အလည်၊ အချွန်နဲ့အတုံး၊ အကြွနဲ့အကျ၊ အချုံ့နဲ့အချဲ့။ အဲဒီလိုဆန့်ကျင်ဘက်အရာတွေဟာ လောကမှာ များလှပါတယ်။ လောကလူသားတွေဟာ လောကမှာ အကောင်းအဆိုး အမျိုးစုံကို စုံနေအောင် တွေ့ကြုံကြရပါတယ်။ ကောင်းတာနဲ့တွေ့တော့ ဝမ်းသာ၊ ဆိုးတာနဲ့တွေ့တော့ ဝမ်းနည်း၊ မလွန်ကဲဖို့ သတိယှဉ်နိုင်ကြရင် တော်ကြတာပါပဲ။ အကောင်းတွေကိုချည်း လောကသားတိုင်း တွေ့ချင်ကြပေမယ့် အကောင်းချည်းကိုတော့ ဘယ်သူမှ မတွေ့နိုင်ပါ။ ဘုရားရှင်သော်မှ မကောင်းတာတွေကို တွေ့နေရပါသေးတယ်။ သာမန်ပုဂ္ဂိုလ်တွေမှာ အထူးပြောစရာ မလိုတော့ပါ။ မတွေ့ချင်ဆုံး တွေ့နေကြရပါတယ်။ လောကသားနဲ့ လောကဓံဟာ ဒွန်တွဲနေစမြဲပါပဲ။

http://www.dhammadownload.com

အမြီးဆင်ခြင်ဇလ

မောင်လှဝင်း...

ဘဝသံသရာတစ်လျှောက်မှာ ခွဲခွာခြင်းများစွာနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ရှင်ခွဲနဲ့ ခွဲခွာရတာလည်း ရှိတယ်။ သေခွဲနဲ့ ခွဲခွာရတာလည်း ရှိတယ်။ ဒီဘဝမှာလည်း ရင်ဆိုင်နေရပါတယ်။ အခုခရီးမှာ တထာဂတ ရိပ်သာနဲ့ တွေ့ကြုံခဲ့ရတယ်။ ခွဲခွာရတယ်။ ဒီ FR တရားစခန်းနဲ့ အခုတွေ့ကြုံနေရတယ်။ နောက် ၁၆ ရက်နေပြီးရင် ဒီတရားဌာနဲ့လည်း ခွဲခွာရပါမယ်။ တထာဂတရိပ်သာနဲ့ ၄ ရက်လောက် ထပ်မံဆုံစည်းပြီး ထပ်မံခွဲခွာရပါမယ်။ သာမဏေကျော်ရဲ့ ဒီဘဝလေးကို စဉ်းစားကြည့်လိုက်ရင် ခွဲခွာမှုပေါင်းများစွာ ရင်ဆိုင်ခဲ့ရတာကို မောင်လှဝင်းလည်း သိပါတယ်။ သာမဏေကျော် ၃ နှစ်သားအရွယ်မှာ မိခင်က သာမဏေကျော်ကို သေခွဲနဲ့ခွဲခွာသွားခဲ့ပါတယ်။ ၁၃ နှစ်သားအရွယ်မှာ စပါးတွင်းရွာနဲ့ ရွာက ဆရာသမား၊ ဆွေမျိုးများကို ခွဲခွာခဲ့ရပြန်ပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းကို ရောက်ခဲ့ရပါတယ်။ ၂၁ နှစ်အရွယ်မှာ မဟာဂန္ဓာရုံကို ခွဲခွာခဲ့ရပါတယ်။ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်းကွန်းတိပိဋကနိကာယ စတဲ့နေရာတို့ကို ရောက်ကာ အဲဒီနေရာတွေနဲ့လည်း ခွဲခွာခဲ့ရပါတယ်။ အသက် ၂၇ နှစ်အရွယ်မှာ မဟာစည်သာသနာ့ရိပ်သာကို ဒုတိယအကြိမ်အဖြစ် ရောက်ခဲ့ပါတယ်။ အသက် ၃၅ နှစ်အရွယ်မှာ မဟာစည်သာသနာ့ရိပ်သာကို ခွဲခွာခဲ့ရပါတယ်။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ၁၅ နှစ်ကြာ နေခဲ့ပါပြီ။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ သာမဏေကျော်မဟာဂန္ဓာရုံတို့နဲ့လည်း ခွဲခွာရမှာကတော့ သေချာပါတယ်။ ဘယ်တော့ခွဲခွာရမယ်ဆိုတာကိုတော့ အတိအကျမသိနိုင်သေးပါ။ သက်မဲ့နေရာများစွာနဲ့ ခွဲခွာခဲ့ရသလို ကိုယ့်အပေါ် ချစ်ခင်ရင်းနှီးကြသူများစွာနဲ့လည်း ရှင်ခွဲရော သေခွဲပါ ခွဲခွာရတာ များလှပါပြီ။

http://www.dhammadownload.com

အဘိုး၊ အဘွား၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မ၊ နှမ၊ တူမ၊ တူစတဲ့ ဆွေမျိုးတွေလည်း သာမဏေကျော်ကို ခွဲခွာသွားကြပါပြီ။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၊ စပါးတွင်းရွာ ဆရာတော်ကြီး၊ မဟာမြိုင်ဦးစန္ဒောဘာသစတဲ့ ကျေးဇူးရှင် ဆရာသမားတွေလည်း ခွဲခွာသွားကြပါပြီ။ ရဟန်းဒကာ၊ ဒကာမတချို့လည်း ခွဲခွာသွားကြပါပြီ။ အခြားအခြား ခင်မင်ရင်းနှီးသူများစွာလည်း ခွဲခွာသွားကြပါပြီ။ သေခွဲခွဲခွာသွားကြသူတွေရှိသလို ရှင်ခွဲခွဲကာ နေကြရတဲ့ ခင်မင်ရင်းနှီးသူ များစွာလည်းရှိပါတယ်။ ဖြတ်သန်းခဲ့ရတဲ့ ဒီဘဝခရီး တစ်လျှောက်မှာ ခွဲခွာရမှုပေါင်းများစွာကို ရင်ဆိုင်ခဲ့ရသလို နောက်ဆက်လက်ဖြတ်သန်းရမယ့် ဘဝခရီးတစ်လျှောက်မှာလည်း ခွဲခွာရမှုပေါင်းများစွာကို ထပ်မံရင်ဆိုင်ရဦးမှာ သေချာပါတယ်။ ကိုယ့်ကိုခွဲခွာမယ့် သက်ရှိသက်မဲ့တွေရှိသလို သာမဏေကျော်က ခွဲခွာရမယ့် သက်ရှိသက်မဲ့တွေနဲ့ မခွဲခွာရသေးခင်ကတည်းက ကြိုတင် ကြိုတင်ပြီး စိတ်ထဲမှာ အစမ်းခွဲခွဲကြည့်ထားရပါတယ်။ အဲဒီလို ကြိုတင်ပြီး အစမ်းခွဲခွဲကြည့်ထားပါမှ တကယ်ခွဲခွာရတဲ့အခါ စိတ်သက်သာမှု ရနိုင်ပါမယ်။ ခွဲခွာခြင်းရဲ့ဒဏ်ကို ခံနိုင်ရည်အားရှိပါမယ်။ ဘုရားရှင်က အမြဲဆင်ခြင်ပေးရမယ့် တရား ၅ မျိုးကို ဟောခဲ့ပါတယ်။ လက်ခံလေးကို ဖတ်ကြည့်ရင် သဘောပေါက်လောက်ပါတယ်။

* **အို နာ နေ ကွဲ၊ ကံနှင့်တွဲ အမြဲဆင်ခြင်လေ။**

ပုလင်း

မောင်လှဝင်း...

နေ့ဆွမ်းမစားခင်က ဦးဇဋ္ဌိလနဲ့ လမ်းလျှောက်သွားခဲ့ပါတယ်။ နေပူလို့ ချွေးတွေတောင်ထွက်တယ်။ ဆွမ်းစားပြီးတော့ မိုးရွာလာတယ်။

http://www.dhammadownload.com

မိုးတောင်ခြိမ်းလိုက်သေးတယ်။ မကြာခင်ပဲ မိုးရပ်သွားပြီး နေပူလာတယ်။ ဦးသုမနသိရီရဲ့ဖခင်က သူ့ကို ငယ်စဉ်က 'ရာသီဥတုမကြိုက်ရင် ၅ မိနစ်စောင့်ပါ'ဆိုတဲ့စကားလေးကို မကြာခဏပြောခဲ့တယ်။ ၁၄၊ ၆၊ ၂၀၀၅ နေ့ရဲ့ ရာသီဥတုအခြေအနေနဲ့တော့ အဲဒီစကားလေးဟာ ကိုက်ညီနေပါတယ်။ သက်မဲ့ရာသီဥတုသာ ပြောင်းလဲတတ်တာ မဟုတ်ပါ၊ သတ္တဝါတွေရဲ့စိတ်ကလည်း အပြောင်းအလဲမြန်တတ်ပါတယ်။ အခု ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျရှိနေပေမယ့် မကြာခင် ဒေါသထွက်ချင် ထွက်နေတတ်ပါတယ်။ အခုပျော်နေပေမယ့် မကြာခင် ပျင်းရိသွားတတ်ပါတယ်။ အခု ချစ်ခင်နေပေမယ့် မကြာခင် အမုန်းဝင်သွားတတ်ပါတယ်။ အခု ကြင်နာနေပေမယ့် မကြာခင် ရက်စက်ချင်သွားတတ်ပါတယ်။ သတိလက်လွတ်ပုဂ္ဂိုလ်တွေရဲ့ စိတ်အပြောင်းအလဲဟာ အလွန်ပဲ မြန်ဆန်လှပါတယ်။ သတိပဋ္ဌာန်ပွားနေတဲ့ ယောဂီတွေရဲ့ စိတ်တောင်မှ သတိလက်လွတ်ရင် လွတ်သလောက် ပျံ့လွင့်စိတ်၊ လောဘစိတ်၊ ဒေါသစိတ်၊ သောကစသည်တွေ ဝင်ရောက်လာတတ်ကြပါတယ်။

ပျံ့လွင့်စိတ်၊ လောဘစိတ်၊ ဒေါသစိတ်စတဲ့ စိတ်တွေဝင်ခွင့်မရလောက်အောင် သတိကအားကောင်းနေရင်တော့ အကောင်းဆုံးပါပဲ။ ဝင်ခဲ့ရင်တောင် ချက်ချင်းရှုမှတ်နိုင်ရင် အဲဒီစိတ်တွေရဲ့ အနှောင့်အယှက်ကို အနည်းပဲခံယူရပါတယ်။ ကိုယ်နဲ့မသင့်တဲ့ အစားအစာကို စားမိရင် အစာကြေဆေး စားပေးလိုက်က အဲဒီအစာက အနှောင့်အယှက် မပေးနိုင်တော့သလို လောဘစိတ်စသည် ဝင်လာခဲ့ရင် ရှုမှတ်လိုက်က အနှောင့်အယှက် မပေးနိုင်တော့ပါ။ ကားရှေ့က မှန်ပေါ်မှာ မိုးရေကျလာရင် ရေသုတ်ပစ်တဲ့ကိရိယာနဲ့ ရေကိုချက်ချင်းသုတ်လိုက်သလို ဖြစ်လာတဲ့ လောဘစိတ်စသည်ကို ချက်ချင်းရှုမှတ်ပစ်ရပါတယ်။

တရားရှုမှတ်နေပေမယ့် သောကဖြစ်စရာအကြောင်းတွေက အားကောင်းနေခဲ့ရင် ယောဂီတွေရဲ့စိတ်အစဉ်မှာ သတိလွတ်ခိုက် သောက

http://www.dhammadownload.com

ဝင်ရောက်လာတတ်ပါသေးတယ်။ သောကအဝင်များနေတဲ့ ယောဂီတွေကို 'လေတွေပြည့်နေတဲ့ ပုလင်းထဲ ရေတစ်ပေါက်ဝင်သွားရင် ရေတစ်ပေါက်စာ လေကထွက်သွားတယ်။ ရေတစ်ဝက် ဝင်သွားရင် လေတစ်ဝက် ထွက်သွားတယ်။ ရေအပြည့်ဝင်သွားရင်တော့ လေအားလုံးထွက်သွားတယ်။ အဲဒီလိုပဲ ယောဂီတွေရဲ့စိတ်မှာ သတိနည်းနည်းဝင်ရင် သောကနည်းနည်း လျော့သွားတယ်။ သတိတစ်ဝက်ဝင်ရင် သောကတစ်ဝက် လျော့သွားတယ်။ သတိဝင်ရင် ဝင်သလောက် သောကက လျော့လျော့သွားပါတယ်'လို့ ပြောကာ အားပေးရပါတယ်။ အဲဒီလို ဥပမာလေးတွေကို ကြားရတဲ့အခါ ယောဂီတွေမှာ အားရှိသွားပါတယ်။ သတိဝင်ရင် ဝင်သလောက် လှုပ်ရှားနေတဲ့စိတ်ဟာ ငြိမ်သက်လာပါတယ်။ ပူလောင်နေတဲ့စိတ်ဟာ အေးချမ်းလာပါတယ်။

အကြွေး

မောင်လှဝင်း...

မဟာစည်ဆရာတော်ကြီးက စကားလေးတစ်ခွန်း ပြောထားပါတယ်။ ဝိပဿနာမှာ အကြွေးမရဘူးတဲ့။ ရှုမှတ်စရာအာရုံက အခုပေါ်လာရင် အခုချက်ချင်းပဲ ရှုရပါတယ်။ နောင်မှ ရှုမှတ်လို့မရပါ။ အခုဖောင်းမှုပေါ်လာရင် အခုဖောင်းတယ်လို့ ရှုမှတ်ရပါတယ်။ အခုပိန်မှုပေါ်လာရင် အခုပိန်တယ်လို့ ရှုမှတ်ရပါတယ်။ အခြားစိတ်လွင့်မှု၊ နာကျင်မှု၊ ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှု ပေါ်လာရင်လည်း 'စိတ်လွင့်တယ်၊ နာကျင်တယ်၊ ပျော်ရွှင်တယ်၊ ဝမ်းနည်းတယ်၊ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ်'လို့ ချက်ချင်းရှုမှတ်ရပါတယ်။ ပေါ်ပေါ်ချင်း မရှုမှတ်ဘဲ

http://www.dhammadownload.com

နောင်မှရှုမှတ်မယ်လို့ အကြွေးထားလို့ မရပါ။ ဒါကြောင့် မဟာစည်ဆရာတော်ကြီးက 'ဝိပဿနာမှာ အကြွေးမရဘူး'လို့ မိန့်တော်မူတာပါ။

အဲဒီစကားလေးကို ဦးသုမနသိရီက အင်္ဂလိပ်လို ပြန်လိုက်တဲ့အခါ ကြားရတဲ့ယောဂီတိုင်းက သဘောကျကာ ရယ်သွားကြပါတယ်။ ဦးသုမနသိရီက သူတို့အမေရိကန်အချင်းချင်းမို့ ထိမိအောင် အင်္ဂလိပ်လို ပြန်တတ်ပုံရပါတယ်။ တချို့ဘာသာပြန်တွေ အင်္ဂလိပ်လို ဘာသာပြန်တဲ့အခါ သူ့လိုထိမိအောင် ပြန်တတ်ပုံမပေါ်ပါ။ ထူးပြီး သဘောကျသွားပုံ မပေါ်ပါ။ ရယ်လည်း မရယ်ကြပါ။ ရယ်သွားအောင် အင်္ဂလိပ်လို ပြန်တဲ့အခါ အသံအနိမ့်အမြင့်နဲ့ အချိန်အခါကို သိတတ်ဖို့ လိုပါတယ်လို့ ဦးသုမနသိရီက ပြောပါတယ်။ အသံအနေအထားသာမက ခန္ဓာကိုယ်အမူအရာကိုလည်း အံဝင်အောင် လုပ်တတ်ဖို့ လိုပါလိမ့်ဦးမယ်။ ဦးသုမနသိရီက 'ဝိပဿနာမှာ အကြွေးမရဘူး'ဆိုတဲ့ စကားလေးကို အင်္ဂလိပ်လို အောက်ပါအတိုင်း ဘာသာပြန်ပါတယ်။

* In Vippassana practice you can't get it on credit.

အင်္ဂလိပ်ဝါကျမှာ ကာရံပါတယ်လို့ ဦးသုမနသိရီက ပြောပါတယ်။ သူတို့အနောက်တိုင်းမှာ ဈေးဝယ်တဲ့အခါ Credit ကဒ်နဲ့ အကြွေးဝယ်လေ့ရှိကြပါတယ်။ သူတို့ပြုလုပ်လေ့ရှိတဲ့ အလေ့အထကို သုံးပြီး ပြောလိုက်တော့ ချက်ချင်းသဘောပေါက်ကာ ကျေနပ်သွားကြပါတယ်။ ဘာသာပြန်ကောင်းရင် ကောင်းသလောက် နားထောင်ရတဲ့ပုဂ္ဂိုလ်တွေမှာ အရသာပေါ်လွင်ပါတယ်။ မြန်မာလို ထိမိတဲ့စကားလုံးကို သုံးပြီး ပြောလိုက်ပေမယ့် အင်္ဂလိပ်လို ဘာသာပြန်သူက ထိမိအောင် ဘာသာမပြန်တတ်ရင် အကျိုးသက်ရောက်မှု သိပ်မရှိပါ။ မြန်မာလို ရိုးရိုးပြောလိုက်ပေမယ့် အင်္ဂလိပ်ဘာသာပြန်သူက ထိမိအောင် ဘာသာပြန်လိုက်ရင် နားထောင်ရသူမှာ ထိထိမိမိရှိပါတယ်။ ဦးသုမနသိရီရဲ့ အင်္ဂလိပ်ဘာသာပြန်ပုံကို ဦးဇဋ္ဌိလက အထူးပဲကျေနပ်အားရပါတယ်။

http://www.dhammadownload.com

သာမဏေကျော်လည်း အားရကျေနပ်ပါတယ်။ ကိုယ်ကလည်း အင်္ဂလိပ်လို နားလည်သင့်သလောက် နားလည်နိုင်တာမို့ ဘာသာပြန်သူရဲ့ ထိရောက်စွာ ပြန်နိုင် မပြန်နိုင်ကို ခန့်မှန်းသဘောပေါက်လို့ ရပါတယ်။

ကဗျာဆရာ

မောင်လှဝင်း...

'မဟာစည်ဆရာတော်ကြီးနှင့် ပါမောက္ခဒေါက်တာဦးလှဖေ' ဆိုတဲ့နာမည်နဲ့ သာမဏေကျော် စုဆောင်းဖော်ပြထားတဲ့ စာအုပ်လေးကို တွေ့ရမယ် ထင်ပါတယ်။ ဦးလှဖေက ဆရာတော်ကြီးထံမေးလို့ မဟာစည် ဆရာတော်ကြီးက ဖြေထားတဲ့ အဖြေတွေကို စုပေါင်းဖော်ပြထားတာ ဖြစ်ပါတယ်။ ဦးလှဖေနဲ့ ဒေါ်တင်လှိုင်တို့ ဇနီးမောင်နှံဟာ လွန်ခဲ့တဲ့နှစ်နှစ်က ပဏ္ဍိတာရာမဆရာတော်ကြီး FR တရားစခန်း ကြွလာတုန်းကလည်း လာရောက်ကြပါတယ်။ ဒီနှစ်လည်း လာရောက်ကြပါတယ်။ အသက် ၈၆ နှစ် ရှိကြပါပြီ။ ဒကာကြီးက ကျန်းမာပေမယ့် ဒကာမကြီးက မကျန်းမာရှာပါ။ ဒကာကြီးက အသက် ၈၆ နှစ် ရှိနေပေမယ့် မိုင် ၃၈၀ ဝေးတဲ့ခရီးကို သူကိုယ်တိုင် ကားမောင်းလာခဲ့ပါတယ်။ ကျန်းမာပေတာပဲ။ ကျန်းမာပေမယ့် အရင်တစ်ခေါက်က ထက် ပိုပိန်သွားပါတယ်။ ဒကာကြီးက 'ဝိပဿနာနဲ့ သိပ္ပံပညာ'ဆိုတဲ့ စာအုပ်အထူကြီးတစ်အုပ်ကို အင်္ဂလိပ်လို ရေးနေပါတယ်။ အရင်တစ်ခေါက်ကလည်း ရေးနေခဲ့ပါတယ်။ အခုတစ်ခေါက်လည်း မပြီးသေးပါ။ သူနာမလည်တဲ့ ပါဠိစကားလုံးလေးတွေရဲ့ အဓိပ္ပာယ်ကို သာမဏေကျော်အား မေးပါတယ်။ အရင်တစ်ခေါက်ကလည်း မေးခဲ့ပါတယ်။ ဒကာကြီးက ဦးနှောက်နဲ့ပတ်သက်ပြီး ရှင်းပြပါတယ်။ ဦးနှောက် အလုပ်လုပ်ပုံကို အားရပါးရ ပြောပြပါတယ်။

http://www.dhammadownload.com

ဒကာကြီးတို့ဇနီးမောင်နှံဟာ မဟာစည်ဆရာတော်ကြီးနဲ့ ရင်းနှီးခဲ့သလို ပဏ္ဍိတာရာမဆရာတော်ကြီးနဲ့လည်း ရင်းနှီးပါတယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီးအပေါ် ကြည်ညိုသဒ္ဓါအားကို ဒီလောက်အသက်အရွယ်နဲ့ ဒီလောက်ဝေးတဲ့ခရီးကို ကားမောင်းပြီး လာရောက်ဖူးမြော်တာကို ကြည့်ပြီး သိနိုင်ပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ သာသနာရေးကိစ္စတွေကို လိုအပ်သလို ဆောင်ရွက်နိုင်ရန် များစွာပဲ အထောက်အပံ့ပြုပါတယ်။ အရင်တစ်ခေါက်ကလည်း ပြုပါတယ်။ ဆရာတော်ကြီးကလည်း သူတို့သိချင်တဲ့၊ သိသင့်တဲ့ တရားအကြောင်းအရာတွေကို ရှင်းလင်းဟောပြပေးပါတယ်။ ဒကာကြီးက အင်္ဂလိပ်ကဗျာစာအုပ်ကြီး တစ်အုပ်ကို ပြပါတယ်။ စာမျက်နှာ ၂၂၄ မျက်နှာပါပါတယ်။ စာအုပ်ရဲ့နာမည်ကို ၂၀၀၃ ခုနှစ်ရဲ့ အကောင်းဆုံးကဗျာများနှင့် ကဗျာဆရာများလို့ ရေးထားပါတယ်။ အဲဒီစာအုပ်ကို အပြည်ပြည်ဆိုင်ရာ ကဗျာစာကြည့်တိုက်က ထုတ်ဝေပါတယ်။ အမေရိကမှာ ၂၀၀၄ ခုနှစ်က ရိုက်နှိပ်ပါတယ်။ ဒကာကြီးရဲ့ ကဗျာကလောင်နာမည်က 'မောင်ဖေ' ဖြစ်ပါတယ်။ 'လှဖေ'မှ 'လှ' ပြုတ်သွားပါတယ်။ ဒကာကြီးရဲ့အင်္ဂလိပ်ကဗျာလေးကို ရှေ့ဆုံးနေရာမှာ ဖော်ပြထားပါတယ်။ ဒကာကြီးရဲ့ကဗျာမှာ တရားသဘောသံဝေဂလည်း ပါပါတယ်။ ၂၀၀၃ ခုနှစ် ဇွန် ၁၁ ရက်နေ့က ကွယ်လွန်သွားတဲ့ သူ့ညီမသန်းသန်းကို အကြောင်းပြုပြီး ရေးဖွဲ့ထားတဲ့ကဗျာလေး ဖြစ်ပါတယ်။ ကဗျာပုဒ်ရေ ၂၀၀ နီးပါးလောက် ပါမယ်ထင်ပါတယ်။ ဒကာကြီးကတော့ အင်္ဂလိပ်ကဗျာ ၄ ပုဒ်၊ ၅ ပုဒ်လောက်ပဲ ရေးဖူးပါတယ်တဲ့။ စိတ်ထဲမှာ စူးစူးနစ်နစ် ခံစားရတဲ့အကြောင်းအရာကိုမှ ရေးဖွဲ့လို့ကောင်းပါတယ်။ စစ်အကြောင်း ကဗျာတစ်ပုဒ် ရေးနေပါတယ်တဲ့။ တိုက်ခိုက်ခံရတဲ့ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အဦးညီနောင်အကြောင်းကိုလည်း ရေးဖွဲ့ထားပါတယ်တဲ့။ သူ့ညီမအတွက် အင်္ဂလိပ်ကဗျာကို သာမဏောကျော်ရဲ့ မြန်မာမှုနဲ့အတူ ရှုစားကြည့်ပါဦး။

http://www.dhammadownload.com

In Memory My Sister Than Than

On eleventh June two thousand and Three,
my sister Than Than passed away
in a land now called Myanmar,
previously known as Burma,
which lies across many oceans
that divide us thousands of miles away.

Half way round the world,
where here is night, there it's day.
Now her body forever still, with her prayers silent,
She was laid to rest in the hot, dusty and sunny
Mandalay.

Now that she is gone, I will feel the void forever more,
for I will never hear from her again
from that far away distant shore.

Death is but one moment of break in the continuity
of the ever-revolving round of brith-and-death
called samsara.
Only Nibbana, cessation of suffering,
Will bring eternal happiness.
Let no cloud of sorrow and lamentation take away
the joyous time we all spent together in our child hood
days.

No spacious vault nor marble monument
to grace thy resting place.
But this little rhyme and verse

http://www.dhammadownload.com

will take their place instead.
For all component things are transitory
and never stay the same.
The passage of time will never obliterate thy name.

Maung Pe

ငါ့ညီမ သန်းသန်းကို အမှတ်တရ

၂၀၀၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့က
ငါ့ညီမ သန်းသန်း ကွယ်လွန်ခဲ့တယ်၊
အခု မြန်မာလို့ခေါ်နေတဲ့ နိုင်ငံမှာပါ။
အရင်ကတော့ ဗမာလို့ သိခဲ့ကြတယ်ပေါ့။
မြန်မာဟာ သမုဒ္ဒရာများစွာ ကျော်ဖြတ်ကာ တည်ရှိနေတယ်။
ငါတို့နဲ့ မိုင်ပေါင်းထောင်ပေါင်းများစွာ ဝေးကွာခြားနားနေတယ်။
ကမ္ဘာလုံးကြီးရဲ့ ခရီးတစ်ဝက်မှာပါ။
ဒီအမေရိကမှာ ညအခါ၊ မြန်မာမှာက နေ့အခါ၊
အခု သူမရဲ့ကိုယ်ခန္ဓာက အမြင့်ပြိမ်သက်နေတယ်၊ သူမအတွက်
ဆုတောင်းပေးသူတွေလည်း အမြဲ အသံတိတ်ဆိတ်နေကြတယ်။
သူမဟာ နေပူ၊ ဖုန်ထူတဲ့ မန္တလေးမှာ အနားယူလဲလျောင်းနေ
ရှာတယ်။
အခု သူမ သွားရှာပြီ၊ ငါ့ရင်ထဲမှာ အမြဲလစ်ဟာနေတဲ့
ကွက်လပ်ကို ပိုမိုခံစားရတယ်။
အဝေးတစ်နေရာမှာ သူမထံက အသံကို နောက်ထပ် ဘယ်တော့မှ
မကြားရတော့လို့ပါ။
သေတယ်ဆိုတာ သံသရာလို့ခေါ်ရတဲ့ မွေးဖွားခြင်း၊ သေခြင်း၊
အမြဲလည်ပတ်နေမှုရဲ့ အမြဲဆက်စပ်နေမှု ကျိုးပျက်သွားတဲ့
ခဏတာ အချိန်လေးမျှပါပဲ။

http://www.dhammadownload.com

ဝမ်းနည်းနဲ့ဝမ်းသာ၊ ဆင်းရဲနဲ့ချမ်းသာတို့ဟာ အားလုံး လုံးချာလည်
နေကြတယ်။
ဆင်းရဲကုန်ရာ နိဗ္ဗာန်ကပဲ အမြဲတမ်းချမ်းသာမှုသို့
ပို့ဆောင်ပါမယ်။
ငါတို့အားလုံး ငယ်ရွယ်စဉ်ကလေးဘဝတုန်းက အတူတူပြုံးပျော်ခဲ့
ရတဲ့အချိန်ကို သောက၊ ပရိဒေဝတိမ်တိုက်က အဝေးကို
သယ်ဆောင်မသွားပါစေနဲ့။
သူမလဲလျောင်း အနားယူနေရာအရပ်ကို ဘယ်အုတ်ဂူ၊ ဘယ်
ကျောက်ပြားကမှ အလှဆင်မပေးပါ။
ဒီကာရန်၊ ဒီကဗျာလေးကပဲ အဲဒါတွေကိုယ်စား နေရာယူထားပါ
လိမ့်မယ်။
သခ်ါရအားလုံးဟာ မမြဲလို့၊ ဘယ်တော့မှ ထပ်တူတည်ရှိမနေလို့
ပါပဲ။
အချိန်လမ်းကြောင်းဟာ သူမရဲ့နာမည်ကို ဘယ်တော့မှ
ပြောင်းလဲဖျောက်ဖျက်မယ် မဟုတ်ပါ။

မောင်ဖေ

၉၉၉၉

မောင်လှဝင်း...

'အားငယ်သူကို အားပေးပါ'။ အဲဒီစာသားလေးကို ကလေးဘဝ ငယ်စဉ်က ဖတ်ခဲ့ဖူးတယ်မဟုတ်လား။ ယောဂီတွေထဲမှာလည်း အားငယ်နေတဲ့ အမေရိကန်အမျိုးသမီးတစ်ဦး ပါလာပါတယ်။ အားငယ်မှု မခံစားရခင်က သူ့မျက်နှာမှာ ကြည်လင်နေတယ်၊ ရွှင်ပျနေတယ်၊ တောက်ပနေတယ်။ အခုတော့ မကြည်လင်တော့၊ မရွှင်ပျတော့၊ ညှိုး

http://www.dhammadownload.com

နွမ်းနေတယ်။ အားငယ်နေသူမို့ အားပေးစကား ပြောကြားရပါတယ်။ မေးခွန်းလေးတွေ မေးပြီး အားပေးရပါတယ်။

'ယောဂီ၊ ဒီကိုလာတာ ကိုယ့်အခန်းကလား၊ ဓမ္မာရုံကလား'

'ကိုယ့်အခန်းကပါ'

'ကိုယ့်အခန်းက ဒီကိုလာတဲ့အခါ လာချင်လို့ပဲလား၊ မလာချင်ဘဲနဲ့ပဲ လာလာ၊ ပုံမှန်လှမ်းလာရင် ဒီကိုမရောက်ဖူးလား'

'ရောက်ပါတယ်'

'ဒီလိုပါပဲ၊ တရားရှုမှတ်တဲ့အခါ မှတ်ချင်လို့ပဲ မှတ်မှတ်၊ မမှတ်ချင်ဘဲ မှတ်မှတ်၊ ပုံမှန်မှတ်သွားရင် ပန်းတိုင်ကို မရောက်ပေဘူးလား'

'ရောက်ပါတယ်'

ယောဂီရဲ့မျက်နှာဟာ ရွှင်ပျလာပါတယ်။ အားတက်လာပါတယ်။ အသံထွက်ပြီး ရယ်သွားပါတယ်။ သူ့လက်နဲ့ သူမရဲ့ရင်ဘတ်ကို ပုတ်လိုက်ပါသေးတယ်။ သူ့ရင်ကို ထိမှန်သွားတယ်လို့ အဓိပ္ပာယ်ဖော်ပြကြောင်း ဦးသုမနသိရီက ပြောပြပါတယ်။

'ယောဂီက ဒီနေရာကို ပုံမှန်သာ လှမ်းလာ၊ ဒီနေရာကို ရောက်ကိုရောက်တယ်။ ဒီနေရာက ဘယ်ကိုမှ ထွက်မပြေးပါဘူး'

ယောဂီက ခန္ဓာကိုယ်ကို လှုပ်ရမ်းသွားအောင် အားရပါးရ ရယ်လိုက်ပြန်ပါတယ်။ ရင်ဘတ်ကိုလည်း သူ့လက်နဲ့ ပုတ်လိုက်ပြန်ပါတယ်။ ယောဂီမှာ တင်းကျပ်မှုတွေ ပြေလျော့သွားပြီး သွက်လက်တက်ကြွ ရွှင်ပျလာတာကို တွေ့ရလို့ ဝမ်းသာရပါတယ်။

'ယောဂီက တရားကို ပုံမှန်သာ ရှုမှတ်သွားပါ။ ပန်းတိုင်ကို ရောက်ကိုရောက်သွားပါမယ်။ ပန်းတိုင်က ဘယ်ကိုမှ ထွက်မပြေးပါဘူး။ နေရာတစ်ခုကို ခြေလှမ်းပေါင်း ၁၀၀၀၀ လှမ်းမှ ရောက်မယ်ဆိုရင် ခြေလှမ်းပေါင်း ၁၀၀၀ လှမ်းပြီးရင် ၉၀၀၀ ပဲ ကျန်ပါမယ်။ ၉၀၀၀ လှမ်းပြီးရင် ၁၀၀၀ ပဲ ကျန်ပါမယ်။ ၉၉၉၉ လှမ်း လှမ်းပြီးရင်

http://www.dhammadownload.com

တစ်လှမ်းပဲ ကျန်ပါတော့တယ်။ ယောဂီကလည်း ပန်းတိုင်ကို ရှုမှတ်မှ ပေါင်း ၁၀၀၀၀ ရှုမှတ်မှ ရောက်နိုင်မယ်ဆိုခဲ့ရင် ၁၀၀၀ မှတ်ပြီးက ၉၀၀၀ ပဲ ကျန်မယ်၊ ၉၀၀၀ မှတ်ပြီးက ၁၀၀၀ ပဲ ကျန်မယ်၊ ၉၉၉၉ ကြိမ် မှတ်ပြီးက တစ်ကြိမ်ပဲကျန်ပါတော့တယ်။ မှတ်ရင် မှတ်သလောက် ပန်းတိုင်နဲ့ ပိုမိုနီးလာပါတယ်။'

အနာနဲ့ဆေး သင့်အောင်ပေးလို့ ထင်ပါရဲ့၊ ယောဂီမှာ ရှင်လန်းတက်ကြွစွာ ရယ်မောနေပြန်ပါတယ်။ ဒီယောဂီကို အားပေးစကား ပြောပေးဖို့ သာမဏောကျော်ကို တိုက်တွန်းလို့ တတ်နိုင်သမျှ ပြောပေးရတာဖြစ်ပါတယ်။ ရှုမှတ်မှုအားကောင်းနေရာက ရှုမှတ်မှု သိသိသာသာ အားပျော့အားလျော့သွားတာကို တွေ့ကြရလို့ အားပေးစကား ပြောပေးဖို့ တိုက်တွန်းကြခြင်းဖြစ်ပါယ်။ စိတ်ပျက်အားငယ်မှုကိုလည်း မလွတ်အောင် ရှုမှတ်ပေးရပါတယ်။ ရှုမှတ်ပေးနိုင်ရင် စိတ်ပျက်အားငယ်မှု ဟာ တရားတိုးတက်ရေးအတွက် အနှောင့်အယှက်မပေးနိုင်တော့ပါ။ မီးဟာ အသုံးပြုတတ်သူအတွက် မိတ်ဆွေဖြစ်ပါတယ်။ အသုံးမပြုတတ်သူအတွက်တော့ ရန်သူဖြစ်သွားပါတယ်။ စိတ်ပျက်အားငယ်မှုဟာ ရှုမှတ်နိုင်သူအတွက် မိတ်ဆွေဖြစ်ပါတယ်။ တရားတိုးတက်ရေးအတွက် အနှောင့်အယှက် မပေးတော့ပါ။ မရှုမှတ်နိုင်သူအတွက်တော့ အနှောင့်အယှက်ပေးလို့ ရန်သူဖြစ်သွားပါတယ်။

နောက်နေ့ ၁၆၊ ၆၊ ၂၀၀၅ နေ့မှာလည်း အဲဒီ ယောဂီက သာမဏောကျော်ထံ တရားလျှောက်ဖို့ အလှည့်ကျနေပြန်ပါတယ်။ အဲဒီနေ့မှာ နှင်းတွေဝေနေပါတယ်။ မှုန်မှိုင်းနေပါတယ်။ ဒါကြောင့် ယောဂီကို တရားမလျှောက်သေးခင် မေးလိုက်ပါတယ်။

'ယောဂီ၊ အပြင်မှာတော့ ရာသီဥတုက နှင်းတွေဝေနေလို့ မှုန်မှိုင်းနေတယ်။ ယောဂီရဲ့စိတ်ထဲမှာတော့ နှင်းတွေဝေလို့ မှုန်မှိုင်းနေသလား၊ နေ သာလို့ ကြည်လင်တောက်ပနေသလား'

http://www.dhammadownload.com

ယောဂီက ရယ်လိုက်ကာ အဖြေပေးပါတယ်။

'နေသာတဲ့ဘက်ကို ရောက်အောင် ကြိုးစားနေပါတယ်'

'ဘယ်လိုကြိုးစားလာတုံး၊ ပြောစမ်းပါဦး'

ယောဂီက ဖောင်းမှု ပိန်မှုနဲ့ပတ်သက်ပြီး ရှုမှတ်ပုံ၊ သတိပုံတွေကို အသေးစိတ် ပြောပြပါတယ်။ မနေ့က ကရုဏာနဲ့ သူ့ကို အားပေးစကားတွေ ပြောပြလို့ ကျေးဇူးတင်ဝမ်းသာကြောင်း ပြောသွားပါတယ်။ ဆရာဝန်က လူနာအား သင့်တင့်တဲ့ ညွှန်ကြားမှုပေးရသလိုပဲ ကမ္မဋ္ဌာန်းဆရာကလည်း ယောဂီမှာ အခက်အခဲရှိရင် ဖြေရှင်းပေးရပါတယ်။ ကမ္မဋ္ဌာန်းဆရာတိုင်းဟာ ယောဂီတိုင်းကို တရားအသိဉာဏ် တိုးတက်သွားစေချင်တယ်တဲ့ မေတ္တာအပြည့်အဝ ရှိကြပါတယ်။ ယောဂီမှာ စိတ်အားငယ်နေရင် အားပေးစကား ပြောကြားရတာဟာ ကမ္မဋ္ဌာန်းဆရာတွေရဲ့ တာဝန်ပါပဲ။ ခန္ဓာကိုယ်မှာ အားနည်းရင် အားရှိတဲ့အစားအစာ၊ အားဆေးတွေကို စားသုံးရပါတယ်။ အဲဒီလိုပါပဲ စိတ်မှာလည်း အားနည်းနေရင် စိတ်အားတိုးပွားလာစေမယ့် ဆေးတွေကို စားသုံးရပါတယ်။ သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားဆိုတဲ့ အားဆေးတွေပါပဲ။ ရှုမှတ်ရင် အဲဒီအားဆေးတွေကို စားသုံးနေတာပါပဲ။ ရှုမှတ်တာဟာ ဗီတာစုံအားဆေးနဲ့ တူပါတယ်။

ပါရမီရှင်

မောင်လှဝင်း...

ပဏ္ဍိတာရာမဆရာတော်ကြီးထံ ၁၆၊ ၆၊ ၂၀၀၅ နေ့ ညနေ ၄ နာရီမှာ IMS နဲ့ FR ဌာနက ဝန်ထမ်းတွေ လာရောက်ပြီး သြဝါဒ ခံယူကြပါတယ်။ ဆရာတော်ကြီးက သူတို့ကို မေးပါတယ်။

http://www.dhammadownload.com

'တစ်နာရီကြာ နာယူနိုင်မလား၊ တစ်နာရီမက ၂ နာရီ၊ ၃ နာရီကြာ နာယူနိုင်မလား'

အဲဒီလောက် အချိန်အကြာကြီး နာယူဖို့ ဝန်လေးကြပါတယ်။ ဒါကြောင့် သူတို့က ရယ်ကြပါတယ်။ သူတို့မနာယူနိုင်မှန်းသိလို့ စတဲ့အနေနဲ့ မေးတာဖြစ်ပါတယ်။ 'ဒီလိုဆိုရင် ၁၅ မိနစ်ကြာ နာယူနိုင်ကြမလား'လို့ မေးလိုက်တော့လည်း ရယ်ကြပြန်ပါတယ်။ တရားရိပ်သာက အလုပ်တွေကို ဆောင်ရွက်ကြတဲ့အခါ ပါရမီဖြစ်အောင် ဆောင်ရွက်ကြဖို့ ဆရာတော်ကြီးက ဆုံးမပါတယ်။ အာမခံချက်မရှိတဲ့ ကိုယ်ကျိုးကို မမျှော်လင့်ဘဲ သူတစ်ပါးချမ်းသာဖို့ ရည်ရွယ်ကာ ဆောင်ရွက်ရတဲ့လုပ်ငန်းကို ပါရမီလို့ ခေါ်ရပါတယ်။ အဲဒီလိုလုပ်ငန်းကို မြင့်မြတ်သူတွေသာ ဆောင်ရွက်နိုင်ကြပါတယ်။ အောက်တန်းစားပုဂ္ဂိုလ်တွေ မလုပ်နိုင်ကြပါ။ သူတို့ရဲ့အရာမဟုတ်ပါ။ ပါရမီဆိုတာ မြင့်မြတ်သူတွေရဲ့အရာသာ ဖြစ်ပါတယ်။

ပါရမီရှင်ဖြစ်အောင် ဆောင်ရွက်ကြပါ၊ သူတစ်ပါးချမ်းသာအောင်၊ မဆင်းရဲရအောင် ဆောင်ရွက်လို့ ပါရမီရှင်ဟာ မေတ္တာရှင်လည်း ဟုတ်ပါတယ်၊ ကရုဏာရှင်လည်း ဟုတ်ပါတယ်။ ပါရမီရှင်၊ မေတ္တာရှင်၊ ကရုဏာရှင်ဖြစ်အောင် အသီးသီးကြိုးစားပြီး ဆောင်ရွက်နိုင်ကြဖို့ ဩဝါဒစကား ပေးတော်မူပါတယ်။

လောကသတ္တဝါတွေဟာ ကိုယ့်ကျိုးကိုပဲ ရှေ့တန်းတင်ကြပါတယ်။ သူတစ်ပါးအကျိုးကို နောက်တန်းမှာပဲ ထားချင်ကြပါတယ်။ ထားကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေကပဲ လောကကြီးမှာ များပါတယ်။ အယ် လောကော အတ္တာနံ၀ စိန္တေတိ= ဒီလောကသတ္တဝါအပေါင်းဟာ ကိုယ့်ကျိုးကိုသာ စဉ်းစားပါတယ်တဲ့။ တချို့က ဘယ်သူသေသေ၊ ငတေ မာရင်ပြီးရောဆိုတဲ့ သဘောထားရှိကြပါတယ်။ သူတစ်ပါးမျက်ရည်ကျရမှာ ကိုယ်ထမင်း၀မယ့်အလုပ်မျိုးကို တချို့က လုပ်ချင်

http://www.dhammadownload.com

ကြပါတယ်၊ လုပ်တတ်ကြပါတယ်။ ကိုယ်ချမ်းသာဖို့အတွက် သူတစ်ပါးကို ရက်စက်တတ်ကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေကတော့ ပါရမီရှင်တွေ မဟုတ်ကြပါ၊ အောက်တန်းစားပုဂ္ဂိုလ်၊ အည့ံစားပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။

ကိုယ်နေရာရဖို့အတွက် သူတစ်ပါးကို ကန်ချတတ်ကြပါတယ်။ အဆင်း ဘီးတပ်ပေးတတ်ကြပါတယ်။ တစ်ကိုယ်ကောင်းဆန်သူတွေဟာ လောကကြီးမှာ များလှပါတယ်။ ကြောက်စရာလည်း ကောင်းလှပါတယ်။ ရွံစရာလည်း ကောင်းလှပါတယ်။ တစ်ကိုယ်ကောင်းဆန်သမားတွေ ရှိရာနေရာဟာ ဘယ်တော့မှ မကြီးပွားနိုင်ပါ၊ မအောင်မြင်နိုင်ပါ၊ မတိုးတက်နိုင်ပါ၊ မဖွံ့ဖြိုးနိုင်ပါ။ ကြီးပွား၊ အောင်မြင်၊ တိုးတက်၊ ဖွံ့ဖြိုးတဲ့နေရာ ဖြစ်လာအောင် ပါရမီမြောက် လုပ်ငန်းတွေကို ကြိုးပမ်းကြရပါမယ်။

ဌေ၊ ကျောက်၊ စိန်

မောင်လှဝင်း...

ရောဘတ်အမည်ရှိ အမေရိကန် အမျိုးသား ယောဂီကြီးက သာမဏေကျော်ထံ တရားအတွေ့အကြုံ လျှောက်ပြဖို့ လာတဲ့အခါ အနည်းငယ်မြန်နေတာကို တွေ့ရပါတယ်။ ထိုင်တဲ့အခါမှာလည်း ရှုမှတ်မှုက ကျဲနေပါတယ်။ သူ့အတွေ့အကြုံကို ပြောပြတဲ့အခါ အသေးစိတ်ပြောပါတယ်။ တရားတိုးတက်မှု ပိုမိုမြန်ဆန်လာအောင် ပြောပြချင်ပါတယ်။ သူ့မျက်စိရှေ့မှာ ရောက်နေတဲ့ သစ်သားကြမ်းအခင်းတွေကို ညွှန်ပြကာ 'ဒီကြမ်းအခင်းတွေမှာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေရင် ဖုန်တွေ မဝင်နိုင်ပါ၊ မဆက်စပ်ဘဲ အကြားအလပ်ရှိနေရင်တော့ ဖုန်တွေ ဝင်တယ်။ ဒီလိုပါပဲ ရှုမှတ်မှုသတိဟာ ရှေ့သတိနဲ့ နောက်သတိ ဆက်စပ်

http://www.dhammadownload.com

နေရင် ကိလေသာဖုန်တွေ စိတ်ထဲမှာ မဝင်နိုင်ကြပါ။ မဆက်စပ်ရင်တော့ ကိလေသာဖုန်တွေ ဝင်လာကြပါတော့တယ်။ ဘယ်နေရာ၊ ဘယ်အချိန်မှာ အမှတ်လွတ်နေတယ်ဆိုတာ ကမ္မဋ္ဌာန်းဆရာထက် ယောဂီကိုယ်တိုင်က ပိုသိပါတယ်။ လွတ်နေတဲ့နေရာမှာ မလွတ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ပြီး ကြိုးစားရပါတယ်။ အဲဒီလိုကြိုးစားရင် တရားအသိဉာဏ်တွေ တစ်မျိုးပြီးတစ်မျိုး တိုးတက်လာပါလိမ့်မယ်'လို့ ပြောပြလိုက်ပါတယ်။

သူတွေ့ကြုံနေတဲ့ တရားအရသာလေးအပေါ် သာယာကျေနပ်ပြီး ရှေ့ဆက်ကာ အမှတ်မလွတ်အောင် မကြိုးစားရင် ဒီတရားအရသာထက် ပိုမိုကောင်းမွန်တဲ့ တရားအရသာတွေကို လက်လွတ်မသွားစေချင်ပါ။ ဒါကြောင့် ဒီလိုလည်း ပြောပြလိုက်ပါသေးတယ်။

'လူတစ်ယောက်က ခရီးတစ်ခုကို သွားတယ်၊ အဲဒီလမ်းခရီးမှာ ပိုပိုပြီးတန်ဖိုးရှိတဲ့ ရတနာတွေ ရှိနေတယ်။ ခရီးအစပိုင်းမှာ ရွှေ၊ အလယ်ပိုင်းမှာ ကျောက်စိမ်း၊ အဆုံးပိုင်းမှာ တန်ဖိုးမဖြတ်နိုင်တဲ့ စိန်ရှိနေတယ်။ ခရီးသွားက ရွှေကိုတွေ့တဲ့အခါ ကျေနပ်ကာ ရွှေကိုယူပြီး အိမ်ပြန်သွားတယ်။ ကျောက်စိမ်းနဲ့ စိန် လက်လွတ်ဆုံးရှုံးသွားတယ်။ အခြားလူတစ်ယောက်က ရွှေလောက်နဲ့ မကျေနပ်ဘဲ ဆက်သွားတော့ ကျောက်စိမ်းကို ရသွားတယ်။ အဲဒီကျောက်စိမ်းလောက်နဲ့ မကျေနပ်သေးဘဲ ခရီးအဆုံးထိ ဆက်သွားရင်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ စိန်ရတနာကို ရရှိသွားတယ်။ ဒီလိုပါပဲ ယောဂီကလည်း ရရှိထားတဲ့ တရားအရသာလေးနဲ့ပဲ ကျေနပ်နေရင် ရရှိထားတဲ့ တရားအရသာထက် ပိုမိုကောင်းမွန်တဲ့ တရားအရသာတွေကို မရရှိတော့ လက်လွတ်သွားရပါလိမ့်မယ်။ ရရှိထားတဲ့ တရားအရသာထက် ပိုမိုကောင်းမွန်တဲ့ တရားအရသာတွေကို ရရှိခံစားနိုင်အောင် ပေါ်လာသမျှအာရုံတွေကို မလွှတ်တမ်း မှတ်နိုင်အောင် ကြိုးစားပေးရပါတယ်။'

http://www.dhammadownload.com

'ကြိုးစားပါမယ်၊ ကျေးဇူးတင်လှပါတယ်'

ဒကာကြီး ရောဘတ် လမ်းခုလတ်တွင် မရပ်ဘဲ စွဲမြဲတဲ့သတိ၊ ထက်သန်တဲ့ ဝီရိယ၊ ခိုင်မာတဲ့သမာဓိနဲ့ ရှေ့ကိုခရီးဆက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အပေါင်းနဲ့ အနုတ်

မောင်လှဝင်း...

မနေ့ည ၁၆၊ ၆၊ ၂၀၀၅ က မောင်လှဝင်းတို့ထံ ဖုန်းဆက်လိုက်တယ်နော်။ အမေရိက ဘော်စတွန်ဘက်မှာက ည ၈ နာရီခွဲ ရှိနေတယ်။ မြန်မာမှာ နံနက် ၇ နာရီရှိနေတယ်နော်။ ဖုန်းစပြောပြောချင်း ကိုအေးသန်းလာကိုင်တယ်။ ကိုအေးသန်းရဲ့အသံက ကျယ်တယ်၊ ကြည်တယ်၊ ကြီးနေတယ်။ ကိုအေးသန်းကလည်း သာမဏေကျော် မဟာဂန္ဓာရုံက လုပ်ငန်းတွေကို အလွန်ပဲဆောင်ရွက်ပေးတယ်။ တထာဂတရိပ်သာအချိန်နဲ့ FR အချိန်က ၃ နာရီ ကွာတယ်။ FR အချိန်က စောတယ်။ တထာဂတအချိန်က ၃ နာရီ နောက်ကျတယ်။ ဒါကြောင့် တထာဂတရိပ်သာရောက်ခိုက် မြန်မာနိုင်ငံက အချိန်ကိုသိချင်ရင် ၁ နာရီ မိနစ် ၃၀ ကို တထာဂတရိပ်သာအချိန်ထဲ ပေါင်းထည့်လိုက်ရပါတယ်။ အဲဒီလို ပေါင်းထည့်လိုက်ရင် မြန်မာအချိန်ကို သိရပါတယ်။ အမေရိက FR မှာ ၁၆၊ ၆၊ ၂၀၀၅ နေ့ ညနေ ၈ နာရီ မိနစ် ၃၀ အချိန်က မြန်မာနိုင်ငံမှာ ၁၆၊ ၆၊ ၂၀၀၅ နံနက် ၇ နာရီ ရှိပါတယ်။ အမေရိက အရှေ့ပိုင်းဖြစ်တဲ့ ဘော်စတွန်ရှိ FR အချိန်ထဲက ၁ နာရီ မိနစ် ၃၀ နုတ်ရပါတယ်။ အမေရိက အနောက်ပိုင်းဖြစ်တဲ့ ဆန်ဟိုဗျေးရှိ တထာဂတအချိန်ထဲ တစ်နာရီ မိနစ် ၃၀ ပဲ ပေါင်းရပါတယ်။ တစ်

http://www.dhammadownload.com

နာရီ မိနစ် ၃၀ ကို FR မှာ နေခိုက်မှာတော့ နုတ်ရပါတယ်။ အပေါင်းနဲ့ အနုတ်ပဲ ကွာပါတယ်။

မောင်လှဝင်းတို့ထံ ၂ ကြိမ်မြောက် ဖုန်းဆက်ကြည့်လိုက်တာပါပဲ။ အမေရိကနဲ့ မြန်မာမှာ အချိန်ချင်း ကွာခြားပုံကို သိရအောင် ပထမအကြိမ်ဆက်တုန်းက 'ဖုန်းဆက်နေတုန်း အမေရိကမှာ ဘယ်အချိန်၊ **ဘယ်နှနာရီ၊ ဘယ်နှမိနစ်ပဲ**။ မြန်မာမှာက ဘယ်အချိန်၊ **ဘယ်နှနာရီ၊ ဘယ်နှမိနစ်ပဲလို့**' မပြောလိုက်ရပါ။ ဒုတိယအကြိမ်ဆက်တဲ့အခါမှာတော့ အချိန်ကွာခြားပုံ သိရအောင် မြန်မာအချိန်ကို မေးပြီး အမေရိကအချိန်ကို ပြောပြလိုက်ရတာပါပဲ။ ဒုတိယအကြိမ်ဆက်တဲ့အခါမှာတော့ သာမဏောကျော်ရဲ့ အသံက ပုံမှန်ဖြစ်သွားတယ်။ ချောင်းဆိုးက အများကြီးသက်သာသွားပြီပဲ။ ဖုန်းရှိနေတဲ့အတွက် အမေရိကမှာ ရောက်နေခိုက်လည်း သာမဏောကျော် မဟာနွာရုံကျောင်းတိုက်က အခြေအနေလေးတွေကို သိရပါတယ်။ ဖုန်းရဲ့ကျေးဇူးက ကြီးပေတာပဲ။ ရဟန်းဒကာမကြီး ခေါ်ခင်စောညွန့်နဲ့ ဒကာမကြီးရဲ့သမီးငယ် မခင်နှင်းခိုင် မိသားစုကလည်း သိမ်ကျောင်းဒကာ ဒကာမအဖြစ် ခံယူထားကြတဲ့အပြင် သာသနာ့မြေဖြစ်အောင် ကြိုးပမ်းကြတာကို သိရပြီး ဖူဂျိုပိုက်လိုင်းက ရေရအောင် ကြိုးစားနေကြတယ်ဆိုတာကိုလည်း သိရလို့ ဝမ်းသာမိပါတယ်။ စွန်ညီနောင်ရဲ့အပိုင်းထဲမှာ မောင်လှဝင်းတို့ သစ်ပင်တွေစိုက်နေတယ်၊ နှစ်ထပ်ကျောင်းဆောင်ကြီးကိုလည်း အမြန်ဆုံးပြီးစီးအောင် ကျောင်းဒကာ ဦးခင်ဇော်က လုံးပန်းနေတယ်ဆိုတာကို သိရလို့ ဦးခင်ဇော်နဲ့ မောင်လှဝင်းတို့ရဲ့ ကြိုးစားမှုတွေကို သာဓုခေါ်ရပါတယ်။ ကိုရင် ၁၀ ပါးနဲ့ ဖိုးသူတော်တစ်ပါးအား ဦးသြဘာသနဲ့ ဦးဇဋ္ဌိလတို့ ညီနောင်နှစ်ပါး စာဝါတွေချပေးနေတယ်ဆိုတာကိုလည်း သိရလို့ ဝမ်းသာရပါတယ်။

http://www.dhammadownload.com

သူ့တာဝန် ကိုယ့်တာဝန်

မောင်လှဝင်း...

ဒီနေ့ ၁၈၊ ၆၊ ၂၀၀၅ ဟာ စနေနေ့ဖြစ်လို့ ဒေါ်တင်တင်ညိုနဲ့ မလေးတို့ ညီအစ်မအပြင် ဝါရှင်တန်မှ ဦးချစ်မြင့်တို့ သားအဖတစ်သိုက်လည်း လာကြတယ်။ ဒကာကြီးဦးလှဖေတို့ ဇနီးမောင်နှံကတော့ နေ့ဆွမ်း စားပြီးမှ ပြန်သွားကြတယ်။ ဘော်စတွန်က မအေးအေးခိုင်အဖွဲ့နဲ့ နယူးယောက်က တရုတ်အဖွဲ့လည်း ဆရာတော်ကြီးထံ လာရောက်ဖူးမြော်ကြပါတယ်။ နေ့ဆွမ်းစားပြီး အနားယူကာ တစ်နာရီကျော်လောက်မှ ခေါင်းရိတ် ရေချိုးလိုက်ပါတယ်။ နေက မပွင့်တပွင့်ဖြစ်နေပါတယ်။ ရေချိုးပြီး အခိုးပွင့်ဖို့ လိုပါတယ်။ ချွေးလေးတွေထွက်လာဖို့ လိုပါတယ်။ ဒါကြောင့် ဒကာမကြီးဒေါ်မြင့်မြင့်စိန် ကပ်တဲ့ ရေနွေးပူပူနဲ့ နှပ်ထားတဲ့ ကွမ်းရွက်ပြုတ်ရည်ကို မတ်ခွက်နဲ့ တစ်ခွက်စာသောက်ပြီး ကွမ်းရွက်ထဲ လျက်ဆားထည့်ကာ ဝါးလိုက်ပါတယ်။ ရေနွေးနောက်ထပ် တစ်ခွက် သောက်လိုက်ပါသေးတယ်။ ချွေးထွက်လာပါတယ်။ ဦးဇဋ္ဌိလလည်း နယူးယောက်က တရုတ်အဖွဲ့ ဆရာတော်ကြီးထံ လာရောက်ဖူးမြော်မှာမို့ တရုတ်အဖွဲ့ကို စောင့်နေပါတယ်။ တထာဂတရိပ်သာယောဂီဖြစ်တဲ့ ဂျိုးစဖိန်းအမည်ရှိ တရုတ်အမျိုးသမီးက အခု တရုတ်အဖွဲ့ကို ဆရာတော်ကြီးထံ သွားရောက်ဖူးမြော်ဖို့ ညွှန်ကြားတိုက်တွန်းလိုက်လို့ နယူးယောက်တရုတ်အဖွဲ့ လာကြတာဖြစ်ပါတယ်။ ချွေးထွက်လာလို့ ချွေးစိုလာတဲ့အတွက် သင်္ကန်းလဲလိုလို့ အပေါ်ထပ်ကနေ အောက်ထပ်ကို ဆင်းခဲ့ပါတယ်။

သင်္ကန်းလဲပြီး စားပွဲမှာ ထိုင်စာရေးနေတုန်း တရုတ်အဖွဲ့ အပေါ်ထပ်မှာ ရောက်လာသံကို ကြားရပါတယ်။ စာရေးနေတုန်း နောက်ထပ် ကိုယ်ပတ်ဟာ ချွေးစိုလာပြန်ပါတယ်။ သင်္ကန်းထပ်လဲရ

http://www.dhammadownload.com

ပါတယ်။ ချွေးမထွက်ရင် ဖျားမှာလည်း စိုးရိမ်မိပါတယ်။ ချောင်းလည်း ပိုဆိုးလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ချွေးထွက်လာအောင် ကြိုးစားရပါတယ်။ ချွေးထွက်သွားတော့ ကိုယ်ငွေ့ရကာ ပေါ့ပေါ့ပါးပါးဖြစ်လာပါတယ်။ ,နေလို့ ပိုကောင်းလာပါတယ်။ ဆရာတော်ကြီးက တရုတ်အဖွဲ့အား မဟာယာနအယူအဆတွေကို မေးပါတယ်။ သူတို့က ဖြေကြပါတယ်။ ဆရာတော်ကြီးက ဒါနကုသိုလ်၊ သီလ၊ သမာဓိ၊ ပညာ အကြောင်းတွေကို ရှင်းပြပါတယ်။ ညနေ ၅ နာရီမှာ နောက်ထပ်တရုတ်တစ်ဖွဲ့ လာရောက်ဖူးမြော်ကြဦးမယ်လို့ ဦးဇဋ္ဌိလက ဆရာတော်ကြီးအား လျှောက်နေပါတယ်။ တရုတ်အဖွဲ့တွေဟာ ဆရာတော်ကြီးကို ဖူးတွေ့ပြီး ဆရာတော်ကြီးထံက တရားအဆုံးအမတွေကို နာယူလိုတဲ့အတွက် ခရီးဝေးက လာကြရှာပါတယ်။ သံဃာတော်တွေက မိမိတို့ထံ ရောက်ရှိလာတဲ့ ဒကာ ဒကာမတွေအား ဘုရားအဆုံးအမ ဓမ္မလက်ဆောင်ကောင်းတွေကို ပေးသင့်ကြပါတယ်။ ဓမ္မဒါနလုပ်ဖို့က ရဟန်းသံဃာတွေရဲ့တာဝန်ဖြစ်ပါတယ်။ ပစ္စယဒါနလုပ်ဖို့က ဒကာ ဒကာမတို့ရဲ့ တာဝန်ဖြစ်ပါတယ်။ ဆရာတော်ကြီး တရားဟောပြီးလို့ ပြန်ကြွတော့ ဦးဇဋ္ဌိလက တရုတ်အဖွဲ့အား တရားရှုမှတ်ပုံ ရှုမှတ်နည်းကို အင်္ဂလိပ်လို ဟောပြနေပါတယ်။ တရုတ်တွေကလည်း တရားရှုမှတ်နည်း သိလိုနေကြပါတယ်။ သူတို့သိလိုတဲ့ တရားရှုမှတ်နည်း သိသွားရတော့ ထေရဝါဒ သာသနာရဲ့ အနှစ်သာရကို သိခွင့်ရသွားကြပါတယ်။ တရားရှုမှတ်မှ ရနိုင်တဲ့အကျိုးတွေကို ဆုတောင်းနေရုံမျှနဲ့တော့ ဘယ်တော့မှ မရနိုင်ပါ။

http://www.dhammadownload.com

လက်ကိုင်ပဝါ ဖြူဖြူ သန့်သန့်လေးပေါ်က

မောင်လှဝင်း...

၁၃၆၆ ခု ဝါဆိုလကမှ (၂၀၀၄၊ ဇူလိုင်လကမှ) သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက် စတင်ဖြစ်ပေါ်လာတာဟာ ကလေးငယ်လေး တစ်ယောက် လူ့လောကထဲ စတင်ရောက်ရှိလာတာနဲ့ တူတယ်လို့ စိတ်ထဲမှာ ရှုမြင်မိပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက် စတင်ဖြစ်ပေါ်လာရခြင်းရဲ့အကြောင်းကို ရှာကြည့်တော့ ရဟန်းဒကာမကြီး ဒေါ်ခင်စောညွန့်ကို ပထမဆုံး မြင်ရပါတယ်။ သူက သူ့ရဟန်းကို ကျေးဇူးရှင်မဟာဂန္ဓာရုံဆရာတော်ကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ စာသင်တိုက်တည်ထောင်ကာ စာချပေးစေချင်ပါတယ်တဲ့။ ဒုတိယအကြောင်းကတော့ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်က မဟာနာယက အရှင်ဣန္ဒေါဘာသာဘိဝံသ ပါပဲ။ သူကလည်း ဒေါ်ခင်စောညွန့်နဲ့ တစ်သဘောတည်း ဖြစ်နေတယ်။ သူတို့နှစ်ဦးပေါင်းပြီး ထက်ထက်သန်သန် ကြိုးစားနေကြတယ်။ သူတို့နှစ်ဦးလုံးက သာမဏေကျော်ကို ကိုယ့်နေရာလေးမှာနေကာ ပရိယတ်လုပ်ငန်း ကြိုးပမ်းနေတာကို မြင်လိုနေကြပါတယ်။ ခေါ်ခင်စောညွန့်က စိတ်တိုင်းကျနေရာလေး တွေ့လို ဝယ်ထားလိုက်ပါတယ်။ ၂ ဧကပါပဲ။ ဦးသြဘာသနဲ့ ဦးဇဋ္ဌိလ တို့ ညီနောင်နှစ်ပါးကလည်း ကိုယ်ပိုင်နေရာလေးမှာ နေလိုကြပါတယ်။ ဒေါ်ခင်စောညွန့်ရယ်၊ ဆရာမထေရ်ရယ်၊ ညီရဟန်းနှစ်ပါးရယ် ပေါင်းလိုက်ကြပါတယ်။ ကြိုးစားကြပါတယ်။ သူတို့က စာသင်တိုက်ဖြစ်ဖို့ ဆန္ဒထက်သန်နေကြတာမို့ ကျောင်းတိုက်နာမည်ကို မဟာဂန္ဓာရုံလို့ပဲ ရွေးလိုက်ပါတယ်။ မော်ဘီမြို့မှာ တိပိဋကဆရာတော် အရှင်သုမင်္ဂလာ လက်ဦးရရဲ့ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကလည်း ရှိနေနှင့်ပါတယ်။ ဒါကြောင့် မဟာဂန္ဓာရုံနာမည်ရဲ့မှာ သာမဏေကျော်လို့ ထည့်ပေးလိုက်ရပါတယ်။

http://www.dhammadownload.com

ဦးဝီရိယ၊ ဦးသြဘာသနဲ့ ဦးဇဋ္ဌိလတို့ သုံးပါး စတင်နေခဲ့ကြ ချိန်မှာ မောင်လှဝင်းက သာမဏေကျော်မဟာဂန္ဓာရုံကို မရောက်သေး တာမို့ အရှင်မြတ်လေးသုံးပါးမှာ ဘယ်လောက်ဘုန်းကံကြီးမားကြတယ် ဆိုတာကို မောင်လှဝင်းက ကိုယ်တွေ့မသိမြင်လိုက်ရဘူးပေါ့။ နေစရာက တဲသေးသေးလေး၊ ဝါးခင်း၊ ဝါးထရံကာ၊ တောင်ထန်းရွက်မိုး အမိုးက မလုံ့တလုံ၊ ကြမ်းက နင်းလိုက်ရင် ကျွိကျွိနဲ့ ကျွဲကျတော့မယ့်ပုံ၊ မမြင် လိုက်ရရင် ယုံချင်မှယုံမယ်။ မောင်လှဝင်းကတော့ အဲဒီတဲသေးသေးလေး ကို မြင်လိုက်ရပါတယ်နော်။ အရဏ်ဆွမ်း၊ နေ့ဆွမ်းကို ကိုယ့်ရှိတာလေး နဲ့ဖန်တီးဘုဉ်းပေးရပါတယ်။ သာမဏေကျော်ရဲ့တူဖြစ်သူ မောင်မြင့်သိန်း ဇနီး မနုနဝင်းတို့က ချက်ပြုတ်ကပ်ပေးကြပါတယ်။ မောင်မြင့်သိန်းက အဲဒီနေရာလေးမှာနေနှင့်ကာ စောင့်ရှောက်ထားပါတယ်။ တစ်လလောက် ဆွမ်းခံမထွက်သေးဘဲ မောင်မြင့်သိန်း စိုက်ထားတဲ့ ချဉ်ပေါင်၊ ခရမ်းသီး စတဲ့အသီးအရွက်တွေနဲ့ ချက်ပြုတ်ကပ်ပေးတာကို အရှင်မြတ်သုံးပါး ဘုဉ်းပေးကြရပါတယ်။ နေစရာ ဆင်းရဲကြတာကို မကြည့်ရက်နိုင်လို့ သာမဏေကျော်မှာရှိတဲ့ နဝကမ္မလေးနဲ့ တဲခပ်ကြီးကြီးလေးတစ်လုံးကို ဆောက်ပေးရပါတယ်။ ကိုရင်လေးနှစ်ပါးရောက်လာတော့ ဦးဇင်းသုံးပါး က တန်းဆွမ်းခံကြွကြပါတယ်။ နေ့ဆွမ်းအတွက် အဆင်ပြေသွားပါ တော့တယ်။ အဲဒီလိုအဆင်ပြေသွားတော့ သာမဏေကျော်မှာ အတော် အသက်ရှူချောင်သွားရပါတယ်။

တောရွာလေး၊ ပြည်တော်သာ၊ စမ်းချောင်း လော်ကားဆိုတဲ့ ဆွမ်းဒကာ ဒကာမတွေကို ကျေးဇူးတင်လို့မဆုံးနိုင်ပါ။ နေ့စဉ် လောင်း လှူပေးကြတဲ့ ဆွမ်းဒကာ၊ ဒကာမတွေက သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းတိုက်ရဲ့ ထာဝရဇရာမကျေးဇူးရှင်ကြီးတွေပါ။ ဆွမ်းတွေကတော့ လိုတာထက်တောင် ပိုလွန်နေပါတယ်။ ဆွမ်းဟင်းလည်း ပြည့်စုံပါ တယ်။ ဒီဆွမ်းဒကာ ဒကာမတွေသာ ဒီလိုမလောင်းလှူကြရင် စားရေး

http://www.dhammadownload.com

အတွက် များစွာပဲ အခက်တွေ့ရပါမယ်။ လော်ကားရှာ ဦးရဲထွန်းဦး-ဒေါ်ကြည်သာမြင့် မိသားစုတို့က အဖိတ်နေ့တိုင်း ဆွမ်းခံရာမှာ လှူဒါန်းတဲ့ ယာဉ်ကုသိုလ်ကလည်း သံဃာတော်များ မပင်မပန်း ချမ်းသာလို့ ဝမ်းသာရပါတယ်။ အရှင်ဆွမ်းအတွက် အဆင်ပြေဖို့ မော်ဘီမြို့က သာသနာ့ဝန်ဆောင်ကျောင်းတိုက်မှ ဆရာတော်ဦးမေဓာသာရ၊ အရှင်စန္ဒသိရိနဲ့ သာသနာ့ဝန်ဆောင် ဒကာ ဒကာမတွေဖြစ်တဲ့ ဒေါ်ဝင်း၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်ညီ၊ သင်းသင်းရီ၊ ဦးစောမောင်၊ ဦးတင့်ထွန်းအောင်၊ ဦးမောင်မောင်ရင်၊ ဦးကျော်ရွှေ စတဲ့မော်ဘီစျေးသူစျေးသားတွေနဲ့ မော်ဘီအနီးရှိ မြောင်းတကာ၊ လှပဒါး၊ မင်းရွာ၊ တလိုင်းကုန်း၊ စံပြ၊ ပက်တန်း၊ ရွှေလှေကြီး၊ ဘုံလုံဆိပ်၊ မော်ဘီစျေး၊ မော်ဘီရွာမ အနောက်ပိုင်း၊ မော်ဘီအမှတ် ၁၊ ၂၊ ၃၊ ၄ ရပ်ကွက် ပြည်လမ်း၊ တပ်ကြီးကုန်းစတဲ့ ကျေးရွာ ရပ်ကွက်လေးတွေက ဒကာ ဒကာမတွေဟာ အလွန်အကဲပဲ အကူအညီပေးကြပါတယ်။ မော်ဘီက အဲဒီဆရာ ဒကာတစ်သိုက်ကတော့ သာမဏေကျော်မဟာဂန္ဓာရုံက သံဃာတွေနဲ့ဝေယျာဝစ္စတွေရဲ့ အသည်းခိုက်အောင် အင်တိုက်အားတိုက် ပံ့ပိုးပေးကြပါတယ်။ သာမဏေကျော်မဟာဂန္ဓာရုံရဲ့ မိဘတွေအလား လေးစားခံကြရပါတယ်။ အားကိုးခံကြရပါတယ်။ မောင်လှဝင်းက 'အမရပူရက ဦးကွန်ရှောဘာသနဲ့ ဦးမေဓာသာရ ကတော့ သာမဏေကျော်မဟာဂန္ဓာရုံ မိဘတွေအလား လိုလေသေးမရှိ ကူညီအားပေးကြတယ်'လို့ ပြောတယ်မဟုတ်လား။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်တည်ရှိရာ လိပ်ပုတ်ကျေးရွာက ဆရာတော်လေးနဲ့ ကျေးရွာဥက္ကဋ္ဌဒကာကြီးတို့ကလည်း သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်ကို စွမ်းနိုင်သမျှ ကူညီပေးရှာကြပါတယ်။

စတည်ထောင်ခါစဖြစ်တဲ့ ကျောင်းတိုက်မို့ အစစအရာရာ လိုအပ်ချက်ရှိနေပါတယ်။ ပန်းကန်ခွက်ယောက်၊ ဖျာသင်ဖြူး၊ ဓာတ်ဘူး၊ ခေါင်းအုံး၊ ခြင်ထောင်စတဲ့ လိုအပ်ရာရာအသုံးအဆောင်တွေကို တတ်

http://www.dhammadownload.com

စွမ်းသမျှ ကူညီပံ့ပိုးကြတဲ့ပုဂ္ဂိုလ်တွေထဲမှာ မော်ဘီစျေးသူဌေးသားတွေ အပြင် ဒေါ်ရီစန်း၊ ဦးကြည်ဦး– ဒေါ်မိကျင် မိသားစုစတဲ့ မင်္ဂလာစျေးက ဒကာ ဒကာမတချို့၊ အင်းတကော်က မည်မြီလှိုင်မိသားစု၊ ကျောက်တန်းရွာက စိန်ကုလား– မစန်းရီ၊ ဦးသိန်းစိုး– ဒေါ်တင်ရီ၊ မဝင်းမာ၊ မဝါဝါ၊ မကေသွယ်၊ မနီမစတဲ့ ဒကာ ဒကာမတွေ၊ ကျောက်ဆောင်ရွာက ကိုဌေးညို မဘုတ်ဆုံမ၊ မတင်ချိုစတဲ့ ဒကာ ဒကာမတွေ၊ သဲဖြူချောင်းကျေးရွာက ကိုအေးသန်း၊ ဒေါ်စောတိုး မိသားစု၊ ပဏ္ဍိတာရာမ (ရန်ကုန်) က ဒေါ်သန်းမေ၊ အမရပူရမြို့နယ် ဆင်ရွာမှ မောင်ဆန်းဝင်းမိသားစု၊ ဒေါ်တင်မြင့်၊ ဒေါ်ခင်စောညွန့်မိခင် ဒေါ်ရီမိသားစု၊ ကားဆရာဖိုးဇော်မိသားစု၊ ဖိုးဇော်တို့သူငယ်ချင်းတစ်သိုက်၊ ဦးအေးချို– ဒေါ်မြင့်မိသားစု၊ ကိုထိန်ဝင်းမိသားစု၊ ဦးခင်ဇော် မိတ်ဆွေဖြစ်တဲ့ ဦးစိန်ကျော်စတဲ့ပုဂ္ဂိုလ်တွေ ပါဝင်ကြပါတယ်။ သူတို့ရဲ့ အကူအညီတွေဟာ အလွန်လိုအပ်နေချိန်မှာ ကူညီကြတာမို့ ဖြူစင်သန့်ရှင်းနေတဲ့ လက်ကိုင်ပဝါ အသစ်စက်စက်လေးမှာ စွဲထင်လာတဲ့ အစက်အပြောက်လေးတွေပမာ သိသာပေါ်လွင်လှပါတယ်။ သာမဏေကျော်ရဲ့ စိတ်နှလုံးထဲမှာ စွဲစွဲထင်ထင် ရှိလှပါတယ်။ ဆင်းရဲစဉ်မှာ ရတဲ့အကူအညီက ချမ်းသာလာမှ ရလာတဲ့အကူအညီတွေထက် ပိုမိုလွန်ကဲကာ အမှတ်တရ ရှိစေပါတယ်။

ပထမ ရဟန်းဒကာမကြီးရဲ့ သမီးဖြစ်တဲ့ မခင်ညွန့်လွင် (မဖြူ)ရဲ့ မြေတစ်ဧက အလှူ၊ မုတ္တမက ရဟန်းဒကာမ မကြည်ကြည်ဝင်းမိသားစုရဲ့ မြေအလှူ၊ ဦးခင်ဇော်တို့ စွန်ညီနောင် စွန်မင်းခေါက်ဆွဲ၊ မိသားစုရဲ့ မြေ ၆.၁၄ ဧကအလှူ၊ နှစ်ထပ်ကျောင်းအလှူ၊ ရေစက်အလှူ၊ မီးစက်အလှူ၊ မီးချောင်းအလှူ၊ ရေစင်အလှူ၊ အုတ်ကန်အလှူ၊ ပထမအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းအတွက် လိုအပ်သမျှ ထောက်ပံ့ကူညီမှု၊ အခြားအခြားလိုအပ်သမျှလှူမှု၊ မြောင်းမြ ဦးစိန်ကျော်ရဲ့ အလှူမျိုးစုံ၊ ဒေါ်ခင်စောညွန့်မိခင် ဒေါ်ရီနဲ့ သားသမီး မြေးမြစ်မိသားစုတို့

http://www.dhammadownload.com

ရုပ်ပွားတော်အလှူ၊ မခင်ညွှန့်လွင်ရဲ့ စပါးတွင်းရွာမှ ဗုဒ္ဓယဉ်ကျေးမှု သင်တန်း လာရောက်တက်ရောက်ကြတဲ့ ကိုရင်လောင်း၊ သိက္ခာရှင်လောင်း ၁၀ ပါးအတွက် အလှူ၊ ဦးအောင်မြတ်ကြည် + ဒေါ်လုံးကျင် မိသားစု နဝကမ္မနဲ့ ဝေယျာဝစ္စအလှူ၊ ကိုထိန်ဝင်း မိသားစု နဝကမ္မနဲ့ ဝေယျာဝစ္စ အလှူ၊ ဦးအေးချို– ဒေါ်မြင့်တို့ရဲ့ ရေပိုက်အလှူစတဲ့ အလှူတွေဟာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းအဖို့ ရေမရှိရာမှာ ရွာတဲ့မိုးတွေပမာ ဖြစ်နေပါတယ်။ ပထမအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာ လာရောက်ကူညီကြတဲ့ စပါးတွင်းရွာဆရာတော် ဦးဥာနဝရ၊ မိုးကုတ် ဆရာတော် ဦးဇဝန၊ စပါးတွင်းရွာမှ ဘာထွေးသိန်းမောင်စတဲ့ ဆွေမျိုး တစ်သိုက်ကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေမိပါတယ်။ ချက်ရေး ပြုတ်ရေး အကူအညီအမြဲပေးနေတဲ့ ဒေါ်ကြီးတင်ငြိမ်၊ မစန်းငွေစတဲ့ ပုဂ္ဂိုလ်တွေ၊ ဝေယျာဝစ္စ လုပ်အားလာပေးကြတဲ့ ဘာထွေးယုန်၊ ညီဖြစ်သူ မောင်အောင်ဆန်း၊ မောင်ဖိုးတုတ်၊ မောင်ဇော်စတဲ့ပုဂ္ဂိုလ်တွေကလည်း သာမဏေကျော် မဟာဂန္ဓာရုံအပေါ် ကျေးဇူးကြီးမားလှတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်။

သာမဏေကျော် စာရေးတဲ့စားပွဲပေါ်မှာ ချောင်းဆိုးစဉ်က ရှူ ဆေးထည့်ရှူဖို့ သုံးခဲ့တဲ့ လက်ကိုင်ပဝါဖြူဖြူလေး ရှိနေပါတယ်။ အဲဒီ လက်ကိုင်ပဝါလေးမှာတော့ ဘာအရောင်မှ မထင်သေးပါ။ ပကတိ အတိုင်း ဖြူဖွေးနေပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက် ဆိုတဲ့ လက်ကိုင်ပဝါဖြူဖြူ သန့်သန့်လေးမှာတော့ ပစ္စယဒါန၊ လုပ်အား ဒါန အလှူရှင်တွေရဲ့ ကျေးဇူးအရောင်အဆင်းတွေ စွဲထင်နေပါတယ်။ မေ့ပျောက်လို့ မရနိုင်လောက်အောင်ပဲ စွဲထင်နေပါတယ်။ စာရေးစားပွဲ ပေါ်က လက်ကိုင်ပဝါ ဖြူဖြူသန့်သန့်လေးကိုကြည့်ရင်း သာမဏေ ကျော် မဟာဂန္ဓာရုံဆိုတဲ့ လက်ကိုင်ပဝါဖြူဖြူသန့်သန့်လေးအပေါ် စွဲထင် လာတဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးအရောင်အဆင်းတွေကို အတွေးရောက်

http://www.dhammadownload.com

သွားပါတယ်။ ကျေးဇူးရှင် ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ ရန်ကုန်နဲ့ ၁၀ မိုင်ကုန်း ပဏ္ဍိတာရာမတွေမှာ တဲကြီးတွေနဲ့ စတင်အလုပ်လုပ်ခဲ့ရတာကို ကိုယ်တိုင်မြင်တွေ့ခဲ့ရတာမို့ သာမဏေကျော် မဟာဂန္ဓာရုံမှာ တဲ ၉ လုံးဆောက်ကာ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းနဲ့ သင်္ကြန်တရားစခန်းလုပ်ရတာဟာ အထူးအဆန်းမဟုတ်ပါ။ အားငယ်စရာလည်း မလိုပါ။ သစ်ပင်ပေါင်းများစွာရဲ့အောက်မှာ သီတင်းသုံးကာ အဆုံးအမတရားတွေ ဟောကြားသွားတဲ့ ဘုရားရှင်ကို အာရုံပြုကြည်ညိုသင့်လှပါတယ်။

Peace Pagoda

မောင်လှဝင်း...

၁၉၊ ၆၊ ၂၀၀၅ နေ့က တနင်္ဂနွေနေ့ဖြစ်လို့ တရားစစ်တာနားတဲ့အတွက် FR တရားရိပ်သာကနေ မိနစ် ၄၅ မိနစ်လောက်ကားနဲ့သွားရတဲ့ Peace Pagoda ငြိမ်းချမ်းရေးစေတီကို သွားခဲ့ကြပါတယ်။ ဦးဇဋ္ဌိလရော၊ မစာရဒဿီနီတို့ပါ လိုက်ကြပါတယ်။ ကားမောင်းပို့သူတွေကတော့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ယောဂီတွေဖြစ်ခဲ့ကြတဲ့ လူနာမည် ဂျင်း၊ ရဟန်းဘွဲ့ ဦးဝပွနဲ့ ဒကာမ ခရစ်စတိန်းတို့ ဖြစ်ပါတယ်။ ကားမူးပြီး အန်မှာကြောက်လို့ မလိုက်တော့ပါလို့ ပြောပေမယ့် မရလို့ လိုက်သွားရပါတယ်။ ဒကာမကြီးဒေါ်မြင့်မြင့်စိန်ကတော့ သူ့ဆေးပေးပါသေးတယ်။ သူ့ဆေးကိုလည်း အားကိုးတာရယ်၊ ၄၅ မိနစ်ပဲ ကားစီးရမှာရယ်ကြောင့် အရဲစွန့်ကာ လိုက်သွားပါတယ်။ ၁၉၉၁ ခုနှစ်အခေါက်တုန်းက အဲဒီစေတီကို ရောက်ဖူးပေမယ့် ထပ်ရောက်လိုလို့ သွားခဲ့ပါတယ်။ အဲဒီစေတီနားမှာရော အပြန်ခရီးမှာပါ အန်ခဲ့ရပါတယ်။ လာမယ့်စနေနေ့မှာ သွားမယ့် နယူးယောက်ခရီးစဉ်

http://www.dhammadownload.com

မှာ ကားမှုးပြီး အန်မှာကြောက်လို့ မလိုက်တော့ကြောင်း ဆရာတော်ကြီးအား လျှောက်ထားပါတယ်။ နယူးယောက်ခရီးက ၄ နာရီလောက်ကားစီးရပါမယ်တဲ့။ နယူးယောက်ခရီးစဉ် ဗဟုသုတကို လိုချင်ပေမယ့် ကားမှုးပြီး အန်မှာကြောက်လို့ မလိုက်တော့ဘဲ ယောဂီတွေအား တရားဟောဖို့တာဝန်ကိုပဲ ယူလိုက်ရပါတော့တယ်။

ငြိမ်းချမ်းရေးစေတီကို ဂျပန်တွေက တည်ထားပါတယ်တဲ့။ စေတီကြီးအနီးအနားမှာ ဂ်မ္ဘောဒီးယားဘုန်းကြီးကျောင်း ရှိပါတယ်။ ဦးဝပွတို့လိုက်ပို့လို့ ဝင်ခဲ့ပါတယ်။ ဆရာတော်ကြီးတော့ မရှိပါ။ အဖြူရောင်ဝတ်စုံတွေ ဝတ်ထားတဲ့ လူဝတ်ကြောင် ကမ္ဘောဒီးယားတွေကိုပဲ မြင်တွေ့ခဲ့ရပါတယ်။ အရှေ့တိုင်းသားတွေမို့ မြန်မာတွေရဲ့မျက်နှာနဲ့ တူပါတယ်။ အဲဒီစေတီလုံးကြီးရဲ့ အရပ်လေးမျက်နှာမှာ ဘုရားလောင်းဖွားမြင်ပြီး မြှောက်အရပ်လှမ်းသွားပုံ၊ ဘုရားအဖြစ် ရောက်ရှိနေတဲ့ပုံတော်၊ ဓမ္မစကြာဟောနေတဲ့ပုံတော်၊ ပရိနိဗ္ဗာန်စံတော်မူတဲ့ ပုံတော်တွေကို ဖူးတွေ့ရပါတယ်။ ဂျပန်စေတီကို ဂျပန်မိသားတစ်စု လာရောက်ဖူးမြော်ကန်တော့တာကို တွေ့ခဲ့ရပါတယ်။ အသားမည်းတဲ့လူတွေ လာရောက်နေတာကိုလည်း တွေ့ခဲ့ရပါတယ်။ အဲဒီစေတီအသွား၊ အပြန်ခရီးရှုခင်းတွေကတော့ လှပပါပေတယ်။ တောင်တွေ၊ စိမ်းစိုညိုမှိုင်းနေတဲ့ သစ်ပင်တွေ၊ ရေကန်တွေ၊ တောဆန်ဆန် အိမ်အနေအထားတွေ၊ အနိမ့်အမြင့် အကွေ့အကောက်ပါတဲ့ ကားလမ်းတွေကို တွေ့ခဲ့ရပါတယ်။ လှပတဲ့ တောပန်းတွေကိုလည်း တွေ့ခဲ့ရပါတယ်။

မေတ္တာတရား

မောင်လှဝင်း...

၂၀၊ ၆၊ ၂၀၀၅ နေ့မှာ ဦးသုမနသိရိတို့အိမ်က နေ့ဆွမ်းစားပင့်

http://www.dhammadownload.com

ပါတယ်။ ဆရာတော်ကြီး၊ သာမဏေကျော်၊ ဦးဝိဝေကာနန္ဒ၊ ဦးဇဋ္ဌိလ၊ ဦးသုမနသိရီ၊ မစာရဒဿိနီ၊ ဒေါ်မြင့်မြင့်စိန်တို့ သွားကြပါတယ်။ ဦးသုမနသိရီရဲ့ အမေရော အဖေပါ ကား ၂ စီးနဲ့ လာကြိုကြပါတယ်။ ဆွေမျိုးတွေလည်း ရောက်နေကြပါတယ်။ ဆွမ်းမဘုဉ်းပေးခင် တရား အရင်ဟောပါတယ်။ ဦးသုမနသိရီက အင်္ဂလိပ်လို ဘာသာပြန်ပေးပါတယ်။ ဆရာတော်ကြီးက အားလုံးနဲ့ဆီလျော်မယ့် မေတ္တာအကြောင်းကို ဟောပါတယ်။ ဦးသုမနသိရီရဲ့မိဘနှစ်ပါးက သူ့သား အင်္ဂလိပ်ဘာသာ ပြန်ပေးတာကို ကျေနပ်ပြုံးရွှင်စွာ စူးစိုက်နားထောင်နေပါတယ်။ တရား ဟောပြီး ဆွမ်းဘုဉ်းပေးကြရပါတယ်။ အမေရိကန် အစားအစာ ကပ်ပါတယ်။ ဘုဉ်းပေးလို့ ကောင်းပါတယ်။ ဦးသုမနသိရီတို့အိမ်ရှိ သိုးတွေကို စောင့်ရှောက်ပေးတဲ့ လားမားဆိုတဲ့ အကောင်ကြီးကို တွေ့ရပါတယ်။ လားမားက တောခွေးတွေအန္တရာယ်မှ ဆိတ်တွေကို ကာကွယ်ပေးပါတယ်။ သူ့ရဲ့နောက်ခွာ ၂ ခုနဲ့ မြင်းလိုကန်ပါတယ်။ သူ့ခွာတွေက သန်တယ်၊ ထက်တယ်တဲ့။ သူ့ကို လက်ပေါ်အစာတင်ကျွေးရင် လာစားပါတယ်။

ဦးသုမနသိရီရဲ့ဖခင်က ဆရာဝန်ဖြစ်ပါလျက် ဆေးကုသမှု မပြုတော့ဘဲ အသီးအရွက် စားပင်သောက်ပင်တွေကို ကိုယ်တိုက်စိုက်ပျိုးကာ တောင်ယာလုပ်ကိုင်နေပါတယ်။ တောသဘာဝ၊ တောအရသာကို အပြည့်အဝခံစားရပါတယ်။ လှပတဲ့ပန်းပွင့်မျိုးစုံ ပွင့်နေတဲ့ ပန်းပင်မျိုးစုံကို အိမ်ပတ်ဝန်းကျင်မှာ စိုက်ပျိုးထားပါတယ်။ ဆရာတော်ကြီးက အောက်ပါလင်္ကာနဲ့အညီ ရှင်းလင်းဟောပြပါတယ်။

* မေတ္တာအကျိုးစီးပွား လိုလားတတ်ပေ၊
သူ့ကျိုးလိုလျက် ဆောင်ရွက်ပေးနေ၊
ရန်ငြိုးကင်းဝေး ငြိမ်းအေးထင်ပေ၊
မြတ်နိုးဖွယ်ကောင်း မြင်ကြောင်းရှိပေ၊

http://www.dhammadownload.com

မေတ္တာဓာတ် ပွားအပ်တို့တစ်တွေ။

မေတ္တာကာယက်၊ မေတ္တာဝစီက်၊ မေတ္တာမနောက်၊ ဒါန၊ သီလ၊ ဝိပဿနာပညာ၊ မဂ်ပညာဆိုတဲ့ သာရဏီယ (တစ်သက်မပြတ် အမှတ်ရဖွယ်) တရား ၆ ပါးကိုလည်း ရှင်းလင်းဟောပြပါတယ်။

လူအိုရုံက အချစ်

မောင်လှဝင်း...

ဦးဝပွအမည်ရခဲ့တဲ့ ဂျင်းက ငြိမ်းချမ်းရေးစေတီကအပြန် မအန်တဲ့ ဆေးတစ်မျိုးဝယ်ပြီး ပေးပါတယ်။ သူ့ဆေးကို စားပါတယ်။ အရေးကာ ချိုပါတယ်။ ကောင်းပါတယ်။ ဒါပေမဲ့ အန်ရတာပါပဲ။ ၁၉၊ ၆၊ ၂၀၀၅ နေ့က နေ့ဆွမ်းမှာ ဒံပေါက်ဆွမ်းကပ်ပါတယ်။ ဒကာမကြီး ဒေါ်မြင့်မြင့်စိန် မိသားစုက လှူပါတယ်။ ဒေါ်မြင့်မြင့်စိန်ကိုယ်တိုင် ချက်ပါတယ်။ မြန်မာနိုင်ငံက ဒံပေါက်ထက်သာတဲ့ ဘော်စတွန်က စိန်ဒံပေါက် ဘယ်လောက် ကောင်းတယ်ဆိုတာ သိရအောင် ဒေါ်မြင့်မြင့်စိန်က လက်စွမ်းပြထားပါတယ်။ ဒေါ်မြင့်မြင့်စိန်က တစ်နေ့တစ်မျိုး မထပ်ရအောင်၊ မရိုးရအောင် ချက်လည်းချက်တတ်ပါပေတယ်။ ဒံပေါက်ကို အတော်လေး စားလိုက်ပါတယ်။ ငြိမ်းချမ်းရေးစေတီခရီး အသွားအပြန် အန်လိုက်ရလို့ ဒေါ်မြင့်မြင့်စိန်ရဲ့ စိန်ဒံပေါက်တွေ ဘာမှမကျန်တော့ပါ။ ဦးဝပွက ကားမောင်းပြန်လာရင်း အမေရိကရှိ လူအိုရုံတစ်ရုံက အသက် ၉၀ ကျော် အဘိုးကြီးက အဲဒီလူအိုရုံရောက်မှ တွေ့ရတဲ့ အသက် ၉၀ ကျော်အဘွားကြီးနဲ့ ရည်းစားဖြစ်နေကြောင်း ပြောပါတယ်။ အသက် ၉၀ ကျော်ရဲ့ အချစ်သစ်အကြောင်းကို ပြောပြရင်း ဦးဝပွက ရယ်ပါတယ်။ သာမဏော ကျော်နဲ့ ဦးဇဋ္ဌိလကတော့ အံ့သြနေမိပါတယ်။

http://www.dhammadownload.com

မြန်မာနိုင်ငံရှိ ဘိုးဘွားရိုပ်သာတစ်ခုမှာ အသက် ၇၀ ကျော် အဘိုးကြီးနဲ့အဘွားကြီး ချစ်ကြိုက်ကြပြီး ထွက်ပြေးကြတဲ့အကြောင်းကို ကြားရစဉ်က အံ့သြမိခဲ့ပါတယ်။ အမေရိကမှာတော့ အသက် ၉၀ ကျော်တောင် အချစ်က နုပျိုရှင်သန်နေသေးတယ်ဆိုတာကို သိရတော့ ပိုပြီးအံ့သြရပါတယ်။ အဲဒီလူအိုတွေရဲ့အချစ်တွေနဲ့ပတ်သက်ပြီး အောက်ပါ လင်္ကာလေးကို သတိရလာမိပါတယ်။

* အချစ် အချစ်၊ ချစ်တိုင်း ချစ်က၊ ချစ်လေ ချစ်လေ၊ ချစ်မပြေတည့်၊ ဆားငန်ရည်နောက်၊ ငတ်တိုင်းသောက်က၊ သောက်လေ သောက်လေ ငတ်မပြေသို့၊ ပေမအရာ၊ တဏှာ ဖွဲ့ရစ်၊ ထိုအချစ်လည်း၊ အပြစ်မမြင်၊ မဆင်ခြင်ဘဲ၊ ချစ်လျက် ပျောက်နိုင်၊ ချစ်စပျိုးသည့်၊ ချစ်ရိုး ချစ်စဉ်၊ ချစ်လမ်းတည်း။

နွားလေးရဲ့ဦးချိုဟာ ကြာလေ ရှည်လေ၊ သံပရာသီးဟာ ကြီးလေ ချဉ်လေဖြစ်သလို သတိ၊ ပညာကင်းမဲ့သူမှာလည်း လောဘဟာ အသက်ကြီးလာလေ ပိုကြီးလာလေပါပဲ။ သတိထားပြီး ပညာနဲ့ မဖယ်ရှားနိုင်သေးသမျှတော့ လောဘက ဘယ်တော့မှ နောက်တွန့်သွားမယ် မဟုတ်ပါ။ အသက်ကြီးပေမယ့် သတိ၊ ပညာနည်းနေရင် လောဘ တဏှာကတော့ အမေရိကန်မှာရော မြန်မာမှာပါ ဘယ်လူမျိုးမှာမဆို ကြီးကြီးလာနေမှာပါပဲ။

ဘဝ အဓိပ္ပာယ်

မောင်လှဝင်း...

သာမဏေကျော် နေရတဲ့အခန်းရဲ့ပြတင်းပေါက်ကနေ ကြည့်လိုက်တဲ့အခါ တွေ့ရတဲ့ အစိမ်းရောင်မြက်ခင်းထဲ အဖြူရောင်မြက်ပန်းပွင့်လေးတွေက ဖွေးဖွေးလှုပ်နေပါတယ်။ အဖြူရောင်မြက်ပန်းပွင့်လေး

http://www.dhammadownload.com

တွေပေါ်မှာ ပျားကောင်လေးတွေ နားနားပြီး ပန်းဝတ်ရည်စုပ်ယူနေတာကို တွေ့ရပါတယ်။ မြက်ပန်းပွင့်လေးတွေက သေးသေး၊ ပျားကောင်တွေက ခပ်ကြီးကြီးဆိုတော့ ပျားကောင်တွေ နားလိုက်တဲ့အခါ ပျားကောင်ရဲ့အလေးအားကို မခံနိုင်လို့ မြက်ပွင့်ရော၊ မြက်ပင်ပါ ယိမ်းယိုင်သွားတာကို တွေ့ရပါတယ်။ ပန်းပွင့်ပေါ် ပျားကောင်နားလိုက်တဲ့အချိန်ဟာ မကြာသလို စုပ်ယူလိုက်တဲ့ ပန်းဝတ်ရည်ဟာလည်း များမယ်မဟုတ်ပါ။ ပန်းပွင့်ရဲ့အရောင်အဆင်းလည်း ပျားကောင်ဝတ်ရည်စုပ်ယူလိုက်လို့ ပျက်မသွားသလို ပန်းပွင့်ရဲ့ရနံ့လည်း ပျယ်ပြယ်မသွားပါ။ ပျားကောင်ဟာ ပန်းပွင့်ရဲ့အဆင်း၊ အနံ့ကို မဖျက်ဆီးဘဲ ပန်းပွင့်ဝတ်ရည်ကို စုပ်ယူပါတယ်။ အဲဒီပျားကောင်လိုပဲ ဘုရားသားတော်ရှင်ရဟန်းဟာ ဒကာ ဒကာမတွေရဲ့ သဒ္ဓါတရားကိုရော၊ ပစ္စည်းကိုပါ မထိခိုက်စေဘဲ ဒကာ ဒကာမတွေရဲ့ပစ္စည်းကို အလှူခံရပါတယ်။ ပျားကောင် ဥပမာနဲ့ ဘုရားရှင်ဟောထားတဲ့ ရှင်ရဟန်းဘဝကို သတိရလာမိပါတယ်။

ပျားကောင်ကို ဥပမာယူကာ စီးပွားဥစ္စာစုဆောင်းရမယ်လို့ ဆိုထားတဲ့ စကားကိုလည်း သတိရလာမိပါတယ်။ ပျားကောင်ဟာ ပန်းဝတ်ရည် အနည်းငယ်၊ အနည်းငယ်စီ စုဆောင်းပါများလာတဲ့အခါ ပျားအုံကြီးဖြစ်လာရပါတယ်။ ပစ္စည်းဥစ္စာပေါများကြွယ်ဝလိုသူဟာလည်း ပျားကောင် ပျားဝတ်ရည်စုဆောင်းသလို စုဆောင်းရပါတယ်။ စုဆောင်းဖန်များလာရင် ပစ္စည်းဥစ္စာ ပေါများကြွယ်ဝချမ်းသာလာပါမယ်။

ပန်းပွင့်လေးတွေ ပြွတ်သိပ်နေတဲ့ မြက်ခင်းပေါ်မှာ တစ်ပွင့်ပြီး တစ်ပွင့် ပုံ့ဝဝစုပ်ယူကာ ပျားကောင်လေးတွေဟာ ပျော်ရွှင်နေကြပါတယ်။ ယင်ကောင်တွေကတော့ ပျားကောင်လိုမဟုတ်ဘဲ အညီ့ရိုရာမှာ မွှေ့လျော်ကြ,ပါတယ်။ ယောဂီတွေဟာ ပျားကောင်တွေပမာ သတိပဋ္ဌာန်ပန်းပွင့်မှာ သတိပဋ္ဌာန်အရသာကို စားသုံးနေကြပါတယ်။ FR ၆

http://www.dhammadownload.com

ပတ် တရားစခန်းမှာ သတိပဋ္ဌာန်အရသာကို စားသုံးခဲ့တာ ၆ ပတ် ပြည့်ဖို့ ၉ ရက်ပဲ လိုပါတော့တယ်။ သတိပဋ္ဌာန်အရသာကို ခံစားလာရ သူရဲ့ဘဝဟာ အဓိပ္ပာယ်ပိုမိုရှိလာပါတယ်။ ဘဝရဲ့အဓိပ္ပာယ်ကို သတိ ပဋ္ဌာန် အရသာခံစားရသူတွေက ပိုမိုနားလည်လာကြပါတယ်။

ဆေးခန်းအသစ်

မောင်လှဝင်း...

မက်ဆာချူးဆက်ပြည်နယ်၊ ဘော်စတွန်မြို့နေ ဒကာမကြီး ဒေါ်မြင့်မြင့်စိန်က သာမဏေကျော် မဟာဂန္ဓာရုံကျောင်း တဲကျောင်းတွေ ပဲ ဆောက်ထားတယ်ဆိုတာကို သာမဏေကျော်က မပြောဘဲ သိနေပါ တယ်။ ဖုန်းနံပါတ်လည်း တောင်းပါတယ်။ တဲကျောင်းတွေပဲ ရှိသေး တာမို့ ဒကာမကြီးက သနားဂရုဏာသက်ကာ စိတ်ဝင်စားပုံပေါ်ပါတယ်။ 'သံဃာ ဘယ်လောက်ရှိတုံး'လို့ မေးလို့ 'ကိုရင် ၁၀ ပါး၊ ရဟန်း ၂ ပါး၊ ဖိုးသူတော်တစ်ပါး ရှိပါတယ်'လို့ ဖြေလိုက်ပါတယ်။ 'သာမဏေ ကျော် မဟာဂန္ဓာရုံက စာသင်တိုက်လား'လို့ မေးတော့ 'အခု စွန်ညီနောင် မိသားစု ကျောင်းဆောက်နေတဲ့ဘက်မှာ စာသင်တိုက်လုပ်ပါမယ်၊ ကျန်တဲ့အပိုင်းမှာတော့ တတ်နိုင်ရင် တရားရိပ်သာလုပ်ဖို့ ရည်ရွယ်ပါ တယ်။ စာသင်တိုက်ဘက်က ၆.၁၄ ဧက၊ တရားရိပ်သာဘက်က ၅ ဧကကျော် ရှိပါတယ်'လို့ ဖြေလိုက်ပါတယ်။ 'စာသင်တိုက်ဘက်က စပြီးအလုပ်လုပ်မှာပေါ့'လို့ ဒကာမကြီးဒေါ်မြင့်မြင့်စိန်က သူ့အထင်ကို ပြောပါတယ်။ 'ဟုတ်ပါတယ်၊ တတ်နိုင်သလောက် စပြီးအလုပ်လုပ် မယ်' လို့ စိတ်ကူးထားပါတယ်လို့ ပြောလိုက်ပါတယ်။ ဒေါ်မြင့်မြင့်စိန် က ထပ်မေးလို့ ထပ်ဖြေရပါသေးတယ်။

'ပဏ္ဍိတာရာမဆရာတော်ကြီးကို လျှောက်ထားပြီးပြီင ဘး'

http://www.dhammadownload.com

'လျှောက်ထားပြီးပါပြီ'

'ဘယ်လိုလျှောက်တုံး၊ ဘာမိန့်တုံး'

'တပည့်တော် အခုလာမယ့် ဝါ (၁၃၆၇ ဝါ) ကို ဆယ်မိုင်ကုန်းမှာ ဝါဆိုပါမယ်ဘုရား၊ နောင်နှစ်ဝါ ၁၃၆၈ ခုနှစ်ဝါ ကိုတော့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ ဝါဆိုခွင့်ပြုဖို့ ခွင့်တောင်းပါတယ်ဘုရား'

'အင်း စဉ်းစားသေးတာပေါ့၊ သာမဏေကျော် သွားရင်တော့ ပဏ္ဍိတာရာမမှာ အင်အားအတော်လျော့သွားမယ်၊ မဟာစည်ဆရာတော်ကြီးထံ ရွှေဥမင်ဆရာတော် မဟာစည်ရိပ်သာက ခွဲထွက်ဖို့ လျှောက်တုန်းက မဟာစည်ဆရာတော်ကြီးက တားခဲ့သေးတယ်။ ဆေးခန်းအသစ်ဖွင့်ရင် ဖွင့်ရာနေရာဝန်းကျင်က လူတွေဟာ ဆေးခန်းမှာ လာရောက်ကုသကြရတာပေါ့၊ အခုလည်း ကျောင်းခွဲရင် ပတ်ဝန်းကျင်က သက်ဆိုင်ရာ သံဃာတွေ၊ ဒကာ ဒကာမတွေအား အကျိုးပြုပေးနိုင်တာပေါ့'

'ဒကာမကြီး၊ ဆရာတော်ကြီးက သွားဖို့ ခွင့်ပြုပါတယ်။ ၁၉၊ ၆၊ ၂၀၀၅ နေ့က ငြိမ်းချမ်းရေးစေတီကို မသွားခင်လေးမှာ ဆရာတော်ကြီးထံ ဝင်ရောက်လျှောက်ထားခဲ့ပါတယ်။'

ဘာရီမှာ တတိယ ဥပုသ်ပြုခြင်း

မောင်လှဝင်း...

ဒီနေ့ ၂၂၊ ၆၊ ၂၀၀၅ ဟာ နယုန်လပြည့် ဥပုသ်နေ့ဖြစ်ပါတယ်။ ဦးသုမနသိရီက ပါတိမောက်ရွတ်ပြပါတယ်။ ဆရာတော်ကြီးက အဖြတ်အတောက် မှန်မှန်ရွတ်ဖို့ ပြောပါတယ်။ ပြီးတော့ ဒီလိုလည်း မိန့်ပါသေးတယ်။

'ပါတိမောက်ရွတ်ပြတယ်ဆိုတာ ဘုရားဥပဒေတော်တွေကို ဖတ်ပြတာပါပဲ။ လပြည့်၊ လကွယ်နေ့တွေမှာ ဖတ်ပြရပါတယ်။ ဘုရား

http://www.dhammadownload.com

ဥပဒေတော်တွေကို နားထောင်ပြီး လိုက်နာဖို့ သတိရကြပါတယ်။ ကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းမှာ ပါတိမောက်တစ်စောင်လုံး ပြရပါတယ်။ ရန်ကုန် ကျိုကြွတ်စံရွှေတောင်ကျောင်းမှာလည်း တစ်စောင်လုံး ပြခဲ့ကြရပါတယ်။ မဟာစည်သာသနာ့ရိပ်သာမှာတော့ အနိယတ အထိ ပြကြရပါတယ်။ တချို့ကျောင်းတိုက်တွေမှာ ပါတိမောက်ပြတဲ့ အလေ့အထ မရှိကြတော့ပါ။'

ပဏ္ဍိတာရာမမှာတော့ ပါရာဇိက ၄ ပါးလောက်အထိပဲ ရွတ်ပြပါတယ်။ ကျန်တဲ့ဘုရားဥပဒေတော်တွေကိုတော့ မြန်မာလို ဖတ်ပြလေ့ရှိပါတယ်။ ပြည်ပယောဂီရဟန်းတွေအတွက် အင်္ဂလိပ်လိုလည်း ဘာသာပြန်ပေးပါတယ်။ ဝိနည်းမရှိ၊ မကျွမ်းကျင်သေးတဲ့ ပြည်တွင်း ပြည်ပရဟန်းတွေကိုလည်း သိရှိနားလည်အောင် သင်ပြပေးလေ့ရှိပါတယ်။ ဝိနည်းအလေးပြုတဲ့ ပုဂ္ဂိုလ်တွေရဲ့ အထင်သေးမှုမခံရအောင် အသေးအမွှားကိစ္စလေးတွေကစပြီး၊ ဝိနည်းနဲ့အညီ ပဏ္ဍိတာရာမဆရာတော်ကြီးက ဆောင်ရွက်ခိုင်းပါတယ်။ အမေရိကကို နောက်နောင်နှစ်တွေမှာ ဆရာတော်ကြီး မကြွဖြစ်တော့ရင် အမေရိကမှာ အခုဥပုသ်ပြုတာဟာ နောက်ဆုံးဥပုဒ်ပြုတာ ဖြစ်ပါလိမ့်မယ်။ လပြည့် လကွယ်နေ့တွေမှာ သံဃာ ၄ ပါး ရှိရင် သိမ်ထဲ ဘုရားဥပဒေတော်တွေကို ရွတ်ပြရတာဟာ ဘုရားဥပဒေတော်တစ်ခုပါပဲ။ သံဃာ ၂ ပါး၊ ၃ ပါးပဲ ရှိရင်တော့ ပါရိသုဒ္ဓိဥပုသ် ပြုကြရပါတယ်။ တစ်ပါးပဲရှိရင်တော့ အဓိဋ္ဌာန်ဥပုသ်ပဲ ပြုရပါတယ်။ ဘုရားဥပဒေတော်တွေကို အဲဒီလို လပြည့် လကွယ်နေ့တွေမှာ ရွတ်ရွတ်ပြနေတော့ ကျူးလွန်ဖို့အခြေအနေဖြစ်လာရင် သတိဝင်ကာ မကျူးလွန်ဘဲ စောင့်စည်းသွားနိုင်ပါမယ်။ ဘုရားရှင်ရဲ့ နည်းစနစ်တွေဟာ အင်မတန်ပဲ ပြည့်စုံလှပါပေတယ်။ ဘုရားရှင် ထုတ်ဖော်ထားတဲ့ သီလ၊ သမာဓိ၊ ပညာအကျင့်တွေဟာ ကျင့်သုံးသူတွေရဲ့ ကိုယ်၊ နှုတ်၊ စိတ်ထားတွေကို အဆင့်အတန်း မြင့်မားသွားစေကြပါတယ်။ယဉ်ကျေးသွားစေပါတယ်။ နှုးညံ့သိမ်မွေ့သွားစေပါတယ်။

http://www.dhammadownload.com

ထူးခြားတဲ့ ဒါနရှင်

မောင်လှဝင်း...

FR တရားရိပ်သာက အဆောက်အဦးတွေဟာ အလွန်ပဲ သပ်ရပ်လှပါတယ်။ သန့်ရှင်းလှပါတယ်။ ကောင်းမွန်လှပါတယ်။ ခေတ်မီလှပါတယ်။ အဲဒီတရားရိပ်သာအဆောက်အဦးအားလုံးရဲ့ အလှူရှင်ဒကာမကြီးက အမေရိကန်ဒေါ်လာ ၉ သန်း လှူဒါန်းကာ ဆောက်လုပ်ထားပါတယ်။ အဲဒီအလှူရှင်ဒကာမကြီးက ကိုယ်တိုင်လည်း နေ့စဉ် ၅ နာရီလောက် တရားရှုမှတ်သလို ယောဂီတွေအားလည်း တရားဟော၊ တရားပြပေးလေ့ရှိပါတယ်။ အဲဒီဒကာမကြီးက ၂၁၊ ၆၊ ၂၀၀၅ နေ့ နေ့ဆွမ်း မဘုဉ်းပေးခင် ဆရာတော်ကြီးကို ကန်တော့ဖို့ လာရောက်နေနှင့်ပါတယ်။ ဆွမ်းဘုဉ်းပေးပြီးမှ ဆရာတော်ကြီးနဲ့ စကားပြောကြပါတယ်။

ဒကာမကြီးက ဒီတရားရိပ်သာအတွက် ဒီလိုလှူဒါန်းရတာရဲ့ ရည်ရွယ်ချက်က လောဘ၊ ဒေါသ၊ မောဟတွေ ထူပြောလှတဲ့ လူ့လောကကြီးမှာ လောဘ၊ ဒေါသ၊ မောဟတွေကို သုတ်သင်ရှင်းလင်းပေးတဲ့ သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို လူတွေအားထုတ်ခွင့်ရစေဖို့ပဲ ဖြစ်ပါတယ်တဲ့။ သူ လှူဒါန်းထားတဲ့ တရားရိပ်သာမှာ နိုင်ငံအသီးသီးက လာရောက်တရားအားထုတ်နေကြတဲ့ အရွယ်ငယ်၊ အရွယ်လတ်၊ အရွယ်ကြီး ယောဂီအသီးသီးကို မြင်တွေ့ရတဲ့အခါ ဒကာမကြီးရဲ့ရင်မှာ ပီတိတွေ ဝေဖြာနေမှာ သေချာပါတယ်။ ပဏ္ဍိတာရာမဆရာတော်၊ ချမ်းမြေ့ဆရာတော်စတဲ့ ဆရာတော် သံဃာတော်တွေလည်း ဒကာမကြီး လှူဒါန်းထားတဲ့ ကျောင်းဆောင်မှာ သီတင်းသုံးတော်မူကြပါတယ်။ တရားဟော၊ တရားပြ ပြုလုပ်ပေးတော်မူကြပါတယ်။ ဒကာမကြီးအတွက် စိတ်ကြည်နူးဖွယ်၊ ကျေနပ်ဖွယ်၊ အားရဖွယ်၊ ဝမ်းသာဖွယ်တွေပါပဲ။

http://www.dhammadownload.com

ဆရာတော်ကြီးက ဒကာမကြီးကို တစ်ကိုယ်ရေငြိမ်းချမ်းရေးရအောင် လုပ်ပြီး လက်လှမ်းမီရာမှာ ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ပေးဖို့ မိန့်ကြားပါတယ်။ တစ်ကိုယ်ရေငြိမ်းချမ်းရေး ရထားမှ လက်လှမ်းမီရာမှာ ငြိမ်းချမ်းရေးရအောင် လုပ်ပေးနိုင်ပါမယ်။ လက်လှမ်းမီရာမှာ ငြိမ်းချမ်းရေးရအောင် လုပ်ပေးသူတွေ များလာရင် ကမ္ဘာကြီး ငြိမ်းချမ်းရေး ရလာနိုင်ပါမယ်။ ဒကာမကြီးရဲ့ဒါနကြောင့် ယောဂီတွေမှာ သီလ၊ သမာဓိ၊ ပညာအကျင့်တွေကို ကျင့်ခွင့်ရနေကြပါတယ်။ ဒကာမကြီးဟာ ဓနရှင်ဖြစ်ရုံမက ဒါနရှင်လည်းဟုတ်ပါတယ်။ သီလရှင်လည်း ဟုတ်ပါတယ်။ ပညာရှင်လည်း ဟုတ်ပါတယ်။

ဝက်အူလေးတစ်လုံး

မောင်လှဝင်း...

၂၃၊ ၆၊ ၂၀၀၅ နေ့ ညနေ ၄ နာရီမှာ IMS တရားဌာနက ဝန်ထမ်းတွေအား တရားဟောပေးဖို့ ဦးဇဋ္ဌိလကို တောင်းဆိုထားပါတယ်။ ဦးဇဋ္ဌိလက အင်္ဂလိပ်လို ဟောပေးပါမယ်။ ဦးဇဋ္ဌိလက မာတိကမာတာ ဒကာမကြီးအကြောင်းဟောဖို့ ရည်ရွယ်ထားပါတယ်။ နံနက်ပိုင်း တရားစစ်ပြီးချိန်မှာ သာမဏေကျော်၊ ဦးဇဋ္ဌိလ၊ ဦးသုမနသိရီတို့ သုံးပါးဟာ ဦးဇဋ္ဌိလဟောမယ့် တရားအကြောင်းကို ပြောကြပါတယ်။ IMS အဖွဲ့အစည်းရဲ့ ဖြစ်ပျက်နေတဲ့ အခြေအနေလေးတွေကို ကြားသိထားကြပါတယ်။ ဦးသုမနသိရီက 'တစ်နေ့က တပည့်တော်အား သာမဏေကျော် ပြောပြထားတဲ့ စည်းရုံးရေးစွမ်းရည် (သင်္ဂဟဝတ္ထု) ၄ ပါးအကြောင်းကို ပြောပြရင် ကောင်းမယ်'လို့ အကြံပေးလာပါတယ်။ ဒါန၊ ဝေယျာဝစ္စ၊ အတ္ထစရိယာ၊ သမာနတ္တတာ ဆိုတဲ့ သင်္ဂဟ

http://www.dhammadownload.com

ဝတ္ထု ၄ ပါးကို မဟာစည်ဆရာတော်ကြီးကအောက်ပါအတိုင်းလက်ခံ သီကုံးထားပါတယ်။

* ပေးကမ်းရက်ရော အပြောချိုသာ၊
သူ့ကျိုးလိုလျက် ဆောင်ရွက်ပေရာ၊
တန်းတူ ကိုယ်နှင့် အသင့်ထားပါ၊
စည်းရုံးရေး အားပေး ဤလေးဖြာ။

မိဘနဲ့ သားသမီးတွေမှာတောင် ဒီစည်းရုံရေးစွမ်းအင်တွေ မရှိရင် အချင်းချင်း မြတ်နိုးမှုမရှိနိုင်ကြောင်းကို ပါထိကဝဂ် သိဂါလောဝါဒ သုတ်မှာ ဖတ်ရှုရပါတယ်။ သွားနေတဲ့လှည်းရထားမှာ ဘီးကျွတ်ထွက်မသွားရအောင် ဝင်ရိုးအဖျားနားရှိ အပေါက်မှာ စွပ်သွင်းထားတဲ့ သံချောင်း (မယ်နှ) ဟာ အရေးကြီးသလိုပဲ လည်ပတ်နေတဲ့၊ အဖွဲ့အစည်းမှာ ဒီစည်းရုံးရေးစွမ်းရည် ၄ ခုဟာ အရေးပါတယ်လို့လည်း ဖတ်ရှုရပါတယ်။ ပဏ္ဍိတာရာမဆရာတော်ကြီး မိန့်လေ့ရှိတဲ့ ဥပမာလေးကိုလည်း ဦးဇဋ္ဌိလအား ပြောပြလိုက်ပါသေးတယ်။ စက်ကြီးတစ်လုံးမှာ ပုံမှန်လည်ပတ်နိုင်ဖို့ ဝက်အူသေးသေးကတောင် အရေးပါလှပါတယ်။ ဝက်အူလေးတစ်လုံး မရှိရင် စက်ကြီးလည်ပတ်မှု ရပ်သွားပါမယ်။ အဖွဲ့အစည်းတစ်ခု ပုံမှန်လည်ပတ်နိုင်ဖို့ လက်အောက်ငယ်သား အဖွဲ့အစည်းဝင်ကလည်း အရေးပါလှပါတယ်။ အဖွဲ့အစည်းဝင်တိုင်းဟာ သူ့နေရာနဲ့ သူ အရေးပါနေကြတာပါပဲ။

အမြင့်ဆုံး သစ်ပင်

မောင်လှဝင်း...

ဦးသုမနသိရိက သာမဏေကျော် အနီးအနားမှာ ညည်းတွားရွတ်ဆိုနေပါတယ်။ 'အစုရှိက အမှုရှိတာ ဓမ္မတာရှင့်'တဲ့။ သူ ဘာလို့

http://www.dhammadownload.com

ဒီလိုလာပြောတယ်ဆိုတာကို နောက်မှသိရပါတယ်။ IMS က သူနဲ့ ပတ်သက်တဲ့ပုဂ္ဂိုလ်တွေမှာ ပြဿနာဖြစ်နေကြောင်း ကြားသိရပါတယ်။ သူ့မှာ စိတ်မသက်မသာ ဖြစ်နေပုံရပါတယ်။ သူ့ကို အားပေးနှစ်သိမ့် စကား ပြောချင်စိတ် သာမဏေကျော်မှာ ပေါ်လာပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံတော်ကြီး ကိုယ်ကျင့်အဘိဓမ္မာမှာ ရေးသားထားတဲ့ ဂါထာ တစ်ပုဒ်ကို သတိရလာပါတယ်။

ကတတ္တာ နာ့နာကမ္မာနံ၊ ဣဋ္ဌာနိဋ္ဌေပိ အာဂတေ၊

ယောနိသော တိတ္ထံ သန္ဓာ်ယ၊ ဗာရေယ္ယ နာဝိကော ယထာ။

ကံကောင်း၊ ကံဆိုး အမျိုးမျိုးတို့ကို ဘဝများစွာက ပြုခဲ့လို့ လောကမဲ့ အကောင်း အဆိုးက ကိုယ့်ထံရောက်လာပေမယ့် လုံ့လ၊ ပညာ၊ အလိမ္မာနဲ့ ကိုယ်ရောက်လိုရာပန်းတိုင်ကို အရောက်သွားတယ်။ ဥပမာ– ပင်လယ်ကို ကူးဖြတ်သူဟာ တစ်ဖက်ကမ်းကို ရည်မှန်းကာ လှိုင်း၊ လေတွေကို ကျော်ဖြတ်ကူးခတ်ရသလိုပါပဲ။

မဟာဂန္ဓာရုံဆရာကော်ကြီးရဲ့ အခြားမှတ်သားစရာ စကားလေး တွေကိုလည်း ပြောပြလိုက်ပါသေးတယ်။

* သစ်ပင်အများရှိရာ အမြင့်ဆုံးသစ်ပင်ဟာ လေတိုက်ခံရဆုံး ဖြစ်သလို ဘဝမှာ အောင်မြင်ကာ အမြင့်ဆုံးကိုရောက်လာရင် ပတ်ဝန်း ကျင်ရဲ့ တိုက်ခတ်မှုဒဏ်ကို အခံရဆုံး ဖြစ်လာတတ်ပါတယ်။

* ဘောလုံးကို ပုတ်လေ ဘောလုံးဟာ အထက်ကိုမြင့်တက်လေ လေပါပဲ။ ပတ်ဝန်းကျင်က မနာလိုလို့ ပုတ်ခတ်လေလေ ဘဝက မြင့်တက်လာရလေလေပဲ။

* လောကမဲ့တွေ့ရိုးမို့ အမျိုးမျိုးတွေ့မယ်၊

စိတ်အနေ မတုန်လှုပ်အောင် ထိန်းချုပ်ပါ့ကွယ်။

* ကိုယ့်လုပ်ရပ်ဟာ ကိုယ့်အကျိုးလိုလားသူတွေအတွက် ဝမ်း နည်းဖွယ် မဖြစ်အောင်၊ ကိုယ့်အကျိုး မလိုလားသူတွေအတွက် ဝမ်းသာ ဖွယ်မဖြစ်ရအောင် သတိထားရပါတယ်။

http://www.dhammadownload.com

ဦးသုမနသိရီအား သာမဏေကျော်ရေးခဲ့တဲ့ ကဗျာလေးတစ်ပုဒ်နဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ လက်ာလေးကိုလည်း ရွတ်ပြလိုက်ပါသေးတယ်။

* ကဲ့ရဲ့သည့်ဒဏ် ဘုရားလည်း ခံရ၊
 စွပ်စွဲသည့်ဒဏ် ဘုရားလည်း ခံရ၊
ဆဲဆိုသည့်ဒဏ် ဘုရားလည်း ခံရ၊

သို့ပါသော်ငြား၊ မြတ်ဘုရားကား၊ ပြောကြားထိုသူ၊ အားလုံးလူကို၊ ကြည်ဖြူမေတ္တာ၊ ကရုဏာနှင့် များစွာသနား၊ ကျိုးလိုလားသည့်၊ စိတ်ထားမည်မျှ မြတ်သနည်း။

* လူဟုဆိုလျှင်၊ လူလိုပင်သာ၊ လူတွင် တွေ့ရိုး၊ ကြောင်းအကျိုးနှင့်၊ ကောင်းဆိုးနှစ်တန်၊ လောကခံကို၊ အမှန်တွေ့မြဲ၊ စိတ်ဝယ်စွဲ၍၊ ဝမ်းနည်း ဝမ်းသာ၊ မများပါမှ၊ နောင်လာဆက်ဆက်၊ တိုးကာတက်၏။ သို့တွက်များပြား၊ အိုလူသားတို့၊ ဘုရားဟောဖော်၊ တရားတော်ကို၊ ပျော်ပျော်လိုက်စား၊ စိတ်ဝယ်ထားလျက်၊ များလောကခံ၊ ကြိုးကြိုးခံ၍၊ မှန်မှန် မဖြို၊ စိတ်မတုန်အောင်၊ လူ့ဘုံသင်တို့၊ သွားဖွယ်ကို့။

အရှင်အာနန္ဒာအား မိန့်ကြားခဲ့တဲ့ အောက်ပါဘုရားစကားတော်ကိုလည်း ရွတ်ပြလိုက်ပါသေးတယ်။

အဟံ နာဂေါ သင်္ဂါမေ၊ စာပတော ပတိတံ သရံ၊
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။

စစ်မြေပြင်က ဆင်ပြောင်ကြီးဟာ လေးမှကျလာတဲ့ မြားကို သည်းခံသလို လွှမ်းမိုးပြောဆိုလာတဲ့ စကားကို ငါဘုရားဟာ သည်းခံမယ်။ အကြောင်းကတော့ လူအများဟာ ကိုယ် နှုတ်စောင့်စည်းမှု မရှိကြလို့ပါပဲ။

http://www.dhammadownload.com

ထိထိမိမိ

မောင်လှဝင်း...

၂၅၊ ၆၊ ၂၀၀၅ နေ့မှာ ဆရာတော်ကြီးရယ်၊ ဦးဇဋ္ဌိလရယ်၊ ဦးဝိဝေကာနန္ဒရယ်၊ မစာရဒဿိနီရယ် ၁၂ နာရီခွဲမှာ နယူးယောက်ကို သွားကြပါတယ်။ အင်ဒရူးက ကားနဲ့လာပင့်ပါတယ်။ ဆရာတော်ကြီးဟာ သက်တော်ကြီးပေမယ့် အပင်ပန်းခံပြီး ခရီးကြွပေးနိုင်ပါပေတယ်။ အင်ဒရူးကလည်း အလွန်အကဲ ကြွရောက်စေချင်တာမို့ အင်ဒရူးရဲ့ဆန္ဒကို ဆရာတော်ကြီးက လိုက်လျောတော်မူပါတယ်။ ၂၅၊ ၆၊ ၂၀၀၅ စနေနေ့ညမှာ တရားဟောပြီး ၂၆၊ ၆၊ ၂၀၀၅ တနင်္ဂနွေနေ့မှာ ယောဂီတွေအား တရားဟောအမီ ပြန်ကြွလာပါမယ်။ နယူးယောက်ခရီးမှာ သပိတ်ကိုယ်စီ ယူသွားကြပါတယ်။ ဒကာကြီးဦးလှဖေအိမ်ကို ဝင်ကြပါဦးမယ်။ ဆရာတော်ကြီးက အဲဒီညတရားပွဲမှာ ဓမ္မစကြာတရားတော်ကို ဟောမယ်နဲ့တူပါတယ်။ ဓမ္မစက္ကအကြောင်း ရေးထားတဲ့မှတ်စုတွေကို ကော်ပီကူးကာ ဦးဝိဝေကာနန္ဒအား ဘာသာပြန်တဲ့အခါ အသုံးပြုဖို့ ပေးနေတာကို တွေ့ရပါတယ်။

၂၅၊ ၆၊ ၂၀၀၅ နေ့ ညနေ ၇ နာရီမှာ ဆရာတော်ကြီးကိုယ်စား ယောဂီတွေအား တရားဟောပေးရမှာ ဖြစ်ပါတယ်။ တရားကို ထိထိမိမိ လေး ဟောပေးပါလို့ ဆရာတော်ကြီးက မိန့်သွားပါသေးတယ်။ ထိထိမိမိ ဘယ်လိုဟောရမယ်လို့ သာမဏေကျော် မသိပါ။ ယောဂီတွေအား တရားစစ်ပေးတဲ့အခါ ပြောပြခဲ့တဲ့စကားလေးတွေကိုပဲ ပြန်ပြောပြမယ်လို့ စိတ်ကူးထားပါတယ်။ အမျိုးသမီးယောဂီတစ်ဦးကတော့ တရားစစ်တဲ့အခါ သာမဏေကျော် ပြောပြတဲ့ ဥပမာစကားလေးတွေကို ဦးသုမနသိရိက အင်္ဂလိပ်လို ဘာသာပြန်ပြီး စာအုပ်ထုတ်မယ်ဆိုရင် ကောင်းပါမယ်လို့ ပြောပါသေးတယ်။

http://www.dhammadownload.com

ဦးသုမနသိရီက 'အရင်နေ့တွေကလို လမ်းလျှောက်ထွက်ဦးမလား'လို့ လာမေးပါတယ်။ 'ဒီနေ့ မလျှောက်တော့ဘူး'လို့ ပြောလိုက်တော့ 'IMS မှာ ဒီနေ့အစည်းအဝေးလုပ်ပါမယ်၊ ရင်ဆိုင်နေရတဲ့ ပြဿနာတွေ ပြေလည်သွားအောင် သစ်ပင်အောက်သွားထိုင်ကာ မေတ္တာသွားပို့လိုပါတယ်' ဦးသုမနသိရီက ပြောလာပါတယ်။ ဒီနေ့ နေပူပါတယ်။ 'ပူအိုက်ချမ်းအေး မန္တလေး'လို့ ဆိုသလို 'ပူအိုက် ချမ်းအေး မက်ဆာချူးဆက်'လို့ ဆိုရမလို ဖြစ်နေတယ်လို့ ဦးသုမနသိရီက ဆိုနေပါသေးတယ်။ မက်ဆာချူးဆက်မှာ ဆောင်းအခါ ရေခဲတွေ ကားလမ်းပေါ်မှာ ရှိနေတတ်လို့ မန္တလေးထက် များစွာပိုအေးပါတယ်။ အပူမှာတော့ မန္တလေးကပဲ များစွာသာပါတယ်။

အကောင်းဆုံး မိတ်ဆွေ

မောင်လှဝင်း...

၂၅၊ ၆၊ ၂၀၀၅ နေ့ ညနေ ၇ နာရီမှ ၈ နာရီအထိ တစ်နာရီကြာ ယောဂီတွေအား ဆရာတော်ကြီးကိုယ်စား တရားဟောလိုက်ပါတယ်။ ယောဂီတွေကြိုက်ဖို့ မကြိုက်ဖို့က အရေးမကြီးပါ။ နားလည်ဖို့ပဲ အရေးကြီးပါတယ်။ ကိုယ်တတ်နိုင်သမျှတော့ မေတ္တာ၊ စေတနာနဲ့ ဟောပြပါတယ်။ ယောဂီတွေ တရားရှုမှတ်ပုံကို ကောင်းကောင်းသိရှိ နားလည်ပြီး ရိုရိုသေသေ လိုလိုလားလားနဲ့ ကြိုးစားကြရင် တရားအသိဉာဏ်တွေ တိုးတက်သွားကြပါမယ်။ သမဏောကျော်က မြန်မာလို ပြောသွားပါတယ်။ ဦးသုမနသိရီက အင်္ဂလိပ်လို ဘာသာပြန်ပါတယ်။ သာမဏောကျော်ကတော့ တည်တည်ပဲ ပြောသွားပါတယ်။ ယောဂီတွေကတော့ ရယ်ရယ်သွားကြပါတယ်။ သဘောကျသွားတာတွေ ရှိလို့

http://www.dhammadownload.com

နေမှာပါပဲ။ ကမ္မဋ္ဌာန်းဆရာတွေက ယောဂီတွေမှာ တရားအသိဉာဏ် တိုးတက်လာစေလိုတဲ့ ဆန္ဒရှိကြပါတယ်။ ယောဂီတွေမှာ စိတ်ခင်းရဲ့ သွားအောင်၊ စိတ်ဓာတ်ကျသွားအောင်၊ အားငယ်သွားအောင် ရည်ရွယ် ချက် လုံးဝမရှိကြပါ။ ယောဂီတွေအပေါ် ထားရှိတဲ့ ကမ္မဋ္ဌာန်းဆရာတွေ ရဲ့ မေတ္တာကို ပေါ်လွင်အောင် ဥပမာလေးတွေနဲ့ ပြောပြလိုက်ပါတယ်။

တရားစခန်းပြီးဖို့ ၄ ရက်ပဲ လိုပါတော့တယ်။ ဆက်လက် အားထုတ်ကြမယ့် ယောဂီတွေလည်း ရှိပါတယ်။ မျှားသောအားဖြင့် ပြန်ကြပါမယ်။ ပြန်တဲ့အခါ သူတို့လည်း ပျော်မှာပါပဲ။ သာမဏေကျော်လည်း ပျော်ပါတယ်။ ပြန်ခါနီးမှာ တရားအားထုတ်မှု ပေါ့လျော့မသွားအောင် အပြေးပြိုင်တဲ့သူ ဥပမာလေးကို ပြောပြလိုက်ပါတယ်။ အပြေးပြိုင်သူဟာ ပန်းတိုင်ရောက်ခါနီးလေ ပိုပြေးရလေ ဖြစ်ပါတယ်။ ယောဂီဟာလည်း တရားစခန်းပြီးခါနီးလေ ပိုကြိုးစားရှုမှတ်လေ ဖြစ်ရပါမယ်။ သန့်ရှင်းလတ်ဆတ်တဲ့လေက လူတစ်ယောက် ကျန်းမာဖို့ နေရာတကာမှာ လိုအပ်ပါတယ်။ လူတစ်ယောက် စိတ်ချမ်းသာမှုရဖို့အတွက် သန့်ရှင်း လတ်ဆတ်တဲ့ သတိပဋ္ဌာန်လေဟာ နေရာတကာမှာ လိုအပ်ပါတယ်။ သတိနဲ့ ကိစ္စအားလုံးကို ဆောင်ရွက်နိုင်အောင် ကြိုးစားကြရပါမယ်။ သတိဟာ အကောင်းဆုံးမိတ်ဆွေပါပဲ။ သူ့ကို အားကိုးရင် အားကိုးသလောက် သူက ကိုယ့်ကိုကူညီပါတယ်။ အားကိုးတိုင်း ကူညီတတ်လို့ တကယ့်ကို အမြဲအားကိုးထိုက်တဲ့ အကောင်းဆုံးမိတ်ဆွေပါပဲ။ အဲဒီအကောင်းဆုံးမိတ်ဆွေနဲ့ မိမိတို့ရဲ့ဘဝခရီးကို ဆက်လက်လျှောက်လှမ်းနိုင်အောင် ကြိုးစားကြဖို့ တိုက်တွန်းကာ တရားကို အဆုံးသတ်ခဲ့ပါတယ်။ ယောဂီတွေမှာ ထိထိမိမိ ရှိမရှိ မသိရပေမယ့် ပြီးအောင်တော့ ဟောလိုက်တာပါပဲ။ တစ်နာရီအတိပါပဲ။

http://www.dhammadownload.com

ထူးတဲ့ အလှ

မောင်လှဝင်း...

၂၆၊ ၆၊ ၂၀၀၅ နေ့က တနင်္ဂနွေနေ့မို့ တရားစစ်လည်း နားတယ်။ ဦးသုမနသိရိကလည်း သူ့အိမ်မှာ နေ့ဆွမ်းသွားဘုဉ်းပေးလို့ နေ့ဆွမ်းမှာ တစ်ပါးတည်း ဘုဉ်းပေးရတယ်။ လွတ်လွတ်လပ်လပ် ရှိလှပါတယ်။ ဒေါ်မြင့်မြင့်စိန်ရဲ့ လက်ရာကလည်း ပြောင်မြောက်တာမို့ ပိုမိုဘုဉ်းပေးလို့ကောင်းပါတယ်။ မဝဒိရဉာနီကလည်း သူ့ညီမနဲ့ သူ့တူမလေး ရောက်နေတာမို့ သာမဏေကျော် ဘုဉ်းပေးတဲ့အပေါ်ထပ်မှာပဲ လာရောက်စားပါတယ်။ သူ့တူမလေးက လွန်ခဲ့တဲ့ ၂ နှစ်က အခေါက်တုန်းကလည်း လာပါတယ်။ အခု အသက် ၁၁ နှစ် ရှိပါပြီတဲ့။ မိန်းမလှလေးပဲ၊ ဘာ့ဇနဲ့ သူ့မိခင်ကြီးလည်း လာပါတယ်။ အသက် ၉၉ နှစ်အရွယ် မိခင်ကြီးက ကုလားထိုင်ပေါ်မှာ ထိုင်နေပါတယ်။ ၁၁ နှစ်အရွယ် ကလေးမလေးက အဘွားကြီးရဲ့အနီးအောက်မှာ ထိုင်နေပါတယ်။ အဘွားကြီးနဲ့ ကလေးမလေးကို နှိုင်းယှဉ်ကြည့်နေမိပါတယ်။ အိုမင်းရင့်ရော်မှုနဲ့ နုပျိုမှုတို့ရဲ့ ခြားနားမှုကို မြင်တွေ့ရပါတယ်။ အဘွားကြီးမှာ ပိန်ပြီး တုန်ချည့်ချည့်ဖြစ်နေတယ်။ မျက်နှာမှာ ရှုံ့တွကာ အရေးအကြောင်းတွေ ပေါ်နေပါတယ်။ နားထိုင်းနေရှာပါတယ်။ ကလေးမလေးမှာတော့ ပြည့်ပြည့်တင်းတင်း သန်သန်မာမာ သွက်သွက်လက်လက် ရှိလှပါတယ်။ မျက်နှာမှာလည်း အသားအရေ ပြည့်ပြည့်ဖြိုးဖြိုး တင်းတင်းရင်းရင်း ကြည်ကြည်လင်လင် ရှိလှပါတယ်။ အဘွားကြီးလည်း ကလေးမလေးအရွယ်က ကလေးမလေးလိုပဲ နုပျိုမှု၊ လှပမှု၊ သွက်လက်မှု အပြည့်ရှိခဲ့ပါလိမ့်မယ်။ ဒီကလေးမလေးကလည်း အဘွားကြီးလို အသက်ရှည်ခဲ့မယ်ဆိုရင် ဒီအဘွားကြီးလိုပဲ ဖြစ်နေပါလိမ့်မယ်။ အခုအချိန်က နုပျိုမှု၊ လှပမှု၊ သွက်လက်မှု၊ တက်ကြွမှုတွေဟာ အဲဒီ

http://www.dhammadownload.com

အချိန်မှာ ကွယ်ပျောက်ကုန်ပါလိမ့်မယ်။ အိုတတ်တဲ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားရတာမို့ မအိုချင်လို့ မရနိုင်ပါ။ အဘွားကြီးလည်း မအိုချင်ပါ၊ ဒါပေမဲ့ အိုနေရပါပြီ။ ကလေးမလေးလည်း မအိုချင်ပါ၊ ဒါပေမဲ့ အိုကို အိုရပါလိမ့်မယ်။ ရှောင်ကွင်းလို့ မရနိုင်ပါ။ အဘွားကြီးမှာ ရုပ်ကရင့်ကျက်နေသလို စိတ်ဓာတ်ကလည်း ရင့်ကျက်နေပါတယ်။ ကလေးမလေးမှာ ရုပ်ကနုပျိုနေသလို စိတ်ဓာတ်ကလည်း နုနယ်နေပါသေးတယ်။ အဘွားကြီးလို စိတ်ဓာတ်ရင့်ကျက်မှု ရလာအောင် ဘဝအတွေ့အကြုံ အဖုံဖုံက ကလေးမလေးကို အသိဉာဏ်တွေ ပေးသွားပါလိမ့်မယ်။ စိတ်ဓာတ်ရင့်ကျက်မှုဟာ အသက်ကြီးသူတွေရဲ့ ထူးခြားတဲ့ အလှပါပဲ။

ပုရွက်ဆိတ်

မောင်လှဝင်း...

HIV ပိုးရှိတဲ့ အမျိုးသားယောဂီက ကနေဒါနိုင်ငံက လာရောက်အားထုတ်ပါတယ်။ သူနဲ့ ဒီနေ့ ၂၇၊ ၆၊ ၂၀၀၅ တရားစစ်တာဟာ နောက်ဆုံးဖြစ်ပါတယ်။ သူ့ကို မေးခွန်းတစ်ခု မေးပါတယ်။ 'လောကမှာ အပျော်မျိုးစုံနဲ့ ပျော်ခဲ့ပါလိမ့်မယ်။ အဲဒီအပျော်တွေနဲ့ အခုတရား အပျော်က ဘယ်လိုခြားနားပါသလဲ'

သူက ဖြေတော့ ဖြေပါတယ်။ ဒါပေမဲ့ မရှင်းလင်းလို့ ပဏ္ဍိတာရာမ ဆရာတော်ကြီး မိန့်လေ့ရှိတဲ့ ခြားနားချက်ကို ပြောပြလိုက်ပါတယ်။

'ပုရွက်ဆိတ်ဟာ ပျားရည်သောက်ရင်း သောက်ရင်းနဲ့ ပျားရည်ထဲ နစ်မွန်းပြီး သေသွားတယ်။ အဲဒီပျားရည်အရသာဟာ ပုရွက်ဆိတ်အဖို့ သေလောက်အောင် ကောင်းနေပါတယ်။ ဘေးသင့်အောင် ကောင်းတဲ့အရသာ ဖြစ်ပါတယ်။ ကာမဂုဏ်အာရုံချမ်းသာတွေဟာ သတ္တဝါတွေ

http://www.dhammadownload.com

အဖို့ သေလောက်အောင် ကောင်းတဲ့ချမ်းသာတွေ ဖြစ်ပါတယ်။ ဘေးသင့်တဲ့ ချမ်းသာတွေ ဖြစ်ပါတယ်။ ဒီတရားချမ်းသာကတော့ ဘေးကင်းတဲ့ ချမ်းသာဖြစ်ပါတယ်။'

ဒီခြားနားချက်ကို သူက သေသေချာချာ စူးစူးစိုက်စိုက် နားထောင်နေပါတယ်။ ပြီးတော့ ဒီလိုပြောသွားပါတယ်။

'တရားပျားရည်ကို သောက်သုံးပြီး ပျော်နိုင်အောင်ကြိုးစားပါမယ်'

ကာမဂုဏ်ချမ်းသာဟာ သာယာဖွယ်က နည်းပြီး ဆင်းရဲကပဲ များပါတယ်။ ပူပန်ရမှုတွေ များပါတယ်။ ဒါကြောင့် ကာမဂုဏ်ချမ်းသာက ပူလောင်ပြီး ချမ်းသာပါတယ်။ တရားချမ်းသာကတော့ အေးမြပြီး ချမ်းသာရပါတယ်။ ဘုရားရှင်က 'အပျော်အားလုံးမှာ တရားနဲ့ပျော်တာဟာ အကောင်းဆုံးပဲ'လို့ ဟောတော်မူထားပါတယ်။ ဘုရားဟောပါဠိစကားကတော့ 'သဗ္ဗရတိ ဓမ္မရတိ ဇိနာတိ၊ အပျော်အားလုံးကို တရားအပျော်က အောင်နိုင်တယ်' တဲ့။

ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီ တဲ့။

အဲဒီပိုးဖလံပမာ သတ္တဝါတွေဟာ ကာမဂုဏ်မီးတွေဆီ တိုးပြီးရင်း တိုးနေကြပါတယ်။ ဒုက္ခမျိုးစုံကို ခံစားတွေ့ကြုံကြရပါတယ်။ အဲဒီအခါ ကာမဂုဏ်ချမ်းသာရဲ့ သာယာဖွယ်က နည်းပြီး ဆင်းရဲကများပုံကို သဘောပေါက်လာကြပါတယ်။ ဒါကြောင့် တရားချမ်းသာကို ရလိုတဲ့ဆန္ဒတွေ ပြင်းပြလာကြပါတယ်။

မကြိုက်ပေမယ့်

မောင်လှဝင်း...

ဦးဝိဝေကာနန္ဒက သာမဏေကျော်ရဲ့ တရားနာမည်ကို ဘယ်လို

http://www.dhammadownload.com

ပေးမလဲလို့ အရဏ်ဆွမ်းစားအပြီးမှာ မေးပါတယ်။ တရားစစ်ရာ စာကြည့်တိုက်ကိုရောက်တော့ 'ကမ္မဋ္ဌာန်းဆရာနဲ့ ယောဂီ'ဆိုတဲ့နာမည်နဲ့ 'အကောင်းဆုံးမိတ်ဆွေ' ဆိုတဲ့နာမည်ထဲက ဘယ်နာမည်က ကောင်းမယ်ထင်လဲ'လို့ ဦးသုမနသိရီကို မေးကြည့်တဲ့အခါ 'အကောင်းဆုံးမိတ်ဆွေ' ဆိုတဲ့နာမည်က စိတ်ဝင်စားဖွယ် ဖြစ်ပါတယ်လို့ ပြောပါတယ်။ 'ဒီလိုဆိုရင် အဲဒီနာမည်ကို သက်ဆိုင်ရာအား ပြောလိုက်ပါ'လို့ ပြောလိုက်ပါတယ်။ ယောဂီတချို့က 'အဲဒီတရားက တွန်းအားပေးပါတယ်။ စိတ်အားတက်ကြွလာစေပါတယ်။ လိုအပ်နေတာကို ဖြည့်ပေးပါတယ်'လို့ ပြောကြပါတယ်။ သား သမီး ကလေးရဲ့လည်ချောင်းမှာ တစ်ဆို့နေတဲ့ တုတ်ချောင်း၊ အိုးခြမ်းကွဲကို မိဘက အတင်းဆွဲထုတ်ရာမှာ ကလေးမှာ လွန်စွာနာကျင်ပေမယ့် မင့်နိုင်ပါ။ ဆွဲမထုတ်ရင် ပိုပြီးဒုက္ခရောက်ရဖွယ် ရှိလို့ပါပဲ။ ကမ္မဋ္ဌာန်းဆရာက ယောဂီမှာ တရားတိုးတက်ရေးအတွက် အနှောင့်အယှက်ပေးတဲ့အရာတွေကို တွေ့ရတဲ့အခါ အဲဒီအနှောင့်အယှက်ပေးမယ့်အရာတွေကို ယောဂီက မကြိုက်ပေမယ့် ဖယ်ရှားပေးရပါတယ်။ အဲဒီလို ဖယ်ရှားပေးရတာဟာ ယောဂီ စိတ်ဒုက္ခရောက်အောင် လုပ်တာမဟုတ်ပါ။ ယောဂီရဲ့တရားအသိဉာဏ် တိုးတက်လာစေလိုလို့ ဖယ်ရှားပေးတာပါပဲ။

တရားဟောထိုင်ခုံရဲ့နောက်မှာ မြန်မာနိုင်ငံက သစ်သားဆင်းတုတော် ရှိပါတယ်။ ကြည်ညိုဖွယ်ရာ ဆင်းတုတော်ဖြစ်လာဖို့ မလိုအပ်တဲ့ သစ်သားတွေကို ထွင်းထုတ်ပစ်ရပါတယ်။ ဒါမှ လှပတဲ့ရုပ်ပုံ ဖြစ်လာပါတယ်။ ယောဂီမှာ တရားတိုးတက်ရေးအတွက် အနှောင့်အယှက်ပေးတဲ့အရာတွေ ရှိလာရင် ဖယ်ရှားပေးပါမှ လှပတဲ့ ယောဂီ၊ တရားတိုးတက်တဲ့ ယောဂီ၊ တန်ဖိုးရှိတဲ့ယောဂီ ဖြစ်လာပါမယ်။ ကမ္မဋ္ဌာန်းဆရာတွေက လှပတဲ့၊ တရားတိုးတက်တဲ့၊ တန်ဖိုးရှိတဲ့ယောဂီဖြစ်လာဖို့ ဆောင်ရွက်ပေးကြရပါတယ်။

http://www.dhammadownload.com

ယောဂီတစ်ဦးကတော့ အဲဒီဥပမာလေးတွေကို အထူးနှစ်ခြိုက်ကြောင်း၊ အကျိုးသက်ရောက်ကြောင်း ပြောပါတယ်။ ယောဂီတွေအပေါ် ကမ္မဋ္ဌာန်းဆရာတွေ ထားရှိတဲ့စိတ်နေသဘောထားကို နားလည်သဘောပေါက်အောင် ပြောကြရပါတယ်။ အနုတ္တရော ပုရိသဒမ္မသာရထိ ဆိုတဲ့ ဘုရားဂုဏ်တော်ဟာ တရားပြပေးတဲ့ပုဂ္ဂိုလ်တွေအဖို့ အထူးပဲ ကြည်ညိုဖွယ်ဖြစ်ပါပေတယ်။

ယုန်

မောင်လှဝင်း...

အသားမည်းတဲ့ အမေရိကန်အမျိုးသမီးတစ်ယောက် တရားလာအားထုတ်ပါတယ်။ အသက် ၃၀ ကျော်ပဲ ရှိပါသေးတယ်။ အပြောအဆို၊ အမူအရာက သွက်လက်ပါတယ်။ ရွှင်ရွှင်ပျပျ ရှိလှပါတယ်။ အသားမည်းပေမယ့် ရုပ်ကတော့ မဆိုးပါ။ သူမက ဥာဏ်ထက်ပုံပေါ်ပါတယ်။ ဒီတရားစခန်း မတိုင်မီကလည်း လအတော်ကြာ အားထုတ်ခဲ့ပါတယ်။ ဒီတရားစခန်းအပြီး နောက်ထပ် ၅ လ ဆက်လက်အားထုတ်ပါဦးမယ်တဲ့။ သူမက စိတ်ပါတဲ့အခါ ကြိုးစားအားထုတ်လိုက်၊ တရားအတွေ့အကြုံလေးတွေ ကောင်းလာလိုက်၊ စိတ်မပါတဲ့အခါ ခပ်လျော့လျော့ အားထုတ်လိုက် လုပ်နေပါတယ်။ သူမအား ယုန်နဲ့လိပ်ဥပမာလေးကို ပြောပြရပါတယ်။ ယုန်က အပြေးမြန်ပေမယ့် လမ်းခုလတ်မှာ နားနားနေလို့ ပန်းတိုင်ကို နောက်ကျမှရောက်ရပြီး လိပ်က နှေးပေမယ့် မနားမနေသွားလို့ ပန်းတိုင်ကို အရင်ရောက်ပါတယ်။ သူမကလည်း ယုန်လိုဖြစ်နေပါတယ်။ အပြေးမြန်မြန်နဲ့ မနားဘဲသွားရင် ပန်းတိုင်ကို မြန်မြန်ရောက်ပါမယ်လို့ ပြောရပါတယ်။

တရားအားထုတ်တဲ့အခါ တစ်ခါတစ်ရံ ဆန္ဒ၊ ဝီရိယလွန်ပြီး

http://www.dhammadownload.com

ရှုမှတ်လို့ မကောင်းတဲ့အခါ ရှိပါတယ်။ အဲဒီအခါ ဘယ်လိုလုပ်ရပါ့မလဲလို့ မေးလာပါတယ်။ စောင်းမှာ ကြိုးကတင်းလွန်းရင်လည်း အသံမကောင်း၊ လျော့လွန်းရင်လည်း အသံမကောင်းပါ။ မလျော့မတင်းထားမှ အသံကောင်းပါတယ်။ ဝိရိယက လွန်နေရင်လည်း မကောင်းပါ။ လိုနေရင်လည်း မကောင်းပါ။ ဝိရိယနဲ့ သမာဓိ မျှနေရင် ကောင်းပါတယ်။ စိတ်အေးအေးထားပြီး ပေါ်လာတဲ့အာရုံနောက် စိတ်ကလေး ကပ်ပါသွားအောင် မှတ်နိုင်ရင် ဝိရိယလုံ့လောက်ပါပြီလို့ ပြောရပါတယ်။

ကြိုးစားအားထုတ်ပေမယ့် တရားက ကောင်းလိုက်၊ မကောင်းလိုက်ဖြစ်နေလို့ စိတ်ဓာတ်ကျပါတယ်လို့ ပြောလာပြန်ပါတယ်။ မွေးဖွားလာခါစ ကလေးငယ်ငယ်လေးဟာ ပက်လက်ကနေ မှောက်နေနိုင်အောင်၊ မှောက်ရာကနေ ထိုင်နိုင်အောင်၊ ထိုင်ရာကနေ ထနိုင်အောင်၊ ထရာက ရပ်နိုင်အောင်၊ ရပ်ရာက သွားနိုင်အောင် ကြိုးစားရာမှာ အကြိမ်ကြိမ်ကျရှုံးပြီးမှ အောင်မြင်လာရပါတယ်။ ကလေးဘဝက ပိုင်ဆိုင်လာခဲ့တဲ့ အဲဒီဇွဲလေးကို ပြန်လည်မွေးမြူ အသုံးချပေးပါ၊ အခုအရွယ်မှာ အသိဉာဏ်က ရင့်ကျက်လာတာမို့ ဇွဲက ပိုမိုထက်သန်အားကောင်းနေရပါမယ်။

http://www.dhammadownload.com

အပိုင်း ၈
ဘော်စတွန်မှ အပြန်

ရှေပန်းထိမ်

မောင်လှဝင်း...

ဆရာတော်ကြီးတို့အဖွဲ့ နယူးယောက်မြို့က ပြန်လာရောက်ခါနီး အချိန်ကလေးမှာ မြန်မာဒကာကြီးတစ်ယောက် သာမဏေကျော်ထံ ရောက်လာတယ်။ 'အရှင်ဘုရားက သာမဏေကျော်ပါလား'လို့ မေးပါတယ်။ 'ဟုတ်ပါတယ်'လို့ ဖြေလိုက်ရပါတယ်။ 'တပည့်တော် ကံကောင်းတာပဲ၊ အရှင်ဘုရား ရေးတဲ့စာတွေကို ဖတ်ပါတယ်။ 'ဝိပဿနာ ဉာဏ်နဲ့ အမေရိကန်'ဆိုတဲ့စာအုပ်ကို ဖတ်ရလို့ ဒီ IMS တရားဌာနကြီးကို ရောက်ချင်နေပါတယ်။ နေရာမသိလို့ နာရီဝက်လောက် လွန်ပြီး ကားမောင်းသွားမိပါသေးတယ်'လို့ ဒကာကြီးက ပြောပါတယ်။ 'ဒကာကြီးက ဘယ်ကလဲ'လို့ မေးတော့ 'ရန်ကုန်ကပါ ဘုရား၊ တပည့်တော်ရဲ့ သားနဲ့သမီးက ဒီဘော်စတွန်မြို့မှာ ကျောင်းတက်နေကြပါတယ်။ သမီး ကျောင်းပိတ်ခါနီးလို့ သမီးကို လာခေါ်တာပါ။ တပည့်တော်က ဆရာတော် ဦးဇောတိကရဲ့စာတွေကိုဖတ်ပြီး ဘုရားတရား လိုက်စားနေပါတယ်။ တရားအားထုတ်တာဟာ တပည့်တော်ရဲ့ ဦးစားပေးအလုပ်ပါ ဘုရား။ တပည့်တော်အား တရားအဆုံးအမ တစ်ပုဒ်လောက် ချီးမြှင့်တော်မူပါ ဘုရား'လို့ လျှောက်ထားလာပါတယ်။

ရုတ်တရက်ဆိုတော့ ဘာပြောရပါ့မလဲလို့ စဉ်းစားရပါတယ်။

http://www.dhammadownload.com

လူ ၃ မျိုးကို ပြောပြလိုက်ပါတယ်။ ၁။ တစ်ဖက်မြင်ပုဂ္ဂိုလ်၊ ၂။ နှစ်ဖက်မြင် ပုဂ္ဂိုလ်၊ ၃။ နှစ်ဖက်လုံး ကန်းနေတဲ့ပုဂ္ဂိုလ်လို့ ၃ မျိုး ရှိပါတယ်။ စီးပွားရေးပညာမျက်စိသာ ရှိပြီး ကုသိုလ်ရေး ပညာမျက်စိ မရှိသူဟာ တစ်ဖက်မြင်ပုဂ္ဂိုလ်ပါပဲ။ အဲဒီပညာမျက်စိနှစ်မျိုးလုံး ရှိသူက နှစ်ဖက်မြင်ပုဂ္ဂိုလ်ဖြစ်ပြီး မရှိသူက နှစ်ဖက်လုံး ကန်းနေသူဖြစ်ပါတယ်။ နှစ်ဖက်မြင်ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားဖို့ ဘုရားရှင်က ဆုံးမတော်မူခဲ့ပါတယ်လို့ ရှင်းပြလိုက်ပါတယ်။ ဒကာမကြီး ဒေါ်မြင့်မြင့်စိန်နဲ့ ခင်မင်ရင်းနှီးသူဖြစ်နေတာမို့ ဒေါ်မြင့်မြင့်စိန်က ဒကာကြီးအနီးလာရပ်ပြီး ဆိုင်းမဆင့် ဗုံမဆင့် ပြောပါတော့တယ်။

'သာမဏေကျော်က နှုတ်နည်းတယ်၊ အေးတယ်၊ စကားပြောနည်းတယ်။ သာမဏေကျော်က လှော်ကားနားမှာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ဆိုတဲ့ ကျောင်းသစ်တည်ထောင်ထားတယ်။ တဲကျောင်းတွေပဲ ဆောက်ထားရသေးတယ်။ မောင်ကျော်ဝင်းတို့ သွားရောက် လှူဒါန်းလိုက လှူဒါန်းနိုင်ပါတယ်။'

'တပည့်တော်က လှူဒါန်းထောက်ပံ့လိုတဲ့ ဆန္ဒရှိပါတယ်။ ဝါသနာပါပါတယ်။ လှော်ကား ဘယ်နားမှာပါလဲ၊ ဘယ်လိုသွားရပါလဲ၊ ဖုန်းကော ရှိပါသလား။'

ဒကာကြီးက လှိုက်လှိုက်လှဲလှဲ ထက်ထက်သန်သန် မေးနေလို့ ပြောပြလိုက်ပါတယ်။

'ဒကာကြီး ထောက်ကြေ့လမ်းဆုံ ရှိတယ်။ မော်ဘီသွားလမ်း၊ ပဲခူးသွားလမ်း၊ ရန်ကုန်သွားလမ်း အဲဒီလမ်း ၃ ခုအဆုံ (ထောက်ကြေ့လမ်းဆုံ) ကနေ မော်ဘီသွားတဲ့ဘက်ကို အနည်းငယ် ကားနဲ့မောင်းသွားရင် ဘယ်ဘက်ခြမ်းမှာ လှော်ကားဥယျာဉ်ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို တွေ့ရပါတယ်။ တွေ့ရင် ဘယ်ဘက်ချိုးတဲ့လမ်းကို လိုက်သွားရပါတယ်။ လှော်ကားဥယျာဉ်ကို တွေ့ရပါတယ်။ ကတ္တရာလမ်းတစ်လမ်းပဲ

http://www.dhammadownload.com

ရှိပါတယ်။ ရွှေပြည်သာကို သွားတဲ့လမ်းပါပဲ။ လှော်ကားဥယျာဉ်ကနေ ၃ မိုင်လောက် သွားလိုက်ရင် သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက် ဆိုတဲ့ဆိုင်းဘုတ်ကြီးကို ညာဘက်ခြမ်းမှာ တွေ့ရပါမယ်။ အမြိုက်ကျောင်းဆိုင်းဘုတ်နဲ့ နှစ်ကျိပ်ရှစ်ဆူ ဘုရားစေတီဆိုင်းဘုတ်ကိုလည်း ကပ်လျက်အရပ်မှာ တွေ့ရပါမယ်။ သာမဏေကျော် မဟာဂန္ဓာရုံ ဆိုင်းဘုတ်ကိုတွေ့ရင် ဂဝံလမ်းလေးအတိုင်း ကားမောင်းသွားလို့ ရပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံဆိုင်းဘုတ် နောက်ထပ်တစ်ခုကို ထပ်တွေ့ရပါမယ်။ အဲဒါ၊ကျော်သွားရင် တဲကျောင်းတွေကို လမ်းရဲ့ ညာဘက်ခြမ်းမှာ တွေ့ရပါ မယ်။ သာမဏေကျော် မဟာဂန္ဓာရုံဆိုတဲ့ တတိယဆိုင်းဘုတ်တွေ့ရင် အဲဒီကျောင်းထဲ ဝင်သွားရုံပါပဲ။ လှော်ကားတာဆုံလမ်း အမှတ် ၄ လ၊မ်းက လာရင်တော့ ၂ မိုင်လောက်ပဲ ဝေးပါတယ်။'

'စာသင်တိုက် လုပ်၊မှာလား'

'၂ ထပ်ကျောင်းဆောင် ဆောက်လုပ်နေတဲ့နေရာဘက်မှာ စာသင်တိုက် လုပ်မယ်လို့ စိ၊ဘ်ကူးပါတယ်။ ဂဝံလမ်းခြားထားတဲ့ အခုတဲတွေရှိရာဘက်မှာ တရား၊ဌာနလုပ်နိုင်တဲ့အခါ လုပ်ဖို့ရည်ရွယ်ထားပါတယ်။'

ဒကာကြီးက သူ့လ၊ပ်စာကတ်ပြားလေးကို ပေးပါတယ်။ ရွှေပန်းထိမ် မန်နေဂျာ ဒရိုက်၊ကာတစ်ဦးဖြစ်နေပါတယ်။ စောစောကသာ သူ့လုပ်ငန်းကို သိခဲ့ရရင် ၊ယူ့လုပ်ငန်းနဲ့ဆီလျော်တဲ့ အောက်ပါဘုရားအဆုံးအမစကားလေးကို ၊ပြောပြမိပါလိမ့်မယ်။

'ပညာရှိပုဂ္ဂိုလ်ဟာ အစဉ်အတိုင်း အနည်းငယ် အနည်းငယ် ခဏတိုင်း ခဏတိုင်း ကို၊ယ့်သန္တာန်က လောဘ၊ ဒေါသစတဲ့ စိတ်အညစ်အကြေးကို ထုတ်ပစ် ရပါတယ်။ ဥပမာ– ရွှေပန်းထိမ်သည်ဟာ ရွှေရဲ့အညစ်အကြေးကို တ၊ဖြည်းဖြည်း ထုတ်ပစ်ရသလိုပါပဲ'

http://www.dhammadownload.com

သူ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့ ဘုရားစကားတော်ကို ကြားနာရရင် သူ့အဖို့ ပိုပြီးမှတ်မိသွားနိုင်ပါလိမ့်မယ်။

သံသရာခရီး

မောင်လှဝင်း...

ဒီနေ့ ၂၉၊ ၆၊ ၂၀၀၅ ဟာ FR တရားဌာနမှာ တရားစခန်း နောက်ဆုံးရက်ဖြစ်ပါတယ်။ ဒီနေ့ တရားစစ် မရှိတော့ပါ။ ညနေ ၅နာရီမှာ ယောဂီတွေမေးတဲ့ မေးခွန်းတွေကို ဆရာတော်ကြီးက ဖြေပေးပါတယ်။ ဦးဇဋ္ဌိလက ဒီနေ့ညမှာ ဘော်စတွန်က မြန်မာဘုန်းကြီးကျောင်း သွားပြီးအိပ်ပါမယ်။ နံနက် ၇ နာရီမှာ လေယာဉ်စီးရပါမယ်။ ဆရာတော်ကြီးရယ်၊ သာမဏေကျော်ရယ်၊ မစာရဒဿီနီရယ်က ၃၀၊ ၆၊ ၂၀၀၅ နံနက် ၉ နာရီ ၁၀ မိနစ်မှာ လေယာဉ်စီးရပါမယ်။ နံနက် အရုဏ်တက်ချိန်မှာ စောစောအရုဏ်ဆွမ်းဘုဉ်းပေးပြီး လေယာဉ်ကွင်းကို သွားကြရပါမယ်။ မဝဒိရဉာနီက ချီကာဂိုကို သွားမှာမို့ သာမဏေကျော်တို့နဲ့အတူ လိုက်လာပါမယ်။ ဒေါ်မြင့်မြင့်စိန်လည်း အတူတူပဲလိုက်ခဲ့ကာ လေယာဉ်ကွင်းလိုက်ပို့ပြီး သူ့အိမ်ကို ပြန်ပါမယ်။ ဦးသုမနသိရီလည်း လိုက်ပို့ပါမယ်။ ဦးဝိဝေကာနန္ဒက ၃၀၊ ၆၊ ၂၀၀၅ မှ အစ္စရေးနိုင်ငံကို တရားစခန်းအတွက် ခရီးဆက်ပါမယ်။ ယောဂီတွေထဲက အများစုပြန်ပြီး အနည်းစုကျန်ရစ်ပါမယ်။ ဘဝတစ်ကွေ့မှာ ၆ ပတ်ကြာ ဆုံတွေ့ကြရပြီး ခွဲခွာခဲ့ကြရပါတယ်။

ဒီနေ့ နံနက်ပိုင်းမှာ မိုးနှင်းလေးတွေ ဝေနေပါတယ်။ နေမသာဘဲ အုပ်ဆိုင်းဆိုင်းဖြစ်နေပါတယ်။ စိမ်းစိုညိုမှိုင်းနေကာ ရွက်ရင့်တွေ ဝေဆာနေတဲ့ အုတ်ပင်၊ မေပဲပင်စတဲ့ သစ်ပင် ပန်းပင်တွေက FRဌာနကို စတင်ရောက်လာစဉ်က အနေအထားမဟုတ်တော့ဘဲ ရင့်ကျက်

http://www.dhammadownload.com

တည်ငြိမ်နေတဲ့ အနေအထားနဲ့ သာမဏေကျော်တို့ကို နှုတ်ဆက်နေ သယောင် ထင်ရပါတယ်။ ၃၀၊ ၆၊ ၂၀၀၅ မှာ ဘာရီမြို့မှ ဆန်ဟိုဗျေး မြို့ကို သွားရပါမယ်။ ၄၊ ၇၊ ၂၀၀၅ နေ့မှာ အမေရိကမှ မြန်မာနိုင်ငံ ကို ပြန်ရပါမယ်။ ၆၊ ၇၊ ၂၀၀၅ နေ့မှာ ရန်ကုန်ကိုရောက်ပါမယ်။ ရန်ကုန်မှာ နေ့ဆွမ်းစားပြီး ပဲခူးဆယ်မိုင်ကုန်း ပဏ္ဍိတာရာမကို သွားရ ပါမယ်။ တစ်နေရာက တစ်နေရာကို သွားနေရသလို ဘဝသံသရာခရီး မှာလည်း တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့သွားနေကြရပါမယ်။ 'ဘဝသံသရာ မနေမနား ထွေပြား တသွားတည်းသွားကြတာ'ဆိုတဲ့ သီချင်းစာသားလေးလိုပါပဲ။ ဒီအမေရိကခရီးစဉ်လေးမှာပဲ တစ်နေရာက တစ်နေရာကို သွားရင် ပြင်ဆင်ရပါတယ်။ ဘဝသံသရာခရီးစဉ်မှာလည်း ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ကြရပါတယ်။ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုအစုစုကို ကြိုတင်စုဆောင်းထားရပါတယ်။ ရိက္ခာလုံလောက်မှ သံသရာခရီးမှာ မျက်နှာမငယ်ရပါမယ်။ ချမ်းသာရပါမယ်။ လုံးချာ မလည်ဖြစ်ရပါမယ်။ ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ အောက်ပါလက်ာ လေးတွေဟာ မှတ်သားစရာဖြစ်ပါတယ်။

*ဒါနမပါ၊ သံသရာ၊ မျက်နှာငယ်ရတယ်။
သီလမပါ၊ သံသရာ၊ ချမ်းသာကွယ်ရမယ်။
ဘဝနာမပါ၊ သံသရာ၊ လုံးချာလည်လိမ့်မယ်။

လာလမ်းဆီ

မောင်လှဝင်း...

ဒီနေ့ ၂၉၊ ၆၊ ၂၀၀၅ နံနက် ၉ နာရီမှာ ဦးဇင်္ဂီလက မောင်လှဝင်း တို့ထံ ဖုန်းခေါ်ပေးပါတယ်။ မြန်မာနိုင်ငံမှာ ညနေ ၇ နာရီခွဲနေမှာ

http://www.dhammadownload.com

ပေါ့။ အမေရိကကနေ မောင်လှဝင်းနဲ့ ၃ ကြိမ်မြောက် ဖုန်းနဲ့ပြောရတာ ပေါ့။ အခု စာရေးနေတဲ့အချိန် နေ့ ၂ နာရီ ၂၅ မိနစ်မှာ မိုးမှောင်နေပါတယ်။ မိုးခြိမ်းသံကိုလည်း ကြားနေရပါတယ်။ ပြန်မယ့်ယောဂီတွေလည်း ပြန်ဖို့ပြင်ဆင်နေကြပါတယ်။ ဦးဝိဝေကာနန္ဒက ဒီစာမရေးခင်လေးမှာ သာမဏေကျော်ရဲ့ 'အနာဂတ်အစီအစဉ် ဘယ်လိုရှိပါသလဲ' လို့ မေးလာပါတယ်။ ပြောပြလိုက်ပါတယ်။ ယောဂီတွေ မေးထားတဲ့ မေးခွန်းတွေကို ဆရာတော်ကြီးက ဖြေပေးတဲ့အခါ ဦးဝိဝေကာနန္ဒက အင်္ဂလိပ်လို ဘာသာပြန်ပေးရမှာမို့ ကြိုတင်ပြင်ဆင်နေပါတယ်။ ယောဂီတွေက အမေရိကပြည်နယ်အသီးသီးက လာခဲ့ကြသလို ကနေဒါ၊ သြစတေးလီးယားစတဲ့ ပြည်ပနိုင်ငံတွေကလည်း လာကြပါတယ်။ အထုပ်ကိုယ်စီ ပိုက်ကာချီ လာလမ်းဆီကို ပြန်ကြပါတော့မယ်။ ကားနဲ့ပြန်မယ့်သူ ပြန်၊ လေယာဉ်နဲ့ ပြန်သူပြန်၊ ကားနဲ့ရော လေယာဉ်နဲ့ပါ ပြန်သူက ပြန်ကြပါမယ်။ နာမည်ကြီး ကမ္မဋ္ဌာန်းဆရာကြီးလည်းဖြစ်၊ နာမည်ကြီး စာရေးဆရာကြီးလည်းဖြစ်တဲ့ ဂျိုးဆက်ဂိုးစတိန်းကတော့ ကားနဲ့လည်း မပြန်ပါ၊ လေယာဉ်နဲ့လည်း မပြန်ပါ၊ ခြေကျင်လျှောက်ပြီး ကျောပိုးအိတ်ကို လွယ်ကာ ပြန်သွားပါတယ်။ သူ့နေရာအဆောင်က နီးနီးနားနားမှာ ရှိနေလို့ပါ။

သာမဏေကျော်တို့ကတော့ ဘော်စတွန်လေယာဉ်ကွင်းကို အရဏ်ဆွမ်းစားအပြီးမှာ ကားနဲ့သွားကြပါမယ်။ ဘော်စတွန်လေယာဉ်ကွင်းမှ ဆန်ဖရန်စစ္စကိုလေယာဉ်ကွင်းကို လေယာဉ်နဲ့သွားကြပါမယ်။ ဆန်ဖရန်စစ္စကိုလေယာဉ်ကွင်းကို နေ့လယ် ၁၂ နာရီခွဲလောက်မှာ ရောက်ပါမယ်။ လေယာဉ်စီးချိန် ၆ နာရီလောက် ကြာပါမယ်။ ဆန်ဖရန်စစ္စကိုအချိန်က ဘော်စတွန်အချိန်ထက် ၃ နာရီ နောက်ကျပါတယ်။ ဒါကြောင့် ဆန်ဖရန်စစ္စကိုလေယာဉ်ကွင်းကို ၁၂ နာရီခွဲလောက် ရောက်မှာဖြစ်ပါတယ်။ နေ့ဆွမ်းကို လေယာဉ်ပေါ်မှာပဲ စားရပါမယ်။ စားဖွယ်

http://www.dhammadownload.com

တွေကို ဒကာမကြီး ဒေါ်မြင့်မြင့်စိန်က စီစဉ်ပေးလိုက်ပါမယ်။ မောင်လှဝင်းက ရန်ကုန်မှာလည်း မိုးတွေရွာနေပြီလို့ ပြောတယ်နော်။ ဘော်စတွန်မှာ ရွာတဲ့မိုးကတော့ ရန်ကုန်မိုးလောက် သည်းသည်းမဲမဲ မရွာသွန်းပါ။ မိုးခြိမ်းတာချင်းတော့ တူပါလိမ့်မယ်။ အအေးကတော့ ရန်ကုန်မှာထက် ဘော်စတွန်မှာက များစွာပိုဓနပါတယ်။ မိုးတိမ်တွေကြောင့် မှောင်နေပေမယ့် လျှပ်စစ်မီးအလင်းရောင်နဲ့ စာရေးလို့ရနေပါတယ်။ မောင်လှဝင်းတို့ သာမဏေကျော်တို့ မဟာဂန္ဓာရုံမှာတော့ မိုးမှောင်ကျနေရင် လျှပ်စစ်မီး မရှိလို့ ဒီလိုစာရေးလို့ မရနိုင်လောက်ပါ။

ဆင်ပြောင်ကြီး

မောင်လှဝင်း...

၃၀၊ ၆၊ ၂၀၀၅ နေ့ အရုဏ်ဆွမ်းဘုဉ်းပေးပြီး ၅ နာရီခွဲမှာ FR တရားစခန်းမှ ထွက်ခွာခဲ့ကြပါတယ်။ မိုးက ဖွဲဖွဲလေးကျနေပါတယ်။ ထီးဆောင်းသွားကြရပါတယ်။ မိုးဖွဲဖွဲလေးရဲ့အောက်မှာ ယောဂီတွေက ကားအနီး လာရောက်လက်အုပ်ချီလျက် ရပ်နေကြပါတယ်။ မိုးဖွဲဖွဲလေးမို့ ဂရုစိုက်ကြပုံမပေါ်ပါ။ ထီးမပါ၊ ဦးခေါင်းမဆောင်းသူကပဲ များပါတယ်။ ဆရာတော်ကြီးက ကားပေါ်မတက်သေးဘဲ ကားအနီးမှာ ရပ်ကာ ဓမ္မပဒလာဂါထာတစ်ပုဒ်ကို ရွတ်ပြပြီး အဓိပ္ပာယ်ရှင်းပြနေပါသေးတယ်။ ယောဂီတွေကလည်း ရိုရိုသေသေနဲ့ လက်အုပ်ချီကာ ရပ်နေရင်း စူးစူးစိုက်စိုက် နားထောင်နေကြပါတယ်။ သာမဏေကျော်တို့လည်း ကားပေါ်မတက်သေးဘဲ မိုးရွာထဲမှာ ရပ်စောင့်နေရပါသေးတယ်။ ဆရာတော်ကြီးရယ်၊ သာမဏေဇကျော်ရယ်၊ ဦးဝိဝေကာနန္ဒရယ်၊ ဦးသုမနသိရီရယ်က ဂျိုးဆက်ဂိုးစတိန်း မောင်းတဲ့ကားပေါ် စီးကြရပါတယ်။ ကျန်တဲ့သူတွေက ကဘင် မောင်းတဲ့ကားပေါ် စီးသွားကြရပါတယ်။

http://www.dhammadownload.com

ဂါထာရဲ့အဓိပ္ပာယ်ကို ရှင်းပြပြီးတဲ့အခါ 'ဘိုင်'လို့ ဆိုကာ ယောဂီတွေကို နှုတ်ဆက်လိုက်ပါတယ်။ ဆရာတော်ကြီးရဲ့ ဘိုင်လို့ နှုတ်ဆက်စကားကြားရတဲ့အခါ ယောဂီတွေက တစ်ပြိုင်နက်တည်း သဘောကျကာ အသံထွက်ရယ်မောသွားကြပါတယ်။ ကားဘီးစတင်လှိမ့်လို့ ယောဂီတွေအနီး ရောက်သွားတဲ့အခါ လက်ထောင်ပြပြီး အနည်းငယ်ဂေ့ရမ်းကာ ဆရာတော်ကြီးနှုတ်ဆက်လိုက်တာကို တွေ့လိုက်ရပါတယ်။

ဓမ္မပဒဂါထာက အောက်ပါအတိုင်း ဖြစ်ပါတယ်။

အပ္ပမာဒရတာ ဟောထ၊ သစိတ္တာ၊ မနုရက္ခထ၊

ဒုဂ္ဂါ ဥဒ္ဓရထ တာနံ၊ ပကေ်ံ သန္နောဝ ကုဉ္ဇရော။

ယောဂီတို့၊ သင်တို့ဟာ ကောင်းတာကို ဆောင်ပွားပြီး မကောင်းတာကို ရှောင်ရှားမှုမှာ မွေ့လျော်သူဖြစ်ကြပါ။ မိမိစိတ်ကို သတိနဲ့ စောင့်ရှောက်ကြပါ။ ကိလေသာရှိ.ညွှန်ထဲမှ မိမိကိုယ်ကို ထုတ်ဆောင်ကြပါ။ ဥပမာ– ရှိ.ညွှန်ထဲမှာ တစ်နေတဲ့ ဆင်ပြောင်ကြီးဟာ မိမိကိုယ်ကို ရှိ.ညွှန်ထဲမှ လွတ်အောင်ကြိုးစားသလိုပါပဲ။

ကားပေါ်ရောက်တဲ့အခါ ဆရာတော်ကြီးက သူကိုယ်တိုင် ရေးထားတဲ့ လက်ာလေးကိုပါ ရွတ်ပြပါသေးတယ်။

* မမ့ေမှ့ဌ်၊ ပျော်ပိုက်ကြလေ၊
မိမိစိတ်ဓာတ်၊ စောင့်ကြပ်မသွေ၊
ညွှန်နစ်ဆင်ကြီး၊ ပုံမှီးယူလေ၊
ကိလေဗွက် ရန်းထွက်မှန်မသွေ။

ဒေသဆိပ်က နားနေခန်းထဲမှာ

မောင်လှဝင်း...

ပဏ္ဍိတာရာမ ဆရာတော်ကြီးထံ တရားအားထုတ်မှု အတွေ့

http://www.dhammadownload.com

အကြို လျှောက်ထားဖို့ သွားတဲ့အခါ သွားဆရာဝန်ထံ သွားနုတ်ခံဖို့ သွားတဲ့လူနာလို ခံစားရတယ်လို့ပြောတဲ့ ယောဂီတစ်ဦးဟာ ဂျိုးဆက် ဂိုးစတိန်းပဲလို့ မှတ်သားဖူးပါတယ်။ ဒါပေမဲ့ ကောင်းကောင်းမမှတ်မိ ဖြစ်နေပါတယ်။ ဟုတ်မှဟုတ်ပါ့မလားလို့ သံသယဖြစ်နေမိပါတယ်။ ဘော်စတွန်လေဆိပ်ကို ဂျိုးဆက် ကားမောင်းပို့တဲ့အခါ ကားပေါ်မှာ 'အခု ဆရာတော်ကြီးထံ တရားအတွေ့အကြို လျှောက်ပြရတဲ့အခါ သွားနုတ်ခံရမယ့် လူနာလို မခံစားရတော့ပါ။ ထပ်ခါထပ်ခါ ဆရာတော်ကြီးထံ တရားအတွေ့အကြို လျှောက်ထားလိုစိတ်တွေပဲ ဖြစ်နေပါတယ်'လို့ ပြောပါတယ်။ ဆရာတော်ကြီးထံပဲ ဂျိုးဆက် တရားလျှောက်ဖို့ သာမဏောကျော် အကြံပေးလို့ သာမဏောကျော်ကို ကျေးဇူးတင်ပါတယ်လို့ ပြောနေပါသေးတယ်။ ဂျိုးဆက်က ဆရာတော်ကြီးကို အင်မတန်ပဲ ကြည်ညိုလေးစား အားကိုးပါတယ်။ ရိုးသားမှု၊ မာန်ကင်းမှုတွေကိုလည်း မြင်တွေ့ရပါတယ်။ ရိုးသားမှု၊ မာန်ကင်းမှုတွေဟာ အများရဲ့ ကြည်ညိုမှု၊ လေးစားမှု၊ အားကိုးမှုတွေကို ပေါက်ဖွားလာစေပါတယ်။

ဂျိုးဆက်ကို ဆရာတော်ကြီးက 'နတ်တွေရှိတယ်၊ တစ္ဆေတွေ ရှိတယ်ဆိုတာ ယုံကြည်သလား'လို့ မေးပါတယ်။ ဂျိုးဆက်က 'ယုံပါတယ်' လို့ ပြောပါတယ်။ ဆရာတော်ကြီးကလည်း သူ သာသနာရေးကိစ္စတွေကို ဆောင်ရွက်တဲ့အခါ နတ်တွေရဲ့အကူအညီ ပေးမှုပါလို့ ကြံစည်စိတ်ကူးလိုက်တိုင်း အောင်မြင်မှု၊ ပြီးမြောက်မှု ဖြစ်ရတယ်လို့ ယုံကြည်ကြောင်း မိန့်ပါတယ်။ ဂျိုးဆက်ကလည်း အဲဒီလိုယုံကြည်လက်ခံပါတယ်။ ဂျိုးဆက်က လေယာဉ်ကွင်းနားနေခန်းထဲအထိ လိုက်ပို့ပေးပါတယ်။ နားနေခန်းထဲ အနည်းငယ်စကားပြောပြီး ပြန်ဖို့ထိုင်ကာ ကန်တော့ဖို့ ပြင်ဆင်နေတုန်း ဆရာတော်ကြီးက မတ်တတ်ရပ် လက်အုပ်ချီဖို့ပဲ မိန့်ပါတယ်။ ဂျိုးဆက်က ရယ်ပြီးရပ်ရင်း လက်အုပ်ချီ ကန်တော့ပါတယ်။ ဆရာတော်ကြီးက ဆုပေးပါတယ်။

http://www.dhammadownload.com

'မိမိအကျိုး၊ သူတစ်ပါးတွေ အကျိုးတွေကို တိုးတိုးပြီး သည်ပိုးနိုင်အောင် စိတ်အင်အားတွေကို တိုးတိုးပြီး ဖြည့်ပေးနိုင်ပါစေ'

ကျိုးဆက်နဲ့ ဆရာတော်ကြီးတို့ရဲ့ တွေ့ဆုံမှုဟာ နောက်ဆုံးတွေ့ဆုံခြင်းလေလော။ မဆုံးသေးတဲ့ အဆုံးမသတ်သေးတဲ့ တွေ့ဆုံခြင်းလေလော အတိအကျ မပြောတတ်ပါ။ တစ်ဦးထံတစ်ဦး မလာရောက်ဖြစ်လို့ အကယ်၍ နောက်ဆုံးတွေ့ဆုံခြင်းဖြစ်ခဲ့ရင် ဘော်စတွန်လေဆိပ်နားနေခန်းထဲက တွေ့ဆုံမှုဟာ တကယ့်မမေ့နိုင်စရာပါပဲ။ အရင့်အရင် ဘဝတွေမှာလည်း ဒီဆရာနဲ့တပည့်မှာ ဒီလိုနောက်ဆုံးတွေ့ဆုံမှုတွေက မဆုံးနိုင်အောင်ပဲ ရှိခဲ့ပါလိမ့်မယ်။

ကုသိုလ်ပန်းကုံး

မောင်လှဝင်း...

၁၊ ၇၊ ၂၀၀၅ နေ့က နေ့ဆွမ်းကို အပြင်မှာသွားဘုဉ်းပေးကြရပါတယ်။ ကျိုးစဖိန်း ဦးဆောင်တဲ့ တရုတ်ဒကာ ဒကာမအဖွဲ့က လှူကြတာ ဖြစ်ပါတယ်။ တထာဂတရိပ်သာမှာ စနေ၊ တနင်္ဂနွေ တရားစခန်းနဲ့ဆုံနေလို့ တထာဂတရိပ်သာအနီးအနားရှိ တရုတ်ဘုရားရှိခိုးကျောင်းဆောင်တစ်ခုမှာ ဆွမ်းကပ်လှူကြပါတယ်။ တရုတ်တရားနာပရိသတ်က ၅၀ ကျော်လောက် ရှိပါတယ်။ ဆွမ်း၊ ဆွမ်းဟင်းတွေကို ကိုယ့်အိမ်အသီးသီးမှ ကိုယ်စီကိုယ်စီ ဟင်းတွေ၊ အချိုပွဲ သွားရည်စာတွေကို ယူလာကြပါတယ်။ အမျိုးအစားပေါင်းက စုံလင်လှပါတယ်။ ဆွမ်းဘုဉ်းပေးပြီး တရားမဟောသေးခင် အချိန်အနည်းငယ် စောင့်နေရပါသေးတယ်။ ဆရာတော်ကြီး ဒီပရိသတ်အား ဘာတရားဟောရင် သင့်တော်မလဲလို့ မေးပါတယ်။ ဗီယက်နမ်ရဟန်းတော် ဦးအဂ္ဂသာမိကရော မောင်လှမြင့်ကပါ သင့်တော်မယ်ထင်တဲ့တရားကို လျှောက်ပြ

http://www.dhammadownload.com

ပါတယ်။ ဦးအဂ္ဂသာမိက မဟာယာနဗုဒ္ဓသာသနာဝင်တွေ ဖြစ်လာအောင် ဟောပြောစည်းရုံးနိုင်ခဲ့ပါတယ်။ မဟာယာနဝါဒကို မပုတ်ခတ်ဘဲ ကိုယ့်ထေရဝါဒအကြောင်းကိုပဲ ဟောဖို့ အကြံပေးပါတယ်။ မောင်လှမြင့်က အခြေခံ သီလ၊ သမာဓိ၊ ပညာအကျင့်အကြောင်းကို ဟောရင်ကောင်းမယ်လို့ အကြံပေးပါတယ်။

တရားနာပရိသတ်ထဲမှာ တထာဂတရိပ်သာလာပြီး တရားရှုမှတ်ဖူးသူက ၁၀ ဦး လောက်ပဲ ပါပါမယ်။ ကျန်တဲ့ပရိသတ်က ထေရဝါဒနဲ့ ရင်းနှီးမှုနည်းနေပါသေးတယ်။ ဦးဇဋ္ဌိလက ၅ ပါးသီလ ပေးပါတယ်။ ဆရာတော်ကြီး တရားဟောအပြီးမှာ' ရေစက်လည်း ချပေးပါတယ်။ ဆရာတော်ကြီးက ထုံးစံအတိုင်း ဆွေမျိုးစပ်တရား ဟောလိုက်ပါသေးတယ်။ အာရှဆွေမျိုး၊ ကမ္ဘာ့ဆွေမျိုး၊ သံသရာ့ဆွေမျိုး၊ ဓမ္မဆွေမျိုး တော်စပ်ကြောင်း မိန့်ပါတယ်။ လူတိုင်းကြိုက်တဲ့ အလှအကြောင်းကို ဟောပါတယ်။ အမြင်ရပ်အလှထက် စိတ်အတွင်းအလှက ပိုအရေးကြီးကြောင်း ရှင်းပြပါတယ်။ စိတ်အလှကို ဒါန၊ သီလ၊ ဘာဝနာနဲ့ ပြုပြင်ပုံကို ကျကျနနရှင်းပြပါတယ်။ ဘာဝနာနဲ့ ပြုပြင်ပုံကို "အပြည့်အစုံ သိချင်ရင် တထာဂတရိပ်သာကို လာရောက်တရားအားထုတ်ကြဖို့ ညွှန်ကြားပါတယ်။ အောက်ပါမဋ္ဌဂါထာကို ရွတ်ပြီး အဓိပ္ပာယ်ကို အကျယ်ရှင်းပြကာ အလှတရားကို အဆုံးသတ်လိုက်ပါတယ်။

ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ၊
ဧवं ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

ပန်းကုံးကျွမ်းကျင်သူဟာ ပန်းပုံကြီးထဲက ပန်းကုံးများစွာကို သီကုံးသလို မွေးဖွားလာတဲ့သတ္တဝါဟာ ကုသိုလ်များစွာကို ပြုလုပ်ထိုက်တယ်။

http://www.dhammadownload.com

စာလေးတစ်ဆောင်

မောင်လှဝင်း...

၂၉၊ ၆၊ ၂၀၀၅ နေ့က FR တရားစခန်းမှာ ၆ ပတ် ပြည့်သွားလို့ ယောဂီတွေရဲ့ မေးခွန်းတွေကို ဆရာတော်ကြီးက ဖြေပေးပါတယ်။ သာမဏေကျော် ထိုင်မယ့်နေရာပေါ်မှာရော အခြားဆရာတော်တွေရဲ့ နေရာတွေမှာပါ စာအိတ်တစ်အိတ်စီ ချထားတာကို တွေ့ရပါတယ်။ ယောဂီတစ်ဦးက နှုတ်ဆက်စကား၊ ကျေးဇူးတင်စကား ပြောထားတာ ဖြစ်လိမ့်မယ်လို့ ယူဆလိုက်ပါတယ်။ ဆင်ဒီအမည်ရှိ အမေရိကန်အမျိုးသမီးထံက ဖြစ်ပါတယ်။ သူ့မှာ စိတ်ဓာတ်ကျနေတဲ့အခါ ရှိခဲ့တာမို့ သူမအား အားပေးစကား အထူးပဲပြောကြားပေးခဲ့ရပါတယ်။ အဲဒီ အားပေးစကားအတွက် ကျေးဇူးတင်ကြောင်း ပြောတာဖြစ်လိမ့်မယ်လို့ ယူဆပြီး သူမရဲ့စာကို ဖတ်ရှုကြည့်လိုက်ပါတယ်။

လေးစားရတဲ့ ဆရာတော် သာမဏေကျော်

အရှင်ဘုရားရဲ့ တင်စားစကား ဥပမာလေးတွေနဲ့ ဇာတ်လမ်းအဆုံးအမတွေအတွက် အရှင်ဘုရားကို အလွန်များစွာပဲ ကျေးဇူးတင်ပါတယ်။ အရှင်ဘုရားက တပည့်တော်အား တစ်ပတ်လောက် တရားဆောပေးခဲ့ပါတယ်။ တပည့်တော်မှာ အခက်အခဲကြုံရတဲ့အခါ တပည့်တော်အား တရားဆော (ဇာတ်လမ်းသုံးပုဒ် အဆုံးအမတွေ) ဟာ တပည့်တော်အား အထူးပဲ အကူအညီပေးခဲ့ပါတယ်။ အဲဒီအဆုံးအမတွေကို တပည့်တော်ရဲ့ နှလုံးသားထဲ၊ စိတ်ထဲမှာ သိမ်းဆည်းထားဆဲရှိပါတယ်။ လိုအပ်လာတဲ့အခါ သီတင်းပတ်တော်တော်ကြာ အဲဒီတရားဆောတွေကို ဆက်လက်သောက်သုံးနေဆဲဖြစ်ပါတယ်။ အင်္ဂလိပ်လို ဘာသာပြန်ထားတဲ့ အရှင်ဘုရားစာအုပ်တွေကို (အရှင်ဘုရား အရေးအသားတွေကို) ဖတ်ရှုဖို့

http://www.dhammadownload.com

မျှော်လင့်စောင့်စားနေပါတယ်။ အရှင်ဘုရားရဲ့ တရားပြပေးတဲ့လုပ်ငန်းဟာ အရှင်ဘုရားအတွက် သတ္တဝါအားလုံးအတွက်ပါ ဆက်လက် အကျိုးပြုနိုင်ပါစေ၊ ငြိမ်းအေးချမ်းသာမှုကို သယ်ဆောင်ပေးနိုင်ပါစေ။

ကျေးဇူးတင်စွာဖြင့်
ဆင်ဒီ

'ဦးသာမဏေကျော်၊ ဆရာတော် သာမဏေကျော်၊ အရှင်သာမဏေကျော် ဆရာတော်'လို့ အမျိုးမျိုးပဲ ခေါ်ဝေါ်သုံးနှုန်းကြတာကို တွေ့ရပါတယ်။ 'ဦးဓမ္မိက'လို့ ဘွဲ့နာမည်ကို ခေါ်ဝေါ်ကြတာလည်း ရှိပါတယ်။ 'အရှင်ဓမ္မိကာဘိဝံသ'လို့ ခေါ်ဝေါ်သူကတော့ အလွန်ပဲ နည်းပါတယ်။ အရှင်ဓမ္မိကာဘိဝံသ ဆိုတဲ့နာမည်ထက် သာမဏေကျော် ဆိုတဲ့နာမည်ကိုပဲ ပိုပြီးအသိများပါတယ်။ သာမဏေကျော်ဆိုတဲ့ ကလောင်နာမည်နဲ့ စာရေးတော့ သာမဏေကျော်လို့ပဲ အသိများကြတာပေါ့။

သူတို့ခမျာ

မောင်လှဝင်း...

၃၊ ၇၊ ၂၀၀၅ နေ့မှာ အရဏ်ဆွမ်းကို အပြင်မှာသွားပြီး ဘုဉ်းပေးကြရပါတယ်။ ဝေထာဂတရိပ်သာနဲ့ မဝေးလှပါ။ သူငယ်ချင်း ၅ ယောက် စုပေါင်းနေကြတဲ့ အိမ်တစ်အိမ်မှာပါ။ ဘုရားအနေကဇာတင်မှု ပြုပြီးမှ ဆွမ်းဘုဉ်းပေးကြပါတယ်။ ပြီးမှ ဆရာတော်ကြီးက တရားဟောပါတယ်။ တရားနာပရိသတ်က သာသနာနဲ့နီးစပ်မှု နည်းတယ်လို့ ဆရာတော်ကြီးက ယူဆရင် နမောတဿ ဘုရားရှိခိုး၊ သရဏဂုံသုံးပါး၊ ငါးပါးသီလတွေကို မြန်မာလိုပါ ဆိုပေးပါတယ်။

http://www.dhammadownload.com

အဓိပ္ပာယ်လည်း ရှင်းပြပါတယ်။ နမောတဿ ဘုရားရှိခိုးကို ရှေးအကျဆုံး ဘုရားရှိခိုးလို့ ဆရာတော်ကြီးက မိန့်ပါတယ်။ အိမ်သစ်တက်နဲ့ ပတ်သက်ပြီး ဟောလေ့ရှိတဲ့ ဘုရားစကားတော်တွေကို ရှင်းပြပါတယ်။ သူနိဓနဲ့ ဝဿကာရတို့အား ဘုရားဟောခဲ့တဲ့တရားပါပဲ။ သာသနာတော်အပေါ်မှာ ပြုရမယ့်လူမှုဝတ္တရားနဲ့ နတ်တွေအပေါ် ပြုရမယ့်လူမှုဝတ္တရားတွေကို ရှင်းပြပါတယ်။ နတ်တွေရဲ့ တုံ့ပြန်မေတ္တာ ခံယူရကြောင်းကိုလည်း မိန့်ပါတယ်။ အလှူခံကောင်းတွေကို ပင့်ဖိတ်ပြီး လှူဖွယ်တွေကို လှူကာ နတ်တွေအား အမျှပေးရတာပါပဲ။ နတ်တွေက သူတို့ကိုရည်စူးပြီး ကုသိုလ်ပြုပေး၊ အမျှဝေပေးတာကို အလွန်ပဲ နှစ်ခြိုက်ကြပါတယ်။ နတ်တွေက အဲဒီကုသိုလ်ပြု အမျှပေးဝေသူကို ရှင်ဝယ်သားကို မိခင်က စောင့်ရှောက်ကြသလို စောင့်ရှောက်ကြပါတယ်။

ဘုရားအနေကဇာတင်တာနဲ့ပတ်သက်ပြီး ရှင်းပြပါသေးတယ်။ အနေကဇာတင်ဆိုတာ 'အနေကဇာတိသံသာရ' စတဲ့ စကားတော်ကို ရွတ်ဖတ်ပြီး ပူဇော်လိုက်တာပါပဲ။ ပုံတော်အတွင်း ဘုရားဂုဏ်တော်တွေ သွင်းပြီး ကြည်ညိုကိုးကွယ်ရကြောင်းနဲ့ ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿကစေတီနဲ့ ဓမ္မစေတီအကြောင်းတွေကို ရှင်းပြပါသေးတယ်။ ဥဒ္ဒိဿကစေတီဖြစ်တဲ့ ရုပ်ပွားတော်ကို တည်ထားကိုးကွယ်ရုံနဲ့ ကျေနပ်အားရ ရပ်တဲ့မနေကြဘဲ ကိုယ့်သန္တာန်မှာ သီလ၊ သမာဓိ၊ ပညာဓမ္မစေတီတွေကိုပါ တည်ထားကိုးကွယ်နိုင်အောင် ကြိုးစားပေးကြဖို့ တိုက်တွန်းပါသေးတယ်။ ဓမ္မစေတီတည်ရာမှာ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ ရေ၊ သစ်သား၊ ပလာစတာစတဲ့ ကိရိယာတန်ဆာ ဘာမှမလိုပါ။ အကုန်အကျ ဘာမှမရှိတဲ့ ဓမ္မစေတီတည်ရတာက ကျန်စေတီသုံးမျိုး တည်ရတာထက် အကျိုးပိုကြီးပါတယ်။ အဲဒီတရားပွဲမှာ LA မှ သွားဆရာဝန် အောင်မျိုးသန့်တို့အဖွဲ့လည်း လာရောက်တရားနာယူကြပါတယ်။ သီလ၊ သမာဓိ၊ ပညာကြီးမားတဲ့ ဆရာတော်ကြီးတွေကို

http://www.dhammadownload.com

ဖူးတွေ့ရဖို့၊ တရားနာယူရဖို့က အမေရိကရောက် မြန်မာဗုဒ္ဓသာသနာ ဝင်တွေအဖို့ ရခဲတဲ့အခွင့်အရေးတစ်ခုပါပဲ။ ရခဲတဲ့အခွင့်အရေးကို ရနေကြလို့ သူတို့ခမျာ ပျော်ရွှင်ကြည်နူးဝမ်းသာနေကြပါတယ်။

ပဋိပတ်နဲ့ ပရိယတ်

မောင်လှဝင်း...

ဖုန်းဆက်ရလို့ ကုန်ကျငွေက ၂ သိန်းကျော်တယ်။ အားလုံး ကုန်ကျငွေက သိန်းပေါင်း ၁၂၀ ကျော်တယ်။ အသက် ၁၈ နှစ်အောက် ကိုရင် ၉၁ ပါး၊ သီလရှင် ၇၀ နှစ်ရပ်ပေါင်း ၁၆၁ ပါးအား တစ်ပါး လျှင် ဒေါ်လာ ၅၀ နှုန်းနဲ့ လှူတဲ့ အစီအစဉ်တစ်ခုအတွက်ပါ ပြင်ဦးလွင် ပဏ္ဍိတာရာမမှာ ကိုရင် ၄၀ နဲ့ သီလရှင် ၃၀၊ ပဲခူးဆယ်မိုင်ကုန်း ပဏ္ဍိတာရာမမှာ ကိုရင် ၅၁ နဲ့ သီလရှင် ၄၀ ဟာ သတိပဋ္ဌာန်တရား ၂ ပတ် အားထုတ်ကြရပါတယ်။ အဲဒီဒေါ်လာနဲ့ဝယ်ပြီး စာအုပ်၊ သက်နှီးတစ်စုံ၊ သပိတ်၊ ဖိနပ်၊ အခြားလိုအပ်ရာရာပစ္စည်းတွေကို လှူပါတယ်။ တထာဂတရိပ်သာမှာ ဦးဇဋ္ဌိလက ဦးဆောင်စီမံပေးပါတယ်။ အမေရိက က LA မှ ဒေါ်မေမေလွင်နဲ့ မိသားစု၊ ဆန်ဟိုဗျေးမှ မောင်မိုးအောင် မန္တယ်နွယ် မိသားစုတို့က အဲဒီလို စတင်ကြိုးစားကြည့်ရာက အဲဒီအစီအစဉ် ပေါ်လာပါတယ်။ အမေရိကမှ အလှူရှင်များစွာက စိတ်ပါဝင်စားစွာ လှူဒါန်းကြပါတယ်။ ပြင်ဦးလွင် ပဏ္ဍိတာရာမမှ ဦးခေမိက၊ ရန်ကုန်ပဏ္ဍိတာရာမမှ မဝိမလဉာနီ၊ ရန်ကုန်မှ ဒေါ်ခင်ဝင်းမော်၊ ရွှေပြည်သာမှ ဦးဇောတိကတို့ထံ အဲဒီအစီအစဉ်အတွက် ဦးဇဋ္ဌိလ ဖုန်းအကြိမ်ကြိမ်ဆက်နေတာကို ကြားရပါတယ်။ အမေရိက ဆန်ဟိုဗျေးမြို့မှ မလွင်မာထံ အကြိမ်ကြိမ် ဖုန်းဆက်နေတာကိုလည်း ကြားရပါတယ်။

http://www.dhammadownload.com

ကိုရင်၊ သီလရှင်တွေ ပဏ္ဍိတာရာမ ၂ ခုမှာ တရားထိုင်နေကြပုံ၊ တရားလျှောက်ထားပြနေကြပုံ၊ ဆွမ်းခံကြွကြပုံ၊ ဆွမ်းစားကြပုံတွေကို အလှူရှင်တွေထံ ပို့ပေးပါတယ်။ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်အတွက်လည်း အဲဒီအမေရိကအလှူရှင်တွေက ၂ ပတ်စာ လှူဒါန်းကြပါသေးတယ်။ မမောနိုင် မပန်းနိုင်ဘဲ ဦးဇဋ္ဌိလ၊ မောင်လှမြင့်၊ မလွင်မာ၊ မန္တယ်နွယ်တို့ အစီအစဉ်အတွက် ကြိုးစားကြပါပေတယ်။ အဲဒီလို စာသင်သား ရှင်ရဟန်း၊ သီလရှင်တွေ တရားအားထုတ်ခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ကြတဲ့ ပုဂ္ဂိုလ်တွေ ပြည်ပမှာရော ပြည်တွင်းမှာပါ ပေါ်ပေါက်လာရင် သိပ်ကောင်းမှာပါပဲ။ ပရိယတ်မကင်းတဲ့ ပဋိပတ်၊ ပဋိပတ်မကင်းတဲ့ ပရိယတ်ဖြစ်အောင် ဆောင်နိုင်ကြရင် အားရကျေနပ်စရာ ဖြစ်လှပါတယ်။ အမေရိကမှ အလှူရှင်တွေက အဲဒီကိုရင်၊ သီလရှင်တွေရဲ့ဓာတ်ပုံတွေကို ကြည့်ပြီး အတိုင်းမသိ ဝိတိဖြစ်နေကြပါတယ်။ ဦးဇဋ္ဌိလမှာတော့ အဲဒီဓာတ်ပုံတွေကို ပြပြပြီး နိဗ္ဗာန်ဆော်လုပ်ရင်း အသစ်အသစ်အလှူရှင်တွေရဲ့ သဒ္ဓါတရားကို အားရကျေနပ်ကြည်နူးနေလေရဲ့။

ယုဂ ၄ ၊

မောင်လှဝင်း...

၃၊ ၇၊ ၂၀၀၅ နေ့က နေ့ဆွမ်းကို ဒေါက်တာကျော်တင့်၊ ဒေါ်ရွှေးရွှေးကြည် တို့အိမ်မှာ ဘုဉ်းပေးကြရပါတယ်။ ဆရာတော်ကြီးက ဆွမ်းမဘုဉ်းပေးသေးခင် နာရီဝက်လောက် တရားချီးမြှင့်ပါတယ်။ ရိပ်သာကို တစ်နာရီခွဲအမီ ပြန်ရပါမယ်။ တစ်နာနရီခွဲအချိန်မှာ ယောဂီတွေအား တရားဟောပါမယ်။ နာရီဝက်ကြာ တရားဟောရာမှာ ယုဂ် (ယုဂ) ၄ ပါးအကြောင်းကို ပြောပြပါတယ်။ ဂေါတမပုရာဏ်ကျမ်းမှာ

http://www.dhammadownload.com

လာတယ်လို့ မိန့်ပါတယ်။ ၁။ ကတယုဂ= သစ္စာတည်ရာခေတ်အခါ၊ ကိုယ်ကျင့်တရားနဲ့ စိတ်ထားကောင်းရာ ခေတ်အခါ။ ၂။ တြေတာ ယုဂ= လူ.၄ ပုံမှာ လူ ၃ ပုံ ကောင်းရာခေတ်အခါ။ ၃။ ဒွါပရာယုဂ= ၄ ပုံမှာ ၂ ပုံ ကောင်းရာ ခေတ်အခါ။ ဒီခေတ် ၃ ပါး ကျော်လွန်သွားပါပြီ။ ၄။ ကလိယုဂ= ၄ ပုံမှာ တစ်ပုံပဲ ကောင်းရာခေတ်အခါ။ ယခုခေတ်က ကလိယုဂခေတ်အခါ ဖြစ်နေပါတယ်။ ဝိနှဲ့သီး ၄ ပိုင်းမှာ ၃ ပိုင်း ပုပ်ပြီး တစ်ပိုင်းမပုပ်ဘဲ ကျန်နေရင် ကျန်တဲ့အပိုင်း ဆက်မပုပ်ဖို့ ပုပ်တဲ့ ၃ ပိုင်းကို ဖြတ်ထုတ်ရပါမယ်။ ကောင်းတဲ့အပိုင်း ဆက်မပုပ်ရအောင် ရေခဲသေတ္တာထဲ ထည့်ကာ အအေးဓာတ်ပေးထားရပါတယ်။ ကိုယ် နှုတ်နဲ့ ကျူးလွန်းတဲ့အထိ မရောက်ရအောင် သီလ အအေးဓာတ်ပေးရပါမယ်။ စိတ်ရိုင်း၊ စိတ်မိုက်၊ စိတ်ပူတွေ မဖြစ်ပေါ်ရအောင် သမာဓိအအေးဓာတ် ပေးရပါမယ်။ အသိမှန်တွေ ဖြစ်ပေါ်လာအောင် ပညာအအေးဓာတ် ပေးရပါမယ်။

အိမ်ထောင်ခေါင်းဆောင်ဆိုတာ လူပီသသူ ဖြစ်ရမယ်။ လူလိုစိတ်ထားရှိသူ ဖြစ်ရပါမယ်။ လူ့အသိဉာဏ်ရှိသူ ဖြစ်ရပါမယ်။ ငါးပါးသီလ လုံခြုံမှု လူပီသပါမယ်။ သမာဓိရှိမှ လူလိုစိတ်ထားရှိသူ ဖြစ်နိုင်ပါမယ်။ အများအကျိုး သယ်ပိုးလိုသူဟာ ကိုယ်ကျင့်သီလ ကောင်းရပါမယ်။ လူစိတ်ထားရှိသူ၊ လူ့အသိဉာဏ်ရှိသူ ဖြစ်ရပါမယ်။ ဒါမှ အောင်မြင်နိုင်ပါမယ်။

သာမဏေကျော်က အကျဉ်းချုပ်လောက်ပဲ မှတ်မိလို့ အကျဉ်းချုပ်ပဲ ဖော်ပြလိုက်ပါတယ်။ ဆရာတော်ကြီးရဲ့ ဟောကြားချက်တွေက သိပ်ပြီး ထိထိမိမိရှိလှပါတယ်။ ဒေါ်ဌေးဌေးကြည်က မြန်မာနိုင်ငံပြန်ခိုက်မို့ မိတ်ဆွေတွေ လာဒရာက်ဝိုင်းဝန်းချက်ပြုတ်ပေးကြပါတယ်။ စားဖွယ်သောက်ဖွယ်တွေက စုံလင်လှပါပေတယ်။ မြန်မာဟင်းတွေချည်းပါပဲ။

http://www.dhammadownload.com

မနက်ဖြန်အမီ မြန်မာနိုင်ငံကို ပြန်ရပါတော့မယ်။ အမေရိကရောက် မြန်မာအစားအစာတွေက မြန်မာနိုင်ငံပြန်တော့မယ့် သာမဏေကျော်တို့ကို နှုတ်ဆက်နေသယောင် ထင်ရပါတယ်။

သာမဏေကျော်
၁၃ဖြဂ် ခု၊ နယုန်လဆန်း ၁၂ ရက်။
၃၊ ၇၊ ၂၀၀၅ တနင်္ဂနွေနေ့။

http://www.dhammadownload.com